
စိန်ဝင်းစိန်
ကာဘူးလ်မြို့က စာအုပ်ဆိုင်ပိုင်ရှင်
THE BOOKSELLER
OF KABuL
ÅSNE SEIERSTAD
Whisper Of Words - https://t.me/TheBookR

စိန်ဝင်းစိန်

ကဘူးလ်မြို့က စာအုပ်ဆိုင်ပိုင်ရှင်

THE BOOKSELLER OF KABUL

ASNE SEIERSTAD

ပုံနှိပ်မှတ်တမ်း

ဘဝတက္ကသိုလ်စာပေ

၁၄၉၊ ၃၇ လမ်း၊ ရန်ကုန်။

ဖုန်း ၀၉ ၈၈၅၁၁၂၇၁၄

တတိယ အကြိမ်၊ ၂၀၂၄၊ ဒီဇင်ဘာ

ပထမ အကြိမ်၊ ၂၀၁၄၊ နိုဝင်ဘာ၊ ဘဝတက္ကသိုလ် စာပေ]

ဒုတိယ အကြိမ်၊ ၂၀၂၀၊ မတ်၊ ဘဝတက္ကသိုလ် စာပေ]

မျက်နှာဖုံး - ပန်းချီ တင်ထွဏ်း

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ - ဒေါ်ခင်စီ (၀၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက်

၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ - ဦးနေဝင်း (၀၂၆၄၅)၊ ဘဝတက္ကသိုလ် စာပေ

၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများအတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

ⓌⒽⒾⓈⓅⒺⓇ of ⓌⓄⓇⒹⓈ

Subscribe Telegram Channel

https://t.me/TheBookR

ဘာသာပြန်သူ၏အမှာ

ရက်စက်တဲ့ လူတွေ၊ ကျွန်မ အိပ်ရာဆီ

အဘိုးကြီး လာတာကို ရှင်တို့ မြင်နိုင်လျက်သား။

ဒါနှင့်တောင် ဘာဖြစ်လို့ ကျွန်မ ငိုပြီး

ဆံပင်တွေကို ဆုတ်ခြေပစ်တာလဲလို့

ရှင်တို့ မေးမှ မေးရက်ကြပလေ။

အို... ဘုရားသခင်၊ မှောင်လွန်းတဲ့ ညတညကို

တပည့်တော်မထံ အရှင် နှင်းအပ်နေပြန်ပြီ။

တပည့်တော်မ တကိုယ်လုံးလည်း တုန်လှုပ် ချောက်ချားရပြန်ပြီ။

တပည့်တော်မ မုန်းသည့် အိပ်ရာထက်သို့

လှမ်းတက်ရဦးတော့မည်။

ချစ်သူ၊ ရှင့်လက်ကို ပေးပါ၊

မြက်ခင်းထဲမှာ ကျွန်မတို့ ပုန်းကြမယ်။

ချစ်ကြဖို့ ဒါမှမဟုတ် ဓားချက်တွေ အောက်မှာ လဲလျောင်းဖို့။

အထက်ပါတို့သည် အာဖဂန် မိန်းမပျိုများက သူတို့၏ ရင်တွင်းခံစားချက်ကို ဖော်ကျူးထားသည့် ကဗျာများ ဖြစ်ကြသည်။ ဤကဗျာများကို ရေးဖွဲ့ခြင်းဖြင့် နာကြည်းစရာ ဘဝများကို ဖြေသိမ့်ကြရ။ အချင်းချင်း လဲလှယ် ဖတ်ခြင်းဖြင့် ရင်ဖွင့်ကြရ။

စူလတန်ခန်း အမည်ရှိ “ကဘူးလ်မြို့က စာအုပ်ဆိုင်ပိုင်ရှင်” ကို ဗဟိုပြုကာ

အာဖဂန် နိုင်ငံရေး၊ အာဖဂန် လူမှုရေး၊ အာဖဂန် ယဉ်ကျေးမှု နောက်ခံကားချပ်ပေါ်တွင် ခြယ်မှုန်းထားသည့် ဇာတ်လမ်း ဇာတ်ကွက်များမှာ လူ့အခွင့်အရေး ဆုံးရှုံးနေကြရရှာသည့် အာဖဂန် အမျိုးသမီးတို့၏ ရင်နင့်ဖွယ် အဖြစ်သနစ်များနှင့် ပြည့်နှက်နေတော့၏။

တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားကို မဆောင်ရွက်နိုင်ဘဲ အစိုးရ တဖွဲ့ပြီး တဖွဲ့ ပြောင်းတက်နေသည့် တိုင်းပြည်တွင် လူလာဖြစ်ရသူတို့၏ဘဝကို စာဖတ်သူ ခံစား နားလည်နိုင်ပါလိမ့်မည်။

ဤဝတ္ထုကို တာလီဘန်များအား မြောက်ပိုင်း မဟာမိတ်များက တိုက်ထုတ်ပြီး နောက်ပိုင်းမှ စ၍ ဇာတ်အိမ် တည်ထားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး အရှုပ်အထွေးများနှင့် ဓလေ့ထုံးတမ်းနှင့် အစွဲအလမ်း ပြဿနာများကို ဖတ်ရှုရင်း သက်ပြင်း ရှိုက်မိကြလိမ့်မည်။

ဤစာအုပ်သည် နိုင်ငံတကာ အရောင်းရဆုံး စာရင်းဝင် စာအုပ်တအုပ်ပါ။ ဘာသာပေါင်း ၁၃ ခုဖြင့် ပြန်ဆိုပြီးလည်း ဖြစ်သည်။ စာရေးသူ အက်စ်နီ ဆီယာစတဒ်မှာ နော်ဝေနိုင်ငံမှဖြစ်ပြီး သတင်းစာပညာဆိုင်ရာ ဆုများစွာ ရရှိထားသည့် သတင်းစာဆရာမတဦး ဖြစ်၏။ ချေချင်းညာ၊ ဘော်လကန်၊ အာဖဂန်နစ္စတန်နှင့် အီရတ် နိုင်ငံများသို့ သွားရောက်ကာ စစ်သတင်းများ ရယူခဲ့ဖူး၏။ စာရေးသူသည် သတင်းစာဆရာ ဖြစ်သည့်အားလျော်စွာ ဤဝတ္ထုကို ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းပြတ်ပြတ် ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ စာဖတ်သူ နှစ်ခြိုက်မည့် စာအုပ်ပါ။

ထုတ်ဝေပေးသည့် 'ဘဝတက္ကသိုလ်' ကို ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

စိန်ဝင်းစိန်

စကားချီး

၂၀၀၁ ခုနှစ် နိုဝင်ဘာလ။ ကဘူးလ်မြို့သို့ ကျွန်မ ရောက်ချိန်တွင် အရင်ဆုံး တွေ့ရသည့် လူမှာ စူလတန် ခန်း ဖြစ်ပါသည်။ အာဖဂန်နစ္စတန်တွင် မြောက်ပိုင်း မဟာမိတ် ကွန်မန်ဒိုများနှင့် အတူ တာဂျီကစ္စတန် နယ်စပ်နားက သဲကန္တာရထဲမှာ၊ ဟိန္ဒူကွတ်ရှိ တောင်တန်းပေါ်မှာ၊ ပန်ရှီ တောင်ကြားထဲမှာ၊ ကဘူးလ်မြို့ မြောက်ပိုင်းက မြက်ခင်းလွင်ပြင်တွေမှာ သီတင်းခြောက်ပတ် ကြာအောင် ကျွန်မ ရှိနေခဲ့သည်။ တာလီဘန်အား မြောက်ပိုင်း မဟာမိတ် ကွန်မန်ဒိုများက ထိုးစစ်ဆင်ရာတွင် သူတို့နောက်သို့ ကျွန်မ တကောက်ကောက် လိုက်ပါနေခဲ့ခြင်း ဖြစ်သည်။ ကျောက်တုံး ကြမ်းခင်းပေါ်မှာ၊ ရွှံ့အိမ်တွေထဲမှာ၊ ရှေ့တန်း စစ်မျက်နှာမှာ ကျွန်မ အိပ်စက်ခဲ့ရ။ ထရပ်ကားများ၏ နောက်မြီးတွင် ခိုတွဲ၍လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မြင်းစီး၍လည်းကောင်း၊ ခြေကျင်ဖြင့်လည်းကောင်း ကျွန်မ ခရီးနှင်ခဲ့။

တာလီဘန် ကျသွားချိန်တွင် မြောက်ပိုင်း မဟာမိတ်များနှင့်အတူ ကဘူးလ်မြို့သို့ ကျွန်မ သွားရောက်ခဲ့စဉ် ဆံပင်ဖြူဖြူနှင့် ရည်ရည်မွန်မွန် ရှိသူတဦးကို ကဘူးလ်မြို့ရှိ စာအုပ်ဆိုင် တဆိုင်တွင် ကျွန်မ တွေ့ခဲ့ရသည်။

ဗုံးသံ အမြောက်သံများနှင့် ယမ်းငွေ့များ ကြားတွင် သီတင်းပတ် အတန်ကြာအောင် နေထိုင်ခဲ့ရပြီး စစ်ဗျူဟာနှင့် စစ်ချီ စစ်တက်ဖို့အကြောင်းကိုသာ ကြားခဲ့ရသည့် ကျွန်မအဖို့ စာအုပ်များကို လှန်လှောရင်း စာပေနှင့် သမိုင်းအကြောင်း ပြောဆို ဆွေးနွေးခွင့် ရသည်မှာ စိတ်အပန်းပြေစရာပါ။

စူလတန်ခန်း၏ စာအုပ်စင်များပေါ်တွင် ဘာသာစကား အမျိုးမျိုးဖြင့် ရေးသားထားသည့် ကဗျာပေါင်းချုပ် စာအုပ်များ၊ အာဖဂန် ဒဏ္ဍာရီနှင့် သမိုင်းစာအုပ်များ၊ ဝတ္ထု စာအုပ်များဖြင့် တင်းကျမ်းပြည့်လျက်။ သူသည် ကျွမ်းကျင် လိမ္မာသော အရောင်းစျေးသည်တယောက်။ သူ့ဆိုင်သို့ ပထမဦးဆုံးအကြိမ် ကျွန်မ ရောက်ရှိပြီးနောက် ဆိုင်မှ ပြန်ထွက်အလာတွင် စာအုပ် ခုနစ်အုပ်ကို ကျွန်မ ဝယ်ယူဖြစ်ခဲ့၏။

ကျွန်မမှာ အချိန်ပိုသည့်အခါ အဆိုပါ စာအုပ်ဆိုင်သို့ ခဏတဖြုတ်ဝင်ပြီး စာအုပ်များကို ကြည့်ရင်း သူ့တိုင်းပြည် အခြေအနေကြောင့် စိတ်ပျက်လက်ပျက် ဖြစ်နေသည့် စာအုပ်ဆိုင် ပိုင်ရှင် အာဖဂန် မျိုးချစ်နှင့် စကားစမြည် ပြောဖြစ်ပါသည်။

"အရင်ဆုံး ကွန်မြူနစ်တွေက ကျွန်တော့် စာအုပ်တွေကို မီးပုံရှို့ပစ်တယ်၊

နောက် မူဂျာဟေဒင်တွေက လုယက် ဖျက်ဆီးတယ်၊ နောက်ဆုံးမှာ တာလီဘန်က အဲဒါတွေ အားလုံးကို မီးရှို့ပစ်ကြပြန်တာပဲ” ဟု သူက ကျွန်မကို ပြောပြ၏။

အစိုးရ အမျိုးမျိုးနှင့် ယင်းတို့၏ စိစစ်ရေး အဖွဲ့များနှင့် အကြိတ်အနယ် ဖြစ်ခဲ့ရပုံ၊ ပုလိပ်တွေ မမြင်အောင် စာအုပ်များကို ဝှက်ရပုံ၊ စာအုပ်များကို တခြားလူများအား ငှားရမ်းထားရပုံ၊ ထို့အတွက် ထောင်ထဲသို့ ရောက်ခဲ့ရပုံ အကြောင်းများအား စာအုပ်ဆိုင်ပိုင်ရှင် ပြောပြသည်ကို နားထောင်ရင်း နာရီပေါင်းများစွာ ကျွန်မ အချိန် ဖြုန်းခဲ့သည်။

သူ့တိုင်းပြည်၏ အနုပညာနှင့် စာပေကို အာဏာရှင် အဆက်ဆက်က ဖျက်ဆီးပစ်ဖို့ အကောင်းဆုံး ကြိုးစားနေခဲ့ကြစဉ် သူသည် ယင်းတို့ကို ထိန်းသိမ်း စောင့်ရှောက်ဖို့ လုံးပန်းနေခဲ့သူ ဖြစ်သည်။ သူကိုယ်တိုင်သည်ပင် အာဖဂန် ယဉ်ကျေးမှုသမိုင်း၏ သက်ရှိ အပိုင်းအစတခု ဖြစ်သည်ဟု ကျွန်မ နားလည်လိုက်ပါသည်။ သူသည် ခြေထောက်နှစ်ဖက် ပါသည့် သမိုင်းစာအုပ်တအုပ်။

တနေ့တွင် ထမင်းစား ဖိတ်သဖြင့် သူ့အိမ်သို့ ကျွန်မ ရောက်သွား၏။ သူ့မယားတယောက်၊ သူ့သားများ၊ သူ့နှမများ၊ သူ့ညီ၊ သူ့အမေနှင့် ဝမ်းကွဲ မောင်နှမ တချို့အပါအဝင် သူ့မိသားစုက ခမ်းနားသော ထမင်းဝိုင်းကို ဝန်းရံကာ ကြမ်းပြင်ပေါ်တွင် ထိုင်လျက်။

စူလတန်က ဇာတ်ကြောင်းများကို ပြန်ပြောင်းပြောပြစဉ် သားများက ရယ်ကြသည်။ ထမင်းဝိုင်း ဝန်းကျင်အခြေအနေမှာ ပတ်တုတ်လို့ မရနိုင်အောင် ရှိ၏။ ကွန်မန်ဒိုများနှင့်အတူ တောင်တွေပေါ်မှာ စားခဲ့ရသည့် ထမင်းဝိုင်းများနှင့်တော့ တခြားစီပါပဲ။ သို့သော် မိန်းမသူများ စကား နည်းကြပုံကို မကြာမီ သတိပြုမိလိုက်၏။ စူလတန်၏ ချောမောလှပသော ဆယ်ကျော်သက်အရွယ် မယားလေးက ကလေးတယောက်ကို ပွေ့ချီကာ တံခါးအနီးတွင် ထိုင်နေ၏။ သူ၏ ပထမ မယားကို ထိုနေ့ညနေက ထမင်းဝိုင်းတွင် မတွေ့ရ။ အခြား မိန်းမသူများက သူတို့ကို ပြောလိုက်လျှင် ပြန်ပြောကြသည်။ ဟင်းချက် ကောင်းကြောင်း ချီးမွမ်းလျှင် အသင့်အတင့် လက်ခံကြသည်။ သို့သော် သူတို့ကိုယ်တိုင်ကတော့ စကား စ မပြောကြပါ။

“ဒါဟာ အာဖဂန်နစ္စတန်ပဲ၊ ဒီမိသားစုအကြောင်း စာအုပ်ရေးရင် သိပ်စိတ်ဝင်စားဖို့ ကောင်းမှာ” ဟု သူ့အိမ်မှ အပြန်တွင် ကျွန်မ တကိုယ်တည်း တွေးမိသည်။

နောက်တနေ့ စာအုပ်ဆိုင်သို့သွားပြီး ကျွန်မ၏စိတ်ကူးကို စူလတန်အား ပြောပြလိုက်ရာ “ခင်ဗျား ရေးမယ် ဆိုရင် ကျေးဇူးပါပဲ” ဟု သူက ပြန်ပြော၏။

“ရှင်တို့ မိသားစုအကြောင်း ကျွန်မ ရေးမယ်ဆိုတာ ရှင်တို့နှင့်အတူ လာနေရမယ်လို့ ပြောတာနော်”

“ခင်ဗျားကို ကြိုဆိုပါတယ်”

“ကျွန်မ ရှင်တို့နှင့်အတူ လျှောက်သွားမယ်၊ ရှင်တို့ နေသလို နေမယ်”

“ခင်ဗျားကို ကြိုဆိုပါတယ်လို့ ကျွန်တော် ပြောထားပြီပဲ”

■

ဖေဖော်ဝါရီလအတွင်း မြူဆိုင်းသော နေ့တနေ့။ ထိုနေ့တွင် စူလတန်နှံအိမ်သို့ ကျွန်မ ပြောင်းရွှေ့သွားသည်။ ကျွန်မ၏ကွန်ပျူတာ၊ မှတ်စုစာအုပ်နှင့် ဘောပင်တချို့၊ မိုဘိုင်းဖုန်း တလုံးနှင့် ခါးဝတ်ခါးစားတို့သည် ကျွန်မ၏ကိုယ်ပိုင်ပစ္စည်း အကုန်ပါပဲ။ ကျန်သည့် ပစ္စည်းများကတော့ လမ်းခရီးမှာ ပျောက်ဆုံးကုန်ခဲ့ပြီ။ ဥဇဘက်ကစ္စတန် တနေရာမှာ ပျောက်ဆုံးသွားခဲ့ပြီ။

တဖြည်းဖြည်းနှင့် ငှားဝတ်ရသည့် အာဖဂန် အဝတ်အစားနှင့် ကျွန်မ အထာကျလာပါသည်။

ကျွန်မ အိပ်ဖို့ အိပ်ရာကို စူလတန်၏ အထွေးဆုံး ညီမဖြစ်သူ လိုင်လာ၏ဘေးတွင် နေရာ ချထားပေး၏။ လိုင်လာမှာ ကျွန်မအား အနီးကပ် ကူညီ စောင့်ရှောက်ဖို့ တာဝန်ပေးထားခြင်း ခံရသူ ဖြစ်သည်။

"အစ်မက ကျွန်မရဲ့သမီးလေးပေါ့နော်၊ အစ်မကို ကျွန်မ စောင့်ရှောက်သွားရမှာ”

ရောက်သည့် ညနေတွင် လိုင်လာက ပြော၏။

ကျွန်မ လိုအပ်သမျှ ဖြည့်ဆည်းပေးဖို့ စူလတန်က သူ့မိသားစုကို အမိန့်ထုတ်ထားသည်။ ကျွန်မ နောက်မှသိရသည်မှာ သူ့အမိန့်ကို မနာခံလျှင် ပြစ်ဒဏ်ပေးခြင်း ခံရမည်တဲ့။

ကျွန်မကို တနေ့လုံး အစာ ကျွေးလိုက်၊ လက်ဖက်ရည် တိုက်လိုက်နှင့်ပါ။ ကျွန်မ မေးမှ သူတို့ စကားပြောကြသည် မဟုတ်ပါ။ သူတို့ ပြောချင်စိတ် ရှိသည့်အခါ ကျွန်မကို စကား စပြောကြသည်။ ကျွန်မလက်ထဲမှာ မှတ်စုစာအုပ် ကိုင်ထားလျှင်တော့ သူတို့ စကား မပြောကြပါ။ ဈေးသို့ အသွားမှာ၊ ဘတ်စ်ကားပေါ်မှာ၊ ညဘက် အိပ်ရာထဲမှာ စကားပြောကြခြင်း ဖြစ်၏။

ဤစာအုပ်ကို ဝတ္ထုပုံစံ ရေးထားသော်လည်း တကယ့်ဖြစ်ရပ်မှန်များအပေါ်

အခြေခံထားခြင်းပါ။

အဆိုပါ ဖြစ်ရပ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူများ ပြောပြသည့်အတိုင်း ရေးသားထားခြင်း ဖြစ်ပါသည်။

ကျွန်မ ဖော်ပြထားသည့် အတွေးများနှင့် ခံစားချက်များသည် အခြေအနေ အမျိုးမျိုးနှင့် ကြုံကြိုက်ရစဉ် ကာယကံရှင်များ တွေးတော ခံစားခဲ့ရပုံများကို သူတို့ ပြန်ပြောင်းပြောပြသည့် အတိုင်း ဖြစ်သည်။ မိသားစုဝင်များ၏ ခေါင်းများထဲတွင် ရှိနေသည်များကို ဘယ်လိုသိတာလဲဟု စာဖတ်သူများက ကျွန်မအား မေးချင်ကြလိမ့်မည်။

ကျွန်မသည် အကြားအမြင် ရသူမဟုတ်ပါ။ ကာယကံရှင်များကိုယ်တိုင် ပြောပြသည့်အတိုင်း ရေးသားခြင်း ဖြစ်သည်။

ခန်းမိသားစု ပြောသည့် ပါရှန်စကား (ဒါရီ) ကို ကျွန်မ ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်ပါ။ သို့သော် မိသားစုဝင်အများက အင်္ဂလိပ်လို ပြောတတ်ကြ၏။ မထူးဆန်းဘူးလား။

ကျွန်မရေးသားသည့် ကဘူးလ်မှ ဇာတ်ကြောင်းကလည်း ထူးဆန်းသည့် ဇာတ်ကြောင်းလေ။ လူဦးရေ လေးပုံ သုံးပုံက စာ မရေးတတ်၊ မဖတ်တတ်သည့် တိုင်းပြည်တွင် စာအုပ်ဆိုင်ပိုင်ရှင် တယောက်၏ မိသားစုသည် ထူးဆန်းသော မိသားစုပေါ့။

စုလတန်သည် သံတမန်တဦးအား ဒါရီ သင်ပေးစဉ် ကောင်းပေ့ဆိုသည့် အင်္ဂလိပ်စကားကို အသုံးပြုခဲ့သူ ဖြစ်၏။ လိုင်လာက ဒုက္ခသည်ဘဝတွင် ပါကစ္စတန် ကျောင်းများ၊ အာဖဂန်နစ္စတန်ရှိ ညနေ သင်တန်းများမှာ တက်ဖူးသဖြင့် အင်္ဂလိပ်လို ကောင်းကောင်း ပြောနိုင်ပါသည်။

ပါကစ္စတန်တွင် နှစ်ပေါင်းများစွာ ကျောင်းတက်ခဲ့ဖူးသည့် အကြီးဆုံးသား မန်ဆူလည်း အင်္ဂလိပ် စကားပြော ကျွမ်းကျင်သည်။

သူ၏ကြောက်လန့်ခဲ့ရမှုများ၊ သူ၏သမီးရည်းစားကိစ္စများနှင့် ဘုရားသခင်အား တိုင်တည်ခဲ့ရပုံများကို သူ ကောင်းကောင်း ပြောပြနိုင်သည်။ ဘာသာရေး လိုက်စားမှုတွင် ဘဝကို မြှုပ်နှံထားလိုကြောင်းနှင့် ကျွန်မနှင့်အတူ မဇာသို့ ဘုရားဖူး သွားလိုကြောင်း ပြောပြပါသည်။ ပက်ရှ်ဝါနှင့် လာဟိုသို့ လုပ်ငန်းကိစ္စဖြင့်သွားသည့် ခရီးများ၊ အယ်လ်ကိုင်ဒါကို လိုက်ရှာခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ထိမ်းမြားလက်ထပ်ပွဲများ၊ ကျောင်း၊ ပညာရေး ဝန်ကြီးဌာန၊ ရဲစခန်းနှင့် အကျဉ်းထောင်တို့သို့ သွားရောက်ရာတွင်လည်း သူနှင့်အတူ ကျွန်မ

လိုက်ပါခဲ့သည်။

ဂျမီလာ၏ ဝတ္ထုဇာတ်လမ်းဆန်သော ကံအကြောင်းတရားနှင့် ရာဟီမူလာ၏ သည်းထိတ်ရင်ဖို စွန့်စားခန်းများတွင် ကျွန်မကိုယ်တိုင်ကိုယ်ကျ မပါဝင်ပါ။ စူလတန်က ဆိုညာအား လက်ထပ်ခွင့် တောင်းသည့်အကြောင်းကို ဤကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သည့် စူလတန်၊ ဆိုညာ၊ စူလတန့်မိခင်၊ စူလတန့်နှမများ၊ စူလတန့်ညီနှင့် ရှရီဖာတို့က ပြောပြသဖြင့် ကျွန်မ သိရခြင်း ဖြစ်သည်။

မိသားစုပြင်ပမှလူကို စူလတန်က သူ့အိမ်မှာ နေထိုင်ခွင့် မပြုသောကြောင့် ကျွန်မ၏ စကားပြန်များအဖြစ် သူကိုယ်တိုင်၊ မန်ဆူနှင့် လိုင်လာတို့က ဆောင်ရွက်ပေးကြပါသည်။

စူလတန့်အိမ်တွင် ကျွန်မ နေထိုင်ခြင်းမှာ စာအုပ်တအုပ် ရေးဖို့ဖြစ်ကြောင်း မိသားစုတစုလုံး သိကြသည်။ သူတို့ မရေးစေလိုသည့် အကြောင်းရှိလျှင် ကျွန်မကို ပြောကြ၏။

ကလေးများ၏ အော်ဟစ် ဆူညံသံများနှင့် ယောကျ်ားသန်များ၏ အမိန့်ပေးသံများ ထွက်ပေါ်လာသည့် အရုဏ်ပျို့ချိန်တွင် ကျွန်မ အိပ်ရာမှထပြီး သန့်စင်ခန်းသို့ဝင်ဖို့ အလှည့် စောင့်ရသည်။ သို့မဟုတ် သန့်စင်ခန်းထဲသို့ အိမ်သားအားလုံး ဝင်ပြီးချိန်တွင် အသာလေး လှစ်ခနဲ လျှိုဝင်လိုက်ရသည်။ ကံကောင်းသည့်နေ့များတွင် ရေနွေး နည်းနည်း ကျန်နေတတ်သော်လည်း ရေအေးနှင့် မျက်နှာသစ်ရတာ ပိုမို လန်းဆန်းစေကြောင်း မကြာမီ ကျွန်မ သိလာ၏။ တနေ့လုံး အဖို့ကတော့ မိန်းမသူများနှင့်အတူ အိမ်မှာနေသည်။ သူတို့၏ဆွေမျိုးများထံ သွားလည်သည်။ ဈေးသွားသည်။ ဒါမှမဟုတ်လျှင် စူလတန်တို့ သားအဖတတွေနှင့်အတူ စာအုပ်ဆိုင်သွား။ မြို့ထဲ လျှောက်လည်။ ခရီးထွက်။ ညနေခင်းများတွင် မိသားစုနှင့် အတူစားပြီး အိပ်ရာ မဝင်ခင် အချိန်အတောအတွင်း လက်ဖက်ရည်ကြမ်း သောက်။

ကျွန်မသည် ဧည့်သည် ဖြစ်သော်လည်း များမကြာမီ ကိုယ့်အိမ်ကိုယ့်ရာလို ဖြစ်သွား၏။ ကျွန်မအား စူလတန်မိသားစုက အံ့သြစရာကောင်းလောက်အောင် ပြုစုကြပါသည်။ သူတို့သည် စေတနာ ကောင်းသူ၊ ပွင့်လင်းသူများပါ။ ထိုအိမ်တွင် ကျွန်မ ပျော်နေပါသည်။ စိတ်လည်း မဆိုးရ၊ ရန်လည်း မဖြစ်ရ။ ဘယ်သူ့ကိုမျှလည်း မရိုက်ရ မနှက်ရပါ။ ယောကျ်ားသန်များက မိန်းမသူများအား ဆက်ဆံပုံကိုတော့ ကျွန်မ သဘောမကျ။ ပုရိသဝါဒတွင် သူတို့၏ယုံကြည်မှုသည် အရိုး စွဲနေတော့ပြီ။ သူတို့က ကျွန်မအား ဆက်ဆံပုံသည် ယောကျ်ားသားလို တဖုံ၊ မိန်းမသားလို တမျိုး ဆက်ဆံကြသည်ဟု ထင်၏။

အနောက်တိုင်းသူတယောက်အနေဖြင့် ယောက်ျားများနှင့်ရော မိန်းမများနှင့်ပါ ကျွန်မ ထွေးရောယှက်တင် နေထိုင်သည်။ ညစာ စားသောက်အပြီးတွင် ယောက်ျားများနှင့် မိန်းမများ အလျှိုအလျှို ကိုယ့်အခန်း ကိုယ်ဝင်ကြ။ သူတို့၏အခန်းများသို့ ကူးလူးဆက်ဆံနိုင်သူမှာ ကျွန်မ တယောက်တည်းသာ။ ကျွန်မအား အာဖဂန်အမျိုးသမီးများ စောင့်ထိန်းရသည့် ဝတ်စားဆင်ယင်မှု စည်းကမ်းမှ ကင်းလွတ်ခွင့် ပြုထားပြီး ကျွန်မ သွားချင်သည့်နေရာသို့ သွားနိုင်ပါသည်။

ရံဖန်ရံခါ သူများတွေ အာရုံ မစိုက်မိစေရန် ခေါင်းမြီးခြုံဝတ်ရုံကို ကျွန်မ ဝတ်ဆင်သည်။ ကဘူးလ်မြို့က လမ်းတွေပေါ်မှာ အနောက်တိုင်းသူတယောက် လျှောက်သွားနေဖို့ မလွယ်လှပါ။ ခေါင်းမြီးခြုံဝတ်ရုံ ဆင်မြန်းထားသည့်အခါ ဟိုဟို သည်သည်ကို ကျွန်မ စိတ်တိုင်းကျ ေးမေ ကြည့်ရှုနိုင်သည်။ ကျွန်မ ကြည့်နေမှန်းလည်း ဘယ်သူမျှ မသိနိုင်။ ကျွန်မကို ပြန်ကြည့်မည့်သူ မရှိ။

အာဖဂန်အမျိုးသမီးဖြစ်ခြင်းသည် ဘယ်လိုပါလိမ့်ဆိုတာ သိဖို့ ခေါင်းမြီးခြုံဝတ်ရုံကို ကျွန်မ ဝတ်ဆင်ကြည့်ခြင်းလည်း ဖြစ်၏။ ဘတ်စ်ကား၏ရှေ့ပိုင်းတဝက်တွင် လူချောင်လျက်ရှိစဉ် အမျိုးသမီးများ စီးနင်းဖို့ သီးသန့်ထားသည့် ပြွတ်သိပ်နေသော နောက်ပိုင်းထိုင်ခုံများ ရှိရာသို့ တိုးဝှေ့ သွားရတာ ဘယ်လိုနေပါလိမ့်။ တက္ကစီတစီး၏နောက်ခုံမှာ အမျိုးသားတဦး ထိုင်နေသောကြောင့် ပစ္စည်းထားသည့်အခန်းထဲသို့ အတင်း တိုးဝင်လိုက်ပါရတာ ဘယ်လိုနေပါလိမ့်။

ခေါင်းမြီးခြုံ ဝတ်ရုံကို ကျွန်မ ဘယ်တုန်းက စတင် မုန်းမိပါလိမ့်။ ခေါင်းမြီးခြုံ ဝတ်ရုံက ဦးခေါင်းကို ဖိညှပ်ထားပြီး ဘယ်လို ခေါင်းကိုက်စေပါလိမ့်။ ဇာပေါက်တွေကို ဖြတ်ပြီး ကြည့်ရတာ ဘယ်လောက် ခက်ခဲပါလိမ့်။ ခေါင်းမြီးခြုံ ဝတ်ရုံသည် အပြင်လောကနှင့် ဘယ်လောက် အဆက်အဆံ ကင်းပါလိမ့်။ ဘယ်လောက် လေဝင် လေထွက် နည်းပါလိမ့်။ ဘယ်လောက် ချွေးထွက် မြန်ပါလိမ့်။ ကိုယ့်ခြေထောက်ကို မမြင်ရသောကြောင့် ဘယ်သွားနေတယ် ဆိုတာကို ဘယ်လို သတိထား နေရပါလိမ့်။ ဖုန်တွေ ဘယ်လောက်ကပ်ပါလိမ့်။ ဘယ်လောက် ညစ်ပတ်ပါလိမ့်။ ဘယ်လောက် အနှောင့်အယှက် ဖြစ်နေပါလိမ့်။ အိမ်ပြန်ရောက်ပြီး ခေါင်းမြီးခြုံ ဝတ်ရုံကို ချွတ်လိုက်ချိန်တွင် ဘယ်လောက် လွတ်လပ်သွားပါလိမ့်။

ကျွန် ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းခြင်းမှာ သတိရှိသည့်သဘောလည်း ပါသည်။ စူလတန်နှင့် အတူ ဂျလာလာဘဒ်သို့ အသွား အန္တရာယ်ရှိသော လမ်းပေါ်တွင် လျှောက်သွားရသည့်အခါ၊ ညစ်ပတ် ပေရေနေသည့် နယ်စပ်ကားဂိတ်တွင် ညတာကို ကုန်လွန်စေရသည့်အခါ၊ အိမ်အပြန် နောက်ကျသည့် အခါများတွင် ကျွန်မ ခေါင်းမြီးခြုံ ဝတ်ရုံကို ဝတ်ဆင်လေ့ ရှိ၏။

အာဖဂန် အမျိုးသမီးများအနေဖြင့် ဒေါ်လာ တထပ်ကြီးနှင့် ကွန်ပျူတာတလုံးနှင့် ခရီးသွားလေ့ မရှိကြ။ ထို့ကြောင့် လမ်းခားပြမျှားသည် ခေါင်းမြီးခြုံ အမျိုးသမီးများကို ပေယျာလကန် ဝကွက် ချန်လေ့ ရှိကြ၏။

ဤစာအုပ်သည် အာဖဂန် မိသားစုတစုအကြောင်း ဖြစ်သည်ကို အကျယ် ချဲ့ပြောဖို့ လိုသည်။ တခြားလူများ၏ သန်းပေါင်းများစွာသော ဇာတ်ကြောင်းများလည်း ရှိပါသေး၏။ စူလတန် မိသားစုမှာ အာဖဂန် ပုံစံကျကျ မိသားစုပင် မဟုတ်။ လူလတ်တန်းစားဆိုသော စကားလုံးကို အာဖဂန်နစ္စတန်တွင် သုံးလို့ ရမည်ဆိုလျှင် စူလတန် မိသားစုသည် လူလတ်တန်းစား မိသားစုဟု ဆိုရလိမ့်မည်။ မိသားစုဝင်တချို့က ပညာတတ်များ။ မိသားစုဝင် အများအပြားက စာဖတ်တတ် ရေးတတ်ကြသည်။ သူတို့မှာ ပိုက်ဆံ လုံလောက်အောင် ရှိကြသောကြောင့် ထမင်းငတ်မည့်သူများ မဟုတ်ကြ။

အကယ်၍ ပုံစံကျကျ အာဖဂန် မိသားစုစစ်စစ် တစုတွင် ကျွန်မ နေထိုင်ရမည်ဆိုလျှင် နေ့စဉ်နှင့်အမျှ အသက်ရှင်ဖို့ ရုန်းကန် တိုက်ပွဲဝင်နေရသော ကျေးလက်တောရွာရှိ စာမတတ် ပေမတတ်သည့် မိသားစုကြီး တစုနှင့်အတူ နေထိုင်ရပါလိမ့်မည်။

စူလတန် မိသားစုနှင့်အတူ နေထိုင်ဖို့ ကျွန်မ ရွေးချယ်လိုက်ခြင်းမှာ အခြား မိသားစုများ အားလုံးကို ကိုယ်စားပြုချင်၍ မဟုတ်။ စူလတန်မိသားစုက ကျွန်မစိတ်ကို လှုံ့ဆော်သောကြောင့်ပါ။

တာလီဘန်ထွက်ပြေးပြီးသည့် နွေဦးကာလအတွင်း ကျွန်မ ကဘူးလ်မြို့မှာ နေထိုင်ခဲ့ပါသည်။ ထိုနွေဦးသည် နုနယ်သော မျှော်လင့်ချက်များကို ရိပ်ခနဲ တွေ့လိုက်ရသည့် နွေဦး။ တာလီဘန်များ ထွက်ပြေးသွားကြပြီ ဖြစ်သဖြင့် လမ်းပေါ်တွင် ဘာသာရေး ပုလိပ်တို့၏ နှောင့်ယှက်ခြင်း ခံရမည်ကို ကြောက်စရာ မလိုတော့။ အမျိုးသမီးများ အဖော် မပါဘဲ မြို့သို့သွားနိုင်ကြပြီ။ သို့သော် ထိုနွေဦးသည် လွန်ခဲ့သော ဆယ်စုနှစ်၏ စိတ်ထိခိုက်စရာများကိုလည်း ပုံဆောင်ထားသေး၏။ ယခု ဘာ့ကြောင့် ပြောင်းလဲလာသင့်ပါသလဲ။

နွေဦးကာလတလျှောက်တွင် ပိုမို အားကောင်းသည့် အကောင်းဘက်ကို သတိပြုမိနိုင်သည်။ စီမံကိန်းများ ချသည်။ အိမ်တွင် အမျိုးသမီးများ ခေါင်းမြီးခြုံ ဝတ်စုံကို စွန့်ပယ်လာကြသည်။ တချို့က အလုပ် ဝင်လုပ်ကြသည်။ ဒုက္ခသည်များ အိမ်ပြန်ကြသည်။

အစိုးရသည် ရှေးရိုးနှင့် ခေတ်သစ် အကြား၊ စစ်နယ်ရှင်များနှင့် ဒေသဆိုင်ရာ လူမျိုးစု အကြီးအကဲများအကြား မပြတ်မသား ဖြစ်နေ၏။

ကသောင်းကနင်း ဖြစ်မှုများ ကြားတွင် ခေါင်းဆောင် ဟာမစ် ကာဇိုင်းက ဟန်ချက် ညီအောင် ကြိုးပမ်းပြီး နိုင်ငံရေးလမ်းကြောင်းတခုကို ကန့်သတ်ဖို့ အားထုတ်နေသည်။

သူသည် လူကြိုက်များသော်လည်း လက်နက်များနှင့် စစ်ဖက်ပြိုင်သော အုပ်စုများ ပျံ့နှံ့လျက် ရှိသည့် တိုင်းပြည်တွင် စစ်တပ်သော်လည်းကောင်း၊ ပါတီသော်လည်းကောင်း ရှိသူ မဟုတ်ပါ။

ကဘူးလ်မြို့မှာ ဝန်ကြီးနှစ်ဦး အသတ်ခံရခြင်းနှင့် အခြား ဝန်ကြီးတဦးအား သတ်ဖြတ်ဖို့ ကြိုးပမ်းခြင်း၊ ပြည်သူများ ဆက်လက် အနှောင့်အယှက်ပြု ခံနေရခြင်းတို့ ပေါ်ပေါက်ခဲ့လင့်ကစား အတန်အသင့် ငြိမ်းချမ်းသည့် အခြေအနေတွင် ရှိနေ၏။

များစွာသော ပြည်သူတို့က လမ်းများပေါ်တွင် ပတ္တရောင် လှည့်နေကြသည့် နိုင်ငံခြား စစ်သားများကို အားကိုးနေကြသည်။ “သူတို့ မရှိရင် ပြည်တွင်းစစ် ပြန်ဖြစ်ဦးမှာ” ဟု ပြည်သူတို့က ပြောကြ၏။

ကျွန်မ မြင်သမျှ ကြားသမျှတို့ကို ရေးလိုက်ပါသည်။ ကဘူးလ်မြို့အပေါ် ကျွန်မ၏ အထင်အမြင်များကိုလည်း စုစည်း ဖော်ပြဖို့ ကျွန်မ ကြိုးစားထားပါသည်။

အက်စ်နီဆီယာစတဒ်

အော်စလို

၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်။

အဆိုပြုချက်

စူလတန် ခန်းက နောက်မိန်းမတယောက် ထပ်ယူဖို့ ပြောသည့်အခါ သူ့ကို ဘယ်သူမှ အားမပေးကြ။ အရင်ဆုံး သူ့အမေကို ချဉ်းကပ် ပြောသည်။ အမေက “သားမှာ ရှိနေတဲ့ မိန်းမနှင့်ပဲ တော်ရောပေါ့” ဟု ဆို၏။

ထို့နောက် သူ့အစ်မ အကြီးဆုံးထံ သွားပြီး ပြောပြန်တော့ “ငါက ပထမမိန်းမကို ချစ်တာ” ဟု ပြောလွှတ်သည်။ တခြား နှမတွေကလည်း သည်အတိုင်းပါပဲ။

သူ့အဒေါ်ကတော့ “မင်း နောက်မိန်းမ ယူရင် ရှုရီဖြာ ရှက်မှာပေါ့” တဲ့။ စူလတန်မှာ ကူညီမည့်သူ လိုအပ်နေပါသည်။ သူ့အနေဖြင့် သူသဘောကျသည့် မိန်းကလေးကို ကိုယ်တိုင်ကိုယ်ကျ ကမ်းလှမ်း၍ မဖြစ်။ မိသားစုထဲမှ အမျိုးသမီးတယောက်က ဆောင်ရွက်ပေးရသည်မှာ အာဖဂန် ဓလေ့ ဖြစ်သည်။ သို့သော် မိသားစုထဲမှ မည်သည့် အမျိုးသမီးကမျှ စူလတန်အတွက် ဤကိစ္စကို ဆောင်ရွက် မပေးလိုကြ။

သူနှင့် လိုက်ဖက်မည်ထင်သည့် မိန်းကလေး သုံးယောက်ကို စူလတန် ရွေးချယ်ထား၏။ သူတို့အားလုံး အချောအလှတွေချည်းသာ။ ကျန်းမာရေးလည်း ကောင်းမွန်ကြသည်။ စူလတန်နှင့် မျိုးနွယ်ချင်း တူသူများလည်း ဖြစ်ကြသည်။ စူလတန်မိသားစုက ဆွေမျိုးစု ပြင်ပမှ မိန်းကလေးများနှင့် လက်ထပ်ခြင်း မပြုကြ။ ဆွေမျိုးများနှင့် လက်ထပ်ခြင်း၌သာ သူတို့ ယုံကြည်ကြ ၏။ မောင်နှမ ဝမ်းကွဲဆိုလျှင် ပိုကောင်းသည်။

စူလတန် ရွေးချယ်ထားသည့် ပထမ မိန်းကလေးမှာ အသက် ဆယ့်ခြောက်နှစ်ရှိ ဆိုညာ။ မက်မွန်သီးသဏ္ဍာန် အနက်ရောင်မျက်လုံးများနှင့် ပိတုန်းရောင် ကေသာတို့ကို ပိုင်ဆိုင်ထားသူလေး။ ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ကျနလှပကာ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် ပြည့်စုံသူ။ သူမအား အလုပ်သမားကောင်း တယောက်ဟုလည်း ဆိုကြသည်။ သူမ၏ မိသားစုက ဆင်းရဲသည်။ စူလတန်နှင့် ဆိုညာက ဆွေမျိုး အရင်းကြီး ဖြစ်၏။ သူမမိခင်၏ အဘွားနှင့် စူလတန့်မိခင်၏ အဘွားတို့မှာ ညီအစ်မ တော်စပ်ကြ၏။

မိသားစုထဲမှ အမျိုးသမီးတယောက်၏ အကူအညီ မပါဘဲ ဆိုညာအား မည်သို့ စကား ကမ်းလှမ်းရမည်ကို စူလတန် ကြံဆနေစဉ် မိမိနှင့် စူလတန် လက်ထပ်သည့်နှစ်မှာ မွေးဖွားသည့် မလိမ်မိုး မလိမ္မာ ကောင်မလေးတယောက်က

စူလတန်၏စိတ်အား လွှမ်းမိုးလျက် ရှိသည့်အဖြစ်ကို စူလတန်၏ ပထမ မယားက မသိရှာ။ ရှရီဇာသည် အိုမင်းလာခဲ့ပြီ။ စူလတန်လိုပင် အသက်ငါးဆယ် သီသီစွန်းခဲ့ပြီ။ စူလတန်အတွက် သား သုံးယောက်နှင့် သမီး တယောက်ကို မွေးဖွားပေးခဲ့ပြီ။ စူလတန်လို အနေအထားမှာ ရှိနေသည့် ယောကျ်ားသားတယောက်အဖို့ နောက်မယား ယူရန် အချိန်တန်ပြီပဲ။

"အစ်ကို့ဘာသာ အစ်ကို ပြောလိုက်ပေါ့"

နောက်ဆုံးတွင် သူ့ညီက ပြောသည်။

စူလတန် ခေတ္တ စဉ်းစားလိုက်ပြီး သည်နည်းပဲ ရှိတော့သည်ကို နားလည်သွားသဖြင့် တနေ့ နံနက် စောစောတွင် ဆယ့်ခြောက်နှစ်သမီးလေး၏အိမ်သို့ ချီတက်သွားလိုက်၏။

ကောင်မလေး၏မိဘများက သူ့ကို လှိုက်လှဲစွာ ကြိုဆိုကြ။ စူလတန်သည် စေတနာ သဒ္ဓါတရား ထက်သန်သူ ဖြစ်သောကြောင့် သူ့ကို ကြိုဆိုရပေမပေါ့။ ဆိုညာ့အမေက ရေနွေးအိုး တည်ပြီး လက်ဖက်ရည် ဖျော်သည်။ သူတို့ ရွှံ့အိမ်ထဲတွင် ခြေဆင်းလဲလူ ထိုင်ရင်း တအောင့်လောက် ကြာသည်အထိ အာလာပသလ္လာပ ပြောဆိုကြပြီးနောက် မိမိ၏ အဆိုပြုချက်ကို စတင်ရန် အချိန် ကျရောက်ပြီဖြစ်ကြောင်း စူလတန် သိလိုက်သည်။

"ကျွန်တော့်မိတ်ဆွေတယောက်က ဆိုညာ့ကို လက်ထပ်ချင်လို့တဲ့ဗျ"

ဆိုညာ၏ မိဘနှစ်ပါးကို စူလတန် ပြောလိုက်သည်။

ဆိုညာအတွက် ယခုလို စကားလာကြောင်းသည်မှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ် မဟုတ်ချေ။ သူမ လှပသည်၊ လုံ့လ ဝီရိယ ရှိသည် မှန်သော်လည်း လင်ယူသားမွေး လုပ်ဖို့ နည်းနည်းတော့ ငယ်နေသေး၏။ သူမ၏အဖေက ရန်ပွဲတခုတွင် ဓားထိုးခံခဲ့ရသောကြောင့် အလုပ် မလုပ်နိုင်တော့။ သူ့သမီးချောကို ဈေးခေါ်သည့် ရောင်းကုန်ပစ္စည်းလို အသုံးချနိုင်သည်။ လင်မယား နှစ်ယောက်က သူတို့၏သမီးလေးကို နောက်ဝယ်လက်တယောက်ကတော့ ဈေးပိုပေးကောင်းရဲ့ဟု အမြဲတမ်း မျှော်လင့်နေ၏။

"ကျွန်တော့်မိတ်ဆွေက သူဌေးဗျ၊ သူက ကျွန်တော့်အလုပ်မျိုးပဲ လုပ်တာ၊ ပညာတတ် တယောက်ပဲ၊ သား သုံးယောက် ရှိတယ်၊ မိန်းမက အသက်ကြီးပြီ"

"သူ့သွားတွေကရော အခြေအနေ ကောင်းသေးရဲ့လား"

ဆိုညာ၏ မိဘများက ထိုလူ၏ အသက်ကို စောင်းပါးရိပ်ခြည်

မေးကြည့်သည်။

"ကျွန်တော့်လောက်ပါပဲ၊ ခင်ဗျားတို့ ဆုံးဖြတ်ကြပေါ့" ဟု စူလတန် ပြန်ပြော၏။

"ဒါဆိုရင် အိုပြီပေါ့" ဟု ဆိုညာ့မိဘများက တွေးကြသည်။ သို့သော် သမက်တော်ရသည့် လူတဦး၏ အသက်အရွယ် အိုမင်းခြင်းသည် အားနည်းချက်တခု မဟုတ်ပါ။ သမက်လောင်းက အိုမင်းလေ သမီးတွက် ဈေးတင်ဖို့ ကောင်းလေပေါ့။ သတို့သမီးတယောက်၏တန်ဖိုးကို အသက်အရွယ်၊ အလှအပ၊ အလုပ်ကျွမ်းကျင်မှုနှင့် မိသားစု အဆင့်အတန်းတို့အပေါ် မူတည်ကာ တွက်ချက်ကြလေ့ရှိသည်။

ဆိုညာ့မိဘများက စူလတန် ထင်ထားသည့်အတိုင်း "သမီးက ငယ်ပါသေးတယ်" ဟု စကား ပြန်ကြသည်။

စူလတန်၏ မိတ်ဆွေဆိုသူအပေါ် သိပ်ပြီး စိတ်လိုလက်ရ ရှိဟန် မပြမှုဖြစ်မည်။ စူလတန် ဇောန်မုချ ပြန်လာမှာပဲ။ ဆိုညာက နုနယ် ငယ်ရွယ်သည်လေ။ ချောသည် လှသည်လေ။

နောက်တနေ့တွင် စူလတန် ပြန်လာပြီး အဆိုပြုချက်ကိုပင် ထပ်ပြောပြန်သည်။ ပထမနေ့တုန်းက စကားအတိုင်း။ ပထမနေ့တုန်းက အဖြေအတိုင်း။

သို့သော် သည်တကြိမ်တွင် ငယ်ငယ်လေးတုန်းကတည်းက မတွေ့ခဲ့ရသည့် ဆိုညာကို စူလတန် တွေ့ရသည်။ ဆွေမျိုးသားချင်း အကြီးအကဲများအပေါ် လေးစားသမှုကို ပြသည့်အနေဖြင့် သူ့လက်ကို ဆိုညာက နမ်းပြီး သူက ကောင်းချီးပေးသောအားဖြင့် ဆိုညာ့ဦးခေါင်းကို နမ်း၏။

ဆိုညာသည် ဦးလေး စူလတန်၏ စူးစမ်းသောအကြည့်အောက်တွင် ရှုံ့တွန့်တွန့် ဖြစ်နေလေသည်။

"မင်းအတွက် သူဌေးတယောက် တွေ့ထားတယ်၊ အဲဒါ မင်း ဘယ်လိုသဘောရလဲ" ဟု စူလတန် မေးလိုက်စဉ် ဆိုညာ မျက်လွှာချထား၏။

ဆိုညာလို ကောင်မလေးတယောက်မှာ ဤလို ကိစ္စမျိုးအတွက် ခေါင်းညိတ် ခေါင်းခါ လုပ်နိုင်သည့် အခွင့်အရေး မရှိပါ။

တတိယမြောက်နေ့တွင်လည်း စူလတန် ပြန်လာပြန်သည်။ ဤတကြိမ်တွင်တော့ သတို့သားလောင်းဘက်မှ အတင် ပစ္စည်းစာရင်းကို

ပြောပြလိုက်သည်။

လက်စွပ် တကွင်း၊ ဆွဲကြိုး တကုံး၊ နားကပ်နှင့် လက်ကောက်။ ယင်းတို့အားလုံး ရွှေဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ။

သတို့သမီးလောင်း လိုချင်သလောက် အဝတ်အထည်များ၊ ဆန် ပေါင်ခြောက်ရာ၊ စားသုံးဆီ ပေါင် သုံးရာ၊ နွားမ တကောင်၊ သိုးကောင်ရေ အနည်းငယ်၊ အမေရိကန် ဒေါ်လာ ငါးရာခန့်နှင့် ညီမျှသည့် အာဖဂန်နီ ပိုက်ဆံ ဆယ့်ငါးသန်း။

သမီးအတွက် ပေးသည့်တန်ဖိုးအပေါ် ဆိုညာ့အဖေက အတိုင်းထက် အလွန် ကျေနပ်သွားလေသည်။ ဤမျှလောက်သော တန်ဖိုးကို ပေးမည်ဆိုသည့် သတို့သားလောင်းအား တွေ့လိုကြောင်း ပြော၏။ စူလတန့်အပြောအရ သိရသည်မှာ သတို့သားလောင်းသည် ဆိုညာတို့ မိသားစုနှင့် မျိုးနွယ်စု တစုတည်းတဲ့။ အဲသည့်လူကို သူတို့ မမှတ်မိလို့ပါတဲ့။

"နက်ဖြန်ကျရင် သူ့ဓာတ်ပုံကို ပြမယ်" ဟု စူလတန်က ပြောသည်။ နောက်တနေ့တွင် စူလတန် လာဘ်ထိုးထားသည့် စူလတန်၏အဒေါ်က ဆိုညာ့မိဘများအား သတို့သားလောင်း မည်သူ မည်ဝါ ဖြစ်သည်ကို ဖွင့်ပြောပြရန် သဘောတူလိုက်၏။ သူမနှင့်အတူ ဓာတ်ပုံတပုံ ယူသွားသည်။ စူလတန့်ဓာတ်ပုံပါပဲ။

ထို့ပြင် သဘော တူ မတူ ဆုံးဖြတ်ရန်အတွက် တနာရီထက် ပိုပြီး အချိန်မပေးနိုင်ဟုလည်း အမှာတော် ပါးလိုက်သေး၏။

သဘောတူသည်ဆိုလျှင် စူလတန် ဝမ်းသာရမည်။ သဘော မတူဟုဆိုလျှင် သူတို့ အကြားတွင် တစုံတရာ အမျက်အဤ ရှိမည် မဟုတ်။ ဖြစ်နိုင်သလိုလို မဖြစ်နိုင်သလိုလို ဝေ့လည်ကြောင်ပတ် လိပ်ခဲတည်းလည်း အဖြေမျိုးကို စူလတန် မလိုချင်။

တနာရီအတွင်းမှာပင် ဆိုညာ့မိဘများ သဘောတူသွားကြ၏။ စူလတန်၊ စူလတန့် ပိုက်ဆံနှင့် စူလတန့် အဆင့်အတန်းကို သူတို့ အတိုင်းထက် အလွန် သဘောကျသွားကြ၏။

ထိုအချိန်တွင် ဆိုညာသည် အထပ်ခိုးပေါ်တွင် ထိုင်ရင်း စောင့်ဆိုင်းလျက်။ သတို့သားလောင်း မည်သူ မည်ဝါ ဖြစ်ကြောင်း သိသွားကြပြီး သဘောတူလိုက်ကြချိန်တွင် ဆိုညာ့အဖေ၏ ညီသည် အထပ်ခိုးပေါ်သို့ တက်လာ၏။

"မင်းကို ကြိုက်တဲ့လူက ဦးလေး စူလတန်တဲ့၊ မင်း သဘောတူသလား ဟင်"

ဆိုညာ့နှုတ်မှ အသံ ထွက်မလာနိုင်။ မျက်ရည် ပြည့်နေသည့် မျက်ဝန်းများနှင့် ဦးခေါင်းကို ငုံ့ထားလျက်ဖြင့် သူမ၏ ပဝါရှည်ကြီးနောက်တွင် ပုန်းကွယ်နေလေသည်။

"မင်းမိဘတွေက လက်ခံလိုက်ကြပြီ၊ အခု မင်းရဲ့သဘောထားကို ပြောဖို့ နောက်ဆုံး အခွင့်အရေးပဲ"

ဆိုညာသည် ကြောက်စိတ်ဖြင့် ကြောင်တက်တက် ဖြစ်လျက် ကြက်သေ သေနေ၏။

စူလတန်ကို သူမ မလိုချင်သော်လည်း မိဘတွေ၏ စကားကိုတော့ သူမ နာခံရလိမ့်မည်။

သူမသည် စူလတန်၏ ဇနီး မယားအဖြစ် အာဖဂန် လူ့အဖွဲ့အစည်းအတွင်း အတော်အတန် အဆင့်အတန်း မြင့်သွားလိမ့်မည်။ စူလတန့်ထံမှ ရသည့် ပိုက်ဆံသည် သူမ၏မိဘများက သားများအတွက် ဇနီး မယားကောင်းများ ဝယ်ပေးရာတွင် အထောက်အပံ့ ဖြစ်စေလိမ့်မည်။

ဆိုညာသည် သူမ၏လျှာကို ထိန်းထားလျက် ရှိ၏။ ဤသို့ ထိန်းထားခြင်းနှင့်အတူ သူမ၏ ကံကြမ္မာလည်း ပိတ်ဆီးသွားလေတော့သည်။ ဆိတ်ဆိတ်နေခြင်းသည် အလိုတူရာ ရောက်၏။

ဤသို့ဖြင့် မင်္ဂလာရက် သတ်မှတ်ကြ။

မိသားစုအား မင်္ဂလာသတင်းကို ပြောဖို့ စူလတန် အိမ်ပြန်သွားသည်။ သူ့မယား ရှရီဖာ၊ သူ့အမေနှင့် သူ့နှမများက ထမင်းနှင့် ဟင်းနုနယ် ပန်းကန်ဘေးတွင် ဝိုင်းထိုင်နေကြသည်။

ရှရီဖာက စူလတန် နောက်နေသည်ထင်ပြီး ရယ်နေ၏။

စူလတန့်အမေကလည်း စူလတန့်စကားကို ဟာသတခုအဖြစ် သဘောထားကာ ရယ်သည်။ သူမ၏ သဘောတူညီမှု မပါဘဲ စူလတန် နောက်မိန်းမ ယူမည်ဆိုသည်ကို သူမ မယုံနိုင်။ စူလတန့် နှမများကတော့ မှင်တက်မိနေကြလျက်။

စေ့စပ်ကြောင်းလမ်းခြင်း အထောက်အထားအဖြစ် ဆိုညာ့မိဘများ ပေးလိုက်သည့် လည်စည်းပဝါနှင့် အချိုမုန့်များကို ထုတ်မပြခင်အချိန်အထိ စူလတန့်စကားကို မည်သူမျှ မယုံကြည်ကြ။

ရှရီဖာ ရက်ပေါင်း နှစ်ဆယ်တိုင်တိုင် ငိုကြွေးခဲ့ရသည်။

"ကျွန်မ ဘာလုပ်လို့လဲ၊ ရုက်စရာ ကောင်းလိုက်တာ၊ ကျွန်မအပေါ် ရှင် မကျေနပ်တာ ဘာရှိလို့လဲ"

စူလတန်က သူမအား ဣန္ဒြေမပျက်ဖို့ ပြောသည်။

သူ့ကို မည်သူကမျှ မထောက်ခံကြ။ သားများကပင် မထောက်ခံကြ။ သို့သော် သူ့ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်စကား ပြောဖို့ မဝံ့ကြချေ။ သူသည် အမြဲတမ်း သူ လုပ်ချင်တာကို လုပ်သူ။

ရှရီဖာသည် ဖြေဆည်မနိုင် ရှိတော့၏။ စူလတန့်အပေါ် အမုန်တကယ် မကျေနပ်သည့် အကြောင်းမှာ စာမတတ် ပေမတတ်၊ မူကြိုကျောင်းကိုပင် ဆုံးအောင် မတက်ခဲ့ဖူးသူ တယောက်အား စူလတန် ရွေးချယ်လိုက်ခြင်းကြောင့် ဖြစ်သည်။ ရှရီဖာက ပါရှန်ဘာသာ ဆရာမ။

"ကျွန်မမှာ မရှိတဲ့ အရည်အချင်း သူ့မှာ ရှိလို့လား" ဟု ပြောပြီး သူမ တရှုပ်ရှုပ် ရှိုက်ငို၏။

ရှရီဖာ၏ မျက်ရည်များကို စူလတန် ကျော်လွှားနိုင်ပါသည်။

စေ့စပ်ကြောင်းလမ်းပွဲသို့ မည်သူမျှ မတက်ချင်ကြ။ သို့သော် ရှရီဖာအနေဖြင့် မတတ်သာ၍ ဆေးခါးကြီးကို မျိုချရတော့မည်။

"ငါ နောက်မိန်းမ ယူတာကို မင်း သဘောတူတယ်လို့ လူတွေကို အထင်ရောက်စေချင်တယ်" ဟု စူလတန် တောင်းဆို၏။

စူလတန့်အလိုကို ရှရီဖာ အမြဲတမ်း လိုက်လျောခဲ့ရသည်။ စူလတန်က သူနှင့် ဆိုညာတို့အား လက်ထပ်လက်စွပ်ကို စွပ်ပေးဖို့ အထိပင် ရှရီဖာအား တောင်းဆိုထားလေသည်။

စကားကြောင်းပြီးနောက် ရက်ပေါင်း နှစ်ဆယ်အကြာတွင် စေ့စပ်ပွဲ ပြုလုပ်၏။

ရှရီဖာ ဣန္ဒြေမပျက်အောင် ဟန်ဆောင်နေရသည်။ သူမ၏ဆွေမျိုးထဲမှ အမျိုးသမီးများက သူမ နေမထိထိုင်မသာ ဖြစ်အောင် ပြောကြသည်။

"ညည်းအတွက် ဘယ်လောက် ဆိုးဝါးသလဲ ဟင်၊ ညည်းကို သူ ပြုမူပုံက ဆိုးလိုက်တာ၊ ညည်းတော့ စိတ်ဆင်းရဲနေတော့မှာပဲ အေ့"

စေ့စပ်ပွဲ အပြီး နှစ်လအကြာတွင် လက်ထပ်ပွဲ ကျင်းပသည်။ မွတ်စလင် နှစ်သစ်ကူး အကြိုနေ့၊ လက်ထပ်ပွဲ တက်ဖို့ကိုတော့ ရှရီဖာ ငြင်းဆန်၏။

"ကျွန်မ လက်ထပ်ပွဲ မတက်နိုင်ဘူး" ဟု လင်ကို ပြောလိုက်သည်။ မိသားစုထဲမှ အမျိုးသမီးများက ရှရီဖာကို အားပေးထောက်ခံကြသည်။ မည်သူမျှ အဝတ်သစ် အစားသစ်များကို မဝယ်ကြ။ လက်ထပ်ပွဲမှာ လိမ်းရိုးလိမ်းစဉ် မိတ်ကပ်ကိုသော်မှ မလိမ်းကြ။ ရိုးရိုးတန်းတန်း ဆင်ယင် ထုံးဖွဲ့မှုများနှင့် ဟက်ဟက်ပက်ပက် မရှိသည့် အပြုံးများကို တန်ဆာဆင်လျက်။

သူတို့၏ပုံပန်းများက စူလတန် ခန်း၏ အိပ်ရာတွင် မျှဝေ အိပ်စက်ခွင့် မရတော့မည့် "အိုပယ်" ဇနီးသည်နှင့် မခြားပါ။

သူမ အိပ်စက်ခဲ့သည့်နေရာကို မယား ငယ်ငယ်လေးအတွက် သီးသန့် ထားလိုက်ပြီ။ သို့သော် သူတို့အားလုံး သေကွဲ မကွဲမချင်း တအိမ်တည်းမှာ။ တမိုးအောက်တည်းမှာ။

စာအုပ်များကို မီးပုံရှို့ခြင်း

၁၉၉၉ ခုနှစ် ခိုက်ခိုက်တုန်လောက်အောင် ချမ်းအေးသည့် နေ့တနေ့၏ မွန်းလွဲပိုင်း။ ကဘူးလ်မြို့ ဆာဒါရတ်ရပ်ကွက် အရှေ့ပိုင်းရှိ ချရိုင်းလမ်းပေါ်မှ လမ်းဆုံအဝိုင်းတွင် မီးပုံတပုံ တောက်လောင်နေသည်။ မီးပုံတဝိုက်တွင် ကလေးများ စုရုံးနေကြ၏။ မီးပုံနှင့် အနီးဆုံးနေရာသို့ မည်သူ ချဉ်းကပ်နိုင်မည်လဲဟု တယောက်နှင့် တယောက် ပြိုင်နေကြခြင်းဖြစ်သည်။ လူကြီးများကတော့ မီးပုံကို မသိမသာ ခိုးကြည့်ကာ ခြေလှမ်း သွက်သွက် လှမ်းသွားကြသည်။ ဤလို သွားတာ ဘေးကင်းပါသည်။ ဤမီးပုံသည် လုံခြုံရေးအစောင့်များက အေးစက်နေသည့် သူတို့၏ လက်များကို မီးကင်ဖို့ ဖိုထားသည့် မီးပုံ မဟုတ်။ ဘုရားသခင်ကို ပူဇော်ထားသည့် မီးပုံတပုံပါ။

မိဖုရားဆိုရယာ၏ လက်ပြတ်အင်္ကျီသည် မီးပုံထဲတွင် ကောက်ကွေး တွန့်လိမ်ကာ ပြာဖြစ်သွား၏။ မိဖုရား၏ အချိုးအစား ကျနလှသည့် လက်မောင်းဖြူဖြူများနှင့် တည်ကြည် လေးနက်သည့် မျက်နှာသည်လည်း ပြာဖြစ်သွား၏။ ဘုရင် အမာနူလာလည်း သူ၏ တံဆိပ်များ အားလုံးနှင့်အတူ မီးရှို့ခံရသည်။ အာဖဂန်ဝတ်စုံ ဆင်မြန်းထားသည့် မိန်းကလေးများ၊ မြင်းစီး နေသည့် မူဂျာဟေဒင် စစ်သားများနှင့် ကန်ဒါဟာဈေးရှိ လယ်သမားများနှင့်အတူ ဘုရင်များ၏ အနွယ်တော် အားလုံးသည် မီးပုံထဲတွင် တဖျစ်ဖျစ် မြည်လျက်။

အဆိုပါ နိုဝင်ဘာလအတွင်း နေ့တနေ့၏ မွန်းလွဲပိုင်းတွင် ဘာသာရေး ပုလိပ်များသည် တာဝန် ကျေပွန်စွာ အမှုတော်ထမ်းဖို့ စူလတန် ခန်း၏ စာအုပ်ဆိုင်သို့ ရောက်သွားကြ၏။

လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သက်ရှိသတ္တဝါ အရုပ်ပါသည့် မည်သည့်စာအုပ်ကိုမဆို စာအုပ်စင်များပေါ်မှ ဆွဲယူ ဆုတ်ဖြဲပြီး မီးပုံထဲသို့ ပစ်ပေါက်ထည့်ကြသည်။ တယ်လီဖုန်း လမ်းညွှန် စာအုပ်များ၊ ပို့စ်ကတ်များနှင့် ရည်ညွှန်း စာအုပ်တို့၏ အဖုံးများကိုပင် ချမ်းသာ မပေးကြ။

မီးပုံကို ဝန်းရံလျက် ရှိသည့် ကလေးများ၏အလယ်တွင် စစ်သားများက ကျာပွတ်များနှင့် တုတ်များကို ကိုင်ဆောင်ထားကြလျက်။

သူတို့က ရုပ်ပုံ၊ စာအုပ်၊ ရုပ်တု၊ ဂီတ၊ အက၊ ရုပ်ရှင်များနှင့် လွတ်လပ်စွာ တွေးခေါ်မှုကို နှစ်သက်သူ အားလုံးအား လူ့အဖွဲ့အစည်း၏ ရန်သူများအဖြစ် သဘောထားကြကုန်သတတ်။

ယနေ့တော့ ရုပ်ပုံများကိုသာ သူတို့ စိတ်ဝင်စားကြသည်။ မိစ္ဆာဒိဋ္ဌိ စာသားများအပြင် သူတို့ မျက်စိရှေ့တည်တည့်က စာအုပ်စင်များပေါ်ရှိ စာအုပ်များကိုပင် မျက်စိလျှမ်းသွားကြသည်။ စစ်သားများသည် စာမတတ်ကြချေ။ တာလီဘန် ကျမ်းစာနှင့် မိစ္ဆာဒိဋ္ဌိ စာအုပ်ကိုပင် ခွဲခြားသိသူများ မဟုတ်။ သို့သော် အရုပ်နှင့် စာ၊ သက်ရှိ သတ္တဝါနှင့် သက်မဲ့ပစ္စည်းကိုတော့ ခွဲခြားနိုင်ကြ၏။

နောက်ဆုံးတွင် မီးပုံမှာပြာသာကျန်ပြီး ကဘူးလ်မြို့၏လမ်းများပေါ်သို့ ပြန့်ကျဲကုန်ကြသည်။ သူ မြတ်နိုးသည့်စာအုပ်များကို ဆုံးရှုံးခံလိုက်ရရှာသည့် စာအုပ်ဆိုင်ပိုင်ရှင်အား တဖက်တချက်စီတွင် တာလီဘန် စစ်သားတယောက်စီ ညှပ်လျက် ကားတစီးပေါ်သို့ တွန်းတင်လိုက်ကြပြီး စာအုပ်ဆိုင်ကို ချိပ်ပိတ်လိုက်ကြသည်။ ဘာသာတရားကို ဆန့်ကျင်သည့် အပြုအမူအတွက် စူလတန် ထောင်နန်းစံသွားပြီ။

"စာအုပ်စင်တွေ နောက်ဘက်ကို ကျပ်မပြည့်တဲ့အကောင်တွေ ကြည့်မသွားတာ ကံကောင်းတယ်" ဟု စူလတန် တွေးမိသည်။

စာအုပ်စင်များနောက်တွင် အန္တရာယ် အကြီးဆုံး စာအုပ်များကို ကတ်သီးကတ်သတ် ဝှက်ထားခဲ့၏။ ယင်းစာအုပ်များကို မေးသူ ရှိမှ၊ မေးသူကိုလည်း ယုံကြည်ရမှ စူလတန် ထုတ်ယူပေးသည်။

ဤအခြေအနေကို စူလတန် မျှော်လင့်ထားပြီးသား။ တရားမဝင် စာအုပ်များ၊ ရုပ်ပုံများကို သူ ရောင်းချလာခဲ့သည်မှာ နှစ် အတန်ကြာခဲ့ပြီ။ စစ်သားများက သူ့ကို ခြိမ်းခြောက်ကြ၊ စာအုပ်တချို့ကို သိမ်းယူကြ၊ ထို့နောက် ပြန်ထွက်သွားကြ။

တာလီဘန်၏ အမြင့်ဆုံး အာဏာပိုင်ထံမှ ဒုက္ခပေးမည့်ဟန်များပြပြီး စာအုပ်ဆိုင် ပိုင်ရှင်အား အယူဝါဒ ပြောင်းပေးရန်နှင့် တာလီဘန် အရေးတော်အတွက် အင်အား စုဆောင်းရန် အစိုးရက ကြိုးပမ်းသည့်အနေဖြင့် သူ့အား ယဉ်ကျေးမှုဝန်ကြီးထံသို့ပင် ခေါ်သွားကြသည်။

စူလတန်က တာလီဘန် စာအုပ်တချို့ကို စိတ်လိုလက်ရ ရောင်းချပေးပါသည်။ သူသည် လွတ်လပ်စွာ တွေးခေါ်သူတယောက်ဖြစ်ပြီး လူတိုင်း ကြားနာခွင့်ရှိသည်ဟူသော သဘောထားလည်း သူ့မှာ ရှိသည်။ သို့သော် စူလတန်က တာလီဘန်၏ စိတ်ပျက်စရာကောင်းသော ဒေသနာများနှင့် အတူ သမိုင်းစာအုပ်များ၊ သိပ္ပံစာအုပ်များ၊ အစ္စလာမ် အတွေးအမြင် စာအုပ်များနှင့် အထူးသဖြင့် ဝတ္ထု စာအုပ်၊ ကဗျာ စာအုပ်များကို ရောင်းချင်သည်။ တာလီဘန်က ငြင်းခုံ ဆွေးနွေးခြင်းကို မိစ္ဆာဒိဋ္ဌိ အပြုအမူအဖြစ် ယူဆပြီး အပြစ်ဟု ယိုးစွပ်၏။ ကိုရန်ကျမ်းကို

ဖတ်ရှုလေ့လာခြင်းမှတပါး မည်သည့်ကိုမျှ ဖတ်စရာ မလို။ ဖတ်လျှင် အန္တရာယ်ရှိသည်ဟုပင် အမိန့်တော် မှတ်သည်။

၁၉၉၆ ခုနှစ် ဆောင်းဦးရာသီအတွင်း တာလီဘန် အာဏာရချိန်တွင် ဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများကို ထုတ်ပစ်ပြီး ထိုသူတို့၏နေရာတွင် မွတ်ဆလင် ဘာသာရေး ဆရာများကို အစားထိုး ခန့်ထားခဲ့သည်။ ဗဟိုဘဏ်မှသည် တက္ကသိုလ်အထိ အရာခပ်သိမ်းကို ထိန်းချုပ် ထားကြသူများမှာ မွတ်ဆလင် ဘာသာရေးဆရာများချည်းသာ။ သူတို့၏ ရည်မှန်းချက်ပန်းတိုင်မှာ ခုနှစ်ရာစုအတွင်း အာရေဗျကျွန်းဆွယ်တွင် တမန်တော် မိုဟာမက် နေထိုင်ခဲ့စဉ်က တည်ရှိခဲ့သည့် လူ့အဖွဲ့အစည်းကဲ့သို့သော လူ့အဖွဲ့အစည်းတခုကို ဖန်တီးရန် ဖြစ်၏။ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် တာလီဘန် ဆွေးနွေးညှိနှိုင်းရာမှာပင် မွတ်ဆလင် ဘာသာရေးဆရာများသည် ရေနံအကြောင်းကို နကန်းတလုံးမျှ မသိပါဘဲ ဆွေးနွေးသည့် စားပွဲတွင် ဝိုင်းထိုင်ကြသည်တဲ့။

တာလီဘန်လက်အောက်တွင် တိုင်းပြည်သည် တိုး၍ တိုး၍သာ ဆင်းရဲလာမည်၊ တိုး၍ တိုး၍သာ စိတ်ပျက်စရာ ဖြစ်လာမည်၊ တိုး၍ တိုး၍သာ အမြင်ကျဉ်းမြောင်းလာမည်ကို စူလတန် သေချာပေါက် သိထား၏။ အာဏာပိုင်များက ခေတ်နှင့်အမီလိုက်သည့် ကိစ္စအားလုံးကို တော်လှန်ကြ။ တိုးတက်စေမည့် အတွေးအခေါ်ကိုသော်လည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးမှုကိုသော်လည်းကောင်း နားလည် သဘောပေါက်လိုစိတ် မရှိကြ။ အနောက်နိုင်ငံများတွင်ဖြစ်စေ၊ မွတ်ဆလင် ကမ္ဘာတွင်ဖြစ်စေ ဆောင်ရွက်နေသည့် သိပ္ပံဆိုင်ရာ ဆွေးနွေးမှုများကို ရှောင်ဖယ်ကြ။ လူတွေ ဘယ်လို ဝတ်ဆင်ကြရမည်၊ သူတို့ကိုယ်သူတို့ ဘယ်လို ဖုံးအုပ်ထားကြရမည်၊ အမျိုးသားများ အနေဖြင့် ဘုရားရှိခိုးချိန်ကို ဘယ်လို လေးစားကြရမည်၊ အမျိုးသမီးများက လူ့အသိုင်းအဝိုင်းနှင့် ဘယ်လို ဖယ်ကြဉ်နေရမည် ဆိုသည့်ကိစ္စများနှင့် စပ်လျဉ်း၍ သနားစရာ ကောင်းလောက်အောင် နုံချာလှသည့် အကြောင်းပြချက်များကသာ သူတို့၏ မူဝါဒ ကြေညာစာတမ်းပင် ဖြစ်တော့၏။ သူတို့သည် အစ္စလာမ် သမိုင်းနှင့်လည်းကောင်း၊ အာဖဂန်နစ္စတန် သမိုင်းနှင့်လည်းကောင်း ကျွမ်းဝင်ပွန်းတီးသူများ မဟုတ်ကြ။ ယုတ်စွအဆုံး စိတ်ဝင်စားမှုပင် ရှိကြသူများ မဟုတ်။

စူလတန်ခန်းသည် ကားအတွင်းရှိ စာမတတ် ပေမတတ်သည့် တာလီဘန် စစ်သား နှစ်ယောက်ကြားတွင် ကျပ်ကျပ်ညပ်ညပ် ထိုင်ရင်း စစ်သားများက တက်အုပ်ချုပ်လိုက်၊ ဘာသာရေး ဆရာများက တက်အုပ်ချုပ်လိုက် ဖြစ်နေသည့် သူ့တိုင်းပြည်ကို စိတ်ရှိတိုင်း ကျိန်ဆဲနေလေသည်။ သူသည် ဘာသာတရား၌ သက်ဝင် ယုံကြည်သူ ဖြစ်သော်လည်း အစွန်းမရောက်သည့် မွတ်ဆလင် တဦး ဖြစ်၏။

နံနက်တိုင်း အလ္လာအရှင်မြတ်ကို ရှိခိုးသော်လည်း (ဘာသာရေးပုလိပ်က လမ်းများပေါ်မှ ဆွဲလာသည့် တခြားလူများနှင့်အတူ သူ့အား နီးရာ ဗလီသို့ ဆွဲမပို့လျှင်) ဘုရားရှိခိုးဖို့ ကျန်ရှိနေသည့် နောက်ထပ် လေးကြိမ်ကို မသိလိုက် မသိဘာသာ နေလိုက်တတ်သူ ဖြစ်၏။ ရမ္မဇန် ဥပုသ်ကို အင်တင်တင်ဖြင့် အလေးထားကာ နေထွက်ချိန်မှသည် နေဝင်ချိန်ကာလအတွင်း (အထူးသဖြင့် တယောက်ယောက် ကြည့်နေသည့်အခါများတွင်) အစာ မစားဘဲ နေသည်။ သူသည် သူ့မယား နှစ်ယောက်အပေါ် သစ္စာရှိသူ ဖြစ်ပါသည်။ ကလေးများကိုလည်း စည်းကမ်းတကျ အုပ်ထိန်းကာ ဘုရားသခင်ကို ကြောက်သည့် မွတ်ဆလင်ကောင်းများ ဖြစ်လာကြစေရန် သွန်သင်ပေးသူ ဖြစ်သည်။ စာမတတ်ပေမတတ်သည့် ဘုန်းကြီးများအဖြစ် သူ သဘောထားသည့် တာလီဘန်အပေါ် အလေးဂရု မထားခြင်းမှအပ သူ့တွင် ဘာမျှ မရှိပါ။

တာလီဘန်များသည် စာတတ်မြောက်မှုနှုန်း နိမ့်ကျသည့် အဆင်းရဲဆုံးနှင့် ရေးအဆန်ဆုံး ကျေးတောပိုင်းမှ ပေါ်ပေါက်လာသူများ ဖြစ်ကြ၏။

စူလတန် အဖမ်းခံရခြင်း၏ နောက်ကွယ်တွင် လူ့ကျင့်ဝတ်ဆိုင်ရာ ဝန်ကြီးဌာန ရှိနေသည်။

သူ့အား ထောင်ထဲတွင် စစ်ဆေး မေးမြန်းစဉ်အတွင်း သူသည် မုတ်ဆိတ်ကို ပွတ်သပ်လျက် ရှိ၏။ တာလီဘန် ပြဋ္ဌာန်းချက်အရ လက်သီးဆုပ်လောက် ရှည်သော ထိုမုတ်ဆိတ်ကို သူ ထားခြင်း ဖြစ်သည်။ ယင်းကလည်း တာလီဘန်ထုံးတမ်းနှင့်အညီ လိုက်လုပ်ရခြင်း ဖြစ်၏။ အင်္ကျီက ဒူးအောက်သို့ ရောက်ရမည်။ ဘောင်းဘီက ခြေမျက်စိကို ဖုံးနေရမည်။

“မင်းတို့ ငါ့စာအုပ်တွေကို မီးရှို့ပစ်လို့ ရမယ်၊ ငါ့ဘဝကို မခံချိ မခံသာ ဖြစ်အောင် လုပ်လို့ရမယ်၊ ငါ့ကို သတ်ပစ်ချင်ရင်တောင် သတ်ပစ်လို့ ရမယ်၊ အာဖဂန်နစ္စတန် သမိုင်းကိုတော့ ဖျက်ပစ်လို့ မရဘူးဟေ့” ဟု စစ်ဆေး မေးမြန်းသူအား သူ ဂုဏ်ယူ ဝင့်ကြွားစွာ ပြောပစ်လိုက်သည်။

စာအုပ်များသည် စူလတန်၏ဘဝပါ။ စာသင်ကျောင်းမှာ စာအုပ်ကို ပထမဆုံး ကိုင်ရစဉ်ကတည်းက စာအုပ်များ၏ ညှို့ယူ ဖမ်းစားခြင်းကို သူ ခံခဲ့ရသည်။ ကဘူးလ်မြို့ အပြင်ဘက် ဒေခူဒိုင်ဒက်ရွာတွင် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ဆင်းရဲသား မိသားစုတစုမှ သူ မွေးဖွား ကြီးပြင်းလာခဲ့သည်။ မိဘနှစ်ပါးလုံး စာမဖတ်တတ်ကြသော်လည်း သူ့အား ကျောင်းထားနိုင်ဖို့ အတွက် လုံလောက်သောငွေကို မိဘများက ခြစ်ခြစ်ကုတ်ကုတ် ရှာဖွေ စုဆောင်းခဲ့ကြ၏။

သူသည် အကြီးဆုံးသား ဖြစ်သည့်အားလျော်စွာ မိဘများက စုဆောင်းထားသမျှ ငွေကြေးကို သူ့အတွက် အကုန်အကျ ခံခဲ့သည်။ သူ့အရင် မွေးသည့် အစ်မမှာ ကျောင်းမနေခဲ့ရသဖြင့် စာရေး စာဖတ် မတတ်ရှာ။ ယခု အသက်အရွယ်သို့ ရောက်ချိန်မှာပင် သူမသည် နာရီကို မှန်အောင် မကြည့်တတ်ချေ။ သူမ၏ အနာဂတ်အတွက် လင်ပေးစားလိုက်ဖို့ပဲ ရှိသည်။

သို့သော် စူလတန်ကတော့ ကြီးကြီးကျယ်ကျယ် ဖြစ်ဖို့ ဇာတာ ပါလာသူ။ သူ၏ ပထမ အခက်အခဲမှာ ကျောင်းသွားခြင်း ဖြစ်သည်။ သူ့မှာ ဖိနပ် မရှိသောကြောင့် ကျောင်းသို့ လမ်းလျှောက် မသွားချင်။ အမေက အတင်း လွှတ်ရသည်။

"အေး ကျောင်းမသွားဘူး ဟုတ်လား၊ အခု ချက်ချင်း ငါနှင့် တွေ့မယ်" ဟု ပြောဆိုရင်း သူ့ခေါင်းကို မနာအောင် ခေါက်သည်။ နောက်တော့ ဖိနပ်ဝယ်ဖို့အတွက် စူလတန် အလုပ်လုပ်ပြီး ပိုက်ဆံ ရှာသည်။ ကျောင်းတက်နေစဉ် ကာလတလျှောက်လုံး သူ အလုပ်လုပ်ခဲ့၏။ ကျောင်းမတက်ခင် နံနက်ပိုင်းများနှင့် မိုးမချုပ်ခင် ညနေပိုင်းများတွင် အုတ်ဖုတ်ပြီး မိသားစုအတွက် ပိုက်ဆံ ရှာသည်။ နောက်ပိုင်းတွင် ဆိုင်တဆိုင်မှာ အလုပ် ရ၏။

မိဘများအား သူ ရသည့် လစာကို တဝက် လျှော့ပြောထားပြီး လျှို့ထားသည့် လစာ တဝက်ဖြင့် စာအုပ်များ ဝယ်၏။

ဆယ်ကျော်သက်အရွယ်တွင် စာအုပ်များ စတင် ရောင်းနေပေပြီ။ သူ့အား အင်ဂျင်နီယာ ကျောင်းသားအဖြစ် လက်ခံသော်လည်း ဆီလျော်သော စာအုပ်များကို ရှာဖွေ မရခဲ့ချေ။ တီဟီရန်သို့ ဦးလေးဖြစ်သူနှင့် အတူသွားသည့်ခရီးတွင် စာအုပ်ဈေးတဈေး၌ လိုအပ်သော စာအုပ်များကို တွေ့လိုက်ရ၏။ ထိုဈေးမှ စာအုပ် အတွဲပေါင်းများစွာကို ဝယ်ယူလာပြီး ကဘူးလ်ရှိ အတန်းတူ ကျောင်းသားများအား ဈေးနှုန်း နှစ်ဆဖြင့် ပြန်ရောင်းသည်။ ဤသို့ဖြင့် စာအုပ်ဆိုင်ပိုင်ရှင် မွေးဖွားလာခြင်းပါ။ ဤသို့ဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်တခုကို သူ ရလိုက်ခြင်းပါ။

စာအုပ် ဝါသနာအိုး မဖြစ်သေးမီ ကာလအတွင်း အင်ဂျင်နီယာတဦးအဖြစ် ကဘူးလ်တွင် အဆောက်အအုံ နှစ်လုံး တည်ဆောက်ရာ၌သာ ပါဝင်ခဲ့ဖူးသည်။ နောက်တကြိမ် ထပ်၍ သူ့အား ဖြားယောင်းသွေးဆောင်သည်မှာ တီဟီရန်မှ စာအုပ်ဈေးများ ဖြစ်သည်။ ပါရှန် မြို့တော်ကြီးရှိ စာအုပ်များကြားတွင် ကျေးတောသားလေး တဝဲလည်လည် ဖြစ်နေခဲ့၏။ ရှိသည်ဟု ထင်မှတ် မထားသော စာအုပ်များကို သူ တွေ့ခဲ့ရ၏။ ပါရှန် ကဗျာစာအုပ်များ၊ ပန်းချီ ပန်းပု ဆိုင်ရာ စာအုပ်များနှင့် အင်ဂျင်နီယာ စာအုပ်များကို သေတ္တာပေါင်း များစွာ သူ

ဝယ်ယူလာခဲ့သည်။

ကဘူးလ်သို့ ပြန်ရောက်သည့်အခါ မြို့လယ်ကောင်ရှိ ဟင်းခတ်အမွှေးအကြိုင် ကုန်သည်များ၊ ခပတ်ဆိုင်များကြားတွင် သူ၏ ပထမဆုံး စာအုပ်ဆိုင်လေးကို ဖွင့်လှစ်လိုက်ပါသည်။

အဆိုပါ ကာလမှာ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းဖြစ်ပြီး လူ့အဖွဲ့အစည်းက ရှေးရိုးနှင့် ခေတ်သစ်ကြားတွင် ယိုင်တိယိုင်ထိုး သွားနေချိန်။

အစွန်းမရောက်သော၊ အပျင်းကြီးသော ဘုရင် ဇဟီရှားက တိုင်းပြည်ကို အုပ်စိုးလျက်ရှိပြီး တိုင်းပြည် ခေတ်မီအောင် သူ စိတ် မပါ့တပါ ဆောင်ရွက်သည့်ကိစ္စများကို ဘာသာရေး ရပ်ကွက်များက ပြင်းထန်စွာ ဝေဖန်နေကြသည်။

တော်ဝင်မိသားစုမှ အမျိုးသမီးများက မျက်နှာလွှားဇာ မဆင်မြန်းဘဲ လူပုံအလယ်တွင် သွားလာသည်ကို ဘာသာရေးဆရာတစုက ကန့်ကွက်သည့်အခါ ထိုသူများ ထောင်ထဲသို့ ရောက်ကုန်ကြသည်။

တက္ကသိုလ်များ၊ စာသင်ကျောင်းများ အရေအတွက် များပြားလာသည်နှင့်အမျှ ကျောင်းသား ဆန္ဒပြပွဲများက ကပ်လျက် လိုက်ပါလာ၏။ ဤတွင် ဆန္ဒပြသည့် ကျောင်းသားများကို အာဏာပိုင်များက အကြမ်းဖက် နှိပ်ကွပ်သဖြင့် ကျောင်းသား အများအပြား သေဆုံးကုန်ကြသည်။ ရွေးကောက်ပွဲ ပြုလုပ်ပေးခြင်း မရှိသော်လည်း တော်လှန်လိုသော လက်ဝဲဂိုဏ်းများမှသည့် တင်းကျပ်သော ဘာသာရေး အခြေခံ သဘောတရားကို အတိအကျ လိုက်နာသည့် အုပ်စုများအထိ ပါတီများ၊ နိုင်ငံရေးအုပ်စုများက မှိုလို ပေါက်နေကြပြီး အုပ်စု အချင်းချင်း တိုက်ကြခိုက်ကြသဖြင့် တိုင်းပြည်တဝန်းတွင် အခြေအနေ မငြိမ်မသက် ဖြစ်လာတော့၏။

သုံးနှစ်တိုင်တိုင် မိုးခေါင်သည်ကို အကြောင်းပြု၍ စီးပွားရေးမှာ ရှေ့မတိုး နောက်မဆုတ်ဘဲ အီနေပြီး ၁၉၇၃ ခုနှစ် ဒုတ္ထိကဋ္ဌရ ကပ်ဆိုးကြီးအတွင်း အီတလီသို့ ကျန်းမာရေးကိစ္စဖြင့် ဇဟီရှား သွားရောက်လျက် ရှိစဉ် သူ့ဝမ်းကွဲ ညီအစ်ကိုတော် ဒါအွတ်ဒ်က နိုင်ငံတော်အာဏာကို သိမ်းယူပြီး သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဖျက်သိမ်းပစ်လိုက်လေသည်။

သမ္မတ ဒါအွတ်ဒ်၏ အစိုးရအဖွဲ့က ဇဟီရှားလက်ထက်ကထက်ပင် ဖိနှိပ်သေးသည်။ သို့သော် စူလတန်၏စာအုပ်ဆိုင်ကမူ အောင်မြင် တိုးတက်လျက်။ နိုင်ငံရေး အုပ်စုအမျိုးမျိုးက ထုတ်ဝေသည့် စာအုပ်စာတမ်းများကို သူ ရောင်းသည်။ မိဘများနှင့်အတူ ရွာရှိအိမ်တွင် နေထိုင်ကာ ကဘူးလ်မြို့ရှိ စာအုပ်ဆိုင်သို့

နံနက်တိုင်း စက်ဘီးစီး၍သွားပြီး ညနေတိုင်ကျလျှင် အိမ်သို့ပြန်၏။ သူ ကြုံတွေ့နေရသော တခုတည်းသော ပြဿနာမှာ အမေက မိန်းမယူဖို့ နားပူနားဆာ လုပ်နေခြင်း ဖြစ်၏။ သူမက စူလတန်အား ဝမ်းကွဲနှမ သို့မဟုတ် အိမ်ဘေးနားက မိန်းကလေးနှင့် မိတ်ဆက် ပေးသော်လည်း သူ့အနေဖြင့် အိမ်ရာ ထူထောင်ဖို့ အသင့် မဖြစ်သေးချေ။ သူ့အတွက် တောင်းထဲမှာ ကြက်တွေ အများကြီး ရှိသည်။ အလျှင်လိုစရာ မရှိ။ ခရီးထွက်နိုင်အောင် လွတ်လွတ်လပ်လပ် နေချင်သေးသည်။ ရုံဖန်ရုံခါ တီဟီရန်၊ တာ့ရှ်ကင့်နှင့် မော်စကိုသို့ သွားရောက် လည်ပတ်သည်။ မော်စကိုတွင် လဒ် မီလာအမည်ရှိ ရုရှားမလေးတယောက်နှင့် ရည်းစား ဖြစ်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် အာဖဂန်နစ္စတန်ကို ရုရှား ဝင်ရောက်မကျူးကျော်ခင် လပိုင်းမှာ ပထမဆုံး အမှားကို သူ ကျူးလွန်မိခဲ့၏။ တိုင်းပြည်ကို တင်းမာသော ကွန်မြူနစ် ချူး မိုဟာမက် တာရာကီ အုပ်ချုပ်နေချိန်။ အာဏာသိမ်းပွဲတခုတွင် ဒါအွတ်ဒ်မှသည် အထွေးဆုံး နို့စို့ကလေးအထိ သမ္မတ မိသားတစုလုံး သတ်ဖြတ်ခံရသည်။ အကျဉ်းထောင်များတွင် လူတွေ ပြည့်လျှံနေပြီး ထောင်ပေါင်း များစွာသော နိုင်ငံရေး ပြိုင်ဘက်များ ဖမ်းဆီး ခံကြရ၊ နှိပ်စက် ခံကြရ၊ ကွပ်မျက် ခံကြရ။

ကွန်မြူနစ်များက တတိုင်းပြည်လုံးတွင် သူတို့၏ ထိန်းချုပ်မှုကို တောင့်တင်း ခိုင်မာစေရန် လိုလားပြီး အစ္စလာမ္မစ် အုပ်စုများကို ဖိနှိပ်ဖို့ ကြိုးစားကြ၏။ ဤအခြေအနေတွင် မူဂျာဟေဒင် ဘာသာရေး စစ်သည်များက အစိုးရကို ဆန့်ကျင်ရန်အလို့ငှာ လက်နက် စွဲကိုင်ကြ၏။ ဤပဋိပက္ခသည် နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုကို ဆန့်ကျင်တိုက်ခိုက်သည့် ပြောက်ကျားစစ် အသွင်သို့ ပြောင်းသွားခဲ့သည်။

မူဂျာဟေဒင်က သဘောတရားနှင့် ဦးတည်ချက် တသီတတန်းကြီးကို တင်ပြသည်။ အုပ်စု အမျိုးမျိုးက မိစ္ဆာဒိဋ္ဌိ အစိုးရအား ဆန့်ကျင်တိုက်ခိုက်သည့် ဘာသာရေးစစ်ပွဲနှင့် အစ္စလာမ် လွှမ်းခြုံရေးကို ထောက်ခံကာ စာစောင်များ ထုတ်ဝေကြသည်။ အစိုးရဘက်ကလည်း မူဂျာဟေဒင်နှင့် ပင်းထားသည်ဟု သံသယဖြစ်သူများအား ဖိနှိပ် ချုပ်ကိုင်ထားပြီးလျှင် မူဂျာဟေဒင်အား သဘောတရား စာစောင်များ ထုတ်ဝေခြင်းကို တင်းကျပ်စွာ ပိတ်ပင်ထား၏။

မူဂျာဟေဒင်နှင့် ကွန်မြူနစ် နှစ်ဖက်လုံးက ထုတ်ဝေသည့် စာစောင်များကို စူလတန် ရောင်းပါသည်။ ထို့ပြင် စာအုပ်စာတမ်း စုဆောင်းခြင်းကို မတားဆီးနိုင်သည့် ဝါသနာကြောင့် တွေ့သမျှ စာအုပ်စာစောင်များကိုလည်း (အမြတ်တင်၍ပြန်ရောင်းရန်) ဝယ်ယူ စုဆောင်းထားသည်။ တားမြစ်ထားသည့် စာအုပ်စာတမ်းများကို ကောင်တာအောက်တွင် ဝှက်ထား၏။

တယောက်ယောက်က သူ့အား သတင်းပေးဖို့ အချိန် သိပ် မစောင့်လိုက်ရ၊ စူလတန်ထံမှ ဝယ်သွားသည့် စာအုပ်တအုပ်နှင့်အတူ လူတယောက် အဖမ်းခံလိုက်ရသည်။ စာအုပ်ဆိုင်ကို ပုလိပ်က ဝင်ရောက် စီးနင်းရာ တရားမဝင် စာအုပ်များကို တွေ့သွားသဖြင့် ပထမဆုံးအကြိမ်အဖြစ် စာအုပ်များ မီးပုံရှို့ခြင်း ခံရသည်။

စူလတန်အား ဖမ်းဆီးရိုက်နှက်ပြီး ထောင်ဒဏ် တနှစ် အပြစ်ပေးလိုက်၏။ မည်သည့် စာရွက်စာတမ်းကိုမဆို တားမြစ် ပိတ်ပင်ထားသည့် နိုင်ငံရေး အကျဉ်းသားများ အခန်းတွင် သူ နေရသည်။ အုတ်နံရံကိုသာ လပေါင်းများစွာ သူ ကြည့်နေခဲ့ရ၊ သို့သော် အစောင့်တယောက်အား အမေပို့သည့် ထောင်ဝင်စာထုပ်ဖြင့် လာဘ်ထိုးနိုင်သဖြင့် သူ့ထံသို့ စာအုပ်များ အပတ်တိုင်း ရောက်လာသည်။

စိုထိုင်းထိုင်း နံရံများကြားမှာ အာဖဂန် ယဉ်ကျေးမှုနှင့် စာပေအပေါ် သူ့စိတ်ဝင်စားမှုသည် ကြီးထွားလာ၏။ ပါရှန်ကဗျာနှင့် သူ့တိုင်းပြည်၏ ထူးခြား ကောင်းမွန်သော အတိတ်အကြောင်းကို ဖတ်နေရလျှင် သူ့စိတ်သည် စာထဲတွင် နစ်မြောသွားတော့၏။

ထောင်မှ လွတ်လာချိန်တွင် အာဖဂန် ယဉ်ကျေးမှုနှင့် သမိုင်း ဗဟုသုတကို အားပေးရန် တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်လိုက်သည်။ အစ္စလာမ္မစ် ပြောက်ကျားများနှင့် တရုတ် လိုလားသည့် ကွန်မြူနစ် အတိုက်အခံတို့က ထုတ်ဝေသည့် စာအုပ်စာတမ်းများကို သူ ဆက်ရောင်းသော်လည်း ခါတိုင်းထက် သတိ ပိုထားရသည်။

သူ့အား အာဏာပိုင်များက စောင့်ကြည့်လျက် ရှိပြီး ငါးနှစ်ခန့်အကြာတွင် သူ အဖမ်းခံရပြန်သဖြင့် အကျဉ်းထောင် အုတ်ရိုးများနောက်တွင် ပါရှန် အဘိဓမ္မာဖြင့် စိတ်ကို ငြိမ်းအေးအောင် လေ့ကျင့်ဖို့ နောက်တကြိမ် အခွင့်အရေး ရသွားပြန်၏။ သို့သော် စွပ်စွဲချက် အဟောင်းအပြင် စွပ်စွဲချက် အသစ်တခု တိုးလာသည်။ သူ့ကို ခနရှင်ပေါက်စဟု တံဆိပ် ကပ်လာခြင်း ဖြစ်သည်။ အရင်းရှင်ပုံစံမျိုးဖြင့် စီးပွားရှာသူ ဟူသော စွပ်စွဲချက်။

ဤဖြစ်ရပ်အားလုံးမှာ အာဖဂန်နစ္စတန် နိုင်ငံ၏ ကွန်မြူနစ် အစိုးရလက်ထက်အတွင်း ပေါ်ပေါက်ခြင်း ဖြစ်၏။ ပြည်သူများကြားတွင် ဘုံလယ်ယာ ပြုလုပ်ရန် ကြိုးပမ်းမှုများက ဒုက္ခ ဆင်းရဲများကို ပေါ်ပေါက်စေပါသည်။ ချမ်းသာသော မြေပိုင်ရှင်များထံမှ ဝယ်ထားသည့် လယ်ယာမြေများကို ဆင်းရဲသား လယ်သမားများစွာတို့က လက်မခံလိုကြချေ။ ခိုးထားသည့် မြေပေါ်တွင် စိုက်ပျိုးခြင်းသည် အစ္စလာမ် တရားတော်နှင့် ဆန့်ကျင်သောကြောင့် ဖြစ်၏။ တောနယ်များက ဆန္ဒပြကြသဖြင့် ကွန်မြူနစ် စီမံကိန်းများ အောင်မြင်ဖို့ ဆိုသည်မှာ

ဖြစ်တောင့်ဖြစ်ခဲပါ။ စီမံကိန်းများကို အာဏာပိုင်များက အနေးနှင့် အမြန် လက်လျှော့လိုက်ရ၏။ စစ်က လူတိုင်း၏ ခွန်အားကို ဆုတ်ယုတ်သွားစေပါသည်။ ဆယ်နှစ်အကြာတွင် အာဖဂန်တို့၏ အသက်ပေါင်း တစ် ဒသမ ငါးသန်းကို စစ်က ခြွေဖြုတ်သွားခဲ့။

ခေရှင်ပေါက်စအား ထောင်မှ လွှတ်လိုက်ချိန်တွင် သူ့အသက် သုံးဆယ့်ငါးနှစ် ရှိပြီ။

ဆိုဗီယက်ပြည်ထောင်စုကို တိုက်သည့် စစ်သည် တခုလုံးကို ခြုံကြည့်လျှင် ကျေးလက်ပိုင်းတွင် တိုက်ခြင်းဖြစ်သဖြင့် ကဘူးလ်မြို့သည် အနည်းနှင့် အများဆိုသလို မူလအတိုင်း ကျန်ရှိနေခဲ့သည်။ ပြည်သူတို့သည် နေ့စဉ်ဘဝ၏ ပျင်းရိငြီးငွေ့ဖွယ် အလုပ်များဖြင့် မအားလပ်နိုင်အောင် ရှိ၏။

ဤတကြိမ်တွင် မိခင်ဖြစ်သူက သားဖြစ်သူ စူလတန်အား မိန်းမ ယူရန် တိုက်တွန်းရာ စကား အောင်သွားလေသည်။ မိခင် ပေးစားသည့် မိန်းကလေး၏အမည်မှာ ရှရီဖာ။ ချောမော လှပသည်နှင့် အမျှ ထက်မြက်သည့်မိန်းကလေး။ ဗိုလ်ချုပ်ကြီးတယောက်၏သမီးချော။ စူလတန်နှင့် ရှရီဖာ လက်ထပ်ပြီး သား သုံးယောက်နှင့် သမီး တယောက် ပွားစီးခဲ့ပြီး ဖြစ်၏။ တနှစ်လျှင် ကလေး တယောက်နှုန်း။

အာဖဂန်နစ္စတန်မှ ဆိုဗီယက်တို့ ရုပ်သိမ်းသွားကြ၏။ ၁၉၈၉ ခုနှစ်။ နောက်ဆုံးတော့ ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို မျှော်လင့် စောင့်စားနေကြပေပြီ။ အကြောင်းမှာ ဆိုဗီယက်တို့က ကဘူးလ်ရှိ အစိုးရကို ဆက်လက် ထောက်ကန်ပေးထားသဖြင့် မူဂျာဟေဒင်တို့က လက်နက် မချကြ။

သူတို့က ၁၉၉၂ ခုနှစ် မေလတွင် ကဘူးလ်ကို သိမ်းလိုက်ရာ ပြည်တွင်းစစ် စတင်လေတော့၏။ မိသားစုက ဝယ်လိုက်သည့် ဆိုဗီယက်တို့ ဆောက်လုပ်သော တိုက်ခန်း တခန်းမှာ စစ်မက် ဖက်ပြိုင်နေသည့် အုပ်စုများကြားတွင် ရောက်နေသည်။ နံရံများကို ဒုံးကျည်များ လာမှန်သည်။ ပြတင်းများကို ကျည်ဆန်များက အစိတ်စိတ် အမြွာမြွာ ခွဲပစ်သည်။ ဝင်းတံတိုင်းကို တင့်ကားများက တက်ကြိတ်သည်။

သီတင်းတပတ်မျှ ကြာအောင် အိမ်ခန်းထဲတွင် ကုပ်နေကြပြီးနောက် ကျည်ဆန်သံများ စဲသွားချိန်တွင် စူလတန်သည် မိသားစုကိုခေါ်ပြီး ပါကစ္စတန်သို့ ထွက်သွားလေသည်။

သူ ပါကစ္စတန်မှာ ရှိနေစဉ် သူ့စာအုပ်ဆိုင်မှာ လုယက် ဖျက်ဆီးခံရ၏။ ပြည်သူ့ စာကြည့်တိုက်လည်း ထိုနည်းအတိုင်းသာ။ အဖိုးတန် စာအုပ်များသည်

စာအုပ် စုဆောင်းသူများ ထံသို့ သူခိုးဈေးဖြင့် ရောက်သွားကြ၏။ သို့မဟုတ် တင့်ကားများ၊ ကျည်ဆန်များ၊ လက်ပစ်ဗုံးများနှင့် လဲလှယ်ကြ၏။ သူ့စာအုပ်ဆိုင် အခြေအနေကို ကြည့်ရှုဖို့ ပါကစ္စတန်မှ ပြန်လာစဉ် စူလတန် ကိုယ်တိုင်သည်ပင် အမျိုးသား စာကြည့်တိုက်မှ ခိုးယူလာသည့် ရတတ်သလောက် စာအုပ်တချို့ကို သိမ်းကျုံး ဝယ်ထားလိုက်သေး၏။ သူ တကယ့် လျှော့ဈေးဖြင့် ရလိုက်ခြင်းပါ။ နှစ်ပေါင်း ရာချီ၍ သက်တမ်းရှိသည့် အနုပညာလက်ရာများကို ဒေါ်လာငွေ အနည်းငယ်မျှဖြင့် သူ ဝယ်ယူနိုင်ခဲ့သည်။

အဆိုပါ အနုပညာလက်ရာများထဲမှ ဥဇဘက်ကစ္စတန်မှ နှစ်ပေါင်းငါးရာ သက်တမ်းရှိသည့် လက်ရေးစာမူတခုကို နောင်အခါတွင် ဥဇဘက်အစိုးရက ဒေါ်လာ နှစ်သောင်း ငါးထောင်ဖြင့် စူလတန်ထံမှ ဝယ်ယူသွား၏။ ဇဟီရှားဘုရင် အနှစ်သက်ဆုံး ကိုယ်ပိုင်စာအုပ်ဖြစ်သည့် မော်ကွန်း စာဆို ဖာဒူစီ၏ မဟာလက်ရာ 'ရှား နာမာ' နှင့် စာအုပ်ပေါင်းများစွာကို စာအုပ်အမည်ကိုပင် မဖတ်တတ်သည့် သူခိုးများထံမှ ဈေးပေါပေါဖြင့် သူ ဝယ်ယူခဲ့၏။

မူဂျာဟေဒင် စစ်နယ်ရှင်များအကြား ငါးနှစ်နီးပါးမျှ အပြင်းအထန် တိုက်ခိုက်ကြပြီးနောက် ကဘူးလ်မြို့တဝက်သည် အုတ်ကျိုး အုတ်ပဲ့များ အဖြစ်သို့ ရွေ့လျောသွားကာ မြို့သူမြို့သား ငါးထောင်ခန့် သေကျေ ပျက်စီးခဲ့ရသည်။

၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ နံနက် ကဘူးလ် မြို့သူမြို့သားများ အိပ်ရာမှ နိုးလာကြချိန်တွင် ကဘူးလ်တမြို့လုံး လုံးဝ တိတ်ဆိတ်ငြိမ်သက်လျက်။ လွန်ခဲ့သည့်နေ့ ညနေပိုင်းတွင် အကျော်ဇေယျ ဖြစ်သည့် မူဂျာဟေဒင် တပ်မှူးကြီး အာမက် ရှား မာဆွတ်နှင့် သူတို့တပ်သည် ပန်ရှီတောင်ကြားဆီသို့ ရှောင်တိမ်းသွားကြသောကြောင့် ဖြစ်သည်။

သမ္မတ နန်းတော်အပြင်ဘက်ရှိ တိုင်တတိုင်ထက်တွင် တွဲလောင်းဆွဲထားသည့် အလောင်းကောင် နှစ်ခု။ အလောင်းကောင် ကြီးကြီးသည် တကိုယ်လုံး သွေးခြင်းခြင်း နီမြန်းလျက်။ ယင်းကို သင်းကွပ်ထားသည်။ လက်ချောင်းလေးများ ကြေမွနေကြသည်။ ရင်ဘတ်ပိုင်းနှင့် မျက်နှာမှာ ဖွတ်ဖွတ်ကြေနေ၏။ နဖူးပေါ်တွင် ကျည်ဆန်ရာ အပေါက်တပေါက်။ ကျန်အလောင်းကောင်မှာ ပစ်သတ်ပြီး တွဲလောင်းဆွဲထားခြင်း ဖြစ်သည်။ အင်္ကျီအိတ်များထဲတွင် အာဖဂန်နီ ပိုက်ဆံတွေ အပြည့်အသိပ်။

အလောင်းကောင် နှစ်ခုမှာ သမ္မတဟောင်း မူဟမ္မဒ် နဂျီဘူလာနှင့် သူ့ညီတို့ ဖြစ်ကြသည်။ နဂျီဘူလာကား လူမုန် များသူ။

သူသည် ဆိုဗီယက် ကျူးကျော်စဉ်က လျှို့ဝှက် ပုလိပ်တပ်ဖွဲ့

အကြီးအကဲဖြစ်ခဲ့ပြီး လူ့အဖွဲ့အစည်း၏ ရန်သူများဟုဆိုသည့် လူ ရှစ်သောင်းအား ကွပ်မျက်ရန် အမိန့်ပေးခဲ့သူ။

သူသည် ၁၉၈၆ ခုနှစ်မှသည် ၁၉၉၂ ခုနှစ် အထိ ရုရှားတို့၏ ထောက်ခံမှုဖြင့် သမ္မတ ဖြစ်ခဲ့သူ ဖြစ်သည်။

မူဂျာဟေဒင် အာဏာ သိမ်းပြီးနောက် မာဆွတ်သည် ကာကွယ်ရေးဝန်ကြီး ဖြစ်လာပြီး ဆစ်ဂါကျူလာ မူဂျာဒီဒီက ပထမ သုံးလအတွက် သမ္မတ ဖြစ်လာ၏။

သုံးလ လွန်သည့်အခါ ဘူဟာနုဒင် ရက်ဘာနီက သမ္မတရာထူးကို ဆက်ခံပါသည်။ နဂျီဘူလာမှာ ကဘူးလ်မြို့ လေဆိပ်မှ ထွက်ပြေးဖို့ ကြိုးစားသော်လည်း မအောင်မြင်သဖြင့် ကုလသမဂ္ဂတွင် ခိုလှုံခွင့်တောင်းရာ ကဘူးလ်မြို့ရှိ ကုလသမဂ္ဂ ရုံးဝင်းထဲတွင် ထိန်းသိမ်းထားခြင်း ခံနေရ၏။

ကဘူးလ်မြို့ အရှေ့ပိုင်း ဒေသများကို ဖြတ်၍ တာလီဘန် ချီတက်ချိန်၊ မူဂျာဟေဒင် အစိုးရက ထွက်ပြေးဖို့ ဆုံးဖြတ်ချိန်တွင် မာဆွတ်က ထင်ရှားသည့် အကျဉ်းသားများအား သူတို့နှင့်အတူ ပူးပေါင်းဖို့ ဖိတ်ခေါ်ပါသည်။

နဂျီဘူလာမှာ မြို့တော်ပြင်ပတွင် သူ့အသက် အန္တရာယ်ကို စိတ်မချသဖြင့် ကုလသမဂ္ဂ အဆောက်အအုံအတွင်း လုံခြုံရေး အစောင့်များနှင့်အတူ နောက်ချန်နေရစ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ပြင် သူသည် ပက်ရှ်တွန်တဦးဖြစ်သည့် အားလျော်စွာ တာလီဘန် ပက်ရှ်တွန်များနှင့် ညှိနှိုင်း ဆွေးနွေးနိုင်လိမ့်မည်ဟု သဘောရသောကြောင့်လည်း နောက်ချန်နေခဲ့ခြင်း ဖြစ်သည်။

နောက်တနေ့ နံနက်စောစောတွင် အစောင့်အားလုံး မရှိကြတော့။ တာလီဘန်၏ မြင့်မြတ်သော အရောင်ဖြစ်သည့် အဖြူရောင်အလံများက ဗလီများတွင် လေထဲမှာ ကြွားတလူလူ ဝေနေကြ၏။

အရီယာနာ မြေကွက်လပ်ရှိ တိုင်ပတ်ပတ်လည်သို့ ကဘူးလ် မြို့သူမြို့သားများ စုရုံး ရောက်ရှိကာ တိုင်ပေါ်တွင် တွဲလောင်းဆွဲထားသောလူများကို ကြည့်ကြသည်။ ထို့နောက် အိမ်သို့ တိတ်ဆိတ်စွာ ပြန်သွားကြ။ စစ်ပွဲ ပြီးသွားပြီ။ နောက်ထပ် စစ်ပွဲ အသစ်တခု စတင်တော့မည်။ ပျော်ရွှင်မှု အားလုံးကို နင်းခြေပစ်မည့် စစ်ပွဲတပွဲ။

တာလီဘန်က တရားဥပဒေ စိုးမိုးရေးကို တည်ဆောက်သော်လည်း တပြိုင်နက်တည်းမှာပင် အာဖဂန် အနုပညာနှင့် ယဉ်ကျေးမှုကို အပြီးသတ် ခြေမှုန်းလျက် ရှိသည်။ စူလတန်၏ စာအုပ်များကို မီးပုံရှို့ပစ်သည်။ ကဘူးလ်ပြတိုက်သို့ (သက်သေအဖြစ် သူတို့၏ ယဉ်ကျေးမှုဝန်ကြီးကို ခေါ်လာပြီး)

ပုဆိန်များဖြင့် ရောက်လာကြသည်။

ပြတိုက်သို့ သူတို့ ရောက်ချိန်တွင် ပြတိုက်ထဲမှာ များများစား မကျန်တော့။

အာဖဂန်နစ္စတန်ကို မဟာ အလက်ဇန္ဒား တိုက်ခိုက်အောင်နိုင်သည့်ခေတ်က အိုးခြမ်းပဲ့များ၊ ဂျင်ဂစ်ခန်နှင့် သူ၏ မွန်ဂိုစစ်တပ်ကို တိုက်ခိုက်စဉ်က အသုံးပြုခဲ့ပုံရသည့် ဓားများ၊ ပါရှန် ရွှေဒင်္ဂါးများမှာ ပြည်တွင်းစစ်ကာလအတွင်း လုယက် ယူငင်သွားခြင်း ခံရသည်။

ယင်းပစ္စည်းများအနက် အများစုကို ကမ္ဘာအရပ်ရပ်မှ အမည်မသိ စုဆောင်းသူတို့က ဝယ်ယူ သွားကြသည်။

ရှေးဟောင်း ပစ္စည်းတချို့မှာ လုယက်ပွဲကြီးများ မတိုင်ခင်ကပင် ပြတိုက်တွင် မရှိကြတော့။

အာဖဂန် ဘုရင်များနှင့် မင်းညီမင်းသားများ၏ ရောမ ရုပ်တုကြီးများ၊ နှစ်ပေါင်း ထောင်ချီ သက်တမ်းရှိသည့် ဗုဒ္ဓ ရုပ်တုတော်များနှင့် နံရံ ဆေးရေး ပန်းချီများကား ရှိနေသေး၏။

စစ်သားများသည် စူလတန်၏ စာအုပ်ဆိုင်ကို မွှေနှောက် ဖျက်ဆီးပြီးနောက် ပြတိုက်သို့ ချီတက်သွားကြပြီး ပြတိုက်တွင် ကျန်ရှိနေသေးသည့် အနုပညာပစ္စည်းများအား ခုတ်ထစ် ဖျက်ဆီးပစ်ရာ ပြတိုက်အစောင့်များ ငိုကြွေးကြသည်။ ရုပ်တုများ၏ အောက်ခံခုံများသာ ကျန်တော့၏။ သမိုင်း နှစ်တထောင်ကို သူတို့ အမြစ်ဖြတ် သုတ်သင်ခြင်းအတွက် နေ့တဝက်သာ အချိန်ယူရပါသည်။

လူရမ်းကားတို့ ဖျက်ဆီးပြီးနောက် ကျန်ရှိခဲ့သည့်ပစ္စည်းမှာ ကိုရန်ကျမ်းထဲက စာသားတခု ပါရှိသည့် အလှတန်ဆာ ပစ္စည်းတခု။

ယင်းပစ္စည်းကို အကောင်းဆုံး ပစ္စည်းလက်ကျန်အဖြစ် ယဉ်ကျေးမှုဝန်ကြီးက ယူဆ၏။

ဗုံးဒဏ်ခံထားရသည့် ပြတိုက်ထဲမှ တာလီဘန် လူရမ်းကားများ ထွက်ခွာသွားချိန်တွင် အစောင့်များသည် အပျက်အစီးများကြားတွင် ရပ်လျက်သား ကျန်ရစ်ခဲ့ကြ။ ထို့နောက် အပျက်အစီးများကို ရှင်းလင်း သုတ်သင်ကြ။ အပျက်အစီး အပိုင်းအစများကို သေတ္တာများထဲသို့ ထည့်ကာ စာတန်းထိုးကြ။ တချို့ အစိတ်အပိုင်းများမှာ မည်သည့်ရုပ်တုမှ ဖြစ်သည်ကို သိနိုင်ဆဲ။ ရုပ်တုတခုမှ လက်တဖက်၊ အခြား ရုပ်တုတခုမှ လှိုင်းတွန့် ဆံပင်တထွေး။ နောင်တချိန်ချိန်တွင် ရုပ်တုများအား ပြန်လည် ထိန်းသိမ်းပေးနိုင်လိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့်

သေတ္တာများကို မြေတိုက်ခန်းထဲတွင် သိမ်းထားလိုက်ကြသည်။

တာလီဘန် မကျမီ ခြောက်လ ဘာမီယန်မှ ရှေးဟောင်း ဗုဒ္ဓရုပ်တုတော်ကြီးများသည် ဒိုင်းနမိုက်ဖြင့် အခွဲခံလိုက်ရ၏။ ယင်းတို့မှာ နှစ်ပေါင်း နှစ်ထောင်နီးပါး သက်တမ်းရှိပြီး အာဖဂန်နစ္စတန်၏ အကြီးမားဆုံး ယဉ်ကျေးမှု အမွေအနှစ်ပါ။ ဒိုင်းနမိုက် အားကောင်းလှသဖြင့် ပြန်ဆက်ဖို့ အပိုင်းအစပင် မကျန်ခဲ့တော့။

အာဖဂန်နစ္စတန် ယဉ်ကျေးမှု အစိတ်အပိုင်းများကို ကယ်ဆယ်ဖို့ စူလတန် ကြိုးစားသည်မှာ ဤအစိုးရ၏ နောက်ခံဖြစ်ရပ်နှင့် ဆန့်ကျင်ပါသည်။

လမ်းဆုံအဝိုင်းတွင် စာအုပ်များကို မီးပုံရှို့ပြီးနောက်ပိုင်းတွင် စူလတန်သည် ထောင်မှ လာဘ်ထိုး ထွက်လာပြီး ထိုနေ့မှာပင် ချိပ်ပိတ်ထားသည့် စာအုပ်ဆိုင်ကို ရိုက်ချိုး ဖွင့်လိုက်သည်။ သူပိုင် ရတနာ အကြွင်းအကျန်များကြားတွင် ရပ်ရင်း ငိုကြွေးမိသည်။ စစ်သားများ မျက်စိ လွှမ်းသွားခဲ့သည့်စာအုပ်များမှ သက်ရှိ သတ္တဝါပုံများကို ကြောင်ခြစ်သလို လျှောက်ခြစ်ပစ်လိုက်၏။ စာအုပ်တွေကို စစ်သားများ မီးရှို့ပစ်သည်မှာ ဤအရုပ်တွေ ပါနေလို့ပဲ။ ထို့နောက် စိတ်ကူးတခုရပြီး ရုပ်ပုံများပေါ်တွင် လုပ်ငန်း လိပ်စာကတ်ပြားများကို ကော်ဖြင့်ကပ်လိုက်သည်။ ဤသို့ဖြင့် ရုပ်ပုံများကို မမြင်ရနိုင်တော့။ တနေ့ကျလျှင် ကတ်ပြားများကို ခွာပစ်လို့ ရနိုင်ပါလိမ့်မည်။

သို့သော် အစိုးရသည် မရပ်မနား ပိုမို ရက်စက် ကြမ်းကြုတ်လာကာ အကျင့်သိက္ခာ ပိုမို တင်းကျပ်စွာ စောင့်စည်း ထိန်းသိမ်းရေးကို တိုး၍ တိုး၍သာ ဖောင်းပေးလာပြီး အစိုးရ၏ ရည်မှန်းချက်ပန်းတိုင်မှာ မိုဟာမက်ခေတ်မှ စည်းကမ်းကျင့်ဝတ်များနှင့် နီးသည်ထက် နီးကပ်လာ၏။

ပြန်ကြားရေး ဝန်ကြီးက စူလတန်အား ခေါ်တွေ့ပြီး “မင်းကို ဖမ်းလိမ့်မယ်၊ ဒီတခါ မင်းကို ငါ မကာကွယ်နိုင်တော့ဘူး” ဟု ဆိုလေသည်။

၂၀၀၁ ခုနှစ် နွေရာသီတွင် တိုင်းပြည်မှ ထွက်ခွာသွားဖို့ စူလတန် ဆုံးဖြတ်လိုက်၏။ သူကိုယ်တိုင်၊ သူ့မယား နှစ်ယောက်၊ သားများနှင့် သမီးအတွက် ဗီဇာ လျှောက်ထားလိုက်သည်။ ကနေဒါတွင် အခြေချဖို့ ဖြစ်သည်။ ထိုအချိန်တွင် သူ့မယား နှစ်ယောက်နှင့် သူ့သားသမီးများက ပါကစ္စတန်တွင် နေထိုင်ရင်း ဒုက္ခသည်ဘဝကို ရွံရှာ စက်ဆုပ်နေကြသည်။ သို့သော် သူ့စာအုပ်များကို မစွန့်လွှတ်နိုင်ကြောင်း စူလတန် သိသည်။ ယခု ကဘူးလ်တွင် သူပိုင် စာအုပ်ဆိုင် သုံးဆိုင် ရှိနေပြီ။ တဆိုင်ကို သူ့ညီ၊ နောက်တဆိုင်ကို အသက် ဆယ့်ခြောက်နှစ်အရွယ်ရှိ သားကြီး မန်ဆူနှင့် နောက်ဆုံးတဆိုင်ကို သူကိုယ်တိုင်

ရောင်းချ၏။

စာအုပ် နည်းနည်းကိုသာ စင်များပေါ်တွင် တင်ပြထားသည်။ အုပ်ရေ တသောင်းခန့် အရေအတွက် ရှိသည့် စာအုပ်အများစုကို ကဘူးလ် တမြို့လုံးရှိ အထပ်ခိုးများတွင် ဝှက်ထားသည်။

နှစ်ပေါင်း သုံးဆယ်အတွင်း စုဆောင်းထားခဲ့သည့် ထိုစာအုပ်များကို သူ ဆုံးရှုံးမခံနိုင်။ တာလီဘန် သို့မဟုတ် အခြား ကျူးကျော်သူများက အာဖဂန် အသည်းနှလုံးအား ယခုထက် ပို၍ ဖျက်ဆီးဖို့ သူ ခွင့်မပြုနိုင်။

ဘာပဲဖြစ်ဖြစ် သူ့စာအုပ်များအတွက် လျှို့ဝှက် စီမံကိန်းတခု၊ အိပ်မက်တခု သူ့မှာ ရှိထားသည်။ တာလီဘန် ထွက်သွားပြီး အာဖဂန်နစ္စတန်သို့ အားထားရလောက်သည့် အစိုးရအဖွဲ့ တဖွဲ့ ပြန်လာသည့်အခါ မြို့ထဲရှိ လုယက်ခံထားရသည့် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များ လှူဖို့ သူ စိတ်ပိုင်းဖြတ်ထား၏။

အသက် အန္တရာယ် ခြိမ်းခြောက်မှုကို အကြောင်းပြု၍ စူလတန်နှင့် မိသားစု ကနေဒါသို့ သွားဖို့ ဗီဇာ ရသွားသည်။ သို့သော် သူ ဘယ်သောအခါမှ မသွားပါ။ မယားနှစ်ယောက်က ခရီးသွားဖို့ ပြင်ဆင်နေကြစဉ် သူက အချိန်ဆွဲရန် နည်းလမ်း အမျိုးမျိုးကို ကြံဆနေခဲ့သည်။

ထို့နောက် စက်တင်ဘာလ ၁၁ ရက်နေ့သို့ ရောက်လာ၏။

အာဖဂန်နစ္စတန်ပေါ်သို့ ဗုံးမိုးရွာချိန်တွင် စူလတန်သည် အိမ်ထောင်မရှိသည့် ညီငယ် ယူနုစ်အား ကဘူးလ်တွင် ချန်နေရစ်ကာ စာအုပ်ဆိုင်များကို စောင့်ရှောက်ဖို့ မှာကြားပြီး ပါကစ္စတန်သို့ ထွက်ခွာသွား၏။

တာလီဘန် ကျပြီး အကြမ်းဖက်သမားများက အမေရိကန် ပြည်ထောင်စုကို တိုက်ခိုက်ပြီးနောက် နှစ်လအကြာ ကဘူးလ်သို့ ပြန်ရောက်လာသူများတွင် စူလတန်သည် တယောက် အပါအဝင် ဖြစ်သည်။

နောက်ဆုံးတော့ စာအုပ်စင်များပေါ် သူ တင်ချင်သည့် စာအုပ်များကို တင်နိုင်ပြီ။ ကြောင်ခြစ်သလို ခြစ်ထားသည့် သမိုင်းစာအုပ်များကို နိုင်ငံခြားသားများအား ထူးခြား ပစ္စည်းများ အဖြစ် သူ ရောင်းနိုင်ပြီ။ သူ ကပ်ထားခဲ့သည့် လုပ်ငန်း လိပ်စာကတ်ပြားများကို ပြန်ခွာနိုင်ပြီ။ မိဖုရား ဆိုရယာ၏ လက်မောင်းဖြူဖြူများနှင့် ဘုရင် အမာနူလာ၏ ရင်ဘတ်ပိုင်းကို ပလတ်စတာဖြင့် ပြုပြင်ပြီး ပွဲထုတ်နိုင်ပြီ။

တနေ့ နံနက်ခင်းတွင် စူလတန်သည် သူ့စာအုပ်ဆိုင်ထဲမှာ ထိုင်ကာ

ကျိုက်ကျိုက်ဆူနေသော ရေနွေးကြမ်းကို သောက်ရင်း ကဘူးလ်မြို့ နိုးထလာပုံကို ကြည့်နေ၏။

ထိုသို့ ကြည့်နေလျက်မှ သူ့အိပ်မက်ကို အကောင်အထည် ဖော်ရန် တွေးတော ကြံဆလျက် ရှိစဉ် သူ အနှစ်သက်ဆုံး ကဗျာစာဆို ဖာဒျူစီ၏ "အောင်မြင်ချင်လျှင် တခါတရံ ဝံပုလွေလို၊ တခါတရံ သိုးငယ်လို ကျင့်ရမည်" ဆိုသည့် စာကိုးတခုကို သတိရလိုက်သည်။ ဝံပုလွေလို ကျင့်ဖို့ အချိန်ကျပြီဟု သူ တွေးလိုက်၏။

ပြစ်မှုနှင့် ပြစ်ဒဏ်

တိုင်ဆီသို့ အရပ်ရှစ်မျက်နှာမှ ခဲများနှင့် ပစ်ပေါက်ကြရာ ခဲအများစုက ထိမှန်ကြသည်။ မိန်းမက ငိုရန် ငြင်းဆန်သည်။ သို့သော် မကြာမီ ပရိသတ်ထံမှ ဩဘာပေးသံ ပေါ်ထွက်လာ၏။ အားကောင်းမောင်းသန် ယောကျ်ားကြီး တယောက်က အထူး ကြီးမားသော ခဲတလုံးဖြင့် သူမ၏ခန္ဓာကိုယ်သို့ သေချာစွာ ချိန်ရွယ်၍ ပစ်ပေါက်လိုက်ရာ မိန်းမ၏ ဝမ်းဗိုက်ကို ထိမှန်ပြီး သွေးများ ထွက်ကျလာသည်။ ဩဘာပေးသံ ပေါ်ထွက်လာသည်မှာ ဤအကြောင်းကြောင့် ဖြစ်သည်။ နောက်ထပ် အရွယ်တူ ခဲတလုံးက မိန်းမ၏ပခုံးကို ထိမှန်သွား သည်။ သွေးများလည်း ထွက်၊ ဩဘာသံလည်း ပေါ်လာ၏။

ဂျိမ်းစ် အေ မီချီနာ

စခန်းချ လှည်းများ

အငြိမ်းစား ရနေသည့် မယား ရှရီဖာသည် ပက်ရှ်ဝါတွင် စောင့်ဆိုင်းနေ၏။ ဤရက်ပိုင်း အတွင်း စူလတန် ပြန်ရောက်လာမည်ကို သူမ သိသည်။ လင်လုပ်သူ ပြန်ရောက်နိုးဖြင့် ထမင်း ဟင်းကို အသင့် ချက်ပြုတ် ပြင်ဆင်ထား၏။ ကြက် တကောင်၊ သူ ကြိုက်သည့် ဟင်းနုနယ်၊ အိမ်မှာ လုပ်သည့် ငရုတ်သီး စားမြိန်ရည်။ အိပ်ရာပေါ်တွင် မီးပူတိုက်ပြီးသား အခင်း။ ပေးစာများက ဘူးတဘူးထဲမှာ အစီအရီ။

အချိန်တွေ ကုန်လွန်လာခဲ့သည်။ ကြက်ကို ပြန်လည် စည်းနှောင် ထုပ်ပိုးထားလိုက်ရသည်။ ဟင်းနုနယ်ကတော့ ပြန်နွေးလို့ရသည်။ ငရုတ်သီး စားမြိန်ရည်ကို ကြောင်အိမ်ထဲမှာ ထည့်ထားလိုက်၏။ ရှရီဖာ တံမြက်လှည်းသည်။ ခန်းဆီးများကို လျှော်ဖွပ်သည်။ ဖုန်ခါခြင်း၊ ထိုင်ခြင်း၊ သက်မချခြင်း၊ မျက်ရည်ပေါက် အနည်းငယ် ကျခြင်းတို့ကို မရပ်မနား ပြုရင်း ရှရီဖာ အလုပ် များနေ၏။

မျက်ရည်ကျသည်မှာ သူမ၏လင် စူလတန်ကို လွမ်းလို့မဟုတ်၊ တခါက သူမ ရရှိခဲ့သည့် အထင်ကြီး လေးစားခြင်း ခံရသည့် စာအုပ်ဆိုင်ပိုင်ရှင်၏ဇနီးဘဝ၊ သားသုံးယောက်နှင့် သမီး တယောက်တို့၏ မိခင်ဘဝကို လွမ်းမိသောကြောင့်။

သူမ၏ဘဝကို ဖျက်ဆီးခြင်း၊ သူမ၏သားသမီးများကို ဝေးရာသို့ ခေါ်ဆောင်သွားခြင်း၊ လောကအလယ်တွင် သူမအား မျက်နှာငယ်စေခြင်းတို့ကြောင့် တခါတခါ သူ့အား မုန်းမိသည်။

စူလတန်နှင့် သူမ၏ အိမ်ထောင်သက်မှာ ဆယ့်ရှစ်နှစ် ရှိပြီး လွန်ခဲ့သောနှစ်နှစ်ကစ၍ မယား နံပါတ်နှစ်ကို သူ ယူလာခဲ့သည်။ ရှရီဖာ၏ဘဝမှာ ကွာရှင်း ပြတ်စဲထားသည့် မယားတယောက်လို ဖြစ်သော်လည်း ကွာရှင်း ပြတ်စဲထားသည့် မယားများမှာ ရှိသည့် လွတ်လပ်မှုမျိုးတော့ ရှရီဖာတွင် မရှိ။ စူလတန်သည် ယနေ့တိုင် သူမ၏အရှင်သခင်အဖြစ်မှာ ရှိနေဆဲ။ အဖိုးထိုက် အဖိုးတန် စာအုပ်များအား သိမ်းဆည်းထားသည့် အိမ်ကို စောင့်ရှောက်ရန် ပါကစ္စတန်တွင် သူမ နေရမည်ဟု စူလတန် အမိန့်ချထား၏။ ဤနေရာတွင် ကွန်ပျူတာ ရှိသည်။ တယ်လီဖုန်း ရှိသည်။ ဤလိပ်စာမှ နေ၍ ဖောက်သည်များထံ စာအုပ် ပါဆယ်ထုပ်များ ပေးပို့နိုင်သည်။ အီးမေးလ်များကို လက်ခံနိုင်သည်။ ကဘူးလ်မှာ လုပ်လို့မရတာတွေ အားလုံးကို ပါကစ္စတန်မှာ လုပ်နိုင်သည်။ သူမ ပါကစ္စတန်တွင် နေထိုင်ရသည်မှာ စူလတန်အတွက် အဆင်ပြေသောကြောင့်ပါ။

ကွာရှင်း ပြတ်စဲခြင်းသည် ရွေးချယ်စရာ တခြား နည်းလမ်းတခုမဟုတ်။ မိန်းမက ကွာရှင်း ပြတ်စဲခွင့် တောင်းလျှင် သူမ၏အခွင့်အရေးများ ဆုံးရှုံးသွားတော့သည်။ သားသမီးများအား ထိန်းသိမ်းစောင့်ရှောက်ခွင့်ကို လင်ဖြစ်သူက ရရှိပြီး မယားအား သားသမီးများထံသို့ လာရောက်ခွင့်ကိုပင် လင်ဖြစ်သူသည် ငြင်းဆန်နိုင်၏။ သူမသည် မိသားစုအတွက် အမည်းကွက်။ ရှံဖန်ရှံခါ ဝိုင်းပယ်ခြင်း ခံရတတ်သည်။ ပိုင်ဆိုင်ပစ္စည်း အားလုံး လင်ဖြစ်သူထံသို့သာ ကျရောက်သွားသည်။ မောင်တယောက်၏ အိမ်သို့ ရှရီဖာ ပြောင်းရွှေ့သွားရဖို့ ရှိသည်။

၁၉၉၀ ပြည့်လွန်နှစ်များ စောစောပိုင်းက ပြည်တွင်းစစ်နှင့် တာလီဘန်လက်အောက် နှစ်အနည်းငယ်အတွင်း မိသားစု တစုလုံး ဟာယာတဘာဒ်ခရိုင် ပက်ရှဝါမြို့တွင် နေထိုင်ကြ၏ (ပက်ရှ်ဝါမြို့တွင် နေထိုင်သူ ဆယ်ယောက်တွင် ကိုးယောက်မှာ အာဖဂန်များ)။ သို့သော် ညီများ၊ နှမများ၊ စူလတန်၊ ဆိုညာ၊ သားများ တယောက်ချင်းစီ ကဘူးလ်သို့ ပြန်ကြသည်။

သားများတွင် အရင်ဆုံး ပြန်သူမှာ ဆယ့်ခြောက်နှစ်သား မန်ဆူ၊ ထို့နောက် ဆယ့်နှစ်နှစ်သား အိမဲလ်၊ နောက်ဆုံး ဆယ့်လေးနှစ်သား အက္ကဘဲလ်။

ရှရီဖာနှင့် အထွေးဆုံး သမီးလေး ရှက်ဘ်နမ်တို့သာ နောက်ချန် နေရစ်ခဲ့ကြသည်။ သူတို့ကို စူလတန်က လာခေါ်လိမ့်မည်ဟု မျှော်လင့်ထားကြသော်လည်း မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာချေ။ ယာယီ ခိုလှုံရာဖြစ်သည့် ပက်ရှ်ဝါမှ ခနော်နီ ခနော်နဲ့ အိမ်သည် ယခုတော့ သူမ၏ အကျဉ်းထောင် ဖြစ်သွားပြီ။ လင်ဖြစ်သူထံမှ အခွင့်မရဘဲ ထိုအိမ်မှ သူမ ခွာထွက်မသွားနိုင်။

စူလတန် နောက်မိန်းမ ယူပြီး ပထမတနှစ်တွင် စူလတန်နှင့် နောက်မိန်းမနှင့်အတူ ရှရီဖာ နေထိုင်ခဲ့၏။ ရှရီဖာ့အမြင်တွင် ဆိုညာသည် စဉ်းစား ဆင်ခြင်ဉာဏ် ကင်းမဲ့သည်သာမက ပျင်းလည်း ပျင်းသေး၏။ သူမ မပျင်းဘူးဆိုလျှင်သော်မှ စူလတန်က သူမအား လက်ကလေး မြှောက်ရုံလောက်ကိုပင် မခိုင်းချေ။ ရှရီဖာ ချက်ရ ပြုတ်ရသည်။ ခူးခပ် ကျွေးရသည်။ အဝတ် လျှော်ရသည်။ အိပ်ရာ ပြင်ပေးရသည်။

အစပိုင်းတွင် စူလတန်သည် နောက်မိန်းမနှင့်အတူ အခန်းတံခါးပိတ်ပြီး စန္ဒရား နှိပ်နေခဲ့သည်မှာ ရက်ပေါင်းများစွာ။ တခါတရံမှသာ လက်ဖက်ရည် သို့မဟုတ် သောက်ရေ လှမ်းတောင်းတာ ရှိ၏။

အခန်းထဲမှာ သူမ၏နှလုံးသည်းပွတ်ကို ခေးထက်ထက်ဖြင့် မွှန်းနေသည့် အသံများနှင့် ရောထွေးလျက် တီးတိုးသံများနှင့် ရယ်သံများကို ရှရီဖာ ကြားနေခဲ့ရသည်။

သူမ မျိုသိပ်ပြီး စံပြမယား ပုံစံမျိုးဖြင့် နေခဲ့၏။ ဆွေမျိုးများနှင့် မိန်းမမိတ်ဆွေများက သူမကို ချီးကျူးကြသည်။ သူမ ညည်းညူသံ၊ ဆိုညာနှင့် ရန်ဖြစ်သံကို ဘယ်သူမျှ မကြားရ။ ယောက်မ မြင်းစီးထွက်ခြင်းမျိုးကို ဘယ်သူမျှ မမြင်ရ။

ပျားရည်ဆမ်းကာလ လွန်သော် စူလတန်သည် သူ့အိပ်ခန်းမှ ဖယ်ခွာ၍ စီးပွားရေး အလုပ်ဘက်သို့ ဦးလှည့်လိုက်၏။ သို့ဖြင့် မယားနှစ်ယောက်မှာ တယောက်ကို တယောက် အဖော်ပြုကြရတော့၏။ ဆိုညာက မျက်နှာတွင် ပေါင်ဒါဖို့ပြီး အဝတ်သစ် အစားသစ်များကို စမ်းဝတ်ကြည့်သည်။ ရှရီဖာက ဇီဇာကြောင်သည့် မိခင် ကြက်မကြီးလို ပွစိ ပွစိ ပြောဖို့ ကြိုးစားသည်။ အိမ်မှုကိစ္စများကို သူမကိုယ်တိုင် ဆောင်ရွက်ရင်း စူလတန် အကြိုက်ဆုံး ဟင်းလျာ မည်သို့ ချက်ပုံကို ဆိုညာအား နည်းနည်းချင်း သင်ပေး၏။ စူလတန်က သူ့အဝတ်အထည်များအား စနစ်တကျထားမှ ကြိုက်ပုံ၊ စူလတန် ချိုးမည့်ရေသည် အပူချိန် မည်မျှ ရှိရပုံတို့ကို ပြပေး၏။ ထို့ပြင် မယားတယောက်အနေဖြင့် သိထားသင့်သည့် လင့်အကြောင်း အသေးစိတ်များကိုလည်း လိုလေသေး မရှိအောင် ပို့ချပေးသေးသည်။

သို့သော် အို... ရှက်စရာ ကောင်းလိုက်တာ။ ယောကျ်ားတယောက်က ဒုတိယ မယား (တခါတရံ တတိယ မယားပင်) ယူတာ မဆန်းစေကာမူ အရှက်တကွဲ အကျိုးနည်းတော့ ဖြစ်သည်ပဲ။ ပစ်တောင်းဆန်ခါ ဆက်ဆံခြင်း ခံရသည့် မယားတယောက်အနေဖြင့် ချို့ယွင်းချက် ရှိသူအဖြစ် အမြဲတမ်း တံဆိပ်ကပ်ခံရတော့မည်။ ဘာပဲဖြစ်ဖြစ် ရှရီဖာ ဤသို့သာ ခံစားရပါသည်။

စူလတန်က နှုပျိုသော မယားကလေးအပေါ် သိသိသာသာ ဦးစားပေးနေသည် မဟုတ်လား။

စူလတန်၏ ဤ မယားအသစ်ကလေးကို ရှရီဖာ အကျိုးသင့် အကြောင်းသင့် သဘောထားဖို့တော့ လိုပေသည်။ ရှရီဖာ အဆင့် လျှောကျသွားခြင်းမှာ သူမတွင် အပြစ် ရှိသောကြောင့်မဟုတ်၊ ပြင်ပ အခြေအနေများကြောင့်သာ ဖြစ်ကြောင်း လူအများ နားလည်ကြစေရန် သူမ ဖန်တီးပြရမည်။

သူမ၏သားအိမ်ထဲတွင် အလုံး တည်သဖြင့် ဆရာဝန်က ဖယ်ရှားပေးရပြီး သူမ အသက် မသေစေချင်လျှင် လင်နှင့်အတူ မအိပ်ရဟု သတိပေးကြောင်း သူမ ပြောပြတတ်၏။ ထို့ကြောင့် စူလတန်အား နောက်မယား ယူဖို့ သူမကိုယ်တိုင် တိုက်တွန်းခဲ့ရခြင်းဖြစ်ကြောင်း၊ ဆိုညာကို ရွေးချယ်ပေးသူမှာ သူမကိုယ်တိုင်ပင် ဖြစ်ကြောင်း စိတ်လိုလက်ရ နားထောင်သူရှိလျှင် ရှရီဖာ ပြောပြလေ့ ရှိသည်။ တကယ်တော့ သူက ယောကျ်ား မဟုတ်လားတဲ့။

ရှရီဖာ့အမြင်တွင် ဤသို့ လံကြုတ် ဒီပနီ ဖွင့်လိုက်ခြင်းက သူမ အဆင့်လျှောကျခြင်း၏ အကြောင်းရင်း အမှန်ထက်တော့ ခံသာပေသေး၏။

ဤကိစ္စကို ရှရီဖာ ပုံကြီးချဲ့ ပြောလိုသည့်အခါ ဆိုညာအား ညီမလေးတယောက်လို ချစ်ရပုံ၊ ဆိုညာ့သမီးလေး လာတီဖာအား သမီးရင်းနှင့်မခြား ချစ်ရပုံတို့ကို ဝင်းလက် တောက်ပနေသော မျက်လုံးများဖြင့် သူမ ပြောပြပါလိမ့်မည်။

စူလတန်ကတော့ တမျိုးပါ။ မယားတယောက်ထက် ပိုယူထားသော ယောကျ်ားများသည် မယားများနှင့် ဆက်ဆံရာတွင် ဟန်ချက်ညီအောင် ထိန်းထားလေ့ ရှိကြသည်။ ဆယ်စု နှစ်ပေါင်းများစွာ မယားတယောက်နှင့် သည်တည အိပ်လျှင် နောက် မယားတယောက်နှင့် နောက်တည အိပ်ခဲ့သည်။ မယားများက မွေးဖွားလိုက်သည့် ကလေးများသည် တအူတုံ့ဆင်း ညီအစ်ကို မောင်နှမအရင်းတွေလို ကြီးပြင်းလာကြသည်။ ကလေးများ၏ ဝေယျာဝစ္စကို မိခင်များက ဆောင်ရွက်ပေးကြသည်။ မည်သူ့ကိုမျှ ပိုမို ဂရုစိုက်ခြင်း၊ ပိုမို အရေးပေးခြင်း မရှိ။ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကို ညီတူညီမျှ ရ မရ သေချာအောင် လုပ်ကြသည်။ မယားပြိုင် အများအပြားမှာ တယောက်နှင့် တယောက် ရှားစောင်းစေးနှင့် မျက်ချေးပမာ ဖြစ်ကာ မခေါ်နိုင် မပြောနိုင်ကြ။ ယောကျ်ားကောင်းလျှင် မောင်းမတထောင် ဆိုသောစကားတွင် ယုံကြည်သည့် မယားများကတော့ သူတို့အချင်းချင်း သင့်သင့်မြတ်မြတ် ရှိကြ၏။ မိဘများက လင်ပေးစားကြရာတွင် ရံဖန်ရံခါ မိန်းကလေး၏ဆန္ဒ မပါရှိချေ။ မရှိသလောက် နည်းပါးသည့် နုနယ် ငယ်ရွယ်သော မိန်းကလေးတချို့၏ စိတ်ကူးယဉ် အိပ်မက်မှာ

အသက် ကြီးကြီး ယောကျ်ား တယောက်၏ ဒုတိယမယား ဖြစ်ဖို့ပါ။ ဤသို့ဆိုလျှင် ယောကျ်ား၏ ပျိုမျစ်မှုကို ပထမ မယားက ရပြီး ယောကျ်ား၏ အိုမင်းမစွမ်းမှုကို ဒုတိယ မယားက ရလိမ့်မည်။ တချို့ကိစ္စများတွင် မည်သည့် မယားကမျှ သူ့အား အိပ်ရာထဲတွင် ညစဉ် ညတိုင်း ရှိမနေစေချင်ကြ။ သူတို့သည် အသက်ရှူပေါက် ချောင်ချင်ကြ၏။

ကဘူးလ်မြို့တွင် ချစ်စရာ အကောင်းဆုံး မျက်လုံးများဟု တခါတုန်းက စူလတန် ပြောခဲ့ဖူးသည့် ရှရီဖာ၏ လှပသော မျက်လုံးညိုကြီးများသည် နေရာလပ်ထဲသို့ ငေးကြည့်လျက် ရှိသည်။ မျက်လုံးများတွင် လင်းလက်တောက်ပမှု ကင်းမဲ့နေကြပြီ။ မျက်ခွံများ တွဲကျနေကြပြီ။ အရေးအကြောင်းများ ရေးရေးထင်နေကြပြီ။ အကွက်အပြောက်များ ပေါ်လျက်ရှိသည့် အရေပြားကို မိတ်ကပ်ဖြင့် သိုသိပ် လိမ္မာစွာ ဖုံးထားနေရပြီ။ သူမ၏ ဖြူသော အသားအရေက ခြေတံတိုတိုများကို ထေပေးထား၏။ အရပ်အမြင့်နှင့် အသားဖြူခြင်းတို့မှာ အရေးအကြီးဆုံးသော အာဖဂန် အဆင့်အတန်းများပါ။ နုပျိုသော ရုပ်သွင်ပေါ်အောင် အမြဲတမ်း အားထုတ်ခဲ့ရပြီး သူမ၏ လင်ယောကျ်ားထက် အသက်နည်းနည်း ပိုကြီးသည့်အဖြစ်ကို ဖုံးကွယ်ထားခဲ့ရ၏။ ဆံပင် ဖြူဖြူများကို ဆေးဆိုးထားနိုင်သော်လည်း မျက်နှာပြင် အင်္ဂါရပ်များအတွက်တော့ ဘာမျှ မတတ်နိုင်။

သူမကြမ်းပြင်ကို ဖြတ်လျှောက်လာခဲ့သည်။

သား သုံးယောက်ကို ကဘူးလ်မြို့သို့ စူလတန် ခေါ်သွားကတည်းက သူမမှာ လုပ်စရာ များများစားစား မရှိ။ ကော်ဇောများကို လှည်းကျင်းပြီးပြီ။ ထမင်း ဟင်း အသင့်ဖြစ်ပြီ။ တီဗီကို ဖွင့်ပြီး အမေရိကန် သည်းထိတ်ရင်ဖို ရုပ်ရှင်ကားတကားကို ကြည့်၏။ ကြည့်ကောင်းသော သူရဲကောင်းများက နဂါးများ၊ ဘီလူးများနှင့် အရိုးစုများကို တိုက်ခိုက်ပြီး မကောင်းဆိုးဝါးများအပေါ် အနိုင်ရသွားပုံ။ အင်္ဂလိပ်ဘာသာစကားကို နားမလည်သော်လည်း ရှရီဖာ စူးစူးစိုက်စိုက် ကြည့်ပါသည်။

ရုပ်ရှင် ပြီးသွားချိန်တွင် ယောက်မဖြစ်သူထံသို့ ဖုန်းဆက်၏။

ထို့နောက် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ဒုတိယအလွှာမှ ကြည့်လျှင် အောက်ဘက်ရှိ အိမ်နောက်ဖေးကွက်လပ်ကို အထင်းသား မြင်နိုင်သည်။ ကွက်လပ်ကို လူတရပ်လောက် အမြင့်ရှိသည့် အုတ်တံတိုင်းဖြင့် ခတ်ထားသည်။ ရှရီဖာလိုပဲ သူတို့မှာလည်း နေလှန်းစရာ အဝတ်တွေ ပြည့်လို့ပါ။

သို့သော် ဟာယာတဘာဒ်တွင်မူ သိအောင် ကြည့်ဖို့ မလိုချေ။

ကိုယ့်ညှော်ခန်းထဲမှာ မျက်စိမှိတ် ထိုင်နေကာမျှဖြင့် အိမ်နီးချင်းက ဆူညံ စူးရှလှသည့် ပါကစ္စတန် ပေါ့ပ်သီချင်းကို ဖွင့်နေသည်၊ ကလေးများ အော်ဟစ်ဆော့ကစားနေကြသည်၊ မအေတယောက်က အော်ငေါက်နေသည်၊ မိန်းမတယောက်က ကော်ဇောများကို ထုရိုက်နေသည်၊ မိန်းမကြီးတယောက်က နေပူထဲတွင် ပန်းကန် ခွက်ယောက်များကို ဆေးကြောနေသည်၊ အိမ်နီးချင်းတယောက်က ဟင်း နွှေးနေသည်၊ အခြား အိမ်နီးချင်း တယောက်က ကြက်သွန်ဖြူလှီးနေသည်တို့ကို သိနိုင်လေ၏။

အသံဗလံများနှင့် အနံ့များက ပြောမပြနိုင်သည်ကို အတင်းအဖျင်း စကားက ပြောပြနိုင်ပါသည်။ တယောက်၏ ကိုယ်ကျင့်တရားကို တယောက်က စောင့်ကြည့်နေသည့် ရပ်ကွက်ထဲတွင် အတင်းအဖျင်း စကားသည် တောမီးလို ပျံ့နှံ့၏။

ဟောင်းမြင်းနေသည့် ခနော်နီ ခနော်နဲ့ တိုက်အိမ်နှင့် နောက်ဖေးကွက်လပ်ကို မိသားစု သုံးစုနှင့်အတူ ရှရီဖာ ဝေမျှနေရသည်။

စူလတန် ပြန်ရောက်မည့်ပုံ မပေါ်သည့်အခါ အိမ်နီးချင်းများဆီသို့ သူမ ထသွားတတ်၏။ အိမ်မှာနေသည့် မိန်းမများနှင့် အနီးဝန်းကျင်မှ မိန်းမများ စုမိသွားသည်။ ကြာသပတေးနေ့ ညနေတိုင်း နဇာပြုရန် သူတို့ စုရုံးကြခြင်း ဖြစ်၏။ ယင်းမှာ ဘာသာရေး စားပွဲသောက်ပွဲ ဖြစ်ပြီး ထိုပွဲတွင် အတင်းအဖျင်း ပြောခြင်း၊ ဆုတောင်းခြင်း အမှုတို့ကို ပြုကြလေသော ဟူ၏။

သူတို့၏ ဦးခေါင်းများကို ပဝါရှည်ဖြင့် ပတ်ကာ တယောက်ထိုင် ကော်ဇောငယ်များပေါ်တွင် မက္ကာဘက်သို့ မျက်နှာမူထိုင်ပြီး ဦးချ၊ ဆုတောင်း၊ ပြန်မတ်၊ ဆုတောင်း၊ ဦးပြန်ချ။ စုစုပေါင်း လေးကြိမ်။ တိုင်တည်ခြင်း အမှုကို နှုတ်ခမ်းလှုပ်ရုံသာ ပြုကြသည်။ ကော်ဇောငယ်များ နေရာ လစ်လပ်သွားသည်နှင့် နောက်လူများ ဝင်ရောက် နေရာယူကြ။

သဒ္ဓါတရား ထက်သန်သူ မဟာ ကရုဏာတော်ရှင်

လောက သုံးပါး သခင် အလ္လာ အရှင်မြတ်အား တိုင်တည်ပါ၏။

သဒ္ဓါတရား ထက်သန်သူ မဟာ ကရုဏာတော်ရှင်

ထာဝရ ဘုရားသခင် စီရင်ချက်ချမည့် နေ့၏ ပိုင်ရှင်

အရှင်မြတ် တဦးတည်းကိုသာ

တပည့်တော်မတို့ ရှိခိုး ကော်ရော်ပါ၏။

အရှင်မြတ် တဦးတည်းထံတွင်သာ

တပည့်တော်မတို့ အကူအညီ တောင်းခံပါ၏။

အရှင်မြတ် မျက်နှာသာ ပေးထားသူတို့၏

ဖြောင့်တန်းသောလမ်းကို

တပည့်တော်မတို့အား ပြသတော်မူပါ။

အရှင်မြတ်၏ အမျက်ကို ရရှိထားသူ

လမ်းကြောင်းမှ သွေဖည်သွားသူတို့၏ လမ်းကို

ပြသတော်မမူပါနှင့်။

ပူဇော်ပွဲ လက်စသတ်ရုံ ရှိသေးသည်တွင် ကျယ်လောင်သော စကားပြောသံများ ပေါ်လာလေသည်။ နံရံတလျှောက်ရှိ ကူရှင်များပေါ်တွင် မိန်းမများ နေရာယူနေကြ၏။ ကြမ်းပြင်ပေါ်ရှိ ဖယောင်းပုဆိုးထက်တွင် ပန်းကန်လုံးများန ှင့်ပန်းကန်ပြားများ။ လတ်လတ်ဆတ်ဆတ် ဖျော်ထားသော ဖာလာနံ့သင်း လက်ဖက်ရည်နှင့် အချိုမုန့်တမျိုးကို ခင်းကျင်းထားသည်။

မိန်းမတိုင်းသည် မိမိတို့၏လက်များကို မျက်နှာပေါ်တင်ကာ စားစရာများကို ဝန်းရံလျက် တီးတိုး သံပြိုင် ရွတ်ဆိုကြ၏။

“လာ အီလာဟာ အီလာလာဟူ မူဟမ္မဒ္ဒူ ရာဆိုးလူလာ - ဘုရားသခင်မှတပါး အခြားနတ် မရှိ၊ မိုဟာမက်သည် ဘုရားသခင်၏ တမန်တော်ဖြစ်သည်”

ရှိခိုးပြီးသောအခါ သူတို့၏လက်များကို နှာခေါင်းမှသည် နဖူးသို့၊ ထို့နောက် ပါးနှစ်ဖက်မှသည် မေးစေ့သို့ ပွတ်သပ်သွားကာ နှုတ်ခမ်းတွင် ရပ်တန့်သွားသည်။ သူတို့၏ အမူအရာမှာ ဆုတောင်းခြင်းကိုပဲ စားသုံးနေတော့သလို။ နဇာ ပြုရာတွင် ဤပုံစံအတိုင်း ဆုတောင်းပတ္ထနာ ပြုလျှင် ပြည့်ထိုက်သည့် ဆုတောင်းများ ပြည့်ကြသည် ဟူသောအသိကို မိခင်များမှသည် သမီးများသို့ လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြ၏။

ဤဆုတောင်းများသည် ဘုရားသခင်ထံသို့ တန်းတန်းမတ်မတ် ရောက်သွားပြီး ဘုရားသခင်က ဆုတောင်းပြည့်စေရန် သို့မဟုတ် ဆုတောင်း မပြည့်စေရန် ဆုံးဖြတ်ပေးသည် ဟူလို။

စူလတန်သည် မိမိနှင့် ရှက်ဘ်နမ်ကို ကဘူးလ်သို့ ပြန်ခေါ်ပါစေဟု ရှရီဖာ ဆုတောင်းသည်။ ကဘူးလ်သို့ ပြန်ရောက်သည့်အခါ သူမအပါးတွင် သားသမီး အားလုံး ဝိုင်းဝိုင်းလည်နေကြလိမ့်မည်။

အလ္လာအရှင်မြတ်ထံ၌ အားလုံး ဆုတောင်းပတ္ထနာ ပြုကြပြီးချိန်တွင် တကယ့် ကြာသပတေးနေ့ အခမ်းအနားကို စတင်နိုင်ပေပြီ။ အချိုမုန့်များ စားကြ၊ ဖာလာနံ့ သင်းသည့် လက်ဖက်ရည်ကို သောက်ကြ၊ နောက်ဆုံးသတင်းများကို ဖလှယ်ကြ။

စူလတန်ကို အချိန်တိုင်း မျှော်နေကြောင်း ရှရီဖာ ဗလုံးဗထွေး ပြောလိုက်သော်လည်း မည်သူမျှ သတိ မမူမိကြ။

သူမ၏ အိမ်ထောင်ရှိ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းသည် ဟာယာတာဘဒ် မြို့ ၁၀၃ လမ်းတွင် လူအများ စိတ်ဝင်စားကြသော သတင်းတပုဒ် မဟုတ်တော့ပြီ။ ဆယ့်ခြောက်နှစ်သမီး ဆလီကာသည် အတင်းအဖျင်း၏ လောလောလတ်လတ် ငွေကြယ်ပွင့် ဖြစ်လာ၏။

လွန်ခဲ့သော ရက်ပိုင်းအတွင်း ခွင့်မလွှတ်နိုင်စရာ ဖြစ်မှုတခု ပေါ်ပေါက်အပြီးတွင် ဆလီကာသည် နောက်ဖေးခန်းထဲတွင် ပိတ်လှောင်ထားခြင်း ခံနေရသည်။ သွေးများ ယိုစီးနေသော မျက်နှာ၊ နီမြန်းရောင်ကိုင်းလျက် ရှိသော အစင်းကြောင်းများ ဖုံးလွှမ်းလျက်ရှိသည့် ကျောပြင်တို့ဖြင့် နောက်ဖေးခန်းထဲရှိ မွေ့ရာပေါ်တွင် လဲလျောင်းနေသော ဆလီကာ။

ဇာတ်ကြောင်း အစုံအလင်ကို အသေးစိတ် မသိသူများက စိတ်ဝင်တစား နားထောင်ကြ၏။

ဆလီကာ၏ ပြစ်မှုမှာ လွန်ခဲ့သောခြောက်လက စတင်ခဲ့ခြင်း ဖြစ်သည်။ တခုသော ညနေပိုင်းတွင် ရှရီဖာ၏သမီး ရှက်ဘ်နမ်က ဆလီကာအား စာရွက်ပိုင်းလေးတခု ပေးရင်း "ဘယ်သူ ပေးတယ်ဆိုတာ မပြောဘူးလို့ ကတိပေးခဲ့တယ်၊ ပေးတာကတော့ ကောင်လေးတယောက်ပဲ၊ သူက ကိုယ်တိုင် မပေးရဲဘူး၊ ဘယ်သူဆိုတာကတော့ ကျွန်မ သိတယ်"

အရေးကြီး တာဝန်တခုကို ဆောင်ရွက်နေခြင်း ဖြစ်သည်ဟူသောအသိဖြင့် ရှက်ဘ်နမ် စိတ်လှုပ်ရှားနေသည်။

စာရွက်ပိုင်းပေါ်တွင် အသည်းနှလုံးကို မြား ဖောက်ထွင်းဝင်နေသည့် ပုံများအပြည့်။

ပြီးတော့ အချိုးမကျသည့် လက်ရေးများဖြင့် "နင့်ကို ငါ ချစ်တယ်" ဆိုသော

စာသားအပြင် သူမ မည်မျှ ချောကြောင်း လှကြောင်းများလည်း ပါရှိသည်။

တနေ့တွင် ထိုကောင်လေးက သူမ၏ အိမ်အနီးရှိ ခတ်မီးတိုင်နားတွင် စောင့်နေမည် ဖြစ်ကြောင်း၊ အနီရောင် ဆွယ်တာအင်္ကျီကို ဝတ်ဆင်ထားမည်ဖြစ်ကြောင်း ဆလီကာထံ စာရေးလိုက်သည်။

စိတ်လှုပ်ရှားမှုဖြင့် ကတုန်ကယင် ဖြစ်နေရင်း ဆလီကာ အိမ်မှ ထွက်သွားသည်။ အပြာနုရောင် ကတ္တီပါ ဝတ်စုံနှင့် လက်ဝတ်ရတနာများကို ဆင်မြန်းသွား၏။

သူမနှင့်အတူ သူငယ်ချင်းတယောက် ပါသွားပြီး အနီရောင်ဆွယ်တာ ဝတ်ထားသည့် အရပ်မြင့်မြင့် ကောင်လေးကို ဖြတ်လျှောက်သွားစဉ် ကောင်လေးသည် မျက်နှာကို တဖက်သို့ လှည့်နေပြီး လုံးဝ လှုပ်ရှားခြင်း မရှိချေ။

"နက်ဖြန်ကျရင် မျက်နှာ လှည့်ပြရမယ်" ဟု သူမ စာရေးပြီး ရှက်ဘ်နမ်၏လက်ထဲသို့ ထည့်လိုက်၏။

သို့သော် နက်ဖြန်ကျတော့လည်း သူ မလှုပ်ရှားပြန်ပါ။

တတိယမြောက်နေ့တွင်မှ သူမဘက်သို့ သူ မျက်နှာလှည့်သည်။ သူမ ဆက်လျှောက်မြဲ လျှောက်သွားစဉ် ရင်ဖိုခြင်းမှသည် သည်းထန်သောအချစ် ဖြစ်ပေါ်လာသတတ်။ သူသည် ထူးထူးခြားခြား ကြည့်ကောင်းသူ မဟုတ်သော်လည်း စာရေးတာ သူပဲ။ စာ အပြန်အလှန် ပေးကြ၊ တိတ်တခိုး ကြည့်ကြဖြင့် လပေါင်းများစွာ ကြာညောင်းခဲ့။

ဤ ရှေးဦး ပြစ်မှုများအပြင် ပြစ်မှု အသစ်များ ထပ်တိုးလာလေသည်။ ကောင်လေး တယောက်ထံမှ စာများကို သူမ လက်ခံခဲ့သည်။ ထို့ပြင် ကောင်လေးကို သူမ အဖြေ ပေးခဲ့ပြီးပြီ။ သူမ၏မိဘများက ရွေးချယ်ပေးမထားသူ တယောက်နှင့် သူမ ချစ်ကြိုက်လျက် ရှိပြီ။ သူ့ကို မိဘများ သဘောမကျကြောင်း သူမ သိပါ၏။ သူ့မှာ ပညာ မရှိ၊ ပိုက်ဆံ မရှိ၊ မိသားစု အဆင့်အတန်း မရှိ။ ဟာယာတဘဒ်မှာ မိဘများက ဤ အရည်အချင်းများကို ထည့်တွက်ချင်ကြသည်။ ဆလီကာ၏ အစ်မတုန်းက ဖခင်နှင့် ငါးနှစ်တိုင်တိုင် တိုက်ပွဲဝင်ပြီးမှ လက်ထပ်ဖြစ်ခဲ့သည်။ မိဘ ရွေးချယ်မပေးသူ တယောက်ကို သူမ မေတ္တာသက်ဝင်ပြီး ထိုသူကို စွန့်လွှတ်ဖို့ သူမ ငြင်းဆန်ခဲ့၏။ ချစ်သူနှစ်ဦးက အိပ်ဆေး တပုလင်းလုံး ကုန်အောင် သောက်လိုက်ကြရာ ဆေးရုံသို့ အပြေးအလွှား တင်လိုက်ရပြီး ကံကောင်းထောက်မစွာ အသက် ချမ်းသာရာ ရသွားကြသည်။ ဤတွင်မှ သူတို့နှစ်ယောက်ကို မိဘများက သဘောတူကြတော့၏။

တနေ့တွင် ဆလီကာနှင့် နာဒင် တွေ့ဖို့ အခြေအနေ ပေးလာသည်။ မိခင်က အစ္စလာမ္မာဘာဒ်ရှိ ဆွေမျိုးများထံ သွားနေပြီး ဦးလေးက အိမ်တွင် တနေကုန် မရှိ။ ဦးလေး၏ဇနီးသာ အိမ်တွင် ကျန်ရစ်သည်။

သူမအား ဆလီကာက သူငယ်ချင်းများထံ သွားမည်ဟု ခွင့်တောင်းရာ "နင့်ကို ခွင့်ပြုထားလို့လား" ဟု ဦးလေး၏ဇနီးက မေးသည်။

ဆလီကာ့ဖခင်မှာ ဟော်လန်နိုင်ငံရှိ ဒုက္ခသည် စခန်းတခုတွင် ရောက်ရှိနေသဖြင့် ဦးလေးက မိသားစု အကြီးအကဲ ဖြစ်နေသည်။ ဖခင်မှာ ဟော်လန်တွင် အလုပ်ရပြီး အိမ်သို့ ပိုက်ဆံ ပြန်ပို့နိုင်အောင်၊ မိသားစုတစုလုံးကို ခေါ်ယူနိုင်အောင် ခွင့်ပြုချက် လက်မှတ်ရဖို့ စောင့်နေခြင်း ဖြစ်သည်။

"အိမ်အလုပ်တွေ ပြီးရင် သွားလို့ အမေက ပြောထားတယ်"

ဆလီကာ လိမ်လိုက်၏။

သူငယ်ချင်းထံသို့ သူမ မသွားပါ။ နာဒင်ထံသို့ ရောက်သွားသည်။

လမ်းထောင့်တွင် ခရီးသွား ဟန်လွဲ တွေ့သလို တွေ့ကြတော့ "ငါတို့ ဒီမှာ စကားပြောလို့ မဖြစ်ဘူး" ဟု ဆလီကာ ကသုတ်ကရက် ပြောသဖြင့် နာဒင်က တက္ကစီတစီး ခေါ်လိုက်ပြီး ဆလီကာအား ကားထဲသို့ တွန်းသွင်းလိုက်၏။ ကားထဲမှာ သူစိမ်း ယောကျ်ားတယောက်နှင့်အတူ တွဲမထိုင်ဖူးခဲ့သော ဆလီကာသည် နှလုံးတုန် ရင်တုန် ဖြစ်လျက်။ ယောကျ်ားနှင့် မိန်းမ တွဲလျှောက်နိုင်သော ပက်ရှ်ဝါက ပန်းခြံတခုမှာ တက္ကစီ ရပ်လိုက်သည်။

ပန်းခြံထဲမှ ခုံတန်းတခုတွင် သူတို့နှစ်ယောက် ထိုင်ကြသည့် နာရီဝက်လောက် အချိန်အတွင်း နာဒင်သည် သူ၏ အနာဂတ် အစီအစဉ်များကို ချပြနေ၏။ သူက ကော်ဇော ရောင်းချင်သည်ဟု ပြောသည်။ ဆလီကာက သူတို့အား တယောက်ယောက်များ မြင်သွားလေမလားဟု အထိတ်ထိတ် အလန့်လန့် ဖြစ်လျက်။ သူမ အိမ်ပြန်ရောက်တော့ မိုးမီးလောင်နှင့်ပြီ။ သူမနှင့် နာဒင် တက္ကစီ စီးသွားကြသည်ကို ရှက်ဘ်နမ် တွေ့သွားပြီး ရှရီဖာကို ပြောလိုက်သည်။ ရှရီဖာက ဆလီကာ့ ဦးလေး၏ မိန်းမကို ထပ်ဆင့် ပြောလိုက်ပြန်သည်။

ဆလီကာ ပြန်ရောက်လာသည့်အခါ ဦးလေး၏မိန်းမက ရိုက်နှက်ပြီး အခန်းထဲမှာ ပိတ်လှောင်ထားလိုက်ကာ အစ္စလာမ္မာဘာဒ်တွင် ရောက်နေသည့် ဆလီကာ့မိခင်ထံ ဖုန်းဆက်လိုက်သည်။ ဦးလေး ပြန်ရောက်လာချိန်တွင် မိသားတစုလုံး အခန်းထဲသို့ ဝင်သွားကာ အကျိုးအကြောင်း မေးမြန်းကြသည်တွင် တက္ကစီအကြောင်း၊ ပန်းခြံအကြောင်း၊ ထိုင်ခုံ အကြောင်းများကို ကြားရသဖြင့်

ဒေါသကို ထိန်းမထားနိုင်ကြ။ အဒေါ်က ချုပ်ပေးထားသည့် တူမကို ဦးလေးက ဝါယာကြိုးဖြင့် ရိုက်နှက်ပြီး မျက်နှာကိုလည်း လက်သီးနှင့် ထိုးသောကြောင့် ပါးစပ်နှင့် နှာခေါင်းမှ သွေးများ ယိုစီးကျလာတော့၏။

"နင် ဘာတွေလုပ်ခဲ့သလဲ၊ နင် ဘာတွေလုပ်ခဲ့သလဲ၊ နင်ဟာ မိသားစုကို သိက္ခာချတဲ့လူ၊ ငါတို့ကို သက်သက် အရှက်ခွဲတယ်၊ နင်ဟာ ပြည့်တန်ဆာမ"

သူ့အသံသည် အိမ်ထဲတွင် ပဲ့တင်ထပ်နေပြီး အိမ်နီးချင်းတို့၏ အိမ်ပြတင်းပေါက်များထဲသို့ ဝင်ရောက်သွား၏။

အချိန် သိပ် မကြာလိုက်ခင်မှာပင် ဆလီကာ့ပြစ်မှုကို အားလုံး သိကုန်တော့သည်။

ဆလီကာသည် ပိတ်လှောင်ထားသော အခန်းထဲတွင် လဲလျောင်းရင်း အလ္လာ အရှင်မြတ်အား တိုင်တည်နေလေသည်။ နာဒင် လာတောင်းပါစေ၊ မိဘများက လက်ထပ်ခွင့် ပေးပါစေ၊ ကော်ဖောဆိုင်တဆိုင်မှာ နာဒင် အလုပ် ရပါစေ၊ သူတို့ ထွက်ပြေးနိုင်ပါစေ။

"တက္ကစီ တစီးထဲမှာ ကောင်လေးတယောက်နှင့်အတူ ဆလီကာ ထိုင်နိုင်ရင် တခြား ကိစ္စတွေကိုလည်း လုပ်နိုင်မှာပဲ"

အဒေါ့်မိတ်ဆွေ နာစ်ရင်က ဆလီကာ့အမေကို မောက်မာသောအကြည့်ဖြင့် ကြည့်ကာ လှမ်းပြောပြီးနောက် အချိုမုန့်များကို ဇွန်းကြီးတဇွန်းဖြင့် ပါးစပ်ထဲသို့ ထိုးသွင်းကာ နောက်လူ တယောက်၏ ထင်မြင်ချက်ကို ငံ့လင့်နေ၏။

"ဆလီကာက ပန်းခြံထဲမှာ ထိုင်ရုံပဲရှိတာ၊ ဒီလောက်တောင် သေလုမြောပါး ရိုက်ဖို့ မလိုပါဘူး" ဟု ဆရာဝန်တယောက်ဖြစ်သည့် ရှီရင်က ပြောသည်။

"သူ ရိုက်တာကို ကျွန်မတို့ ရပ်တန်းကရပ်ဖို့ မပြောနိုင်ရင် ဆလီကာကို ဆေးရုံ ပို့ရလိမ့်မယ်၊ ညက တညလုံး ခြံဝင်းထဲမှာ ဆလီကာ ဆုတောင်းနေတာ ကျွန်မ တွေ့တယ်" ဟု ရှရီဖာက ပြောသည်။

သူမ အိပ်မပျော်သောညတွင် ဆလီကာအား တွေ့လိုက်ခြင်းဖြစ်သည်။

မိန်းမများ သက်ပြင်း ချကြသည်။ တယောက်က ဘုရားစာ ရွတ်သည်။ ပန်းခြံထဲမှာ နာဒင်နှင့် တွေ့သဖြင့် ဆလီကာ အမှားကြီးတခုကို ကျူးလွန်သည်ဟု သူတို့အားလုံး လက်ခံကြသော်လည်း တားမြစ်ထားသည်ကို မနာခံရုံပဲလား၊ ဆိုးဝါးသော ပြစ်မှုတခုကို ကျူးလွန်ခဲ့သလား ဆိုတာကိုတော့ မပိုင်းဖြတ်နိုင်ကြချေ။

"ရှက်စရာ ကောင်းလိုက်တာ၊ ရှက်စရာ ကောင်းလိုက်တာ၊ ကျွန်မသမီးဟာ ဘာကြောင့်များ ဒီလို လုပ်တာပါလိမ့်" ဟု ဆလီကာ့အမေက ညည်းညူ၏။

မိန်းမများက ဆက်လက် ဆွေးနွေးကြသည်။ အကယ်၍ နာဒင်က ဆလီကာအား လက်ထပ်ခွင့် တောင်းလျှင် ရှက်စရာအဖြစ်ကို မေ့ပျောက်သွားကြလိမ့်မည်။ သို့သော် ဆလီကာ့ အမေကတော့ နာဒင်ကို သမက်တော်ဖို့ သိပ် စိတ်မပါချေ။ နာဒင့်မိသားစုက ဆင်းရဲသည်။ နာဒင်က ပညာမတတ်။ လမ်းတကာမှာ ဟိုဟိုသည်သည် ခြေစကြာ လျှောက်ဖြန့်နေသူ။ ခန့်ပြီး မကြာမီ ပြုတ်သွားသည့် သူ လုပ်ဖူးသောအလုပ်မှာ ကော်ဇော စက်ရုံတရုံတွင် ဖြစ်၏။ နာဒင့်ကို ဆလီကာ လက်ထပ်လျှင် ဘယ်တုန်းကမျှ အိုးပိုင်အိမ်ပိုင် မရှိသည့် နာဒင့်မိသားစုနှင့်အတူ လိုက်နေရလိမ့်မည်။

"နာဒင့်အမေက အိမ်ရှင်မကောင်း တယောက် မဟုတ်ဘူး၊ သူတို့အိမ်မှာဆို ရှုပ်ပွ ညစ်ပတ်နေတာပဲ၊ မိန်းမက ပျင်းလည်း ပျင်းတယ်၊ အိမ်လည်း ကပ်တယ် မရှိဘူး" ဟု မိန်းမ တယောက်က ပြောသည်။

အသက်ကြီးကြီး မိန်းမတယောက်က နာဒင့်အဘွားအကြောင်းကို "သူတို့ ကဘူးလ်မှာ နေတုန်းက လာသမျှလူကို လက်ခံနေတာပဲ၊ အဲဒီမိန်းမ အိမ်မှာ တယောက်တည်း ရှိနေတဲ့ အချိန်မှာတောင် ယောကျ်ားတွေ လာကြတယ်၊ ဆွေမျိုးလည်း မတော်ကြဘဲနှင့်" ဟု ပြန်ပြောင်း ပြောပြလေသည်။

မိန်းမတယောက်က ဆလီကာ့အမေဘက်သို့လှည့်၍ "ကျွန်မစိတ်ထင်တာ ပြောရရင် ဆလီကာဟာ နည်းနည်းတော့ ဟိတ်ဟန် များတယ်ရှင့်၊ အမြဲတမ်း မိတ်ကပ်လိမ်းပြီး ရှိုးကျကျ ဝတ်နေတာ၊ သူ့ခေါင်းထဲမှာ လင်စိတ် သားစိတ် ရှိနေတာ ရှင်သိခဲ့ဖို့ ကောင်းတာပေါ့"

ထို့နောက် ဆလီကာ့အမေအား ကိုယ်ချင်းစာနာသောအားဖြင့် သူတို့အားလုံး တိုင်ပင်ထားသလို စကားစ ပြတ်သွားကြ၏။ မိန်းမတယောက်က နှုတ်ခမ်း သပ်လိုက်သည်။ စားဖို့ သောက်ဖို့ အချိန်ကျပြီ။ မိန်းမများ တယောက်ပြီး တယောက် ထိုင်နေရာမှ မတ်တတ် ထရပ်လိုက်ကြသည်။ သူမ၏အခန်း သုံးခန်းဆီသို့ ရှရီဖာ လှေကားမှ တက်သွားသည်။ ဆလီကာအား ပိတ်လှောင်ထားသည့်အခန်းကို သူမ ဖြတ်သွား၏။ မိသားစု ဆုံးဖြတ်မပြီးခင်အထိ ထိုအခန်းထဲမှာ ဆလီကာ ရှိနေလိမ့်မည်။

ရှရီဖာ သက်ပြင်း ချလိုက်သည်။ အိမ်နီးချင်း ဂျမီလာအပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်ကို သူမ သတိရလိုက်သည်။

ဂျမီလာက ဆွေကြီးမျိုးကြီးထဲကပါ။ သူမသည် ချမ်းသာသူ၊ အပြစ်ပြောစရာ

မရှိသူ၊ ပန်းလေးတပွင့်လို လှပသူ။ နိုင်ငံခြားတွင် အလုပ်သွားလုပ်သည့် ဆွေမျိုးတယောက်က ပိုက်ဆံ ရှိသဖြင့် ဆယ့်ရှစ်နှစ်သမီးလေး ဂျမီလာကို တောင်းရမ်း ယူနိုင်ခဲ့သည်။ မင်္ဂလာဆောင်သည် ထူးထူးခြားခြား ပါ။ ဧည့်သည် ငါးရာ၊ အစားအသောက် အလျှံပယ်၊ ဝင်းပ တောက်လက်နေသော သတို့သမီး။ သတို့သားကို မင်္ဂလာဆောင် မတိုင်မီက ဂျမီလာ မတွေ့ဖူးခဲ့။ မိဘများက အစစ အရာရာ စီစဉ်ခြင်း ဖြစ်သည်။ သတို့သားက အရပ်မြင့်မြင့်၊ ပိန်ပိန်၊ အသက်က လေးဆယ်ဝန်းကျင်။ အာဖဂန် ထုံးစံအတိုင်း လက်ထပ်ရန် နိုင်ငံခြားမှ ပြန်လာခဲ့သူ။ ကြင်စဦး ဇနီးမောင်နှံ အဖြစ် သီတင်း နှစ်ပတ် ကြာအောင် အတူတကွ နေထိုင်ကြပြီးနောက် ဂျမီလာ လိုက်လာရန် ဗီဇာလုပ်ဖို့ နိုင်ငံခြားသို့ ပြန်သွားလေသည်။ လင်၏ ညီနှစ်ယောက်၊ သူတို့၏ မယားနှစ်ယောက်တို့နှင့် အတူ ဂျမီလာ နေခဲ့၏။

သုံးလကြာပြီးနောက် ပုလိပ်က သူမအကြောင်းကို ဖွင့်ချသဖြင့် ဂျမီလာအား သူတို့ စိတ်ဆိုးကြသည်။

ဂျမီလာ၏ အိပ်ခန်းပြတင်းသို့ လူတယောက် ကျော်ဝင်သွားသည်ကို ပုလိပ်က တွေ့သည်တဲ့။

လူကို မဖမ်းမိသော်လည်း ဂျမီလာ့အခန်းထဲမှာ သူပိုင် ပစ္စည်းတချို့ကို လင်၏ညီက တွေ့သွားသဖြင့် ဂျမီလာအား နှင်လွှတ်လိုက်ကြသည်။

မိသားစု ခေါင်းချင်း ရိုက်နေစဉ် နှစ်ရက်တိုင်တိုင် ဂျမီလာအား အခန်းထဲမှာ လှောင်ပိတ်ထားကြ၏။

သုံးရက်ကြာပြီးနောက် ဂျမီလာ ခတ်လိုက်၍ သေသွားပြီဟု ဂျမီလာ့အစ်ကိုက အိမ်နီးချင်းများအား သတင်းဖြန့်လိုက်သည်။

နောက်တနေ့တွင် ဈာပန ချ၏။ ပန်းပွင့်များ၊ တည်ကြည် လေးနက်သော မျက်နှာများ။

အမေနှင့် အစ်မများမှာ ဖြေမဆည်နိုင်ကြ။ ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝတပါးသို့ ပြောင်းရွှေ့ သွားရှာသည့် ဂျမီလာအတွက် အားလုံးက ဝမ်းနည်း ပူဆွေးကြ။

"မင်္ဂလာဆောင် စည်ကားသလို ဈာပနလည်း စည်ကားတာပဲ" ဟု သူတို့ ပြောကြသည်။

မိသားစုဂုဏ်ကို ကယ်တင်နိုင်လိုက်ပြီ။

ရှရီဖာ့ထံမှာ ရှိသော မင်္ဂလာဆောင် ဗီဒီယိုခွေကို ဂျမီလာ့အစ်ကိုက ငှားသွားပြီး ပြန်မပေးတော့။ မင်္ဂလာ ဆောင်ခဲ့ပါသည်ဟု ပြောစရာ ဘာတခုမျှ မကျန်တော့။

ရှရီဖာ့မှာတော့ ဓာတ်ပုံတချို့ ရှိနေသေး၏။ ကိတ်မုန့်လှီးနေသော မင်္ဂလာမောင်နှံကို ကြည့်ရသည်မှာ ခမ်းကြီးနားကြီး ဖြစ်နေလေသည်။

ဂျမီလာသည် အဖြူရောင် ဝတ်ရုံနှင့် မျက်နှာလွှား ဇာတို့ကို ဆင်မြန်းထားပြီး နက်မှောင်သော ဆံကေသာ၊ နီမြန်းသော နှုတ်ခမ်းအစုံတို့ဖြင့် အလှကြီး လှနေတော့၏။

ရှရီဖာ သက်ပြင်းရှိုက်လိုက်သည်။ ဂျမီလာ ပြစ်မှု ကျူးလွန်လိုက်တာပဲ။ သို့သော် ကောက်ကျစ်သော နှလုံးသားဖြင့် ကျူးလွန်ခြင်းတော့ မဟုတ်၊ မသိနားမလည်မှုဖြင့် ကျူးလွန်ခြင်း ဖြစ်သည်။

"ဂျမီလာ မသေသင့်ပေမဲ့ အလ္လာ အရှင်မြတ်က စီရင်ချက် ချလိုက်တာကိုး" ဟု ရေရွတ်ပြီး ဆုတောင်းစာတပုဒ်ကို တီးတိုး ရွတ်ဆိုလိုက်သည်။ သို့သော်ငြား သူမ စိတ်အနှောင့်အယှက် ဖြစ်ရသည့် အကြောင်းတခု ရှိနေ၏။ မိသားစု ခေါင်းချင်းရိုက်ကြသည့် နှစ်ရက်တွင် ဂျမီလာ၏ အမေအရင်းကိုယ်တိုင်က သူမအား သတ်ပစ်လိုက်ဖို့ သဘောတူခြင်းဖြစ်သည်။ သူမ၏သမီးကို သတ်ဖို့ သူမ၏သား သုံးယောက်အား စေလွှတ်သူမှာ အမေကိုယ်တိုင်။ ညီအစ်ကိုသုံးယောက် ဂျမီလာ အခန်းထဲသို့ အတူတကွ ဝင်သွားကြပြီး သူမ၏မျက်နှာပေါ်ကို ခေါင်းအုံးတလုံးဖြင့် အတူတကွ ဖိကြသည်မှာ ဂျမီလာ အသက်ဇီဝိန် ချုပ်ငြိမ်းသွားသည်အထိ။

ထို့နောက် ညီအစ်ကို သုံးယောက် အမေ့ထံသို့ ပြန်လာခဲ့ကြ၏။

ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းနှင့် သီချင်း

အာဖဂန်နစ္စတန်တွင် မိန်းမတယောက်အချစ်ကို တမ်းတခြင်းသည် ရှောင်ကြဉ်ရန်အမှု ဖြစ်သည်။ ယင်းကို လူမျိုးစုတို့၏ဂုဏ်သိက္ခာ အယူအဆနှင့် ဘာသာရေးဆရာတို့က တားမြစ် ပိတ်ပင်ထား၏။ လူငယ်လူရွယ်များတွင် အချင်းချင်း တွေ့ဆုံဖို့၊ တယောက်နှင့် တယောက် ချစ်ဖို့၊ တယောက်ကို တယောက်က ရွေးချယ်ဖို့ အခွင့်အရေး မရှိချေ။ အချစ်တွင် စိတ်ကူးယဉ်စရာ မရှိသလောက် နည်းပါး၏။ အချစ်ကို သေဒဏ်ထိုက်သင့်သော ပြစ်မှုကြီးတခုဟု အဓိပ္ပာယ် ကောက်နိုင်သည်။ စည်းကမ်းမဲ့သူများ ရက်ရက်စက်စက် အသတ်ခံကြရသည်။ အပြစ်ရှိ၍ စီရင်တော့မည်ဆိုလျှင် အစဉ်သဖြင့် မိန်းမများချည်းသာ ဖြစ်နေတတ်၏။

မိန်းမပျိုလေးများ ပစ္စည်းနှင့် ဖလှယ်ခံကြရ၊ ရောင်းချခံကြရသည်။ အိမ်ထောင်ရေး ဆိုသည်မှာ မိသားစု တခုနှင့် တခုအကြား သို့မဟုတ် မိသားစုအတွင်းရှိ သဘောတူ စာချုပ်တခု။ အိမ်ထောင်ရေးအား မျိုးနွယ်စု အကျိုးအမြတ်ကို ကြည့်၍သာ ဆုံးဖြတ်ကြပြီး ခံစားချက်ကို ထည့်တွက်ခဲ၏။

ရာစုနှစ်ပေါင်းများစွာအတွင်း မတရားမှုများကို ခံစားခဲ့ကြရသူများမှာ အာဖဂန် မိန်းမသားများပါ။ သီချင်းနှင့် ကဗျာတို့တွင် သူတို့၏ဘဝများကို ထင်ရှားပြခဲ့ကြ၏။ သီချင်းများသည် ပုံနှိပ်ထုတ်ဝေရန် မဟုတ်သော်လည်း ပွဲတင်သံများကား တောင်တန်းများနှင့် သဲကန္တာရများတွင် ခိုတွဲ ရစ်သီလျက် ရှိနေကြဆဲ။

"သူတို့သည် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းနှင့် သီချင်းနှင့်အတူ ကန့်ကွက် ဆန္ဒပြကြသည်" ဟု ပါရှ်တွန် အမျိုးသမီးများ ရေးသားသည့် ကဗျာပေါင်းချုပ်စာအုပ်တွင် အာဖဂန် စာဆို ဆရက် ဘာဟိုဒင် မာ့ဂျ်ရောင်းက ရေးသားထား၏။ ကဗျာများကို သူ့ခယ်မ၏ အကူအညီဖြင့် စုဆောင်းခဲ့ခြင်းဖြစ်သည်။ စာဆို မာ့ဂျ်ရောင်းကိုယ်တိုင် ၁၉၈၈ ခုနှစ်တွင် ပက်ရှ်ဝါမြို့၌ တင်းကျပ်သော ဘာသာရေးဝါဒီတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။

ကဗျာများမှာ လူပြောသူပြော များလှပြီး ရေတွင်းနား၊ လယ်တောသို့ အသွားလမ်း ခရီး၊ မုန့်ဖိုနားတို့တွင် မိန်းမချင်း ဖလှယ်ခဲ့ကြသည့် ကဗျာများဖြစ်ကြ၏။ တားမြစ်ပိတ်ပင်ထားသော အချစ်အကြောင်းကို သူတို့ပြောကြပြီး သူတို့ပြောသည့် ချစ်သူသည် သူတို့လက်ထပ်ရအံ့သော ယောက်ျား မဟုတ်သည်မှာ သေချာလှ၏။ သူတို့ထက် များစွာ အသက်ကြီးနေလေ့ရှိသည့်

လင်ယောကျ်ားအား နှလုံးနာလှပုံကို သူတို့ပြောကြသည်။ မာနနှင့် သတ္တိကိုလည်း သူတို့ ဖော်ပြကြပေသေး၏။

ကဗျာများကား စာကြောင်းရေ အနည်းငယ်သာ ပါသည့် ကဗျာတိုများပါ။ ခေးဖြင့်ထိုး၍ "စူးစူးဝါးဝါး အောင်လိုက်သည့် အသံ" နှင့် တူသည်ဟု မော့ဂျ်ရောင်းက ကဗျာများကို တင်စားထား၏။

ရက်စက်တဲ့ လူတွေ၊ ကျွန်မ အိပ်ရာဆီ

အဘိုးကြီး လာတာကို ရှင်တို့ မြင်နိုင်လျက်သား။

ဒါနှင့်တောင် ဘာဖြစ်လို့ ကျွန်မ ငိုပြီး

ဆံပင်တွေကို ဆုတ်ခြေ ပစ်တာလဲလို့

ရှင်တို့ မေးမှ မေးရက်ကြပလေ။

အို .. ဘုရားသခင်၊ မှောင်လွန်းတဲ့ ညတညကို

တပည့်တော်မထံ အရှင် နှင်းအပ်ပြန်ပြီ။

တပည့်တော်မ တကိုယ်လုံးလည်း တုန်လှုပ် ချောက်ချားရပြန်ပြီ။

တပည့်တော်မ မုန်းသည့် အိပ်ရာထက်သို့

လှမ်းတက်ရဦးတော့မည်။

ကဗျာထဲမှ မိန်းမများသည် ပုန်ကန်သူများလည်း ဖြစ်ကြပေ၏။ အချစ်ဓလေ့ရမ္မက်ကို တားမြစ်ပြီး မနာခံသူအား အကြင်နာတရား ကင်းမဲ့စွာ ပြစ်ဒဏ်ပေးသည့် လူ့အဖွဲ့အစည်းတခုတွင် သူတို့သည် အချစ်အတွက် အသက်စွန့်သူများပါ။

ချစ်သူ၊ ရှင့်လက်ကို ပေးပါ၊

မြက်ခင်းထဲမှာ ကျွန်မတို့ ပုန်းကြမယ်။

ချစ်ကြဖို့ ဒါမှမဟုတ် ခေါးချက်တွေ အောက်မှာ လဲလျောင်းဖို့။

မြစ်ထဲကို ခုန်ဆင်းပေမဲ့

ရေစီးကြောင်းက ကျွန်မကို သယ်ဆောင်မသွား။

ကျွန်မလင် ကံကောင်းလှ၊

ကမ်းသို့သာ ကျွန်မ အမြဲတမ်း ပြန်ကပ်ခဲ့ရ။

နက်ဖြန် မနက်

ရှင့်ကြောင့် ကျွန်မ အသတ် ခံရတော့မယ်။

ကျွန်မကို မချစ်ဘူးလို့ မပြောလိုက်ပါနှင့်ကွယ်။

"စူးစူးဝါးဝါး အော်လိုက်သည့် အသံ" အားလုံးနီးပါးသည် စိတ်ထိခိုက်စရာများနှင့် ရှင်လျက် သေနေရသည့်ဘဝတို့နှင့် ပတ်သက်ကြ၏။

မိန်းမတယောက်က နောင်ဘဝတွင် မိန်းမတယောက်အဖြစ်ကို မပေးဘဲ ကျောက်တုံးတတုံး အဖြစ်ကိုသာ ပေးသနားပါဟု ဘုရားသခင်ထံ လျှောက်ထားသည်။ မျှော်လင့်ချက်နှင့် ပတ်သက်သည့် ကဗျာတပုဒ်မျှ မပါ။ မျှော်လင့်ချက် ကင်းမဲ့ခြင်းကသာ ကြီးစိုးနေ၏။

မိန်းမများ ကျေနပ်လောက်အောင် မနေကြရ။ သူတို့၏အလှ၊ သူတို့၏ပျိုမျစ်နုနယ်မှု၊ အချစ်၏ ပျော်ရွှင်မှု အသီးအပွင့်များကို မည်သည့်အခါမျှ မမြည်းစမ်းကြရ။

နှင်းဆီ တပွင့်လို ကျွန်မ လှတယ်။

ရှင့် အောက်မှာ

လိမ္မော်သီးလို ကျွန်မ အဝါရောင် ပြောင်းသွားပေါ့ ။

ဒုက္ခ ဆိုတာ ဘယ်တုန်းကမျှ ကျွန်မ မသိ။

ဒါ့ကြောင့် ထင်းရှူးပင်လို

ကျွန်မ ဖြောင့်ဖြောင့်မတ်မတ် ကြီးပြင်းခဲ့။

ကဗျာများတွင် ချီးသာခြင်းလည်း ပြည့်လျှမ်းနေပါသည်။ မိန်းမသည် ယောက်ျားများ၏ ခွန်အားဗလကို ချောက်ချားချင်သလို၊ ဆွပေးချင်သလို လူမဆန်သော ရိုးသား မှန်ကန်မှု၊ စွဲမက်ဖွယ် ကောင်းသော အချစ်နှင့် တားမြစ်ထားသော သစ်သီးတို့ဖြင့် သူမ၏ကိုယ်ခန္ဓာကို အမွမ်းတင်ထားလေသည်။

ရှင့်နှုတ်ခမ်းတွေကို

ကျွန်မရဲ့ နှုတ်ခမ်းတွေပေါ် တင်လိုက်ပါ။

ဒါပေမဲ့ ကျွန်မရဲ့လျှာကိုတော့

အချစ်အကြောင်း ပြောနိုင်အောင်

လွတ်လွတ်လပ်လပ် ရှိပါစေ။

ကျွန်မကို ရှင့်ရင်ခွင်ထဲမှာ အရင် ပွေ့ထားပါ။

အဲဒီနောက် ကျွန်မရဲ့ကတ္တီပါ ပေါင်တံတွေမှာ

ရှင့်ကိုယ်ကို ရစ်ဖွဲ့နိုင်ပါပြီ။

ကျွန်မရဲ့နှုတ်ခမ်းတွေကို ရှင် ပိုင်ပါတယ်။

စားသုံးလိုက်စမ်းပါ မကြောက်ပါနှင့်။

အဲဒါ ပျော်ဝင်သွားနိုင်တဲ့

သကြားနှင့် လုပ်ထားတာ မဟုတ်ပါဘူး။

ကျွန်မရဲ့နှုတ်ခမ်းတွေကို ရှင် နမ်းနိုင်လျက်သားနှင့်

ဘာဖြစ်လို့ ကျွန်မကို လှုံ့ဆော်နေတာလဲ။

ကျွန်မမှာ စိုရွှန်းလှပေါ့။

ကျွန်မ ရှင့်ကို ပြာဖြစ်အောင် လုပ်လိုက်မယ်။

ရှင့်ဘက်ကို တခဏလေးလောက်သာ

ကျွန်မအကြည့် လှည့်လိုက်ရင်။

လုပ်ငန်း ကိစ္စ ခရီး

အေးမြနေဆဲ ဖြစ်သည်။ မတ်စောက်သော ကျောက်တောင် ကမ်းပါးယံများကို နေခြည်ဦးတို့ တို့ထိခဲ့ပြီ။ အညိုရောင်ရှုခင်းသည် မီးခိုးရောင်သို့ ပြောင်းသွား၏။ တောင်၏ဆင်ခြေလျှော အားလုံးမှာ ကျောက်တုံးကျောက်ခဲတွေချည်းသာ။ လေနှင့် ရေတို့ တိုက်စားထားသည့် ကျောက်တုံးကြီးများက တောင်စောင်းထက်မှ လျှောကျတော့မယောင်။ မြင်းခွာများအောက်တွင် ကျောက်စရစ်ခဲများသည် တကျွိကျွိ မြည်သံပေးလျက်။ ကျောက်တုံးများအကြား ပေါက်ရောက်လျက် ရှိသည့် ဆူးလေပင်များက မောင်ခိုသမားများ၊ ဒုက္ခသည်များနှင့် ထွက်ပြေးလာသော စစ်သားများ၏ ခြေထောက်များကို ခြစ်မိကြသည်။ ရှုပ်ထွေးသော လူသွားလမ်းများသည် တခုကိုတခု ဖြတ်သန်းကာ ကျောက်တုံးကြီးများနောက်တွင် ပျောက်ကွယ်သွားကြ။

ဤလမ်းကြောင်းသည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အကြားတွင် လက်နက်နှင့် ဘိန်းမှောင်ခိုသမားများ၊ စီးကရက်နှင့် ကိုကာကိုလာဘူး မှောင်ခိုသမားများ အသုံးပြုသည့် လမ်းကြောင်းဖြစ်သည်။ လူသွားလမ်းလေးများကို ရာစုနှစ်ပေါင်းများစွာ လူတို့ နင်းလျှောက်ခဲ့ကြပြီ။ ဤလူသွားလမ်းကလေးများသည် တာလီဘန်နှင့် အယ်လ်ကိုင်ဒါ စစ်သည်များက အာဖဂန်နစ္စတန် ထိုးစစ် ရှုံးပြီဟု သဘောပေါက်သည့်အခါ ပါကစ္စတန်မှ မျိုးနွယ်စု ဒေသများသို့ ကုတ်ကတ် ရှောင်တိမ်းပြေးကြရာ လူသွားလမ်းလေးများ ဖြစ်ကြသည်။ ဤလူသွားလမ်းလေးများသည် မြင့်မြတ်သော မွတ်ဆလင်မြေကို သိမ်းပိုက်ထားကြသည့် မိစ္ဆာဒိဋ္ဌိ အမေရိကန် စစ်သားများအား တွန်းလှန် တိုက်ခိုက်ရန် ပြန်လာရာတွင် သူတို့ အသုံးပြုမည်ဖြစ်သည့် လူသွားလမ်းလေးများ ဖြစ်ကြသည်။ နယ်စပ် ဝန်းကျင်တဝိုက်ကို အာဖဂန် အာဏာပိုင်များကသော်လည်းကောင်း၊ ပါကစ္စတန် အာဏာပိုင်များကသော်လည်းကောင်း ထိန်းချုပ်ထားခြင်း မရှိချေ။ နယ်စပ် တဖက်တချက်ရှိ တစုံတရာသော အရပ်ဒေသများကို ပါ့ရှ်တွန် မျိုးနွယ်စုများက ကွပ်ကဲ အုပ်ချုပ်ကြသည်။ တရားဥပဒေ မဲ့မှုသည် ပါကစ္စတန် ဥပဒေထဲသို့ အကြီးအကျယ် လမ်းပွင့်သွား၏။ ပါကစ္စတန်ဘက်တွင် ကျောက်ခင်းလမ်းများနှင့် နယ်ခြားစည်းနှစ်ဖက် ကိုက်နှစ်ဆယ်အထိ အာဏာပိုင်များက စီမံခန့်ခွဲပိုင်ခွင့် ရှိ၏။ ကိုက်နှစ်ဆယ်ကိုလွန်သော် လူမျိုးစု ဥပဒေ ကြီးစိုးလေသည်။

ဤနေ့ နံနက်တွင် စာအုပ်ဆိုင်ပိုင်ရှင် စူလတန်ခန်းသည် ပါကစ္စတန် နယ်စပ်အစောင့်များကို ကျော်ဖြတ်သွားပါသည်။ ကိုက်တရာမဲ့မဲ့တွင် ပါကစ္စတန်

ပုလိပ်များ။ လူများ၊ မြင်းများနှင့် တနင့်တပိုး တင်ထားသည့် မြည်းများက ပုလိပ်များမှ ခပ်ခွာခွာ သွားနေသမျှသော ကာလပတ်လုံး ပုလိပ်များအနေဖြင့် ဘာမျှမလုပ်နိုင်။

သို့သော် လူတန်းကြီးကို အာဏာပိုင်များ မထိန်းနိုင်လျှင် ခရီးသည် အမြောက်အမြားမှာ ရပ်တန့်ပြီး လက်နက်ကိုင်များ (တခါတရံ ရိုးရိုးရွာသားများ) ၏ ဆက်ကြေးတောင်းခြင်း ခံရသည်။

စူလတန်သည် ကြိုတင် စီမံမှုများ ပြုလုပ်လာခဲ့၏။ ဆိုညာက သူ့အင်္ကျီလက်ထဲမှာ ပိုက်ဆံ ထည့်ချုပ်ပေးပြီး ပိုင်ဆိုင်ပစ္စည်းများကို ညစ်ပတ်ပေရေနေသည့် သကြားအိတ်ထဲတွင် ထည့်ယူလာခဲ့သည်။ သူသည် သူ၏ အဟောင်းဆုံး ရှဲလ်ဝါကမိဇ်ကို ဝတ်ဆင်လာ၏။

အာဖဂန် အများစုလိုပင် ပါကစ္စတန်သို့ဖြတ်သည့် နယ်စပ်သည် စူလတန်အတွက် ပိတ်ထားလေသည်။ ပါကစ္စတန်မှာ သူ့မိသားစု ရှိသည်၊ အိမ်ရှိသည်၊ စီးပွားရေးလုပ်ငန်း ရှိသည် ဆိုသောအချက်များသည် အရေးမကြီးချေ။ ပါကစ္စတန်တွင် သူ့သမီး ကျောင်းတက်နေပါသည် ဟုလည်း အကြောင်းပြလို့ မရ။

ဤအကြောင်းများကို ပြပြီး ပါကစ္စတန်နယ်စပ်ကို စူလတန် ဖြတ်ကျော်ခွင့် မရနိုင်။

နိုင်ငံတကာမှ ဖိအားပေးထားသဖြင့် တိုင်းပြည်အတွင်း အကြမ်းဖက်သမားများနှင့် တာလီဘန်များ ခိုအောင်းနေမည့်အဖြစ်ကို ကာကွယ်ရန် နယ်စပ်များကို ပါကစ္စတန်က ပိတ်ထားခဲ့၏။ သို့သော် အချည်းနှီးသာ။ အကြမ်းဖက်သမားများနှင့် စစ်သားများသည် နယ်စပ်တွင် ပေါ်မလာကြတော့။ သူတို့လက်ထဲတွင် နိုင်ငံကူးလက်မှတ် ကိုင်ထားကြသည်။ စီးပွားရေး လုပ်ငန်းကိစ္စဖြင့် ခရီးသွားသည့်အခါ စူလတန် အသုံးပြုသည့် လမ်းရိုးများကိုပင် သူတို့ အသုံးပြုကြသည်။ ဤနည်းဖြင့် လူထောင်ပေါင်းများစွာတို့ ပါကစ္စတန်ထဲသို့ ဝင်ရောက်ကြ၏။

မတ်စောက်သော ဆင်ခြေလျှောပေါ်တွင် မြင်းများ ရုန်းကန်ကြရသည်။ လူကောင်ထွားထွား စူလတန်က ကုန်းနှီးမဲ့ မြင်းပေါ်တွင် ကားရားခွထိုင်လျက်။ အဟောင်းနွမ်းဆုံး အဝတ်များကို ဝတ်ဆင်ထားသည့်တိုင် ကြည့်ကောင်းနေမြဲ။ မုတ်ဆိတ်ကို အမြဲတမ်း တိဖြတ်ထားသဖြင့် သူ၏ ပသီဦးထုပ်ကလေးသည် ဦးခေါင်းပေါ်တွင် အံဝင်ခွင်ကျ တည်နေ၏။

သူ့ကိုကြည့်ရသည်မှာ တောင်ပေါ်ရှုခင်း လာကြည့်သည့် လူကြီးလူကောင်းတယောက်နှင့် (ကြောက်လန့်ပြီး မြင်းဇက်ကြိုးကို

တင်းတင်းရင်းရင်း ဆုပ်ကိုင်ထားစဉ်မှာပင်) တူနေလေသည်။

သူ တုန်တုန်ယင်ယင် ဖြစ်နေသည်။ ခြေလှမ်းတချက် မှားလိုက်သည်နှင့် လူရော မြင်းပါ အသူတရာနက်သော ချောက်ထဲသို့ ကျသွားလတ္တံ့။ သို့သော် မြင်းသည် လူတယောက်ကို သယ်ဆောင်လာရသည့်အတွက် မည်သို့မျှ အနှောင့်အယှက် ဖြစ်ဟန်မရှိဘဲ သက်သောင့်သက်သာစွာ တအိအိ ခြေလှမ်းနှင်နေ၏။ အဖိုးတန် သကြားအိတ်ကို စူလတန့်လက်ထဲမှာ တင်းနေအောင် လုံးရစ်ထားသည်။ သကြားအိတ်ထဲတွင် သူ့ဆိုင်အတွက် ပုံနှိပ်ချင်သည့် စာအုပ်များနှင့် သူ၏ ဘဝ အလုပ် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည့် စာရွက်ပိုင်းတို့ ပါရှိသည်။

သူ့ကို ခြေကျင်လျှောက်နေသည့် အာဖဂန်များက ဝန်းရံလျက်။ သူတို့အားလုံး တားမြစ်ထားသောတိုင်းပြည်သို့ ဖြတ်ကျော်သွားရောက်ချင်သူများ။ ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းထားသော မိန်းမများက ဆွေမျိုးများထံ သွားရောက်လည်ပတ်ရန် မြင်းပေါ်တွင် တင်ပါးလွှဲ ထိုင်လျက်။ မိသားစုများနှင့်အတူ အိဒ်ပွဲတော် ဆင်နွှဲပြီး ပက်ရှ်ဝါရို တက္ကသိုလ်သို့ ပြန်လာသည့် ကျောင်းသားများလည်း ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်နိုင်သည့် မှောင်ခိုသမားများလည်း လူအုပ်ကြီးထဲတွင် ပါကောင်းပါနိုင်သည်။ စူလတန် မေးမကြည့်ချေ။ သူ့အလုပ်ကိစ္စနှင့် မြင်းဇက်ကြိုးပေါ်တွင်သာ အာရုံစိုက်လျက် ရှိပြီး ပါကစ္စတန် အာဏာပိုင်များကို မေတ္တာပို့နေ၏။

ဤခရီးသည် ပထမတရက်တွင် ကဘူးလ်မှနယ်စပ်သို့ ကားဖြင့်၊ ထို့နောက် ကြောက်မက်ဖွယ် ကောင်းသော နယ်စပ်ကားဂိတ်တွင် တညအိပ်၊ ထို့နောက် မြင်းစီး၍လည်းကောင်း၊ ခြေကျင်လည်းကောင်း၊ အမိုးမဲ့ ကုန်တင်ကားငယ်ကို စီး၍လည်းကောင်း သွားရောက်ရသည့် ခရီးဖြစ်သည်။ နယ်စပ်မှ ပက်ရှ်ဝါသို့ လမ်းမကြီးအတိုင်းသွားလျှင် တနာရီသာ ကြာသည်။ ပါကစ္စတန်ထဲသို့ ခိုးဝင်ရလျှင် သီကြွခါကျသည်ဟု စူလတန် ခံစားရ၏။

ပါကစ္စတန်သည် တာလီဘန်အစိုးရအား ငွေကြေးနှင့် လက်နက်များ ထောက်ပံ့လျက်ရှိပြီး ယခု မျက်နှာနှစ်မျိုး ရှိနေပြီဟု စူလတန် ထင်သည်။ ပါကစ္စတန်သည် အမေရိကန်ကို ဖော်လံဖားပြီး အာဖဂန်နယ်စပ်ကို ပိတ်ပစ်လိုက်၏။

တာလီဘန်အစိုးရကို တရားဝင် အသိအမှတ်ပြုသည့် နိုင်ငံပဟူ၍ ဆော်ဒီအာရေးဗီးယားနှင့် အာရပ် စော်ဘွားနိုင်ငံအပြင် ပါကစ္စတန်နိုင်ငံသာ ရှိ၏။ ပါကစ္စတန် အာဏာပိုင်များက ပါ့ရှ်တွန် လူမျိုးစုအား အာဖဂန်နစ္စတန်ကို ထိန်းချုပ်စေချင်သည်။ ပါ့ရှ်တွန်လူမျိုးစုမှာ နယ်စပ် တဖက်တချက်တွင် နေထိုင်ကြပြီး ပါကစ္စတန်၏ဩဇာကို အတိုင်းအတာတခုအထိ ခံနေရ၏။ ပါ့ရှ်တွန်

အားလုံးလောက်နီးပါးပင် တာလီဘန်များ ဖြစ်ကြသည်။ သူတို့သည် အာဖဂန်နစ္စတန်၏ အကြီးမားဆုံး လူမျိုးစုဖြစ်ပြီး တိုင်းပြည် လူဦးရေ၏ လေးဆယ်ရာခိုင်နှုန်းခန့် ရှိသည်။

မြောက်ပိုင်းတွင် အကြီးမားဆုံး လူမျိုးစုမှာ တာဂျစ်များ။ အာဖဂန် လေးပုံတပုံလောက်မှာ တာဂျစ်များ။ စက်တင်ဘာလ ၁၁ ရက် နောက်ပိုင်းတွင် အမေရိကန်က ထောက်ပံ့ထားသည့် မြောက်ပိုင်း မဟာမိတ်မှာ ခြုံကြည့်လျှင် တာဂျစ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သူတို့အပေါ် ပါကစ္စတန်က တစုံတရာသော အတိုင်းအတာဖြင့် သံသယ ရှိနေ၏။

တာလီဘန် ကျဆုံးပြီးနောက် အစိုးရအဖွဲ့အတွင်း ထည့်တွက်ရမည့် အင်အားတရပ်အဖြစ်သို့ တာဂျစ်တို့ ရောက်လာသည့်အတွက် ပါကစ္စတန် အများအပြားက မိမိတို့ကို ရန်သူတွေ (အရှေ့ဘက်တွင် အိန္ဒိယ၊ အနောက်ဘက်တွင် အာဖဂန်နစ္စတန်) ဝိုင်းနေပြီဟု ယူဆကြ၏။

သို့သော် အားလုံးကို ခြုံကြည့်လျှင် အမျိုးမျိုး အပြားပြားသော အာဖဂန် အုပ်စုများအကြား လူမျိုးရေး မုန်းတီးမှု ဆိုသည်မှာ မရှိသလောက်ပါ။ မိမိလူမျိုးစုအား တခြားလူမျိုးစုကို စစ်ပြုဖို့ အားပေးအားမြှောက် ပြုထားသည့် စစ်နယ်ရှင်များအကြား အာဏာလုရာမှ ပေါ်ပေါက်သည့် ပဋိပက္ခများသာ ဖြစ်သည်။ ပါ့ရှ်တွန် တန်ခိုးထွားလာပြီး နောက်ထပ် စစ်ပွဲတပွဲ ဖြစ်လာခဲ့သည် ရှိသော် မိမိတို့ အစုလိုက် အပြုံလိုက် အသတ်ခံကြရလိမ့်မည်ဟု တာဂျစ်တို့က တွေးကြောက်ကြသည်။ ပါ့ရှ်တွန်ကလည်း ဤအကြောင်းဖြင့်ပင် တာဂျစ်တို့ကို ကြောက်နေကြသည်။ တိုင်းပြည်၏ အနောက်မြောက်ဘက်ရှိ ဥဇဘက်နှင့် ဟာဇရာတို့ကလည်း အလားတူစွာပင် ဖြစ်သည်ဟု ဆိုနိုင်၏။ တခုတည်းသော မျိုးနွယ်စုအတွင်း လူမျိုးစု အကြီးအကဲ အချင်းချင်းကလည်း စစ်ခင်းနေခဲ့ကြသည်။

စူလတန်ကမူ မိမိ မည်သည့်မျိုးနွယ် ဖြစ်သည်ကိုလည်းကောင်း၊ တခြားလူတွေ မည်သည့် မျိုးနွယ် ဖြစ်သည်ကိုလည်းကောင်း အရေးစိုက် မနေနိုင်။ အာဖဂန်အများလိုပင် သူလည်း သွေးနှောသူပဲ။ သူ့အမေက ပါ့ရှ်တွန်၊ သူ့အဖေက တာဂျစ်။ သူ့ပထမ မယားက ပါ့ရှ်တွန်၊ ဒုတိယ မယားက တာဂျစ်။ တရားဝင် ပြောကြစို့ဆိုလျှင် မျိုးနွယ်သည် ဖခင်ဘက်မှ ဆက်ခံသောကြောင့် စူလတန်သည် တာဂျစ်တယောက်ပါ။ ပါ့ရှ်တူးနှင့် ဒါရီ (တာဂျစ်များ ပြောကြသည့် ပါရှန်စကား) ဘာသာစကား နှစ်မျိုးလုံးကို စူလတန် ပြောနိုင်သည်။

အာဖဂန်တို့အနေဖြင့် စစ်ကို အသာထား၍ တိုင်းပြည်ကို ပြန်လည် တည်ဆောက်ရန် စတင်သင့်ပြီဟု စူလတန် သဘောရသည်။ သူတို့၏အိမ်နီးချင်းများနှင့် နှိုင်းစာလျှင် ခေတ်နောက်ကျခဲ့ရသည်များကို ရင်းစား

ပြန်ရအောင် ဆောင်ရွက်ရန်မှာ စူလတန်၏ အိပ်မက် ဖြစ်၏။ သို့သော် ကောင်းမည့်ပုံတော့ မပေါ်။ တပြည်တည်းသားများကြောင့် စူလတန် စိတ်ပျက်ရသည်။

သူက အလုပ်ကို ချဲ့ထွင်နိုင်ရန် ဖြည်းဖြည်းမှန်မှန် ကြိုးစားလျက် ရှိစဉ် ရှာဖွေရရှိသည့် ငွေများကို ဖြုန်းတီးပစ်၊ မက္ကာသွား လုပ်နေကြသူများကြောင့် စူလတန် ဝမ်းနည်းပက်လက် ဖြစ်ရ။

မော်တော်ကား အပိုပစ္စည်းဆိုင်လေး ဖွင့်ပြီး စားဝတ်နေရေး ရပ်တည်နိုင်ရုံသာရှိသည့် ဝမ်းကွဲညီ ဝါဟာစ်နှင့် ပါကစ္စတန်သို့ ခရီးမထွက်မီလေးမှာ ဆွေးနွေးခဲ့ရသည်။ ဝါဟာစ်သည် စူလတန် ဆိုင်သို့ ခရီးသွားဟန်လွှဲ ဝင်လာပြီး မက္ကာသို့သွားဖို့ ပိုက်ဆံ စုမိပြီဖြစ်ကြောင်း စူလတန်ကို ပြောသည်။

“ဆုတောင်းရုံနှင့် မင်းရဲ့လိုအင်ဆန္ဒတွေ ပြည့်ဝလာမယ် ထင်လို့လား”

စူလတန်က အထင်သေးစွာ ပြန်မေး၏။

“ငါတို့ အလုပ်လုပ်ကြရမယ်၊ ကိုယ့်ပြဿနာ ကိုယ် ရှင်းရမယ်၊ ချွေးထွက်တဲ့အထိ ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရမယ်လို့ ကျမ်းစာထဲမှာ ပြောထားတယ်၊ ဒါပေမဲ့ ငါတို့ အာဖဂန်တွေဟာ လူပျင်းတွေကွ၊ ကိုရန်မှာ ပါတဲ့အတိုင်း မကျင့်ဘဲ အနောက်နိုင်ငံက ရရ အလ္လာ အရှင်မြတ်ဆီက ရရ အကူအညီကိုပဲ တောင်းနေကြတယ်”

“ဒါပေမဲ့ ကျမ်းစာက ဘုရားသခင်ကို ရှိခိုးရမယ်လို့လည်း ပြောထားသေးတယ် မဟုတ်လား အစ်ကို”

ဝါဟာစ်က စောဒက တက်သည်။

“အော်ဟစ်သံတွေ၊ သူ့ကို တိုင်တည်တဲ့ ဆုတောင်းသံတွေ အားလုံးကိုသာ မိုဟာမက် ကြားရင် ငိုလိမ့်မယ်၊ ကျောက်ခဲကို နို့ညှစ်လို့ ရချင်ရမယ်၊ ဆုတောင်းရုံနှင့်တော့ ဘာမှ ဖြစ်မလာနိုင်ဘူးကွ၊ ငါတို့က ဘယ်လို အော်မယ်၊ ဘယ်လို ဆုတောင်းမယ်၊ ဘယ်လို တိုက်ခိုက်မယ် ဆိုတာကလွဲလို့ ဘာမှ သိကြတာ မဟုတ်ဘူး၊ ဆုတောင်းဆိုတာ အလုပ်မလုပ်ရင် ဘာတန်ဖိုးမှ မရှိဘူး၊ ဘုရားသခင်ရဲ့ကရုဏာတော်ကို ထိုင်စောင့်နေလို့ မရဘူး ဝါဟာစ်၊ တို့က မမြင်ရဘဲ မြင့်မြတ်သူကို ရှာတယ်၊ လေတလုံး မိုးတလုံး အရေမရ အဖတ်မရ စကားတွေကိုသာ တွေ့တယ်”

သူ့ညီ ဝမ်းကွဲအား စိတ်ဆွပေးသလို ဖြစ်သည်ကို စူလတန် မသိသည် မဟုတ်။ စူလတန့် ဘဝတွင် အလုပ်သည်သာ အရေးကြီးဆုံးဖြစ်ပြီး

သားများကိုလည်း သူ့သဘောထားအတိုင်း သွန်သင် ဆုံးမထားသည်။

ထို့ကြောင့် သားများအား ကျောင်းထုတ်ပြီး ဆိုင်မှာ အလုပ်လုပ်ခိုင်းသည်။

သူ၏ စာအုပ် အင်ပါယာကြီးကို ထူထောင်ရာတွင် သားများက ကူညီနိုင်ပါလိမ့်မည်။

"ဒါပေမဲ့ မက္ကာကို သွားတာကတော့ အစ္စလာမ်ဘာသာ မဏ္ဍိုင်ကြီးငါးခုထဲက တခုပဲ မဟုတ်လား၊ မွတ်စလင်ကောင်းတယောက်ဖြစ်ဖို့ ဘုရားသခင်ကို အသိအမှတ် ပြုရမယ်၊ ဥပုသ် စောင့်ရမယ်၊ ဆုတောင်းရမယ်၊ နွမ်းပါးသူတွေကို ပေးကမ်း စွန့်ကြဲရမယ်၊ ပြီးတော့ မက္ကာကို သွားရမယ်"

"တို့အားလုံး မက္ကာကို သွားချင်ရင် သွားနိုင်ပါတယ်၊ ဒါပေမဲ့ သွားသင့်သွားထိုက်တဲ့ အခါမှသာ သွားရမှာပဲ၊ သွားပြီး ဘုရားသခင်ရဲ့ဂုဏ်ကျေးဇူးတော်ကို ချီးကျူးရမှာကွ၊ ကိုယ်လိုချင်တာတွေကို ဆုတောင်းဖို့ မဟုတ်ဘူး"

ယခုလောက်ဆိုလျှင် အဖြူရောင် ဘုရားဖူး ဝတ်ရုံကြီး တဖားဖားဖြင့် ဝါဟစ်တယောက် မက္ကာသို့ သွားနေလောက်ပြီဟု စူလတန် တွေးနေလိမ့်မည် ထင်ရသည်။ သူသည် "ဟွန်း" ဟု သရော်သံပြုကာ နဖူးထက်မှ ချွေးများကို သပ်ချလိုက်၏။ နေမွန်းတည့်ချိန်၊ နောက်ဆုံးတွင် သွားလမ်း နိမ့်ဆင်းသွားသည်။

တောင်ကြားလေးတခုထဲက လှည်းလမ်းကြောင်းပေါ်တွင် ပစ်ကပ်ကား အမြောက်အမြား စောင့်ဆိုင်းနေကြသည်။ ခိုင်ဘာ တောင်ကြားလမ်းပေါ်တွင် ပြေးသည့် တက္ကစီကားများ။ လိုလိုလားလား မရှိသော ဧည့်သည်များအား တိုင်းပြည်အတွင်းသို့ ပို့ဆောင်ပေးခြင်းဖြင့် တက္ကစီကား ပိုင်ရှင်များ ပွပေါက် တိုးနေကြသည်။

ဤနေရာသည် ရှေးဟောင်း ယဉ်ကျေးမှုကြီး နှစ်ခု (တရုတ်နှင့် ရောမ) အကြား ကူးသန်း ရောင်းဝယ်ဖောက်ကားရာ ပိုးလမ်းမကြီး၏ အစိတ်အပိုင်း ဖြစ်၏။ ပိုးထည်ကို ရွှေ၊ ငွေ၊ သိုးမွေးတို့နှင့် လဲလှယ်ပြီး အနောက်သို့ သယ်ဆောင်ခြင်းဖြစ်သည်။ ခိုင်ဘာတောင်ကြားကို ဖိတ်ခေါ်မထားသူ များက ဖြတ်သန်း သွားလာနေခဲ့ကြသည်မှာ နှစ်ပေါင်း နှစ်ထောင်ကျော် ကြာမြင့်လာခဲ့ပြီ။ ပါရှန်၊ ဂရိ၊ မဂို၊ မွန်ဂို၊ အာဖဂန်နှင့် ဗြိတိသျှတို့က ဤပိုးလမ်းမကြီးမှတဆင့် ချဉ်းကပ်လျက် အိန္ဒိယနိုင်ငံအား သိမ်းယူရန် ကြိုးစားခဲ့ကြ၏။

ခြောက်ရာစု ဘီစီတွင် ပါရှန်ဘုရင် ဒါးရီးယပ်စ်သည် အာဖဂန်နစ္စတန်၏ ကြီးမားသော အစိတ်အပိုင်းကို အောင်နိုင်ပြီး ခိုင်ဘာတောင်ကြားကို ဖြတ်ကာ

အိန္ဒိယနိုင်ငံသို့ ချီတက်ခဲ့သည်။

ထို့နောက် နှစ်ပေါင်းနှစ်ရာ ကြာချိန်တွင် မဟာအလက်ဇန္ဒား၏ စစ်ဗိုလ်ချုပ်ကြီးများနှင့် တပ်ဖွဲ့များသည် တောင်ကြားကို ဖြတ်သန်း ချီတက်ခဲ့ကြ၏။

တောင်ကြားလမ်း၏ အကျဉ်းဆုံးနေရာတွင် ဝန်အပြည့် တင်ထားသော ကုလားအုတ် တကောင် သို့မဟုတ် မြင်းနှစ်ကောင် ဘေးချင်းယှဉ်လျက် သွားလာရုံလောက်သာ ရှိသည်။

ပိုးလမ်းမကြီး၏ အစိတ်အပိုင်းများကို ဂျင်ဂစ်ခန်က သုံးမရအောင် ဖျက်ဆီးခဲ့သော်လည်း မာကိုပိုလိုကဲ့သို့ ငြိမ်းချမ်းသော ခရီးသည်များက လှည်းယာဉ်တန်း လမ်းကြောင်းအတိုင်း လိုက်၍သာ အရှေ့သို့ ခရီးနှင်ခဲ့ကြသည်။

ဘုရင် ဒါးရီးယပ်စ်လက်ထက်နှင့် ခိုင်ဘာ တောင်ကြားလမ်းကို ဗြိတိသျှတို့ ကျူးကျော် ဝင်ရောက်သည့် ၁၈၀၀ ပြည့်လွန် နှစ်များကတည်းက ဝန်းကျင်တဝိုက်ရှိ တောင်များပေါ်မှာ ပါ့ရှ်တွန် မျိုးနွယ်စုများက ကျူးကျော်လာသော စစ်တပ်များကို မပြတ်တမ်း တွန်းလှန်ခဲ့ကြ၏။

ဗြိတိသျှတို့ တပ်ရုပ်သွားသည့် ၁၉၄၇ ခုနှစ်မှစ၍ တောင်ကြားလမ်းနှင့် ပက်ရှ်ဝါအထိ ကုန်းမြေကို မျိုးနွယ်စုများက တဖန် စိုးမိုးခြယ်လှယ်ကြပြန်သည်။

မျိုးနွယ်စုများတွင် အင်အား အကြီးမားဆုံးမှာ အက်ဖရီဒီ မျိုးနွယ်စု။ ရက်စက် ကြမ်းကြုတ်သော စစ်သည်များကြောင့် ကြောက်စရာကောင်းသည့် မျိုးနွယ်စု။

နယ်စပ်ကို ဖြတ်ကျော်ပြီးနောက် ပထမဆုံး ထင်းခနဲ မြင်သာသည့်အရာမှာ လက်နက်များပါ။ အဝေးပြေးလမ်းမကြီး၏ ပါကစ္စတန်ဘက်ခြမ်းတလျှောက် တောင်စောင်းများကို ထွင်း၍ လည်းကောင်း၊ ကျတ်တီးမြေပေါ်ရှိ ညစ်ပတ်ပေရေနေသည့်ဆိုင်းဘုတ်များပေါ်တွင် သဘော်ာဆေးဖြင့် ရေး၍လည်းကောင်း ရှိနေသည်မှာ ခိုင်ဘာ ရိုင်ဖယ်တပ်ဖွဲ့အမည် ဖြစ်၏။ ယင်းသည် ရိုင်ဖယ်တပ်ခွဲ တခုဖြစ်ပြီး လုံခြုံရေးကို တာဝန်ယူရသည့် ဒေသခံ ပြည်သူ့စစ်အမည်လည်း ဖြစ်သည်။ ပြည်သူ့စစ်က အန္တရာယ် အလားအလာများစွာကို အကာအကွယ် ပေးပါသည်။

နယ်စပ်နှင့် ကပ်လျက်ရှိသည့် ရွာများမှာ တရားမဝင် သွင်းကုန် ပို့ကုန်တို့ကို အလျှံပယ် ရောင်းချသည့်ဈေး ရှိသောကြောင့် ထင်ရှား၏။ ထိုဈေးတွင် ဆေးခြောက်နှင့် လက်နက်များကို ဈေးချိုချိုဖြင့် ရနိုင်သည်။ လိုင်စင် တောင်းကြည့်မည့်သူ မရှိ။ သို့သော် ပါကစ္စတန်ပိုင်နက်ထဲသို့ လက်နက်

သယ်ဆောင်သွားသူသည် နှစ်သက် ရှည်ကြာစွာ ထောင်နန်းစံရကိန်း ကြုံရလတ္တံ့။

ရွှံ့စေးအိမ်များကြားတွင် ကြီးမားသည်နှင့်အမျှ မျက်စိနောက်လောက်အောင် တောင်ပြောင် လွန်းလှသည့် ဟိုတယ်များ။ ယင်းတို့တွင် မှောင်ခိုငွေဖြင့် ပေးချေနိုင်၏။

တံတိုင်းအမြင့်ကြီးများ ကာရံထားသည့် ကျောက်တုံး ခံတပ်ကလေးများနှင့် ပါ့ရှ်တွန် ရိုးရာ အိမ်များကား တောင်စောင်းတခွင်တပြင်တွင် မှိုလိုပေါက်လျက်။

မြေပြင်ပေါ်တွင် "နဂါးသွား" ဆိုသည့် ကွန်ကရစ် အဆီးအတား တံတိုင်းများ မကြာ မကြာ ပေါ်လာတတ်၏။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဂျာမန် တင့်ကားတပ် ကျူးကျော်မှုကို ကြောက်သည့် ဗြိတိသျှတို့ စိုက်ထူခဲ့ခြင်း ဖြစ်သည်။

ဤဝေးလံသီခေါင်လှသည့် မျိုးနွယ်စု နယ်မြေများတွင် နိုင်ငံခြားသားများ ပြန်ပေးဆွဲခံရသည့် အကြိမ်ပေါင်း မနည်းပါ။ အာဏာပိုင်များက စီမံချက်များကို တင်းကျပ်စွာ ချမှတ်ပေးထား၏။ ပါကစ္စတန်တပ်ဖွဲ့များ ကင်းလှည့်လျက်ရှိသည့် ပက်ရှ်ဝါသွား လမ်းကြီးပေါ်မှာပင် နိုင်ငံခြားသားများ အား အစောင့်မပါဘဲ မောင်းနှင်သွားလာခွင့် မပြု။ မှန်ကန်သည့် စာရွက်စာတမ်းနှင့် လက်နက်ကိုင် အစောင့်တယောက် မပါရှိက အာဖဂန်နယ်စပ်သို့ သွားလာရန်အလို့ငှာ ပက်ရှ်ဝါမှ ထွက်ခွာခွင့် မရနိုင်။

တဖက်တွင် တောင်တန်း၊ အခြားတဖက်တွင် ချောက်ကမ်းပါး ရှိသည့် ကျဉ်းမြောင်းသော လမ်းလေးများအတိုင်း နှစ်နာရီမျှကြာအောင် စူလတန် မြင်းစီးလာကာ လွင်ပြင်သို့ မဆင်းမီ မြင်းပေါ်တွင် နာရီများစွာကြာသည်အထိ နေခဲ့ပြီးနောက် ပက်ရှ်ဝါကို လှမ်းမြင်ရလေသည်။ မြို့ထဲသို့ တက္ကစီဖြင့် ဝင်ပြီး ဟာယာတဘာဒ် မြို့နယ်အတွင်းရှိ ၁၀၃ လမ်းသို့ ရောက်ရှိသွား၏။

ဂိတ်တံခါး ခေါက်သံကို ရှရီဖာ ကြားလိုက်ချိန်တွင် မှောင်စ ပြုနေပြီ။ သူ ရောက်လာပြီပဲ။ သူမ လှေကားမှ ပြေးဆင်းသွားပြီး တံခါး ဖွင့်ပေးလိုက်သည်။ တံခါးမှာ သူ။ ပင်ပန်း နွမ်းလျ ညစ်ပတ် ပေရေလျက်။

သူက သူမထံ သကြားအိတ်ကို လှမ်းပေးလိုက်သည်တွင် ယင်းကို သူမ ယူဆောင်၍ လှေကားပေါ်သို့ သူ့ရှေ့မှ တက်သွား၏။

"ခရီးလမ်းပန်း အဆင်ပြေရဲ့လား ဟင်"

"ရှုခင်းတွေ သိပ်လှတယ်၊ နေဝင်ချိန်ကလည်း အံ့ဩစရာ သိပ်ကောင်းတယ်"

စူလတန် ကိုယ် လက် သန့်စင်နေချိန်တွင် ရှရီဖာက ကြမ်းပြင်ပေါ်တွင် အခင်း ခင်းပြီး ထမင်းပွဲ ပြင်ဆင်၏။ သူ ရေချိုးခန်းထဲမှ ထွက်လာပြီးနောက် မီးပူတိုက်ပြီးသား အဝတ်များကို ဝတ်ဆင်လျက် သန့်ရှင်း လန်းဆန်းနေပေပြီ။ ရှရီဖာ ခင်းထားသော ဖန်ပန်းကန်ပြားများကို သူ ကြည့်သည်။

"ဖန် ပန်းကန်ပြားတွေကို ငါ မကြိုက်ဘူး၊ အဲဒါ အပေါစားတွေ၊ ညစ်ပတ်စုတ်ပြတ်နေတဲ့ ဈေးတဈေးက မင်း ဝယ်လာတာမျိုးတွေ"

ရှရီဖာ ကြွေပန်းကန်ပြားများနှင့် လဲပေး၏။

"ဒါမျိုးမှပေါ့၊ အခုမှ စားရတာ အရသာ ပိုရှိလာတယ်"

စူလတန်က ကဘူးလ်မှ နောက်ဆုံးသတင်းများကို ပြောပြပြီး ရှရီဖာက ဟာယာတဘဒ်မှ နောက်ဆုံးသတင်းများကို ပြောပြသည်။ သူတို့ တယောက်ကို တယောက် မတွေ့ရသည်မှာ လပေါင်း များစွာ ကြာညောင်းခဲ့ပြီ။ ကလေးတွေအကြောင်း၊ ဆွေမျိုးတွေအကြောင်း၊ နောက် ရက်ပိုင်းအတွင်း လုပ်စရာရှိသည့် ကိစ္စတွေအကြောင်း သူတို့ ပြောဖြစ်ကြ၏။

ပါကစ္စတန်သို့ စူလတန် ရောက်လာတိုင်း အာဖဂန်နစ္စတန်သို့ မပြန်သည့် ဆွေမျိုးများထံ သွားရောက်လည်ပတ်ရာတွင် အိမ်သားတယောက်ယောက် ကွယ်လွန်ထားသည့် မိသားစုများထံသို့ ဦးစားပေး သွားရောက်၏။

ဒုတိယ ဦးစားပေးအဖြစ် ဆွေမျိုးရင်းချာများနှင့် သူ့မှာ အချိန်ရသည့် ရက်များအပေါ် မူတည်၍ အခြား ဆွေမျိုးများထံ သွားရောက်လေ့ ရှိသည်။

ရှရီဖာ၏ညီမများ၊ မောင်များ၊ မတ်များနှင့် ယောက်မများထံ သွားရောက်လည်ပတ် ရမှာကိုတော့ စူလတန် ကြောက်သည်။ သူတို့ထံသွားလျှင် သူ ပါကစ္စတန်သို့ လာသည့်အကြောင်းကို ဖုံးကွယ်ထားဖို့ မဖြစ်နိုင်။ ဤမြို့ထဲမှာ အရာခပ်သိမ်းကို အားလုံးက သိနေကြ၏။ ထို့ပြင် ဤသို့ လောကဝတ်အရ သွားရောက်လည်ပတ်ခြင်းများသာ စူလတန်၏ အိမ်ထောင်သည်ဘဝတွင် ကျန်ပါတော့၏။

ယခု ရှရီဖာက သူ့အား တောင်းဆိုနိုင်သမျှမှာ စူလတန်အနေဖြင့် သူမ၏ဆွေမျိုးသားချင်းများ အပေါ် ရင်းရင်းနှီးနှီး ဆက်ဆံရန်နှင့် သွားရောက်လည်ပတ်စဉ်အချိန်အတွင်း သူမအား မယား တယောက်ကဲ့သို့ သဘောထား ဆက်ဆံရန် ဖြစ်သည်။

တာဝန်အတွက် အချိန်ပေးရခြင်းများ ပြီးဆုံးသွားချိန်တွင် အောက်ဆုံးထပ်တွင် နေထိုင်သည့် ဆလီကာ၏ သည်းထိတ်ရင်ဖို

စွန့်စားခန်းအကြောင်းကို ရှရီဖာ ပြောပြ၏။

"မိန်းမပျက်ပဲ"

ရောမ ဧကရာဇ်တပါးလို ခေါင်းအုံးတလုံးကို မှီထိုင်ရင်း စူလတန် ပြောသည်။

"အဲဒါ မိန်းမပျက်မို့ ဒီလိုလုပ်တာ"

ရှရီဖာ ကန့်ကွက်သည်။ ဆလီကာက ကောင်လေးနှင့် လူမမြင်ကွယ်ရာမှာ နှစ်ယောက်တည်း တွေ့တာမှ မဟုတ်တာ။

သူ့ရဲ့စိတ်နေသဘောထား၊ သူ့ရဲ့စိတ်နေသဘောထား၊ အခု သူ ပြည့်တန်ဆာ မဟုတ်ဘူး ဆိုရင် နောင်အခါမှာ လွယ်လွယ်လေးနှင့် ပြည့်တန်ဆာ ဖြစ်လာနိုင်တယ်၊ ဘယ်တော့မှ အလုပ်ရမှာ မဟုတ်တဲ့ ဒီအသုံးမကျတဲ့ ကောင်လေးကို ယူလိုက်ရင် သူလိုချင်တာတွေ ဝယ်ဖို့ ပိုက်ဆံ ဘယ်လို ရမလဲ၊ လက်ဝတ်ရတနာတို့၊ လှလှပပ အဝတ်အထည်တို့ပေါ့ကွာ၊ အဖိုးမရှိတဲ့ ရေနွေးအိုးကို တည်ထားရင် အမှိုက်သရိုက်တွေ ဝင်ကုန်မှာပဲ၊ ဆလီကာ့မိသားစုက အဲဒီလို နေနေကြတာ၊ သူတို့မှာ အဖိုး မရှိဘူး၊ အညစ်အကြေး မှန်သမျှ သူတို့အပေါ် ကျရောက်ခဲ့တယ်၊ အဖေလုပ်သူက အိမ်မှာ မရှိဘူး၊ ရှိနေရင်တောင် အိမ်မှာ ကပ်တာမဟုတ်ဘူး၊ အခု ဟော်လန်ကို ဒုက္ခသည်အဖြစ် ရောက်နေတာ သုံးနှစ်ရှိပြီ၊ သူတို့ကို ခေါ်ဖို့ စာရွက်စာတမ်းလုပ်တာ အခုထိ မပြီးနိုင်သေးဘူး၊ သူဟာ အရှုံးသမားပဲကွ၊ ဆလီကာ လမ်းလျှောက်တတ်စ အရွယ်ကတည်းက လင်လုပ်ရမယ့်လူကို ရှာနေခဲ့တာ၊ တွေ့မယ့်တွေ့တော့ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲပြီး တချက်ကလေးမှ အသုံးမကျတဲ့ နာဒင်ကိုသွားတွေ့တယ်၊ နာဒင်နှင့် မတွေ့ခင် မန်ဆူကို ချိန်သေးတာ မင်း မှတ်မိလား"

စူလတန် မေးသည်။ စာအုပ်ဆိုင်ပိုင်ရှင်သည် အတင်းအဖျင်း၏ ဩဇာကို မလွန်ဆန်နိုင်။

"အဲဒါ သူ့မအေ အကြံချည်းပဲရှင့်၊ မန်ဆူကို မိန်းမပေးစားဖို့ အချိန်မကျသေးဘူးလားလို့ ကျွန်မကို ခဏ ခဏ မေးတယ်၊ ကျွန်မက ငယ်ပါသေးတယ်လို့ ပြန်ပြောလိုက်တာချည်းပဲ၊ ကောင်လေးက ပညာသင်ဖို့ ရှိသေးတယ်လေ၊ ဘဝင်မြင့်ပြီး သနားစရာ ကောင်းလောက်အောင် အသုံးမကျတဲ့ ဆလီကာလို မယားမျိုးကို ကျွန်မတော့ မန်ဆူအတွက် နောက်ဆုံးမှ စဉ်းစားမယ် တော်ရေ့၊ ရှင့်ညီ ယူနုစ် ပက်ရှ်ဝါကို လာတုန်းက ဆလီကာကို ယူမလားလို့ ခဏ ခဏ အမေးခံရတယ်၊ ဆလီကာလို အပေါစား မိန်းကလေးမျိုးကို သူ ဘယ်တော့မှ ယူမှာ မဟုတ်ဘူး"

ဆလီကာ့အကြောင်းကို ပြောနေကြသည်မှာ ဘာမှ မကျန်တော့အောင် စုံတကာ စေ့သွားပြီ။

သို့သော် စူလတန်တို့ လင်မယားအဖို့ ပြောစရာ ဆွေမျိုးအကြောင်းတွေ တပုံတပင် ကျန်ပါသေးသည်။

"မင်းညီမ ဝမ်းကွဲ အခြေအနေ ဘယ်လိုလဲကွ"

စူလတန် မေးပြီး ရယ်၏။

ရှရီဖာ၏ ညီမ ဝမ်းကွဲတယောက်သည် မိဘနှစ်ပါးအား ပြုစုစောင့်ရှောက်လျက်သာ အချိန် ကုန်ခဲ့သူ။ မိဘများ ကွယ်လွန်တော့ အစ်ကိုများက သူ့သားသမီးများအတွက် မအေတယောက် လိုအပ်နေသည့် အဘိုးကြီးတဦးနှင့် သူမအား ပေးစားလိုက်ကြသည်။ သူမအကြောင်းကို နားထောင်ဖို့ ဘယ်တုန်းကမှ စူလတန် မငြီးငွေ့ဖူးချေ။

"မိန်းမက မင်္ဂလာဆောင်ပြီးမှ ပြောင်းသွားလိုက်တာ၊ အေးလေ သူလည်း မိန်းမပေကိုး၊ ကလေးတော့ တယောက်မှ မရဘူးနော်၊ ဧကန္တတော့ လက်မထပ်ခင်ကတည်းက သွေးဆုံးခဲ့တာ ဖြစ်ရမယ်၊ လူယုတ်မာကြီးတော့ ညတိုင်း ကောင်းကောင်း အိပ်ရမှာ မဟုတ်ဘူးကွ၊ ဟား ဟား ဟား ဟား"

ပြောပြီး စူလတန် ရယ်ပြန်သည်။

"အင်း ဟုတ်ပါလိမ့်မယ်"

ရှရီဖာ အရဲစွန့် ပြောလိုက်၏။

"လင် မရခင်တုန်းက ပိန်ကပ် ရှုံ့တွနေတာ ရှင်မှတ်မိလား၊ အခု အရင်နှင့် ဘာမှ မဆိုင်တော့ဘူးရှင့်၊ ဟင်း မိန်းမက အချိန်ရှိသရွေ့ ဒီကိစ္စဘက်ပဲ စိတ်ရောက်နေတယ် ထင်ပါရဲ့"

ရှရီဖာ စူးစူးဝါးဝါး ရယ်လိုက်သည်။ စားကြွင်းစားကျန်များ ပတ်ချာဝိုင်းလျက်ရှိသည့် ကူရှင်ပေါ်တွင် နှစ်ယောက်သား လဲလျောင်းရင်း ရင်းနှီးမှု ပြန်ရလာဟန် တူ၏။

မြင်ရသလောက် အာဖဂန်နစ္စတန်တွင် ကာမရသ ခံစားမှု မရှိချေ။ မိန်းမများက ခေါင်းမြီးခြုံ ဝတ်ရုံနောက်တွင် ပုန်းကွယ်နေကြသည်။ ခေါင်းမြီးခြုံ ဝတ်ရုံအောက်တွင် ပွရောင်း ချောင်ချိသည့် အဝတ်များ၊ စကတ်အောက်တွင် ဘောင်းဘီရှည်။

အိမ်နံရံ လေးဖက်လေးတန်အတွင်းမှာပင် လည်ပတ်ကိုအကျီကို မြင်ရခဲဘိခြင်း။

မိသားစုတစုတည်းက မဟုတ်သည့် ယောကျ်ားနှင့် မိန်းမသည် အခန်းတခန်းထဲတွင် အတူ မထိုင်ရ။ စကား မပြောရ။ မစားသောက်ရ။

ကျေးလက်ပိုင်းက မင်္ဂလာဆောင်များမှာပင် ခွဲခြားမှု ရှိ၏။ သီးခြား အခန်းများတွင် ယောကျ်ားသတ်သတ် မိန်းမသတ်သတ် ကခုန် ပျော်ပါးကြရသည်။ သို့သော် အပေါ်ယံ မျက်နှာပြင် အောက်တွင်ကား အမြှုပ် တစီစီဖြင့် ပွက်သေးထလျက်။

အာဖဂန်နစ္စတန်တွင် သေဒဏ်ကို ပမာမပြုဘဲ ရည်းစားများ၊ အမြှောင်မယားများ ထားကြသည်။ မြို့များတွင် ပြည့်တန်ဆာများ ရှိသည်။ သူတို့ထံတွင် သတို့သမီးတယောက် ရဖို့ စောင့်နေကြရသည့် လူကြီး လူငယ်များသည် သစ်မရခင် ဝါးဖြင့် ပေါင်းကွပ်ကြလေ၏။

အာဖဂန် ဒဏ္ဍာရီများတွင် မိန်းမကိစ္စအတွက် နေရာ ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာက ကဗျာစာဆို ရူမီ ရေးခဲ့သည့် 'မဲ့စ်နဗီ' ထဲမှ ပုံပြင်များကို စူလတန် အလွန်နှစ်သက်၏။ သူများလုပ်တိုင်း ဆင်ကန်းတောတိုး လိုက်မလုပ်သင့်ကြောင်းကို သတိပေးရာတွင် စာဆို ရူမီက ဖိုမကိစ္စကို အသုံးပြုထားခြင်းပါ။

မုဆိုးမတယောက်သည် သူမ၏ မြည်းမလေးကို အလွန်ချစ်သည်။ သူမ သွားလိုရာသို့ မြည်းက ပို့ဆောင်ပေးသည်။ သူမ၏ပြောစကားကိုလည်း မြည်းက နာခံသည်။ မြည်းသည် အစာ ကောင်းကောင်း စားရပြီး ကောင်းစွာ ကြည့်ရှု စောင့်ရှောက်ထားခြင်း ခံရ၏။ သို့သော် နောက်ပိုင်းတွင် မြည်းသည် အားအင်ကုန်ခန်း ချည့်နဲ့လာသည်။ အစာလည်း ကောင်းစွာ မစားတော့။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်ကို သိလိုသဖြင့် မုဆိုးမသည် တညတွင် ဇောင်းသို့ သွားကြည့်ရာ မြက်ခြောက်ပုံထဲတွင် လဲလျောင်းနေသော သူမ၏ မြည်းမလေးအား အခြား မြည်းတကောင်က စီးမိုးထားပုံကို တွေ့ရသည်။ ညစဉ်ညတိုင်း ဤသို့ တွေ့လာရသည့်အခါ မုဆိုးမသည် စပ်စုချင်စိတ် ပေါ်လာပြီး မြည်းမလေးအား အပြင်သို့ လွှတ်လိုက်ကာ မြည်းမလေးနေရာတွင် သူမကိုယ်တိုင် အစားဝင်နေလိုက်သည်။ မြည်းမလေး ပြန်ရောက်လာချိန်တွင် မုဆိုးမသည် သေနှင့်နေတော့ပြီ။ မြည်း၏ လိင်အင်္ဂါတွင် ရွှေဖရုံသီး စွပ်မထားသည်ကို တွေ့ရသဖြင့် မြည်းမလေး ထိတ်လန့်သွားလေသော ဟူ၏။

စူလတန်သည် ဟက်ဟက်ပက်ပက် ရယ်မောအပြီးတွင် ဖုန်ပေါ်မှထကာ

တွန့်ကြေသွားသော အပေါ်အင်္ကျီကို သပ်ချလျက် အီးမေးလ်များ ဖတ်ရန် ထွက်သွားသည်။

အမေရိကန် တက္ကသိုလ်များက ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ထုတ်ဝေသည့် လစဉ်ထုတ် စာစောင်များကို လိုချင်၏။ သုတေသီများက ရှေးဟောင်းစာမူများကို တောင်းဆိုကြ၏။ လာဟိုမှ ပုံနှိပ်သူများက စက္ကူ ဈေးနှုန်းအသစ်ဖြင့် သူ့ပို့စကတ်များအား ရိုက်နှိပ်လျှင် ကုန်ကျမည့် တန်ဖိုး ခန့်မှန်းခြေ စာရင်းတစောင်ကို ပေးပို့လိုက်၏။ ပို့စကတ် ခြောက်ဆယ် ရိုက်နှိပ်လျှင် သူ့အဖို့ တစ်ဒေါ်လာ စရိတ်ရှိပြီး ရောင်းသည့်အခါ ပို့စကတ် သုံးခုလျှင် တစ်ဒေါ်လာ ရသည်။ သူလုပ်သမျှ အရာရာ အဆင်ပြေတော့မည်။ သူ ကံကောင်းပြီ။ ယခု တာလီဘန် "ညောင်း" ပြီ။ လုပ်ချင်တာ လုပ်နိုင်ပြီ။

နောက်တနေ့တွင် ပေးစာများကို ဖတ်သည်။ စာအုပ်ဆိုင်များသို့ သွားသည်။ စာပို့တိုက်သို့ သွားသည်။ ပါဆယ်ထုပ်များ ပို့သည်၊ လက်ခံသည်။ ပြီးတော့ လောကဝတ်အရ အိမ်လည် စထွက်သည်။ ယောကျ်ားဖြစ်သူ ကင်ဆာဖြင့် ကွယ်လွန်ထားသည့် နမဝမ်းကွဲ၏အိမ်သို့ အရင်ဆုံး သွား၏။ ထို့နောက် ဂျာမနီတွင် ပီဇာမုန့်ပို့သည့် အလုပ်လုပ်နေရာမှ ပြန်လာသည့် ညီဝမ်းကွဲ တယောက်၏ အိမ်သို့ သွား၏။

ညီဝမ်းကွဲ ဆာအစ်သည် တခါတုန်းက အာဖဂန်နစ္စတန်၏ ဂုဏ်ယူဖွယ်ရာဖြစ်သော အရီယာနာ လေကြောင်းကုမ္ပဏီတွင် အင်ဂျင်နီယာအဖြစ် လုပ်ခဲ့ဖူးသူ။ ယခု ဆာအစ်က ကဘူးလ်သို့ ပြန်လာပြီး အလုပ်ဟောင်းကို ပြန်လျှောက်ဖို့ စဉ်းစားနေသော်လည်း ပိုက်ဆံ ထပ်စုချင်သေးသည်။ ဂျာမနီမှာ ပီဇာမုန့်ပို့သည့်အလုပ်က အိမ်ပြန်ပြီး လေယာဉ်အင်ဂျင်နီယာ လုပ်ရသည်ထက် ပိုက်ဆံ ပိုရသည်။

ထို့ပြင် ကဘူးလ်မှာ စောင့်နေသည့် ပြဿနာတခုကို ရှင်းဖို့ နည်းလမ်း မတွေ့သေး။ ပက်ရှ်ဝါတွင် ဇနီးနှင့် ကလေးများ ရှိသည်။ ဂျာမနီတွင် နံပါတ်နှစ် ဇနီးနှင့်နေသည်။ ကဘူးလ်သို့ သူ ပြန်လာလျှင် သူတို့အားလုံး တအိမ်တည်းတွင် အတူနေကြရမည်။ အတွေးထဲမှာပင် လန့်စရာ။ ပထမ ဇနီးက နံပါတ်နှစ်အကြောင်းကို မသိလို။ သူတို့ မတွေ့ဖူးကြ။ အိမ်ကိုတော့ တာဝန်ကျေသော ခင်ပွန်း တယောက်လို ပိုက်ဆံပြန်ပို့၏။ သူတို့ အတူတကွ နေထိုင်ကြမည်ဆိုလျှင်...။ တွေးပင် မတွေးချင်တော့။

ပက်ရှ်ဝါတွင် နေရသည့်ရက်များက စိတ်မရှည်ချင်စရာ။ ဆွေမျိုးတယောက်က ငှားထားသောအိမ်မှ အနှင်ခံရ။ နောက်တယောက်က အလုပ်လုပ်ဖို့ ငွေလိုသတဲ့။ နောက်တယောက်ကတော့ ပိုက်ဆံ ချေးသည်။

ဆွေမျိုးများကို စူလတန် ပိုက်ဆံ ပေးခဲ့သည်။ အကြောင်းမှာ လောကဝတ်အရ အလည်အပတ် သွားတိုင်း အကူအညီ တောင်းကြသောကြောင့်။ ခြုံကြည့်လျှင် ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ခဲ့သည်သာ။ သူတို့သည် လူပျင်းများဖြစ်ကြပြီး ကိုယ့်အားကိုယ်မကိုးလိုကြဟု သူထင်၏။ ဘာပဲဖြစ်ဖြစ် သူ ငွေထုတ်မပေးခင် သူတို့အပေါ် ယုံကြည်အောင် လုပ်ပြဖို့တော့ လိုသည်။ သူ့မျက်စိထဲတွင် တချို့ကိုတော့ ကူညီရမည့်သူများဟု ယူဆသည်။

လင်မယားနှစ်ယောက် အပြင်ထွက်လည်သည့်အခါ စကားကို အမျှင်မပြတ်အောင် ပြောသူမှာ ရှရီဖာ။ ပုံပြင်တွေ ပြောသည်။ ရယ်စရာတွေ ပြောသည်။ အပြုံးပန်းတို့ တဝေဝေနှင့်။ စူလတန်က ထိုင်ပြီး နားထောင်ရသည်ကို ပိုမိုသဘောကျသူ။ ရံဖန်ရံခါတော့ အလုပ်ကျင့်ဝတ် အကြောင်း၊ သူ့လုပ်ငန်းအကြောင်းတို့ကို ထင်မြင်ချက် ဝင်ပေးတတ်သည်။ သို့သော် တခွန်းတည်းသောစကားဖြင့် စူလတန် ပြောသည့်အခါ အိမ်ပြန်ဖို့သာဖြစ်၏။ ဇနီးမောင်နှံ ထပြန်ကြ။ ရှက်ဘ်နမ်က မိဘများနောက်မှ တကောက်ကောက် လိုက်ပါ။

ဟာယာတဘဒ်၏ ညစ်ပတ် ပေရေနေသော လမ်းမှောင်မှောင်များကို ဖြတ်သန်းလျက် အေးအေးလူလူ လမ်းလျှောက်ပြန်ကြ။ နောက်ဖေးလမ်းကြားများမှ အုံတုံတုံ အောက်တောက်တောက် အနံ့အသက်များက သူတို့၏အဆုတ်များထဲတွင် ပြည့်နေလျက်ဖြင့် အမှိုက်သရိုက် အညစ်အကြေးများပေါ် ကျော်နင်း လျှောက်လှမ်းကြ။

တညနေတွင် ရှရီဖာသည် ဆွေနီးမျိုးစပ် တချို့ထံ အလည်အပတ် သွားရန် အလှပြင် ခြယ်မှုန်းလျက် ရှိ၏။ ထိုသူတို့ နေထိုင်သည့်နေရာသည် အိမ်ရာကွက် အနည်းငယ်သာ ဝေးသော်လည်း သာမန်အားဖြင့် အလည်သွားရန် ဘောင်မဝင်ကြ။ ရှရီဖာက တတောင်လောက် မြင့်သော ဒေါက်ဖိနပ်ကို စီးကာ ဒယီးဒယိုင် လမ်းလျှောက်နေစဉ် စူလတန်နှင့် ရှက်ဘ်နမ်တို့က လက်ချင်းတွဲကာ စိမ်ပြေနပြေ လျှောက်နေကြသည်။

သူတို့ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပါသည်။ အိမ်ရှင်က သစ်သီးနှင့် ခွံမာသီးခြောက်များ၊ သကြားလုံးများနှင့် လက်ဖက်ရည်တို့ဖြင့် တည်ခင်း၏။ ပြောရိုးပြောစဉ် စကားများ၊ နောက်ဆုံး သတင်းများဖြင့် စကား စကြသည်။ မိဘများပြောနေသမျှကို ကလေးများက နားထောင်နေကြ၏။ ရှက်ဘ်နမ်မှာ ခွံမာသီးများကို ခွဲရင်း ပျင်းနေလေသည်။

အသက် ဆယ့်သုံးနှစ်အရွယ် ဘဲလ်ကီစာ အမည်ရှိ သမီးတယောက်က စကားဝိုင်းတွင် မပါချေ။ စူလတန်မိသားစု လာသည်မှာ သူမနှင့်ပတ်သက်သည်ကို

သိသဖြင့် ရှောင်နေ၏။

ဤအိမ်သို့ ဤကိစ္စနှင့်ပင် ရှရီဖာ ရောက်ခဲ့ဖူးပြီ။ ယခုတခေါက် သွားရာတွင် ရှရီဖာနှင့်အတူ လိုက်ရန် စူလတန် စိတ်မပါလှ။ စူလတန်ညီ ယူနုစ်အတွက် သူတို့ သွားခြင်းဖြစ်၏။ ပါကစ္စတန်တွင် ဒုက္ခသည်အဖြစ် နေထိုင်စဉ်က ဘဲလ်ကီစာကို ယူနုစ် မျက်စိကျခဲ့ဖူးသည်။ ထိုအချိန်က ဘဲလ်ကီစာမှာ ကလေးအရွယ်မျှသာ။ သူ့အတွက် စကားကြောင်းပေးရန် ရှရီဖာအား တောင်းပန်ခဲ့ခြင်းပါ။ သူကိုယ်တိုင်ကမူ မိန်းကလေးကို စကား မပြောဖူးချေ။

မိန်းကလေးရှင်ဘက်မှ အဖြေမှာ "ငယ်ပါသေးတယ်" ချည်းပဲ ဖြစ်သည်။ အသက်နှစ်ဆယ်ရှိ အစ်မကြီး ရှီရင်နှင့်ဆိုလျှင်တော့ တမျိုးပေါ့။ သို့သော် ယူနုစ်က ရှီရင်ကို မကြိုက်။ သူမသည် ဘဲလ်ကီစာလို မလှ။ ပြီးတော့ လင်လိုချင်တာ နန့်နန့်တက်နေသည်ဟု သူ ထင်သည်။ သူ အလည်လာတုန်းက သူ့အနားမှာ တရစ်ဝဲဝဲနှင့်။ သူများတွေအလစ်မှာလည်း သူမ၏လက်ကို ပေးကိုင်သည်။ ဤသည်ကို မကောင်းသောလက္ခဏာဟု ယူနုစ် ထင်၏။ သေချာသည်၊ ရှီရင်သည် မိန်းမကောင်းလေး မဟုတ်။

သို့သော် မိဘများက ရှီရင်ကိုသာ ပွဲထုတ်ချင်နေကြသည်။ ယူနုစ်က လူကောင်းလေးပေကိုး။ ရှီရင်အား အခြားသူများက လာရောက် ကမ်းလှမ်းကြသောအခါ မိဘများက စူလတန်ထံ ချဉ်းကပ်ပြီး ယူနုစ်နှင့် ပေးစားဖို့ နောက်ဆုံးအကြိမ် ပြောဖူးသည်။ သို့သော် ယူနုစ်က ရှီရင်ကို မလိုချင်။ ဘဲလ်ကီစာမှ ဘဲလ်ကီစာ ဖြစ်နေတော့၏။

ရှရီဖာသည် သမီးရှင်ဘက်က ငြင်းဆန်နေသော်လည်း စိတ်မလျှော့ဘဲ ဘဲလ်ကီစာကိုသာ ဆက်လက် တောင်းဆိုနေလေသည်။ ဤအပြုအမူကို ရိုင်းစိုင်းသည်ဟု မဆိုသာ။ ယောကျ်ားလေး ဘက်မှ အလေးအနက် ရှိပုံကို ပြသရာပင် ရောက်ပေသေး၏။ ဆိုရိုး ရှိပါသည်။ ယောကျ်ားလေး၏ မိခင်သည် ထီးဖြူ ဖိနပ်ပါး ဖြစ်ရလိမ့်မည်တဲ့။

ယူနုစ်၏မိခင် ဘီဘီ ဂူးလ်က ကဘူးလ်မှာ နေသောကြောင့် မရီးဖြစ်သည့် ရှရီဖာက အောင်သွယ်လုပ်ပေးရခြင်းပါ။ ယူနုစ် အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ပုံ၊ စူလတန်နှင့် အတူ စာအုပ်ဆိုင်တွင် အလုပ်ကြိုးစားပုံ၊ သူတို့၏သမီးအနေဖြင့် ဘာမျှ လိုလေသေး ရှိစရာ မလိုပုံတို့ကို ရှရီဖာက ဗာရာဏသီ ချဲ့ပြောခဲ့သည်။ သို့သော် ယူနုစ်က အသက်သုံးဆယ်နား ကပ်နေပြီ။ ဘဲလ်ကီစာအတွက် အသက် ကြီးလွန်းလှသည်တဲ့။

ဘဲလ်ကီစာ့မိခင်က စူလတန်မိသားစုထဲမှ လူငယ်တယောက်ကို

မျက်စိကျထားတာ ရှိ၏။ စူလတန့်သား အသက်ဆယ့်ခြောက်နှစ်ရှိ မန်ဆူ။ “မန်ဆူနှင့်ဆိုရင် အခု တထိုင်တည်း သဘောတူလိုက်မယ်” ဟု ဘဲလ်ကီစာ့မိခင်က ဆို၏။

သည်တကြိမ်မှာတော့ စူလတန်အနေဖြင့် တင်းခံဖို့ ဖြစ်လာသည်။ မန်ဆူမှာ ဘဲလ်ကီစာထက် နည်းနည်းလောက်သာ ပိုကြီးပြီး သူမကို တချက်ကလေးမျှပင် လှည့်စောင်း မကြည့်ဖူးခဲ့။ ရှရီဖာက မန်ဆူ အိမ်ထောင်ပြုဖို့ စောလွန်းလှသည်ဟု ယူဆသည်။ ပညာသင်ဖို့ ရှိသေးသည်။ လောကကြီး အကြောင်း သိဖို့ လိုသေးသည်။

“ဘယ်လိုပဲဖြစ်ဖြစ် သူ ဆယ့်သုံးနှစ် မဟုတ်ဘူး၊ အနည်းဆုံး ဆယ့်ငါးနှစ် ရှိတာ သေချာတယ်”

ရက်အနည်းငယ် ကြာသောအခါ ရှရီဖာသည် သူမ၏မိတ်ဆွေအမျိုးသမီးတချို့ကို ပြောပြ၏။

အခန်းထဲသို့ ဘဲလ်ကီစာ ခေတ္တ ဝင်လာသဖြင့် စူလတန် ဖျတ်ခနဲ ကြည့်လိုက်သည်။

အရပ် မြင့်မြင့်၊ ပိန်လျလျ။ ဆယ့်သုံးနှစ်ထက် ပိုပုံရသည်။ အပြာရင့်ရောင် ကတ္တီပါဝတ်စုံကို ဝတ်ထားပြီး မိခင်ဘေးမှာ ထိုင်နေစဉ် အနေခက်နေဟန် ရှက်ကိုးရှက်ကန်း ဖြစ်လျက်။

“သူ ငိုနေတယ်၊ အိမ်ထောင် မပြုချင်ဘူးတဲ့”

အစ်မကြီးနှစ်ယောက်က ဘဲလ်ကီစာ့ရှေ့တွင် စူလတန်နှင့် ရှရီဖာအား ပြောစဉ် ဘဲလ်ကီစာ မျက်လွှာချထားသည်။

ရှရီဖာ ရယ်လိုက်၏။

သတို့သမီးက စိတ်မပါဟုဆိုလျှင် ကောင်းသောလက္ခဏာပဲ။ ထိုလက္ခဏာသည် သန့်စင်သော နှလုံးသားကို ဖော်ပြခြင်း ဖြစ်သည်။

မိနစ်ပိုင်းမျှအကြာတွင် ဘဲလ်ကီစာ အိမ်ခန်းထဲသို့ ပြန်ဝင်သွားရာ နက်ဖြန် သချ်ာဖြေဖို့ ရှိလို့ပါဟု မိခင်က တောင်းပန်သည်။

နောက်ဆုံးတွင် ဘာမျှ ဆုံးဖြတ်ချက် မချနိုင်ဘဲ မတ်လ၏ အေးမြသော ညနေခင်းထဲသို့ စူလတန်တို့ ပြန်ထွက်လာကြသည်။

လမ်းများတွင် လူသူလေးပါး ကင်းရှင်းလျက်။

"ငါတော့ ဒီမိသားစုကို သဘောမကျဘူးကွ၊ လောဘ ကြီးလွန်းတယ်" ဟု စူလတန် ပြောလိုက်သည်။

အထူးသဖြင့် သူ အလိုမကျသူမှာ ဘဲလ်ကီစာ့မိခင်။ သူမသည် ဒုတိယမယားဖြစ်၏။ ပထမ မယားက ကလေး မရသဖြင့် သူမနှင့် ထပ်မံလက်ဆက်ခြင်းဖြစ်ပြီး ဒုတိယမယား၏ နှိပ်စက်မှုကို မခံနိုင်သည့် ပထမ မယားမှာ မောင်ဖြစ်သူ၏အိမ်တွင် သွားနေရသည်။ ဘဲလ်ကီစာ့မိခင်၏ မကောင်းသတင်းများကား ကျော်စောလှ၏။ လောဘကြီးသည်၊ အဘိဓမ္မာ ပွားသည်ဟူ၍။ သူမ၏ သမီး အကြီးဆုံးနှင့် စူလတန်၏ ဆွေမျိုးတယောက် လက်ထပ်စဉ်က အစားအသောက် နည်းသည်၊ အဆင်တန်ဆာ နည်းသည် စသည်ဖြင့် ဗျစ်တောက် ဗျစ်တောက် လုပ်လို့ မဆုံးတော့ကြောင်း သမက်လုပ်သူက ပြောဖူး၏။

"သမီးလည်း မအေလိုပဲ လာမှာပေါ့၊ ဒီပုတ်ထဲက ဒီပဲ၊ ဘမျိုး ဘိုးတူ ချိုကလေးနှင့် ဆိုသလိုပေါ့ကွာ" ဟု စူလတန်က ဆိုသည်။ "ယူနေစ်က ဒီကောင်မလေးမှ ဒီကောင်မလေး ဖြစ်နေရင်တော့ သူ့ဘာသာသူ ရအောင် ယူတော့ဟေ့" ဟု စူလတန်က ဆောင့်ကြီးအောင့်ကြီး ပြောလိုက်သေး၏။

မိသားစုတာဝန်ကို စတင် ဆောင်ရွက်ပြီးချိန်တွင် ပါကစ္စတန်သို့ လာရင်းကိစ္စကို စူလတန် စတင်နိုင်ပေပြီ။ စာအုပ်များ ပုံနှိပ်ဖို့ကိစ္စ။ တနေ့ နံနက်စောစောတွင် ပုံနှိပ်၊ စာအုပ်ချုပ်၊ ထုတ်ဝေရာ မြို့ဖြစ်သည့် လာဟိုသို့ စူလတန် ထွက်ခွာသွားသည်။

စာအုပ် ခြောက်အုပ်၊ ပြက္ခဒိန် တခု၊ လဲလှယ်စရာ အဝတ်တစုံကိုသာ ခရီးဆောင်အိတ်တွင် ထည့်သွားသည်။ ပိုက်ဆံတွေကို အမြဲတမ်း ခရီးသွားခဲ့စဉ်ကအတိုင်း အင်္ကျီလက်မောင်းအိုးထဲတွင် အပ်ချည်ဖြင့် ချုပ်လျက်။ ထိုနေ့က ပူမည်ထင်ရသည်။ ပက်ရှ်ဝါကားဂိတ်တွင် လူများ ဖွေဖွေးလှုပ်နေသည့်ပြင် ဘတ်စ်ကား ကုမ္ပဏီများ၏ ခရီးသည် ခေါ်သံများလည်း စီစီညံလျက် ရှိ၏။

"အစ္စလာမ္မာဘဒ်၊ ကရာချိ၊ လာဟို"

ကားတစီးစီနားတွင် လူတယောက်စီရပ်ကာ စူးရှစွာ အော်ဟစ်နေခြင်းဖြစ်သည်။ အချိန်ဇယားဟူ၍ မရှိ။ လူပြည့်လျှင် ကားထွက်မည်။ ကားမထွက်မီ အချိန်အတွင်း ခွံမာသီး ရောင်းသူများ၊ နေကြာစေ့များ အလျှံပယ်ပါသည့်ကတော့ ရေခဲမုန့် ရောင်းသူများ၊ ဘီစကွတ်နှင့် အကြော်ရောင်းသူများ၊ သတင်းစာနှင့် မဂ္ဂဇင်းစာအုပ် ရောင်းသူများ ကားပေါ်မှာ တက်ချည် ဆင်းချည်။ သူတောင်းစားများက ဖွင့်ထားသော ပြတင်းပေါက်များသို့

လက်ဆန့်တန်းလျက်။

သူတို့ကို စူလတန် ဥပေက္ခာ ပြုလိုက်သည်။ ဆင်းရဲနွမ်းပါးသူများအား ပေးကမ်း စွန့်ကြဲရမည် ဟူသော သူလိုက်နာသည့် တမန်တော် မိုဟာမက်၏ဩဝါဒကို သူ အဓိပ္ပာယ် ဖွင့်ဆိုပုံမှာ ဤသို့။ ရှေးဦးစွာ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမည်။ ထို့နောက် မိသားစုကို စောင့်ရှောက်ရမည်။ ထို့နောက် ဆွေမျိုးဉာတကာတို့ကို စောင့်ရှောက်ရမည်။ ထို့နောက် အိမ်နီးချင်းများကို စောင့်ရှောက်ရမည်။ နောက်ဆုံး မိမိနှင့်မသိသည့် ဆင်းရဲသားများကို စောင့်ရှောက်ရမည်။ ကဘူးလ်မှာဆိုလျှင်တော့ သူတောင်းစားတယောက်ကို အာဖဂန်နီ ကြေးပြားတချို့ စွန့်ကြဲကောင်း စွန့်ကြဲမိလိမ့်မည် ဖြစ်သော်လည်း ပါကစ္စတန်နီ သူတောင်းစားများကတော့ စာရင်းထဲမှာ နောက်ဆုံးပါ။ ပါကစ္စတန်သည် သူ့ဆင်းရဲသားများကို သူကိုယ်တိုင် ကြည့်ရပါလိမ့်မည်။

စူလတန်သည် ဘတ်စ်ကား၏ နောက်ဘက်တန်းတွင် အခြား ခရီးသည်များကြား၌ ကျပ်ကျပ်ညပ်ညပ် ထိုင်ကာ ခရီးဆောင်အိတ်ကို ခြေထောက်အောက်တွင် ချထား၏။ ခရီးဆောင် အိတ်ထဲတွင် သူ့ဘဝ၏ အာမခံချက် ပါရှိ၏။ စာရွက်ပိုင်းလေးတပိုင်းပေါ်တွင် ရေးသားထားသည့် သူ့ဘဝ၏အာမခံချက်။ အာဖဂန်နစ္စတန်၏ ကျောင်းစာအုပ်အသစ်များကို သူ ပုံနှိပ်ချင်သည်။ ဤနွေဦးတွင် ကျောင်းများဖွင့်သည့်အခါ ကျောင်းစာအုပ်များ လုံလုံလောက်လောက် ရှိဖို့ အနိုင်နိုင်ပါ။ မူဂျာဟေဒင် အစိုးရနှင့် တာလီဘန်တို့ ပုံနှိပ်သည့် စာအုပ်များမှာ အသုံးမကျ။ ဤသို့ဖြင့် သူငယ်တန်း ကျောင်းသားလေးများသည် “I က အစ္စရေး၊ ငါတို့၏ရန်သူ၊ J က ဂျီဟဒ်၊ ငါတို့၏ဘဝ ရည်မှန်းချက်၊ K က ကလာ့ရှ်နီကော့ဗ်၊ ငါတို့ ချိုးနှိမ်နိုင်လိမ့်မည်၊ M က မူဂျာဟေဒင်၊ ငါတို့၏သူရဲကောင်းများ၊ T က တာလီဘန်...” စသည်ဖြင့် ဗျည်း သရ အက္ခရာကို သင်ယူခဲ့ကြရ၏။

သင်္ချာစာအုပ်များတွင်လည်း စစ်ကသာ အဓိကအာဘော် ဖြစ်နေသည်။ ကျောင်းသား သူငယ်များ (ဤသို့ဆိုရသည်မှာ တာလီဘန်သည် ကျောင်းသား သူငယ်များအတွက် သက်သက်သာ စာအုပ်များကို ပုံနှိပ်သောကြောင့်ပါ။) သည်သင်္ချာကို ပန်းသီးများ၊ ကိတ်မုန့်လုံးများဖြင့် မတွက်ချက်ကြရ။ ကျည်ဆန်များ၊ ကလာ့ရှ်နီကော့ဗ် သေနတ်များ စသည်တို့ဖြင့်သာလျှင် တွက်ချက်ကြရ၏။

အိုမာကလေးတွင် ကလာ့ရှ်နီကော့ဗ်တလက်နှင့်အတူ ကျည်ကတ် သုံးခုရှိသည်။ ကျည်ကတ် တခုစီတွင် ကျည်ဆန် ၂၀ ပါ၏။ သူသည် ကျည်ဆန် စုစုပေါင်း၏ ကို အသုံးပြုပြီး မိစ္ဆာဒိဋ္ဌိ အယောက် ၆၀ ကို ပစ်သတ်လိုက်သော် ကျည်ဆန်တတောင့်စီဖြင့် မိစ္ဆာဒိဋ္ဌိ မည်မျှကို ပစ်သတ်လိုက်သနည်း။

ကွန်မြူနစ်လက်ထက်က စာအုပ်များကိုလည်း အသုံးမပြုနိုင်။

သူတို့၏ သင်္ချာပုစ္ဆာများက လယ်ယာမြေ ဝေခြမ်းခြင်း၊ သာတူညီမျှဖြစ်ခြင်း ကိစ္စများနှင့်သာ အဆက်အဆံ ရှိကြသည်။ အောင်လံနီများနှင့် ပျော်ရွှင်နေကြသော ဘုံလယ်ယာ လုပ်သားများက ကျောင်းသားကလေးများအား ကွန်မြူနစ်ဝါဒဆီသို့ လမ်းပြသွားကြလတ္တံ့။

၁၉၇၃ ခုနှစ်တွင် နန်းချမခံရမီအထိ တိုင်းပြည်ကို နှစ်ပေါင်း လေးဆယ်တိုင်တိုင် အေးအေးချမ်းချမ်း အုပ်ချုပ်ခဲ့သည့် ဇဟီရှား ဘုရင်လက်ထက်က စာအုပ်များဘက်သို့ စူလတန် ပြန်လှည့်ချင်၏။ ပြန်လည် ပုံနှိပ်နိုင်မည့်စာအုပ်များကို သူ တွေ့သည်။ ပါရှန် သင်ခန်းစာများအတွက် ပုံပြင်များနှင့် ဒဏ္ဍာရီများ၊ ၁ နှင့် ၁ ပေါင်း ၂ ရသည် ဆိုသည့် သင်္ချာစာအုပ်များနှင့် အမျိုးသားရေး စိတ်ဓာတ် မဆိုစလောက် ပါသည်မှလွဲ၍ သဘောတရားရေးဆိုင်ရာ အကြောင်းအရာများ ကင်းရှင်းသည့် သမိုင်းစာအုပ်များ။

ယူနက်စကိုက တိုင်းပြည်၏ ကျောင်းစာအုပ်အသစ်များအတွက် ငွေကြေး ထောက်ပံ့မည်ဟု ကတိပေးထားသည်။ စူလတန်သည် ကဘူးလ်မြို့တွင် အကြီးဆုံး ထုတ်ဝေသူတဦးဖြစ်သည်နှင့်အညီ ယူနက်စကိုနှင့် တွေ့ဆုံခဲ့ပြီး လာဟိုသို့ နောက်တကြိမ် ပြန်ရောက်သည့်အခါ သူတို့ထံ ကမ်းလှမ်းချက် ပေးလိမ့်မည်။ သူ၏ဝေ့စ်ကုတ်အင်္ကျီထဲရှိ စာရွက်ပိုင်းထဲတွင် စာမျက်နှာ အရေအတွက်နှင့် ကျောင်းစာအုပ် ၁၁၃ အုပ်တို့၏ ပုံစံ အချိုးအစားတို့ကို ရေးခြစ်ထား၏။ ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ နှစ်သန်း။ လာဟိုတွင် အတတ်နိုင်ဆုံး အပေးအယူတည့်မည့် ပုံနှိပ်သူကို စုံစမ်းရဦးမည်။ ထို့နောက် ကဘူးလ်သို့ပြန်ပြီး အရှုံးမရှိနိုင်သော ကန်ထရိုက်အတွက် ယှဉ်ပြိုင်ရမည်။ စူလတန်သည် ကန်ထရိုက်တန်ဖိုး ဒေါ်လာနှစ်သန်းမှ သူ့အတွက် ကျန်မည့် အမြတ်ငွေ ပမာဏကို စဉ်းစားရင်း အားရကျေနပ်နေလေသည်။ အလွန်အကျွံ လောဘမကြီးဖို့ သူ ဆုံးဖြတ်ထား၏။ ကန်ထရိုက်ကိုသာ သူရလိုက်လျှင် ပြန်လည်ပုံနှိပ်ခြင်း၊ စာအုပ်အသစ်များ ရိုက်နှိပ်ခြင်းတို့ဖြင့် နောင် နှစ်ပေါင်းများစွာ ကြာသည်အထိ အလုပ်မပြတ်ဖို့ သေချာသည်။

ကဘူးလ်နှင့် ကာလကတ္တားကြား အဓိကလမ်းမကြီး၏ ဘေးတဖက်တချက်ရှိ စိုက်ကွင်းများ၊ မြေပြန့်လွင်ပြင်များကို တရိပ်ရိပ် ကျော်ဖြတ်လာရင်း စူလတန် စဉ်းစားလာခဲ့သည်။

လာဟိုနှင့် နီးကပ်လာလေလေ ရာသီဥတုက ပူလာလေလေ။ အာဖဂန် တောင်တန်းဒေသမှ အိမ်တွင်းဖြစ် အဝတ်အထည်များကို ဝတ်ထားသည့် စူလတန်သည် ချွေးတို့ဖြင့် ရွှဲနစ်လျက်။ ဆံပင်မွှေး အနည်းငယ်သာ ကျန်တော့သည့်

ဦးခေါင်းကို ပွတ်သပ်ပြီး မျက်နှာကို လက်ကိုင်ပဝါ တထည်ဖြင့် သုတ်လိုက်သည်။

ကျောင်းစာအုပ် ၁၁၃ အုပ် စာရင်းကို ရေးခြစ်ထားသည့် စာရွက်ပိုင်းအပြင် သူ့အတွက် ပုံနှိပ်ချင်သည့် စာအုပ်များလည်း စူလတန်မှာ ပါလာ၏။ အာဖဂန်နစ္စတန်သို့ ဂျာနယ်လစ်များ၊ အကူအညီ လုပ်သားများနှင့် နိုင်ငံခြား သံတမန်များ ဝင်ရောက်လာကြပြီးနောက်ပိုင်းတွင် အင်္ဂလိပ်လို ရေးသားထားသည့် တိုင်းပြည်အကြောင်း စာအုပ်များကို တောင်းဆိုမှု ရှိလာသည်။

စူလတန်က စာအုပ်များကို နိုင်ငံခြား ထုတ်ဝေသူများထံမှ မတင်သွင်းပါ။ သူ့ဘာသာ ပုံနှိပ်သည်။

ပါကစ္စတန်သည် ခိုးကူး ပုံနှိပ်သူများ၏ သုခဘုံ။ အထိန်းအချုပ် အကွပ်အကဲ မရှိ။ မူပိုင်ခနှင့် မူပိုင်ခွင့်ကို လေးစားသူဟူ၍ မရှိသလောက် ရှားသည်။

စူလတန်သည် စာအုပ်တအုပ်အတွက် တစ်ဒေါ်လာ အကုန်အကျ ခံပြီး ဒေါ်လာ နှစ်ဆယ် သုံးဆယ်ဖြင့် ပြန်ရောင်း၏။

အာမက် ရာရှစ် ရေးသည့် ရောင်းအကောင်းဆုံး စာအုပ် Taliban (တာလီဘန်) ကို စူလတန် ပုံနှိပ်ခဲ့သည့် အကြိမ်ပေါင်း မနည်းတော့။

နိုင်ငံခြား စစ်သားများကြားတွင် ရေပန်းစားနေသည့်စာအုပ်မှာ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၉ ခုနှစ် အကြား ဆိုးဝါးသော အုပ်ချုပ်မှုအကြောင်းကို ရုရှား သတင်းထောက်တဦး ရေးသည့် My Hidden War (ကျွန်ုပ်၏လျှို့ဝှက်စစ်) စာအုပ် ဖြစ်သည်။

မကြာ မကြာ လမ်းကြုံလှည့်ဝင်လာပြီး စူလတန်၏ဆိုင်မှ ပို့စကတ်များနှင့် စစ်စာအုပ် အဟောင်းများကို ဝယ်ယူလေ့ ရှိကြသည့် ယနေ့ ကဘူးလ်တွင် ကင်းလှည့်နေကြသော နိုင်ငံတကာ ငြိမ်းချမ်းရေးတမန်များ တွေ့ကြုံနေရသည်များနှင့် အနံ့ အလျား ခြားနားသည့် ကိုယ်တွေ့ဖြစ်ရပ် စာအုပ်။

ဘတ်စ်ကားသည် လာဟိုကားဂိတ်ထဲသို့ တအိအိ လိမ့်ဝင်လာစဉ် ကားဂိတ်ထဲရှိ လူများမှာ ပင်လယ်လှိုင်းလုံးကြီးများ ထကြွနေသလို ရှိ၏။ လာဟိုသည် ပါကစ္စတန်၏ ယဉ်ကျေးမှုနှင့် အနုပညာ အရည်အသွေးကို ပြသရာ အမာခံနယ်မြေဖြစ်ပြီး လှုပ်ရှားမှုများသော၊ လေထု ညစ်ညမ်းသော၊ ရှုပ်ထွေးသော မြို့ကြီးတမြို့။ မြေပြန့်လွင်ပြင်တွင် တည်ရှိပြီး သဘာဝ အကာအကွယ် ကင်းမဲ့လျက်ရှိသည့် လာဟိုမှာ သိမ်းယူခြင်း ခံရ၊ ဖျက်ဆီးခြင်း ခံရ၊ ပြန်လည် တည်ဆောက်ခြင်း ခံရ။ သို့သော် အောင်နိုင်ခြင်းနှင့် ပျက်စီးခြင်းတို့ ကြားတွင် အထင်ကရ ကဗျာစာဆိုများနှင့် စာရေးဆရာများကို အုပ်ချုပ်သူများက ကြည့်ရှု

စောင့်ရှောက်ခဲ့ကြ၏။

ထို့ကြောင့်ပင် လာဟိုသည် (အနုပညာသည်များ လာရောက် လည်ပတ်ရာ နန်းတော်များ ရွှေမှန်ကင်း အစစ်က ထင်းဖြစ်သွားကြစေကာမူ) အနုပညာသည်များနှင့် စာအုပ်တို့၏ မြို့တော်အဖြစ် တည်နေခြင်းဖြစ်သည်။

လာဟို စာအုပ်ဈေးများကို စူလတန် သဘောကျပါသည်။ ဤဈေးများမှ စာအုပ်များစွာကို လက်မြန်ခြေမြန်ဖြင့် လုပ်စားခဲ့ပြီးပြီ။ ဖုန်ထူသောဈေးတွင် အဖိုးတန် စာအုပ်တအုပ်ကို တွေ့ပြီး နောင်ခါလာ နောင်ခါဈေး သဘောထားကာ ဝယ်လိုက်ရခြင်းထက် ပို၍ စူလတန်အား ဘဝင်ခိုက်လောက်အောင် ဝမ်းမြောက်စေသည့်အရာ မရှိ။

စူလတန်၏သဘောမှာ အာဖဂန်နစ္စတန်အကြောင်း ရေးသားထားသည့် စာအုပ် ရှစ်ထောင်၊ ကိုးထောင်လောက်ကို ကမ္ဘာ့အကြီးဆုံး စာအုပ် စုစည်းမှုအဖြစ် ပိုင်ဆိုင်လိုခြင်း ဖြစ်သည်။

သူ စိတ်ဝင်စားတာတွေက အများကြီးပါ။ ရှေးဟောင်းဒဏ္ဍာရီများနှင့် ပုံပြင်များ၊ ရှေးဟောင်း ကဗျာများ၊ ဝတ္ထုများ၊ အတ္ထုပ္ပတ္တိများ၊ လတ်တလော နိုင်ငံရေး စာပေများအပြင် အဘိဓာန်များ၊ စွယ်စုံကျမ်းများ။ သူမသိသေးသည့် စာအုပ်တအုပ်ကိုများ ကံအားလျော်စွာ တွေ့လိုက်ရသည်ဆိုလျှင် သူ့မျက်နှာ ဝင်းခနဲ လက်သွားတတ်သည်။

သို့သော် စာအုပ်ဈေးများတွင် ပိုက်စိပ်တိုက် ရှာဖို့ ယခု သူ့မှာ အချိန်မရချေ။

အရုဏ်ပျို့ချိန်တွင် အိပ်ရာမှထပြီး အဝတ်သစ် အစားသစ်ကို လဲလှယ်လိုက်သည်။ မုတ်ဆိတ်ကို ပြုပြင်သည်။ ပသီဦးထုပ်ကို ဆောင်းလိုက်သည်။ အာဖဂန်နစ္စတန်မှ ကလေးများ အတွက် ကျောင်းစာအုပ်များ ပုံနှိပ်ဖို့ မြင့်မြတ်သောတာဝန်သည် သူ့ဦးထိပ်ထက်မှာ ရှိနေ၏။ သူနှင့် အများဆုံး အလုပ်လုပ်ဖူးသော ပုံနှိပ်သူများထံသို့ တန်းသွားလိုက်၏။ ဤတွင် တယ်လ်ဟာနှင့် တွေ့ရခြင်းပါ။ ထိုသူငယ်သည် တတိယမျိုးဆက် ပုံနှိပ်သူတဦးဖြစ်ပြီး စူလတန်၏ ပရိုဂျက်တွင် စိတ်ဝင်စားမှု ပြင်းပြင်းပြပြ မရှိ။ တိုတိုပြောရလျှင် ပရိုဂျက်သည် ရောမကြီး ဖြစ်နေသောကြောင့်။

မလိုင်ဖတ်များ အပြည့်ပါသော လက်ဖက်ရည်တခွက်ဖြင့် စူလတန်အား ဧည့်ခံရင်း တယ်လ်ဟာသည် ပါးစပ်ကို ပွတ်သပ်ကာ စိတ်အိုက်နေဟန် ရှိ၏။

"နည်းနည်းဆိုရင် ပြောစရာ မလိုပါဘူးဗျာ၊ အခုဟာက စာအုပ် ၁၁၃ မျိုးတောင် ဆိုတော့...၊ အဲဒါဆိုရင် တနှစ်လောက် အချိန်ယူရလိမ့်မယ်"

စူလတန်က နှစ်လသာ အချိန်ပေးနိုင်သည်။ ရုံးခန်းလေးထဲတွင် ပုံနှိပ်စက်သံ တဂျုန်းဂျုန်း မြည်နေစဉ် တယ်လ်ဟာအား တခြားအလုပ်များကို ဘေးဖယ်ထားဖို့ စူလတန် သွေးဆောင်နေ၏။

"မဖြစ်နိုင်လို့ပါ"

တယ်လ်ဟာ ပြောသည်။ စူလတန်သည် အရေးကြီး ဖောက်သည်တယောက် ဖြစ်ကောင်း ဖြစ်မည်။ အာဂဖန်နစ္စတန်မှ ကလေးများအတွက် ကျောင်းစာအုပ် ရိုက်နှိပ်ခြင်းမှာလည်း မြင့်မြတ်သောတာဝန် ဖြစ်ကောင်းဖြစ်မည်။ သို့သော် အခြား အပ်ထည်များက ရှိနေသေး၏။ သို့ဖြစ်လင့်ကစား သူသည် အလျင်အမြန် တွက်ချက်ကြည့်လိုက်ပြီး စာအုပ်တအုပ်လျှင် ငါးဆင့်ဖြင့် ပုံနှိပ်ပေးနိုင်မည်ဟု မှန်းလိုက်သည်။ စာအုပ်ဈေးနှုန်းမှာ စက္ကူ၊ အရည်အသွေး၊ အရောင် အရည်အသွေးနှင့် ချုပ်ရိုးချုပ်သားတို့အပေါ် မူတည်၏။ တယ်လ်ဟာက အရည်အသွေးနှင့် အရွယ်အစား အတွဲများ အားလုံးကို တွက်ချက်ပြီး စာရင်းရှည်ကြီးတစောင် ဆွဲလိုက်၏။

စူလတန်၏မျက်လုံးများ ကျုံ့သွားကြသည်။ ရူပီးများ၊ ဒေါ်လာများ၊ ရက်များနှင့် သီတင်းပတ်များကို သူ စိတ်တွက်ဖြင့် တွက်ကြည့်လိုက်၏။

တယ်လ်ဟာအား အလုပ်ကို မြန်မြန်လုပ်စေရန်နှင့် တခြား အလုပ်များကို ဘေးဖယ်ထားရန် အလုပ်ပြီးရမည့် နောက်ဆုံးရက်ကို ညာပြောခဲ့ခြင်း ဖြစ်၏။

"နှစ်လဆိုတာ မမေ့နှင့်နော်၊ နှစ်လကြာလို့မှ မပြီးရင် ကျုပ်တော့ ခွေးဖြစ်ပြီ"

ကျောင်းစာအုပ်များကိစ္စကို ပြောပြီးကြသောအခါ စူလတန့်စာအုပ်ဆိုင်အတွက် စာအုပ် အသစ်များကိစ္စ ညှိနှိုင်းပြီးနောက် ဈေးနှုန်းများ၊ အရေအတွက်များနှင့် ရက်ချိန်းများကို တဖန် ဆွေးနွေးကြပြန်၏။

စူလတန် ယူလာခဲ့သည့်စာအုပ်များမှာ မူရင်းစာအုပ်များမှ ပွားထားခြင်း ဖြစ်သည်။ စာရွက်များကိုဖြုတ်၍ မိတ္တူဆွဲထားခြင်း ဖြစ်သည်။ ယင်းတို့ကို ပုံနှိပ်သူများက ပလိတ်ပြားကြီးများ ပေါ်တွင် ရိုက်သည်။ အရောင်ပါသည့် ရှေ့ဖုံးများကို သူတို့ ပုံနှိပ်သည့်အခါ ပလိတ်ပြားများပေါ်သို့ သွပ်ပျော်ရည်ကို လောင်းလိုက်ရ၏။ ထို့နောက် ပလိတ်ပြားများကို နေပူ ပြရ၏။ ထိုအခါ အရောင်မှန် ပေါ်လာတော့သည်။ အကယ်၍ စာမျက်နှာတခုတွင် အရောင်များ ပါရှိပါက ပလိတ်ပြားများကို အရောင်တရောင်လျှင် တခါ နေပူတွင် ပြရသည်။ ထို့နောက် ပလိတ်ပြားကို ပုံနှိပ်စက်တွင်တင်ပြီး ပုံနှိပ်နိုင်ပြီ ဖြစ်၏။ အရာခပ်သိမ်းကို လက်ထိုး

စက်အိုကြီးဖြင့် ဆောင်ရွက်ခြင်းပါ။ အလုပ်သမား တယောက်က ပုံနှိပ်စက်ထဲသို့ စာရွက်များကို ထိုးပေးရသည်။ အခြား အလုပ်သမားတယောက်က ပုံနှိပ်စက် တဖက်စွန်းတွင်ထိုင်ကာ စက်မှကျလာသည့် စာရွက်များကို စုစည်းရသည်။ နောက်ဘက်ရှိ ရေဒီယိုမှ သီရိလင်္ကာ - ပါကစ္စတန် ခရစ်ကတ်ပွဲကို ကြေညာနေသည်။ နံရံပေါ်တွင် မဖြစ်မနေ ချိတ်ဆွဲရန် ပြဋ္ဌာန်းထားသည့် မဂ္ဂာပုံ။

မျက်နှာကြက်တွင် တွဲလောင်းဆွဲထားသည့် မီးလုံးမှာ ယင်ကောင်အသေများ အပြည့်ဖြင့် လှုပ်ယမ်းလျက်။ ကြမ်းပြင်ပေါ်တွင် အဝါရောင် အက်စစ်ရည်များသည် ရေမြောင်းထဲသို့ စီးဆင်းနေ၏။

ပုံနှိပ်စက်ကို လှည့်ပတ်ကြည့်ရှုကြပြီးနောက် တယ်လ်ဟာနှင့် စူလတန်သည် ကြမ်းပြင်ပေါ်တွင် ထိုင်ကာ စာအုပ်အဖုံးများအတွက် စဉ်းစားကြသည်။ စူလတန်က သူ့ပို့စကတ်များမှ အပြောက်အမွမ်းများကို ရွေးလိုက်သည်။

သူ့မှာရှိသည့် အလှဆင်ရန် အနားသတ် အကွပ်တချို့ကို သဘောကျသဖြင့် စာမျက်နှာများတွင် တန်ဆာဆင်လိုက်၏။ ငါးမိနစ်ခန့် ကြာပြီးနောက် စာအုပ်အဖုံး ခြောက်ခုကို သူတို့ ဒီဇိုင်း ဆွဲပြီးသွားကြသည်။

ထောင့်တထောင့်မှာ လက်ဖက်ရည်သောက်နေသော လူတချို့။ သူတို့အားလုံး စူလတန်ကဲ့သို့ ခိုးကူးစာအုပ်များကို ထုတ်လုပ်နေကြသည့် ထုတ်ဝေသူများနှင့် ပုံနှိပ်သူများ။ သူတို့အားလုံး အချင်းချင်း နှုတ်ဆက်ပြီး အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် အယ်လ်ကိုင်ဒါ စစ်သားအုပ်စုများက တိုက်ခိုက်ထားစဉ် အမျိုးမျိုးသော စစ်နယ်ရှင်များအကြား သတိကြီးစွာဖြင့် ကာဗိုင်း ဆောင်ရွက်လျက်ရှိရာ အာဖဂန်နစ္စတန်၏ နောက်ဆုံးသတင်းများကို ပြောဆိုနေကြသည်။ အမေရိကန် အထူးတပ်ဖွဲ့များက ကယ်တင်ရန်အလို့ငှာ ရောက်လာကြပြီး ပါကစ္စတန် နယ်စပ်အနီးရှိ ကျောက်လိုဏ်ဂူများပေါ်သို့ ဗုံးမိုး ရွာချနေကြ၏။ ခင်းနှီးပေါ်တွင် ထိုင်နေသူတယောက်က အာဖဂန်နစ္စတန်မှ တာလီဘန်များ မောင်းထုတ်ခံရတာ စိတ်မကောင်းစရာဟု ဆိုလေသည်။

“နည်းနည်းလောက် သန့်စင်ရေး လုပ်ဖို့ ပါကစ္စတန်မှာလည်း တာလီဘန်တချို့ ရှိဖို့ ကောင်းတယ်ဗျ” ဟု သူ ပြော၏။

“အဲဒါ ခင်ဗျားပြောတာလေဗျာ၊ ခင်ဗျားက တာလီဘန်နှင့် ကိုယ်တွေ့ မကြုံသေးဖူးလို့ ဒီစကား ပြောတာ၊ တာလီဘန်သာ အာဏာရရင် ပါကစ္စတန် ပျက်စီးယိုယွင်းသွားမှာဗျ၊ ကျုပ် ပြောတာကို ယုံ”

စူလတန် ပစ်ဟောက်လိုက်သည်။

"ခင်ဗျား စဉ်းစားကြည့်လေ၊ ကြော်ငြာ ပိုစတာတွေ အားလုံး ပြုတ်ကျကုန်မယ်၊ ဒီတလမ်းတည်းမှာကို ကြော်ငြာ အနည်းဆုံး တထောင်လောက် ရှိတာ၊ ရုပ်ပုံပါတဲ့ စာအုပ်တွေ အားလုံး မီးရှို့ခံရမယ်၊ ပါကစ္စတန် ရုပ်ရှင်တွေ၊ တေးဂီတတွေလည်း ပါသွားမှာပဲ၊ တူရိယာ ပစ္စည်းတွေလည်း ဖျက်ဆီးခံရမှာပဲ၊ ခင်ဗျား ဘယ်တော့မှ သီချင်းသံ ကြားရတော့မှာ မဟုတ်ဘူး၊ ကခုန်ရတော့မှာ မဟုတ်ဘူး၊ အင်တာနက်ကဖီးတွေ အားလုံး အပိတ်ခံကြရမယ်ဗျာ၊ တီဗီတွေ တားမြစ် ခံရမယ်၊ အသိမ်း ခံရမယ်၊ ရေဒီယိုမှာလည်း ဘာသာရေး အစီအစဉ်ကလွဲလို့ ဘာမှ ကြားရတော့မှာ မဟုတ်ဘူး၊ မိန်းကလေးတွေ ကျောင်းထွက်ကြရမယ်၊ အလုပ်လုပ်နေတဲ့ မိန်းမတွေ အားလုံး အလုပ်ဖြုတ်ခံရမယ်၊ အဲဒီအခါ ပါကစ္စတန် ဘာဖြစ်သွားမလဲ၊ တိုင်းပြည်ဟာ အလုပ်တွေ ဆုံးရှုံးပြီး စီးပွားပျက်ကပ်ကြီးထဲမှာ နာလန် မထူနိုင်အောင် နစ်ဆင်းသွားမှာ ဗျ၊ ပါကစ္စတန်ဟာ ခေတ်မီနိုင်ငံ တနိုင်ငံ မဟုတ်တော့ဘူးဆိုရင် လိုတာထက်ပိုပြီး ချမ်းသာနေကြတဲ့ လူတွေရော ဘာဖြစ်သွားမလဲ၊ သူတို့ စစ်သည်ရဲမက်တွေ ဖြစ်လာနိုင်သလား"

စူလတန် ပြောနေပုံမှာ သူ့စိတ်ကို သူ မထိန်းနိုင်ဟန် ရှိ၏။

စကား စတင်သူက ပခုံးများကို တွန့်လိုက်သည်။

"အင်း တာလီဘန် အားလုံးတော့ မဟုတ်ဘူးပေါ့ဗျာ၊ သူတို့အထဲက တချို့တဝက်ပေါ့"

တယ်လ်ဟာက တာလီဘန် လက်ကမ်းစာစောင်များကို မိတ္တူကူးပေးခြင်းဖြင့် တာလီဘန်ကို ပံ့ပိုးခဲ့ဖူးသည်။ သူတို့၏ ကျောင်းသုံးစာအုပ်များကိုပင် နှစ်အတန်ကြာအောင် ပုံနှိပ်ပေးခဲ့ဖူးသည်။ နောက်ဆုံး ကဘူးလ်၌ တာလီဘန်ကိုယ်ပိုင် ပုံနှိပ်လုပ်ငန်း ထူထောင်ရာတွင် တာလီဘန်ကို တယ်လ်ဟာ အကူအညီ ပေးခဲ့၏။ အီတလီမှ တပတ်ရစ် ပုံနှိပ်စက်တလုံးကို မှာယူပြီး တာလီဘန်သို့ ဈေးချိုချိုဖြင့် ရောင်းပေးလိုက်ခြင်းပါ။ ထို့ပြင် စက္ကူနှင့် ပုံနှိပ်စက်သုံး ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ ပါကစ္စတန်လူမျိုး အများစုလိုပင် တယ်လ်ဟာသည် အိမ်နီးချင်း တိုင်းပြည်တွင် ပါ့ရှ်တွန် အစိုးရ တက်လာလျှင် စိတ်အေးရမည်ဟု သိမြင်ထားသူ ဖြစ်သည်။

"မောင်ရင်က ကိုယ့်လိပ်ပြာမှ ကိုယ် မရှက်ဘဲကိုး"

တာလီဘန်အပေါ် အော့နှလုံး နာနေသော စူလတန်သည် တယ်လ်ဟာကို ရင်းနှီးသော အားဖြင့် ကုလားမနိုင် ရခိုင် မဲလိုက်သည်။

တယ်လ်ဟာက ရှက်ကိုးရှက်ကန်း ဖြစ်သွားသော်လည်း သူ့ယုံကြည်ချက်အတိုင်း အခိုင်အမာ ရပ်တည်လျက် "တာလီဘန်က ကျွန်တော်တို့

ယဉ်ကျေးမှုနှင့် ပဋိပက္ခ ဖြစ်တာမှ မဟုတ်ဘဲဗျာ၊ သူတို့ ကိုရန်ကျမ်းကို လေးစားတယ်၊ တမန်တော်ကို လေးစားတယ်၊ ကျွန်တော်တို့ရဲ့ဓလေ့ထုံးစံကို လေးစားတယ်၊ အစ္စလာမ်နှင့် ဆန့်ကျင်တဲ့ ဘယ်လိုဟာမျိုးကိုမှ ကျွန်တော် ပုံနှိပ်ပေးမှာ မဟုတ်ဘူး"

"ဘယ်ဟာမျိုး ပြောပါလိမ့်"

"ဥပမာ ပြောရရင်ဗျာ၊ The Satanic Verses (ဆာတန် မာရ်နတ် ကဗျာများ) စာအုပ်လိုမျိုးပေါ့၊ ဒါမှမဟုတ် ဆယ်လ်မန် ရာ့ရှ်ဒီ ရေးတဲ့ စာတွေမျိုးပေါ့၊ သူ့ပုန်းခိုရာကို အလ္လာ အရှင်မြတ် ဦးဆောင်လမ်းပြပါစေ"

ကော်ဇောပေါ်မှာ ထိုင်နေသည့် အခြား လူတယောက်ကလည်း သူတို့အထဲက တယောက်မျှ မကြားဖူးသည့် The Satanic Verses စာအုပ်အကြောင်းကို ကြားသောအခါ စကား ဝင်ပြောသည်။

"ဒါပေမဲ့ သူကတော့ အမြဲတမ်း ထွက်ပြေး လွတ်မြောက်နေတာပဲ၊ သူ့စာအုပ်တွေကို ပုံနှိပ်တဲ့ သူ့ကို ကူညီတဲ့ ဘယ်သူမဆိုကို ဒေါက်ဖြုတ်ပစ်သင့်တယ်ဗျ၊ တကမ္ဘာလုံးမှာရှိတဲ့ ငွေတွေ ပေးရင်တောင် ကျွန်တော်တော့ သူ့စာတွေကို ပုံနှိပ်မပေးဘူး၊ သူဟာ အစ္စလာမ်ဘာသာကို နင်းခြေပစ်တဲ့လူ" ဟု တယ်လ်ဟာ ပြော၏။

"သူဟာ ကျွန်တော်တို့ကို ထိခိုက်အောင် အရှက်ရအောင် လုပ်တယ်" ဟု လူတယောက်က စကား ဆက်ပြန်သည်။

သူ့စကားကို စူလတန် ထောက်ခံ၏။

"သူဟာ ကျွန်တော်တို့ရဲ့နှလုံးသည်းပွတ်ကို ဖျက်ဆီးဖို့ ကြိုးစားနေတာ၊ တခြားလူတွေကိုပါ အကျင့်ပျက်အောင် မလုပ်ခင် သူ့ကို တားမြစ်ရမယ်၊ ကွန်မြူနစ်တွေတောင် သူ့လို မဟုတ်ဘူး၊ ကျွန်တော်တို့ဘာသာကို နည်းနည်းတော့ လေးစားသေးတယ်၊ ဖျက်ဖို့ မကြိုးစားကြဘူး"

သစ္စာဖောက် ရာ့ရှ်ဒီးက သူတို့အပေါ် လွှမ်းခြုံလိုက်သည့် အမှောင်ထုကို ခါချဖို့ မတတ်သာတော့သလို သူတို့သည် နှုတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေကြ၏။

"သူ့ကို ဖမ်းမိမှာပါ၊ ခင်ဗျားတို့ ကြည့်သာ နေကြ၊ ဘုရားသခင်က ဆန္ဒတော် ရှိနေပါပြီ" ဟု တယ်လ်ဟာက ပြောလေသည်။

နောက်ရက်များတွင် လာဟိုမြို့ အိမ်နောက်ဖေးကွက်လပ်များ၊ မြေအောက်ခန်းများနှင့် လက်ကြား လမ်းများရှိ အမျိုးမျိုးသော ပုံနှိပ်သူများထံ

စုံတကာ စေ့အောင် စူလတန် လျှောက်သွားခဲ့သည်။ အင်မတိ အင်မတန် များပြားသည့် စာအုပ်အရေအတွက်များကို ပုံနှိပ်တိုက် တဒါဇင် သို့မဟုတ် တဒါဇင်ဝန်းကျင်လောက်တွင် ဖြန့်အပ်မှ ဖြစ်လိမ့်မည်။ ပုံနှိပ်တိုက်များတွင် သူ အပ်မည့် အလုပ်အကြောင်းကို ရှင်းပြ၏။ ဈေးနှုန်းစာရင်း တောင်းယူ၏။ ခန့်မှန်းခြေများ တွက်ချက်ကြည့်၏။ ဈေးနှုန်းတခုက အထူးတလည် ကောင်းမွန်နေသည်ကို တွေ့သည့်အခါ စူလတန် မျက်စိ ပေကလတ် ပေကလတ် ဖြစ်သွားပြီး နှုတ်ခမ်းများ မသိမသာ တုန်လာ၏။ သူ့နှုတ်ခမ်းများကို လျှာဖြင့် သပ်လိုက်သည်။ စိတ်တွက်ဖြင့် အမြန်တွက်ကြည့်ပြီး ရရှိမည့် အမြတ်ကို ခန့်မှန်းကြည့်၏။

သီတင်းနှစ်ပတ် လွန်လျှင် ကျောင်းစာအုပ် အားလုံးအတွက် အလုပ်အပ်နှံပြီး အကြောင်း ပြန်ကြားမည်ဟု ပုံနှိပ်တိုက်များအား ကတိပေး၏။

ယခု ကဘူးလ်သို့ သူ ပြန်နိုင်ပါပြီ။ သည်တကြိမ်တွင် မြင်းစီးပြီး နယ်စပ်ကို ပင်ပင်ပန်းပန်း ဖြတ်ကျော်ဖို့ မလိုတော့ပါ။

အာဖဂန်များအား ပါကစ္စတန်ထဲသို့ ဝင်ခွင့်မပြုသော်လည်း အပြန်ခရီးတွင်မူ နိုင်ငံကူး လက်မှတ်ဖြင့် ထိန်းချုပ်ထားခြင်းမရှိသဖြင့် စူလတန်သည် ပေါ်ပေါ်ထင်ထင် ပြန်သွားနိုင်၏။

ဂျလာလာဘဒ်မှသည် ကဘူးလ်သို့ အကွေ့အကောက်များတလျှောက် ဘတ်စ်ကားအိုကြီး တစီးထဲတွင် အတွန်း၊ အလှုပ်၊ အဆောင့်တို့ကို စူလတန် ခံစားသွားရသည်။ လမ်းဘေးတဖက်ရှိ တောင်စောင်းပေါ်မှ ရောမ ကျောက်တုံးကြီးများ လိမ့်ဆင်းလာလျှင် မတွေးဝံ့စရာ။ တခါက တုံးလုံးပက်လက် မှောက်လျက်ရှိသည့် ဘတ်စ်ကား နှစ်စီးနှင့် နောက်တွဲယာဉ်တစီးကို သူ တွေ့ဖူးသည်။ သယ်ယူသွားကြသည့် သေဆုံးသူ အများထဲတွင် ကောင်လေးနှစ်ယောက် ပါဝင်သည်။ သူတို့၏ ဝိညာဉ်များနှင့် သူကိုယ်တိုင်အတွက် စူလတန် ဆုတောင်းလိုက်၏။

ဤလမ်းခရီးတွင် တောင်စောင်းထက်မှ ကျောက်တုံးကြီးများ လိမ့်ကျလာမည်ကိုသာ ကြောက်စရာ ကောင်းသည် မဟုတ်ချေ။ ဤလမ်းသည် အာဖဂန်နစ္စတန်တွင် တရားဥပဒေ အကင်းမဲ့ဆုံး လမ်းဖြစ်သည်ဟုလည်း ကျော်စောသေးသည်။ တောပုန်း ဓားပြများနှင့် မတော်တဆ ကြုံကြိုက်ခဲ့ရသည့် နိုင်ငံခြား သတင်းထောက်များ၊ အကူအညီ လုပ်သားများနှင့် ဒေသခံ အာဖဂန်များ အသတ်ခံခဲ့ကြရသည်။ သူတို့၏ယာဉ်မောင်းကမူ အစ္စလာမ် ဓမ္မသြဝါဒကို ရွတ်ဆိုနေသဖြင့် အသက်ဘေးမှ ချမ်းသာရာ ရသွားသည်။ ထို့နောက်များ မကြာမီ အာဖဂန် အပြည့် တင်လာသည့် ဘတ်စ်ကားတစီး ရပ်တန့်ခံရပြန်သည်တွင်

အားလုံးမှာ မုတ်ဆိတ်ကိုပြောင်စင်အောင် ရိတ်ပယ်ထားသူများချည်း ဖြစ်သဖြင့် နားရွက်များ၊ နှာခေါင်းများကို တောပုန်းခားပြများက ဖြတ်ပစ်လိုက်ကြ၏။

သတင်းထောက်များ အသတ်ခံရသည့်နေရာသို့ ရောက်သည့်အခါ စူလတန်သည် ဆုတောင်းစာကို တတွတ်တွတ် ရွတ်နေရသည်။ စိတ်ချရအောင် သူ့မုတ်ဆိတ်ကို မရိတ်ပယ်ဘဲ နဂိုအတိုင်းထားပြီး ရိုးရာ အဝတ်အစားများကို ဝတ်ဆင်လာခဲ့၏။ ဦးပေါင်းထုပ်အစား ပသီ ဦးထုပ်ကလေးကိုသာ ပြောင်းပြီး ဆောင်းလာခဲ့သည်။

ဘတ်စ်ကားသည် ကဘူးလ်နှင့် နီးကပ်လာပြီ။ ဆိုညာတော့ စိတ်ကောက်တော့မှာပဲဟု သူ့ဘာသာ တွေးပြီး ပြုံးလိုက်မိ၏။ တပတ်အတွင်း ပြန်ရောက်မည်ဟု ကတိပေးခဲ့သည်။ ပက်ရှ်ဝါနှင့် လာဟိုသို့ သွားလျှင် တပတ်နှင့် ပြန်လို့မရကြောင်း ဆိုညာအား သူ ရှင်းပြခဲ့သော်လည်း သူမ သဘော မပေါက်ပေ။

"ဒါဆိုရင် ကျွန်မ နွားနို့ မသောက်ဘဲ နေမှာ" ဟု သူမပြောတော့ စူလတန် ရယ်၏။ သူမနှင့် တွေ့ဖို့ သူ အားခဲလာပါသည်။ ဆိုညာသည် နွားနို့ကို မကြိုက်သော်လည်း လာတီဖာကို နို့တိုက်နေရဆဲ ဖြစ်သဖြင့် နံနက်တိုင်း နွားနို့ တဖန်ခွက် သောက်ရန် စူလတန် တိုက်တွန်း ထားခဲ့သည်။ ဤ နို့တဖန်ခွက်သည် သူမ၏ စျေးဆစ်သည့် တုံကင်ပြား ဖြစ်လာလေ၏။

စူလတန် ခရီးထွက်သည့်အခါ သူမ သိပ်လွမ်းသည်။ စူလတန် မရှိလျှင် မိသားစုဝင်များက သူမကို ကောင်းကောင်း မဆက်ဆံကြ။

ထိုအခါ ဆိုညာသည် အိမ်ကြီးရှင် သခင်မ မဟုတ်တော့ဘဲ အကြောင်းတိုက်ဆိုင်မှုကြောင့် အိမ်သို့ ရောက်လာသူမျှ ဖြစ်သွားတော့သည်။ ချက်ချင်းပင် တခြားအိမ်သားများ ခေါင်းထောင်ထ လာကြပြီး ထင်သလို ကြဲကြတော့၏။

ဆိုညာကို "တောသူမ" ဟု သူတို့ ခေါ်ကြသည်။ "မြည်းလို ပျင်းတဲ့သူ"။ သို့သော် စူလတန်အား တိုင်ပြောမည်စိုး၍ ဆိုညာကို သူတို့ သိပ်တော့ မစရဲကြ။

စူလတန်ကလည်း ဆိုညာ့ကို လွမ်းလှပါပြီ။ ရှရီဖာကို မလွမ်းသမျှ ဆိုညာ့ကို အတိုးချ လွမ်းနေရပြီ။ ဆိုညာက သူ့အတွက် ငယ်လွန်းလှသည်။ ဆိုညာက ကလေးလိုပဲ၊ ဆိုညာ့ကို သူ စောင့်ရှောက်မှ ဖြစ်မည်။ သူမ နွားနို့သောက်အောင် နားလှည့် ပါးလှည့် လုပ်ပြီး တိုက်ရမည်။ အသေးအမွှား လက်ဆောင်များပေးပြီး သူမ တအံ့တသြဖြစ်သွားအောင် လုပ်ရမည် စသည်ဖြင့် တခါတရံ သူ စိတ်ကူးပေါက်၏။

မယားနှစ်ယောက်အကြား ခြားနားချက်ကို သူ ဆင်ခြင်ကြည့်သည်။ သူ

ရှရီဖာနှင့်အတူ ရှိနေသည့်အခါ အရာရာကို သူမက လုပ်ကိုင်ပေး၏။ အချိန်းအချက်များကို သတိပေးဖော်ရ၏။ အစစ စီမံပေး၏။

ရှရီဖာက စူလတန်ကို ဦးစားပေးသည်။ စူလတန် အလို၊ စူလတန် အကြိုက်သည်သာ ပထမ။ ဆိုညာက ခိုင်းလျှင် လုပ်ပေးသော်လည်း မည်သည့်အခါမျှ ကိုယ်က စပြီး လုပ်ပေးသည် မရှိ။

စူလတန့်မှာ ဆိုညာနှင့် ညှိလို့မရတာ တခုသာ ရှိသည်။ နံနက် ငါးနာရီတွင် ဘုရားဝတ်ပြုဖို့ သူ အမြဲတမ်း အိပ်ရာထ၏။ သည်တကြိမ်ပဲ ဝတ်ပြုခြင်း ဖြစ်သည်။ သူ အိပ်ရာမှထလျှင် ရှရီဖာက လိုက်ထပြီး ရေနွေးအိုးတည်၊ လက်ဖက်ရည်ဖျော်၊ စူလတန်ဝတ်ဖို့ အဝတ်သစ် အစားသစ်များ ထုတ်။ ဆိုညာကတော့ ခြေကုန်လက်ပန်း ကျနေသည့် ကလေးတယောက်လို နှိုးလို့မရ။

တခါတခါ သူသည် ဆိုညာနှင့်မလိုက်ဖက်ဟု တွေးမိ၏။ သူက အသက် ကြီးလွန်းနေတာကိုး။ သို့သော် သူ့ထက်သာသူကို ဆိုညာ မရနိုင်ဟုလည်း တွေးလိုက်ပြန်၏။ သက်တူရွယ်တူကို ဆိုညာ ယူကြည့်ပါလား။ ယခု သူမနေသည့် အဆင့်အတန်းမျိုးမှာ နေနိုင်ဖို့ ဝေးသေး။ သူမ၏ရွာမှ ကောင်လေး အားလုံးမှာ ဆင်းရဲသားများချည်း ဖြစ်ကြသဖြင့် ဒါမျိုးကိုသာ သူမ ရနိုင်တော့မပေါ့။ ငါတို့ ရှေ့လျှောက် ဆယ်နှစ်ကနေ အနှစ် နှစ်ဆယ်လောက်တော့ ပေါင်းရလိမ့်မယ်။ စူလတန် တွေးပြီး မျက်နှာပေါ်တွင် ကျေနပ်မှု အရိပ်အယောင် ဖြတ်သွားလေသည်။

စူလတန် ရယ်လိုက်သည်။ ပြီးတော့ အကြောဆွဲသလို ဆတ်ခနဲ တွန့်လိုက်သည်။ မိုက်ခရိုရေယွန်နှင့် နီးလာပြီ။ ကလေး မယားလေးနှင့် နီးလာပြီ။

ကိုယ့်ကို မင်း စိတ်ဆင်းရဲအောင် လုပ်ချင်လို့လား

စားပွဲ သောက်ပွဲ ပြီးသွားပြီ။ ကြမ်းပြင်ပေါ်တွင် ဆိတ်ရိုးနှင့် ကြက်ခြေထောက်ရိုးများ ပြန့်ကျဲနေ၏။ ထမင်းစေ့များကို ငရုတ်သီး စားမြိန်ရည်နှင့် ဒိန်ချဉ်တို့ ပေကျံနေသည့် စားပွဲခင်းဖြင့် သုတ်လိုက်သည်။ ပေါင်မုန့် အစအနများနှင့် လိမ္မော်ခွံများက အခန်းထဲတွင် ဟိုတစ သည်တစ။

နံရံအနီး ကုရှင်များပေါ်တွင် ယောက်ျားကြီး သုံးယောက်နှင့် မိန်းမကြီး တယောက် ထိုင်နေကြ၏။ တံခါးထောင့်ထဲမှာ မိန်းမနှစ်ယောက်သည် ဆောင့်ကြောင့်ထိုင်လျက်။ စားပွဲ သောက်ပွဲတွင် သူတို့ မပါဝင်ကြ။ ရှေ့တည့်တည့်သို့သာ စိုက်ကြည့်နေကြပြီး မည်သူနှင့်မျှ မျက်လုံးချင်း မဆိုင်ကြချေ။

နံရံနားမှ လေးယောက်က လက်ဖက်ရည်နှင့် အချိုရည်များ သောက်ရင်း လေးလေးနက်နက် တွေးနေဟန်၊ ကသိကအောက် ဖြစ်နေဟန် ရှိသည်။ အရေးကြီးသည့်ကိစ္စများကို ဆုံးဖြတ်ပြီးသွားပြီ။ ဝါကီက ရုကီလာကို ယူမည်။ ရာဆူးက ဘူလ်ဘူလာကို ယူမည်။ ကြေး သတ်မှတ်ဖို့နှင့် ရက် သတ်မှတ်ဖို့သာ လိုတော့၏။

လက်ဖက်ရည်နှင့် သကြားရည်ဖြင့် ခလောက်ထားသည့် မက်မွန်သီးတို့ကို စားသောက်ရင်း ရုကီလာအတွက် ကြေးကို ဒေါ်လာတရာ သတ်မှတ်ဖြစ်သွားသည်။ ဘူလ်ဘူလာအတွက်ကတော့ ကြေး မရှိ။ ပိုက်ဆံ အဆင်သင့် ထည့်လာသည့် ဝါကီက အိတ်ထဲမှ ငွေစက္ကူတရွက်ကို ထုတ်ယူပြီး စူလတန်သို့ ကမ်းပေးလိုက်သည်။

သူ့နှမအတွက် ငွေကို စူလတန်က အထက်စီးဆန်သလိုလို၊ စိတ်မဝင်စားသလိုလို မျက်နှာထားဖြင့် လက်ခံလိုက်သည်။ နှမအတွက် သူ ရလိုက်သည့်ကြေးသည် မများလှ။ တဖက်တွင် ရာဆူးက သက်ပြင်းတချချ။ မိန်းမယူရန် ပိုက်ဆံစုဖို့ တနှစ်လောက် စောင့်ရဦးမည်။

စူလတန်သည် သူ့နှမများကိုယ်စား စိတ်ချဉ်ပေါက်နေပြီး သူတို့၏ မှုန်တေတေ ရှုသိုးသိုး မျက်နှာထားများကြောင့် နှစ်လိုဖွယ်ကောင်းသည့် သတို့သားများကို လက်လွတ်ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်ဟု တွေးနေလေသည်။

လွန်ခဲ့သော ဆယ့်ငါးနှစ်ကသာဆိုလျှင် ငယ်ငယ်ရွယ်ရွယ် ချမ်းချမ်းသာသာထဲက မရခဲ့ပါလား။

"သူတို့က ဇီဇာ ကြောင်လွန်းကြတာကိုး"

သို့သော် သူတို့၏ကံကြမ္မာကို အဆုံးအဖြတ်ပေးသူမှာ စူလတန် မဟုတ်ပါ။ ကိုယ်ကို ဘယ်ယာ ယိမ်းလျက် ခြေချိတ်ထိုင်နေသည့် သူ့အမေ ဘီဘီဂူးလ် ဖြစ်သည်။ အရေးအကြောင်းများ ထင်နေသည့် သူမ၏မျက်နှာပေါ်သို့ ရေနံဆီမီးအိမ်မှ အလင်းရောင် ဖြာကျနေ၏။ လက်ကို ပေါင်ခွင်ပေါ် တင်ထားရင်း သူမ ပြုံးနေသည်။ ရှေ့လျှောက် အာလာပ သလ္လာပ စကားများကို သူမ နားထောင်ရတော့မည် မဟုတ်ပါ။ သူမကိုယ်တိုင် အသက် ဆယ့်တစ်နှစ်တွင် သူမထက် အသက် နှစ်ဆယ်ကြီးသူတယောက်နှင့် ပေးစားခံခဲ့ရသည်။ မိသားစု နှစ်ခုအကြား ထိမ်းမြားခြင်း ကတိကဝတ် အစိတ်အပိုင်းအဖြစ် ဆောင်နှင်းပေးခြင်း ခံခဲ့ရ၏။ သူမ၏ မိဘများက အိမ်နီးချင်း မိသားစု၏ သမီးတယောက်ကို သားအတွက် တောင်းရမ်းခဲ့ပြီး ထိုမိသားစုမှ လက်မထပ်ရသေးသည့် အကြီးဆုံးသားအတွက် ဘီဘီဂူးလ်ကို ပေးခဲ့ရခြင်းပါ။

စစ်ပွဲ သုံးပွဲ၊ အာဏာ သိမ်းမှု ငါးကြိမ်နှင့် သားသမီး ဆယ့်သုံးယောက် မွေးဖွားရခြင်းတို့ကို ကြုံတွေ့ခဲ့ရပြီးသကာလ နောက်ဆုံးတွင် မုဆိုးမကြီး ဘီဘီဂူးလ်သည် တတိယသမီးနှင့် နို့ညှာ သမီးကို လင်ပေးစားလိုက်၏။ သမီးတယောက်တော့ ကျန်သေးသည်။ လင် ပေးစားလိုက်သည့် သမီးနှစ်ယောက်လုံး အသက်သုံးဆယ်ကျော် အပျိုဟိုင်းများ ဖြစ်သဖြင့် အာဝါဟ ဝိဝါဟ ဈေးကွက်တွင် သိပ်ပြီး ရောင်းပန်း မလှကြတော့ချေ။ သို့သော် သူတို့၏ လင်များကလည်း လင်သိုး လင်ဆွေးများပါ။

ယနေ့ ညနေပိုင်းတွင် ရှကီလာနှင့် စေ့စပ်ထားသူအဖြစ် အိမ်ထဲသို့ ဝင်လာသူက အသက် ငါးဆယ်ကျော် ကလေးဆယ်ယောက် ဖအေ။

ဘူလ်ဘူလာ ရည်ရွယ်ထားသည့် လင်က မုဆိုးဖိုဖြစ်သော်လည်း သားသမီး မရှိ။

သမီးများအား လင် မပေးစားခြင်းအတွက် ဘီဘီဂူးလ်တွင် အကြောင်းရှိသော်လည်း အခြားသူများကတော့ မတရားဘူးဟု ထင်ကြ၏။ ဘူလ်ဘူလာက ဉာဏ် သိပ်မကောင်း။ လှသော်လည်း အသုံးမကျသူ။ ဤသည်ကို ဘီဘီဂူးလ်က ဘူလ်ဘူလာ မျက်မှောက်မှာပင် အော်ကြီးဟစ်ကျယ် ပြောတတ်သည်။ ပြီးတော့ သူမ၏လက်တဖက်က သိပ်မသန်လှ။ လမ်းလျှောက်သည့်အခါ ခြေဆာနေသေး၏။

"သူ မိသားစုကြီး တခုကို ထိန်းနိုင်မှာ မဟုတ်ဘူး" ဟု အမေက ပြောသည်။

အသက်ခြောက်နှစ် အရွယ်တုန်းက ဘူလ်ဘူလာ ရုတ်တရက် ဖျားနာပြီး ပြန်လည် နေထိုင်ကောင်းလာသောအခါ လှုပ်ရှားဖို့ ခက်သွားသည်။ သူမ၏အစ်ကိုက

ပိုလီယိုဟု ပြောသည်။ ဆရာဝန်များ မသိကြ။ ဘီဘီဂူးလ်ကတော့ စိတ်ထိခိုက်သောကြောင့် ဖြစ်ရသည်ဟု ထင်သည်။ ထောင်ထဲရောက်နေသော အဖေဖြစ်သူကို လွမ်းသောကြောင့် ယခုလို ဖြစ်ရသည်ဟုသာ သူမ ထင်နေ၏။ အဖေက သူ အလုပ်လုပ်သည့်ဂိုဒေါင်မှ ပိုက်ဆံ ခိုးယူသည်ဟု စွပ်စွဲခံရပြီး အဖမ်းခံရခြင်း ဖြစ်သည်။ လပိုင်းလောက်အကြာတွင် ပြန်လွတ်လာသော်လည်း ဘူလ်ဘူလာကား အကောင်း ပကတိအတိုင်း ပြန်မဖြစ်တော့။

"ဖအေ့ဒဏ် ခံလိုက်ရတာ" ဟု အမေက ပြောလေ့ရှိ၏။

ဘူလ်ဘူလာ ကျောင်းမနေဖူးပါ။ အဖျားကြောင့် ဦးနှောက်တွင် ထိခိုက်ပြီး ကောင်းကောင်း မစဉ်းစားနိုင်သဖြင့် မိဘများက သူမကို ကျောင်းမထားတော့။ ကလေးဘဝတလျှောက်လုံး အမေ့နားမှာသာ ဘူလ်ဘူလာ ရစ်သီ ရစ်သီ လုပ်နေခဲ့သည်။ အဖျားရောဂါကို အကြောင်းပြု၍ ဘူလ်ဘူလာ အလုပ် များများစားစား မလုပ်နိုင်ခဲ့။ ယင်းကြောင့် သူမ၏ဘဝ နိမ့်ကျသွားသည်။ မည်သူမျှ ဘူလ်ဘူလာနှင့် ဆက်ဆံရန် အကြောင်းမရှိ။ သူမနှင့်အတူ မည်သူမျှ မကစားကြ။ မည်သူမျှ သူမထံ အကူအညီ မတောင်းကြ။

ဘူလ်ဘူလာနှင့် စကားစမြည် ပြောဆိုမည့်သူဟူ၍ မရှိသလောက် ရှားသည်။ အသက် သုံးဆယ်အရွယ်ရှိ မိန်းမတယောက်မှာ အားအင်ကုန်ခန်းလာပြီး ဘဝတလျှောက်လုံး သူ့ကိုယ်သူ တရွတ်တိုက် ဆွဲခဲ့ရသည့်အဖြစ်မှာ သေရာပါတော့မည်။ သူမမှာ ကြီးမားသော ကြောင်စိစိ မျက်လုံးကြီးများနှင့် တချိန်လုံးလိုလို ပါးစပ် အဟောင်းသားဖြင့် အမေ့အနားမှာ ထိုင်နေတတ်၏။ အောက်နှုတ်ခမ်းများ တွဲကျနေသည်မှာ အိပ်ပျော်သွားတော့မတတ် ထင်ရသည်။

အခြားသူများ၏ ပြောစကားများနှင့် အခြားသူများ၏ ဘဝများကိုမူ ဘူလ်ဘူလာ အာရုံ စိုက်တတ်သည်။ သို့သော် စိတ်ထက်ထက်သန်သန်ဖြင့် အာရုံစိုက်ခြင်းကား မဟုတ်။ ဘီဘီဂူးလ် အနေဖြင့် ဘူလ်ဘူလာ့ ဘဝတလျှောက်လုံး အိမ်မှာပင် စိတ်တိုင်းကျသလို နေထိုင်ပြီး သူမဘေးမှ ကော်ဇောတချပ်ပေါ်မှာ အိပ်စက်နေလျှင်ပင် ကျေနပ်လှပြီဖြစ်၏။

သို့သော် တနေ့တွင် သူမ စိတ်ပြောင်းဖို့ အကြောင်း ပေါ်လာခဲ့လေသည်။ တနေ့၊ ဘီဘီဂူးလ်သည် ရွာရှိ ညီမထံသို့ သွားချင်သဖြင့် ခေါင်းမြီးခြုံ ဝတ်ရုံကို ဝတ်ဆင်ပြီး ဘူလ်ဘူလာအား လက်တွဲကာ တက္ကစီတစီးအား တားလိုက်၏။ အခါတိုင်းတွင် ခြေကျင်သွားနေကျ ဖြစ်သော်လည်း လွန်ခဲ့သောနှစ်နှစ်အတွင်း အတန်ပင် ဝလာသဖြင့် လမ်းလျှောက်ရသည်မှာ မကောင်းတော့သော ကြောင့် တက္ကစီဖြင့် သွားရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ငယ်စဉ်က ထမင်းငတ်ခြင်းနှင့် ဆင်းရဲခြင်းကို ကိုယ်တွေ့ ကြုံခဲ့ရပြီး အိမ်ထောင်သည်ဘဝတွင် ပင်ပင်ပန်းပန်း

ရှန်းကန်ခဲ့ရသော ဘီဘီဂူးလ်သည် နောက်ပိုင်းတွင် အစာကို စွဲစွဲလမ်းလမ်း စားကာ ပန်းကန်အားလုံး မပြောင်စင်မချင်း ရပ်တန့်လို့ မရသည်အထိ ဖြစ်လာခဲ့သည်။

တက္ကစီ ယာဉ်မောင်းမှာ ဆွေမျိုးနီးစပ်တော်သူ ရာဆူး။ လွန်ခဲ့သောနှစ်ပိုင်းက သူ့မိန်းမသည် မီးတွင်းထဲမှာ ဆုံးပါးသွားခဲ့၏။

"မင်း နောက်မိန်းမတယောက် မတွေ့သေးဘူးလားဟေ့"

တက္ကစီထဲမှာထိုင်ရင်း ဘီဘီဂူးလ် မေးလိုက်သည်။

"မတွေ့သေးပါဘူး အဒေါ်"

"အို စိတ်မကောင်းစရာကွယ်၊ ဘုရားသခင် ဆန္ဒတော် ရှိနေပါပြီ၊ မကြာခင် တွေ့တော့မှာပါ"

ရာဆူးသည် နိမိတ်ပြစကားကို နားလည်လိုက်၏။ သီတင်းပတ် အနည်းငယ်အကြာတွင် သူ့အစ်မအား ဘူလ်ဘူလာကို တောင်းရမ်းဖို့ ဘီဘီဂူးလ်ထံ စေလွှတ်လိုက်သည်။ ရာဆူးကို ဘူလ်ဘူလာ ထိန်းထားနိုင်မှာ သေချာသည်ဟု ဘီဘီဂူးလ် တွေးလိုက်၏။

သူမ ဟန်ဆောင်ပန်ဆောင်ပင် မလုပ်တော့ပါ။ သည်လို ချက်ချင်းကြီး ခေါင်းညိတ်လိုက်ခြင်း သည် ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဆုံး အပြုအမူဖြစ်၏။ ဘူလ်ဘူလာသည် သုံးမရသောကြောင့် အိမ်မှ ခါထုတ်လိုသည့်သဘောဟု အဓိပ္ပာယ် ရောက်၏။ စိတ် မပါ့တပါ ဖြစ်နေလျှင် မိန်းကလေး တန်ဖိုး တက်သည်။ ယောကျ်ားလေးဘက်မှ မိသားစုသည် အခေါက်ခေါက် အခါခါ ချောင်းပေါက်အောင် လာပေရော့။ တောင်းပန် ခယပေရော့။ ဘဝင်ကျအောင် ပြောပေရော့။ လက်ဆောင်ပစ္စည်းတွေ ပေးပြီး မျက်နှာလုပ်ပေရော့။ ဘူလ်ဘူလာအတွက် အဆင့်တွေ မများခဲ့ရ။ လက်ဆောင်ပစ္စည်းတွေ မပေးခဲ့ရ။

ပြောနေဆိုနေကြသည့် စကားများက သူမနှင့် မဆိုင်တော့သလို နေရာလပ်ထဲသို့ ဘူလ်ဘူလာ ငေးစိုက်ကြည့်လျက်ရှိစဉ် ညီမဖြစ်သူ ရှကီလာကတော့ သေသေချာချာ နားထောင်နေလေသည်။ သူတို့နှစ်ယောက်က ဆီနှင့် ရေလို ဖြစ်၏။ ရှကီလာသည် မြန်ဆန် သွက်လက်၏။ အသံကျယ်၏။ မိသားစု အာရုံစိုက်ရာ ဗဟိုချက်ဖြစ်၏။ သူမ၏ ဘဝအတွက် အာသာ ဆန္ဒသည် ကောင်းစွာဖွံ့ဖြိုးလျက် ရှိပြီး အာဖဂန် အမျိုးသမီးတယောက်လို ချစ်စရာ ကောင်းအောင် ဖွံ့ဖြိုးသူ။

လွန်ခဲ့သော ဆယ့်ငါးနှစ်အတွင်းမှာ ရှကီလာ့ကို လိုချင်သူတွေ ဒုနှင့် ဒေးပါ။ သွယ်လျလျ ဆယ်ကျော်သက်အရွယ်မှသည် လက်ရှိ ရှိုက်ဖိုကြီးငယ်

အသွယ်သွယ်တို့ဖြင့် လုံးကြီးပေါက်လှ အခြေအနေ ဖြစ်လာသည်အထိ မီးဖို နောက်ဘက်ထောင့်တွင် ထိုင်ကာ အမေနှင့် အစ်ကိုတို့ ငြင်းခုံနေကြသည်ကို နှုတ်ဆိတ်လျက်သာ နားထောင်နေတတ်သူ။

ရုကီလာ ဇီဇာကြောင်ခဲ့သည်။ သူ့ကို လိုချင်သူတို့၏ မိခင်များက ဘီဘီဂူးလ်ထံ စကား လာကြောင်းသည့်အခါ ထုံးစံအတိုင်း သူက ချမ်းသာသလား၊ ဆင်းရဲသလားပင် တလုံးတပါဒမျှ မေးစမ်းဖော် မရခဲ့။

"ရှင်တို့ သူ့ကို ပညာ ဆက်သင်ခွင့် ပေးမှာလား" သည် ပထမဆုံး မေးသည့် မေးခွန်းဖြစ်၏။

အဖြေမှာ အမြဲတမ်း "ဟင့်အင်း" ပင် ဖြစ်သောကြောင့် ဆက်လက် ဆွေးနွေးဖို့ အခွင့်အလမ်း မရှိခဲ့ချေ။ ရုကီလာကို လိုချင်သူ အများက စာမတတ်ကြ။ ရုကီလာသည် ကျောင်းပြီး၍ သင်္ချာနှင့် ဇီဝဗေဒဆရာမ ဖြစ်လာခဲ့၏။ ထိုအခါ လာရောက် စကားကြောင်းသူများအား ဘီဘီဂူးလ်က "ရှင်တို့ သူ့ကို အလုပ် ဆက်လုပ်ခွင့် ပြုမှာလား" ဟု မေး၏။

ဟင့်အင်း။ အလုပ် ဆက်လုပ်ခွင့် ပေးမည်မဟုတ်။ ဤသို့ဖြင့် ရုကီလာသည် အပျိုကြီး ဘဝဖြင့် ငှက်ပျောတုံး ပေါင်ရမည့်ကိန်း ကြုံခဲ့ရ။

ရုကီလာ ကျောင်းဆရာမအလုပ်ကို ရခဲ့သည်မှာ ဆိုဗီယက် ပြည်ထောင်စုနှင့် သဲကြီးမဲကြီး စစ်တိုက်နေစဉ် ကာလအတွင်းမှာ ဖြစ်၏။ နံနက်တိုင်း ဒေါက်မြင့်ဖိနပ်ကို ဒယီးဒယိုင် စီးကာ၊ ဒူးဖုံးစကတ်ကို ဝတ်ကာ ၁၉၈၀ ပြည့်လွန်နှစ်များ၏ ဖက်ရှင်ဖြင့် ကဘူးလ်မြို့ပြင်ရှိ ဒေခူဒိုင်ဒက်ရွာ ကျောင်းသို့ သွားခဲ့ရသည်။ ကျည်ဆန်သည်လည်းကောင်း၊ လက်ပစ်ဗုံးသည်လည်းကောင်း အနားသို့ပင် မသီခဲ့။ ပွင့်ထွက် ပေါက်ကွဲသည့် တခုတည်းသောအရာမှာ ရုကီလာ။ သူမကို အချစ်နတ် ဖမ်းစားလိုက်ပြီ။

ကံဆိုးချင်တော့ မာမွတ်သည် အိမ်ထောင်ကြီးရှိသူ ဖြစ်နေ၏။ သို့သော် အချစ်မဲ့သော အိမ်ထောင်။

မာမွတ်က ရုကီလာထက် အသက် အနည်းငယ် ကြီးသည်။ ပြီးတော့ ကလေး သုံးယောက် ရှိသေးသည်။ သူတို့နှစ်ယောက်က လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသဖြင့် "မြင်မြင်ချင်းပဲ ချစ်မိ ကြိုက်မိတယ်" ဇာတ်ကို ခင်းမိသွားခြင်းပါ။ သူတို့၏ ရင်တွင်းခံစားချက်များကို ဘေးလူတို့ မသိကြချေ။ လူမြင်ကွင်းကို ပုန်းရှောင်ကြပြီး နားဝင်ချိုစရာ အရည်မရ အဖတ်မရ စကားများကို တယ်လီဖုန်းထဲမှာ ပြောကြသည်။

ကျောင်းမှာ တွေ့သည်ကလွဲ၍ တခြား ဘယ်နေရာမှာမှ မတွေ့ကြ။

သူတို့ ပုန်းလျှိုးကွယ်လျှိုး တွေ့ကြသည့်တနေ့တွင် အနာဂတ်အတွက် အစီအစဉ်များကို ချမှတ်ခဲ့ကြလေသည်။ မာမွတ်က ရုကီလာကို သူ၏ ဒုတိယ မယားအဖြစ် ယူမည်။

သို့သော် မာမွတ်သည် ရုကီလာအား သွားရောက် မတောင်းရမ်းနိုင်။ သူသည် မိခင်နှင့် အစ်မများကို မှီခိုနေရသူ။

"သူတို့က တောင်းပေးကြမှာ မဟုတ်ဘူး" ဟု မာမွတ်ကပြောပြီး ရုကီလာကတော့ "ကျွန်မဘက်က သဘောတူကြမှာ မဟုတ်ဘူး" ဟု သက်ပြင်းချ၏။

မာမွတ်၏သဘောမှာ သူ့မိခင်နှင့် အစ်မများကို ရုကီလာကိုယ်တိုင်က သူမအား လာရောက် တောင်းရမ်းဖို့ ပြောပေးစေချင်သည်။ ရုကီလာအား သူ့အတွက် အရူးအမူး အသည်းအသန် ဖြစ်နေဟန် ဆောင်စေချင်သည်။ မာမွတ်ကိုမှ မရလျှင် ကိုယ့်အသက်ကို ရန်ရှာလိုက်မည်ဟု ခြိမ်းခြောက်စေချင်သည်။ ပြောရလျှင် ရုကီလာအား အချစ်၏ ဝါးမျိုလောင်မြိုက်ခြင်း ခံနေရသူလို ပုံဖော်စေလိုခြင်း ဖြစ်၏။

သို့သော် ရုကီလာသည် ဤသို့ အော်ကြီးဟစ်ကျယ် လုပ်ရဲသူ မဟုတ်ချေ။ မာမွတ်ကလည်း သူ့အိမ်က မိန်းမသူများကို ရုကီလာ့အိမ်သို့ သွားပေးဖို့ မပြောရဲချေ။ သူ့မယားကို ရုကီလာအကြောင်း စကား မဟနိုင်။ ရုကီလာသည် မိခင်ဖြစ်သူကို ချဉ်းကပ်သော်လည်း အချည်းနှီး ဖြစ်ခဲ့။ ဘီဘီဂူးလ်က နောက်ပြောင်ပြောသည်ဟု ထင်၏။ ကလေးသုံးယောက်၏အဖေ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာ တယောက်ကို လက်ထပ်ချင်သည်ဆိုသည့် ရုကီလာ့စကားကို ဘီဘီဂူးလ်က "ဟာသ" ဟု အဓိပ္ပာယ် ဖွင့်၏။

မာမွတ်နှင့် ရုကီလာတို့ ရွာကျောင်းတွင် လေးနှစ်တိုင်တိုင် တပူးတွဲတွဲ နေခဲ့ကြသည်။ ထို့နောက် မာမွတ်က ရာထူးတက်ပြီး ကျောင်းပြောင်းသွား၏။ ယခု ရုကီလာနှင့် ဆက်သွယ်ဖို့ တယ်လီဖုန်းကိုသာ အားထားနေရတော့သည်။ ရုကီလာသည် ချစ်သူကို လွမ်းသော်လည်း လူသိမခံဝံ့။

ထို့နောက် ပြည်တွင်းစစ် ဖြစ်ပွား၏။ ကျောင်းပိတ်သွား၏။ ရုကီလာ ပါကစ္စတန်သို့ ရှောင်တိမ်းပြေးခဲ့ရ။ လေးနှစ် ကြာပြီးနောက် တာလီဘန် ရောက်လာ။ ဒုံးကျည်သံများ စဲသွားပြီး ကဘူးလ်တွင် ပြန်လည် ငြိမ်းချမ်းနေပြီ ဖြစ်သော်လည်း ရုကီလာ့ကျောင်းက ပြန်မဖွင့်။ မိန်းကလေး ကျောင်းများမှာ ပိတ်ထားဆဲ။

ကဘူးလ်ရှိ အမျိုးသမီး အားလုံးကဲ့သို့ပင် ရုကီလာသည် နေ့ချင်းညချင်း

နောက် အလုပ်တခု ရဖို့ အခွင့်အရေး ပိတ်သွားသည်။ သူမနှင့်အတူ ကဘူးလ်တွင် ကျောင်းဆရာမ သုံးပုံ နှစ်ပုံလောက် ပျောက်ကုန်ကြသည်။ ယောကျ်ားလေး ကျောင်းများတွင်လည်း ဆရာမအရေအတွက် များသဖြင့် မလွှဲသာမရှောင်သာ ပိတ်လိုက်ရ၏။ အရည်အချင်းပြည့် ကျောင်းဆရာများကို လုံလုံလောက်လောက် မရနိုင်။

နှစ်တွေ လွန်မြောက်လာခဲ့၏။ ပြည်တွင်းစစ်အတွင်း ဖုန်းလိုင်းတွေကို ဖြတ်ပစ်လိုက်တော့ မာမွတ်နှင့် ရှကီလာတို့ တကယ့် ကိန္နရာ ချောင်းခြား ဖြစ်သွားကြသည်။

ရှကီလာသည် အိမ်မှာသာ ထိုင်နေရတော့သည်။ သူမ အလုပ်မလုပ်နိုင်။ အိမ်ထဲက အိမ်ပြင်သို့ တယောက်တည်း မထွက်နိုင်။ သူမကိုယ်သူမ ဖုံးဖုံးဖိဖိ ထားရ၏။ ဘဝတွင် အသွေးအရောင် အားလုံး ပျောက်ဆုံးကုန်ခဲ့။

သူမ အသက်သုံးဆယ်သို့ရောက်သော် တောင်ရမ်းသူများ ရောက်မလာကြတော့ပြီ။

တနေ့။ ရှကီလာအား တာလီဘန်က အိမ်ပြင်ထွက်ခွင့် မပေးဘဲ ငါးနှစ်နီးပါးလောက် ကြာပြီးနောက် သူမနှင့် ဆွေနီးမျိုးစပ်တော်သည့် ဝါကီ၏အစ်မက သူမအား လာတောင်း၏။

“မယားက ရုတ်တရက် သေသွားတယ်၊ ကလေးတွေက မိခင် လိုအပ်နေတယ်၊ ဝါကီက ကြင်နာတတ်ပါတယ်၊ ပိုက်ဆံလည်း နည်းနည်းပါးပါး ရှိတယ်၊ သူ စစ်သား မလုပ်ဖူးဘူး၊ ဥပဒေနှင့် ဆန့်ကျင်တာ ဘာဆို ဘာမှ မလုပ်ဖူးဘူး၊ သူက ရိုးဖြောင့်တယ်၊ ကျန်းမာရေး ကောင်းတယ်” ဟု ဝါကီ့အစ်မက ပြောသည်။

“သူ့မိန်းမက ရုတ်တရက်ကြီး ကယောင်ချောက်ချားဖြစ်ပြီး သေသွားတာ၊ ကျွန်မတို့ အားလုံး ဘာဖြစ်လို့ ဘာဖြစ်မှန်း မသိကြဘူး၊ ကလေးတွေအတွက် သိပ် စိတ်ဆင်းရဲဖို့ ကောင်းတယ်” ဟုလည်း လေသံဖြင့် ဆက်ပြောသည်။

ဝါကီသည် မယားတယောက်ကို အရေးတကြီး လိုအပ်နေပါသည်။ လောလောဆယ်တွင် အကြီးဆုံးကလေးက အငယ်ဆုံးကလေးကို ထိန်းရသည်။ ဘီဘီဂူးလ်က သူမ စဉ်းစားဦးမည်၊ ဝါကီ့အကြောင်းကို စုံစမ်းကြည့်ဦးမည်ဟု စကားပြန်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ရှကီလာ ကလေးယူမည်ဆိုလျှင် အချိန်ရှိတုန်း မြန်မြန်ထက်ထက် ပေးစားလိုက်မှ။

“ဒီအချိန်မှာ ဒီအိမ်က ထွက်သွားရမယ် ဆိုတာ သူ့နဖူးမှာ စာပါလာပြီးသား”

နားထောင်သူအပေါင်းကို ဘီဘီဂူးလ်က သည်လိုပဲပြော၏။ တာလီဘန်က အမျိုးသမီးများကို အလုပ်လုပ်ခွင့် မပြုတော့သဖြင့် ရုကီလာအား အလုပ်ဆက်လုပ်ခွင့် ပြုမည်လားဟု ဝါကီအား မေးဖို့ မလိုတော့ပြီ။

ဝါကီကိုယ်တိုင် လာတွေ့ပါဟု သူမပြောလိုက်သည်။ လက်ထပ်ထိမ်းမြားခြင်းကို လူကြီးမိဘများမှ တဆင့်သာ ဆောင်ရွက်ကြရိုးဖြစ်သော်လည်း ဤသတို့သားကမူ အသက် ငါးဆယ်နား ကပ်နေသူဖြစ်သဖြင့် သူမကိုယ်တိုင် ကြည့်ချင်သေးသည်။ ဝါကီသည် နောက်တွဲယာဉ်ပါ ကုန်တင်ယာဉ်ကို မောင်းသူဖြစ်သဖြင့် တခါ ထွက်သွားလျှင် လေးငါးရက် ကြာတတ်သည်။ သူ့အစ်မကို တခါ ထပ်လွှတ်ပြန်၏။ ထို့နောက် သူ့ညီ။ နောက်တခါ သူ့အစ်မ။ ဤသို့ဖြင့် စေ့စပ်ပွဲဖြစ်မြောက်ဖို့ ပေရှည်နေတော့၏။

ထို့နောက် စက်တင်ဘာ ၁၁ ရက်နေ့သို့ ရောက်လာသည်။ ဗုံးကြဲခံရတော့မည်ကိုသိသော စူလတန်က နှမများနှင့် ကလေးများကို ဗုံးဒဏ်လွတ်အောင် ပါကစ္စတန်သို့ ခေါ်သွားပြန်၏။ ထိုအချိန်ကျမှ ဝါကီ ရောက်လာတော့သည်။

“အားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်တော့မှ စကားပြောကြတာပေါ့” ဟု စူလတန် ပြောလိုက်သည်။

ထို့နောက် နှစ်လအကြာ တာလီဘန်ကို ကဘူးလ်မှ မောင်းထုတ်လိုက်ချိန်တွင် ဝါကီ ပြန်ရောက်လာသည်။ ကျောင်းများ ပြန်မဖွင့်သေး။ ထို့ကြောင့် ရုကီလာအား အလုပ်ဆက်လုပ်ခွင့် ပြုမည်လားဟု မေးဖို့ ဘီဘီဂူးလ် မစဉ်းစားမိတော့။

ရုကီလာသည် မီးဖို နောက်ဘက်ထောင့်တွင် ထိုင်ရင်း သူမ၏ဘဝကြမ္မာ ခရီးပေါက်ပုံနှင့် မင်္ဂလာရက်ကို အနီးကပ် သိလိုက်ရလေသည်။ ကာယကံရှင်နှစ်ယောက်က တယောက်နှင့် တယောက် ခိုးကြည့်ချိန် မရလိုက်ခင်မှာပင် ကူရှင်ပေါ်မှာ ထိုင်နေသည့် လေးယောက်က အရာရာကို ဆုံးဖြတ်ပြီးကြပြီ။

ရုကီလာကို ဝါကီ ခိုးကြည့်လိုက်သည်။ သူမက ရှေ့ဘက်နံရံကိုသာ တည့်တည့် စိုက်ကြည့်လျက်။

"ကျွန်တော် သူနှင့် တွေ့တာ ဝမ်းသာပါတယ်” ဟု စူလတန်အား ပြောနေစဉ် ဝါကီ့မျက်လုံးများသည် ရုကီလာ့ထံသို့ ရောက်နေကြလေသည်။

အပြင်မထွက်ရ အမိန့် စတင်တော့မည်။ လူနှစ်ယောက်သည် အမှောင်ထဲသို့ ကသောကမျော တိုးဝင်သွား၏။ နံရံကို ေးစိုက်နေကြသည့် သူတို့နှင့် ပေးစားမည့် မိန်းမနှစ်ယောက်ကို သူတို့ ကျောခိုင်း ထွက်ခွာသွားကြပြီ။ ယောကျ်ားနှစ်ယောက် နှုတ်ဆက်ကြသည်ကိုပင် မိန်းမနှစ်ယောက်သည် လှည့်စောင်း မကြည့်ကြ။ ဘုလ်ဘုလာ သက်ပြင်းချလိုက်၏။ ယခု သူမ၏အလှည့် မဟုတ်သေး။ မင်္ဂလာဆောင်အတွက် ပိုက်ဆံစုဖို့ ရာဆူးသည် နှစ်ချီ၍ အချိန်ယူရလိမ့်မည်။ သူမ ဂရုစိုက်ပုံ မရပါ။ မီးဖိုထဲသို့ သူမ ထင်း ထပ်ထိုးလိုက်သည်။ မည်သူကမျှ သူမအား တောင်မေး မြောက်မေး မေးခြင်း မရှိ။ သူမသည် အခန်းထဲမှထွက်ပြီး ပန်းကန်ခွက်ယောက် မဆေးခင်၊ ရေမဆွဲခင် အခါတိုင်းလို လူရိပ်လူယောင် ပြပေးရသူသာ ဖြစ်သည်။

ရုကီလာသည် အစ်မများက ဝိုင်းပြောကြသောအခါ မျက်နှာ နီမြန်းလျက် ရှိ၏။

“သုံးပတ်ပဲ လိုတော့တယ်၊ ညည်း ဖုတ်ပူမီးတိုက် လုပ်မှ ဖြစ်တော့မှာ”

“ဘယ်တော့မှ မလုပ်ဘူး”

သူမညည်းတွားလိုက်သည်။

သတို့သမီးဝတ်စုံကို ရွေးချယ်ပြီးပြီ။ ဝတ်စုံချုပ်သူထံ သွားယူဖို့ စောင့်နေသည်။ သို့သော် အိမ်ထောင်ပစ္စည်း၊ အိပ်ရာ၊ ပန်းကန်ခွက်ယောက်တွေအတွက် ဘယ်လိုလုပ်မလဲ။

ဝါကီက မုဆိုးဖိုဖြစ်သဖြင့် သူ့ထံမှာ ဤပစ္စည်း အများစု ရှိနေလိမ့်မည်။ သူမအနေနှင့်ကတော့ အိမ်ထောင်ဦးပစ္စည်း လိုချင်တာပေါ့။

ရုကီလာက အနည်းငယ် မကျေချမ်းစွာ ပြောလိုက်၏။

“သူက အရပ် ပုတယ်၊ ကျွန်မက အရပ် မြင့်မှ သဘောကျတာ၊ ပြီးတော့ ထိပ်ပြောင်ကြီး၊ ကျွန်မထက် နည်းနည်းလောက် ငယ်လိုက်ရင် ကောင်းမယ်”

သူမ ပြောပြီး နှုတ်ခမ်းစူ၏။

“သူ အနိုင်ကျင့်ရင် ဘယ်လိုလုပ်မလဲ၊ သူ မကြင်နာရင် ဘယ်လိုလုပ်မလဲ၊ သူ အပြင် ထွက်ခွင့် မပေးရင် ဘယ်လိုလုပ်မလဲ”

သူမ တောင်တောင်အီအီ လျှောက်တွေး၏။ အစ်မများက ဘာမျှ မပြောကြသော်လည်း ရုကီလာ တွေးသလိုပင် သူတို့လည်း တွေးမိကြသည်။

"သူက မမတို့ဆီကို သွားမလည်ရဘူးဆိုရင် ဘယ်လို လုပ်ရမလဲဟင်"

ဘီဘီဂူးလ်က "နင်တို့ ပါးစပ်တွေ ပိတ်ထားကြစမ်း" ဟု မပြောခင်အထိ ရုကီလာနှင့် အစ်မများသည် အိမ်ထောင်ရေး၏ အမှောင်ဘက်ခြမ်းကို အမြင်အမျိုးမျိုးဖြင့် မြင်ကြည့်နေကြလေသည်။

ဘီဘီ ဂူးလ်ကတော့ "သူဟာ ညည်းအတွက် လင်ကောင်းပါ" တဲ့။

စေ့စပ်ကြောင်းလမ်းပြီးနောက် နှစ်ရက်အကြာတွင် ရုကီလာ့အစ်မ မာရီယမ်က ဝါကီနှင့် ရုကီလာတို့ စုံတွဲအား ပါတီပွဲတပွဲ စီစဉ်ပေးလေသည်။

မာရီယမ်က အသက် နှစ်ဆယ့်ကိုးနှစ်။ အိမ်ထောင်နှစ်ဆက်။ ပထမလင်သည် ပြည်တွင်းစစ် အတွင်း သေဆုံးခဲ့ရ၏။ သူမသည် ပဉ္စမမြောက် ကိုယ်ဝန် နေ့စေ့လစေ့ကြီးနှင့်။

ညှေ့ခန်းထဲတွင် ပိတ်စရှည်တခုကို မာရီယမ် ချထားသည်။ ရုကီလာနှင့် ဝါကီက တဖက်စွန်းမှာ။ ဘီဘီဂူးလ်နှင့် စူလတန်တို့က ရောက်မလာကြသေး။ ရုကီလာတို့စုံတွဲကို လူကြီးပိုင်းက မြင်ရသမျှတော့ တယောက်နှင့် တယောက် အသားချင်း ထိတွေ့မှု မရှိကြ။ ယခု မွေးချင်းအငယ်တွေ ဝိုင်းဝိုင်းလည်နေချိန်ကျမှ သူတို့ပြောသည့်စကားကို နားစွင့်နေသည့် လူကြီးများအား ဂရုမထားဘဲ သူတို့အချင်းချင်း အသံနှိမ့်ပြီး စကားပြောကြ၏။ အထူးတလည် ချစ်ကြောင်း ကြိုက်ကြောင်း စကားများတော့ မဟုတ်ချေ။ ရုကီလာက ဝါကီကို မကြည့်ဘဲ ပြောသည်။ ထုံးစံအရ လက်မထပ်ခင် သူမ၏ကြင်ဖက်နှင့် မျက်လုံးအကြည့်ချင်း မဆုံရ။ ဝါကီ့မျက်လုံးတွေကတော့ ရုကီလာ့ကိုယ်လုံးပေါ်မှာ တချိန်လုံး တရစ်ဝဲဝဲ။

"မင်းကို လွမ်းတယ်ကွာ၊ မင်းကို ပိုင်ဖို့ နှစ်ပတ်ကြီးများတောင် စောင့်ရဦးမှာ"

ရုကီလာ ရှက်သွေးဖြန်းသွားသော်လည်း မျက်လုံးများက နံရံဆီသို့သာ စိုက်ကြည့်နေမြဲ။

"မင်းအကြောင်းတွေ တွေးပြီး ညတိုင်ကျရင် အိပ်လို့မပျော်ဘူး သိလား"

ဝါကီက ဆက်ပြောသည်။ ရုကီလာ တုံ့ပြန်မှု မရှိ။

"အဲဒါ မင်း ဘာပြောမလဲ ဟင်"

ရုကီလာသည် အစာကိုသာ ဆက် စားနေ၏။

"တွေးကြည့်စမ်း၊ ကိုယ်တို့ လက်ထပ်ပြီးရင် ကိုယ်ပြန်လာတဲ့အခါ မင်း

ထမင်း ပြင်ကျွေးရမယ်၊ မင်း ကိုယ့်ကို မျှော်နေရတော့မယ်၊ ကိုယ် အထီးကျန် မဖြစ်တော့ဘူးနော်”

ဝါကီ စိတ်ကူးယဉ်နေ၏။

ရှကီလာသည် စကားမပြောမိအောင် နှုတ်ကို ထိန်းထားသော်လည်း “လက်ထပ်ပြီးရင် အလုပ်ပြန်လုပ်ခွင့် ပေးမှာလား” ဟု အားမွေးပြီး ရုတ်တရက် မေးလိုက်၏။

ဝါကီက “အင်းပါ” ဟု ဆိုသော်လည်း ရှကီလာ မယုံချေ။ လက်ထပ်ပြီးသည်နှင့် သူ စိတ်ပြောင်းသွားနိုင်သည်။

“အလုပ်လုပ်ရတာ ပျော်တယ်ဆိုရင်တော့ လုပ်ပေါ့” ဟု သူ ဆက်ပြော၏။ ထို့နောက် ကလေးများနှင့် အိမ်ထောင်ထိန်းဖို့အကြောင်းများကို ဆက်ပြောသည်။

အသတ်ခံသွားရသည့် မြောက်ပိုင်း မဟာမိတ်ခေါင်းဆောင် အာမက် ရှား မာဆွတ်၏ နောက်လိုက်များ ဆောင်းလေ့ရှိကြသည့် အညိုရောင် ပကိုးလ်ဦးထုပ်ကို ဝါကီ ချွတ်လိုက်သည်။

“အဲသလိုဆို ရှင် ရုပ်ဆိုးသွားပြီ၊ ရှင်က ထိပ်ပြောင်ကြီး”

ဝါကီ ရှက်သွားသည်။ သူ ဘာမျှပြန်မပြောသော်လည်း ဘေးလွတ် ရန်လွတ် စကားများဘက်သို့ လမ်းကြောင်းပြောင်းသွား၏။

ထိုနေ့က ကဘူးလ်မြို့ ဈေးတကာ လျှောက်လည်ပြီး မင်္ဂလာဆောင်အတွက် လိုအပ်သည် များနှင့် နှစ်ဖက်ဆွေမျိုးသားချင်းတို့အတွက် လက်ဆောင်ပစ္စည်းများ ဝယ်ယူခြင်းတို့ဖြင့် ရှကီလာ အချိန်ဖြုန်းပစ်လိုက်၏။ သမီးဖြစ်သူအား သူ့ကို ပေးသည့်အတွက် ကျေးဇူးဆပ်သောအားဖြင့် သူမ၏ မိသားစုသို့ ဝါကီ လက်ဆောင်များ နည်းနည်းစီ ဝေခြမ်းပေးပါလိမ့်မည်။ အိုးခွက်များ၊ ဇွန်း၊ ခက်ရင်းနှင့် ဓားများ၊ အိပ်ရာပစ္စည်းများ၊ မျက်နှာသုတ်ပဝါများနှင့် ဝါကီနှင့် ရာဆူးအတွက် အင်္ကျီစများကို သူမက ဝယ်ပြီး သူက ငွေချေ၏။ ရာဆူး ကြိုက်သည့်အရောင်ကို ရွေးယူနိုင်သည်ဟု ရှကီလာ ပြောထားသည်။ သူမက ဈေးဝယ်ထွက်သည့်အကြောင်းကို ပြောပြရာ ရာဆူးက အင်္ကျီစ အရောင်ကို မေး၏။

“တစက အပြာ၊ တစက အညို” ဟု ရှကီလာ ဖြေသည်။

“ငါ့အတွက်က ဘယ်အရောင်လဲ”

“ရာဆူးကြိုက်တာကို အရင် ရွေးယူလေ”

"ဘာပြောတယ်"

ဝါကီ အံ့အားသင့်စွာ မေးသည်။

"ကိုယ် အရင် ရွေးရမှာပေါ့၊ ကိုယ်က မင်းယောကျ်ားလေ"

"ဒါဆို ရှင် အရင်ရွေးယူလိုက်လေ၊ နှစ်ခုလုံး ကောင်းတာချည်းပါပဲ"

သူမ ပြောပြီး ရှေ့တည့်တည့်သို့ စိုက်ကြည့်နေ၏။

ဝါကီသည် စီးကရက်တလိပ်ကို မီးညှိလိုက်သည်။ ရှကီလာက "ကျွန်မ ဆေးလိပ်နံ့ မခံနိုင်ဘူး၊ ဆေးလိပ်သောက်တဲ့လူတွေကို မုန်းတယ်၊ ရှင် ဆေးလိပ်သောက်ရင် ရှင့်ကိုလည်း မုန်းတယ်၊ ဒါပဲ"

ရှကီလာက အသံမြှင့် ပြောလိုက်သဖြင့် အားလုံး ကြားလိုက်ရသည်။ "ဆေးလိပ်ဆိုတာ စမိပြီ ဆိုမှတော့ ဖြတ်ရခက်တယ်ကွယ့်" ဟု ဝါကီက ရှက်ကိုးရှက်ကန်း မျက်နှာထားဖြင့် ပြော၏။

"သိပ် နံတာပဲ"

"သက်သက်ညှာညှာလည်း ပြောပါကွယ်" ဟု ဝါကီ ပြောသော်လည်း ရှကီလာက ဘာမျှ ပြန်မပြောတော့။

"ပြီးတော့ မင်းကိုယ်မင်း ဖုံးဖုံးဖိဖိ နေနော်၊ ခေါင်းမြီးခြုံ ဝတ်ရုံကို ဝတ်ဖို့ဟာ မိန်းမတယောက်ရဲ့တာဝန်၊ မင်းလုပ်ချင်တာ လုပ်နိုင်တယ်၊ အဲ ခေါင်းမြီးခြုံ ဝတ်ရုံကို မဝတ်ဘူး ဆိုရင်တော့ မင်း ကိုယ့်ကို သိပ် စိတ်ဆင်းရဲအောင် လုပ်တာပဲ"

ဝါကီက ခြိမ်းခြောက်သလို ပြောသည်။

"ဒါပေမဲ့ ကဘူးလ်မှာ ပြောင်းလဲသွားပြီး အမျိုးသမီးတွေ ခေတ်ဆန်ဆန် စဝတ်ပြီဆိုရင်တော့ ကျွန်မလည်း ဝတ်မှာနော်"

"မင်း ခေတ်ဆန်ဆန် မဝတ်ရဘူး၊ မင်း ကိုယ့်ကို စိတ်ဆင်းရဲစေချင်လို့လား ဟင်"

ရှကီလာ အဖြေမပေးပါ။

ဝါကီသည် သူ၏ပိုက်ဆံအိတ်ထဲမှ လိုင်စင်ဓာတ်ပုံတချို့ကို ထုတ်ယူလိုက်ပြီး ဓာတ်ပုံများကို ကြည့်ကာ တပုံကို ရှကီလာထံ ကမ်းပေးလိုက်သည်။

“ဒီခေတ်ပုံက မင်းအတွက်၊ အဲဒါကို မင်းရဲ့အသည်းနှလုံးနှင့် အနီးဆုံးနေရာမှာ ထားစေချင်တယ်ကွယ်”

ရှကီလာက မျက်နှာထား တည်တည်နှင့် ခေတ်ပုံကို မယူချင့် ယူချင် လှမ်းယူလိုက်သည်။

ဝါကီ ပြန်ရဦးမည်။ အပြင်မထွက်ရသည့်အချိန် ရောက်တော့မည်။ သူမအား ဝယ်ဖို့ ခြမ်းဖို့ ငွေ ဘယ်လောက်လိုသေးသလဲဟု မေး၏။ ရှကီလာ ပြန်ဖြေသည်။ သူ ငွေစက္ကူများကို ရေတွက်ကြည့်သည်။ ခန့်မှန်းကြည့်သည်။ ငွေစက္ကူတချို့ကို ပေးသည်။ ပြီးတော့ တချို့ကို ပိုက်ဆံအိတ်ထဲသို့ ပြန်ထည့်လိုက်၏။

“လုံလောက်ရဲ့လား”

ရှကီလာ ခေါင်းညိတ်သည်။ သူတို့ နှုတ်ဆက်ကြ၏။ ဝါကီ ထွက်သွားသည်။ အနီရောင် ကုရှင်ပေါ်သို့ ရှကီလာ လှဲချလိုက်၏။ အခုမှ စိတ်လက် ပေါ့ပါးသွားတော့သလို သက်ပြင်းတချက် ချလိုက်ပြီး ဆိတ်သားတုံးတချို့ကို စားနေလိုက်သည်။ အခက်အခဲများကို သူမ လွန်မြောက်လာခဲ့ပြီ။ လက်မထပ်သေးခင်တော့ ကြားလေ သွေးနေဦးမှာပဲ။

“ညည်း သူ့ကို သဘောကျရဲ့လား ဟင်” မာရီယမ် မေး၏။

“အင်း ကျလည်း ကျတယ်၊ ကျလည်း မကျဘူး”

“ညည်း သူ့ကို ချစ်ရဲ့လား”

“ဟင်း”

“ဘာတုံး ဟင်း ဆိုတာက”

“ဟင်း ဆိုတာ ချစ်တယ်လည်း မဟုတ်၊ မချစ်ဘူးလည်း မဟုတ်၊ သူ အခုထက် ငယ်ပြီး အခုထက် ချောရင် ကောင်းမှာ” ဟု ပြောပြီး ရှကီလာ နှာခေါင်းရှုံ့လိုက်၏။

သူမကို ကြည့်ရသည်မှာ လိုချင်နေသည့် လမ်းလျှောက်ပြီး စကားပြောတတ်သည့်အရုပ်ကို မရဘဲ ထန်းဖလပ်အရုပ်ကိုသာ ရသည့်ကလေးနှင့် တူလှသည်။

“ကျွန်မ စိတ်မကောင်းဘူး၊ နောင်တလည်း ရတယ်၊ စိတ်မကောင်းတာက ဒီအိမ်နှင့် ဝေးရမှာမို့ပါ၊ သူက မမတို့ဆီ သွားမလည်ရဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်မကို အလုပ် မလုပ်ရဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ အခု အမျိုးသမီးတွေကို

အလုပ်လုပ်ခွင့် ပြုနေပြီ၊ ကျွန်မကို အခန်းထဲမှာ လှောင်ပိတ်ထားရင် ဘယ့်နှယ်လုပ်မလဲ”

ကြမ်းပြင်ပေါ်မှ ရေနံ့ဆီမီးအိမ်သည် တဖျစ်ဖျစ် မြည်လျက်။ ညီအစ်မတတွေအား စိတ်မကောင်းစရာ အတွေးများက လွှမ်းမိုးလျက်။ တယောက်သောသူကလည်း ဤကိစ္စများကို ကြိုတင် စဉ်းစားကောင်း စဉ်းစားထားနိုင်လောက်သည်။

ကောင်းကင်ဘုံသို့ဝင်ခွင့် မရှိ

၁၉၉၆ ခုနှစ် စက်တင်ဘာလအတွင်း ကဘူးလ်မြို့ထဲသို့ တာလီဘန် လိုမ့်ဝင်လာချိန်တွင် အမိန့် ၁၆ ရပ်ကို ရှာရီယာ ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည်။ ခေတ်ဆန်းချိန် ရောက်ပြီ။

၁။ အမျိုးသမီးလုစ်ဖော်မှုကိုတားမြစ်ခြင်း

ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းထားခြင်း မရှိသည့် အမျိုးသမီးအား ကားပေါ်တင်ခြင်းမှ ယာဉ်မောင်းများအား တားမြစ်သည်။ မလိုက်နာသူသည် ဖမ်းဆီးခံရလိမ့်မည်။ အကယ်၍ ဤသို့သော အမျိုးသမီးများအား လမ်းပေါ်မှာ တွေ့လျှင် သူတို့၏အိမ်သို့ လာကြည့်ပြီး လင်များအား ပြစ်ဒဏ်ပေးမည်။ အကယ်၍ အမျိုးသမီးများသည် လှုံ့ဆော် နှိုးဆွသည့် သို့မဟုတ် တုံ့ပြန်မှုတခုခုကို ပေါ်ပေါက်စေနိုင်သည့် အဝတ်အထည်ကို ဝတ်ဆင်လျှင်၊ ထို့ပြင် သူတို့နှင့်အတူ သွေးနီးသော ဆွေမျိုး အမျိုးသား မပါလျှင် ယာဉ်မောင်းသည် သူတို့အား ကားပေါ်တက်ခွင့် မပြုရ။

၂။ တေးဂီတကို တားမြစ်ခြင်း

ဈေးဆိုင်များ၊ ဟိုတယ်များ၊ ယာဉ်များနှင့် သုံးဘီး စက်ဘီးများတွင် ကက်ဆက်၊ သီချင်း ဖွင့်ခြင်းကို တားမြစ်သည်။ အကယ်၍ ကက်ဆက်ကို ဈေးဆိုင်တွင် တွေ့ရှိပါက ဈေးဆိုင်ပိုင်ရှင်သည် ထောင်ဒဏ် ကျခံရမည့်ပြင် ဈေးဆိုင် ပိတ်ပစ်ခြင်းကိုပါ ခံရမည်။ ကက်ဆက်ကို ယာဉ်ထဲတွင် တွေ့ရှိပါက ယာဉ်ကို သိမ်းယူပြီး ယာဉ်မောင်းကို ထောင်ဒဏ် အပြစ်ပေးမည်။

၃။ မုတ်ဆိတ်ရိတ်ခြင်းကို တားမြစ်ခြင်း

မုတ်ဆိတ် ရိတ်ထားသော သို့မဟုတ် မုတ်ဆိတ် ဖြတ်ထားသော မည်သူမဆို လက်သီးဆုပ်ခန့်ရှိအောင် မုတ်ဆိတ် ရှည်လာသည်အထိ ထောင်ဒဏ် ကျခံရမည်။

၄။ မဖြစ်မနေဆောင်ရွက်ရမည့်ဝတ်ပြုမှု

ဒေသအားလုံးတွင် သတ်မှတ်ထားသောအချိန်များ၌ ဝတ်ပြုမှုကို လိုက်နာ ဆောင်ရွက်ရမည်။ အချိန် အတိအကျကို သုစရိုက်တရား ပြန့်ပွားရေးနှင့် ဒုစရိုက်တရား ပပျောက်ရေး ဝန်ကြီးဌာနက ထုတ်ပြန် ကြေညာပေးလိမ့်မည်။ ယာဉ်အားလုံးတို့သည် ဝတ်ပြုချိန်မတိုင်မီ ဆယ့်ငါးမိနစ်တွင် ရပ်တန့်ထားရမည်။

ဝတ်ပြုချိန်အတွင်း ဗလီသို့သွားရန် တာဝန်ရှိသည်။ ဈေးဆိုင်များထဲတွင် တွေ့ရသည့် မည်သည့် လူငယ်လူရွယ်မဆို အလိုအလျောက် ထောင်ဒဏ် ကျခံရလိမ့်မည်။

၅။ ခိုမွေးခြင်းနှင့် ငှက်တိုက်ခြင်းကို တားမြစ်ခြင်း

ဤဓလေ့ကို ရပ်တန့်ရမည်။ ငှက်တိုက်ပွဲတွင် အသုံးပြုသည့် ခိုများသည် သတ်ဖြတ်ခြင်း ခံရလိမ့်မည်။

၆။ မူးယစ်ဆေးဝါးနှင့် ယင်းတို့အား သုံးစွဲသူများကို အမြစ်ဖြတ်ခြေမှုန်းခြင်း

မူးယစ်ဆေးဝါး အလွဲသုံးသူများသည် ထောင်ဒဏ် ကျခံရမည်ဖြစ်ပြီး မူးယစ်ဆေးဝါး အရောင်းအဝယ်လုပ်သူနှင့် ဆိုင်ကို စုံစမ်းဖော်ထုတ်မည်။ ဆိုင်သည် ပိတ်ပစ်ခြင်း ခံရမည်။ သုံးစွဲသူနှင့် ပိုင်ရှင်သည် ထောင်ဒဏ် အပြစ်ပေးခြင်း ခံရလိမ့်မည်။

၇။ စွန်လွှတ်ခြင်းကို တားမြစ်ခြင်း

စွန်လွှတ်ခြင်းတွင် လောင်းကစားခြင်း၊ ကလေးသူငယ်များ သေဆုံးခြင်းနှင့် ကျောင်းပြေးခြင်းတည်း ဟူသော ဆိုးရွားသည့် အကျိုးဆက်များရှိသဖြင့် စွန်ရောင်းသော ဆိုင်များသည် ဖယ်ရှားခြင်း ခံရလိမ့်မည်။

၈။ ရုပ်ပုံများချိတ်ဆွဲခြင်းမှတားမြစ်ခြင်း

ယာဉ်များ၊ ဈေးဆိုင်များ၊ အိမ်များ၊ ဟိုတယ်များနှင့် အခြားနေရာများရှိ ရုပ်ပုံများနှင့် ပုံတူများကို ဖယ်ရှားပစ်ရမည်။ လုပ်ငန်းပိုင်ရှင်များသည် အထက်ဖော်ပြပါနေရာများမှ ရုပ်ပုံ အားလုံးကို ဖျက်ဆီးပစ်ကြရမည်။ သက်ရှိသတ္တဝါတို့၏ရုပ်ပုံများ ပါရှိသော ယာဉ်များသည် ပြေးဆွဲခြင်းမှ ရပ်တန့်ရမည်။

၉။ လောင်းကစားခြင်းမှ တားမြစ်ခြင်း

လောင်းကစားဒိုင်များသည် ဖော်ထုတ်ခြင်း ခံကြရမည်ဖြစ်ပြီး လောင်းကစားသူများသည် ထောင်ဒဏ် တလ ကျခံကြရမည်။

၁၀။ ဗြိတိသျှနှင့် အမေရိကန် ဆံပင် ပုံစံများကို တားမြစ်ခြင်း

ဆံပင်ရှည်ရှိသော အမျိုးသားများသည် ဖမ်းဆီးခြင်း ခံကြရမည်ဖြစ်ပြီး ဆံပင်ညှပ်ခံရန် အလို့ငှာ သုစရိုက်တရား ပြန့်ပွားရေးနှင့် ဒုစရိုက်တရား ပပျောက်ရေး ဝန်ကြီးဌာနသို့ ပို့လွှတ်ခြင်း ခံကြရမည်။ ရာဇဝတ်သားသည် ဆံသသူအား အဖိုးအခ ပေးရမည်။

၁၁။ ဈေးငွေပေါ် အတိုး၊ ငွေလဲလှယ်ခနှင့် လုပ်ငန်းကိစ္စအပေါ် အခတို့ကို တားမြစ်ခြင်း

အထက်ပါ ပုံစံသုံးမျိုးကို အစ္စလာမ်ဘာသာက တားမြစ်ထားသည်။

စည်းကမ်းဖောက်သူသည် နှစ်ရှည် ထောင်ဒဏ် ကျခံရမည်။

၁၂။ မြစ်တာရိုးပေါ်တွင် အဝတ်လျှော်ဖွပ်ခြင်းကို တားမြစ်ခြင်း

ဤဥပဒေအား ချိုးဖောက်သူ အမျိုးသမီးများသည် အစ္စလာမ်ပုံစံဖြင့် လေးလေးစားစား ဖမ်းဆီးခံရမည်ဖြစ်ပြီး သူတို့၏အိမ်သို့ ခေါ်ဆောင်သွားခြင်း ခံကြရမည်။

သူတို့၏ လင်ယောကျ်ားများသည် ပြင်းထန်စွာ အပြစ်ပေးခြင်း ခံကြရမည်။

၁၃။ တေးဂီတနှင့် မင်္ဂလာဆောင်တွင် ကခုန်ခြင်းကို တားမြစ်ခြင်း

ဤတားမြစ်ချက်ကို ဖောက်ဖျက်လျှင် အိမ်ထောင်ဦးစီးသည် ဖမ်းဆီး အပြစ်ပေးခြင်း ခံရမည်။

၁၄။ ဗုံတီးခြင်းကို တားမြစ်ခြင်း

ဘာသာရေး အသိုင်းအဝိုင်းသည် ဗုံတီးနေစဉ် ဖမ်းမိသူအား သင့်လျော်သော အပြစ်ဒဏ်ကို ဆုံးဖြတ်ပေးရ၏။

၁၅။ အမျိုးသမီးဝတ်အင်္ကျီ ချုပ်သည့် သို့မဟုတ် အမျိုးသမီးများအား ကိုယ်တိုင်းယူသည့် အပ်ချုပ်သည်များအား တားမြစ်ခြင်း

အကယ်၍ ဆိုင်ထဲတွင် ဖက်ရှင်မဂ္ဂဇင်းကို တွေ့လျှင် အပ်ချုပ်သည်သည် ထောင်ဒဏ် အပြစ်ပေးခြင်း ခံရလိမ့်မည်။

၁၆။ စုန်းကဝေအတတ်ကို တားမြစ်ခြင်း

စုန်းကဝေအတတ်နှင့် ပတ်သက်သည့် စာအုပ်အားလုံးသည် မီးရှို့ ဖျက်ဆီးခြင်း ခံရလိမ့်မည် ဖြစ်ပြီး မှော်ဆရာများသည် နောင်တရသည်အထိ ထောင်သွင်း အကျဉ်းချခြင်း ခံကြရမည်။

အထက်ပါ အမိန့် ၁၆ ရပ် အပြင် ကဘူးလ်မြို့မှ အမျိုးသမီးများအား ရည်စူးသည့် သီးခြား သတိပေးချက်ကိုလည်း အသံလွှင့်သွား၏။

အမျိုးသမီးတို့... သင်တို့သည် အိမ်ပြင်သို့ မထွက်ကြရ။ ထွက်ခဲ့သည်ရှိသော်

တိုင်းပြည်သို့ အစ္စလာမ်ဘာသာ မရောက်မီက ဖက်ရှင် အဝတ်အထည်ကို ဝတ်ဆင်ပြီး မိတ်ကပ် လိမ်းခြယ်ကာ ယောက်ျားတကာတို့အား ဗန်းပြသည့် အမျိုးသမီးများနှင့် မတူစေရ။

အစ္စလာမ်သည် လွတ်မြောက်ခြင်း ဘာသာတရားတခုဖြစ်ပြီး အမျိုးသမီးများသည် ဂုဏ်သိက္ခာကို အတိုင်းအတာတခုအထိ ပိုင်ဆိုင်သည်ဟု ဆုံးဖြတ်ထားသည်။ အမျိုးသမီးများသည် မိမိတို့အပေါ် ရမ္မက်စိတ်ဖြင့် ကြည့်ရှုကြသည့် ယုတ်ညံ့သော အမျိုးသားတို့၏ အာရုံစိုက်ခြင်းကို ခံရအောင် မပြုမူကြရ။ အမျိုးသမီးတဦး၏တာဝန်မှာ မိသားစုကို ထူထောင်ရန်နှင့် ချက်ပြုတ်လျှော်ဖွပ်ရန် ဖြစ်သည်။ အကယ်၍ အိမ်ပြင်ပသို့ ထွက်လိုလျှင် ရှာရီယာဥပဒေအတိုင်း မိမိတို့ကိုယ်ကို ဖုံးကွယ်သွားရမည်။ အကယ်၍ အမျိုးသမီးများသည် အလှတန်ဆာ ဆင်ယင်ထားသည့် အဝတ်၊ တင်းကျပ်သော အဝတ်၊ မြူဆွယ်သော အဝတ်များကို ပြစားရန် အလို့ငှာ ဝတ်စားဆင်ယင်သည် ရှိသော် သင်တို့အား ရှာရီယာက ငရဲတွင် ကျခံစေလိမ့်မည်ဖြစ်ပြီး ကောင်းကင်ဘုံသို့ သွားရန်မည်သည့်အခါမျှ မျှော်လင့်နိုင်လိမ့်မည် မဟုတ်။ သင်တို့သည် ဘာသာရေးပုလိပ်၏ ခြိမ်းခြောက်ခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ပြင်းထန်စွာ အပြစ်ပေးခြင်းတို့ကို ခံကြရလိမ့်မည်။ ထို့အတူ အိမ်ထောင်ဦးစီးသည်လည်း သင်တို့ကဲ့သို့ပင် ခံကြရလိမ့်မည်။

ဘာသာရေး ပုလိပ်တွင် ဤ လူမှုပြဿနာများကို တိုက်ဖျက် ချေမှုန်းရန် တာဝန်နှင့် ဝတ္တရား ရှိပြီး ဤအနိဋ္ဌာရုံကို အမြစ်မှ ပယ်လှန်ပြီးသည်အထိ သူတို့၏ကြိုးပမ်းအားထုတ်မှုကို ဆက်လက် ဆောင်ရွက်သွားကြလိမ့်မည်။

အလ္လာဟူ အက္ကဘာ

ဘုရားသခင်သည် ကြီးမြတ်တော်မူပါပေ၏။

ဖောင်းဖောင်းကားကား လွင့်လွင့်ပါးပါး

ဖောင်းကားလျက်ရှိသော အခြား ခေါင်းမြီးခြုံများနှင့် ရောထွေးသွားသည့် ဖောင်းဖောင်း ကားကား ခေါင်းမြီးခြုံကို သူမ မျက်ခြည်ပြတ်သွားသည်။ မိုးပြာရောင်များက နေရာအနှံ့။ သူမ၏ မျက်လုံးအကြည့်များကို မြေကြီးဆီသို့ စိုက်လိုက်သည်။ ရွှံ့ထဲတွင် ညစ်ပတ် ပေရေနေသည့် ဖိနပ်များကို အခြား ညစ်ပတ် ပေရေနေသည့် ဖိနပ်များနှင့် သူမ ခွဲခြားသိနိုင်ပါသည်။ အဖြူရောင်ဘောင်းဘီ၏အမြိတ်ကို သူမ တွေ့ပြီး ခရမ်းရောင်အကျီစလေးကို ဖျတ်ခနဲ မြင်လိုက်သည်။

သူမ ဈေးကိုပတ်ပြီး အောက်ဘက်သို့ကြည့်၏။ တဖျပ်ဖျပ် လွင့်ပါးနေသည့် ခေါင်းမြီးခြုံ နောက်သို့လိုက်၏။ ကိုယ်ဝန်အရင့်အမာကြီးနှင့် ခေါင်းမြီးခြုံတယောက်က သူမ၏နောက်ဘက်တွင် ဟောဟဲလိုက်လျက်။ မြန်ဆန် သွက်လက်သော ခေါင်းမြီးခြုံနှစ်ယောက်ကို မီဖို့ သူမ အမောတကော ကြိုးစားနေရသည်။

ရှေ့မှဦးဆောင်သွားသည့် ခေါင်းမြီးခြုံက အိပ်ရာခင်း၊ ခေါင်းစွပ် ကောင်တာနားတွင် ရပ်လိုက်ပြီး ပစ္စည်းများကို ကိုင်တွယ်ကာ ဇာကွန်ရက်မှတဆင့် အရောင်အသွေးကို ကြည့်သည်။ နက်မှောင်သောမျက်လုံးများကို ဇာကွက်များနောက်မှာ ရေးရေးသာ မြင်ရစဉ် ဇာကွန်ရက်မှတဆင့် ဈေးဆစ်သည်။

ခေါင်းမြီးခြုံသည် ဈေးဆစ်ရင်း လက်များကို လေထဲမှာ လှုပ်ယမ်း၏။ ခေါင်းမြီးခြုံ ဝတ်ရုံ၏ လွှာတွန့်များကြားမှ တိုးထွက်နေသည့် နှာခေါင်းသည် ငှက်နှုတ်သီးနှင့် တူလှ၏။ နောက်ဆုံးတွင် သူမ ဆုံးဖြတ်ချက် ချလိုက်သည်။ အိတ်ထဲသို့ စမ်းသည်။ အိတ်ထဲမှ ပြန်ထုတ်လိုက်သော လက်ထဲတွင် အပြာရောင် ငွေစက္ကူတချို့ ပါလာ၏။ အိပ်ရာခင်းရောင်းသူက အဖြူရောင်ပေါ်တွင် အပြာရောင်ဖျော့ဖျော့ ပန်းပွင့်များပါသည့် အိပ်ရာခင်းစကို တိုင်းတာပေးသည်။

အိပ်ရာခင်းစသည် ခေါင်းမြီးခြုံ ဝတ်ရုံအောက်ရှိ အိတ်ထဲသို့ ငုပ်လျှိုး ပျောက်ကွယ်သွား၏။

ကုံကုမံ၊ ကြက်သွန်ဖြူ၊ ဂရုတ်ကောင်းနှင့် ပါကိုရာစိမ်း အနံ့များသည် ဝတ်ရုံကို ဖောက်ထွင်းကာ ချွေး၊ ဝင်သက် ထွက်သက်၊ ဆပ်ပြာနံ့ပြင်းပြင်းတို့နှင့် ပေါင်းစပ်သွားသည်။ ဝတ်ရုံ၏ နိုင်လွန်စသည် ထူထဲလှသဖြင့် ကိုယ့်အနံ့ကိုယ် ပြန်ရှူနေရ၏။

ရုရှားလုပ် အလူမီနီယံ လက်ဖက်ရည်အိုးများဆီသို့ သူတို့ စီးမျောသွားကြသည်။ ကိုင်ကြည့်ကြသည်၊ ဈေးမေးကြသည်၊ ဈေးဆစ်ကြသည်၊ ထို့နောက် ဈေးတည့်သွားကြ၏။ လက်ဖက်ရည်အိုးလည်း ခေါင်းမြီးခြုံ ဝတ်ရုံအောက်တွင် ပျောက်ကွယ်သွားသည်။ အိုးများ၊ ခြုံထည်နှင့် သွားပွတ်တံများဖြင့် ခေါင်းမြီးခြုံ ဝတ်ရုံသည် ဖောင်းကားသည်ထက် ဖောင်းကားလာသည်။

ပထမတယောက်၏နောက်တွင် ဝယ်ယူလိုစိတ် မထက်သန်လှသည့် ခေါင်းမြီးခြုံ နှစ်ယောက် ရောက်လာ၏။ သူတို့ရပ်တန့်ပြီး အနံ့ခံကြည့်ကြသည်။ ရှေ့ဆုံးမှ ခေါင်းမြီးခြုံကို မရှာခင် ပလတ်စတစ် ခါးပတ်ခေါင်းများနှင့် ရွှေရောင်လက်ကောက်များကို စမ်းသပ်ကြည့်ကြသည်။

သူမသည် ဘရာစီယာများ အပြည့်အမောက် တင်ထားသည့် လှည်းတစီးအနီးတွင် ရပ်တန့်လိုက်သည်။ ဘရာစီယာများမှာ အဖြူရောင်၊ အဝါနုရောင်၊ ပန်းရောင် စသည်ဖြင့်။ တချို့က တိုင်တွင် ချိတ်ဆွဲလျက် အရှက်ကင်းမဲ့စွာ တလူလူ လွင့်နေ၏။ ခေါင်းမြီးခြုံသည် ဘရာစီယာများကို ကိုင်စမ်းကြည့်ပြီး လက်ဖြင့်တိုင်းထွာကြည့်သည်။ ဝတ်ရုံလွှာတွန့်ထဲမှ လက်နှစ်ဖက်လုံး ထွက်လာပြီး မျှော့ကြိုးကို စစ်ဆေးကြည့်သည်။ ချက်များကို ဆွဲကြည့်သည်။ ပြီးတော့ ကော့ဆက် သဏ္ဌာန် ချုပ်ထားသော ဘရာစီယာကို ရွေးချယ်လိုက်၏။

သူတို့ ဆက်လျှောက်ကြပြီး ပိုမိုမြင်နိုင်အောင် ဦးခေါင်းများကို တိမ်းငဲ့သွားကြ၏။

ခေါင်းမြီးခြုံ အမျိုးသမီးများမှာ မျက်ကာတပ်ထားသောမြင်းများနှင့် တူသည်။ တူရူ တဖက်တည်းသို့သာ သူတို့ကြည့်နိုင်ကြသည်။ ဘေးဘေးဘီဘီကို ကြည့်လို့မရနိုင်။ တခေါင်းလုံး လှည့်မှဖြစ်မည်။ ခေါင်းမြီးခြုံဝတ်ရုံ တီထွင်သူ၏ နောက်ထပ်အထာတခုပါပဲ။ သူ့မယား ဘယ်ကို ကြည့်နေတယ်ဆိုတာ လင်က သိနိုင်တာပေါ့။

အနည်းငယ် တောင်ကြည့် မြောက်ကြည့် လုပ်ပြီးနောက် ဈေးအတွင်းဘက် လမ်းကြို လမ်းကြားတွင် ရှေ့ဆုံးသို့ရောက်သွားသည့် ခေါင်းမြီးခြုံအား အခြားနှစ်ယောက်က တွေ့သွား၏။ ဇာအနားကွပ်ကို သူမ စစ်ဆေးကြည့်နေသည်။ ဆိုဗီယက်ပုံစံ ခန်းဆီးအနားကွပ်များနှင့် တူသည့် အထူစားဇာ။ ဇာကို အချိန်ပေးပြီး သူမ ကြည့်နေသည်။

ဤပစ္စည်းသည် အရေးကြီးသောကြောင့် ကောင်းကောင်း မြင်နိုင်ရန်

အလို့ငှာလည်းကောင်း၊ ခင်ပွန်းလောင်း၏ လူမြင်မခံပါနှင့်ဆိုသော စကားကို အာခံသောအားဖြင့်လည်းကောင်း သူမသည် မျက်နှာရှေ့မှ အစကို ဆတ်ခနဲ လှစ်ဖော်လိုက်သည်။ ပိတ်ကျဲ မှန်ကူကွက်နောက်မှနေ၍ အကဲဖြတ်ရ ခက်ပေသည်။

ဆိုင်ရှင်တယောက်တည်းသာ သူမ၏မျက်နှာကို မြင်နိုင်သည်။ ကဘူးလ်မြို့၏ အေးမြသော တောင်ပေါ်လေ တိုက်ခတ်နေလျက်နှင့်ပင် သူမ၏မျက်နှာပေါ်တွင် ချွေးပေါက်များ သီးနေ၏။

ရှကီလာက သူမ၏ဦးခေါင်းကို ဘယ်ယိမ်း ညာနွဲ့ လုပ်သည်။ ရိသဲ့သဲ့ ပြုံးပြသည်။ ရယ်ပြသည်။ ဈေးဆစ်သည်။ ဟုတ်ကဲ့။ သူမ ပရောပရည်ပင် လုပ်ပါသည်။ မိုးပြာရောင်အောက်မှာ သူမ၏ ပရောပရည်ကစားပွဲကို သတိပြုမိနိုင်၏။ သူမ တလျှောက်လုံး ဤသို့သာ ပြုမူနေသည်။

အခက်အခဲ မရှိဘဲ အေးအေးသာသာ ခေါင်းညိတ် ခေါင်းခါ လုပ်နေသည့် ဖောင်းကားနေသော ခေါင်းမြီးခြုံ၏အထာများကို ဆိုင်ရှင်တယောက်သည် အဓိပ္ပာယ် ဖော်နိုင်ပါသည်။ သူမ၏ လက်ချောင်းလေးတချောင်းဖြင့်၊ ခြေထောက်တဖက်ဖြင့်၊ လက်၏ရွေ့လျားမှုတခုဖြင့် သူမ ပြီတည်တည် လုပ်နိုင်စွမ်းသည်။ သူမ၏မျက်နှာကို ဇာဖြင့် စည်းနှောင်လိုက်သည့်အခါ ခန်းဆီး အနားကွပ်အဖြစ်မှ မျက်နှာလွှားဇာအဖြစ်သို့ ရုတ်ခြည်း ပြောင်းလဲသွား၏။ မင်္ဂလာဝတ်စုံအတွက် ကျန်နေသည့်ပစ္စည်းလေးပါ။ အမှန်ပင် အဖြူရောင် မျက်နှာလွှားဇာတွင် အနားကွပ်ဇာ လိုအပ်သည်။ ဈေးတည့်သွားပြီ။

ဆိုင်ရှင်က တိုင်းတာ၏။ ရှကီလာက ပြုံးသည်။ ထို့နောက် ဇာသည် ခေါင်းမြီးခြုံ ဝတ်ရုံ အောက်ရှိ အိတ်ထဲသို့ ရောက်သွား၏။

ညီအစ်မတတွေ လူးလွန့် တိုးဝှေ့သွားကြပြန်သည်။ လမ်းကြိုလမ်းကြားလေးများသည် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာ၏။

တကျည်ကျည် တစီစီ မြည်သံများ။ အဆက်မပြတ် စကားပြောသံများ။ ကိုယ့်ရောင်းကုန် ပစ္စည်းကို လှည့်လည်ရောင်းချသူ အနည်းငယ်သာ ရှိသည်။ ဈေးသည်အများစုက အော်ဟစ် ရောင်းချခြင်းထက် ဆိုင်နီးချင်းများနှင့် အလေဇာတော ပြောကာ ဂျုံအိတ်ပေါ်၊ ကော်ဇောပုံပေါ်တွင် ပျင်းရိပျင်းတွဲ ထိုင်ကာ ဈေး၏သရုပ်ကို ဖော်နေကြကုန်၏။ ဖောက်သည်တွေက လိုလျှင် ဝယ်ကြတာပဲ။ ဘာအကြောင်းလဲ။

ကဘူးလ်ဈေးထဲတွင် အချိန်တန့်နေတော့သလို ရှိသည်။ ကုန်ပစ္စည်းများသည် ငါးရာစု ဘီစီတုန်းက ပါးရှားဘုရင် ဒါရီးယပ်စ် ဤအရပ်သို့ ရောက်ရှိလာခဲ့စဉ်ကအတိုင်း ဖြစ်၏။ လဟာပြင်တွင် ပုံရောင်းသည့်

ကော်ဇောကြီးများကိုလည်းကောင်း၊ ဖင်မလှည့်သာ ခေါင်းမလှည့်သာ ဆိုင်များမှ ကော်ဇောကြီးများကိုလည်းကောင်း ဈေးဝယ်သူတို့က လှန်လှောကြည့်နေကြ၏။ ပစ္စတာချီယို ခွံမာသီး၊ တရုတ် ဆီးသီးခြောက်နှင့် စပျစ်သီးခြောက်များကို အိတ်ကြီးများတွင် ထည့်ထားသည်။ ခနော်နီ ခနော်နဲ့ လှည်းများပေါ်တွင် အခွံပါ စားလို့ရသည့် မျိုးစပ် သံပရာသီးနှင့် ရှောက်သီးငယ်လေးများ။ ဈေးသည်တယောက်၏အိတ်ထဲတွင် ကတော်သံပေးကာ အတင်း တိုးဝှေ့နေကြသည့် ကြက်များ။

ဟင်းခတ် အမွှေးအကြိုင် ရောင်းချသူများ၏ ဘီးနှစ်ဘီးတပ် လက်တွန်းလှည်းပေါ်တွင် ငရုတ်သီး၊ အရောင်တင် ပန်းငရုတ်မှုန့်၊ ဟင်းမွှေး မဆလာနှင့် ချင်းများကို စုပုံလျက်။ ဟင်းခတ် အမွှေးအကြိုင် ရောင်းချသူသည် ဆေးဆရာအဖြစ်ပါ ဆောင်ရွက်ပြီး ဆေးဖက်ဝင် အပင်၊ အမြစ်၊ သစ်သီးနှင့် လက်ဖက်ခြောက်များသည် ရောဂါများကို ပျောက်ကင်းစေနိုင်ကြောင်း ကြေညာနေ၏။

နံနံပင်၊ ကြက်သွန်ဖြူ၊ သားရေနှင့် ဖာလာစေ့များ အားလုံး မြောင်းပုပ်နံ့များ၊ ဈေးကို နှစ်ပိုင်း ခြားနေသည့် တူးမြောင်းပုပ်နံ့များနှင့် ရောထွေးနေ၏။ မြစ်ကူးတံတားပေါ်တွင် သိုးသားရေဖြင့် ချုပ်ထားသည့် ဖိနပ်များ၊ ဝါဂွမ်းပုံများ၊ ခေါင်းမြှောင်များ၊ ပေါက်တူးများနှင့် ပေါက်ချွန်းများကို ရောင်းချသည်။

ဒါရီးယပ်စ် ခေတ်တုန်းက မသိခဲ့သည့် ကုန်ပစ္စည်းများကိုလည်း ရံဖန်ရံခါ တွေ့ရသည်။ Pleasure, Wave, Pine စသည့် တိုင်းတပါးနာမည်များနှင့် စီးကရက်များနှင့် ပါကစ္စတန်မှ ထုတ်လုပ်သည့် Coke တို့လို တရားမဝင် သွင်းကုန်များ။ မှောင်ခိုကုန်သည်များ အသုံးပြုသည့် လမ်းကြောင်းများသည် ရာစုနှစ် များစွာအတွင်း ပြောင်းလဲမသွားခဲ့ချေ။

ပါကစ္စတန်မှ ခိုင်ဘာ တောင်ကြားလမ်း သို့မဟုတ် အီရန်မှ တောင်ပေါ်လမ်းများအတိုင်း။ တချို့ကုန်များကို မြည်းများပေါ်တင်၍၊ တချို့ကုန်များကို ကုန်တင်ကားများဖြင့် ဤလမ်းကြောင်း များကိုပင် အသုံးပြုကာ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် ဆေးခြောက်များကို မှောင်ခိုသွင်းကြခြင်း ဖြစ်သည်။ အသုံးပြုသောငွေသည် ခေတ်မီ၏။ အပေါ်အင်္ကျီနှင့် ဦးပေါင်းထုပ်များ ဆင်မြန်းထားသော ငွေကြေး လဲလှယ်သူများသည် အပြာရောင် အာဖဂန်နီ ငွေစက္ကူ ရောမအထုပ်ကြီးများကို ပွေ့ဖက်ကာ တန်းစီရပ်နေကြသည်မှာ တမျှော်တခေါ်ပင်။ တဒေါ်လာလျှင် အာဖဂန်နီ ၃၅,၀၀၀ နှုန်း။

လူတယောက်က National အမည်ရှိ ဖုန်စုပ်စက်များကို ရောင်းသည်။ သူ၏ဆိုင်နီးချင်းက Nautional အမည်ရှိ ဖုန်စုပ်စက်များကို ဈေးနှုန်းတူဖြင့်

ရောင်းသည်။ သို့သော် မူရင်းရော အတုပါ ရောင်းမကောင်းကြ။

ကဘူးလ်မြို့၏ မရေမရာလှသော လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုကြောင့် မတတ်သာသည့် အဆုံး တံမြက်စည်းကိုပင် အားကိုးကြရတော့သည်။

ဖုန်မှုန့်များထဲတွင် ရှူးဖိနပ်များ ဆက်လျှောက်သွားကြသည်။ ဝန်းကျင်တခုတွင် အညိုရောင် ကြိုးသိုင်းဖိနပ်များ၊ ညစ်ပတ်ပေကျံနေသော ရှူးဖိနပ်များ၊ အနက်ရောင် ရှူးဖိနပ်များ၊ တခါတုန်းက ရှူးဖိနပ်ကောင်းကောင်း တရန်နှင့် ဖဲပြားတပ် ပန်းရောင် ပလတ်စတစ် ရှူးဖိနပ်တရန် ဖြစ်ခဲ့ကြသည့် ပေါက်ပြဲနေသော ရှူးဖိနပ်များ။ တချို့ဖိနပ်များကတော့ (သူတို့၏အလံသည် အဖြူရောင် ဖြစ်သဖြင့်) တာလီဘန်က တားမြစ်ထားသည့် အဖြူရောင် ဖိနပ်များပင် ဖြစ်နေသေး၏။

တာလီဘန်က ခေါင်းပိတ်ဒေါက်ပါသည့် ရှူးဖိနပ်များကို တားမြစ်ထားသည်။ မိန်းမတို့ လမ်းလျှောက်သံက ယောကျ်ားတို့ကို အာရုံပျက်စေသတဲ့။ သို့သော် ခေတ်ပြောင်းခဲ့ပါပြီ။ ရွှံ့ထဲမှာ လျှောက်လို့သာ အသံထွက်နိုင်မည်ဆိုလျှင် ဈေးတဈေးလုံး ဖိနပ်သံတွေ ကျွက်ကျွက်ညံနေလိမ့်မည်။ တခါတရံ ခေါင်းမြီးခြုံ ဝတ်ရုံအောက်မှ ဆေးဆိုးထားသော ခြေသည်းများကို တွေ့နိုင်၏။ လွတ်လပ်မှု၏ အမှတ်အသားလေးတခုပါ။

တာလီဘန်သည် လက်သည်းဆိုးဆေးကို ပိတ်ပင်ပြီး သွင်းကုန် တင်သွင်းမှုကို တားမြစ်ခဲ့သည်။ ကံဆိုးသည့် မိန်းမတချို့ လက်ချောင်းဖြတ်၊ ခြေချောင်းဖြတ် ခံခဲ့ကြရသည်။ ဥပဒေ စနစ်အား ဆန့်ကျင်သည့် ပြစ်မှုကို ကျူးလွန်လို့တဲ့။

တာလီဘန် ကျဆုံးပြီးနောက်ပိုင်း ပထမ နွေဦးကာလအတွင်း အမျိုးသမီးများ လွတ်မြောက်ရေးကို ခြုံကြည့်လျှင် ရှူးဖိနပ်နှင့် လက်သည်းဆိုးဆေးအဆင့်ကိုသာ ကန့်သတ်ထားပြီး အမျိုးသမီးများ၏ ခေါင်းမြီးခြုံ ဝတ်ရုံမှ ရွံ့ပေသော အနားကွပ်ထက် မပိုသေးပါ။

သူတို့ မကြိုးစားကြသောကြောင့် မဟုတ်။ တာလီဘန် ကျဆုံးကတည်းက အမျိုးသမီး အသင်းများ ဖွဲ့စည်းထားပြီးဖြစ်၏။ ယင်းတို့အနက် တချို့မှာ တာလီဘန်လက်ထက်အတွင်းမှာပင် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသည်။ ဥပမာ မိန်းကလေးများ ကျောင်းတက်ရေး၊ အမျိုးသမီးများအား တကိုယ်ရေ သန့်ရှင်းရေးအကြောင်း သင်ကြားပို့ချခြင်းနှင့် စာတတ်မြောက်ရေး လှုပ်ရှားမှုများ။

တာလီဘန်ခေတ်မှ အမျိုးသမီး သူရဲကောင်းကြီးမှာ ကာဗိုင်း၏ ကျန်းမာရေးဝန်ကြီး ဆူဟိုင်လာ ဆက်ဒစ်။ အာဖဂန်နစ္စတန်၏တဦးတည်းသော

ဗိုလ်ချုပ်ကြီးအဆင့်ရှိ အမျိုးသမီး။ သူမသည် အမျိုးသမီးများအတွက် ဆေးပညာ သင်ကြားပို့ချမှုကို အရှိန်အဟုန် တန့်မသွားအောင် ဆက်လက် ဆောင်ရွက်ပြီး တာလီဘန်က ပိတ်လိုက်ပြီးနောက်ပိုင်းတွင် သူမ အလုပ်လုပ်ခဲ့သည့် ဆေးရုံ၌ အမျိုးသမီးဆောင် ပြန်ဖွင့်ဖို့ စီမံခဲ့သည်။

သူမသည် တာလီဘန် အုပ်ချုပ်မှုအောက်တွင် ခေါင်းမြီးခြုံ ဝတ်ရုံ ဝတ်ဆင်ရန် ငြင်းဆန်သည့် အမျိုးသမီး လက်တဆုပ်စာအနက်မှ တဦးဖြစ်၏။

"ဘာသာရေးပုလိပ်တွေက ကြိမ်လုံးတွေမြှောက်ပြီး ရိုက်မလို့လာတော့ ကျွန်မလည်း လက်ထဲက ကြိမ်လုံးနှင့် ပြန်ရိုက်ဖို့ ဟန်ပြင်လိုက်တယ်ဆိုရင်ပဲ ဘာသာရေးပုလိပ်တွေက သူတို့ ရွယ်ထားတဲ့လက်တွေကို အောက်ချပြီး ကျွန်မကို သွားခွင့်ပြုလိုက်ကြတယ်" ဟု သူမပြောသည်။ သို့သော် တာလီဘန်အုပ်ချုပ်စဉ်က ဆူပူအိုင်လာသည်ပင် အိမ်ပြင်ထွက်ခဲ၏။ နံနက်တိုင်း ကိုယ်ကို တဘက်ပဝါကြီးဖြင့် ရစ်ပတ်၍ ဆေးရုံသို့ ကားဖြင့် ပို့ပေးရသည်။ ညနေ ပြန်လာသည်။

"အာဖဂန်အမျိုးသမီးတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိကြတော့ဘူး" ဟု တာလီဘန် ကျဆုံးပြီးနောက် သူမ နာနာကြည်းကြည်း ပြော၏။

တာလီဘန် ထွက်ပြေးပြီးနောက် သီတင်းတပတ်ခန့်အကြာတွင် အမျိုးသမီးအသင်း တသင်းက ဆန္ဒပြဖို့ ကြိုးစားခဲ့ဖူးသည်။ ရှုးဖိနပ်များ၊ ညှပ်ဖိနပ်များ စီးလျက် မိုက်ခရိုရေယွန်တွင် စုရုံးကြပြီး မြို့သို့ချီတက်ကြ၏။ အများစုက ခေါင်းမြီးခြုံ ဝတ်ရုံများကို ပခုံးထက်သို့ မဆင်မခြင် ပစ်တင်ထားကြသည်။ သို့သော် အာဏာပိုင်များက အမျိုးသမီးတို့၏ လုံခြုံရေးကို တာဝန်မယူဟု ဆိုပြီး တားမြစ်၏။ သူတို့ လူစုမည်ကြံတိုင်း ဤသို့သာ တားဆီးခြင်း ခံကြရသည်။

ယခု မိန်းကလေးကျောင်းများ ပြန်ဖွင့်ပြီ။ မိန်းမပျိုများ တက္ကသိုလ် တက်ကြပြီ။ တချို့က မူလ အလုပ်ဟောင်းကို ပြန်လုပ်ကြပြီ။ အမျိုးသမီး အပတ်စဉ်စာစောင်တခုကို အမျိုးသမီးများက ထုတ်ကြပြီး ဟာမစ် ကာဇိုင်းက အမျိုးသမီး အခွင့်အရေးအကြောင်း မပြောဘဲ အခွင့်အရေးတခုကို ဘယ်တော့မှ ခွင့်မပြုချေ။

၂၀၀၂ ခုနှစ် ဇွန်လ။ ဥပဒေပြုလွှတ်တော် လိုယာဂျီရ်ဂါတွင် အမျိုးသမီး အများအပြား ကျော်စောထင်ရှားလာ၏။ လွှတ်တော်ထဲရှိ ဦးပေါင်းထုပ်နှင့် အမျိုးသားများက မကွယ်မထောင့် ဟောဟောဒိုင်းဒိုင်း ပြောသူ အများစုကို လှောင်ပြောင်သရော်ကြ၏။ သို့သော် အမျိုးသမီးများသည် စိတ်မလျှော့ကြ။ အမျိုးသမီးတယောက်က အမျိုးသမီး ကာကွယ်ရေးဝန်ကြီး ခန့်ထားရန် အဆိုပြုရာ

လှောင်ပြောင် သရော် အော်ဟစ်သံများ ကျွက်ကျွက်ညံသွားသည်။

"ပြင်သစ်မှာလည်း အမျိုးသမီး ကာကွယ်ရေးဝန်ကြီး ရှိတာပဲ" ဟု အဆိုပါ အမျိုးသမီး အမတ်က ဆိုချေသေး၏။

သို့သော် လူထုအတွက် ပြောင်းလဲသည်မှာ အနည်းငယ်မျှသာ။ မိသားစုများထဲတွင် ယောကျ်ားများကသာ ဆုံးဖြတ်သည့် အစဉ်အလာ ရှိသည်။

တာလီဘန် ထွက်ပြေးပြီးနောက် ပထမ နွေဦးအတွင်းတွင် ကာဘူးလ် အမျိုးသမီး အရေအတွက် နည်းနည်းကသာ ခေါင်းမြီးခြုံ ဝတ်ရုံကို စွန့်လွှတ်ကြသည်။ သူတို့၏ ဘွားအေ၊ ဘေးအေများ ဖြစ်ကြသည့် နောက်ဆုံး ရာစုနှစ်အတွင်းက အာဖဂန် အမျိုးသမီးများအနေဖြင့် ခေါင်းမြီးခြုံ ဝတ်ရုံနှင့် အစိမ်းသက်သက်သာ ဖြစ်သည်ကို သူတို့အထဲမှ အမျိုးသမီး တချို့တလေသာ သိကြ၏။

ခေါင်းမြီးခြုံ ဝတ်ရုံကို ရာစု နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့ကြသော်လည်း လူဦးရေ များများစားစားက အသုံးပြုကြခြင်း မဟုတ်ချေ။

ဟာဘီဘူလာ လက်ထက် (၁၉၀၁ - ၁၉၁၉) တွင် ခေါင်းမြီးခြုံ ဝတ်ရုံကို ပြန်လည် အသက်သွင်းခဲ့သည်။ သူ၏ မောင်းမဆောင်ထဲမှ အမျိုးသမီး နှစ်ရာတို့ နန်းတော်တံခါး ပြင်ပသို့ ထွက်သည့်အခါ သူတို့၏ ချောမောလှပသည့် မျက်နှာများဖြင့် တပါးသော ယောကျ်ားတို့အား မမြူဆွယ်နိုင်စိမ့်သောငှာ ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းရမည်ဟု ဟာဘီဘူလာ အမိန့်ထုတ်ခဲ့သည်။ သူတို့၏ မျက်နှာလွှား ဇာများသည် ခက်ခဲရှုပ်ထွေးစွာ ပန်းထိုးထားသော ပိုးစဖြစ်ပြီး ဟာဘီဘူလာ၏ သမီးတော်များက ရွှေမျှင်ဖြင့် ပန်းထိုးထားသည့် ခေါင်းမြီးခြုံ ဝတ်ရုံများကို ဆင်မြန်းကြ၏။ ခေါင်းမြီးခြုံ ဝတ်ရုံသည် မိန်းမများအား လူကြည့်မခံရစေရန် အကာအကွယ် ပေးနိုင်သောကြောင့် အထက်တန်းလွှာတို့၏ အဝတ်အထည် ဖြစ်လာခဲ့သည်။

၁၉၅၀ ပြည့်လွန်နှစ် ကာလများအတွင်း ခေါင်းမြီးခြုံ ဝတ်ရုံ အသုံးပြုမှု ပျံ့နှံ့လာသော်လည်း ချမ်းသာကြွယ်ဝသူတို့ ကြားတွင်သာ ပျံ့နှံ့ခြင်းပါ။

အမျိုးသမီးတို့၏ ဖုံးကွယ်ထားမှုတွင် ရန်ဘက်များ ရှိသည်။

၁၉၅၉ ခုနှစ်က ဝန်ကြီးချုပ် မင်းသား ဒါအွတ်ဒ်နှင့် ခေါင်းမြီးခြုံ ဝတ်ဆင်မထားသည့် ကြင်ရာတော်တို့ အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်လာခြင်းဖြင့် တိုင်းပြည်လူထုအား မှင်တက်မိသွားစေခဲ့သည်။ မင်းသားက ညီတော်ကိုလည်း သူ့ကြင်ရာတော်အား အလားတူ ဆောင်ရွက်စေရန်

ပြောထားခဲ့သည်။ ဝန်ကြီးများကိုလည်း ဝန်ကတော်တို့၏ ခေါင်းမြီးခြုံ ဝတ်ရုံများကို လွှင့်ပစ်ရန် ပြောခဲ့၏။

နောက်နေ့တွင် ကဘူးလ်မြို့ လမ်းများပေါ်၌ ကုတ်အင်္ကျီရှည်များ၊ နေကာမျက်မှန်များနှင့် ဦးထုပ်သေးသေးလေးများကို ဆင်မြန်းလျက် လမ်းသလားနေကြသည့် အမျိုးသမီးများကို မြင်တွေ့ရတော့၏။

ထိုအမျိုးသမီးများမှာ ယခင်က ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းလျက်ဖြင့်သာ အပြင်အပသို့ ထွက်သူများ ဖြစ်ကြသည်။

ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းခြင်းသည် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် စတင်ခဲ့သဖြင့် သူတို့သည် ခေါင်းမြီးခြုံ ဝတ်ရုံကို ပထမဆုံး စွန့်ပယ်သူများ ဖြစ်ကြသည်။

ယခုအခါ ခေါင်းမြီးခြုံ ဝတ်ရုံသည် လူဆင်းရဲများကြားတွင် ဂုဏ်မြင့်သူတို့၏ အဆောင်အယောင် ဖြစ်နေပြီး အိမ်ဖော်မလေးများသည် အိမ်ကြီးရှင်တို့ထံမှ ပိုးခေါင်းမြီးခြုံ ဝတ်ရုံများကို ဆက်ခံရရှိကြ၏။

အစကနဦးတွင် မိန်းမများအား ခေါင်းမြီး ခြုံစေသည်မှာ အာဏာရ ပါ့ရှ်တွန် ဖြစ်သော်လည်း ယခုအခါ အခြားမျိုးနွယ်စုများကပါ ခေါင်းမြီးခြုံဓလေ့ကို လိုက်နာနေကြပြီ။

သို့သော် မင်းသား ဒါအွတ်ဒ်က တိုင်းပြည်တွင် ခေါင်းမြီးခြုံဝတ်ရုံများကို လုံးဝ ရှင်းပစ်ချင်၏။ ၁၉၆၁ ခုနှစ်တွင် အစိုးရဝန်ထမ်းများ ခေါင်းမြီးခြုံဝတ်ရုံ ဆင်မြန်းခြင်းကို တားမြစ်သည့် ဥပဒေတရပ် ထုတ်ပြန်ပြီး အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ကြရန် တိုက်တွန်းခဲ့သည်။

ထိုဥပဒေကို အကောင်အထည် ဖော်ရန် နှစ်များစွာ ကြာမြင့်သော်လည်း ၁၉၇၀ ပြည့်လွန် နှစ်များတွင် ကဘူးလ်မြို့၌ စကတ်နှင့် ဘလောက်စ် မဝတ်သည့် ကျောင်းဆရာမ၊ စာရေးမတို့ အတော်ပင် ရှားပါးသွား၏။ အမျိုးသားဝန်ထမ်းများက အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ကြသည်။ သို့သော် အရဲကိုး၍ မလုံ့တလုံ ဝတ်ဆင်သည့် အမျိုးသမီးများကိုမူ တင်းကျပ်သော ဘာသာရေး ဝါဒီများက ခြေထောက်ကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ မျက်နှာကို အက်စစ်ဖြင့် ပက်ခြင်းတို့ ပြုကြ၏။

ပြည်တွင်းစစ် ဖြစ်ပွားပြီး အစ္စလာမ့်စ် ဥပဒေ အာဏာ လွှမ်းမိုးချိန်တွင် မိန်းမများ တိုး၍ တိုး၍သာ ခေါင်းမြီး ခြုံလာကြသည်။ တာလီဘန် ရောက်လာချိန်တွင်ကား ကဘူးလ်မြို့ လမ်းများပေါ်တွင် အမျိုးသမီးမျက်နှာများ

အားလုံး ပျောက်ကွယ်သွားကြတော့၏။

ရှေ့ဆုံးမှ ခေါင်းမြီးခြုံ၏ ရှူးဖိနပ်များသည် ရေမရှိသော မြောင်း၊ တံတားပေါ်တွင် အခြား ရှူးဖိနပ်များကြား ပျောက်ကွယ်သွား၏။ နောက်ဘက် ခပ်လှမ်းလှမ်းတွင် ညီအစ်မများသည် လူအုပ်ကြားထဲ၌ ပိတ်မိနေခဲ့ကြပြီး လူအုပ် ရွေ့လျားရာသို့သာ လိုက်ပါသွားနိုင်ကြသည်။ တယောက်၏ ရှူးဖိနပ်ကို တယောက်က ရှာဖို့ဆိုသည်မှာ မဖြစ်နိုင်။ ရပ်ဖို့၊ ပြန်လှည့်ဖို့ဆိုတာ ဝေလာဝေး။ အခြား ခေါင်းမြီးခြုံများ၊ ကုန်ပစ္စည်းများကို ခေါင်းပေါ်ရွက်၊ ချိုင်းမှာညှပ်၊ ကျောမှာ ပိုးလာကြသည့် ယောကျ်ားများကြားတွင် ပိတ်မိကာ မြေကြီးကို မမြင်ရတော့။

တံတားတဖက်တွင် ခေါင်းမြီးခြုံ သုံးယောက်တို့သည် တယောက်ကို တယောက် ရှာနေကြ၏။ တယောက်က အနက်ရောင် ရှူးဖိနပ် စီးထားပြီး အဖြူရောင် ဇာဘောင်းဘီရှည် ဝတ်ထားသည်။ ဝတ်စုံအနားကွပ်မှာ ကြက်သွေးရောင်။ နောက်တယောက်က အညိုရောင် ပလတ်စတစ် ကြိုးသိုင်းဖိနပ်နှင့် ခရမ်းရောင် ဘောင်းဘီရှည်နှင့် အနက်ရောင် အနားကွပ်။ နောက်ဆုံးနှင့် အပိန်ဆုံး ခေါင်းမြီးခြုံက ပန်းရောင် ပလတ်စတစ် ရှူးဖိနပ်၊ ခရမ်းရောင် ဘောင်းဘီနှင့် အနားကွပ်။

သူတို့ တယောက်ကို တယောက် တွေ့သွားကြပြီး တိုင်ပင်ရန်အလို့ငှာ ဦးခေါင်းများကို မော့လိုက်ကြသည်။ ရှေ့ဆုံးမှ ခေါင်းမြီးခြုံက ဆိုင်ထဲသို့ ဦးဆောင် ဝင်သွား၏။ ဈေးအစွန်အဖျားမှ ပြတင်းများ အခင်းအကျင်းများရှိသည့် ဆိုင်တဆိုင်။ သူမသည် စောင်တထည် လိုချင်ပြီး “ပါရီ” အမည်ရှိ ပြောင်ပြောင်လက်လက် ပန်းရောင် ဂွမ်းထိုးစောင်အပေါ် အရူးအမူး ဖြစ်နေ၏။ စောင်နှင့်အတူ အတွန့်အလိပ်များပါသည့် ခေါင်းအုံးများလည်း ပါသည်။ အားလုံးကို အကြည်ရောင် လက်ဆွဲအိတ်ထဲတွင် ခေါက်ထည့်ထားသည်။ လက်ဆွဲအိတ်ပေါ်ရှိ ပါရီ စာလုံးအောက်တွင် “ပါကစ္စတန် ထွက်ကုန်ပစ္စည်း” ဟု စာတန်းထိုးထားပြီး အိဖဲလ် မျှော်စင်ပုံတပုံလည်း ပါရှိ၏။

ဤစောင်သည် အိမ်ထောင်ဦးခုတင်ထက်တွင် ခေါင်းမြီးခြုံ ခင်းလိုသည့်စောင်။ ခုတင်သည် သူမ မြင်လည်းမမြင်ဖူး၊ မြင်ဖူးဖို့လည်း မကြိုးစားဖူး၊ ဘုရားသခင် တားမြစ်တော်မူချက်အရ အိမ်ထောင်ဦးည မတိုင်ခင် မြင်ရလိမ့်မည်လည်း မဟုတ်သည့် ခုတင်။ သူမ ဈေးမေးပါသည်။ အရောင်းစာရေးက ပလတ်စတစ် လက်ဆွဲအိတ်ထဲတွင် ပါသည့် စောင်နှင့် ခေါင်းအုံးများ အားလုံး အတွက် အာဖဂန်နီ သန်းပေါင်းများစွာ လိုချင်၏။

“များလိုက်တာ”

သူမ ဈေးဆစ်သည်။ သို့သော် အရောင်းစာရေးက ဈေးမလျှော့ဘဲ ပေခံနေသည်။ သူမ ပြန်လှည့်ထွက်တော့မည်ဟု ဟန်ပြင်မှ အရောင်းစာရေးသည် အလျှော့ပေးတော့၏။ ဖောင်းဖောင်းကားကား ခေါင်းမြီးခြုံက ဤစောင်ကို ကနဦးဆိုဈေး၏ သုံးပုံတပုံထက်ပင် လျှော့နည်းပြီး ရလိုက်၏။ သို့သော် ငွေချေခါနီးမှာ သူမ စိတ်ပြောင်းသွားပြီး ကလေးဆန်သည့် ပန်းရောင်အစား အနီရောင်ကို ယူလိုက်သည်။

အရောင်းစာရေးက သူမ လက်ထပ်တော့မည်ဖြစ်ကြောင်း သိသဖြင့် လက်ဆောင်အဖြစ် အနီရောင် နှုတ်ခမ်းဆိုးဆေးတတောင့်ပါ ထည့်ပေးလိုက်၏။

သူမက အရောင်းစာရေးအား ကျေးဇူးတင်ကြောင်းပြောပြီး မျက်နှာလွှားဇာကို ပင့်တင်ကာ နှုတ်ခမ်းဆိုးဆေးတောင့်ကို စမ်းသပ်ကြည့်၏။ နောက်ဆုံးတွင် ရုကီလာသည် အရောင်းစာရေးနှင့် လုံးဝ ရင်းနှီးသွားသည်။ အရောင်းစာရေးမှတပါး ဆိုင်ထဲတွင် အမျိုးသမီးများချည်းသာ။ လိုင်လာနှင့် မာရီယမ်တို့လည်း အရဲစွန့်၍ မျက်နှာလွှား ဇာများကို ပင့်တင်လိုက်သည်တွင် အရောင်ဖျော့ဖျော့ နှုတ်ခမ်းသုံးမွှာအဖြစ်သို့ ပြောင်းလဲသွားတော့၏။

ထို့နောက် ကောင်တာထဲရှိ ပစ္စည်းများကို အငမ်းမရ ကြည့်ကြသည်။ အရေပြား အရောင်ချွတ်ဆေးကို ရုကီလာ ရှာကြည့်သည်။ ဖြူဖျော့ဖျော့ ရှိခြင်းသည် အရေးကြီးသော အာဖဂန် အလှအင်္ဂါရပ်။ သတို့သမီးတယောက်သည် ဖြူဖျော့ရမည်။

Perfact အမည်ရှိ ခရင်မ်ကို အရောင်းစာရေးက ထောက်ခံလိုက်သည်။ ဘူးပေါ်မှာ Aloe White Block Cream ဆိုသောစာတန်း။ ကျန်တာတွေကတော့ တရုတ်စာတွေ။ ရုကီလာ အနည်းငယ် လိမ်းကြည့်သည်။

အံ့ဖွယ် ခရင်မ်ကို ပြည့်ဖောင်းနေနှင့်ပြီဖြစ်သည့် အိတ်ထဲသို့ ထိုးထည့်လိုက်၏။ ညီအစ်မများက ရယ်မောပြီး သူတို့ မင်္ဂလာဆောင်လျှင် လာဝယ်ကြဦးမည်ဟု အရောင်းစာရေးအား ကတိပြုကြသည်။

သူမ ဝယ်လာသည့်ပစ္စည်းများကို ပြချင်သဖြင့် ရုကီလာ အိမ်ပြန်ချင်ပြီ။ ဘတ်စ်ကား တစီးပေါ်သို့ နောက်ပေါက်မှ တက်လိုက်ပြီး ခန်းဆီးနောက်ဘက်ရှိ ထိုင်ခုံများတွင် ထိုင်လိုက်ကြသည်။ နောက်ဘက်ခုံများမှာ ခေါင်းမြီးခြုံများ၊ ကလေးများနှင့် ဈေးဝယ်အိတ်များ အတွက် သီးသန့်။

ဗုံးမှန်ထားသည့် အိမ်ရှေ့တွင် ဘတ်စ်ကား ရပ်လိုက်သည့်အခါ မောပန်း နွမ်းဟိုက်လျက် ရှိသည့် ညီအစ်မသုံးယောက် ဆင်းကြပြီး အေးစက်စက်တိုက်ခန်းထဲသို့ ပျာယာခတ် ဝင်သွားကြ၏။ ခေါင်းမြီးခြုံ ဝတ်ရုံများကို

ခေါင်းပေါ်မှ လှန်ချွတ်ကာ သံချိတ်များတွင် ချိတ်ထားလိုက်ပြီးနောက် သက်ပြင်းချကြ၏။ အခုမှ သူတို့၏မျက်နှာများ ပြန်ပေါ်လာကြ၏။

ခပ်ညှံ့ညှံ့မင်္ဂလာဆောင်

နေ့ကြီးရက်ကြီးမတိုင်မီ ညနေခင်း။ အခန်းသည် ထကြွလှုပ်ရှားနေ၏။ အခန်းထဲရှိ ရတတ်သမျှ နေရာအားလုံးကို မိန်းမတယောက်၏ ခန္ဓာကိုယ်၊ စားသောက်ခြင်း၊ ကခုန်ခြင်း၊ စကား တွတ်ထိုးခြင်းတို့က အပိုင်စီးထားသည်။ ထိုညသည် ဒန်းဆိုးသည့်ည။ သတို့သားနှင့် သတို့သမီးတို့၏ လက်ဖဝါး၊ ခြေဖဝါးများပေါ်၌ ဒန်းဆိုးပေးကြလိမ့်မည်။ သူတို့၏လက်များပေါ်ရှိ လိမ္မော်သီး ပုံစံသည် (အဆိုအရ) ပျော်ရွှင် ချမ်းမြေ့သော အိမ်ထောင်ရေးကို အာမခံချက် ပေးလိမ့်မည်တဲ့။

သို့သော် သတို့သားနှင့် သတို့သမီးတို့ အတူတကွ မဟုတ်ပါ။ ယောကျ်ားများက သူတို့ဘာသာ စားပွဲကြီး ဆင်နွှဲနေကြသည်။ မိန်းမများကလည်း သူတို့ဘာသာ သီးသန့်။ သူတို့ တယောက်၏ တင်ပါးကို တယောက်က ထုရိုက်ကြ၊ တယောက်၏ရင်သားကို တယောက်က ဆိတ်ကြ။ ပက်လက်လှန်ကာ လက်များကို မြွေလိုယမ်းခါလျက်၊ အီဂျစ် ဗိုက်သားလှုပ် ကချေသည်တွေလို တင်ကို ယမ်းခါလျက်ကခုန်ကြ။ ညို့ယူဆွဲငင်ဖို့ မွေးဖွားလာသလားဟုပင် ထင်မှတ် မှားရလောက်အောင် မိန်းကလေးများ ကခုန်ကြပြီး အကဲစမ်းသောအကြည့်၊ ပင့်ချီထားသော မျက်ခုံးတို့ဖြင့် ကြမ်းပြင်ပေါ်တွင် တွန့်လိမ် လူးလွန့်နေကြ။ အဘွားအိုကြီးများကပင် ဝင်ရောက် စမ်းကြည့်ကြသေးသော်လည်း ပြီးဆုံးအောင် မကနိုင်ကြ။ သူတို့မှာ ငယ်ခြေတွေ ရှိနေသေးသည့်တိုင် သက်လုံ မကောင်းကြတော့။

အခမ်းအနားအတွက် အခန်းထဲသို့ သွင်းထားသည့် တခုတည်းသော ဆိုဖာပေါ်တွင် ရှကီလာ ထိုင်နေပြီး အဝေးကသာ ကြည့်နေ၏။ သူမမှာ ပြုံးဖို့၊ ကဖို့ အခွင့်မရှိ။ သူမ ပျော်နေလျှင် မိခင် စိတ်ထိခိုက်လိမ့်မည်။ သူမ စိတ်မကောင်း ဖြစ်နေလျှင် ယောက္ခမလောင်းက စိတ်တိုလိမ့်မည်။ သတို့သမီးတယောက်၏ မျက်နှာသည် မယုတ်မလွန်၊ တိုးသာဆုတ်သာ ရှိရမည်။ ရှေ့တူရူသို့သာ စိုက်ကြည့်နေရမည်။ ဤညတွင် အစမ်းလေ့ကျင့်ပြီး ဖြစ်သဖြင့် သူမဘဝတလျှောက်လုံး ဂုဏ်ထူးဖြင့် အောင်မြင်ပါလိမ့်မည်။

ရှကီလာသည် ဘုရင်မတပါးလို တောင့်တောင့်မတ်မတ် ထိုင်လျက်ရှိပြီး ဆိုဖာဘေးတွင် လာထိုင်သည့် လူတိုင်းကို တည်တည်ငြိမ်ငြိမ် စကားပြောနေသည်။

သူမ၏ဝတ်စုံသည် အနီ၊ အစိမ်း၊ အနက်နှင့် ရွှေရောင် ဖြစ်သဖြင့် သူမကိုယ်ကို ရွှေမှုန် ဖြူးထားသော အာဖဂန်အလံ ပတ်ထားသည်နှင့် တူ၏။ သူမ၏ရင်သားများက တောင်ထွတ်များလို ထင်ရှား သိသာလှသည်။

မျက်မှန်းဖြင့်ကြည့်ပြီး သူမဝယ်ခဲ့သော ဘရာစီယာမှာ ကံအားလျော်စွာ အံဝင်ခွင်ကျ။ ခါးမှာ ဝတ်စုံအောက်တွင် သိမ်သိမ်ကလေး ဖြစ်နေ၏။ မျက်နှာကို Perfact ထူထူ လိမ်းထားပြီး မျက်လုံးများကို ကာချယ်ဖြင့် ကောက်ကြောင်းဆွဲထားကာ အနီရောင် နှုတ်ခမ်း ဆိုးဆေးအသစ် ဆိုးထားသည့် သူမ၏ပုံပန်းသည်လည်း perfect ဖြစ်နေပေသည်။ သတို့သမီး တယောက်သည် လူက ပြုပြင်ဖန်တီးထားတာ ဖြစ်ရမည်။ ယမင်းရုပ်ကလေးလို အပျံစား ချောနေရမည်။

ညနေပိုင်းတွင် ချူတပ်ပုံများ၊ ချူမတပ်ထားသည့် ဗုံများနှင့် လက်ဆွဲမီးအိမ်များ ကိုင်ဆောင်ထားသည့် လူတန်းကြီး ဝင်းပေါက်ထဲသို့ ဝင်လာ၏။ သူတို့သည် ဝါကို့အိမ်မှ မိန်းမသူများပါ။ မှောင်မည်းနေသည့်ညတွင် သူတို့ လက်ခုပ်တီးကြ၊ သီချင်းဆိုကြ၊ ကခုန်ကြ။

> ဒီမိန်းကလေးကို ကျွန်မတို့ အိမ်သို့ ခေါ်ဆောင် သွားကြမလို့။ သတို့သမီးလေးရေ... ခေါင်းငုံ့ ငိုကြွေးမနေပါနှင့်ကွယ်။ ဘုရားသခင် အလိုတော်မို့ပါ၊ ဘုရားသခင်ကို ကျေးဇူးတင်ပါ။ အို... တမန်တော်၊ သူမ၏ပြဿနာများကို ဖြေရှင်းပေးတော်မူပါ။ ခက်နေတာတွေကို လွယ်အောင် လုပ်ပေးတော်မူပါ။

ဝါကို့အိမ်မှ မိန်းမသူများက ရမ္မက်သွေးကြွစေသော အကတမျိုးကို ကကြသည်။

အခန်းထဲမှာ ချိုမြမြ ချွေးနံ့တို့လှိုင်နေ၏။ ပြတင်းအားလုံး ဖွင့်ထားသဖြင့် ခန်းဆီးများ လေထဲတွင် တဖျပ်ဖျပ် လှုပ်ခါလျက်။ သို့သော် နွေဦးလေသည် မိန်းမသူများ၏ ပြင်းပြသောစိတ်ကို မလျော့ပါးစေနိုင်။

မကြာမီ အပြည့်အမောက် ထည့်ထားသည့် ဒံပေါက် ပန်းကန်များ ရောက်လာသဖြင့် အက ရပ်သွားသည်။ သူတို့ ကနေရာ၊ ရပ်နေရာ နေရာမှာပင် အားလုံး ထိုင်ချလိုက်ကြသည်။ အသက် အကြီးဆုံးတယောက်သာ ကူရှင်ပေါ်တွင် ထိုင်သည်။ ခြံဝင်းထဲတွင် ရောမ အိုးကြီးခွက်ပြဲများဖြင့် ချက်ထားသည့် အစားအစာများကို ရုကီလာ့ညီမ လိုင်လာနှင့် ဝမ်းကွဲညီအစ်မများက အခန်းထဲသို့ ယူသွင်းလာကြ၏။ ထမင်းအိုး၊ ရောမ ဆိတ်သားတုံးအိုး၊ ဒိန်ချဉ် စားမြိန်ရည်တွင် စိမ်ထားသည့် ခရမ်းသီးအိုး၊ ဟင်းနုနယ်နှင့် ကြက်သွန်ဖြူ နိုင်းချင်း ထည့်ထားသည့် ခေါက်ဆွဲနှင့် ပန်းငရုတ်မှုန့် စားမြိန်ရည်တွင် စိမ်ထားသည့် အာလူးအိုးများကို ကြမ်းခင်းပေါ်တွင် ချခင်းလိုက်ကြပြီး အမျိုးသမီးများက အိုးများ၏ပတ်ပတ်လည်တွင် ဝိုင်းလိုက်ကြ၏။ လက်ယာဘက်လက်ဖြင့် ထမင်းကို အလုံးဖြစ်အောင် ဆုပ်ပြီး သူတို့၏ပါးစပ်ထဲသို့ ထည့်ကြသည်။ အသားနှင့် ဟင်းအနှစ်ကို ဖွဲ့ထားသော ပေါင်မုန့်ဖြင့် တို့ကြသည်။ လက်ယာလက်ကိုသာ

အမြဲတမ်း သုံးကြ၏။ ညစ်ပတ်သော လက်ဝဲဘက်လက်ကို အသုံးမပြုကြ။ ကြားနေရသမျှမှာ အမျိုးသမီးတို့၏ စားသောက်သံများသာ။ သူတို့ အေးအေးငြိမ်းငြိမ်း စားသောက်နေကြခြင်း ဖြစ်သည်။

အားလုံး ဗိုက်အင့်သွားချိန်တွင် ဒန်းဆိုးသည့် အခမ်းအနား စတင်နိုင်ပါပြီ။ ညဥ့်နက်လှပြီ။ ဘယ်သူမျှ မကကြတော့။ တချို့ အိပ်ကုန်ကြပြီ။ ကျန်သူများက ရှကီလာ့အနားမှာ ထိုင်သူထိုင်၊ လျောင်းသူလျောင်းဖြင့်။ ဝါကီ၏အစ်မများက ရှကီလာ့လက်နှင့် ခြေထောက်များပေါ်တွင် ရေညှိစိမ်းရောင် ဂျုံကော်ဖြင့် ပွတ်သပ်ရင်း ဒန်းသီချင်း သီဆိုနေကြပုံကို ကြည့်နေကြ၏။

ရှကီလာ့လက်များပေါ် ဂျုံကော် အုပ်ပြီးချိန်တွင် ထိုလက်များကို သူမ ဖုံးထားရမည်။ သူမ၏ ယောက်မလောင်းက ပုံစံပေါ်ရန်အလို့ငှာ လက်သီးဆုပ်တဖက်စီကို အဝတ်စများဖြင့် စည်းနှောင်ပေးကြသည်။ ထို့နောက် ရှကီလာအား အဝတ်အစားများ ချွတ်ပေးပြီး အခန်းအလယ်တွင် လဲလျောင်းစေလိုက်ကာ အိမ်မှ ထွက်ခွာသွားတော့မည့် ရှကီလာအတွက် အထူးတလည် စီမံထားသည့် အသားတုံးများ၊ အသည်းကြော်နှင့် ထက်ခြမ်းပိုင်းထားသော ကြက်သွန်နီဥ အစိမ်းများကို အစ်မများက ခွံ့ကျွေးသည်။

လုပ်သမျှတိုင်းကို ဘီဘီဂူးလ်သည် လိုက်ကြည့်နေ၏။ ရှကီလာ့ပါးစပ်ထဲသို့ တခု ထည့်လိုက်တိုင်း ဘီဘီဂူးလ်သည် လိုက်ကြည့်နေ၏။ သူမ ငိုရှိုက်စ ပြုပြီ။ ထို့နောက် အားလုံး ငိုကြွေးကြသည်။

ရှကီလာအား ကျွေးမွေးပြီးသောအခါ သူမသည် ဘီဘီဂူးလ်အနီးတွင် ခွေခွေလေး လဲလျောင်းလိုက်၏။ သူမ၏ဘဝတွင် အမေနှင့်ခွဲ၍ ဘယ်တုန်းကမျှ မအိပ်စက်ဖူးခဲ့။ မိသားစုနှင့် အတူအိပ်ရမှာ သည်ည နောက်ဆုံး။ လာမည့်ညကို သူ့လင်က ပိုင်ဆိုင်သွားတော့အံ့။

နာရီပိုင်းမျှ ကြာပြီးနောက် သူမကို အစ်မများက လာနှိုးပြီး လက်တွင်ပတ်ထားသော အဝတ်ကို ဖြေပေးကြ၏။ သူတို့ ဒန်းများကို ပြောင်စင်အောင် ခြစ်ချပေးသည်။ လက်ဖဝါးနှင့် ခြေဖဝါးများပေါ်တွင် လိမ္မော်သီးပုံစံ ပေါ်သွားပြီ။ လွန်ခဲ့သောညက ယမင်းရုပ်ကလေးလို မျက်နှာကို ပြောင်စင်အောင် ဆေးကြောသုတ်သင်ပြီး အခါတိုင်းလိုပင် နံနက်စာ စား၏။

ကိုးနာရီတွင် မိတ်ကပ်လိမ်းဖို့ အသင့်ဖြစ်ပြီ။ ရှကီလာ၊ ညီမလေး လိုင်လာ၊ စူလတန်၏ ဒုတိယမယား ဆိုညာတို့ မိုက်ခရိုရေယွန်ရှိ တိုက်ခန်းတခုထဲသို့ ဝင်သွားကြ၏။ တာလီဘန် လက်ထက်ကပင် ရှိခဲ့သည့် အလှပြင်ဆိုင် တဆိုင်။ ဆိုင်ကို တရားမဝင် ဖွင့်ထားခဲ့ရသော်လည်း တာလီဘန်လက်ထက်တုန်းကပင်

သတို့သမီးတို့ စွဲမက်ကြသည့်ဆိုင်ပါ။

အလှဖန်တီးရှင်တွင် မှန်တချပ်၊ ခွေးခြေတလုံးနှင့် အမြင်အရ ဆယ်စုနှစ်ပေါင်းများစွာ အိုဟောင်းနေပြီ ဖြစ်သည့် ပုလင်းများ၊ ညှစ်ဘူးများ အပြည့်တင်ထားသည့် စင်တခု ရှိသည်။

နံရံပေါ်တွင် ဘောလီးဝုဒ် သရုပ်ဆောင်တို့၏ ပိုစတာများ၊ လည်ဟိုက်ဝတ်စုံများ ဝတ်ထားသည့် အချောအလှလေးများက ခွေးခြေပေါ်တွင် နှုတ်ဆိတ်စွာ ထိုင်လျက်ရှိသည့် ရုကီလာအား မျက်နှာချိုသွေး၍ ပြုံးပြနေကြ ၏။

ရုကီလာကို လှသည်ဟု ပြောသူမရှိသလောက် ရှားပါလိမ့်မည်။ သူမ၏ အသားအရေမှာ ကြမ်းထော်ထော်ရှိပြီး မျက်ခွံများက မို့နေ၏။ မျက်နှာပြင်ကျယ်သည့်အထဲတွင် မေးရိုးများက ကားနေသေးသည်။ သို့သော် သူမမှာ ချစ်စရာ အကောင်းဆုံးသွားများ၊ တောက်ပြောင်သော ဆံပင်နှင့် လှောင်ပြုံးကလေး ရှိသည်။

ထို့ကြောင့်လည်း ဘီဘီဂူးလ်၏ သမီးများတွင် တောင်းရမ်းခံရဆုံးသူ ဖြစ်နေခြင်းပါ။

"မင်းကို ဘာဖြစ်လို့ ဒီလောက်တောင် ချစ်နေရတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်တော့ဘူးကွယ်" ဟု မာရီယမ့်အိမ်မှာ ညစာစားစဉ် ဝါကီ ပြောဖူးသည်။

ရှေးဦးစွာ ဆံပင်ဖုတ်သိုက်လေးကို သစ်သားဘီးလိပ်လေးတွင် ရစ်ပတ်လိုက်၏။ ထို့နောက် နဖူးအလယ်တွင် ထိစပ်နေလောက်အောင် ထူထဲလျက်ရှိသည့် မျက်ခုံးမွေးများကို နုတ်ပစ်သည်။ လက်မထပ်ရသေးသည့် မိန်းမများအနေဖြင့် မျက်ခုံးမွေး မနုတ်ရသောကြောင့် ရုကီလာ မျက်ခုံးမွေး နုတ်ခြင်းသည် သူမရည်ရွယ်ထားသော အိမ်ထောင်ရေးအတွက် အရေးအကြီးဆုံး သင်္ကေတ။ အလှဖန်တီးရှင်က နုတ်သည်။ ရုကီလာက စူးစူးဝါးဝါး အော်သည်။ မျက်ခုံးနှစ်ဖက်သည် လှပသော ပေါင်းကူး အခုံးသဏ္ဍာန်သို့ ပြောင်းသွားပြီး မှန်ထဲမှ သူမ၏ပုံရိပ်ကို ရုကီလာ သဘောကျနေ၏။ သူမမျက်နှာ ကြွတက်လာပြီ။

"ညီမ စောစောသာ လာရင် အထက်နှုတ်ခမ်းပေါ်က အမွေးတွေကို မွေးကျွတ်ဆေးနှင့် လုပ်ပေးတယ်" ဟု အလှဖန်တီးရှင်ကပြောပြီး "အလိုမရှိသော အမွေးများကို ချွတ်နိုင်သည့် ခရင်မ်" စာတန်းပါ ညှစ်ဘူးကို ပြသည်။

"အေးလေ အခုတော့ အချိန် မရတော့ပါဘူး"

ထို့နောက် ရုကီလာ့မျက်နှာကို Perfact လိမ်းပေးသည်။ မျက်ခွံများပေါ်တွင်

တလျှပ်လျှပ် လင်းလက်သည့်အနီနှင့် ရွှေရောင် မျက်မှောင်ရိပ်ကို ခြယ်သပေး၏။

မျက်လုံးများကိုတော့ ကာချယ်ခဲတံဖြင့် ခပ်ထူထူ အနားသတ်ပေးပြီး နီညိုရောင်ရင့်ရင့် နှုတ်ခမ်းဆိုးဆေးကို ရွေးချယ်ပေးလိုက်သည်။

"ငါ ဘယ်လောက်ပဲပြင်ပြင် နင့်လောက်ကို လှမှာ မဟုတ်ပါဘူးဟယ်"

ရုကီလာက သူမ၏ ယောက်မအငယ်ဆုံး ဆိုညာ (စူလတန်နဲ့ ဒုတိယမယား) ကို ပြောလိုက်စဉ် ဆိုညာက ပြုံးပြီး တစုံတရာကို မပွင့်တပွင့် ဗလုံးဗထွေး ရေရွတ်ရင်း သူမ၏အပြာနုရောင် ပိုးအင်္ကျီကို ချွတ်လိုက်၏။

ရုကီလာ ပြင်ပြီးတော့ ဆိုညာ့အလှည့်။ ရုကီလာ အင်္ကျီပြန်ဝတ်ရာတွင် လိုင်လာက ကူညီပေးပြီး သူမ၏ ဗိုက်စည်းခါးပတ်ကို ရုကီလာအား ပတ်ပေးလိုက်သဖြင့် ရုကီလာ့ခါး ပေါ်လွင်သွား၏။ ရုကီလာ့ဝတ်စုံသည် စူးရှတောက်ပြောင်သော ပူဒီနာစိမ်းရောင်၊ ဇာတွန့် အနားသတ် ပိုးဝတ်စုံ။ ဝတ်စုံသည် အစိမ်းရောင် ဖြစ်ရမည်။ ပျော်ရွှင်ခြင်းနှင့် အစ္စလာမ်အရောင်က အစိမ်းရောင်လေ။ နောက်ဆုံးမှာ ရုကီလာ၏ ပါးတဖက်တချက်ပေါ်တွင် ငွေကြယ်ပွင့်လေး သုံးပွင့်စီ ကပ်ပေးလိုက်ရာ နံရံထက်မှ ဘောလီးဝုဒ် သရုပ်ဆောင်များနှင့် တူသွားတော့၏။

"အို မေ့လိုက်တာ၊ ပိတ်စ ပိတ်စ"

လိုင်လာ ရုတ်တရက် အော်လိုက်သည်။

"အို မေ့လိုက်တာ"

မျက်တောင်တောင် တချက်ပင် မခတ်သည့် ရုကီလာကိုကြည့်၍ ဆိုညာ အာမေဍိတ်သံပြု၏။

လိုင်လာ ဆိုင်ပြင်သို့ထပြေးသည်။ အိမ်က မဝေးလို့ တော်ပါသေးရဲ့။ အရေးအကြီးဆုံး ပစ္စည်းကိုမှ မေ့တတ်ပလေ။

ရုကီလာ၊ ဆိုညာနှင့် ဝမ်းကွဲညီအစ်မတယောက်တို့ ဆိုင်ထဲမှာ ကျန်ခဲ့ကြသည်။ ရုကီလာက ဆံပင်ကို မထိခိုက်စေဘဲ ခေါင်းမြီးခြုံဝတ်ရုံကို သတိထား၍ ဝတ်နေ၏။ ဆံပင်ကို ပိပြားမသွားအောင် ခေါင်းမြီးခြုံဝတ်ရုံကို ဆံထုံးပေါ်တွင် ရွရွလေး တင်ထားရသဖြင့် ဇာကွန်ရက်သည် မျက်စိနှင့် တည့်တည့်တွင် ရှိမနေတော့ဘဲ အထက်သို့ တက်နေလေသည်။ ထို့နောက် ဆိုညာနှင့် ဝမ်းကွဲ ညီအစ်မတို့၏ဦးဆောင်မှုဖြင့် ရုကီလာသည် မျက်စိမမြင်သူတယောက်လို ဆိုင်ထဲမှထွက်လာခဲ့သည်။

လက်ထပ်ပွဲ အခမ်းအနား ကျင်းပနေသည့် မာရီယမ်၏ နောက်ဖေး မြေကွက်လပ်သို့ ရောက်တော့မှပင် ခေါင်းမြီးခြုံ ဝတ်ရုံကို ချွတ်ရတော့သည်။

ရုကီလာ ဝင်လာသည့်အခါ ဧည့်သည်များက သူမအား တွဲခေါ်သွားကြသည်။ ဝါကီ မရောက်သေး။ ဧည့်သည်များသည် ဒံပေါက်၊ ခပတ်နှင့် အသားလုံးများကို စားနေကြပြီ။ ဆွေမျိုးတွေ အများကြီး ဖိတ်ထား၏။

စားဖို့မှူးတယောက်နှင့် သူ့သားတို့က အရဏ်တက်ချိန်ကတည်းက ခုတ်ထစ် ချက်ပြုတ်နေခြင်း ဖြစ်သည်။ ဆိတ်သား ပေါင် ၁၂၀၊ နွားကလေးသား ပေါင် ၃၀၊ အာလူး ၉၃ ပေါင်၊ ကြက်သွန်နီ ၆၆ ပေါင်၊ ဟင်းနုနယ် ပေါင် ၁၁၀၊ မုန်လာဥ ၇၇ ပေါင်၊ ကြက်သွန်ဖြူ ၂ ပေါင်၊ စပျစ်သီးခြောက် ၁၈ ပေါင်၊ ခွံမာသီး ၄ ပေါင်၊ ဆီ ပေါင် ၇၀၊ သကြား ပေါင် ၃၀၊ ဂျုံ ၄ ပေါင်၊ ကြက်ဥ အလုံး ၂၀၊ ဟင်းခတ် အမွှေးအကြိုင် အမျိုးမျိုး၊ လက်ဖက်ရည်ကြမ်းခြောက် ၄ ပေါင်၊ လက်ဖက်ရည် အချိုခြောက် ၄ ပေါင်၊ သကြားလုံး ပေါင် ၃၀ နှင့် သကြားလုံး အမာစား ၆ ပေါင်။

စားသောက်ပြီးကြသောအခါ ယောကျ်ားတချို့က ဝါကီထိုင်နေသည့် ဘေးအိမ်သို့ သွားရောက်ကြ၏။ နောက်ဆုံးတွင် ညှိနှိုင်းမှု ပြုလုပ်ရတော့မည်။ ငွေကြေးကိစ္စနှင့် အနာဂတ် အတွက် ကတိကဝတ်များအပေါ် အသေးစိတ် ဆွေးနွေးကြလိမ့်မည်။ ဝါကီက သူ့ဘက်မှ အကြောင်းပြချက် မရှိဘဲ ရုကီလာနှင့် ကွာလျှင် ငွေကြေး အတိုင်းအတာတခု ပေးပါမည်ဟု လိုလိုလားလား ကတိပေး၏။ သူမ၏ စားဝတ်နေရေးကိုလည်း သူ တာဝန်ယူသည်။ အစ်ကိုကြီး စူလတန်က ရုကီလာ့ကိုယ်စား ဆွေးနွေးညှိနှိုင်းပြီး နှစ်ဖက်မိသားစုအတွင်းရှိ ယောကျ်ားကြီးများက သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြ၏။

ထို့နောက် ဘေးအိမ်မှပြန်လာကြသည်။ ရုကီလာသည် မာရီယမ့်အိမ်တွင် အစ်မများနှင့်အတူ ထိုင်ရင်း ခန်းဆီးနောက်ကွယ်မှနေ၍ ယောကျ်ားကြီးတို့ လုပ်ကိုင်သမျှကို စောင့်ကြည့်နေသည်။ သူတို့ ဆွေးနွေးညှိနှိုင်းနေကြစဉ် ဝတ်စုံအဖြူကို သူမ လဲလှယ်ထား၏။ သူမ၏မျက်နှာပေါ်တွင် ရှရှား ဇာခန်းဆီးကို ဆွဲချထားသည်။ အခမ်းအနားထဲသို့ သူမအား ဦးဆောင်ခေါ်သွားရန် ဝါကီကို စောင့်နေခြင်း ဖြစ်၏။

ဝါကီ ရက်ကိုးရက်ကန်း ဝင်လာသည်။ ပြောထားသည့်အတိုင်း မျက်လွှာချလျက် တယောက်နှင့် တယောက် နှုတ်ဆက်ကြပြီးနောက် ဘေးချင်းယှဉ်၍ ထွက်လာကြစဉ် တယောက်ကို တယောက် တက်နင်းဖို့ ကြိုးစားရမည်။ တက်နင်းနိုင်သူသည် အိမ်ထောင်ရေးတွင် အကြီးအကဲ ဖြစ်မည်။

ဝါကီ တက်နင်းလိုက်နိုင်၏။ ရုကီလာက အလျှော့ပေးသင့်သည့်

အားလျော်စွာ အလှူ့ပေးလိုက်တာလည်း ဖြစ်နိုင်သည်။ တရားသဖြင့်ဆိုလျှင် သူမ မပိုင်ဆိုင်သည့် သြဇာကို အပိုင်စီးဖို့ မတော်။

မြေကွက်လပ်တွင် ကုလားထိုင်နှစ်လုံး ချထားသည်။ သူတို့နှစ်ယောက် တပြိုင်နက်တည်း ထိုင်လိုက်ကြရမည်။ သတို့သားက အရင်ထိုင်လိုက်လျှင် ဆုံးဖြတ်ချက်ဟူသမျှကို သတို့သမီးက ချုပ်ကိုင်ထားလိမ့်မည်။ မည်သူမျှ အရင်ဦးအောင် မထိုင်ချင်ကြ။

နောက်ဆုံးတွင် စူလတန်က သူတို့နောက်ဘက်သို့ လျှောက်သွားပြီး တပြိုင်နက်တည်း ဖိချကာ ထိုင်စေလိုက်၏။ လက်ခုပ်သံများ။

ရှကီလာ့အစ်မကြီး ဖီရိုဇာက စုံတွဲပေါ်သို့ စောင်တထည် ခြုံပေးလိုက်ပြီး သူတို့ရှေ့တွင် မှန်ထောင်ပြသည်။ စုံတွဲက မှန်ကြည့်ကြရမည်။ ထုံးစံအရ ဤအခိုက်အတန့်သည် သူတို့နှစ်ဦး ပထမဆုံး မျက်လုံးချင်းဆုံသည့် အခိုက်အတန့်။ သူတို့ တယောက်ကိုတယောက် တခါဖူးမျှ မမြင်ဖူးသူတွေလို မှန်ထဲသို့ အသည်းအသန် ကြည့်ကြ၏။ ဖီရိုဇာက သူတို့၏ ဦးခေါင်းထက်တွင် ဘာသာရေးကျမ်းကို မြှောက်ချီထားစဉ် ဘာသာရေးဆရာတယောက်က ဘုရားသခင်၏ ကောင်းချီးတော်များကို ရွတ်ဖတ် သရဇ္ဈာယ်၏။ စုံတွဲက ဦးညွှတ်၍ နာယူကြသည်။

ထို့နောက် ကိတ်မုန့် အစအနများ၊ သကြား၊ ဆီ၊ ဖာလာစေ့တို့ဖြင့် ပြုလုပ်ထားသည့် ပူတင်း ပန်းကန်ကို စုံတွဲရှေ့တွင် ချပေးရာ သူတို့ တယောက်ကိုတယောက် ဇွန်းကလေးဖြင့် ခွံ့ကျွေးကြ၏။ ပရိသတ်က လက်ခုပ်သြဘာပေးကြ။ တယောက်၏ ပျော်ရွှင်သောဘဝကို ကျန်တယောက်က လိုလားကြောင်း ပြသည့်အနေဖြင့် သောက်စရာ တခုခုကိုလည်း အပြန်အလှန် တိုက်ကြ၏။

သို့သော် ရှောက်ဖျော်ရည်ကို လူတိုင်း အကြိုက်ချင်း တူကြသည်မဟုတ်။

“အရင်တုန်းကတော့ တို့တွေ ရှန်ပိန် သောက်ကြတာပဲ” ဟု အဒေါ် တယောက်က တီးတိုး ပြောသည်။ မင်္ဂလာဆောင်များတွင် ဝိုင်နှင့် ရှန်ပိန် တိုက်သည့်ကာလကို သူမ တမ်းတမိခြင်း ဖြစ်သည်။

“အဲဒီအချိန်မျိုး ပြန်ရောက်တော့မှာ မဟုတ်ဘူး”

သူမ သက်မ ချ၏။ အထူးသဖြင့် ခေါင်းမြီးခြုံ ဝတ်ရုံများမတိုင်ခင်က နိုင်လွန် ခြေစွပ်ရှည်၊ အနောက်တိုင်းဝတ်စုံ၊ ဗလာလက်မောင်းတို့၏ခေတ်သည် ဝိုးတဝါး သတိရစရာအဖြစ်သာ ရှိတော့။

"ခပ်ညံ့ညံ့ မင်္ဂလာဆောင်တခုပဲ" ဟု စူလတန့် သားအကြီးဆုံး မန်ဆူ မကြားတကြား ပြောသည်။ "အစားအသောက်၊ အဝတ်အစား၊ အသားလုံးနှင့် ထမင်း၊ အကျီ၊ မျက်နှာလွှားဇာတွေ ဘာတခုမှ မကောင်းဘူး၊ အပေါစားတွေ၊ ကျွန်တော် မင်္ဂလာဆောင်ရင် အင်တာကွန်တီနင်တယ်မှာ ကပွဲခန်းမ ငှားပြီး ဆောင်မှာ၊ လူတိုင်း ခေတ်မီ အဝတ်အစားဝတ်ပြီး အကောင်းဆုံးကိုမှ ကျွေးမယ်၊ ပြီးတော့ ကျွန်တော်က နိုင်ငံခြားမှာ မင်္ဂလာဆောင်မှာ"

ရှကီလာနှင့် ဝါကီတို့၏ မင်္ဂလာစားပွဲကြီးကို မာရီယင့်အိမ်နောက်ဘက် မြေကွက်လပ်တွင် ပြုလုပ်သည်။ ကျည်ဆန်များနှင့် ဗုံးဆံ အစအနများကို အုတ်တံတိုင်းအနှံ့ တွေ့ရ၏။ စုံတွဲက ရှေ့တည့်တည့်ကို စိုက်ကြည့်လျက် ဓာတ်ပုံ ရိုက်ခံကြ၏။

အပြုံးများ ကင်းမဲ့မှုနှင့် ကျည်ဆန်ပေါက်များက ဓာတ်ပုံတွင် ဝမ်းနည်းစရာသွင်ပြင် အခြေအနေ ဖြစ်ပေါ်စေသည်။

ကိတ်မုန့်ရှိရာသို့ သူတို့ရောက်လာကြသည်။ ကိတ်မုန့်လှီးဓားကို ကိုင်ပြီး ကိတ်မုန့်လှီးခြင်းတွင် အာရုံစိုက်ထားကြ၏။ ပါးစပ်ကို အပြည့်ဟရမှာ နောက်တွန့်နေတော့သလို တယောက်ကို တယောက် မဟတဟ လုပ်ထားသော ပါးစပ်ပေါက်များထဲသို့ ကိတ်မုန့် ခွံ့ကျွေးကြသဖြင့် ကိတ်မုန့်စများ ဖိတ်စဉ် ကျကုန်၏။

ထို့နောက် တေးဂီတနှင့် အက။ ဧည့်သည် အများစုအတွက် ဤ မင်္ဂလာဆောင်သည် တာလီဘန် ပြေးပြီးနောက်ပိုင်းတွင် အတီးအမှုတ်၊ အဆို အက ပါဝင်သည့် ပထမဆုံး မင်္ဂလာဆောင်။ မင်္ဂလာမောင်နှံမှလွဲ၍ ဧည့်သည်အားလုံး ဝင်ကကြသည်။ ညနေ စောင်းပြီ။ အပြင်မထွက်ရ အမိန့်ကြောင့် မင်္ဂလာစားပွဲများကို ညနေပိုင်းအစား နေ့ဘက်တွင် ကျင်းပကြရ၏။ ည ဆယ်နာရီတွင် အားလုံး အိမ်ပြန်ရောက်နေကြရမည်။

နေဝင်ဖျိုးဖျအချိန်တွင် မင်္ဂလာစုံတွဲသည် ကားဟွန်းသံ တညံညံဖြင့် ထွက်ခွာသွားကြတော့ ၏။ ဖဲကြိုးများ၊ ပန်းများဖြင့် တန်ဆာဆင်ထားသည့် ကားဖြင့် ဝါကီ့အိမ်ဆီသို့ ထွက်ခွာသွားကြခြင်း ဖြစ်သည်။ ကားနေရာရသူတိုင်း ယာဉ်တန်းနှင့်အတူ လိုက်ပါကြသည်။ ဝါကီနှင့် ရှကီလာတို့၏ ကားတွင် လူရှစ်ယောက် စီးနင်းပြီး အခြားကားများတွင် ထို့ထက် ပိုသေး၏။

ကဘူးလ်မြို့လမ်းတွေပေါ်မှာ လျှောက်မောင်းကြသည်။ အိဒ်ပွဲတော်ချိန်ဖြစ်သည့် အားလျော်စွာ လမ်းများပေါ်တွင် လူရှင်းနေသဖြင့် မိုင် ခြောက်ဆယ်နှုန်း မောင်းနှင်ပြီး သူ့ထက်ငါ ရှေ့ရောက်အောင်

အတင်းလုမောင်းကြသဖြင့် ကားနှစ်စီး တိုက်မိကြသော်လည်း အနှောင့်အယှက် အနည်းငယ် ဖြစ်သွားသည်မှအပ ပြင်းထန်စွာ ထိခိုက်ခြင်းမရှိ။ မီးလုံးများ ကွဲသွားပြီး ပိန်ချိုင့်သွားသည့် ကားနှစ်စီးသည် ဝါကို့အိမ်သို့ ရောက်သည်အထိ ဆက်လက် မောင်းနှင်ကြသည်။ ဤခရီးမှာ အရှုံးပေးအညံ့ခံခြင်း၏သင်္ကေတ။ သူမ၏မိသားစုမှ ခွဲထွက်လာသော ရှကီလာကို လင့်မိသားစုက ပိုင်သွားပြီ။

ဆွေမျိုးရင်းချာများက ဝါကို့အိမ်ထဲသို့ ဝင်ကြသည်။ ဝါကို့အစ်မများက လက်ဖက်ရည်ပွဲ ပြင်ပြီး စောင့်နေကြ၏။ သူတို့သည် ရှကီလာနှင့်အတူ အိမ်နောက်ဖေးကွက်လပ်တွင် အိမ်မှုကိစ္စ ဗာဟီရများကို ဝိုင်းဝန်း လုပ်ကိုင်ကြမည့်သူများ။ သူတို့ ဤနေရာက ရေဘုံပိုင်တွင် တွေ့ကြမည်။ ဤနေရာတွင် သူတို့ အဝတ်လျှော်ကြမည်။ ကြက်စာ ကျွေးကြမည်။ နှပ်ချေးတွဲလောင်းနှင့် ကလေးများက သူတို့၏ မိခင်အသစ် ဖြစ်လာမည့် အမျိုးသမီးကို စပ်စပ်စုစု ကြည့်နေကြသည်။ ရွှန်းလက်တောက်ပနေသည့် သတို့သမီးကို အဒေါ်များ၏ စကတ်နောက်မှာကွယ်ပြီး လေးလေးစားစား ကြည့်နေကြခြင်းဖြစ်သည်။ တေးဂီတသံများ အဝေးတွင် ကျန်ရစ်ခဲ့ပြီ။ ဂုဏ်ယူဝင့်ကြွားသည့် အော်ဟစ်သံများ စဲသွားခဲ့ပြီ။

သူမ၏အိမ်သစ်ထဲသို့ ဣန္ဒြေ သိက္ခာ အပြည့်ဖြင့် ရှကီလာ ဝင်သွား၏။ အိမ်သည် မျက်နှာကြက်မြင့်ပြီး အတော်အတန် ကြီးမားသည့်အိမ်။ ရွာထဲရှိ တခြားအိမ်တိုင်းလိုပင် အိမ်ကို ရွှံ့စေးဖြင့် တည်ဆောက်ထားပြီး ကြီးမားလေးလံသော ဒိုင်းလွှားများ ရှိ၏။ ပြတင်းများကို ပလတ်စတစ်စဖြင့် ဖုံးအုပ်ထားသည်။

အိပ်ခန်းထဲမှာ နှစ်ယောက်အိပ် ခုတင်တလုံး။ တောက်ပ ချောမွတ်သော အနီရောင် အိပ်ရာခင်းနှင့် သူမဝယ်ယူခဲ့သည့် ကူရှင်များ။ သူမကိုယ်တိုင် ချုပ်သည့် အနီရောင် ခန်းဆီး အသစ်များကို ရှကီလာ သဘောကျနေသည်။ အိပ်ခန်းကို မာရီယမ်က ကြိုတင် ပြင်ဆင်ထားခြင်း ဖြစ်၏။

ရှကီလာကိုယ်တိုင်ကမူ ဤအိမ်သို့ မရောက်ဖူးခဲ့။ ဤအိမ်သည် ယခုမှစ၍ ကျန်ရှိသည့် ဘဝတလျှောက်လုံး သူမ၏ ပိုက်နက် ဖြစ်တော့အံ့။

မင်္ဂလာအခမ်းအနား တလျှောက်လုံးတွင် သတို့သားနှင့် သတို့သမီး အပြုံးချင်း ဖလှယ်ကြသည်ကို မည်သူမျှ မတွေ့ကြ။ ယခု သူမ၏အိမ်သစ်တွင် ရှကီလာ မပြုံးဘဲ နေလို့ မရတော့။

“မမပြင်ဆင်ထားတာ လှလိုက်တာ” ဟု မာရီယမ်ကို ရှကီလာ ပြောသည်။

သူမဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ကိုယ်ပိုင်အိပ်ခန်း ရတော့မည်။

သူမဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ခုတင်ပေါ်မှာ အိပ်စက်ရတော့မည်။ အိစက်သောမွေ့ရာပေါ်တွင် ဝါကီ့ဘေးမှာ သူမ ထိုင်လိုက်၏။

နောက်ဆုံး အခမ်းအနားတခု ကျန်နေသေးသည်။ ဝါကီ့အစ်မတယောက်က ရုကီလာအား အိမ်ရိုက်သံကြိုးတချောင်းနှင့် တူတလက်ကို ယူလာပေး၏။

သူမလုပ်ရမည့်အလုပ်ကို ရုကီလာ သိပါသည်။ အိပ်ခန်းတံခါးဆီသို့ အသာလျှောက်သွားပြီး တံခါးပေါ်တွင် သံချောင်းကို ရိုက်ထည့်လိုက်၏။

အိမ်ရိုက်သံ အဆုံးထိ ဝင်သွားချိန်တွင် အားလုံးက လက်ခုပ်တီးကြစဉ် ဘီဘီဂူးလ်သည် နှာတရှုပ်ရှုပ် ဖြစ်နေ၏။ ရုကီလာသည် သူမ၏ကံကြမ္မာကို ဤအိမ်တွင် သံမှို နှက်လိုက်ပြီ။

နောက်တနေ့ နံနက်စာ စားချိန်မတိုင်ခင် ဝါကီ့အဒေါ်တယောက် ဘီဘီဂူးလ်ထံ ပေါက်ချလာ၏။ သူမ၏အိတ်ထဲမှာ အဝတ်ပိုင်းစလေးတစ။ လိုင်လာမေ့တော့မလို ဖြစ်ခဲ့သည့် အရေးအကြီးဆုံးပစ္စည်းဆိုသည့် အဝတ်ပိုင်းစလေး တစ။ အဘွားအိုသည် ယင်းကို တလေးတစား ထုတ်ပြီး ဘီဘီဂူးလ်ထံသို့ ကမ်းပေးလိုက်၏။ ပိတ်စပေါ်တွင် သွေးချင်းချင်း နီမြန်းလျက်။ အဘွားအိုအား ဘီဘီဂူးလ် ပြုံးပြစဉ် ပါးပြင်ထက်သို့ မျက်ရည်တွေတွေ စီးကျလာ၏။ အိမ်ထဲရှိ အမျိုးသမီးအားလုံး အဝတ်စလေးကို ဝိုင်းအုံကြည့်ကြသည်။ မာရီယမ့်သမီးကလေးများပင် ပါ၏။

အဝတ်စပေါ်မှာသာ သွေးမစွန်းခဲ့လျှင် မိသားစုထံ ပြန်ရောက်လာသည်မှာ အဝတ်စ မဟုတ်ဘဲ ရုကီလာကိုယ်တိုင် ဖြစ်နေရော့မည်။

အိမ်ထောင်ဦးစီးမိန်းမ

မင်္ဂလာဆောင်တခုသည် ဈာပန အသေးစားလေးနှင့် တူပါသည်။ မင်္ဂလာဆောင်ပြီး နောက်ရက်များတွင် သတို့သမီးမိသားစု ဝမ်းနည်း ပူဆွေး ငိုကြွေး မြည်တမ်းနေကြသည်မှာ အသုဘ ဖြစ်နေရော့သလား ထင်ရ၏။ သမီးတယောက် ဆုံးရှုံးသွားပြီ။ ရောင်းလိုက်လို့ပဲဖြစ်ဖြစ်၊ ပေးလိုက်တာပဲဖြစ်ဖြစ်။ အထူးသဖြင့် ပူဆွေးကျန်ခဲ့ရသူများမှာ မိခင်များသာ။ မိခင်များက သမီးများအပေါ် အပြည့်အဝ အုပ်ထိန်းခဲ့ရသည်ပဲ။ သူတို့ ဘယ်သွားကြလဲ၊ ဘယ်သူတွေနှင့် တွေ့လဲ၊ ဘာဝတ်ထားလဲ၊ ဘာစားကြလဲ စသည်ဖြင့်။ အမေနှင့် သမီးများသည် နေ့ရက်အများစုကို အတူတကွ ကုန်လွန်စေကြသူများ ဖြစ်ကြသည်။ အိပ်ရာထတော့လည်း အတူတူ၊ တံမြက် လှည်းတော့လည်း အတူတူ၊ ချက်တော့ ပြုတ်တော့လည်း အတူတူ။

မင်္ဂလာဆောင် နောက်ပိုင်းတွင် သမီးသည် မိခင်၏ မျက်စိအောက်မှ ပျောက်ကွယ်သွား၏။ လုံးဝ ပျောက်ကွယ်သွား၏။

မိသားစုတခုမှသည် အခြား မိသားစုတခုထံသို့ သူမ ထွက်ခွာသွားပြီ။ သူမ စိတ်ရှိတိုင်း လာမလည်နိုင်တော့။ လင်က ခွင့်ပြုပါမှ လာရောက်လည်ပတ်နိုင်တော့၏။ သူမ၏ မိသားစု အနေဖြင့်လည်း ဖိတ်ခေါ်မှု မရှိက သူမထံ အဝင်အထွက် အဆက်အသွယ် လုပ်ခွင့်မရှိ။

မိုက်ခရိုရေယွန် အကွက်အမှတ် ၃၇ ရှိ တိုက်ခန်းတွင် မိခင်တယောက်သည် တနာရီလောက် လမ်းလျှောက်သွားလျှင် ရောက်သည့်နေရာ၌ နေထိုင်လျက်ရှိသည့် သူမ၏ သမီးအတွက် ဝမ်းနည်း ပူဆွေးနေလေသည်။

ကဘူးလ်မြို့ပြင်က ဒေခူဒိုင်ဒက်ရွာမှာပဲ ရောက်နေနေ၊ မိုင်ပေါင်း ထောင်ချီဝေးသည့် ပင်လယ်ရပ်ခြား တိုင်းပြည်တခုမှာပဲ ရောက်နေနေ ဝမ်းနည်း ပူဆွေးရခြင်းတွင် ခြားနားမှု ရှိမည်တော့ မဟုတ်ပါ။ မိခင်ဘေးက ဖျာပေါ်မှာ သူမ ရေနွေးကြမ်း ထိုင်သောက်မနေဘူးဆိုလျှင်၊ သကြားရည်စိမ် မက်မွန်သီး စားမနေဘူးဆိုလျှင် သမီးကို ဆုံးရှုံးရသည့်အတွက် ခံစားဖို့ ခက်လိမ့်မည်။

ဘီဘီဂူးလ်သည် မက်မွန်သီး နောက်တလုံးကို ခွဲလိုက်၏။ မက်မွန်သီးမှာ သမီး အထွေးဆုံး လိုင်လာ မတွေ့အောင် မွေ့ရာအောက်တွင် သူမ ဝှက်ထားသော မက်မွန်သီး ဖြစ်သည်။

လိုင်လာက သူမ၏ အမေအား မက်မွန်သီး မစားစေချင်။ သူမသည် သူနာပြုတဦး ဖြစ်သဖြင့် သူမ တားမြစ်ထားသောအစာကို ဘီဘီဂူးလ်လက်ထဲမှာ ကိုင်ထားတာတွေ့လျှင် အတင်း ဆွဲလုယူတတ်၏။ အချိန်ရလျှင် သူမကိုယ်တိုင် အမေ့အတွက် ဆီလွတ်ဟင်းများ ချက်ကျွေးလေ့ ရှိသည်။

ဘီဘီဂူးလ်သည် လိုင်လာ ကြည့်မနေလျှင် သူများပန်းကန်ထဲမှ အဆီများကို ယူစားတော့သည်။ စားသုံးဆီ၊ ဆိတ်ဆီ ပူပူနွေးနွေးနှင့် ဆီပူပူကြီးထဲတွင် နှစ်၍ ကြော်ထားသည့် ပရိုကာ အရသာ သို့မဟုတ် ထမင်းစားပြီး ဆိတ်ရိုးထဲမှ ခြင်ဆီစုပ်ရသည်ကို သူမ သဘောကျ၏။ စားစရာသည် သူမ၏နှစ်သိမ့်မှု။ ညစာ စားပြီးနောက် ဆာသလိုလိုရှိလျှင် အိပ်ရာမှထပြီး အိုးတွေ ခွက်တွေကို မကြာမကြာ နမ်းလေ့ လျက်လေ့ ရှိသည်။

လိုင်လာက ဂရုတစိုက် ကြိုးစား ဆောင်ရွက်ပေးစေကာမူ ဘီဘီဂူးလ်သည် ဘယ်တုန်းကမှ ကိုယ်အလေးချိန် မကျခဲ့ချေ။ ကိုယ်အလေးချိန် မကျသည့်အပြင် ပိုလို့တောင် ခါးတုတ်လာခဲ့။ သေတ္တာဟောင်းကြီးတွေထဲမှာ၊ ကော်ဇောအောက်မှာ၊ သေတ္တာနောက်မှာ... နေရာအနှံ့မှာ သူမ ဝှက်သိုထားတာတွေ ရှိ၏။ သူမ၏အိတ်ထဲမှာလည်း ရှိတတ်၏။ အိတ်ထဲမှာတော့ ပါကစ္စတန်မှ လာသည့် ချိုအီလွန်းသလောက် တခါတရံ ဆီချေးစော် နံနေတတ်သည့် အရောင်ပျက်လွင့်ပြီး အစက်အပြောက်များ ထင်နေသော နို့တော်ဖီခဲများကို ထည့်ထားတတ်သည်။ ယင်းတို့သည် နို့တော်ဖီများ ဖြစ်ကြသည့်အလျောက် တံဆိပ်ပတ် စက္ကူပေါ်တွင် နွားမများပုံ ပါရှိ၏။ နို့တော်ဖီ စုပ်သံကို မည်သူမျှ မကြားနိုင်။

မက်မွန်သီးကို စားချင်လျှင်တော့ တိတ်တိတ်ကလေး ခွဲရသည်။ ဘီဘီဂူးလ်သည် သူမ ကိုယ်တိုင်အတွက် စိတ်မကောင်း ဖြစ်မိ၏။ အခန်းထဲမှာ သူမတယောက်တည်း။ မက်မွန်သီးများကို လက်ထဲမှာ ဆုပ်ဝှက်ထားရင်း ကော်ဇောပေါ်တွင်ထိုင်ကာ ရှေ့တိုးနောက်ငင် ယိမ်းယိုင် လှုပ်ယမ်းလျက် နေရာလပ်ထဲသို့ သူမ စိုက်ကြည့်သည်။ မီးဖိုချောင်ဆီမှ အိုးသံ ခွက်သံများ သူမထံ ပျံ့လွင့်လာသည်။ မကြာမီ သမီးအားလုံး စွန့်ခွာသွားကြတော့မည်။ ရှကီလာ စွန့်စွာသွားပြီ။ ဘူလ်ဘူလာ စွန့်ခွာသွားတော့အံ့ဆဲဆဲ။ လိုင်လာများ စွန့်ခွာသွားလျှင် သူမ ဘယ့်နှယ်လုပ်ရပါ့။

သူမအား ပြုစုစောင့်ရှောက်ဖို့ တယောက်မျှ ကျန်တော့မည် မဟုတ်။

“ငါ မသေခင် လိုင်လာကို ဘယ်သူမှ မယူရဘူး”

သူမ၏ ဆယ့်ကိုးနှစ်သမီးလေးနှင့် ပတ်သက်၍ ဘီဘီဂူးလ် ပြော၏။ လိုင်လာကို တောင်းရမ်းသူ များစွာရှိသော်လည်း ဘီဘီဂူးလ်သည် အမြဲတမ်း

ခေါင်းခါခဲ့သည်ချည်း။ သူမကို လိုင်လာ စောင့်ရှောက်သလို တခြား ဘယ်သူမျှ စောင့်ရှောက်လိမ့်မည် မဟုတ်ချေ။

ဘီဘီဂူးလ်သည် အလုပ်ကို တတိို့လောက်မျှပင် မလုပ်တော့ပါ။ အခန်းထောင့်မှာထိုင်၊ လက်ဖက်ရည်ကြမ်းသောက်၊ တနှံ့နှံ့ တွေးလို့သာ နေတော့၏။ သူမ၏ အလုပ်လုပ်သည့်ဘဝ ကုန်လွန်ခဲ့ပြီ။

မိန်းမတယောက်မှာ အရွယ်ရောက်ပြီးသော သမီးများရှိသည့်အခါ သူမသည် ကြီးကြပ် ကွပ်ကဲသူ ဖြစ်သွားတော့၏။ အကြံဉာဏ် ပေးမည်။ မိသားစု၏ ကိုယ်ကျင့်တရားကို စောင့်ကြပ်မည်။ လက်တွေ့အားဖြင့် သမီးများ၏ကိုယ်ကျင့်တရားကို စောင့်ပေးမည်။ သူတို့ အိမ်ပြင်သို့ တယောက်တည်း မထွက်ဖို့၊ သင့်တင့်လျောက်ပတ်စွာ ဖုံးကာဖို့၊ မိသားစုအပြင်ဘက်က ယောကျာ်းများနှင့် မတွေ့ဖို့၊ ကျိုးနွံ နာခံဖို့နှင့် ယဉ်ကျေးဖို့တို့ကို သေချာအောင် စစ်ဆေး ကြည့်ရှုသည်။ ဘီဘီဂူးလ် အဆိုအရ ယဉ်ကျေးခြင်းသည် အမြတ်ဆုံး မင်္ဂလာတဲ့။ စူလတန်ပြီးလျှင် ဘီဘီဂူးလ်သည် အိမ်မှာ ဒုတိယ ဩဇာအရှိဆုံးပါ။

သူမနှင့် အကျွမ်းတဝင် မရှိသော နွံ့တံတိုင်း မြင့်မြင့်ကြီးနောက်မှာ ရောက်နေသည့် ရှကီလာ့ထံသို့ သူမ၏အတွေးများ လွင့်မျောသွား၏။ ကြက်များနှင့် အမိမဲ့ သားသမီး ဆယ်ယောက်တို့ ဝန်းရံလျက် ရေတွင်းမှ ရေခပ်နေသည့် ရှကီလာ့ပုံရိပ်ကို မြင်ယောင်မိသည်။ ရှကီလာ အမှားလုပ်မိမည်ကို ဘီဘီဂူးလ် စိတ်ပူသည်။ သူ့လင်က မညှာတာလျှင် ဘယ်လိုလုပ်ရပါ့။ ရှကီလာ မရှိသည့် အခန်းသည် ခြောက်သွေ့လွန်းစွ။

တကယ်တော့ အခန်းထဲမှာ လူတယောက်သာ လျော့သွားခြင်းပါ။ အခန်းလေးခန်းမှာ လူဆယ့်နှစ်ယောက် ရှိခဲ့ရာမှ ယခု လူဆယ့်တစ်ယောက် ရှိ၏။ စူလတန်၊ ဆိုညာနှင့် သူတို့၏ သမီးလေးက တခန်း။ စူလတန်ညီ ယူနှစ်နှင့် စူလတန့် သားအကြီးဆုံး မန်ဆူက တခန်း။ တတိယ အခန်းတွင် ဘီဘီဂူးလ်၊ သူမ၏သမီး အပျိုနှစ်ယောက်ဖြစ်သည့် ဘူလ်ဘူလာနှင့် လိုင်လာ၊ စူလတန်တို့ သားငယ်နှစ်ယောက်ဖြစ်သည့် အက္ကဘဲလ်၊ အိမဲလ်နှင့် မာရီယန့်သား ဖာဇီးလ်တို့ အိပ်စက်ကြ၏။

စတုတ္ထအခန်းထဲမှာ စာအုပ်များ၊ ပို့စကတ်များ၊ ဆန်၊ ပေါင်မုန့်၊ နွေဆိုလျှင် ဆောင်းထည်၊ ဆောင်းဆိုလျှင် နွေထည်တို့ကို ထည့်သွင်းသိမ်းဆည်းထား၏။ မိသားစု အဝတ်အထည်များကို သေတ္တာကြီးများထဲတွင် ထည့်ထားသည်။ ဗီရို မရှိ။ သေတ္တာထဲမှာ လိုချင်တာ ရှာရသည်ကပင် အချိန် ကုန်လှ၏။ အဝတ်အထည်၊ ရှူးဖိနပ်၊ တဖက်စောင်းအိတ်၊ ဘူးစုတ် ဘူးပြတ်၊ ခေါင်းစည်း ဖဲကြိုး၊ ကတ်ကြေး၊ စားပွဲခင်း တခုတလေကိုများ ရှာရတော့မည်ဆိုလျှင် ဖတ်ဖတ်မောဖို့သာ ပြင်ထား။

အသုံးမလိုသည့်ပစ္စည်းများကို စွန့်ပစ်ခြင်း မရှိသဖြင့် သေတ္တာအရေအတွက်သာ တလုံးပြီး တလုံး တိုးလာတော့သည်။ သိုလှောင်ခန်းထဲမှာ နေ့တိုင်း အသွင်းအထုတ် ရှိ၏။ လိုချင်သည့်ပစ္စည်းက အောက်ဆုံးမှာ ရောက်နေလျှင် ပစ္စည်းအားလုံးကို ပြန်ထုတ်ပေတော့။

ရောမ သေတ္တာကြီးများအပြင် မိသားစုဝင်တိုင်းတွင် သော့ပါသည့် သေတ္တာတလုံးစီ ရှိ၏။ သော့ကို မိမိတို့၏အင်္ကျီမှာ ချိတ်ဆွဲထားကြသည်။ သေတ္တာသည် သူတို့ပိုင်ဆိုင်သည့် ပုဂ္ဂလိက ပစ္စည်း။ နေ့တိုင်းပင် သေတ္တာနားမှာ တကုပ်ကုပ်နှင့် သူတို့ အလုပ်ရှုပ်နေကြပုံကို တွေ့နိုင်၏။ သူတို့ လက်ဝတ်တန်ဆာတခုခုကို ယူကြည့်ကြလိမ့်မည်။ ဝတ်ကြည့်ကြလိမ့်မည်။ ပြီးတော့ သေတ္တာထဲသို့ ပြန်ထည့်။ သူတို့မှာ ရှိသည်ကိုပင် မေ့လျော့နေသည့် ခရင်မ်ကို လိမ်းကြည့်ကြလိမ့်မည်။ တခါတုန်းက လက်ဆောင်ရထားခဲ့သည့် ရေမွှေးကို နမ်းရှိုက်ကြည့်ကြလိမ့်မည်။ ဝမ်းကွဲအစ်ကို တယောက်၏ခေတ်ပုံကို စူးစိုက်ကြည့်ရင်း စိတ်ကူးယဉ်ကမ္ဘာထဲသို့ မျောပါသွားလိမ့်မည်။ ဘီဘီဂူးလ်ဆိုလျှင်တော့ နို့တော်ဖီ သို့မဟုတ် ဘီစကွတ်မုန့်ကို ထုတ်ပြီး မြုံ့နေမှာပေါ့။

စူလတန်မှာ မှန်တပ်ထားသည့် စာအုပ် ဗီရိုတခုရှိ၏။ စာအုပ်အဖုံးများကို မြင်နိုင်ပြီး သော့လည်း ခတ်နိုင်သည်။ ဗီရိုထဲတွင် ဟာဖက်ဇ်နှင့် ရူမီတို့၏ ကဗျာပေါင်းချုပ် စာအုပ်များ။ နှစ်တရာသက်တမ်းရှိ ခရီးသွားမှတ်တမ်းနှင့် ဖွာလန်ကြဲနေသည့် မြေပုံစာအုပ်များ။ စာအုပ်တွေ ကြားမှာ ပိုက်ဆံလည်း ဝှက်ထားတတ်၏။ အာဖဂန်နစ္စတန်၏ ဘဏ်စနစ်မှာ စိတ်မချရ။

ဤ စာအုပ်ဗီရိုထဲမှာ စူလတန် တန်ဖိုးအထားဆုံး ကမ္ဘည်းထိုးထားသည့် စာအုပ်များ၊ နောင်တချိန်တွင် ဖတ်ရှုဖို့ သိမ်းဆည်းထားသည့်စာအုပ်များ ရှိသည်။ ယခုတော့ စာအုပ်ဆိုင်မှာ အချိန်ကုန်နေရသဖြင့် စာဖတ်ဖို့ အချိန်မရှိ။ နံနက် ရှစ်နာရီမထိုးမီ အိမ်မှထွက်သွားပြီး ညရှစ်နာရီမှ အိမ်ပြန်ရသည်။ သမီးလေး လာတီဖာနှင့် ဆော့ကစားဖို့၊ သူမရှိခိုက် အိမ်မှာ တခုခုဖြစ်လျှင် အမိန့်ချဖို့သာ သူ့မှာ အချိန်ရှိ၏။ ထုံးစံအားဖြင့်တော့ အိမ်မှာ ဘာမျှ ဖြစ်လေ့မရှိပါ။ အိမ်ခေါင်းထဲမှာ ခြေချုပ်မိနေသည့် မိန်းမများ၏ဘဝက အေးဆေးသည်။ ထို့ပြင် မိန်းမသူတွေ တကျက်ကျက် ဖြစ်နေသမျှကို လိုက်ရှင်းနေရသည်မှာ စူလတန့်အဖို့ ဂိုက်ပွဲစရာ။

စာအုပ်ဗီရို အောက်ဆုံးထပ်တွင် ဆိုညာက သူမ၏ကိုယ်ပိုင်ပစ္စည်းများကို ထည့်သိမ်းထား၏။ လှပသော ပဝါတချို့၊ ပိုက်ဆံ အနည်းငယ်၊ သူမ၏ ရိုးစင်းလှသည့် နောက်ခံဘဝပေး အခြေအနေ အရ သမီးလေး လာတီဖာ ကစားဖို့ ကောင်းလွန်းနေသည်ဟု ထင်သည့် ကစားစရာများ။ လာတီဖာ့ မွေးနေ့တွင် ပေးခဲ့သည့် ယမင်းရုပ်ကလေး ဘာဘီအတုသည် တွန့်ကြေနေသည့်

မှန်ကြည်စက္ကူဖြင့် ရစ်ပတ်လျက် စာအုပ်ဗီရိုပေါ်တွင် ထိုင်နေဆဲ။

အိမ်ထဲမှာ ပရိဘောဂဟူ၍ စာအုပ် ဗီရိုမှတပါး အခြားမရှိ။ တီဗီ မရှိ။ ရေဒီယို မရှိ။ အဆင်တန်ဆာများအဖြစ် အိမ်နံရံတလျှောက်မှ နွမ်းရိ ပါးလိုက်နေပြီဖြစ်သော ကော်ဇောများနှင့် သက်သောင့်သက်သာ မရှိသော ကူရှင်များသာ ရှိသည်။ ကော်ဇောများမှာ ညဘက်တွင် အိပ်ဖို့၊ နေ့ဘက်တွင် ထိုင်ဖို့။ ကူရှင်များက ညဘက်တွင် ခေါင်းအုံးဖြစ်သွားပြီး နေ့ဘက်တွင် မူလနေရာသို့ ပြန်ရောက်လာကြ၏။

ထမင်းစားကြတော့မည်ဆိုလျှင် ကြမ်းပြင်ပေါ်သို့ ဖယောင်းပုဆိုးတထည် ခင်းလိုက်ရုံပဲ။ လူတိုင်း ဝိုင်းဖွဲ့ထိုင်၊ တင်ပျဉ်ခွေ၊ လက်ဖြင့်စားကြ။ စားသောက်ပြီးချိန်တွင် ဖယောင်းပုဆိုးကို ရေဆေးပြီး လိပ်ထားလိုက်။

ကြမ်းပြင်သည် ဧရာမကော်ဇောကြီးများ ခင်းထားသည့် အေးစက်စက် ကျောက်တုံး ကြမ်းပြင်။ တံခါးများက ယိုင်ရွဲ့လျက် ရှိပြီး တချို့ကို ပိတ်မရတော့သဖြင့် ဖွင့်လျက်အတိုင်း ထားလိုက်ရတော့၏။

တချို့အခန်းများကို အိပ်ရာခင်း တထည်ဖြင့်သာ ကာရံ ပိုင်းခြားထားသည်။ ပြတင်းမှ အပေါက်များကို မျက်နှာသုတ်ပဝါ အဟောင်းများနှင့် ပိတ်ဆို့ထား၏။

မီးဖိုချောင်ထဲတွင် မျက်နှာသစ်ကန် တခု၊ Primus ဓာတ်ငွေ့ မီးဖိုတခုနှင့် ကြမ်းပြင်ပေါ်တွင် လျှပ်စစ်မီးဖိုတလုံး ရှိသည်။ ပြတင်းပေါက် ခုံပေါ်တွင် ယမန်နေ့က စွန့်ပစ်ထားသည့် ဟင်းသီးဟင်းရွက်များနှင့် စားကြွင်းစားကျန်များ၊ ပန်းကန်ခွက်ယောက်များအား ဖုန်မှုန့်နှင့် ဓာတ်ငွေ့မီးဖို၏ အခိုးအငွေ့တို့မှ ကာကွယ်သောအားဖြင့် ပန်းကန်စင်တွင် အကာတပ်ထားသည်။ သို့သော် သန့်ရှင်းအောင် မည်သို့ပင် ဆောင်ရွက်ထားစေကာမူ ခုံတန်းများ၊ စင်များနှင့် တံခါးခုံများပေါ်တွင် ကဘူးလ်မြို့၏ နိစ္စသဘောဆောင်သည့် ဖုန်မှုန့်များက ပြောက်တိပြောက်ကျား တွယ်ကပ်နေမြဲသာ။

ရေချိုးခန်းသည် မီးဖိုချောင်ထဲမှာ ကန့်ထားသည့် အခန်းငယ်တခန်း ဖြစ်သည်။ အပေါက်ပါသော နံရံတခုဖြင့် ပိုင်းခြားထားသည့် ကွန်ကရစ်ကြမ်းပြင်မှ အပေါက်တပေါက်နှင့် ဘုံပိုင်ခေါင်းတခုထက် မပိုချေ။ ထောင့်တထောင့်တွင် ရေနွေး;အိုး တည်နိုင်သည့် ထင်းမီးဖိုတခု။ ထို့ပြင် ရေလာသည့်အခါ ဖြည့်ထားနိုင်သည့် စည်ပိုင်းကြီးတလုံးလည်း ရှိ၏။ ရေသိုလှောင်ကန် အပေါ်တွင် ရှန်ပူတပုလင်း၊ အမြဲတမ်း မည်းနေသည့် ဆပ်ပြာတောင့်တတောင့်၊ သွားပွတ်တံ တချို့နှင့် အမျိုးအမည်မသိသော ဓာတုပစ္စည်း အရာသာရှိပြီး အစက်အပြောက်တို့ဖြင့် အရောင်အဆင်း ပျက်နေသည့် အရာပါရှိသော တရုတ်ပြည်ဖြစ်

သွားတိုက်ဆေးတဘူးတို့ကို တင်ထားသည့် စင်လေးတခု။

"ဒီတိုက်ခန်းက အရင်တုန်းကတော့ အတော်ကောင်းတဲ့ တိုက်ခန်းပဲဗျ၊ ရေ မီး အစုံ ရတယ်၊ နံရံတွေပေါ်မှာဆို ပန်းချီကားတွေနှင့်၊ အားလုံး အပြည့်အစုံပဲ"

စူလတန်က သတိတရ ပြန်ပြောသည်။

သို့သော် ပြည်တွင်းစစ်အတွင်း အခန်းသည် လုယက် ဖျက်ဆီးခံရသည်။ မီးရှို့ ခံရသည်။ မိသားစု ပြန်ရောက်လာချိန်တွင် အခန်းမှာ ပြိုပျက်လျက်ရှိပြီး တတ်နိုင်သလောက် သစ် မရခင်စပ်ကြား ဝါးပေါင်း ကွပ်ခဲ့ရ၏။ ခန်းမိသားစု နေထိုင်သည့် မိုက်ခရိုရေယွန်၏ အကောင်းဆုံး အပိုင်းသည် မူဂျာဟေဒင် သူရဲကောင်း မာဆွဒ်၏ တပ်ဖွဲ့များနှင့် ဂူလ်ဘဒ္ဒင် ဟက္ကမတ္တယာ၏ တပ်ဖွဲ့များကြား ရှေ့တန်း စစ်မျက်နှာပေါ်တွင် တည်နေသည်။

ကဘူးလ်မြို့၏ အစိတ်အပိုင်း အများစုကို မာဆွဒ်က သိမ်းထားပြီး ဟက္ကမတ္တယာ၏ အာဏာမှာ ကဘူးလ်မြို့ပြင်ရှိ တောင်ကုန်းတခု၌သာ တည်သည်။ သူတို့ တဖက်နှင့် တဖက် ပစ်ခတ်သည့် ဒုံးကျည်အများစုသည် မိုက်ခရိုရေယွန်သို့ ကျ၏။ တောင်ကုန်း နောက်တခုပေါ်တွင် ဥဇဘက် အဗ္ဗဒူရာရှစ် ဒေါ့စတမ်ကလည်းကောင်း၊ တတိယ တောင်ကုန်းတခုပေါ်တွင် တင်းကျပ်သော ဘာသာရေးဝါဒီ အဗ္ဗဒူ ရာဆူးလ် ဆေးယက်ကလည်းကောင်း အသီးသီး ခြေကုပ် ယူထားသေး၏။ သူတို့ပစ်ခတ်သမျှ ဒုံးကျည်များမှာ ကဘူးလ်မြို့၏ အခြား ရပ်ကွက်များပေါ်သို့ ကျရောက်ကြ၏။ ရှေ့တန်းစစ်မျက်နှာသည် တလမ်းမှသည် တလမ်းသို့ ရွေ့လျားလာသည်။ လေးနှစ်တိုင်တိုင် စစ်နယ်ရှင်များ တိုက်ခိုက်ကြပြီး နောက်ဆုံးတွင် ကဘူးလ်မြို့ထဲသို့ တာလီဘန် ဝင်ရောက်လာကာ စစ်နယ်ရှင်များ ထွက်ပြေးကြတော့၏။

လွန်ခဲ့သောခြောက်နှစ်က စစ်ပြီးသွားသော်လည်း မိုက်ခရိုရေယွန်သည် စစ်တလင်းနှင့် တူနေဆဲ။ အဆောက်အအုံတခုလုံး ကျည်ဆန်နှင့် ဗုံးဆန် ထိမှန်ထားသည့်အပေါက်များ နေရာအနှံ့မှာ ဗရပွ ဖြစ်နေသည်။ ပြတင်းများကို မှန်အစား ပလတ်စတစ်များ တပ်ထားရသည်။ မျက်နှာကြက်တွင်လည်း အက်ကွဲကြောင်းတွေနှင့်။ အပေါ်ဆုံးထပ်မှ အခန်းများ မီးလောင်ပြီး ဒုံးကျည်ထိမှန်ထားသည့် နေရာများတွင် ဒဏ်ရာဒဏ်ချက်များ ဟင်းလင်းပွင့်လျက်။

မိုက်ခရိုရေယွန်တွင် ပြည်တွင်းစစ်၏ အပြင်းထန်ဆုံး တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ နေထိုင်သူ အများစု ထွက်ပြေး တိမ်းရှောင်ကြရသည်။ ပြည်တွင်းစစ် ပြီးဆုံးပြီးနောက်ပိုင်းတွင် မိုက်ခရိုရေယွန် အထက်ရှိ ဟက္ကမတ္တယာ၏ တပ်ဖွဲ့များ စုရုံးခဲ့ရာ မရန်ဂျန် တောင်ကုန်းများပေါ်၌ တစုံတရာ ရှင်းလင်းမှု မပြုရသေးသဖြင့်

ဒုံးကျည် လောင်ချာများ၊ ယာဉ်ပျက်များနှင့် တင့်ကားများ ပြန့်ကျဲလျက် ရှိ၏။

ထိုနေရာသည် ခန်းမိသားစုအိမ်မှ ဆယ့်ငါးမိနစ် လမ်းလျှောက်သွားလျှင် ရောက်သည့် နေရာ။ တခါတုန်းက ပျော်ပွဲစားထွက်လေ့ရှိသည့် နေရာလည်း ဖြစ်သည်။ ထို့ပြင် ၁၉၃၃ ခုနှစ်က လုပ်ကြံခံခဲ့ရသည့် နာဒီရှား (ဇဟီရှား၏ခမည်းတော်) ၏ သင်္ချိုင်းရှိရာ နေရာဆိုလည်း မှန်၏။

ယခု အုတ်ဂူ ပျက်စီးသွားပြီ။ အမိုးခုံးငယ်တွင် ကျည်ဆန်ရာအပြည့်နှင့်။ ကျောက်တိုင်လည်း ကျိုးပျက်ခဲ့ပြီ။ နာဒီရှား၏ အုတ်ဂူဘေးရှိ နာဒီရှား၏ အုတ်ဂူလောက် အထင်ကြီးစရာ မရှိသော မိဖုရား၏ အုတ်ဂူမှာလည်း ပို၍ပင် အခြေအနေ ဆိုးသေး၏။ အုတ်ဂူ၏ အောက်ခံဘောင်ပေါ် သွားပြီး တောင်ကုန်းအစွန်းမှနေ၍ မြို့ကိုငုံ့ကြည့်လျက်။ ကိုရန်ကျမ်းထဲမှ ကိုးကားချက်စာများကို ဖတ်ရှုနိုင်အောင် တစုံတယောက်က အုတ်ဂူ အပိုင်းအစများကို ဆက်၍ ကြည့်ခဲ့ဖူးသည်။

တောင်စောင်းတခွင်တပြင်လုံးတွင် မိုင်းများ မြှုပ်ထားသော်လည်း ဒုံးကျည်အခွံများနှင့် သတ္တုစ ဖြတ်စဗျင်းတောင်းတို့ကြားတွင် ငြိမ်းချမ်းရေးကို သက်သေမူနေသည့် တစုံတရာသည် ရှိနေ၏။ ကျောက်တုံးစက်ဝိုင်းအတွင်းမှာ လိမ္မော်ရောင် ထပ်တရာပန်းများ ပွင့်နေကြသည်။ ပြည်တွင်းစစ်၊ မိုးခေါင်မှုနှင့် တာလီဘန်၏ အန္တရာယ်ကို ကျော်လွှား လွန်မြောက်နိုင်ကြသည်မှာ သူတို့ချည်းသာ။

တောင်ကုန်းများပေါ်မှ ကြည့်လျှင် မိုက်ခရိုရေယွန်သည် ဆိုဗီယက် ပြည်ထောင်စုတွင် မထင်မှတ်ဘဲ မြင်တွေ့လိုက်ရသည့် မည်သည့်နေရာနှင့်မဆို တူနေ၏။ အဆောက်အအုံများက ရုရှား၏လက်ဆောင်။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဆိုဗီယက် အင်ဂျင်နီယာများကို အာဖဂန်နစ္စတန်သို့ စေလွှတ်ကာ ခရုုးရှက်အိမ်ရာများဟု ခေါ်သည့် တိုက်တာအဆောက်အအုံ များကို ဆောက်လုပ်ခဲ့သည်။ ကဘူးလ်၊ ကာလီနင်ဂရက် သို့မဟုတ် ကိယက်ဗ်တို့တွင် ဆောက်လုပ်သည့် အဆောက်အအုံ အားလုံး အတူတူချည်းပါ။ အခန်း နှစ်ခန်း၊ သုံးခန်း သို့မဟုတ် လေးခန်း ပါသည့် ငါးထပ် အဆောက်အအုံများ။

အနီးကပ် ကြည့်သည့်အခါ အနိဋ္ဌာရုံ မြင်ကွင်း ဖြစ်နေခြင်းသည် ထုံးစံအတိုင်း ဆိုဗီယက်ပုံစံ ပေါက်နေသောကြောင့် မဟုတ်ဘဲ ကျည်ဆန်များနှင့် စစ်ကြောင့်သာ ဤသို့ ပုံပေါ်နေခြင်း ဖြစ်ကြောင်း သိရမည်။ ရှေ့ဘက်တံခါးများအနီးရှိ အုတ်ခုံရှည်များသည်ပင် ကျိုးပဲ့နေပြီး တခါတုန်းက နိုင်လွန်ကတ္တရာလမ်း ဖြစ်ခဲ့သော မြေကြီး တွင်းချိုင့်များပေါ်တွင် ကျွမ်းထိုးမှောက်ခုံ ဖြစ်နေကြသည်။

ရုရှားနိုင်ငံတွင် ဤအုတ်ခုံရှည်များပေါ်တွင် အဘိုးအိုများနှင့် အဘွားအိုများ ထိုင်လေ့ရှိပြီး ပတ်ဝန်းကျင်မှာ မြင်မြင်ကရာကို ဟိုကြည့် သည်ကြည့် ကြည့်ကြသည်။

မိုက်ခရိုရေယွန်မှာတော့ အိမ်ရှေ့ အုတ်ခုံများပေါ်တွင် အဘိုးအိုများသာ ထိုင်ပြီး ပုတီးစိပ်ရင်း အတင်းအဖျင်း ပြောကြ၏။ သူတို့ကို အရိပ် မိုးပေးနိုင်သည့် သစ်ပင် နည်းနည်းသာ ကျန်တော့သည်။ မိန်းမများက ခေါင်းမြီးခြုံ ဝတ်ရုံထဲတွင် ဈေးဝယ်အိတ်ကို ထည့်သွင်းသယ်ဆောင်ကာ သူတို့အနားမှ ဖြတ်သွားကြ။

အိမ်နီးချင်းနှင့်ရပ်ပြီး စကားလက်ဆုံ ကျနေသည့် မိန်းမတယောက်ကို တွေ့ဖို့ မလွယ်လှ။ မိုက်ခရိုရေယွန်တွင် မိန်းမများ စကားစမြည် ပြောချင်လျှင် အိမ်လည်သွား၏။ မိသားစုပြင်ပမှ လူတယောက်ယောက် မမြင်အောင်လည်း ဂရုစိုက်ကြ၏။

အဆောက်အအုံများကို ဆိုဗီယက်၏ သာတူညီမျှ မူအတိုင်း ပုံစံထုတ်ထားခြင်းပါ။ သို့သော် နံရံလေးဖက်ကြားမှာပင် သာတူညီမျှမှု မရှိ။ ဤအဆောက်အအုံများကို ဆောက်ရာတွင် လူတန်းစားမဲ့ လူ့အဖွဲ့အစည်းအတွင်း လူတန်းစားမဲ့ အိမ်ရာများ ဖန်တီးဖို့ ဖြစ်ခဲ့သော်လည်း လက်တွေ့တွင် မိုက်ခရိုရေယွန်တိုက်ခန်းများကို လူလတ်တန်းစားများအတွက် နေအိမ်များအဖြစ် တွေ့ရ၏။

ထိုအဆောက်အအုံများကို တည်ဆောက်စဉ်အခါက ကဘူးလ်တဝိုက် ရွာများရှိ ရွှံ့အိမ်များမှ နေ၍ ဘုံပိုင်ရေရသည့် တိုက်ခန်းများသို့ လူနေမှု အဆင့်မြှင့်တင်ပေးရန် ဖြစ်သည်။ ဤတိုက်ခန်းများသို့ အင်ဂျင်နီယာများ၊ ကျောင်းဆရာများ၊ ဈေးဆိုင်ပိုင်ရှင်များနှင့် ကုန်တင်ယာဉ် မောင်းသူများ ပြောင်းရွှေ့လာကြ၏။

သို့သော် ယခုအခါ သူတို့မှာ ရှိသမျှ အားလုံး ဆုံးရှုံးခဲ့ပြီး အရာရာ ဒုံရင်း ပြန်ဆိုက်သွားရသည့် တိုင်းပြည်တပြည်တွင် လူလတ်တန်းစားဆိုသော အသုံးအနှုန်းသည် အနည်းငယ်သာ အဓိပ္ပာယ် ရှိတော့၏။ တခါက မနာလိုစရာ ကောင်းခဲ့သည့် ဘုံပိုင်ရေဆိုသည်မှာ လွန်ခဲ့သည့် ဆယ်နှစ်လုံးလုံး ပြက်လုံးတခုပမာ။ ပထမထပ်တွင် နံနက်တိုင်း နာရီပိုင်းလောက် ရေလာသည်။ နာရီပိုင်း ကျော်လျှင် ရေတစက်မျှ မကျတော့။ ဒုတိယထပ်တွင် ရံဖန်ရံခါ ရေလာသော်လည်း တတိယထပ်တွင်မူ ရေ လုံးဝ မလာချေ။

အဆောက်အအုံ အပြင်ဘက်တွင် ရေတွင်းများ တူးထားရသည်။ နေ့စဉ် ကလေးများ ရေသယ်ကြသည်မှာ လှေကားပေါ်တွင် တက်ချည် ဆင်းချည်ဖြင့်

တရုန်းရုန်း ဖြစ်နေတော့၏။

အလားတူပင် လျှပ်စစ်ဓာတ်အားသည်လည်း တိုက်ခန်းများအဖို့ ဂုဏ်ယူစရာ ဖြစ်ခဲ့ပေ၏။ ယခု ခြုံငုံပြောရလျှင် လူအားလုံး အမှောင်ထဲမှာ နေကြရ။

မိုးခေါင်သည်ကို အကြောင်းပြု၍ လျှပ်စစ်ဓာတ်အားကို ခွဲတမ်းဖြင့် ပေး၏။ အခြားနေ့များတွင် ညနေ ခြောက်နာရီမှ ဆယ်နာရီအထိ တနေ့လျှင် လေးနာရီ မီးလာသည်။

မြို့တနေရာတွင် မီးလာလျှင် အခြားတနေရာတွင် အမှောင်ကျ။ တခါတရံ ရပ်ကွက်တိုင်း အမှောင်ကျ။ ဖြေရှင်းစရာ တခုတည်းသောနည်းလမ်းမှာ ရေနံဆီ မီးအိမ်ထွန်းပြီး မျက်လုံးကို မီးခိုးရိုက်သဖြင့် မျက်ရည်ဝဲလျက်ရှိစဉ် အလင်းအနည်းငယ် စွက်သည့် အမှောင်ထဲမှာ ထိုင်နေကြရုံသာ။

ရေခန်းခြောက်နေသည့် ကဘူးလ်မြစ်အနီး အရင်ဆုံး ဆောက်သည့် အဆောက်အအုံ တလုံးတွင် ခန်းမိသားစု နေထိုင်ရာ။ ဘီဘီဂူးလ်သည် သူမ ကြီးပြင်းရာရွာမှ ဝေးလှမ်းသည့် အက်ကွဲနေသော ကွန်ကရစ် ကန္တာရထဲမှာ ကျဉ်းကျုတ်စွာ ထိုင်ရင်း စိတ်ဆင်းရဲစရာများကို တွေးနေလေသည်။ လင်သေပြီးကတည်းက ဘီဘီဂူးလ် မပျော်တော့ချေ။ လင့်ဆွေမျိုးများ ပြောစကားအရ ဘီဘီဂူးလ်၏လင်သည် အလုပ်ကြိုးစားသူ၊ ဘာသာရေး လိုက်စားသူ၊ စည်းကမ်း ကလနား တင်းကျပ်သော်လည်း မျှမျှတတရှိသူ ဖြစ်ကြောင်း သိရသည်။

အဖေ သေပြီးနောက် စူလတန်က အဖေ့အရိုက်အရာကို ယူသည်။ သူ့စကားသည် ဥပဒေ ဖြစ်သည်။ သူ့စကားကို မနာခံသူသည် အပြစ်ပေး ခံရ၏။ အိမ်ထောင်တခုကိုသာ ကြီးစိုးသည် မဟုတ်ဘဲ အိမ်ပြောင်းသွားခဲ့ကြသည့် မွေးချင်းများအပေါ်တွင်ပါ စူလတန် အုပ်ချုပ်သည်။ သူ့ထက် နှစ်နှစ်သာငယ်သည့်ညီက စူလတန်နှင့် တွေ့သည့်အခါ လက်ကို နမ်းရှုပ်ရပြီး ပိုဆိုးသည်မှာ စူလတန် သောက်သည့် စီးကရက်ကို မီးညှိပေးရခြင်း ဖြစ်သည်။ စူလတန်ကို နေရာတိုင်းမှာ အရိုအသေ ပြုရ၏။

ဤတင်းကျပ်သော အပြုအမူအတွက် စူလတန်မှာ အကြောင်းရှိပါသည်။ မိသားစုများ စည်းကမ်း မရှိ၊ အလုပ် မကြိုးစားလျှင် အလျှံပယ် ကြွယ်ဝသော အာဖဂန်နစ္စတန် နိုင်ငံသစ် ပေါ်ထွန်းလာမည် မဟုတ်ဟု သူ ယုံကြည်ထားသောကြောင့်ပါ။

ပြောလို့ဆိုလို့၊ ထိုးလို့ကြိတ်လို့မှ မရလျှင် နောက်တဆင့် ပြစ်ဒဏ်သည် အခေါ်အပြော၊ အဆက်အဆံ မလုပ်ဘဲ နေခြင်းဖြစ်သည်။ စူလတန်သည် ညီဖြစ်သူ

ဖာရစ်ကို စကား မပြောတော့သည့်ပြင် ဖာရစ်နှင့်ပတ်သက်၍ လေသံမျှ မဟတော့။ ဖာရစ်က စူလတန့် စာအုပ်ဆိုင်တွင် ဝင်လုပ်ဖို့ ငြင်းဆန်ပြီး ကိုယ်ပိုင်စာအုပ်ဆိုင်နှင့် စာအုပ်ချုပ်လုပ်ငန်းကို ထူထောင်ခဲ့၏။ ထိုအချိန်ကတည်းက ဖာရစ်ကို စူလတန် မေးထူးခေါ်ပြော မလုပ်တော့သည့်ပြင် မိသားစုဝင်များကိုလည်း ဖာရစ်နှင့် စကားမပြောရန် ပိတ်ပင်ထားခဲ့သည်။ ဖာရစ်အမည်ကို ဘယ်တော့မှ ထုတ်ဖော်မပြောတော့။ သူသည် စူလတန့်ညီ မဟုတ်တော့ပြီ။

ဖာရစ်သည် မိုက်ခရိုရေယွန်မှ တိုက်ပျက်တလုံးတွင် နေထိုင်၏။ ခန်းမိသားစုအိမ်မှ မိနစ်ပိုင်းလောက် လမ်းလျှောက်သွားလျှင် ရောက်သည့်နေရာ။ စူလတန် စာအုပ်ဆိုင်မှာ ရှိနေခိုက်တွင် ဖာရစ်နှင့် သူ့မိသားစုထံသို့ စူလတန်နှင့် စူလတန့်ကလေးများ မသိအောင် ဘီဘီဂူးလ် သွားခဲ့ဖူး၏။ ရှကီလာ လက်မထပ်မီက ဖာရစ်၏ဖိတ်ခေါ်မှုကို လက်ခံပြီး ဖာရစ်၏အိမ်သို့ သွားခဲ့သည်။ စူလတန်ကိုမူ အဒေါ်တယောက်ထံ သွားမည်ဟု ပြောရ၏။ မိန်းကလေးတယောက် လက်မထပ်ခင် မိသားစုဝင်တယောက်ဆီက ထမင်းဖိတ်ကျွေးလေ့ရှိရာ စူလတန်ကို ဖိတ်သော်လည်း ဖာရစ်ကို မဖိတ်ကြချေ။ မည်သူမျှ စူလတန်နှင့် သဘောထားချင်း မကွဲလွဲလိုကြ။ သဘောထား ကွဲလွဲခြင်းကြောင့် အကျိုးမရှိ။ ဖာရစ်ကိုတော့ သူတို့ ချစ်ကြသည်။

ဘီဘီဂူးလ်က သားနှစ်ယောက်အား ပြေရာပြေကြောင်း ပြောသော်လည်း သူတို့သည် ဂရုမစိုက်ကြချေ။ ခွင့်လွှတ်ဖို့ တောင်းပန်ရမည်မှာ ညီလုပ်သူ၏တာဝန်ဟု စူလတန်က ပြောပြီး ဖာရစ်ကတော့ စူလတန့်အပေါ် အပြစ်ပုံချလေ၏။

ဘီဘီဂူးလ်သည် သားသမီး ဆယ့်သုံးယောက် မွေးခဲ့၏။ သူမ အသက်ဆယ့်လေးနှစ်မှာ သမီးဦး ဖီရိုဇာကို မွေးသည်။ နောက်ဆုံးတော့ ဘဝသည် နေပျော်စရာ ဖြစ်လာခဲ့သည်။ စောစောပိုင်း နှစ်များတွင် ကလေး မယားကလေးတယောက်လို သူမ ငိုကြွေးခဲ့။ ယခုတော့ ဘဝက ပိုကောင်းလာခဲ့ပြီ။

ဖီရိုဇာသည် သမီးအကြီးဆုံးဖြစ်သည့် အားလျော်စွာ လုံးဝ ကျောင်းမတက်ခဲ့ရချေ။ မိသားစုက ဆင်းရဲသဖြင့် ဖီရိုဇာ ရေခပ်ရသည်။ တံမြက်လှည်းရသည်။ မောင်လေးတွေ ညီမလေးတွေကို ချေးကလူ သေးကလူ ပြုစုစောင့်ရှောက်ရသည်။ အသက် ဆယ့်ငါးနှစ်တွင် အသက် လေးဆယ်အရွယ် လူတယောက်နှင့် လက်ထပ်ရသည်။ ထိုလူက ချမ်းသာသဖြင့် ပျော်ရွှင်သည့် အိမ်ထောင်ရေး ဖြစ်လိမ့်မည်ဟု ဘီဘီဂူးလ် တွက်ခဲ့၏။ ဖီရိုဇာက လှသဖြင့် သူမအတွက် အာဖဂန်နီ နှစ်သောင်း ရလိုက်သည်။

နောက် ကလေးနှစ်ယောက်ကတော့ နို့စို့အရွယ်မှာပင် သေသွားကြ၏။ အာဖဂန်နစ္စတန်၏ ကလေး လေးပုံတပုံသည် အသက် ငါးနှစ်မတိုင်ခင်

သေဆုံးကြရသည်။ ကမ္ဘာတွင် နို့စို့ကလေး သေဆုံးမှုနှုန်း အမြင့်မားဆုံး။ ဝက်သက်၊ ပါးချိတ်ရောင်နာနှင့် အအေးမိခြင်းတို့ကြောင့် သေဆုံးခြင်း ဖြစ်သော်လည်း ဒုက္ခအပေးဆုံးမှာ ဝမ်းလျှောရောဂါ ဖြစ်၏။ ကလေးများ ဝမ်းလျှောသည့်အခါ ဘာမျှ မတိုက်ရ၊ မကျွေးရဟု မိဘများ အထင်မှားကြသဖြင့် မိဘတို့၏ မသိနားမလည်မှုက ကလေးတို့၏ အသက်ပေါင်း ထောင်သောင်းမကကို နုတ်ခြွေသွားခြင်းပါ။ သူမ၏ ကလေးနှစ်ယောက် သေဆုံးသွားပုံကို ဘီဘီဂူးလ် မမှတ်မိတော့ချေ။ "သူတို့ သေသွားကြတယ်လေ" ဟုသာ ဘီဘီဂူးလ် ပြောသည်။

ထို့နောက် စူလတန်ကို မွေးသည်။ အလေးအမြတ်ပြုရသည့် သားချစ် စူလတန်ကို မွေးသည်။ သူ အရွယ်ရောက်လာတော့ ယောက်မတွေ၊ ယောက္ခမတွေကြားမှာ ဘီဘီဂူးလ်၏ အနေအထား အတော်အတန် အားကောင်းလာသည်။ သတို့သမီးတယောက်၏တန်ဖိုးသည် ကညာမွေး။ မယားတယောက်၏ တန်ဖိုးသည် သူမ မွေးဖွားသည့်သားများ။

သား အကြီးဆုံးဖြစ်သည့် စူလတန်သည် မိသားစုက ဆင်းရဲလင့်ကစား ကောင်းပေ ညွှန့်ပေ့ ဆိုတာတွေကိုသာ ရ၏။ ဖီရိုဇာအတွက် သူမ၏ လင်ဘက်မှ ရသည့် အတင်ကြေးငွေကို စူလတန့် ပညာရေးမှာ သုံးခဲ့သည်။ သူသည် ငယ်ငယ်ရွယ်ရွယ်မှာပင် အိမ်တွင် ဩဇာရှိလာပြီး အဖေ၏ ယုံကြည်စွာ လွှဲအပ်မှု ခံရသူ ဖြစ်လာခဲ့၏။ အသက် ခုနစ်နှစ်တွင် ကျောင်းတက်ခြင်းအပြင် အချိန်ပြည့် အလုပ်လုပ်နေပြီ။

စူလတန်ကို မွေးပြီး နှစ်အနည်းငယ်အကြာတွင် ဖာရစ်ကို မွေး၏။ သူသည် ပြဿနာကောင်။ အပြင်မှာ ရန်ဖြစ်ပြီး အင်္ကျီအစုတ်စုတ်၊ နှာခေါင်းသွေး အယိုယိုဖြင့် အိမ်သို့ပြန်လာတတ်သူ။ မိဘများ မသိအောင် အရက်နှင့် ဆေးလိပ်ကိုလည်း သောက်၏။ သို့သော် သူ ဒေါသထွက်မနေသည့်အခါမှာ တော့ ပီဘိလူလိမ္မာလေးတယောက်။ သူ့ကို မိုက်ခရိုရေယွန် အကွက်အမှတ် ၃၇ ရှိ တိုက်ခန်းမှ ကြဉ်ထား၏။ ဘီဘီဂူးလ် သက်ပြင်း ရှိုက်လိုက်သည်။ သားအကြီးဆုံး နှစ်ယောက်အကြား ရန်လိုမှုက သူမ၏နှလုံးသားကို အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပစ်နေ၏။ ဘာဖြစ်လို့များ သူတို့ စဉ်းစဉ်းစားစား မလုပ်ကြတာပါလိမ့်။

ဖာရစ် ပြီးတော့ ရှကီလာကို မွေးသည်။ ပြုံးပျော် ရွှင်ပျသော၊ အကြမ်းခံနိုင်သော၊ သန်စွမ်းသော ရှကီလာ။ ဘီဘီဂူးလ် မျက်ရည်တပေါက် ကျ၏။ သူမ၏သမီး ရေပုံး အလေးကြီးတွေ ဆွဲနေရပုံကို သူမ မြင်ယောင်မိသည်။

ထို့နောက် နီဆာ အာမက်။ သူ့အကြောင်းကို တွေးမိစဉ် ဘီဘီဂူးလ် မျက်ရည် ဝိုင်းလာသည်။ ပညာတတ်ဆန်သည့် လူအေးလေး။ စူလတန်လို ဖြစ်ချင်သဖြင့် ကဘူးလ်မြို့ အထက်တန်း ကျောင်းမှာ တက်နေသူ။ တနေ့တွင်

ကျောင်းမှ အိမ်သို့ပြန်ရောက်မလာခဲ့။ အတန်းထဲမှ ဗလကောင်းသည့် ကျောင်းသားများအား စစ်ပုလိပ်က စစ်ထဲသွင်းဖို့ ဆွဲထုတ်သွားသည်ဟု အတန်းဖော်များ ပြောသဖြင့် သိလိုက်ရ။ ဆိုဗီယက်က တိုင်းပြည်ကို သိမ်းထားချိန်။ အာဖဂန် အစိုးရ တပ်ဖွဲ့များက ဆိုဗီယက် မြေပြင်တပ်ဖွဲ့များအဖြစ် ဆောင်ရွက်နေချိန်။ မူဂျာဟေဒင်နှင့် တိုက်သည့် ရှေ့တန်းစစ်မျက်နှာသို့ နီဆာ အာမက်တို့ကို ပို့လိုက်၏။

မူဂျာဟေဒင်တွင် ပိုမိုကောင်းမွန်သော တပ်ဖွဲ့များရှိပြီး မြေပြင်အနေအထားကို နားလည်ကြ၏။ သူတို့သည် တောင်များပေါ်တွင် ခြေကုပ်ယူထားကြပြီး ရုရှားများနှင့် သူတို့၏ မဟာမိတ် အာဖဂန်များ တောင်ကြားလမ်းများထဲသို့ ဝင်အလာကို စောင့်နေကြ၏။ အဆိုပါ တောင်ကြားလမ်းတခုတွင် နီဆာ အာမက် ပျောက်ဆုံးခဲ့ရခြင်းပါ။

ဘီဘီဂူးလ်ကတော့ သူ သက်ရှိထင်ရှား ရှိနေသေးသည်ဟု ထင်သည်။ အဖမ်းခံသွားရတာ လည်း ဖြစ်နိုင်သည်။ မှတ်ဉာဏ်ပျောက်ပြီး တနေရာရာမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်နေတာလည်း ဖြစ်နိုင်၏။ အလ္လာအရှင်မြတ်ထံတွင် သူ ပြန်လာစေကြောင်း ဘီဘီဂူးလ် နေ့တိုင်း ဆုတောင်း၏။

နီဆာ အာမက် ပြီးတော့ ဘူလ်ဘူလာ။ အဖေဖြစ်သူ ထောင်ကျနေသဖြင့် စိတ်ထိခိုက်ပြီး ငူငူကြီး ထိုင်ကာ ငေးငိုင်နေတတ်သူ။

နောင်နှစ်ပိုင်းလောက်အကြာတွင် မွေးသည့် မာရီယယ့်ဘဝက ပိုမိုတက်ကြွမှု ရှိသည်။ သူမသည် အကင်းပါး၏။ ဉာဏ်ကောင်း၏။ ကျောင်းမှာ စာတော်၏။ ချောမွေ့လှပသူ ဖြစ်သဖြင့် သူမကို လိုချင်သူတွေ များသည်။ အသက်ဆယ့်ရှစ်နှစ်တွင် တရွာတည်းသား ကောင်လေး တယောက်နှင့် လက်ထပ်သည်။ သူ့မှာ ဈေးဆိုင်တဆိုင် ပိုင်သောကြောင့် သူမ၏သမီးနှင့် ရှေ့သွား နောက်လိုက် ညီသူဟု ဘီဘီဂူးလ် ယူဆ၏။

မာရီယမ်သည် သျှောင်နောက် ဆံထုံးပါပြီး လင့်ညီ၊ လင့်အမေတို့နှင့် အတူ နေထိုင်ရသည်။ အိမ်မှာ လုပ်စရာတွေ များလှ၏။ လင့်အမေ၏လက်များမှာ သုံးလို့ မရတော့။ မုန့်ဖိုတွင် မီးလောင် ခံရသဖြင့် လက်ချောင်းလေးများ ပျက်စီးသွားပြီး လက်မနှစ်ချောင်းလုံး ငုတ်တို ဖြစ်သွားသည်။ သို့သော် သူမဘာသာ စားနိုင်သောက်နိုင်သည်။ ကလေးတွေကို ကြည့်ပေးနိုင်သည်။ ပစ္စည်းပစ္စယ တချို့ကို ကိုယ်မှာ ကပ်ပြီး သယ်ပေးနိုင်သည်။

အိမ်သစ်မှာ မာရီယမ် ပျော်နေ၏။ ပြည်တွင်းစစ် ဖြစ်လာသည်။ ဂျလာလာဘဒ်တွင် မာရီယမ့် ဝမ်းကွဲညီအစ်မများ လက်ထပ်သည့်အခါ လမ်းတွေ

စိတ်မချရသော်လည်း ရောက်အောင် သွားခဲ့သေးသည်။ သူ့လင် ကာရီမူလာက ကဘူးလ်တွင်ရှိသည့် ဆိုင်အတွက် သူမနှင့်အတူ လိုက်ပါ မသွားနိုင်။ တနေ့ နံနက်ခင်းတွင် ဆိုင်ဖွင့်ဖို့အသွားမှာ အပြန်အလှန် ပစ်ခတ်နေသည့်ကြားထဲသို့ ရောက်သွားပြီး ကျည်ဆန်တတောင့်က သူ့နှလုံးသားကို ဖောက်ထွက်သွားသဖြင့် ပွဲချင်းပြီး သေဆုံးသွားတော့၏။

သုံးနှစ်တိုင်တိုင် မာရီယမ် ငိုကြွေးခဲ့ရသည်။ နောက်ဆုံးတွင် ဘီဘီဂူးလ်နှင့် ကာရီမူလာ့ အမေက သူမ၏မတ်တော်သူ ဟာဇင်နှင့် ထပ်မံ လက်ဆက်ပေးကြသည်။ ကလေးနှစ်ယောက်၏ မျက်နှာကို ထောက်၍ မာရီယမ် လက်သင့်ခံခဲ့ရ။ ယခု သူမမှာ ပဉ္စမမြောက် ကိုယ်ဝန်နှင့်။

ကာရီမူလာနှင့်ရသည့် သားအကြီးဆုံး ဖာဒီးလ်က အသက် ဆယ်နှစ်ရှိပြီ။ စူလတန့် စာအုပ်ဆိုင်မှာ အချိန်ပြည့်အလုပ်ရှိနေပြီ။ နေတော့လည်း မာရီယမ် သက်သာအောင် စူလတန်နှင့်ပင် နေသည်။

ထို့နောက် ယူနုစ်။ ဘီဘီဂူးလ်၏အချစ်တော်။ သူ့ကို ပိုးမွေးသလို မွေးသည်။ လက်ဆောင်လေးတွေ ဝယ်ပေးသည်။ ဘာလိုသလဲ မေးသည်။ မိသားစုဝင်များက ကော်ဇောများပေါ်တွင် ခြေဆင်းလဲလူထိုင်ကာ ပျင်းရိပျင်းတွဲ လဲလျောင်းကာ ရှိကြစဉ် ယူနုစ်က ဘီဘီဂူးလ်၏ပေါင်ပေါ်တွင် ခေါင်းအုံးလျက် အိပ်ပျော်သွားတတ်သည်။

ဘီဘီဂူးလ် သေချာပေါက် မှတ်မိသည်မှာ ယူနုစ်၏ မွေးသက္ကရာဇ်တခုတည်းသာ။ အာဏာသိမ်းပွဲတခုကြောင့် ဇဟီရှား နန်းကျသည့်နေ့တွင် သူ့ကို မွေးသည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၁၇ ရက်။

အခြား သားသမီးတွေကိုတော့ ရက်ကိုလည်း မမှတ်မိ၊ နှစ်ကိုလည်း မမှတ်မိ။ စူလတန် မွေးသည့်နှစ်မှာ (ယခု ရှင်ဖတ်နေသောမှတ်တမ်းကို မူတည်၍) ၁၉၄၇-၁၉၅၅ ခုနှစ်များအတွင်း ဖြစ်သည်ဟု ဆိုနိုင်၏။ ကလေးဘဝ၊ အထက်တန်း ကျောင်းသားဘဝ၊ တက္ကသိုလ် ကျောင်းသားဘဝ၊ ပထမ စစ်ပွဲ၊ ဒုတိယ စစ်ပွဲနှင့် တတိယ စစ်ပွဲ ကာလများကို ပေါင်းလိုက်သည့်အခါ စူလတန့် အသက်သည် ငါးဆယ်ဝန်းကျင်၊ ငါးဆယ်ကျော်ကျော် ဖြစ်နိုင်၏။ လူတိုင်းသည် ဤနည်းအတိုင်းသာ မိမိတို့၏အသက်ကို တွက်ကြသည်။ ထို့ပြင် မည်သူမျှ မသိကြသောကြောင့် ကိုယ်ဖြစ်ချင်သည့် အသက်ကို ဖြစ်နိုင်၏။ သို့ဖြင့် ရှကီလာ့အသက်သည် သုံးဆယ် ဖြစ်နိုင်သော်လည်း ငါးနှစ်၊ ခြောက်နှစ်လောက် အသာလေး ပိုပါလိမ့်မည်။

ယူနုစ်ကို မွေးပြီးတော့ ဘာဆာ။ မိခင်ဖြစ်သူက ကနေဒါမှ

ဆွေမျိုးတယောက်နှင့် အိမ်ထောင် ချပေးလိုက်ပြီးနောက် ကနေဒါမှာ နေထိုင်လျက်ရှိသည်။ ကနေဒါသို့ သူ ထွက်သွားသည့်အချိန်မှစ၍ ယခုအချိန်ထိ နှစ်နှစ်တာကာလအတွင်း ဘီဘီဂူးလ်သည် သူနှင့် မတွေ့ရ။ စကား မပြောရ။ ဘီဘီဂူးလ် မျက်ရည်လည်ရပြန်ပြီ။ သားသမီးတွေနှင့် ဝေးနေရသည့်အဖြစ်ကို သူမ စက်ဆုပ်လှပေါ့။ သေတ္တာအောက်မှ သကြားရည်စိမ် မက်မွန်သီးတွေကလွဲလို့ ဤသားသမီးများသည် သူမဘဝမှာ ရှိသမျှ အကုန်ပဲ။

ဘီဘီဂူးလ် အစားမက်သည့်အကျင့် ဖြစ်လာသည်မှာ နောက်ဆုံးမှာ ကံပေါ်သည့် သားလေးကြောင့် ဖြစ်သည်။ သူ့ကို မွေးပြီး ရက်ပိုင်းလောက်တွင် သားသမီး မရှိသည့် ဆွေမျိုး တယောက်သို့ ပေးပစ်ခဲ့ရ၏။ နို့ တစက် တစက် ဖြစ်နေသဖြင့် ဘီဘီဂူးလ် ငိုနေရသည်။ မိန်းမ တယောက်သည် မိခင်ဖြစ်လျှင်၊ အထူးသဖြင့် သားတို့၏ မိခင်ဖြစ်လျှင် ဂုဏ်သတင်း ကျော်စော၏။ အမြုံမိန်းမကို တန်ဖိုးမထားကြ။ ဆယ့်ငါးနှစ်တိုင်အောင် သားသမီး မထွန်းကားသည့် ဆွေမျိုးတယောက်က သားဆုတောင်းပြီး ဆေးမျိုးစုံ မှီဝဲနေရာမှ ဆယ့်နှစ်ယောက်မြောက် ကလေးကို ဘီဘီဂူးလ် မျက်နှာမြင်ခါနီးတွင် ကလေးကို သူမအား ပေးပါဟု တောင်း၏။ ဘီဘီဂူးလ် ငြင်းသည်။

"အမလေး မပေးနိုင်ပါဘူးနော်"

"ငါ့ကို သနားပါဟယ်၊ ညည်းမှာ သားသမီးတွေ အများကြီးပါ၊ ငါ့မှာ တယောက်မှ မရှိလို့ တောင်းတာပါ၊ ဒီကလေးကိုတော့ ငါ့ ပေးပါဟယ်၊ ကလေး မရှိဘဲ မနေတတ်လို့ပါ"

ဆွေမျိုး မိန်းမက နားပူနားဆာ လုပ်နေတော့သည်။

နောက်ဆုံးတွင် ဘီဘီဂူးလ် လက်လျှော့ပြီး ပေးပါမည်ဟု အာမခံ လိုက်ရတော့သည်။ သားကလေး မွေးပြီး ရက်ပေါင်းနှစ်ဆယ်အရတွင် ဘီဘီဂူးလ်သည် မျက်ရည်စက်လက်နှင့် ဆွေမျိုး မိန်းမထံ ပေးလိုက်တော့၏။ ဘီဘီဂူးလ်က သားသမီးတွေ မွေးချင်သလောက်မွေး၊ ရသလောက် လိုချင်နေသည်။ ကလေးကို ပေးပစ်ပြီးမှ နို့သက်နေသဖြင့် သူမ၏သားလေးကို နို့ချို မတိုက်ကျွေးနိုင်တော့။

ထိုအချိန်မှစ၍ သူမ၏သားသည် ဆွေမျိုးတယောက်လိုသာ ဖြစ်သွားလေတော့သည်။ သားလေး ကောင်းကောင်း နေရ၊ စားရ၊ ဂရုစိုက်ခံရသည်ကို ဘီဘီဂူးလ် သိသော်လည်း သားကို လက်လွှတ်လိုက်ရသဖြင့် သူမ ပူဆွေးမဆုံးအောင် ရှိနေဆဲပါ။ သားလေးကို ပေးလိုက်စဉ်က ကတိထားခဲ့သည့်အတိုင်း သားနှင့် တွေ့သည့်အခါ သူမ မသိဟန်ဆောင်နေခဲ့ရ။

ဘီဘီဂူးလ်၏ အထွေးဆုံး သမီးလေးက လိုင်လာ။ ဉာဏ်ထက်သူ။ လုံ့လဝီရိယ ရှိသူ။ အိမ်အလုပ် အများဆုံး လုပ်သူ။ အသက် ဆယ့်ကိုးနှစ်ရှိပြီး ဝါစဉ် အနိမ့်ဆုံး။ လက်မထပ်ရသေး။

လိုင်လာ့အရွယ်တုန်းက ဘီဘီဂူးလ်က သားသမီး လေးယောက် မွေးခဲ့ပြီးပြီ။ နှစ်ယောက် အဖတ်မတင်။ သို့သော် သူမ မတွေးတော့ပါ။ သောက်လက်စ လက်ဖက်ရည် အေးပြီ။ သူမလည်း အေးစက်နေပြီ။

မက်မွန်သီးများကို မွေ့ရာအောက်တွင် ဝှက်ထားလိုက်ပြီး သိုးမွေးတဘက်ရှည်ကို လှမ်းတောင်းလိုက်သည်။

"လိုင်လာရေ"

အိုးခွက်များ ဆေးကြောနေရာမှ လိုင်လာ ထရပ်လိုက်သည်။

မက်လုံးများ

နေခြည်နှင့်အတူ သူမ ရောက်လာ၏။ ညှို့ခါတ်ပါသော ခြေလှမ်းများဖြင့် မှောင်နေသော အခန်းထဲသို့ ဝင်လာသည့် လိပ်လိပ်ထနေသော ခေါင်းမြီးခြုံ ဝတ်ရုံတထည်။ မန်ဆူသည် ဗိုက်မျဉ်းလျက်ရှိရာမှ နိုးသွားကာ စာအုပ်စင်များတလျှောက် ချွတ်နင်းလာသည့် ဆန်းကြယ်သော သဏ္ဌာန်ကို ကြည့်ရင်း မျက်လုံးများကို ပွတ်သပ်လိုက်၏။

"ဘာကူညီရမလဲ"

လှပသော မိန်းမငယ်လေးဖြစ်မှန်း ချက်ချင်း သိလိုက်သည်။ သူမ၏ ဟန်၊ သူမ၏ လက်များ၊ သူမ၏ ခြေထောက်များ၊ လက်ပွေ့အိတ်ကို ကိုင်ထားပုံတို့တွင် သူမ၏ လှပသော မိန်းမငယ်လေး အဖြစ်သည် ပါရှိနေ၏။

"အဆင့်မြင့် ဓာတုဗေဒစာအုပ် ရှိလား"

မန်ဆူသည် တကယ့်စာအုပ်ဆိုင်ပိုင်ရှင်ကြီးပုံကို ဖမ်းထားလိုက်သည်။ ဤစာအုပ် မရှိသည်ကို သူ သိသော်လည်း သူနှင့်အတူ ဆိုင်အတွင်းသို့ လိုက်ကြည့်ပါဟု ပြောသည်။ သူမ၏အနီးမှာ ရပ်လျက် စင်ပေါ်မှစာအုပ်များကို လိုက်ကြည့်နေစဉ် သူမထံမှ ရေမွှေးရနံ့က သူ့နှာခေါင်းဝကို ကျီစယ်နေ၏။ ခါးဆန့်လိုက်၊ ခါးကုန်းလိုက်ဖြင့် သူ စာအုပ်ရှာဟန် ဆောင်နေစဉ် တချီ တချီ လှည့်ကြည့်ပြီး သူမ၏မျက်လုံးများထဲမှ အရိပ်အယောင်များကို စူးစမ်း ရှာဖွေနေလိုက်သေးသည်။ ရှာနေသော စာအုပ်အမည်ကို သူ ကြားပင်မကြားဖူးချေ။

"ရောင်းလို့ ကုန်သွားပြီဗျာ၊ ဒါပေမဲ့ အိမ်မှာတော့ စာအုပ် နည်းနည်း ကျန်သေးတယ်၊ ခင်ဗျား နက်ဖြန် လာမယ်ဆိုရင် ကျွန်တော် ယူလာမယ်"

နောက်တနေ့။ အလှဖုရားမလေးကို သူ တနေ့လုံး စောင့်မျှော်နေခဲ့သည်။ ဓာတုဗေဒ စာအုပ် ပါမလာသော်လည်း အကြံတခုတော့ ပါလာ၏။

သို့သော် ထိုနေ့က ဆိုင်ပိတ်ချိန်အထိ သူမ ပေါ်မလာခဲ့။ နောက်တနေ့။ သူ စိတ်မကြည်လင်ချေ။ အခန်းထဲမှာ မှုန်ပျပျ။ လျှပ်စစ်မီး မရှိ။ နေ၏ အလင်းတန်းထဲတွင် ဖုန်မှုန့်များ လွင့်ပါးလှုပ်ရှားလျက် ရှိပြီး ဆိုင်ခန်းကို ပိုမို ထိုင်းမှိုင်း ငြီးငွေ့ဖွယ် ဖြစ်စေတော့သည်။

ဖွဖွ ခြေသံနှင့် ဝတ်ရုံကို တရွှမ်းရွှမ်း မြည်သံတို့က မရှင်မပျ ဖြစ်နေသော

သူ၏စိတ် အခြေအနေကို လှုပ်နှိုးလိုက်သည်။ ပထမအကြိမ်ကလိုပင် သူမသည် မတ်တတ်ရပ်နေ၏။ နေ အလင်းတန်းထဲတွင် ပျံ့လွင့်နေသည့် ဖုန်မှုန့်တို့အလယ်မှာ။ ဝမ်းသာလွန်းသဖြင့် ခုန်မထမိအောင် သတိထားရင်း စာအုပ်ဆိုင်ပိုင်ရှင်၏ အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်သည်။

"ခင်ဗျားကို မနေ့က မျှော်နေတာ၊ စာအုပ်က အိမ်မှာရှိတယ်၊ ဒါပေမဲ့ ဘယ်အကြိမ် နှိပ်ခြင်းကို လိုချင်တာလဲ မသိလို့ ယူမလာခဲ့ဘူး၊ အဲဒါ ခင်ဗျားကိုယ်တိုင် လိုက်ကြည့်နိုင်ရင် ကောင်းမယ်"

ခေါင်းမြီးခြုံ အံ့အားသင့်သွားပုံ ရသည်။ ဘာပြန်ပြောရမှန်း မသိဟန်ဖြင့် လက်ပွေ့အိတ်ကို ဟိုနှိုက်သည်နှိုက် ကလိနေ၏။

"အိမ်ကို ရှင်နှင့် လိုက်ကြည့်ရမယ် ဟုတ်လား

တဒင်္ဂ နှုတ်ဆိတ်သွားကြသည်။ နှုတ်ဆိတ်ခြင်းသည် အကောင်းဆုံး ဆွဲဆောင်မှုဟု မန်ဆူ တွေးလိုက်သည်။ ရင်ထဲမှာ တထိတ်ထိတ်။

"ခင်ဗျားပဲ စာအုပ်လိုချင်တယ်ဆို"

အံ့ဩစရာ။ သူမ သဘောတူသွားသည်။ မိန်းကလေးသည် ကားနောက်ခုံတွင် ထိုင်၏။ မှန်ထဲမှာ မန်ဆူကို မြင်နိုင်သည့်အနေအထား။

"ကားက ကောင်းတယ်နော်၊ ရှင့်ကားလား"

"ဟုတ်တယ်၊ ဒါပေမဲ့ သိပ်တော့ မကောင်းပါဘူး"

ကဘူးလ်မြို့ လမ်းတွေပေါ်မှာ ရည်ရွယ်ချက်မဲ့စွာ လျှောက်မောင်း၏။ သူ့မှာ စာအုပ်ရှိသည် မဟုတ်။ အိမ်မှာလည်း အဘွားနှင့် အဒေါ်တွေ အားလုံး ရှိနေကြသည်။ သူ အရဲစွန့်ပြီး မိန်းကလေး၏ မျက်နှာကို မြင်လိုကြောင်း ပြောလိုက်၏။ သူမ စက္ကန့်ပိုင်းလောက် ငြိမ်လျက်သား ထိုင်နေပြီးမှ ခေါင်းမြီးခြုံဝတ်ရုံ၏ ရှေ့ပိုင်းအစကို ပင့်တင်ပြီး မှန်ထဲမှ မန်ဆူ့အကြည့်ကို ဖမ်းစားထားလိုက်သည်။ ဤသည်ကို သူသိ၏။ သူမ အတော်လှတာပဲ။ နက်မှောင်သော မျက်ဝန်းရွဲကြီးများနှင့်။ သူ့ထက် နှစ်ပိုင်းလောက်တော့ အသက်ကြီးလိမ့်မည်။ ဓာတုဗေဒစာအုပ်ကို သူမ မေ့လျော့သွားအောင် အမျိုးမျိုး ကြိုးစားပြီး နောက် စားသောက်ဆိုင်တွင် နေ့လယ်စာ စားရန် သူ ဖိတ်ခေါ်လိုက်သည်။

ကားရပ်သည့်အခါ မာကိုပိုလို စားသောက်ဆိုင်ထဲသို့ဝင်ပြီး ကြက်ကင်၊ ခပတ်၊ အာဖဂန် ခေါက်ဆွဲနှင့် ဒံပေါက်တို့ကို မန်ဆူမှာလိုက်သည်။ အချိုပွဲအတွက်

ခွံမာသီး ပူတင်း။

နေ့လယ်စာ စားသောက်နေစဉ် သူမ ရယ်မောအောင်၊ သူမ ပျော်အောင် မန်ဆူကြိုးစားသည်။ စားသောက်ဆိုင်ထောင့်တွင် အခြား စားပွဲများကို ကျောပေးကာ သူမ ထိုင်သည်။ ခေါင်းမြီးခြုံ ဝတ်ရုံကို အထက်သို့ မတင်ထားလျက်။ အာဖဂန်အများစုလိုပင် ခားမကိုင်၊ ဇွန်း ခက်ရင်း မကိုင်ဘဲ သူမ လက်ဖြင့်စား၏။

သူမဘာဝအကြောင်း၊ မိသားစုအကြောင်း၊ ကျောင်းစာတွေအကြောင်း သူမပြောပြသော်လည်း မန်ဆူသည် မကြားတချက် ကြားတချက်။ သူ စိတ်ပူရ၏။ မိန်းကလေးတယောက်နှင့် ပထမဆုံး တွေ့ဆုံမှု။ လုံးဝ တရားမဝင်သော တွေ့ဆုံမှု။ စားသောက်ဆိုင်မှ ထွက်သွားသောအခါ စားပွဲထိုးများကို ဘောက်ဆူး မတန်တဆ ပေးလိုက်သဖြင့် မိန်းကလေး အံ့သြသွားသည်။ သူမသည် မချမ်းသာသော်လည်း အဆင်းရဲကြီးထဲက မဟုတ်သည်ကို ဝတ်ဆင်ထားသည့် အဝတ်အစားများ ကြည့်၍ မန်ဆူ အကဲဖြတ်လိုက်သည်။ စာအုပ်ဆိုင်သို့ သူ အပြေးအလွှား ပြန်ရမည်။

ခေါင်းမြီးခြုံသည် တက္ကစီတစီးပေါ်သို့ ခုန်တက်လိုက်၏။ တာလီဘန်လက်ထက်ကဆိုလျှင် ခရီးသည်ရော ယာဉ်မောင်းပါ ကြိမ်ဒဏ်၊ ထောင်ဒဏ် ကျခံရနိုင်၏။ စားသောက်ဆိုင်မှာ တွေ့ဖို့ ဆိုတာ ဖြစ်နိုင်ခြေမရှိ။ ဆွေမျိုးမတော်သည့် ယောကျာ်းနှင့် မိန်းမတို့ လမ်းပေါ်မှာ အတူ တွဲမလျှောက်ရ။ အခြေအနေများ ပြောင်းသွားသည်မှာ မန်ဆူအဖို့ ကံကောင်းစွ။ နောက်နေ့တွင် စာအုပ် ယူလာမည်ဟု သူ ကတိပေးလိုက်သည်။

နောက်နေ့တနေ့လုံး သူမ လာလျှင် ပြောရမည့်စကားများကို မန်ဆူ စဉ်းစား၏။ စာအုပ် ရောင်းသူမှ ဖြားယောင်းသူသို့ နည်းဗျူဟာ ပြောင်းရလိမ့်မည်။ အချစ်ဘာသာစကားနှင့် စပ်လျဉ်း၍ မန်ဆူ၏တခုတည်းသော အတွေ့အကြုံမှာ ပြဇာတ်ဆန်ဆန် တင်ပြရာတွင် တခန်းထက် တခန်း လွန်ကဲလာလေ့ရှိသည့် အိန္ဒိယနှင့် ပါကစ္စတန် ရုပ်ရှင်များကို ကြည့်ဖူးခြင်းသာဖြစ်သည်။ မင်းသားနှင့် မင်းသမီး မမျှော်လင့်ဘဲ ဆုံတွေ့၊ မုန်းလျက်နှင့် စိတ်ကစား၊ သစ္စာဖောက်၊ စိတ်ညစ်၊ နောက်ဆုံးတွင် ထာဝရတည်တံ့မည့် အချစ်၏ နှင်းဆီနီစကားလုံးများဖြင့် နိဂုံးချုပ်။ ချစ်သူ အရိုင်းလေးတယောက် အဖို့ အသုံးတည့်မည့် အသင့်ဖော်စပ်ပြီး ဆေးပါ။

ကောင်တာ စာအုပ်ပုံများအနီးမှာ ကျောင်းသူမလေးအား ချစ်ကြောင်းစကားတွေ ဘယ်လို ဖွင့်ဟရပါ့ဟု မန်ဆူ တွေးနေလေသည်။

"မနေ့က လူချင်းခွဲသွားတဲ့အချိန်ကစပြီး မင်းအကြောင်းပဲ တွေးနေမိတယ်၊ မင်းနှင့် ပတ်သက်ပြီး ထူးခြားတာတခုခု ရှိနေတယ်ဆိုတာ ကိုယ်သိတယ်၊ မင်းကို ကိုယ့်အတွက် ဘုရားသခင်က ဖန်ဆင်းပေးထားတာပါ၊ မင်းဟာ ကိုယ့်ရဲ့ဘဝပါ"

ထိုစကားများကို သူမ ကြားလျှင် ဖရဏာပီတိ ဂွမ်းဆီထိသွားမှာ အသေအချာ။ သူမ၏ မျက်လုံးများကို သူ စိုက်ကြည့်နေလိုက်သည်။ သူမ၏လက်ကို ဖမ်းဆွဲလိုက်တာမျိုးလည်း ဖြစ်နိုင်သည်။

"မင်းနှင့်အတူ ကိုယ်တယောက်တည်းပဲ ဖြစ်ရမယ်၊ မင်းတကိုယ်လုံးကို ကိုယ် သိမ်းကျုံး ကြည့်နေချင်တယ်၊ မင်းရဲ့မျက်လုံးတွေထဲမှာ ကိုယ် နစ်မွန်းနေချင်တယ်" ဟု သူ ပြောလိုက်လိမ့်မည်။ ဒါမှမဟုတ် သူ နည်းနည်းလေးလောက် လျှော့လျှော့ပေါ့ပေါ့ ပြောကောင်း ပြောနိုင်သည်။

"ကိုယ် အများကြီး မတောင်းဆိုပါဘူးကွယ်၊ မင်းမှာ တခြားကိစ္စ မရှိတဲ့အခါ ကိုယ့်ဆီကို လမ်းကြုံလှည့်ဝင်ရုံလေးပါ၊ မလာချင်ဘူးဆိုလည်း ကိုယ် နားလည်ပေးရမှာပေါ့၊ ဒါပေမဲ့ တပတ် တကြိမ်လောက်တော့ ဖြစ်နိုင်ကောင်းရဲ့ မဟုတ်လားဟင်"

ကတိတချို့ကို ပေးကောင်းလည်း ပေးလိမ့်မည်။

"ကိုယ် ဆယ့်ရှစ်နှစ် ပြည့်တဲ့အခါ လက်ထပ်ကြမယ်နော်"

သူသည် အဖိုးထိုက် အဖိုးတန် ကားကြီးနှင့် မန်ဆူ၊ အပျံစားဆိုင်နှင့် မန်ဆူ၊ မတန်တဆ ဘောက်ဆူးတွေပေးသည့် မန်ဆူ၊ အနောက်တိုင်းဝတ်စုံနှင့် မန်ဆူ ဖြစ်နေရမည်။ ဘဝကို သူနှင့်အတူ ဦးဆောင်ဖို့ သူမအား သိမ်းသွင်းရမည်။

"မင်းကို ပန်းခြံပါတဲ့ အိမ်အကြီးကြီးမှာ အစေခံတွေ တလှေကြီးနှင့် ထားမယ်၊ ပြီးတော့ နိုင်ငံခြားကိုလည်း အပျော်ခရီး ထွက်ကြမယ်လေ"

ထို့ပြင် သူမကို သူမ သီးသန့်ဖြစ်ကြောင်း၊ လက်ရွေးစင်ဖြစ်ကြောင်း၊ သူ့အတွက် မည်မျှ အရေးပါကြောင်း သတိပြုမိအောင် သူ လုပ်ရမည်။

"မင်းတယောက်တည်းကိုသာ ကိုယ် ချစ်တာပါ၊ မင်းမျက်နှာလေးကို မမြင်ရတဲ့အခါ ကိုယ်လေ စက္ကန့်တိုင်း စိတ်ဆင်းရဲနေရတယ်ဆိုတာ သိရဲ့လားဟင်"

အကယ်၍ သူ့ဆန္ဒကို သူမ မလိုက်လျောနိုင်လျှင် သူ ပိုပြီး ပြဇာတ် ဆန်ပြရမည်။

"မင်း ကိုယ့်ကို စွန့်ခွာသွားမယ်ဆိုရင်လေ ကိုယ့်ကို အရင်သတ်ပြီးမှ သွားပါကွယ်၊ အဲသလိုမှ မဟုတ်ရင် တလောကလုံးကို ကိုယ် အပူတိုက်မိမှာကွယ့်"

သို့သော် ကျောင်းသူမလေးသည် ခြေရာပျောက်နေတော့ပြီ။ နောက်ရက် နောက်ရက် များတွင်လည်း ကိုယ်ထင်ပြမလာခဲ့။ မန်ဆူ စိတ်ဓာတ်ကျလာ၏။ ငါ့ကို

မကြိုက်လို့များလား။ ဟိုနေ့က မိဘတွေများ တွေ့သွားရော့သလား။ အပြင်ထွက်ခွင့် မရလို့လား။ တယောက်ယောက် ကများ ကိုယ့်ထမင်း ကိုယ်စားပြီး ဖော်ကောင် လုပ်လိုက်သလား။ ဘယ်သူများလဲ။ အိမ်နီးချင်းထဲကလား၊ ဆွေမျိုးထဲကလား။ ပြောတဲ့လူက မဟုတ်တမ်းတရမ်းတွေများ ပြောလိုက်သလား။

တုတ်ကောက်နှင့် ဦးပေါင်းထုပ်ကြီးနှင့် အသက်ကြီးကြီး လူကြီးတယောက်က မန်ဆူ၏ လှိုင်းတံပိုးထန်နေသော အတွေးများကို ဖြတ်တောက်ပစ်လိုက်သည်။ ဘာသာရေး စာအုပ်တအုပ်ကို မေးခြင်းဖြစ်၏။

မန်ဆူသည် စာအုပ်ကိုရှာပြီး ကောင်တာပေါ်သို့ စိတ်တိုစွာ ပစ်ချလိုက်၏။ သူ ဖြားယောင်းသူ မန်ဆူ မဟုတ်တော့။ စာအုပ်ဆိုင်ပိုင်ရှင်၏သား နှင်းဆီနီအိပ်မက်များနှင့် မန်ဆူ ဖြစ်သွားပြီ။

ကျောင်းသူမလေးကို သူ နေ့တိုင်း စောင့်ပါသည်။ သူမ ပေါ်မလာဘဲ ဆိုင်ပိတ် အိမ်ပြန်ရသည်မှာလည်း နေ့တိုင်းပင်။ ဆိုင်ထိုင်ရသည့်အချိန်များက တိုးလို့သာ စိတ်ခာတ် ကျစေတော့၏။

စူလတန်နှစ်စာအုပ်ဆိုင်ရှိသည့် လမ်းထဲတွင် စာရေးကိရိယာဆိုင်၊ စာအုပ်ချုပ်ဆိုင်၊ မိတ္တူဆိုင် များလည်း ရှိသည်။

ဤလို ဆိုင်မျိုးတဆိုင်တွင် ရာဟီ မူလာ အလုပ်လုပ်သည်။ တခါတရံ မန်ချူထံ သူ လာပြီး လက်ဖက်ရည်သောက်၊ စကားစမြည် ပြောတတ်သည်။

ဤတကြိမ်တော့ ခံစားချက်များကို ရင်ဖွင့်ဖို့ ရာဟီမူလာထံသို့ မန်ဆူ သွား၏။ သူ ပြောပြတော့ ရာဟီမူလာ ဟားတိုက်ရယ်လေသည်။

“ကျောင်းသူကို သွားမကြံနှင့်ကွ၊ သူတို့က သန့်သန့်ရှင်းရှင်းလေးတွေ၊ ပိုက်ဆံလိုတဲ့ တယောက်ယောက်ကို ကြံရတယ်၊ သူတောင်းစားမလေးတွေက အလွယ်ဆုံးပဲ၊ သူတို့ထဲက တချို့ဟာ သိပ်မဆိုးကြဘူး၊ ဒါမှမဟုတ်ရင် ကုလသမဂ္ဂက ဂျုံနှင့် ဆီဝေတဲ့နေရာကို သွားကွာ၊ အဲဒီမှာ မုဆိုးမ ငယ်ငယ်ရွယ်ရွယ်လေးတွေ အများကြီးပဲကွ”

မန်ဆူ အံ့သြပြီး ပါးစပ်အဟောင်းသား ဖြစ်သွား။

ရာဟီမူလာပြောသည့် ရိက္ခာဖြန့်ဝေသောနေရာကို မန်ဆူ သိသည်။ အဓိကအားဖြင့် စစ်ကြောင့် မုဆိုးမဖြစ်ရသူများနှင့် ကလေးသူငယ်များအား ရိက္ခာ ဖြန့်ဝေပေးသည့်နေရာ။ ရိက္ခာကို လတိုင်း ထုတ်ပေးပြီး တချို့က ရိက္ခာ တချို့တဝက်ကို ရောင်းပစ်ကြ၏။

"အဲဒီကိုသွားပြီး ငယ်ပုံရတဲ့ တယောက်ကိုရှာ၊ အဲဒီကောင်မလေးဆီက ဆီတပုလင်း ဝယ်ပြီး ဒီကိုလာခဲ့ဖို့ ပြော၊ ငါတော့ မင်း ငါ့ဆိုင်ကိုလာရင် အကူအညီ ပေးမယ်လို့ ပြောတာချည်းပဲကွ၊ သူတို့ ရောက်လာရင် ပိုက်ဆံ နည်းနည်းပေးပြီး နောက်ဖေးခန်းကို ခေါ်သွားလိုက်တာပဲ၊ သူတို့က ရောက်လာရင်လည်း ခေါင်းမြီးခြုံနှင့်၊ ပြန်သွားရင်လည်း ခေါင်းမြီးခြုံနှင့်၊ ဘယ်သူမှ ယုန်ထင် ကြောင်ထင် မထင်ကြဘူး၊ ငါလိုချင်တာ ငါရတယ်၊ သူတို့က ကလေးတွေအတွက် ပိုက်ဆံ ရတယ်"

မန်ဆူက ရာဟီမူလာအား မယုံနိုင်စွာ ကြည့်သည်။

ရာဟီမူလာက နောက်ဖေးခန်းတံခါးကို ဖွင့်ပြ၏။ ကိုးပေပတ်လည် အခန်းလေး။ ကြမ်းပြင်ပေါ်တွင် ဖိနင်းသွားကြသဖြင့် ပြားချပ်ညစ်ပတ်နေသည့် ကတ်ထူပုံးများ။ ယင်းတို့အပေါ်တွင် အမှောင်ရိပ်ကျလျက်။

"သူတို့ အော်လို့လည်း မဖြစ်ဘူးလေ၊ အော်ရင် သူတို့ပဲ အပြစ်ရောက်မှာ၊ အုတ်အော်သောင်းတင်း ဖြစ်လိုက်တယ်ဟေ့ ဆိုတာနှင့် သူတို့ဘဝပဲ ပျက်စီးသွားမှာကွ၊ မုဆိုးမတွေ ဆိုရင်တော့ လွယ်တယ်"

မန်ဆူ မယုံကြည်နိုင်။ သည်လောက် လွယ်ပါ့မလား။

ထိုနေ့ညနေမှာပင် ရိက္ခာဖြန့်ဝေသည့်နေရာသို့ မန်ဆူ သွားပြီး အပြာရောင် ခေါင်းမြီးခြုံများ အနားမှာ ရပ်နေစဉ် ရာဟီမူလာ ပြောသလောက် မလွယ်ကြောင်း သိလိုက်သည်။

သူ ဆီတပုလင်း ဝယ်လိုက်၏။ သို့သော် ဆီရောင်းသည့်လက်များက ကြမ်းထော်ထော်။ အနီးဝန်းကျင်ကို ကြည့်သော်လည်း ဆင်းရဲခြင်းကိုသာ မြင်သည်။ ဆီပုလင်းကို ကားနောက်ခန်းထဲ ပစ်သွင်းပြီး ကားမောင်းထွက်လာလိုက်သည်။

ဘောလီးဝုဒ်မှ စကားလုံးများအား လေ့လာမှုကို သူ စွန့်လွှတ်လိုက်ပြီ။ တနေ့နေ့မှာ အသုံးဝင်လာလိမ့်မည်ဟုတော့ ထင်သည်။ ဆိုင်ထဲသို့ မိန်းကလေးတဦး ဝင်လာပြီး အင်္ဂလိပ် အဘိဓာန်စာအုပ် မေး၏။ သူ၏ မျက်နှာထားကို မန်ဆူ အကောင်းဆုံး ပြုပြင်လိုက်သည်။ သူမသည် ယခုမှ အင်္ဂလိပ်စာကို စတင် သင်ယူမည့်သူဖြစ်ကြောင်း သူ သိလိုက်ရသဖြင့် သူ့အကူအညီကို ကမ်းလှမ်းလိုက်၏။

"ဆိုင်ကို စာအုပ်ဝယ်သူတွေ အများကြီး မလာဘူး၊ မင်း သင်ခန်းစာတွေကို အစ်ကို ကြည့်ပေးမယ်လေ"

သို့သော် မိန်းကလေးသည် စုပ်စမြုပ်စ ပျောက်သွား၏။

“ငါ့နှလုံးသားတော့ ညစ်နွမ်းနေပြီကွာ”

သူ့ညီကို မန်ဆူ အတွင်းစကား ပြောသည်။ မိန်းကလေးတွေအကြောင်း မစဉ်းစားသင့်တော့ ဟု သူ နားလည်သွားသည်။

တနေ့၊ ရာဟီမူလာထံသို့ ရောက်သွားစဉ် မိန်းကလေးတဦး ဆိုင်ထဲသို့ ဝင်လာသည်။ အသက် ဆယ့်နှစ်နှစ်လောက် ရှိမည်။ ဆယ့်လေးနှစ်လည်း ဖြစ်နိုင်သည်။

သူတို့ဆီသို့ ညစ်ပေနေသော လက်ကလေးတဖက်ကို ဆန့်တန်းပြီး လက်ဖြန့်တောင်း၏။ သူမ၏ဦးခေါင်းပေါ်တွင် အပွင့်နီနီများ ပါသော ညစ်ထေးနေသည့် အဖြူရောင် ရှောစောင်တထည်။

မိန်းကလေးသည် ငယ်လွန်းလှသဖြင့် ခေါင်းမြီး မခြုံသင့်သေး။ အပျိုဘော်ဝင်မှ ခေါင်းမြီး ခြုံကြရသည်။

ဆိုင်များသို့ သူတောင်းစားများ မကြာ မကြာ ရောက်လာလေ့ ရှိကြ၏။ မန်ဆူကတော့ မောင်းထုတ်လိုက်တာချည်းပဲ။ သို့သော် ရာဟီမူလာက ကလေးဆန်သည့် အသည်းပုံ မျက်နှာလေးကို စိုက်ကြည့်ပြီး အိတ်ထဲမှ ငွေစက္ကူ ဆယ်ရွက်ကို ထုတ်ယူလိုက်၏။ သူတောင်းစားမလေးက ငွေစက္ကူများကို တအံ့တသြကြည့်ပြီး အငမ်းမရ လှမ်းဆွဲသည်။ သို့သော် ရာဟီမူလာက သူ့လက်ကို ပြန်ရုပ်လိုက်၏။

“ဘယ်ဟာမှ အလကား မရဘူးနော်”

မိန်းကလေး၏လက် ရပ်တန့်သွားသည်။ ရာဟီမူလာက သူမထံ ငွေစက္ကူနှစ်ရွက် ကမ်းပေးလိုက်သည်။

“ရေသွားချိုးလိုက်ဦး၊ ပြန်လာမှ ကျန်တဲ့ပိုက်ဆံ ပေးမယ်”

မိန်းကလေးသည် ပိုက်ဆံနှစ်ရွက်ကို အင်္ကျီအိတ်ထဲသို့ အလျင်အမြန် ထည့်ပြီးနောက် မျက်နှာကို ညစ်ထပ်ထပ် ရှောစောင်နောက်တွင် ဝှက်ကွယ်ထားကာ တဖက်တည်းသော မျက်လုံးဖြင့် ရာဟီမူလာကို ကြည့်၏။ ပါးတဖက်ပေါ်တွင် အမာရွတ်တချို့၊ နဖူးပေါ်တွင် ဖြုတ်ကိုက်ရာများ။ သူမ ချာခနဲ လှည့်ထွက်သွားသည်။ သွယ်လျလျ ခန္ဓာကိုယ်ကလေးသည် ကဘူးလ်မြို့ လမ်းတွေပေါ်မှာ ပျောက်ကွယ်သွား၏။

နာရီပိုင်းမျှကြာပြီးနောက် သူမ ပြန်လာသည်။ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ဖြစ်သွားပြီ။

“အို သောက်ရမ်း လှသွားတာပဲ”

ရာဟီမူလာ ပြော၏။ သို့သော် မိန်းကလေးသည် စောစောတုန်းက ညစ်ပေနေသည့် အဝတ်အစားကိုပင် ပြန်ဝတ်ထား၏။

“လာ နောက်ဖေးခန်းကို ငါနှင့် လိုက်ခဲ့၊ ကျန်တဲ့ ပိုက်ဆံ ပေးမယ်”

မန်ဆူ စိတ် မသက်မသာ ဖြစ်ကျန်ခဲ့သည်။ ပြန်သွားရကောင်းမလား။ ချက်ချင်း ရာဟီမူလာ ပြန်ထွက်လာ၏။

“အဲဒါ မင်းအတွက်ကွ”

မန်ဆူကို သူပြော၏။

မန်ဆူ နေရာမှာပင် တကိုယ်လုံး အေးစက်သွားပြီး ရာဟီမူလာကို လှမ်းကြည့်သည်။ ထို့နောက် နောက်ဖေးခန်းတံခါး။ ထို့နောက် ဆိုင်မှ တဟုန်ထိုး ပြေးထွက်သွား၏။

အလို့ထံမှ ဆင့်ခေါ်ချက်

သူ ရက်ပေါင်းများစွာ စိတ်ဆင်းရဲနေသည်။ ခွင့်မလွှတ်နိုင်ဟု သူထင်သည်။ ခွင့်မလွှတ်နိုင်။ ဆေးကြောသန့်စင်ဖို့ ကြိုးစားသော်လည်း မည်သည်ကမျှ အထောက်အကူမပြု။ ဝတ်ပြု ဆုတောင်းဖို့ ကြိုးစားသော်လည်း အရာမထင်။ ကိုရန်ကျမ်းထဲမှာ ရှာကြည့်သည်။ ဗလီတက်သည်။ သို့သော် ညစ်နွမ်းနေသည်ဟု ခံစားနေရဆဲ။ ယခုတလော မသန့်ရှင်းသည့်အတွေးများက သူ့အား အကျင့်တန်သူတယောက်အဖြစ်သို့ ကျရောက်စေ၏။ သူ့အား ဘုရားသခင် ဒဏ်ခတ်လိမ့်မည်။

ကိုယ်ပြုသမျှ ကံသည် ကိုယ့်ထံသို့သာ ပြန်ရောက်လာမည်ဟု သူ တွေး၏။ ကလေး တယောက်။ ကလေးတယောက်ကို အကြောင်းပြု၍ ငါ ကျင့်ဝတ်ပျက်ပြားခဲ့သည်။ ငါ့ကြောင့် ကောင်မလေးကို သူ စော်ကားသည်။ ငါလုပ်တာ ဘာမှမရှိ။

ကာလတခု လွန်မြောက်ပြီးနောက် သူတောင်းစား ကောင်မလေးအား သတိရမှု မှေးမှိန်သွားချိန်တွင် စက်ဆုပ်ရွံရှာမှုသည် လောကကြီးကို စိတ်ကုန်သည့်အဖြစ်သို့ရောက်သွားသည်။ ဘဝကို ငြီးငွေ့သည်။ လုပ်ရိုးလုပ်စဉ်တွေ၊ ဗျာများရတာတွေ။ လူတိုင်းအပေါ် သူ စိတ်တိုလာသည်။ အဖေ့ကိုလည်း စိတ်ဆိုးသည်။

ငါ အသက် ၁၇ နှစ် ရှိပြီ ဟု သူ တွေး၏။ ဘဝက စမှ စရသေးခင် ကုန်လွန်သွားပြီ။

စားပွဲပေါ်တွင် လက်ထောက် ခေါင်းငုံ့ရင်း သုန်မှုန်သောမျက်နှာဖြင့် ကောင်တာနောက်မှာ သူ ထိုင်နေ၏။ အစ္စလာမ်ဘာသာ၊ တမန်တော် မိုဟာမက်၊ ကိုရန်ကျမ်း၏ ကျော်ကြားသော ရှင်းလင်းချက်များ စာအုပ်များကို သူ ဝေ့ကြည့်လိုက်၏။ အာဖဂန် နတ်သမီးပုံပြင်များ၊ အာဖဂန် ဘုရင်များနှင့် နိုင်ငံ့ဦးသျှောင်များ၏ အတ္တုပ္ပတ္တိများ၊ ဗြိတိသျှကို ဆန့်ကျင်တိုက်ခိုက်သည့် စစ်ပွဲများ အကြောင်း၊ အဖိုးတန် အာဖဂန် ကျောက်မျက်များအကြောင်း၊ အာဖဂန် ပန်းထိုးအတတ်၊ အဖိုးတန် အာဖဂန် ဓလေ့ထုံးတမ်းများ အစရှိသည့် စာအုပ်များကို သူ မြင်သည်။ ထိုစာအုပ်များကို မျက်မှောင်ကြုတ်ကြည့်ပြီး စားပွဲပေါ်တွင် လက်သီးကို ထုချလိုက်၏။

ဘာဖြစ်လို့ အာဖဂန်တယောက်အဖြစ် ငါ့ကို မွေးဖွားခဲ့တာလဲ။ အာဖဂန်

ဖြစ်ရတာ ငါ မုန်းတယ်။ ဒီခေါင်းမာတဲ့ ခလေ့ထုံးတမ်းတွေ အားလုံး ငါ့ကို အမှည့်ခြွေ ခြွေနေပြီ။ ဒီဟာကို လေးစားပါ၊ ဟိုဟာကို လေးစားပါနှင့်။ ငါ့မှာ လွတ်လပ်မှု မရှိဘူး။ ဘာကိုမှ ငါ မဆုံးဖြတ်နိုင်ဘူး။ စူလတန်ဟာ စာအုပ် ရောင်းရငွေတွေကို ရေတွက်ဖို့သာ စိတ်ဝင်စားတယ် ဟု သူ တွေးသည်။

"သူ့ကို စာအုပ်တွေနှင့် သွတ်ထားလို့ ရတယ်" ဟု လေသံဖြင့် ပြောသည်ကို မည်သူမျှ မကြားဘူးဟု သူ မျှော်လင့်သည်။ ဘုရားသခင်နှင့် တမန်တော်ပြီးလျှင် "ဖခင်" သည် အာဖဂန် လူမှု အစဉ်အတွင်း အရေးကြီးဆုံးပုဂ္ဂိုလ် ဖြစ်သည်။ သူ့ကို ဆန့်ကျင်ဖို့ မဖြစ်နိုင်။ အဒေါ်များ၊ နှမများ၊ မိခင်၊ ညီများနှင့် မန်ဆူ အချင်းများသည်။ သူတို့ကို မထီမဲ့မြင် ပြုသည်။ သို့သော် ဖခင်နှင့်မူ ဤသို့သောကိစ္စများ မပေါ်ပေါက်ခဲ့။

ငါဟာ ကျွန်တယောက်ပဲ ဟု သူ တွေး၏။ ထမင်းစားရဖို့၊ နေထိုင်ရဖို့နှင့် အဝတ် ဝတ်ရဖို့ အတွက် ငါ့ကို အလုပ်လုပ်ခိုင်းတယ်။

မန်ဆူ အလုပ်ချင်ဆုံးအလုပ်မှာ စာသင်ဖို့ဖြစ်သည်။ ပါကစ္စတန်မှ သူငယ်ချင်းများနှင့် ပါကစ္စတန်မှာ နေထိုင်ခဲ့ရသည့်ဘဝကို သူ လွမ်း၏။ သည်မှာတော့ အပေါင်းအသင်း ထားဖို့ အချိန် မရှိ။ သူ့မှာရှိသည့် တယောက်သောသူငယ်ချင်း ရာဟီမူလာကိုလည်း ထပ်မံ မတွေ့လိုတော့။

အာဖဂန် နှစ်သစ်ကူးမတိုင်မီ။ တတိုင်းပြည်လုံးအနှံ့ ပွဲလမ်းများ ကျင်းပရန် စီစဉ်ထားသည်။ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်းမှာ ပွဲလမ်းများ ကျင်းပခြင်းကို တာလီဘန်က တားမြစ်ထားခဲ့။ နှစ်သစ်ကူးပွဲသည် မိစ္ဆာဒိဋ္ဌိ အခမ်းအနား၊ နေကို ရှိခိုးသည့်ပွဲဟု သူတို့က ယူဆ၏။ အဘယ်ကြောင့်ဆိုသော် ခြောက်ရာစု ဘီစီအတွင်း ပါးရှားနိုင်ငံတွင် ပေါ်ပေါက်သည့် မီးကို ရှိခိုးသော ဇိုရိုအက်ထရီယန် ဘာသာတွင် အရင်းခံသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မဇာရီရှရစ်ရှိ အလီ၏ အုတ်ဂူသို့ သွားရောက်သည့် ဝတ်ပြုခရီးကိုလည်း တာလီဘန်က ပိတ်ပင်သည်။ မိမိတို့၏ အပြစ်ကို ဆေးကြောသန့်စင်ရန်၊ ခွင့်လွှတ်စေကြောင်း တောင်းပန်ရန်၊ အနာရောဂါ ပျောက်ကင်း ချမ်းသာစေရန် နှင့် အာဖဂန် ပြက္ခဒိန်အရ မတ်လ ၂၁ ရက် (နေ့တာနှင့် ညတာ ညီမျှသော နွေဦး) မှ စတင်သည့် နှစ်သစ်ကို ကြိုဆိုရန်အလို့ငှာ ရာစု နှစ်ပေါင်းများစွာတိုင်အောင် အလီ၏အုတ်ဂူသို့ သွားရောက်ကာ ဝတ်ပြုခဲ့ကြသည်။

အလီသည် တမန်တော် မိုဟာမက်၏ ဝမ်းကွဲ ညီအစ်ကိုတော်နှင့် သမက်ဖြစ်ပြီး စတုတ္ထမြောက် ခါလစ်ဖြစ်၏။ ရှီယာမွတ်စလင်များနှင့် ဆွန်နီမွတ်စလင်များကြား ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ပေါ်ပေါက်လာရသည့် အရင်းခံပုဂ္ဂိုလ်မှာ အလီ ဖြစ်သည်။ ရှီယာမွတ်စလင်များအဖို့ အလီသည် ဆက်ခံမှုအစဉ်တွင် ဒုတိယမြောက်ဖြစ်ကာ ဆွန်နီမွတ်စလင်များအဖို့ကား

စတုတ္ထမြောက် ဖြစ်သည်။ သို့သော် မန်ဆူနှင့် အာဖဂန်အများစုလို ဆွန်နီမွတ်စလင်များအတွက်ပင်လျှင် အလီသည် စူလတန်၏ သူရဲကောင်းတဦး ဖြစ်နေ၏။ ဓားကိုင်ထားသော စစ်သည် ရဲမက်တဦး ဖြစ်ကြောင်း၊ ကူဖာမြို့တွင် သတ်ဖြတ်ခြင်း ခံခဲ့ရကြောင်း သမိုင်းအဆို ရှိ၏။ ၆၆၁ ခုနှစ်။ သမိုင်းဆရာ အများစု၏ အဆိုအရ အီရတ်နိုင်ငံ နာဂျက်မြို့တွင် အလီ၏အလောင်းကို သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။ သို့သော် သူ့အလောင်းအား ရန်သူများ ဖျက်ဆီးပစ်မည်ကို စိုးရိမ်သည့် နောက်လိုက်နောက်ပါများက အလောင်းကို မြှုပ်နှံထားသည့်နေရာမှ ပြန်ဖော်ခဲ့သည်ဟု အာဖဂန် အများစုက ခံယူထားကြသည်။ နောက်လိုက်နောက်ပါများသည် အလောင်းကို အဖြူရောင် ကုလားအုတ်မတကောင်၏ ကျောပေါ်တွင် ကြိုးဖြင့် မြဲမြံစွာ တုပ်နှောင်လျက် ပြေးနိုင်သလောက် ပြေးစေပြီး ကုလားအုတ်မ လဲကျသည့်နေရာတွင် အလောင်းကို မြှုပ်နှံလိုက်ကြသည်။ ထိုနေရာသည် ဒဏ္ဍာရီအရ နောင်တွင် မဇာရီရှရစ် (မြင့်မြတ်သူ၏သင်္ချိုင်း) ဟု ခေါ်တွင်သည့် နေရာဖြစ်ကြောင်း သိရသည်။

ထိုနေရာကို နှစ်ပေါင်း ငါးရာတိုင်တိုင် ကျောက်တုံးလေးတတုံးဖြင့်သာ အမှတ်အသား ပြုထားခဲ့ရာမှ ဆယ့်နှစ် ရာစုနှစ်အတွင်း အိပ်မက်ထဲတွင် ဒေသခံ ဘာသာရေးဆရာတဦးထံ အလီ ရောက်လာပြီးနောက်တွင် အုတ်ဂူငယ်လေးတခုကို တည်ဆောက်ခဲ့ကြသည်။ ထို့နောက် အုတ်ဂူ ရှိရာသို့ ဂျင်ဂစ်ခန် ရောက်လာပြီး အုတ်ဂူကို ဖျက်ဆီးပစ်လိုက်ရာ အမှတ်အသား တစုံတရာ မရှိဘဲ ရာစုနှစ် များစွာ ကြာညောင်းခဲ့၏။ ဆယ့်ငါးရာစု အစပိုင်းတွင် အလီ အုတ်ဂူ အပြိုအပျက်များဟု အာဖဂန်တို့ ယုံကြည်သည့်နေရာတွင် ဂူဗိမာန် အသစ်တခုကို တည်ဆောက်လိုက်ကြရာ ယင်းသည် ယခုလက်ရှိ ဂူဗိမာန်ဖြစ်ပြီး နောင်အခါတွင် ယင်း၏ဘေးရှိ ဗလီတခုကို ထပ်မံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မန်ဆူသည် ဝတ်ပြုခရီး ထွက်ရန် ဆုံးဖြတ်လိုက်၏။ သူ တွေးနေခဲ့တာကြာပြီ။ စာအုပ်ဆိုင်တွင် အလုပ်ဆင်းဖို့ ရက်များစွာ ပျက်ကွက်မည်ဖြစ်သည့်အတွက် စူလတန့် ခွင့်ပြုချက်ကို တောင်းရန်သာ လိုတော့၏။

ခရီးသွားဖော်တယောက်ကိုပင် ရထားပြီ။ မန်သူ့ထံတွင် မကြာမကြာ စာအုပ်လာဝယ်လေ့ ရှိသည့် အီရန်လူမျိုး ဂျာနယ်လစ်တယောက်။

သို့သော် စူလတန်က ခွင့်မပြုချေ။ ဆိုင်မှာ မန်ဆူ မရှိလျှင် စူလတန်တယောက်တည်းနှင့် မဖြစ်။ မန်ဆူ ကတ်တလောက် သွင်းဖို့ရှိသည်၊ စာအုပ်စင်အသစ်များ လုပ်မည့် လက်သမားများကို ကြီးကြပ်ရမည်၊ စာအုပ်များ ရောင်းရမည်ဟု စူလတန် ပြောသည်။ သူက တခြားလူကို မဆိုထားနှင့် ယောက်ဖလောင်း ရာဆူးကိုပင် မယုံကြည်ချေ။

မန်ဆူ ဒေါသတွေ အလိပ်လိုက် တက်လာ၏။ အဖေ့ထံ ခွင့်တောင်းရမှာ ကြောက်သောကြောင့် ခရီးမထွက်မီ တညမှပင် မန်ဆူ ပြောဖြစ်ခြင်း ဖြစ်သည်။ သို့သော် မဖြစ်နိုင်သည့်ကိစ္စ။

မန်ဆူက တကျည်ကျည်ဖြင့် နားပူနားဆာလုပ်သည်။ သူ့အဖေက ဘူးတလုံး ဆောင်ထား၏။

"မင်းဟာ ငါ့သား၊ ငါပြောတာကို နားထောင်ရင် ကောင်းမယ်၊ ဆိုင်မှာ မင်းမရှိလို့ ဖြစ်တာ မဟုတ်ဘူး"

"စာအုပ်တွေ စာအုပ်တွေ၊ ပိုက်ဆံတွေ ပိုက်ဆံတွေ၊ အဖေ့ခေါင်းထဲမှာ ပိုက်ဆံတွေပဲ ရှိတယ်၊ ကျွန်တော့်ကို အာဖဂန်နစ္စတန်အကြောင်း စာအုပ်တွေ အဖေ ရောင်းခိုင်းတယ်၊ ဒီတိုင်းပြည် အကြောင်းတော့ ကျွန်တော် ဘာမှသိတာ မဟုတ်ဘူး၊ ကဘူးလ်မြို့ အပြင်ဘက်တောင် မရောက်ဖူးဘူး"

နောက်တနေ့ နံနက်တွင် အီရန်လူမျိုး ခရီး ထွက်ခွာလိမ့်မည်။ မန်ဆူသည် သူ့အဖေကို စိတ်တိုနေ၏။ အဖေ့အား စာအုပ်ဆိုင်သို့ ကားမောင်းပို့ရာတွင် စကားတလုံးမျှ မပြောချေ။ အဖေ့ဘက်က စကားရှိလျှင် သံပြတ်ဖြင့် ဖြေသည်။ အဖေ့အပေါ် မုန်းတီးစိတ်သည် သူ့ကိုယ်ထဲတွင် ဗလောင်ဆူနေတော့သည်။ သူ့အဖေက သူ့အား ကျောင်းထုတ်ပြီး စာအုပ်ချုပ်ဆိုင်မှာ ထိုင်ခိုင်းချိန်တွင် မန်ဆူသည် ဆယ်တန်းအောင်ရုံသာ ရှိသေး၏။ အထက်တန်းအထိ မအောင်မြင်ခဲ့။ သူ အခွင့်အရေးတခုခု တောင်းဆိုတိုင်း အဖေက ခေါင်းခါမြဲ။ သူ့ကို အဖေက ပေးတာ ကားတစီး ရှိ၏။ ဒါကလည်း အဖေ့ကို ဟိုဟိုသည်သည် လိုက်ပို့ပေးဖို့။ အဖေ ပေးတာ နောက်တခုက ဆိုင်စောင့်နတ်လို ဆိုင်ထိုင်ရသည့်တာဝန်။

"အဖေ သဘောကျသလို လုပ်ပါ၊ အဖေ ခိုင်းသမျှ ကျွန်တော် လုပ်ပေးမယ်၊ ကျေကျေနပ်နပ် လုပ်ရတယ်လို့တော့ မထင်နှင့်၊ ကျွန်တော်လုပ်ချင်တာကိုတော့ အဖေ ဘယ်တော့မှ ခွင့်မပြုဘူး၊ အဖေ ကျွန်တော့်ကို ပျက်စီးအောင် လုပ်နေတာ"

"မင်း နောက်နှစ်ကျရင် သွားပေါ့ကွ"

"မသွားဘူး၊ ဘယ်တော့မှ မသွားတော့ဘူး၊ ဘာအတွက်နှင့်မှ အဖေ့ဆီမှာ ခွင့်မတောင်းတော့ဘူး"

အလီ ဆင့်ခေါ်သူများသာ မဇာသို့ သွားရောက်နိုင်ကြသည်ဟု အဆိုရှိ၏။ ဘာကြောင့် အလီသည် သူ့ကို မဆင့်ခေါ်ချင်တာလဲ။ သူ့အတွေးတွေကပဲ ခွင့်လွှတ်လို့ မရအောင် ဖြစ်နေလို့လား။ သူ့အဖေကပဲ သူ့ကို အလီက ဆင့်ခေါ်နေတာကို မကြားလို့လား။

မန်ဆူ၏ ရန်လိုသောစကားများကြောင့် စူလတန် ကျောထဲမှာ စိမ့်သွားသည်။

အဖေနှင့် ညီနှစ်ယောက်အား သူတို့၏ စာအုပ်ဆိုင် အသီးသီးသို့ ကားမောင်းပို့ပေးပြီးနောက် မန်ဆူသည် သူ့စာအုပ်ဆိုင်ကို ဖွင့်ပြီး ဖုန်တက်နေသော စားပွဲနောက်တွင် ထိုင်ကာ ခြေချုပ်မိ အကျဉ်းကျနေသော သူ့ဘဝ၊ စာအုပ်များပေါ်မှ ဖုန်မှုန့်များဖြင့် ထွေးလုံးရစ်ပတ် ဖြစ်နေရသည့် သူ့ဘဝအကြောင်းကို တွေးနေမိ၏။

စာအုပ် ပို့ကုန် အသစ်တခု ရောက်ထားသည်။ အပြင်ပန်း ကြည့်ရုံဖြင့် ဘာစာအုပ်တွေ ဆိုတာ မှန်းဆကြည့်နိုင်သည်။ ရူမီ၏ကဗျာပေါင်းချုပ်။ ရူမီသည် သူ့အဖေ အနှစ်သက်ဆုံး ကဗျာစာဆို တယောက်။ လူသိအများဆုံး အာဖဂန် ဆူဖီတယောက်။ မဇာရီရှရစ်အနီး ဘော့လ်စ်တွင် ၁၂၀၀ ပြည့်လွန် ကာလများအတွင်း မွေးဖွားခဲ့သူ။ ကဗျာများသည် ဘုရားသခင်နှင့် နီးစပ်နိုင်ရန် အလို့ငှာ ကိုယ့်ကိုယ်ကိုယ် သန့်စင်ရေးအကြောင်း ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် မေ့ထားရန်၊ ကိုယ့်အတ္တကို မေ့ထားရန် ကဗျာများတွင် ဆွေးနွေးထားသည်။

“အတ္တသည် လူသားများနှင့် ဘုရားသခင်ကြားရှိ ဓာပဝါတခု ဖြစ်၏” ဟု ရူမီက ပြော၏။ ရူမီ၏ကဗျာများကို မန်ဆူ ဖတ်ကြည့်လေ အလို့ထံ အရောက်သွားဖို့ သန္နိဋ္ဌာန် ချမိလေ။

ရေက ညစ်ပတ်သူအား “ဒီကိုလာခဲ့” ဟု ပြောသည်။ ညစ်ပတ်သူက “ရှက်လွန်းလို့ မလာပါရစေနှင့်” တဲ့။

“ကျွန်ုပ်မပါဘဲ သင့်အရှက်ကို ဘယ်လို ဆေးကြောမလဲ” ဟု ရေက ပြန်ပြော၏။

ရေ (ဘုရားသခင်) နှင့် ရူမီတို့အားလုံး မန်ဆူကို စွန့်ခွာသွားကြပြီလား။ အီရန်လူမျိုးကတော့ ယခုအချိန်လောက်ဆိုလျှင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသည့် ဟိန္ဒူကွတ်ရှ် တောင်တန်းပေါ်သို့ ရောက်နေလောက်ပြီ။ မန်ဆူ တနေ့လုံး စိတ်တိုနေ၏။ နေဝင်ရီတရောအချိန်တွင် စာအုပ်ဆိုင်ပိတ်၊ အဖေနှင့် ညီနှစ်ယောက်ကို ကားဖြင့်ဝင်ခေါ်၊ အိမ်သို့ပို့၊ ထို့နောက် ထမင်းစား၊ ခပ်တုံးတုံး မိသားစုနှင့် တညတာ အဖော်ပြု။

မန်ဆူ ဆိုင်တံခါးပိတ်နေစဉ် အီရန်လူမျိုး ဂျာနယ်လစ် အက္ကဘာ ရုတ်တရက် ပေါ်လာသဖြင့် မန်ဆူ့စိတ်ထဲတွင် တစ္ဆေသရဲကို တွေ့သလို ဖြစ်သွားသည်။

“ခင်ဗျား မသွားဘူးလား” ဟု တအံ့တသြ မေး၏။

"သွားတယ်ကွ၊ ဒါပေမဲ့ ဆလန် ဥမင်လိုဏ်ခေါင်းက ဒီနေ့ ပိတ်ထားလို့ နက်ဖြန်မှ သွားကြည့်ရဦးမယ်၊ လမ်းမှာ မင်းအဖေနှင့်တွေ့လို့ မင်းကို ခေါ်သွားဖို့ ပြောတယ်၊ ငါ့အိမ်ကနေ မနက် ငါးနာရီ ထွက်ကြမယ်၊ အပြင်မထွက်ရအချိန် ပြီးပြီးချင်းပေါ့"

"အဖေက တကယ် ပြောသလား၊ ဒါဆို အလီက ကျွန်တော့်ကို ဆင့်ခေါ်နေလို့ပဲ"

ထိုညက အက္ကဘာနှင့်အတူ မန်ဆူ လိုက်အိပ်သည်။

အိပ်ရာမှ မနိုးမှာကို စိုး၍တကြောင်း၊ သူ့အဖေ စိတ်ပြောင်းသွားမည်ကို စိုး၍တကြောင်း ဖြစ်သည်။

နောက်တနေ့ နံနက် အရုဏ်မတက်မီ သူတို့ ခရီး စတင် ထွက်ခွာသွားကြ၏။ မန်ဆူ၏ တလုံးတည်းသောအိတ်ထဲတွင် Coke နှင့် Fanta ဘူးများ၊ ငှက်ပျောသီးနှင့် ကီဝီသီး အစာညှပ်ထားသည့် ဘီစကွတ်မုန့်များ ထည့်လာခဲ့သည်။ အက္ကဘာက မိတ်ဆွေတယောက်ကို ခေါ်လာ၏။ အားလုံး ပျော်နေကြသည်။ အိန္ဒိယ ရုပ်ရှင်သီချင်းများကို အသံကုန် ဟစ်အော်သီဆိုကြ။ မန်ဆူနှင့်အတူ အနောက်တိုင်း ကက်ဆက်ခွေတခု ပါလာခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များဆီက ခေတ်ပေါ်တေးများ။ "အချစ်ဆိုတာ ဘာလဲ ဘေဘီ၊ ငါ့ကို မနှိပ်စက်ပါနှင့်၊ ငါ့ကို မနှိပ်စက်ပါနှင့်တော့" ဆိုသော တေးသံသည် အေးမြသော နံနက်ခင်းတွင် ပဲ့တင်ထပ်လျက်။

ကားမောင်းသွား၍ နာရီဝက်မကြာခင်မှာပဲ Coke နှစ်ဘူးနှင့် ဘီစကွတ်တထုပ်ကို မန်ဆူ စားသောက်ပြီးပြီ။ သူ့စိတ်သည် လွတ်လပ်ပေါ့ပါးနေ၏။ အသံကုန် အော်ချင် ဟစ်ချင်နေသည်။ ဦးခေါင်းကို ပြတင်းအပြင်သို့ ထုတ်ထား၏။

"အူး... အလီ... အလီ... ဟောဒီမှာ ကျွန်တော် လာနေပြီ"

အရင်က တခါမျှ မတွေ့ဖူးသည့် ဒေသများကို သူတို့ ဖြတ်ကျော်လာခဲ့ကြ၏။ ကဘူးလ်မြို့ မြောက်ဘက်တွင် ကပ်လျက်မှာ ရှိမာလီ လွင်ပြင်။

အာဖဂန်နစ္စတန်တွင် စစ်ဒဏ်ကြောင့် ထောင်းလမောင်းထအောင် အကြေဆုံးဒေသ။ လွန်ခဲ့သော လပိုင်းကပင် ဤဒေသကို အမေရိကန် ဘီ ၅၂ လေယာဉ်များက ဗုံးကြဲခဲ့သေး၏။

"လှလိုက်တာ" မန်ဆူ အော်ပြောသည်။

အဝေးမှကြည့်လျှင် လွင်ပြင်သည် ဆီးနှင်းဖုံးလွှမ်းနေသော ဟိန္ဒူကွတ်ရှ်

မိုးထိ တောင်တန်းကြီးကို နောက်ခံထားလျက် တင့်တယ်လှပနေ၏။ ဟိန္ဒူကွတ်ရှ်၏ အဓိပ္ပာယ်မှာ "ဟိန္ဒူ လူသတ်သမား" တဲ့။ ကဘူးလ်မြို့သို့ စစ်ဆင်ရေးလာရောက်ပြုလုပ်သည့် အိန္ဒိယစစ်သား ထောင်ပေါင်းများစွာတို့ ဤတောင်တန်းပေါ်တွင် အအေးဒဏ်ကြောင့် သေဆုံးခဲ့ကြဖူးသည်။

လွင်ပြင်ထဲသို့ ဝင်သွားသည်နှင့် စစ်၏ရှုခင်းကို အထင်အရှား တွေ့ရ၏။ အိန္ဒိယ စစ်သားများနှင့် မတူသည်မှာ ဘီ ၅၂ တို့ကို ဟိန္ဒူကွတ်ရှ်က မတားဆီးနိုင်ခြင်းပါပဲ။ ဗုံးမှန်ထားသည့် တာလီဘန်၏စခန်းများကို ယခုထိ မရှင်းလင်းရသေး။ သူတို့၏အဆောက်အအုံများမှာ ဗုံးဒဏ် ခံရသဖြင့် တွင်းချိုင့်ကြီးတွေ ဖြစ်လိုဖြစ်၊ တခွင်တပြင်လုံးအနှံ့ ပြန့်ကျဲလိုပြန့်ကျဲ။

တာလီဘန်တယောက် အိပ်စက်နေစဉ် ကျည်ဆန်ထိမှန်ခံရသည်ဟု ယူဆရသည့် လမ်းဘေးရှိ တွန့်လိမ်ကောက်ကွေးနေသော သံခုတင်တလုံးပေါ်တွင် အရိုးစုတခု။

ကျည်ဆန်ရာတို့ဖြင့် ဆန်ခါပေါက် ဖြစ်နေသည့် မွေ့ရာတခုက အနီးအနားမှာ။

သို့သော် စခန်းအများစုမှာ လုယက်ခံရခြင်း ဖြစ်၏။ တာလီဘန် ပြေးပြီး နာရီပိုင်းမျှကြာရုံ ရှိသေးသည်တွင် ထိုနေရာများသို့ ဒေသခံများ ရောက်လာကြပြီး စစ်သားများ၏ မျက်နှာသစ် ကြွေခွက်များ၊ ခါတ်ငွေ့မီးအိမ်များ၊ ကော်ဇောများနှင့် မွေ့ရာများကို တတိ တတိဖြင့် ကွဲကြ ဝှက်ကြ။ ဆင်းရဲမှုကြောင့် အလောင်းကောင်များထံမှပင် ခိုးဝှက် ယူငင်ကြမည်မှာလည်း မုချ။ လမ်းဘေး သို့မဟုတ် သဲထဲရှိ အလောင်းများတွင် ငိုမည့်သူ မရှိချေ။ ငိုမည့်သူ မရှိသည်သာမက အလောင်းများကို လှီးဖြတ်ပစ်ကြသေး၏။ မျက်လုံးများကို ဖောက်ထုတ်ထားကြ။ အရေခွံများကို ဆုတ်ခွာထားကြ။ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ဖြတ်တောက်ထားကြ။ တုံးတစ်ထားကြ။ ရှိုမာလီ လွင်ပြင်တွင် နေထိုင်သူများအပေါ် နှစ်ပေါင်းများစွာ တာလီဘန် အကြမ်းဖက် နှိပ်စက်ခဲ့မှုအတွက် ကလဲ့စား။

လွင်ပြင်သည် ငါးနှစ်တိုင်တိုင် တာလီဘန်နှင့် မြောက်ပိုင်း မဟာမိတ်မှ မာဆွဒ်၏လူများ အကြားတွင် ရှေ့တန်းစစ်မျက်နှာ ဖြစ်နေခဲ့ပြီး လွင်ပြင်၏ အချုပ်အခြာ အာဏာသည် ခြောက်ကြိမ် ပြောင်းလဲခဲ့ရ၏။ ရှေ့တန်း စစ်မျက်နှာသည် အဆက်မပြတ် ရွေ့လျားနေသောကြောင့် ဒေသခံတို့မှာ မြောက်ဘက်ရှိ ပန်ရှီတောင်ကြားသို့လည်းကောင်း၊ တောင်ဘက်ရှိ ကဘူးလ်မြို့ဘက်သို့ လည်းကောင်း ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

ဒေသခံ အများစုသည် တာဂျစ်များဖြစ်ကြပြီး နောက်ကျသည့်

ခြေထောက်၏ သစ္စာဖောက်ခြင်း ခံရသူတို့ တာလီဘန်၏ လူမျိုးတုံး သတ်ဖြတ်မှုကို ခံကြရ၏။ တာလီဘန် မပြေးမီ ရေတွင်းများကို အဆိပ်ခတ်ခြင်း၊ စစ်မဖြစ်မီက ကဘူးလ်မြို့၏ စပါးကျီ တစိတ်တဒေသ ဖြစ်ခဲ့သည့် သွေ့ခြောက်သော လွင်ပြင်တွင် အရေးပါလှသည့် ရေပိုက်များနှင့် ဆည်မြောင်းများအား ဖောက်ခွဲ ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ဖြတ်သန်းလာခဲ့သည့် စိတ်ပျက်စဖွယ် ရွာများကို မန်ဆူ ငေးကြည့်လာခဲ့၏။ အများစုမှာ ပျက်စီးနေပြီး မြေပြင်ပေါ်တွင် အရိုးစုများလို အထိုးထိုး အထောင်ထောင်။ တိုင်းပြည်၏ နောက်ဆုံး အစိတ်အပိုင်း (ပန်ရှီတောင်ကြား၊ ဟိန္ဒူကွတ်ရှ်တောင်တန်းနှင့် တာဂျစ်ကစ္စတန် နယ်စပ်ရှိ သဲကန္တာရဒေသများ) ကို တာလီဘန်က ထိန်းချုပ်ဖို့ ကြိုးစားရာတွင် ရွာပေါင်းများစွာတို့ကို စနစ်တကျ ဖျက်ဆီးပစ်ခဲ့ခြင်း ဖြစ်သည်။ စက်တင်ဘာလ ၁၁ ရက် အရေးအခင်း မပေါ်ပေါက်ဘဲ အာဖဂန်နစ္စတန်ကို ကမ္ဘာက စတင် သတိပြုမိမလာလျှင် အဆိုပါဒေသများကို တာလီဘန်တို့ သိမ်းယူနိုင်ခဲ့တန်ရာ၏။

တွန့်လိမ်နေသော တင့်ကားများ၊ ပျက်စီးနေသော စစ်မော်တော်ယာဉ်များနှင့် သတ္တု အပိုင်းအစများက မြေပြင်ပေါ်တွင် အန့်အပြား ပြန့်ကျဲလျက် ရှိ၏။

အထီးကျန် လူတယောက် ထယ်ထိုးနေသည်။ သူ့လယ်ကွက်အလယ်တွင် တင့်ကားတစီး။ ယင်းကို ကွေ့ဝိုက်ပြီး သူ ထယ်ထိုးနေခြင်းဖြစ်သည်။ ရွှေ့ဖို့ လေးလွန်းလှ၏။

ကျင်းချိုင့်များ ပေါ်နေသည့် လမ်းပေါ်တွင် ကားသည် အသေ့နှင်နေလေသည်။ အမေ့ရွာကို မန်ဆူ ရှာကြည့်သည်။ ငါးနှစ် ခြောက်နှစ်သားလောက်ကတည်းက ထိုရွာသို့ မရောက်ဖြစ်တော့။ အပျက်အစီးများကို တွေ့တိုင်း သူ လက်ညှိုးထိုးနေ၏။ ဟိုရွာ၊ ဟောဟိုက ရွာ။ သို့သော် တရွာနှင့် တရွာကို ခွဲခြားလို့ မရနိုင်။ ကလေးဘဝတုန်းက အလည်သွားခဲ့သည့် အမေ့ဆွေမျိုးများ၏ ရွာသည် ဤအုတ်ကျိုးအုတ်ပဲ့ပုံများထဲက မည်သည့် အုတ်ကျိုးအုတ်ပဲ့ပုံမဆို ဖြစ်နိုင်၏။ မြေလမ်းလေးတွေ ပေါ်မှာ၊ ကွင်းပြင်တွေထဲမှာ ပြေးလွှား ဆော့ကစားခဲ့ရပုံတွေကို သူ သတိရသည်။ ယခုသော် လွင်ပြင်သည် ကမ္ဘာပေါ်တွင် မိုင်းအထူဆုံးနေရာ ဖြစ်နေပြီ။ လမ်းများသာ လုံခြုံ၏။ လမ်းဘေးမှ လျှောက်နေကြသည့် ထင်းစည်းများ သယ်ဆောင်လာသည့် ကလေးများ၊ ရေပုံးများ ထမ်းလာသည့် မိန်းမများက မိုင်းထောင်ထားနိုင်သည့် မြောင်းများကို ကွင်းရှောင်ဖို့ ကြိုးစားလျက်။

ကားသည် မိုင်းရှင်းအဖွဲ့တဖွဲ့ကို ဖြတ်ကျော်သွား၏။ မိုင်းရှင်းအဖွဲ့က

မိုင်းများကို စနစ်တကျ ဖောက်ခွဲ ဖျက်ဆီးပစ်သည် သို့မဟုတ် အန္တရာယ် မရှိအောင် ဆောင်ရွက်ပေးသည်။ သို့သော် တနေ့လျှင် ကိုက် အနည်းငယ်သာ ရှင်းလင်းပြီး၏။

သေမင်း ထောင်ချောက်များအထက် မြောင်းများပေါ်တွင် ရိုးတံကို ကြက်သွေးရောင် ကျူးလစ် ပန်းရိုင်းများက ဝေဝေဆာဆာ ပွင့်လျက်။ သို့သော် အဝေးမှသာ ရှုစား ကြည်နူးပါလေ။ ထိုပန်းများကို ခူးခြင်းသည် လက်ပြတ် ခြေပြတ် ဖြစ်ရခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။

အက္ကဘာက ၁၉၆၇ ခုနှစ်တွင် အာဖဂန် ခရီးသွားအဖွဲ့အစည်းမှ ထုတ်သည့် စာအုပ်တအုပ်ကို ဖတ်ရင်း သဘောကျနေသည်။

"လမ်းများတလျှောက်တွင် ကလေးများက ပန်းနုရောင် ကျူးလစ်ပန်းကုံးများကို ရောင်းကြသည်" ဟု သူ ဖတ်ပြ၏။ "နွေဦးတွင် ချယ်ရီ၊ တရုတ် ဆီးသီး၊ မက်မွန်သီးနှင့် သစ်တော်သီးများက ခရီးသွားများ၏ အာရုံကို အလုအယက် ဆွဲဆောင်နေကြ၏၊ ကဘူးလ်မြို့သို့ သွားရာလမ်းတလျှောက်လုံးတွင် ပန်းရှုခင်းသည် ခရီးသွားနောက်သို့ ထက်ကြပ်မကွာ လိုက်နေလေသည်"

သူတို့ ရယ်လိုက်ကြ၏။ ဤနွေဦးတွင် ဗုံးများ၊ ဒုံးကျည်များ၊ သုံးနှစ်တာ မိုးခေါင်မှုနှင့် အဆိပ် ခတ်ထားသော ရေတွင်းများကို တကိုယ်တော် အန်တုဗလ ပြုနေသော ချယ်ရီပင် တပင်စ နှစ်ပင်စကို တွေ့ရသည်။

သို့သော် ချယ်ရီပင်ဆီသို့ ရောက်အောင်သွားရန် မိုင်းလွတ်သည့် လမ်းကို ဘယ်လိုများ တွေ့ရနိုင်ပါ့မလဲ။

"ဒေသထွက် မြေထည်ပစ္စည်းများကား အာဖဂန်နစ္စတန်တွင် အလှဆုံး ဖြစ်၏၊ ရာစုနှစ်ပေါင်း များစွာ သမိုင်း ရှည်ကြာသည့် ရိုးရာအစဉ်အလာအတိုင်း လက်မှုပညာသည်များ ပြုလုပ်နေကြသည့် မြေထည်ပစ္စည်းများရှိရာ လမ်းတလျှောက်မှ မြေထည်လုပ်ငန်းများကို ဝင်ရောက် ကြည့်ရှု လေ့လာသင့်ပါသည်" ဟု အက္ကဘာ ဖတ်ပြသည်။

"ဒီရိုးရာအစဉ်အလာတွေလည်း တိမ်ကောလာပြီ ထင်ပါရဲ့" ကားမောင်းနေသည့် ဆာအစ် (အက္ကဘာ့ မိတ်ဆွေ) က ပြော၏။ ဆလန်တောင်ကြားသို့ တက်သည့်လမ်းပေါ်တွင် မြေထည် လုပ်ငန်း တခုတလေကိုမျှ မမြင်ရတော့။ တောင်တက်လမ်း စတင်ပြီ။

မန်ဆူသည် တတိယမြောက် Coke ဘူးကို ဖွင့်ဖောက်ပြီး အကုန် မော့သောက်ကာ ဘူးခွံကို ကားအပြင်ဘက်သို့ ဟန်ပါပါ လွှင့်ပစ်လိုက်သည်။ ကားပေါ်မှာ ရှုပ်နေခြင်းထက် ဗုံးကျထားသည့် တွင်းချိုင့်ထဲသို့ ပစ်ချလိုက်တာ

ပိုကောင်းပါသည်။

ကားသည် ကမ္ဘာ့အမြင့်ဆုံး တောင်ပေါ် ဥမင်လိုဏ်ခေါင်း ရှိရာသို့ တွားတက်နေလေသည်။

ဥမင်လိုဏ်ခေါင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာ၏။

တဖက်တွင် အလွန် မတ်စောက်သော ကျောက်တောင်ကမ်းပါး၊ အခြားတဖက်တွင် ရေရှင်။ တခါတရံ ရေတံခွန်။ တခါတရံ စမ်းချောင်း။

"အစိုးရက မြစ်ထဲတွင် ထရောက်ငါးများ ထည့်ပေးထားသည်ဖြစ်ရာ နှစ်ပိုင်းအတွင်း ထရောက်ငါးတွေ အလျှံပယ် ပေါများလာလိမ့်မည်" ဟု အက္ကဘာ ဆက်ဖတ်သည်။

ယခု မြစ်ထဲတွင် ထရောက်ငါး မရှိ။ ညှော့လမ်းညွှန်စာအုပ်ကို ရေးသည့်အချိန်မှစ၍ အစိုးရ အနေဖြင့် ငါးမွေးမြူရေးကိစ္စထက် အခြား ကိစ္စများအပေါ် အာရုံစိုက်နေခဲ့ရဟန် တူပေ၏။

မဖြစ်နိုင်သော နေရာများတွင် မီးလောင်ထားသော တင့်ကားများ။ တောင်စောင်းထက်မှာ၊ မြစ်ထဲမှာ၊ ချောက်ကမ်းပါးပေါ်မှာ။ ဒယီးဒယိုင် ဖြစ်လျက်၊ စောင်းလျက်၊ ခွေလျက်၊ ကျွမ်းထိုး မှောက်ခုံ ဖြစ်လျက်။ အပိုင်းပိုင်း အစစ ပြိုကွဲလျက်။

မန်ဆူ ရေကြည့်ရာ တခဏချင်းမှာပင် တရာ ပြည့်သွားသည်။ တင့်ကား အများစုမှာ မြောက်ဘက်ရှိ အလယ်ပိုင်း ဆိုဗီယက် သမ္မတနိုင်ငံများဆီမှ တပ်နီများ လိမ့်ဝင်လာကြပြီး အာဖဂန်နစ္စတန်ကို ထိန်းချုပ်နိုင်ပြီဟု ထင်ထားကြသည့် ဆိုဗီယက်ယူနီယံနှင့် တိုက်သည့် စစ်တုန်းက တင့်ကားများ ဖြစ်ကြ၏။ မကြာမီ ရုရှားများသည် မူဂျာဟေဒင်၏ လိမ္မာပါးနပ်သည့် စစ်ရေးအောက်တွင် အလူးအလိမ့် ဒဏ်ခံသွားကြရတော့သည်။

မူဂျာဟေဒင်တို့က တောင်စောင်းတဝိုက်တွင် ဆိတ်များလို လှည့်လည်နေခဲ့ကြသည်။ အဝေးကြီးမှနေ၍၊ တောင်ပေါ် ကင်းစခန်းများမှနေ၍ တောင်ကြားအောက်ဘက်တွင် တလွန့်လွန့် ကွေ့ကောက်သွားနေသည့် ရုရှားတင့်ကားများကို ရှာတွေ့နိုင်ကြသည်။ ချုံခိုတိုက်သည့်အခါ လက်ဖြစ်သေနတ်များနှင့်ပင် ထူးထူးခြားခြား စွမ်းဆောင်နိုင်ကြသည်။ ဆိတ်၏ဝမ်းဗိုက်အောက်တွင် ကလာ့ရှ်နီကော့ဗ်ကို ဝှက်ထားလျက် ဆိတ်ကျောင်းသားလို ရုပ်ဖျက်ထားသည့် စစ်သားများမှာ နေရာတိုင်းတွင် ရှိကြသည်။ လိုအပ်သည့်အခါတိုင်းတွင် လျှပ်တပြက် စစ်ဆင်နိုင်သူများ ဖြစ်ကြ၏။

"အမွေးရှည်တဲ့ ဆိတ်တွေရဲ့ဗိုက်အောက်မှာ ဒုံးကျည်လောင်ချာကိုတောင် သူတို့ ဝှက်ထားနိုင်ကြတယ်"

ဆိုဗီယက်ပြည်ထောင်စုအား ဆန့်ကျင် တိုက်ခိုက်သည့် စစ်ပွဲအကြောင်းကို ရတတ်သမျှ ရှာဖွေ ဖတ်ရှုထားသည့် အက္ကဘာက ပြောသည်။

ဤ တောင်တက်လမ်းပေါ်သို့ မဟာ အလက်ဇန်းဒါးလည်း တက်ခဲ့ဖူး၏။ ကဘူးလ်မြို့ တဝိုက်ကို သိမ်းပိုက်ပြီးနောက် အောက်ဆပ်မြစ် တဖက်ရှိ အာရှအလယ်ပိုင်းသို့ သွားရန် ဟိန္ဒူကွတ်ရှိ တောင်တန်းပေါ်သို့ တက်ခဲ့ရခြင်း ဖြစ်သည်။

"အလက်ဇန်းဒါးဟာ ဆန်းကြယ်တဲ့ စိတ်ကူးတွေနှင့် ထာဝရအိပ်စက်ခြင်းကို လှို့ဆော်ပေးတဲ့ တောင်တန်းကြီး မော်ကွန်းကဗျာ ရေးဖွဲ့ခဲ့လိမ့်မယ်လို့ ယူဆစရာ ရှိတယ်ကွ"

အက္ကဘာက ညှော်လမ်းညွှန်စာအုပ်ထဲမှ ကဗျာကို ဆက်ရွတ်ပြသည်။

"အစိုးရက ဒီတောင်ပေါ်မှာ နှင်းလျှောစီး ကလပ်တခု ဖွင့်ဖို့ စီမံချက် ဆွဲထားတယ် ဆိုပဲဟေ့" ဟု သူ ရုတ်တရက် အော်ပြောပြီး မတ်စောက်သော တောင်စောင်းများကို မော့ကြည့်လိုက်သည်။

"၁၉၆၇ ခုနှစ်မှာတဲ့၊ လမ်းတွေ ခင်းလို့ ပြီးပြီးချင်းတဲ့"

လမ်းတွေ ခင်းခဲ့တာ မှန်ပါသည်။ သို့သော် ခင်းထားသည့်လမ်းများ သိပ်မကျန်တော့ပါ။ နှင်းလျှောစီး စီမံချက်သည် ပုံဆွဲခုံပေါ်၌သာ ရှိနေဆဲ။

"အဆင်းမှာ ဖုံးနင်းမိအောင် လုပ်တာထင်တယ်" ဟု ပြောပြီး အက္ကဘာ ရယ်သည်။ "ဒါမှ မဟုတ်ရင် နှင်းလျှောစီးဂိတ်တွေကို မိုင်းတွေနှင့် အမှတ်အသား လုပ်ချင်လုပ်ထားနိုင်တယ်၊ အတော် ထွင်တဲ့လူတွေ၊ လောကကြီးကို ငြီးငွေ့နေသူတွေအတွက် အာဖဂန် စွန့်စားရေးခရီးစဉ်တွေ ထင်ပါရဲ့"

သူတို့အားလုံး ရယ်လိုက်ကြသည်။ သူတို့၏ မျက်စိများထဲမှာ တောင်စောင်းများအောက်သို့ မှုန့်မှုန့်ညက်ညက် ကြေအောင် ပေါက်ကွဲ လွင့်စဉ်ကျကုန်သည့် အရောင်စုံ အသွေးစုံ နှင်းလျှောစီးသူများကို မြင်ယောင်လိုက်ကြသည်။

ခရီးသွားလုပ်ငန်းသည် တခါတုန်းက အာဖဂန်နစ္စတန်အတွက် အရေးကြီးသော ဝင်ငွေ အရင်းအမြစ် ဖြစ်ခဲ့၏။ တခါက "ဟစ်ပီလမ်းကြောင်း" ဟု အမည်တွင်သည့်လုပ်ငန်းကို သူတို့ တွန်းတွန်းထိုးထိုး လုပ်ကိုင်ခဲ့ကြသည်။

ဤနေရာသို့ တိုးတက်သောလူငယ်များနှင့် သိပ် မတိုးတက်သောလူငယ်များ လာရောက်ကြပြီး လှပသော ရှုမျှော်ခင်း၊ အရိုင်းဆန်သော ဘဝဟန်ပန်နှင့် ကမ္ဘာ့ဈေးအပေါဆုံး ဆေးခြောက်ကို ပျော်ရွှင်စွာ အာရုံခံစားကြ၏။ အတွေ့အကြုံ ရင့်ကျက်သူများက ဘိန်း။ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဟစ်ပီ ထောင်ပေါင်း များစွာတို့ နှစ်တိုင်း ရောက်လာကြသည်။

အမျိုးသမီးများပင် အဖော်မပါ တကိုယ်တည်း လှည့်လည်သွားလာနေခဲ့ကြသည်။

ထိုကာလအတွင်း တောပုန်းဓားပြများ၊ လမ်းဓားပြများ တိုက်ခိုက်ကောင်း တိုက်ခိုက်နိုင် သော်လည်း ယင်းသည်ပင်လျှင် ခရီးစဉ်အတွက် သည်းထိတ်ရင်ဖို ဖြစ်ရပေသေး၏။ ဇဟီရှား နန်းကျသည့် ၁၉၇၃ ခုနှစ် အာဏာသိမ်းပွဲသည်ပင် ဟစ်ပီများ လာရောက်မှုကို ရပ်တန့် မသွားစေနိုင်ခဲ့ချေ။

ဟစ်ပီလမ်းကြောင်းသို့ လာရောက် အပျော်ရှာသူများအား ရပ်တန့်ပစ်နိုင်ခဲ့သည်မှာ ၁၉၇၈ ခုနှစ် ကွန်မြူနစ် အာဏာသိမ်းပြီး နောက်တနှစ်တွင် ကျူးကျော် ဝင်ရောက်လာချိန်ကျမှသာ ဖြစ်သည်။

ဂါရဝပြု ခရီးသည်များအား သူတို့ မီလာချိန်တွင် နှစ်နာရီလောက် ကားမောင်းခဲ့ပြီးပြီ။ လူတန်းကြီးမှာ မရွေ့လျားနိုင်။ ဆီးနှင်းများ ကျစပြုပြီ။ မြူတွေ ဒလဟော လိမ့်ဝင်နေသဖြင့် ကားဘီး ချော်စပြုလာ၏။ ဆာအစ်က သံကြိုး ယူမလာခဲ့ပါ။ လေးဘီးယက်ယာဉ် ဖြစ်သောကြောင့် သံကြိုး မလိုဟု ဆိုသည်။

ဘီးရာချိုင့်ထဲတွင် နစ်ဝင်နေသော ကားတွေ များသည်ထက် များလာ၏။ ကားတစီး ရပ်သွားသည့်အခါ ကျန်ကားအားလုံး ရပ်သွားသည်။ ကျော်တက်ရန်ကလည်း လမ်းက ကျဉ်းမြောင်းလှ၏။ ယနေ့ ကားအားလုံး တောင်ဘက် ကဘူးလ်မြို့မှ မြောက်ဘက် မဇာသို့ သွားသည့်ကားများသာ။ နောက်တနေ့တွင် မြောက်ဘက်မှ တောင်ဘက်သို့ သွားကြလိမ့်မည်။ တောင်ပေါ်လမ်းသည် တူရူနှစ်ဖက်သို့ မောင်းနိုင်လောက်အောင် မကျယ်ချေ။

မိုင်သုံးရာဝေးသည့် ကဘူးလ်မှ မဇာသို့ အနည်းဆုံး ဆယ့်နှစ်နာရီလောက် မောင်းရသည်။ တခါတရံ နှစ်ဆ ကြာ၏။ တခါတရံ လေးဆကြာတတ်သည်လည်း ရှိ၏။

"ဆီးနှင်းမုန်တိုင်းတို့ တောင်ပြိုတာတို့နှင့် ကြုံရတဲ့ ကားတွေကို နွေရာသီကျမှသာ တူးဖော်လို့ ရနိုင်တယ်၊ အများစုက နွေဦးမှာ ပျောက်သွားရော"

အက္ကဘာက နောက်သည်။

လမ်း၏ ညာဘက်ဘေးသို့ တွန်းပို့နေသည့် ဘတ်စ်ကားကို သူတို့ ကျော်တက်သွားကြသည်။ အဆိုပါ ဘတ်စ်ကားမှ ခရီးသည်များက အလီ၏ အုတ်ဂူသို့ ကားကြဲ့များဖြင့် လိုက်သွားကြ၏။

ဘတ်စ်ကား ဘေးမှာ ရေးထားသည့် Hmbork - Frankfork - Landan - Kabal ဆိုသော စာကိုဖတ်ပြီး မန်ဆူ ပြုံးလိုက်သည်။ လေကာမှန်ပေါ်တွင် အနီရောင် သဘော်ာဆေးဖြင့် လောလောလတ်လတ် ရေးထားသည့် Wellcam! Kaing of Road ကို မြင်လိုက်သည့်အခါ ကျယ်လောင်စွာ ဖတ်ရင်း ရယ်မောလိုက်၏။ "အတော့်ကို နန်းထိုက် တော်ဝင်တဲ့ ခရီးစဉ်ပဲဟေ့"

ကဘဲလ် အမြန်ယာဉ် (Kabal Express) မှ ခရီးသည်များကို သူတို့ တင်ခေါ်မသွားကြ။ သူတို့၏ကိုယ်ပိုင်ကမ္ဘာလေးထဲတွင် သူတို့သုံးယောက်ဖြင့်ပင် ကျပ်တည်းလှပြီ။

လမ်းပေါ်သို့ တောင်ပြိုကျခြင်းမှ ကာကွယ်ထားသည့် အမိုးဖုံး ကွန်ကရစ်တိုင်စဉ်များအနက် ပထမဆုံး တိုင်စဉ်များထဲသို့ သူတို့ ကားမောင်းဝင်သွားကြသည်။ သို့ဖြစ်သော်လည်း အခက်အခဲကို ကျော်နိုင်ဖို့ ခက်ခဲဆဲပင်။ ကွန်ကရစ် တိုင်လုံးကြီးများတွင် ဆီးနှင်းများ ခဲနေသောကြောင့် ဖြစ်သည်။ အလွန်အကျွံ အေးခဲနေသော ဘီးရာချိုင့်များသည် သံကြိုးမပါသည့် ကားတစီးအဖို့ စိန်ခေါ်မှုတခု ဖြစ်၏။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၆၀၀၀ အမြင့်ရှိ ကွန်ကရစ်တိုင်များနှင့် ပေ ၁၁၀၀၀ အမြင့်ရှိ ဆလန် ဥမင်လိုဏ်ခေါင်းတို့သည် တိုင်းပြည်အား ဆိုဗီယက် ပြည်ထောင်စုက ဩဇာခံ နိုင်ငံအဖြစ် ပြောင်းလဲပစ်ရန် ထုတ်ခဲ့စဉ်က အာဖဂန်နစ္စတန်သို့ ပေးခဲ့သည့် လက်ဆောင်ပါ။

၁၉၅၆ ခုနှစ်တွင် ဆိုဗီယက် အင်ဂျင်နီယာတို့ စတင် တည်ဆောက်ပြီး ၁၉၆၄ ခုနှစ်တွင် အပြီးသတ်ခဲ့၏။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း တိုင်းပြည်၏ ပထမဆုံးလမ်းများကိုလည်း ရုရှားတို့ ခင်းပေးခဲ့ကြသည်။ ဇဟီရှားလက်ထက်တွင် အာဖဂန်နစ္စတန်ကို မိတ်ဆွေနိုင်ငံအဖြစ် သဘောထား၏။

သူ၏ တောင်ထူထပ်သည့်နိုင်ငံတွင် အမေရိကန် ပြည်ထောင်စုကသော်လည်းကောင်း၊ ဥရောပကသော်လည်းကောင်း ရင်းနှီးမြှုပ်နှံရန် စိတ်မဝင်စားကြသောကြောင့် အစွန်းမရောက်သော ဘုရင်သည် ဆိုဗီယက်ပြည်ထောင်စုဘက်သို့ မလွဲသာ မရှောင်သာ ဦးလှည့်ခဲ့ရသည်။ တိုင်းပြည်တွင် ငွေနှင့် ကျွမ်းကျင်မှု အကူအညီ လိုအပ်နေသည့် အားလျော်စွာ အင်အားကြီး ကွန်မြူနစ်နိုင်ငံနှင့် နှောင်ဖွဲ့ထားသည့် နှောင်ကြိုးများ

ပိုမိုတင်းကျပ်လာလိမ့်မည် ဆိုသည့်အချက်ကို မျက်ကွယ် ပြုခဲ့ရ၏။

ဥမင်လိုဏ်ခေါင်းသည် တာလီဘန်အားခုခံတော်လှန်ရာတွင် မဟာဗျူဟာအရ အရေးကြီး၏။ ၁၉၉၀ ပြည့်လွန်နှစ်များ အကုန်ပိုင်းတွင် မူဂျာဟေဒင် သူရဲကောင်း မာဆွတ်က မြောက်ဘက်သို့ တာလီဘန် စစ်ချီမှုကို ရပ်တန့်ရန်အလို့ငှာ ထင်မိထင်ရာ စွတ်လုပ်လိုက်သည့် ကြိုးပမ်းမှုတခုတွင် ဖောက်ခွဲဖျက်ဆီးပစ်လိုက်၏။ တာလီဘန်သည် ခရီး အတန် ပေါက်ခဲ့သော်လည်း ဆက်လက် မချီတက်နိုင်တော့ချေ။

လုံးဝ မည်းနေပြီ သို့မဟုတ် လုံးဝ မှောင်နေပြီ။ ကားဘီးချော်နေပြီး နက်ရှိုင်းသော ဘီးရာ ချိုင့်ထဲတွင် သပ်လျှိုထားသလို ကျပ်ညပ်နေ၏။ ကားသည် တရွှိရွှိ တိုက်ခတ်လျက် ရှိသော နှင်းမုန်တိုင်းထဲတွင် မည်သည်ကိုမျှ ခွဲခြား မသိတတ်နိုင်။

ဆာအစ်မှာ လမ်းကြောင်းဟု သူထင်သည့်နေရာများသို့သာ လိုက်မောင်းနေရ၏။ ဆီးနှင်းနှင့် ကတ္တရာလမ်းပေါ် တင်နေသည့် ရေခဲလွှာပါးပါးအပေါ်တွင် သူတို့ မောင်းနှင်နေကြသည်။

ချိန်းကြိုးများ မပါသဖြင့် သူတို့၏ အန္တရာယ်ကင်းမှုကို အလီတဦးတည်းကသာ အာမခံနိုင်ပေလိမ့်။ အလ္လာဂူကို မရောက်ခင် ငါ မသေနိုင်ဘူး၊ ငါ့ကို အလီဆင့်ခေါ်ထားတာ ဟု မန်ဆူ တွေးနေသည်။

အနည်းငယ် လင်းသွား၏။ ဆလန် ဥမင်လိုဏ်ခေါင်း အဝင်ဝသို့ သူတို့ ရောက်နေကြပြီ။ အပြင်ဘက်တွင် သတိပေးချက်တခု။

“သတိ အဆိပ်သင့်နိုင်သည်၊ အတွင်းမှာ ပိတ်မိနေလျှင် အနီးဆုံး ထွက်ပေါက်သို့ ဦးတည်သွားပါ”

မန်ဆူသည် အက္ကဘာအား မယုံသင်္ကာဟန်ဖြင့် ကြည့်လိုက်၏။

“တောင်ပြိုကျလို့ ဥမင်လိုဏ်ခေါင်းထဲမှာ လူ ငါးဆယ်လောက် ပိတ်မိတာ တလပဲ ရှိသေးတယ်ကွ၊ အပူချိန်က အနုတ် နှစ်ဆယ်ဒီဂရီ ရှိနေတယ်၊ နွေးအောင်လို့ဆိုပြီး ယာဉ်မောင်းက အင်ဂျင် ဖွင့်ထားတယ်၊ နာရီပိုင်းလောက်အကြာမှာ ဆီးနှင်းတွေကို ရှင်းထုတ်ပြီးပြီလည်းဆိုရော ကာဗွန်မိုနောက်ဆိုဒ် အဆိပ်ငွေ့ကြောင့် လူဆယ်ယောက် အယောက်နှစ်ဆယ် သေနေကြပြီ၊ ဒါမျိုးတွေ ရိုးနေပြီကွ”

ကားကို ရပ်လိုက်၏။ ယာဉ်ကြော ရပ်တန့်သွားပြီ။

"စိတ်ထင်လို့ပဲလားတော့ မသိဘူး၊ ခေါင်းကိုက်ချင်သလိုလိုတောင် ဖြစ်လာပြီ" ဟု အက္ကဘာ ပြောသည်။

မန်ဆူက "ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ အနီးဆုံး ထွက်ပေါက်ကို ဦးတည်လိုက်ရင် ကောင်းမလား"

"မကောင်းဘူး၊ မကြာခင် မောင်းလို့ ရမှာပါ"

ပိတ်ထားသည့်ပြတင်းပေါက်များနောက်တွင် သူတို့ ထိုင်နေကြသည်။ ဆာအစ်က စီးကရက် တလိပ်ကို မီးညှိသည်။ အက္ကဘာက "ခင်ဗျား ရူးနေသလား" ဟု အော်ပြောပြီး စီးကရက်ကို ဆွဲယူကာ ဖိခြေပစ်လိုက်၏။

ကြောက်စိတ်ကြောင့် မသက်မသာ ခံစားနေရသည်။ ကားမောင်းလို့ မရသေး။ ထို့နောက် တစုံတရာ ဖြစ်ပေါ်လာ၏။ ရှေ့ကားများ တအိအိ မောင်းထွက်ကြပြီ။ လူငယ်သုံးယောက် ပါသည့် ကားမှာ ဥမင်လိုဏ်ခေါင်းထဲမှ ထွက်သွား၏။ ဦးခေါင်းများ တစစ်စစ် ကိုက်ခဲလျက်။ လတ်ဆတ်သည့် လေကို ရှူရှိုက်မိလိုက်တော့မှ ခေါင်းကိုက်ပြေသွားသည်။ မည်သည်ကိုမျှ မမြင်ရသေး။ မြူတို့ ရစ်ဆိုင်းနေ၏။ ဘီးရာချိုင့်များနှင့် မှိန်ပျပျ မီးရောင်နောက်သို့ လိုက်နေကြရသည်။ ကမ္ဘသကာ သဘောထားလျက်။ မန်ဆူသည်ပင် ဘီစကွတ်ကို မမြို့နိုင်တော့။ မေ့မြောခြင်းထဲသို့ မောင်းနှင်နေသည့်နှယ်။ သို့သော် ချောက်ကမ်းပါး၊ မိုင်းများ၊ တောင်ပြိုခြင်းများနှင့် အခြား အန္တရာယ်များနှင့် ရုတ်တရက် ရင်ဆိုင် တွေ့နိုင်သည့် မေ့မြောခြင်း ဖြစ်သည်။

နောက်ဆုံးတွင် မြူတွေ ကွဲသွား၏။ ချောက်ကမ်းပါးတလျှောက်မှာ သူတို့ မောင်းနှင်နေဆဲ။ မြင်နေရတော့ ပိုဆိုး၏။ တောင်ဆင်းလမ်းကို စတင်ခဲ့ပြီ။ ကားသည် ဟိုဘက် ယိုင်လိုက် သည်ဘက် ယိုင်လိုက် ဖြစ်လျက်ရှိရာမှ ရုတ်တရက် ဘေးတိုက်လျှောထွက်သွား၏။ ဆာအစ်မှာ မထိန်းနိုင် မသိမ်းနိုင် ဖြစ်သွားပြီး ပါးစပ်မှ အယုတ္တ အနတ္တတို့ ထွက်ကျလာသည်။ အက္ကဘာနှင့် မန်ဆူက ကားကို တင်းတင်းဆုပ်ကိုင်ထားကြသည်။ သူတို့အား လိပ်ပြာစဉ်သွားမတတ် ခြောက်လှန့်လိုက်သည့် ဆိုင်းဘုတ်တခုကို ဖြတ်ကျော်လိုက်ကြသည်။

"သတိ၊ မိုင်း အန္တရာယ်"

ကမ္ဘာပေါ်မှာ ရှိရှိသမျှ ဆီးနှင်းများက သူတို့အား တင့်ကားဖျက် မိုင်းများမှ အကာအကွယ် မပေးနိုင်။ လူကြောက်ဟု အပြောခံရမည့်အဖြစ်ကို မန်ဆူ မလိုလားချေ။ သူက အသက် အငယ်ဆုံးလည်း ဖြစ်နေသည်။ သူ့အား အလီဆင့်ခေါ်ခြင်းသည် ချောက်ထဲသို့ ဦးစိုက် ကျွမ်းပြန်ကျသွားမည့်အဖြစ်ကို မြင်လိုသောကြောင့်တော့ မဟုတ်တန်ရာ။

တောင်ဆင်းလမ်း ဆုံးတော့မှပင် မန်ဆူ စိတ်အေးသွားတော့သည်။ မဇာရီရှရစ်သို့ သွားသည့် ခရီးတွင် နောက်ဆုံးနာရီပိုင်းမှာ ကလေး ကစားသလောက်သာ ရှိ၏။

မြို့ထဲသို့အဝင် လမ်းပေါ်တွင် လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် စစ်သားများအား ပြွတ်သိပ်ကျပ်ညပ်နေအောင် တင်ဆောင်ထားသည့် ပစ်ကပ်ကားများက သူတို့၏ကားကို ကျော်တက်သွားကြသည်။ အမိုးဖွင့် ကားများပေါ်တွင် မုတ်ဆိတ်ဖားဖား စစ်သားများသည် ကလာ့ရှ်နီကော့ဗ် သေနတ်များကို အရပ်လေးမျက်နှာသို့ ချိန်ရွယ်လျက်။

ရှုခင်းသည် သဲကန္တာရ၊ မြက်ခင်းလွင်ပြင်နှင့် ကျောက်ခဲထူထပ်သည့် တောင်ကုန်းများ။ တခါတရံ စိမ်းလန်းသော အိုအေစစ်များနှင့် ရွှံ့အိမ်များ ရှိသည့် ရွာများကို ဖြတ်ကျော်သွားကြရသည်။ မြို့အဝင်တွင် လမ်းကို ပိတ်ဆို့ထား၏။ သုန်သုန်မှုန်မှုန် မျက်နှာထားရှိသော လူများက ဒုံးကျည်ခွံ နှစ်ခုတွင် သွယ်တန်းထားသည့်ကြိုးကို ဖြတ်ကျော်သွားရန် သူတို့အား လက်ပြကြသည်။

မြို့ထဲသို့ ကားမောင်းဝင်လာစဉ် မောပန်းနွမ်းနယ်ကာ ကိုယ်လက်တွေ ကိုက်ခဲနေလေသည်။ ဤခရီးကို ဆယ့်နှစ်နာရီဖြင့် သူတို့ ရောက်အောင်လာနိုင်ကြသည်မှာ အံ့ဩစရာ။ ခေါင်မိုးများပေါ်မှာ လက်နက်ကိုင်ဆောင်ထားသည့် စစ်သားများက အသင့်အနေအထား။ နှစ်သစ်ကူး အကြိုနေ့တွင် ဆူဆူပူပူ ဖြစ်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းရပြီး နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များလည်း ရှိမနေဘဲ ဖက်ပြိုင်နေကြသည့် စစ်နယ်ရှင် နှစ်ယောက် သုံးယောက်သာ ရှိနေကြ၏။

ခေါင်မိုးများပေါ်မှ စစ်သားများမှာ ဟာဇရာ တဦးဖြစ်သည့် ဘုရင်ခံ၏ စစ်သားများ ဖြစ်ကြသည်။ ပစ်ကပ်ကားများပေါ်မှ စစ်သားများက တာဂျစ် အက်တာ မိုဟာမက်၏ လူများ။ တစုံတရာသော ယူနီဖောင်းသည် ဥဇဘက် အဗ္ဗဒူရာရှစ် ဒေါ့စတမ်၏ ဝိသေသ လက္ခဏာ ဖြစ်၏။ ဗလီနားမှာ၊ ပန်းခြံထဲမှာ၊ လူသွားစင်္ကြံပေါ်မှာ ဂါရဝပြု ခရီးသည် ထောင်ပေါင်းများစွာတို့ လှည့်လည် သွားလာလျက်ရှိရာ၊ အုပ်စုအလိုက် ဝိုင်းဖွဲ့ထိုင်နေကြရာ၊ စကားစမြည် ပြောနေကြရာ မြေပြင်ဆီသို့ သေနတ်အားလုံး ချိန်ရွယ်ထားလျက်။

အပြာရောင် ဗလီသည် လက်ဖျားခါရလောက်သည့်အရာပါ။ မန်ဆူ မြင်ဖူးတွေ့ဖူးသမျှ အလှဆုံး အဆောက်အအုံ။ မီးမောင်းကြီးမှာ အမေရိကန် သံအမတ်ကြီး၏ နှစ်သစ်ကူး ခရီးစဉ်အဖြစ် ဤမြို့သို့ ရောက်စဉ်က လက်ဆောင် ပေးသွားခြင်းဖြစ်သည်။ ဗလီပတ်ပတ်လည်ရှိ ဂါရဝပြု ခရီးသည်များဖြင့် ပြည့်နှက်နေသည့် ပန်းခြံအတွင်းမှာ မီးအိမ်နီများ ထွန်းညှိထား၏။

ဤနေရာသည် သူ့အပြစ်များကို ခွင့်လွှတ်ဖို့ မန်ဆူ တောင်းပန်မည့်နေရာ ဖြစ်သည်။ ဤနေရာမှာ သူ ဆေးကြောသန့်စင်လိမ့်မည်။ ရောမ ဗလီကြီးကို ကြည့်ရှုံ့မှုနှင့်ပင် မူးမေ့သွားတော့မတတ် ဖြစ်သွား၏။ ပြီးတော့ ဗိုက်ထဲမှာ ဆာသလိုလို ဖြစ်လာသည်။ ခရီးသွားတဦး အဖို့ Coke ဘူးနှင့် ဘီစကွတ် မုန့်တို့ကို စားသောက်ရုံဖြင့် မလုံလောက်နိုင်။

စားသောက်ဆိုင်တွေထဲမှာ ဂါရဝပြု ခရီးသည်များဖြင့် ပြည့်နှက်လျက် ရှိသည်။ ဒီဘက် လမ်းပေါ်ရှိ စိတ်ခတ်ကျစရာ စားသောက်ဆိုင်တဆိုင်၏ ကောဇောထောင့်တနေရာတွင် မန်ဆူ၊ ဆာအစ်နှင့် အက္ကဘာတို့ ထိုင်ဖို့ နေရာရကြ၏။ ပေါင်မုန့်၊ ကြက်သွန်နီ အလုံးလိုက်တို့ဖြင့် တည်ခင်းပေးသည့် ဆိတ်သားကင်နံ့သည်သာ တဆိုင်လုံးတွင် မိုးမွှန်နေတော့သည်။

မန်ဆူသည် ကြက်သွန်နီကို ကိုက်လိုက်ပြီး ရီဝေဝေဖြစ်ကာ ပျော်ရွှင်မှုဖြင့် အော်ချင် ဟစ်ချင်စိတ် ပေါက်လာ၏။ သို့သော် တခြားလူတွေလို ငြိမ်ငြိမ်သက်သက် ထိုင်ရင်းဖြင့်သာ အစာကို ရွေးလျက်ရှိသည်။ သူသည် ကလေးမဟုတ်တော့။ အက္ကဘာနှင့် ဆာအစ်တို့လို ဣန္ဒြေရရ ဖြစ်ဖို့ သူ ကြိုးစားထားသည်။

နောက်တနေ့ နံနက်တွင် တယောက်ယောက်က သူ့နားနှစ်ဖက်မှာ အသံချဲ့စက်များ လာချည်ထားတော့သလို မြည်ဟိန်းလှသည့် ဘာသာရေးဆရာ၏ အလ္လာဟူ အက္ကဘာ (ဘုရားသခင်သည် ကြီးမြတ်တော်မူပါပေ၏) ဟူသောအသံကြောင့် မန်ဆူသည် အိပ်ရာမှ နိုးသွားလေသည်။ ပြတင်းအပြင်ဘက်သို့ ကြည့်လိုက်ရာ နံနက်ခင်း နေခြည်အောက်တွင် ဝင်းလက် လင်းဖြာနေသည့် ပြာလဲ့လဲ့ ဗလီကို မြင်သည်။ ဗလီ၏အထက်တွင် အဖြူရောင် ချိုးငှက်များ ပျံသန်းနေကြ၏။ ယင်းတို့သည် အုတ်ဂူအနီးရှိ ခိုအိမ်နှစ်ခုတွင် နေထိုင်ကြပြီး အဖြူရောင် ချိုးငှက်အုပ်ထဲသို့ အညိုရောင် ချိုးငှက်တကောင် ရောက်လာလျှင် ရက်ပေါင်း လေးဆယ်အတွင်း အရောင်ပြောင်းသွားသည်ဟု ဆိုကြသည်။ ထို့ပြင် ခုနစ်ကောင်မြောက် ခိုတိုင်းသည် သန့်ရှင်းသော ဝိညာဉ် ဖြစ်သည်ဟုလည်း မှတ်ယူကြ၏။

အက္ကဘာ၊ ဆာအစ်တို့နှင့်အတူ ခြံဝင်းထဲသို့ မန်ဆူ တိုးဝင်သွားသည်။ နံနက် ၇:၃၀ နာရီခန့်။ အက္ကဘာ၏ ဂျာနယ်လစ်ကတ်ပြားကိုပြပြီး စင်မြင့်ဆီသို့ တိုးဝှေ့သွားကြသည်။ ဗလီ၏ အောင်လံ တံခွန်ကို အာဖဂန်နစ္စတန် ခေါင်းဆောင်သစ် ဟာမစ်ကာဇိုင်း လွှင့်တင်သည့်အခါ အနီးကပ် မြင်လိုသူ အများအပြားတို့ ညအိပ်စောင့်ကြ၏။

အမျိုးသမီးများက တဖက်တွင် ထိုင်ကြပြီး အချို့က ခေါင်းမြီးခြုံ ဝတ်ရုံ၊ တချို့က အဖြူရောင် မျက်နှာလွှား ဓာတို့ကို ဆင်မြန်းထားကြသည်။

အမျိုးသားများက အခြားတဖက်တွင် ထိုင်ကြသည်။ အမျိုးသမီးများက အခြားတဖက်တွင် ထိုင်ကြသည်။ အမျိုးသမီးများက ငြိမ်ငြိမ်သက်သက်ရှိသလောက် အမျိုးသားတွေကြားမှာ တွန်းတွန်းထိုးထိုး တိုးတိုးဖွေ့ဖွေ့များ ရှိသည်။ အပြင်ဘက်ရှိ သစ်ပင်များပေါ်တွင် လူတွေအုံခဲလျက်။ ကျာပွတ် တယမ်းယမ်းဖြင့် ပုလိပ်များ လမ်းသလား နေကြသော်လည်း ခြံဝင်းအတွင်းသို့ ဂါရဝပြု ခရီးသည်များ တိုး၍ တိုး၍သာ ကျော်ဖြတ်ကြ။ ကျာပွတ်စာ မမိအောင် ခြံကို ခုန်ကျော်ကြ။ အစိုးရဝန်ကြီး အားလုံး လာကြမည် ဆိုသဖြင့် လုံခြုံရေး တင်းကျပ်စွာ ချထားကြသည်။

အစိုးရပိုင်းမှ ပုဂ္ဂိုလ်များ ဝင်လာကြသည်။ ဟာမစ်ကာဇိုင်းက သူ၏ထူးခြားသော ပင်ကိုလက္ခဏာဖြစ်သည့် အပြာရောင်နှင့် အစိမ်းရောင်အစင်း ပိုးဝတ်ရုံကို ဆင်မြန်းထားလျက် ရှေ့ဆုံးမှ ဦးဆောင်ဝင်လာသည်။ အာဖဂန်နစ္စတန် တနိုင်ငံလုံးကို ကိုယ်စားပြုသလို သူ ဝတ်ဆင်ထား၏။ တောင်ပိုင်း ကန်ဒါဟာမှ သိုးသားရေ ဦးထုပ်၊ မြောက်ပိုင်းမှ ဝတ်ရုံနှင့် အီရန်နှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည့် အနောက်ပိုင်း ပြည်နယ်များမှ ရှပ်အင်္ကျီ။

မန်ဆူသည် ရှေ့ကိုရောက်ဖို့ တိုးဖွေ့နေ၏။ ကာဇိုင်းကို သူ မမြင်ဖူးချေ။ ကန်ဒါဟာမှ ပါ့ရှ်တွန် မျိုးနွယ်စုဖြစ်သော ကာဇိုင်းသည် တာလီဘန်ကို ကူညီခဲ့ဖူးသူ ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် တာလီဘန်အား တိုက်ခိုက်ရန် သူ့အား ထောက်ခံသူများ ရအောင် ပိုပိုလ်ဇိုင်း မျိုးနွယ်စု အကြီးအကဲ အဖြစ် သူ့ရာထူးဂုဏ်သိန်ကို အသုံးပြုခဲ့၏။

အမေရိကန်တို့ စတင် ဗုံးကြဲသည့်အခါ တာလီဘန် နိဂုံးချုပ်ပြီဖြစ်ကြောင်း အယုံသွင်းရန် အလို့ငှာ တာလီဘန်အမာခံနယ်မြေများသို့ မော်တော်ဆိုင်ကယ်ဖြင့် သက်စွန့်ဆံဖျား သွားရောက်ခဲ့သူ ဖြစ်သည်။ သူ့စည်းရုံး သိမ်းသွင်းမှု အောင်မြင်သည်မှာ သူ့အာဘော်ကြောင့်ထက် သူ့သတ္တိကြောင့် ဖြစ်သည်ဟု အဆိုရှိ၏။ နောက်ပိုင်းတွင် အမေရိကန်တို့ မှားယွင်းပစ်ခတ်သဖြင့် သေလုနီးပါး ဖြစ်ခဲ့သေးသည်။

ဘွန်းမြို့တွင် ပြုလုပ်သည့် ကုလသမဂ္ဂ ညီလာခံတွင် အာဖဂန်နစ္စတန်၏အနာဂတ်ကို အသေးစိတ် စီစဉ်ရာ၌ တိုင်းပြည်၏ ခေါင်းဆောင်သစ်အဖြစ် ကာဇိုင်း ရွေးချယ်ခံရ၏။

“ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုကို သူတို့ ဖျက်ဆီးပစ်ဖို့ ကြိုးစားကြတယ်၊ ကျွန်တော်တို့ကို အစ္စလာမ် အခွင့်အရေးတွေ ဆုံးရှုံးကုန်အောင် သူတို့ ကြိုးစားကြတယ်၊ အစ္စလာမ်ဘာသာကို ညစ်နွမ်းအောင် တာလီဘန် ကြိုးစားတယ်၊ ကျွန်တော်တို့ကို ရှုံ့ထဲ နွံ့ထဲ ရောက်အောင် တာလီဘန် ကြိုးစားတယ်၊ ကျွန်တော်တို့ကို တကမ္ဘာလုံးနှင့် စစ်တိုက်ရအောင် တာလီဘန် ကြိုးစားတယ်၊

ဒါပေမဲ့ အစ္စလာမ်ဘာသာရဲ့ရပ်တည်မှုကို ကျွန်တော်တို့ သိပါတယ်၊ အစ္စလာမ်ဘာသာဟာ ငြိမ်းချမ်းရေးပဲ၊ ဒီနေ့က အစပြုတဲ့ ၁၃၈၁ ခုနှစ် နှစ်သစ်ဟာ အသစ်ပြုပြင် တည်ဆောက်ခြင်းရဲ့ နှစ်သစ် ဖြစ်ပါတယ်၊ ဒီနှစ်ဟာ အာဖဂန်နစ္စတန်မှာ ဘေးရန် အန္တရာယ် ကင်းရှင်းစွာ နေထိုင်ရမယ့်နှစ် ဖြစ်တယ်၊ ငြိမ်းချမ်းမှုကို ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်ပြီး ကျွန်တော်တို့ရဲ့လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြမယ်၊ ဒီကနေ့ တကမ္ဘာလုံးက အကူအညီကို ကျွန်တော်တို့ ရနေပါပြီ၊ တနေ့ကျရင် ကျွန်တော်တို့ရဲ့နိုင်ငံဟာ ကမ္ဘာကြီးကို ပြန်လည် ကူညီမယ့် နိုင်ငံတနိုင်ငံ ဖြစ်လာပါလိမ့်မယ်” ဟု ကာဇိုင်း အော်ပြောသည့်အခါ လူထုကြီးက ဝမ်းသာအားရ ဟစ်ကြွေးကြသည်။

“ကျွန်တော်တို့လား၊ ကမ္ဘာကြီးကို ကူညီမယ် ဆိုတာ”

မန်ဆူ လေသံဖြင့် ပြော၏။

ထိုအတွေးသည် သူ့အဖို့ ရယ်စရာ ကောင်းလောက်အောင် ကိုးရိုးကားရား နိုင်လှသည့် အတွေးတခုပါ။ သူ့ဘဝတလျှောက်လုံး စစ်အတွင်းမှာသာ နေထိုင်ခဲ့ရသည်။ အာဖဂန်နစ္စတန်သည် ပြင်ပကမ္ဘာမှ စားနပ်ရိက္ခာအစ လက်နက် ခဲယမ်းမီးကျောက် အဆုံး အကူအညီ ရယူခဲ့ရသည့် နိုင်ငံတခု။

ကာဇိုင်းပြောပြီးတော့ သမ္မတလောင်း ဘူရ်ဟာနုဒင် ရက်ဘာနီသည် စင်မြင့်ထက်တွင် နေရာယူ၏။ သူသည် ကိုယ်အလေးချိန် စီးသလောက် လုပ်ပိုင်ခွင့် မဆိုစလောက်သာ ရှိသူ။ မူဂျာဟေဒင် အနည်းငယ်ကို စုစည်းထားသည့် ဂျမီယာတီ အစ္စလာမီပါတီကို တည်ထောင်သူ။ ကဘူးလ်တက္ကသိုလ် ပါမောက္ခနှင့် ဘာသာရေး ကျွမ်းကျင်သူ။ သူသည် စစ်မဟာဗျူဟာမှူး အာမက် ရှား မာဆွတ်အား သူနှင့် ပေါင်းရန် စည်းရုံးခဲ့၏။ မာဆွတ်သည် ဆိုဗီယက် ပြည်ထောင်စုနှင့် တိုက်သည့်စစ်ပွဲ၊ ပြည်တွင်းစစ်နှင့် တာလီဘန်အား တော်လှန်သည့် စစ်တို့တွင် သူရဲကောင်းအဖြစ် ပေါ်ထွက်လာခဲ့သူ ဖြစ်သည်။ မာဆွတ်သည် ဩဇာတိက္ကမနှင့် ပြည့်စုံသော ခေါင်းဆောင်တဦး ဖြစ်ကာ ဘာသာရေးကို အလွန်လိုက်စားသူ ဖြစ်သော်လည်း အနောက်ကို လိုလားသူလည်း ဖြစ်သည်။ စကားပြောသည့်အခါ ပြင်သစ်လိုပြောပြီး တိုင်းပြည်အား ခေတ်မီစေချင်သူ။

စက်တင်ဘာလ ၁၁ ရက် အရေးအခင်းမတိုင်မီ နှစ်ရက်အလိုတွင် ကျူနီရှန် အသေခံ ဗုံးခွဲသူ နှစ်ဦး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး ဒဏ္ဍာရီဆန်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သူ ဖြစ်၏။ ကျူနီရှန် နှစ်ယောက်မှာ ဘယ်လ်ဂျီယန် နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်ထားပြီး သူတို့ကိုယ်သူတို့ သတင်းစာဆရာများအဖြစ် အသွင်ဆောင်ထားကြသည်။

"တပ်မှူးကြီး ခင်ဗျာ၊ အာဖဂန်နစ္စတန် တနိုင်ငံလုံးကို တပ်မှူးကြီး သိမ်းပြီးရင် အိုစမာ ဘင်လာဒင်ကို ဘာလုပ်မှာလဲ" ဆိုသောမေးခွန်းသည် မာဆွတ် နောက်ဆုံး ကြားခဲ့လိမ့်မည်ဟု ယူဆရသည့် မေးခွန်းပါ။

ကင်မရာထဲတွင် ဝှက်ထားသည့်ဗုံးအား အကြမ်းဖက်သမားတို့ စနက်တံ မဖြုတ်မီ သူသည် ရယ်ဖြစ်အောင် ရယ်သွားနိုင်သေး၏။ ယခုအခါ ပါရှီတွန်တချို့ပင် ပန်ရှီခြသေ့ကြီး မာဆွတ်၏ ပုံများကို ချိတ်ဆွဲနေကြပြီ။

ရက်ဘာနီသည် သူ့မိန့်ခွန်းကို မာဆွတ်အား ရည်စူးသော်လည်း ရက်ဘာနီ၏ ရွှေခေတ်မှာ ဆိုဗီယက် ပြည်ထောင်စုကို တိုက်ခိုက်သည့် မြင့်မြတ်သော စစ်ပွဲကာလဖြစ်၏။

"ကျွန်တော်တို့နိုင်ငံထဲကနေ ကွန်မြူနစ်တွေကို မောင်းထုတ်ခဲ့တယ်၊ ကျူးကျော်သူ မှန်သမျှကို ကျွန်တော်တို့ရဲ့မြင့်မြတ်တဲ့ အာဖဂန်နစ္စတန် နိုင်ငံထဲကနေ ကျွန်တော်တို့ မောင်းထုတ်နိုင်တယ်" ဟု သူ ထုတ်ဖော် ကြေညာသည်။

၁၉၈၉ ခုနှစ်အတွင်း ရုရှားတပ်ဖွဲ့များ ဆုတ်ခွာသွား၏။ ထို့နောက် လပိုင်းမျှအကြာတွင် ဘာလင်တံတိုင်း ပြိုလဲသွားသည်။ ယင်းမှာ ဆိုဗီယက်ပြည်ထောင်စု အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲခြင်း အပြင် ရက်ဘာနီအဖို့ ဂုဏ်တက်စရာ ဖြစ်ရသည့် ဖြစ်ရပ်တခုပါ။

"ဂျီဟာဒ် (မွတ်ဆလင် ဘာသာရေးစစ်ပွဲ) ကြောင့်သာ မဟုတ်ရင် တကမ္ဘာလုံး ကွန်မြူနစ် ချုပ်ကိုင်မှုကနေ အခုထိ လွတ်ဦးမှာ မဟုတ်ဘူး၊ ဘာလင်တံတိုင်း ပြိုကျသွားတာဟာ ဆိုဗီယက် ပြည်ထောင်စုအပေါ် ကျွန်တော်တို့ ဒုက္ခပေးလိုက်တဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့်နှင့် ဖိနှိပ်ခံ ပြည်သူအားလုံးကို ကျွန်တော်တို့ ပေးလိုက်တဲ့ လှုံ့ဆော်မှုတွေကြောင့် ဖြစ်တယ်၊ ဆိုဗီယက် ပြည်ထောင်စုကို ကျွန်တော်တို့ ဆယ့်ငါးပိုင်းဖြစ်အောင် ခွဲပစ်လိုက်ပြီ၊ ပြည်သူတွေကို ကွန်မြူနစ် ဝါဒကနေ ကျွန်တော်တို့ လွတ်မြောက်စေခဲ့ပြီ၊ ပိုမိုလွတ်လပ်တဲ့ ကမ္ဘာကြီးကို ဂျီဟာဒ်က ဦးဆောင်ခဲ့ပြီ၊ ကွန်မြူနစ်ဝါဒဟာ ဟောဒီ အာဖဂန်နစ္စတန်မှာ သူ့သေတွင်းကို တွေ့သွားပြီ ဖြစ်တဲ့အတွက် ကမ္ဘာကြီးကို ကျွန်တော်တို့ ကယ်တင်လိုက်ပါပြီ"

မန်ဆူသည် သူ၏ကင်မရာကို ဟိုစမ်းစမ်း သည်စမ်းစမ်း လုပ်နေ၏။ မိန့်ခွန်း ခြွေနေသူများအား အနီးကပ် ဓာတ်ပုံရိုက်နိုင်အောင် သူ ရှေ့တိုးလာခဲ့ခြင်း ဖြစ်သည်။ ကာဖိုင်း၏ပုံကို သူ အသည်းအသန် ရချင်နေသည်မှာ သူ့အဖေကို ကြွားချင်သောကြောင့် ဖြစ်နိုင်၏။

စင်မြင့်ထက်မှနေ၍ တယောက်ပြီး တယောက် စကားပြောနေကြသည်။ ဆုတောင်းပတ္ထနာ ပြုနေကြသည်။ တရားဟော ဆရာတယောက်က အလ္လာရှင်မြတ်၏ ကျေးဇူးတော်ကို ချီးပနေ၏။

ပညာရေးဝန်ကြီးက လက်နက်များ နေရာတွင် အင်တာနက် ရောက်ရှိလာမည့် အာဖဂန်နစ္စတန်တခုကို ပုံဖော်ပြနေသည်။

"သေနတ်တွေကို ကွန်ပျူတာတွေနှင့် လဲလှယ်လိုက်ပါ" ဟု သူ အော်ပြောပြီး အာဖဂန်များသည် မျိုးနွယ်စုများအကြား ခွဲခြားသတ်မှတ်ခြင်းကို ရပ်တန်းက ရပ်ကြရမည် ဖြစ်ကြောင်း ထပ်လောင်း ပြောကြား၏။

"အမေရိကကိုကြည့်ပါ၊ နိုင်ငံတခုထဲမှာ သူတို့ နေထိုင်ကြတယ်၊ သူတို့ အားလုံး အမေရိကန်တွေပဲ၊ သူတို့မှာ ပြဿနာ တစုံတရာ မရှိဘဲ အတူတကွ ယှဉ်တွဲ နေထိုင်နိုင်ကြတယ်"

မိန့်ခွန်းများ ခြွေနေကြစဉ် ပရိသတ်ပေါ်သို့ ကျာပွတ်ရိုက်ချက်များ အဆက်မပြတ် ကျရောက်လျက် ရှိ၏။ သို့သော် ဘာမျှမတတ်နိုင်။ အတားအဆီးများကို အတင်းတိုးဝှေ့ပြီး မြင့်မြတ်သော အတွင်းပိုင်းထဲသို့ ဝင်ရောက်နိုင်အောင် ကြိုးစားနေကြသူတွေ များသည်ထက် များလာသည်။ ပရိသတ်သည် အော်ဟစ်ဆူညံလျက် ရှိပြီး မိန့်ခွန်းခြွေသံများကိုပင် မကြားရတော့။ ဘာသာရေး အခမ်းအနားတခုထက် ပါတီပွဲတခုနှင့်သာ တူနေတော့၏။ လက်နက် ကိုင်ဆောင်ထားသည့် စစ်သားများက ဗလီဝန်းကျင်ရှိ လှေကားထစ်များနှင့် ခေါင်မိုးများပေါ်တွင် တာဝန်ယူထားကြသည်။ စက်သေနတ်များ ကိုင်ဆောင်ထားသည့် အမေရိကန် အထူးတပ်ဖွဲ့မှ စစ်သား တဒါဇင်လောက်က နေကာမျက်မှန်များ တပ်ကာ ဗလီ၏ အမိုးပြန့်ထက်မှနေ၍ ဖျော့တော့တော့ ပန်းရောင်အဆင်းရှိ အမေရိကန် သံအမတ်ကြီးအား ကာကွယ်စောင့်ရှောက်လျက်။ တချို့က သံအမတ်ကြီးအား တဖက်တချက်မှ ရံတားလျက်။

အာဖဂန်များအဖို့ကား ဗလီခေါင်မိုးပေါ်တွင် မိစ္ဆာဒိဋ္ဌိများ လမ်းသလား နေကြသည်မှာ မလေးမခန့် ပြုရာရောက်၏။ ဗလီထဲသို့ မွတ်ဆလင် မဟုတ်သူများကို ဝင်ခွင့်မပြု။ ဘာသာရေး၌ သက်ဝင်ယုံကြည်မှု မရှိသူများ မဝင်ရောက်စေရန် အစောင့်များက ကြပ်မတ်ထားကြသည်။ သို့သော် ထိုသို့သောလူ များများစားစား မရှိချေ။ တာလီဘန် ပြေးပြီးနောက် ပထမ နွေဦးတွင် ဝတ်ပြု ခရီးသည်အဖြစ် အနောက်တိုင်းသား ကမ္ဘာလှည့်ခရီးသည်များ အာဖဂန်နစ္စတန်သို့ အများအားဖြင့် ရောက်မလာကြ။ နှစ်သစ်ကူး အခမ်းအနားတွင် ကယ်ဆယ်ရေးလုပ်သား တယောက်စ နှစ်ယောက်စသာ မျက်စိလည် လမ်းမှားလာခဲ့သည်။

မြို့တွင် စစ်ဖက်ပြိုင်နေသော စစ်နယ်ရှင်များဖြစ်သည့် အက်တာ မိုဟာမက်နှင့် ဗိုလ်ချုပ်ကြီး အဗ္ဗဒူရာရှစ် ဒေါ့စတမ်တို့ နှစ်ဦးလုံး စကားပြောစင်မြင့်ပေါ်သို့ တက်ကြသည်။ တာဂျစ် အက်တာ မိုဟာမက်က မြို့ကို စီးထားသည်။ ဥဇဘက် ဒေါ့စတမ်က မြို့ကို သူ စီးသင့်သည်ဟု ထင်သည်။ ခါးခါးသီးသီး မုန်းတီးနေကြသည့် ရန်သူတော်ကြီး နှစ်လက်တို့သည် ဘေးချင်းယှဉ်ထိုင်ကာ မိန့်ခွန်းများကို နားထောင်နေကြလေသတတ်။ အက်တာ မိုဟာမက်သည် သူ့မုတ်ဆိတ်ကို ပွတ်သပ်လျက်။ ဒေါ့စတမ်က အပယ်ခံ လက်ဝှေ့သမားတယောက်၏ ပိုင်နိုင်ခြင်းမျိုးဖြင့်။ တာလီဘန်အား တိုက်သည့် နောက်ဆုံးထိုးစစ်အတွင်း သူတို့နှစ်ယောက် ဆောင့်ကြီးအောင့်ကြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း ယခု ဟန်ဆောင် မျက်နှာဖုံးများ ကွာကျကုန်ပြီ။

ဒေါ့စတမ်သည် အစိုးရအဖွဲ့သစ်တွင် သတင်းဆိုးဖြင့် အကျော်ကြားဆုံးဖြစ်ပြီး အခြားသူတို့အား ဖျက်ဆီးခြင်းမှ ကာကွယ်ထားနိုင်စေရန် အစိုးရ အဖွဲ့သစ်တွင် သူ့အား ထည့်သွင်းထားခြင်း ဖြစ်၏။ ယခု ရောမခန္ဓာကိုယ်ကြီးပေါ်တွင် အမြိုင့်သား လက်ပိုက်ထားပြီး နေကို မျက်စိမှေးကြည့်နေသူတွင် အာဖဂန်နစ္စတန်ရှိ တခြားလူများထက် ပိုမို ထိတ်လန့် စက်ဆုပ်ဖွယ်ကောင်းသည့် ဇာတ်ကြောင်းများ ရှိနေ၏။ အသေးအမွှား အဖြစ်လေးတခု အတွက်နှင့်ပင် စစ်သားများအား တင့်ကားတွင် ချည်နှောင်ကာ သွေးအလိမ်းလိမ်းဖြင့် အစုတ်စုတ် အပြတ်ပြတ် မဖြစ်မချင်း တင့်ကားကို မောင်းနှင်စေသူ ဖြစ်သည်။

တကြိမ်တွင် ထောင်ချီရှိသော တာလီဘန် စစ်သားများအား သဲကန္တာရထဲသို့ မောင်းသွားပြီး ကွန်တိန်နာများထဲတွင် ထည့်ပစ်ခဲ့၏။ ရက်ပေါင်းများစွာ ကြာပြီးနောက် ကွန်တိန်နာများအား ဖွင့်လိုက်ချိန်တွင် အကျဉ်းသားများသည် အပူရှိန်ဒဏ်ကြောင့် မီးသွေးတုံးလို မည်းနက်ကာ သေနှင့်နေကြတော့ပြီ။

ဒေါ့စတမ်သည် အလိမ်ဝိဇ္ဇာအဖြစ်လည်း နာမည်ကြီးသူ။ သခင်များစွာထံတွင် အမှုတော် ထမ်းခဲ့ပြီး သူတို့အချင်းချင်း တလှည့် တပြန်စီ လိမ်လည်ခဲ့ကြ၏။

ဆိုဗီယက်ပြည်ထောင်စုက တိုက်ချိန်တွင် သူသည် ရုရှားတို့ဘက်မှ ဝင်တိုက်ပေးခဲ့၏။ သူ့အား ဘုရားမဲ့ ဝါဒီတဦးအဖြစ် ပြောဆိုကြသည်။ သူသည် ဗော့ဒ်ကာအရက်ကို အလွန်အကျွံ သောက်သူလည်း ဖြစ်သည်။

ယခု သူ လေသံပြောင်းသွားပြီ။ အလ္လာအရှင်မြတ်၏ ကျေးဇူးတော်ကို ချီးကျူးနေပြီ။ ငြိမ်းချမ်းရေးတရား ဟောနေပြီ။

"၁၃၈၁ ခုနှစ်ထဲမှာ တိုက်ခိုက်မှုနှင့် ပဋိပက္ခ အသစ်တွေ ပေါ်ပေါက်စေနိုင်တဲ့ လက်နက်တွေကို ဘယ်သူမှ ဖြန့်ဖြူး ရောင်းချခွင့် မရှိဘူး၊ ဒီနှစ်ဟာ လက်နက်တွေကို သိမ်းဆည်းကြရမယ့်နှစ် ဖြစ်တယ်၊ ဝေငှပေးရမယ့်နှစ် မဟုတ်ဘူး"

မန်ဆူ ရယ်လိုက်၏။ သေစာရှင်စာလောက်သာ ဒေါ့စတမ် တတ်သည်ကို လူတွေသိကြသည်။ မူကြိုကလေးတယောက်လို စာရွက်ကိုဖတ်ပြီး မိန့်ခွန်းခြွေနေပုံမှာ တောက်တဲ့ လှည်းနင်း ဖြစ်နေတော့၏။ တခါတရံ လုံးဝ လေသံပြတ်သွားသော်လည်း ယင်းအဖြစ်ကို ဖုံးကွယ်သွားစေရန် အလို့ငှာ ကျယ်ကျယ်လောင်လောင်ကြီး ဟားတိုက် ရယ်မောပစ်လိုက်တတ်သည်။

နောက်ဆုံး တရားဟောဆရာက အကြမ်းဖက်မှု ဆန့်ကျင်ရေးအတွက် စည်းရုံး လှုံ့ဆော်ကြရန် တိုက်တွန်း ပြောဆိုသွားသည်။ ယနေ့ အာဖဂန်နစ္စတန်တွင် အရာရာတိုင်းသည် စည်းရုံး လှုံ့ဆော်မှု ဖြစ်နေ၏။

"အစ္စလာမ်ကျမ်းစာ တခုတည်းကသာ အကြမ်းဖက်မှုကို ဆန့်ကျင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောတယ်၊ အာဖဂန်နစ္စတန်ဘက်ကို အကြမ်းဖက်သမားတွေ မျက်နှာ လှည့်လာကြပြီ၊ သူတို့ကို ဆန့်ကျင်ဖို့ဆိုတာ ကျွန်တော်တို့ရဲ့တာဝန်ပဲ၊ တခြား ကျမ်းစာအုပ်က ဒီအကြောင်းကို ပြောမထားဘူး၊ ဘုရားသခင်က မိုဟာမက်ကို အကြမ်းဖက်သမားတွေ တည်ဆောက်ထားတဲ့ ဗလီမှာ ဝတ်မပြုရဘူး လို့ မိန့်တော်မူတယ်၊ မွတ်စလင်အစစ်တွေဟာ အကြမ်းဖက်သမားတွေ မဟုတ်ကြဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အစ္စလာမ်ဘာသာဟာ သည်းအခံဆုံးဘာသာ ဖြစ်လို့ပဲ၊ ဥရောပက ဂျူးတွေကို ဟစ်တလာ သတ်ခဲ့တုန်းက မွတ်စလင်နိုင်ငံတွေမှာ ဂျူးတွေ ဘေးအန္တရာယ် ကင်းခဲ့တယ်"

မိန့်ခွန်းများ ခြွေအပြီးတွင် မလွှင့်တင်ရသည်မှာ ငါးနှစ်ကြာခဲ့ပြီဖြစ်သည့် အလီ၏ အစိမ်းရောင် အလံ (ဂျန်ဒါ) ကို လွှင့်တင်ရန် ဖြစ်၏။ အလံတိုင်ကို မြေပြင်တွင် စိုက်ထူထားပြီး အလံတိုင်ထိပ်ဖျားသည် ဗလီနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။ အလံကို ကာဖိုင်း လွှင့်တင်နေစဉ် ဗုံသံများ၊ ပရိသတ်၏ ဝမ်းသာအားရ ဟစ်အော်သံများက ဘဝင်လှိုက်နေလေသည်။ ရက်ပေါင်း လေးဆယ်တိုင်တိုင် အလံကို လွှင့်တင်ထားရမည်။ သေနတ်ပစ်ဖောက်သံများ ပေါ်လာပြီး အတားအဆီးများကို ဖွင့်ပေးလိုက်ကြ၏။ အပြင်ဘက်တွင် စောင့်ဆိုင်းလျက်ရှိသည့် ပရိသတ် ထောင်ပေါင်းများစွာတို့ ဗလီ၊ အုတ်ဂူနှင့် အလံရှိရာသို့ ပြုံဝင်လာကြသည်။

မန်ဆူ ဈေးဝယ်ထွက်ချင်၏။ အလီသည် စောင့်နေရတော့မည်။ မိသားစုဝင်တိုင်း လက်ဆောင်တခုစီ ရကြမှ ဖြစ်မည်။ သူတို့အားလုံး သွားခဲ့သည့်ခရီး၏ အရသာကို ခံစားနိုင်ကြလျှင် အနာဂတ်တွင် အဖေသည်

မန်ဆူအပေါ် ပိုမို အကောင်းမြင်လာလိမ့်မည်။ ဝတ်ပြုသည့်အခါ ထိုင်သည့် ကော်ဇောငယ်များ၊ ခေါင်းစည်းပဝါများနှင့် စိပ်ပုတီးများကို မန်ဆူ ဝယ်ယူ၏။ ထို့နောက် လက်ဖက်ရည်ဖျော်ရန် သကြားခဲများ။ ဗဇာမြို့တွင်သာ လုပ်သည့် သကြားခဲများကို ဝယ်သွားပါက သူ ကျူးလွန်ထားသည့်အပြစ်များ သို့မဟုတ် ကျူးလွန်ရန် အလားအလာရှိသည့် အပြစ်များအား အဘွား ဘီဘီဂူးလ်က ခွင့်လွှတ်လိမ့်မည်ဆိုတာ မန်ဆူ သိ၏။ ထို့ပြင် အဒေါ်များအတွက် အင်္ကျီနှင့် လက်ဝတ်တန်ဆာများ၊ ဦးလေးများနှင့် ညီများအတွက် နေကာမျက်မှန်များ။ ကဘူးလ်တွင် နေကာမျက်မှန် ရောင်းချသည်ကို သူ မတွေ့ဖူးခဲ့။ ဝယ်ထားသမျှ ပစ္စည်းအားလုံးကို စီးကရက် ကြော်ငြာပါသည့် ပန်းနုရောင် ပလတ်စတစ်အိတ်ကြီးများတွင် ထည့်ပြီး ခါလစ် အလီ၏အုတ်ဂူသို့ ပြန်လာခဲ့၏။ နှစ်သစ်ကူးလက်ဆောင်များကို သိဒ္ဓိ တင်ရမည်။

ပစ္စည်းများကို အလို့အလောင်း မြှုပ်နှံထားရာ မြေအောက်ခန်းထဲသို့ သယ်ဆောင်သွားပြီး ဂူအတွင်း ရွှေဆေး သုတ်ထားသည့် နံရံအနီးတွင် ထိုင်နေကြသည့် တရားဟောဆရာများထံသို့ သွား၏။

လက်ဆောင်ပစ္စည်းများကို တရားဟောဆရာတယောက်၏ရှေ့တွင် ချလိုက်သည်နှင့် တရားဟောဆရာသည် ကိုရန်ကျမ်းစာကို ဖတ်ကြားပြီး ပစ္စည်းများပေါ်သို့ အသက်ပြင်းပြင်း ရှူသွင်း ရှူထုတ် လုပ်ပေး၏။ ဆုတောင်းစာ ဆိုပြီးချိန်တွင် ပစ္စည်းများကို ပလတ်စတစ်အိတ်များအတွင်း ပြန်ထည့်ပြီး အသေ့နှင်လာခဲ့သည်။

ရွှေရောင်နံရံအနီးတွင် ဆုတောင်းနိုင်၏။ မန်ဆူသည် မျိုးချစ်စိတ် ထက်သန်သည့် မိန့်ခွန်းများကို အမီလိုက်ကာ နံရံတွင် နဖူးထိပြီး ဆုတောင်းလေသည်။ တနေ့သောအခါတွင် အာဖဂန်တယောက် ဖြစ်ရသည်ကို ဂုဏ်ယူနိုင်သည့်ကိုယ် ဖြစ်ရပါလို၏။ တနေ့သောအခါတွင် မိမိကိုယ်တိုင်နှင့် မိမိတိုင်းပြည်အတွက် ဂုဏ်ယူနိုင်သည့်ကိုယ်၊ ကမ္ဘာ့အလယ်တွင် လေးစားခံရသည့် တိုင်းပြည် ဖြစ်ရပါလို၏။ ဟာမစ်ကာဇိုင်းသည်ပင် ထို့ထက် ပိုကောင်းအောင် ဆုတောင်းနိုင်လိမ့်မည် မဟုတ်ချေ။

မြင်ရသမျှ မြင်ကွင်းတွေ၊ ကြားရသမျှ အသံတွေကြောင့် ဗဇာသို့ လာရင်းကိစ္စကို မန်ဆူ မေ့သွားသည်။ သူတောင်းစားမလေး၊ သူမ၏သွယ်သွယ်လျလျ ကိုယ်လုံးလေး၊ အညိုရောင် ဖျော့ဖျော့ မျက်ဝန်းကြီးများ၊ ကျပ်ခဲနေသော ဆံပင်တို့ကို မန်ဆူ မေ့သွားသည်။

အုတ်ဂူမှခွာ၍ အလီ၏အလံရှိရာသို့ သူသွားသည်။ ထိုနေရာတွင်လည်း သူ့ပလတ်စတစ် အိတ်များကို လက်ခံသည့် ဘာသာရေးဆရာများ ရှိ၏။ သို့သော်

အိတ်များထဲမှ လက်ဆောင် ပစ္စည်းများကိုထုတ်ဖို့ သူတို့ အချိန်မရကြ။ ကော်ဇောများ၊ စိပ်ပုတီးများ၊ အစားအစာများနှင့် ခေါင်းစည်းပဝါများအား သိဒ္ဓိတင်လိုသည့် လူတန်းကြီးက ရှည်လျားလှ၏။ ဘာသာရေး ဆရာများသည် မန်ဆူ့အိတ်များကို ဆွဲယူရုံသာယူပြီး အလံတိုင်တွင် အသာအယာ ပွတ်သပ်၍ ဆုတောင်းစာ ရွတ်ဆိုပြီးနောက် ပြန်ပေးလိုက်သည်တွင် မန်ဆူသည် သူတို့အား ငွေစက္ကူတချို့ကို ပစ်ပေးလိုက်၏။ ကော်ဇောများနှင့် သကြားခဲများမှာ သိဒ္ဓိ ထပ်တင်ပြီး ဖြစ်သွားသည်။

အဆိုပါ ပစ္စည်းများကို သူ့အဘွား၊ စူလတန်၊ အဒေါ်များနှင့် ဦးလေးများအား ပေးရန် မန်ဆူ ရည်ရွယ်ထား၏။

သူသည် လျှောက်သွားရင်း တပြုံးပြုံး ဖြစ်နေလေသည်။ စာအုပ်ဆိုင်နှင့်ဝေးရာ၊ အဖေ၏ ချုပ်ကိုင်မှုမှ ဝေးရာနေရာတွင် သူ အပျော်ကြီး ပျော်နေတော့သည်။

"ကျွန်တော် ဗဇာမြို့ကို ချစ်တယ်၊ ကျွန်တော် အလီကို ချစ်တယ်၊ ကျွန်တော် လွတ်လပ်မှုကို ချစ်တယ်၊ ကျွန်တော် ခင်ဗျားတို့ကို ချစ်တယ်" ဟု အော်ဟစ်ရင်း လမ်းပေါ်တွင် ခုန်ပေါက်နေ၏။ ဤအကြိမ်သည် သူတယောက်တည်း ခရီးသွားရသည့် ပထမဆုံးအကြိမ်။ သူ့ဘဝတွင် မိသားစုဝင် တဦးနှင့် မတွေ့ရသည့် ပထမဆုံးနေ့။

ဘုဇ်ကာရှီ ပြိုင်ပွဲကြည့်ရန် သူတို့ ဆုံးဖြတ်လိုက်ကြသည်။ မြောက်ပိုင်း နယ်မြေများမှာ ဘုဇ်ကာရှီပြိုင်ပွဲများ ကောင်းလှသည်ဟု နာမည်ကြီးသည်။ ပွဲစနေပြီဖြစ်ကြောင်း အဝေးက လှမ်းမြင်ရ၏။ ဦးခေါင်းပြတ်နေသည့် နွားကလေး အသေကောင်ကို မြင်းစီးသမား နှစ်ရာတို့ လုယက်နေကြရာ မြေပြန့်လွင်ပြင်ပေါ်တွင် ဖုန်လုံးကြီးများ ထောင်းထောင်းထလျက်။ မြင်းများသည် ကိုက်ကြ၊ ကန်ကြ၊ ပတတ်ရပ်ကြ၊ ကဆုန်စိုင်းကြ။

ကျာပွတ်ကို သွားဖြင့်ကိုက်ထားသည့် မြင်းစီးသမားများက မြေပြင်ပေါ်ရှိ နွားကလေး အသေကောင်ကို လုယူဖို့ ကြိုးစားကြ။ တယောက်ဆီမှ နောက်တယောက်ဆီသို့ အသေကောင် ပြောင်းသွားပုံ မြန်ဆန်လွန်းလှသဖြင့် တယောက်ဆီမှ နောက်တယောက်ဆီသို့ ပစ်ပေးနေသလိုပင် ထင်ရသည်။ ရည်ရွယ်ချက်မှာ မြေပြန့်လွင်ပြင် တဖက်စွန်းမှ အသေကောင်ကို အခြားတဖက်စွန်းရှိ မြေပြင်ပေါ်မှ စက်ဝိုင်းထဲသို့ရောက်အောင် ပို့ဆောင်ရန်ဖြစ်၏။ အချို့ပြိုင်ပွဲများမှာ ကြမ်းတမ်း ပြင်းထန်လှသည်ဖြစ်ရာ နွားကလေး အသေကောင်သည် အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားသည် အထိပင်။

ပြိုင်ပွဲကို မကြည့်ဖူးသည့် အပြင်လူတယောက်အနေဖြင့် မြင်းများ အပြေးပြိုင်နေကြသည် ဟု ထင်စရာ။ မြင်းစီးသမားများက ပန်းထိုးထားသော ကုတ်အင်္ကျီရှည်များ၊ တန်ဆာဆင်ထားသည့် ပေါင်လယ်ရောက် ခွာမြင့် သားရေဘွတ်ဖိနပ်များနှင့် သိုးသားရေဖြင့် ချုပ်ထားသည့် သိုးမွေး အနားကွပ် ဘုဇ်ကာရှိ ဦးထုပ်လုံးများကို ဆင်ယင်ထားကြ၏။

"ကာဇိုင်း"

မြေပြန့်လွင်ပြင်ပေါ်တွင် အာဖဂန် ခေါင်းဆောင်ကို မြင်လိုက်သဖြင့် မန်ဆူအော်လိုက်သည်။

"ဒေါ့စတမ်ရောပဲ"

မျိုးနွယ်စု အကြီးအကဲနှင့် စစ်နယ်ရှင်တို့ နွားကလေး အသေကောင်ကို လုယက်နေကြသည်။ ကြံ့ခိုင်သန်စွမ်းသော ခေါင်းဆောင်အဖြစ် ပေါ်ထွက်လာရန် ဘုဇ်ကာရှီတိုက်ပွဲတွင် ပါဝင်ဖို့ လို၏။ ပရမ်းပတာဖြစ်နေသည့်နေရာ၏ အပြင်ဘက် စက်ဝိုင်းဝန်းကျင်မှာသာ လှည့်ကာ ပတ်ကာ ဟန်ရေးပြ မြင်းစီးနေရုံဖြင့် မပြီး။ တိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ကျားကုတ်ကျားခဲ တိုက်ခိုက်မှ ဖြစ်မည်။ သို့သော် အရာရာတိုင်းတွင် သူ့တန်ဖိုးနှင့်သူ ရှိ၏။ တခါတရံ အင်အားကြီးမားသူများ အောင်နိုင်မှုအတွက် ပေးဆပ်သွားရတတ်၏။

တိုက်ပွဲ အစပ်တွင် ကာဇိုင်း မြင်းစီးနေသည်။ အခြား မြင်းစီးသမားများ၏ မရှုနိုင် မကယ်နိုင် ဖြစ်စေသည့် အရှိန်အဟုန်ကို သူ ထိန်းမထားနိုင်။ တောင်ပိုင်းမှ မျိုးနွယ်စု အကြီးအကဲသည် ဘုဇ်ကာရှီပြိုင်ပွဲ၏ လူမဆန်သော စည်းကမ်းချက်များကို နားလည်သည်မဟုတ်။ ဤအရာသည် မြေပြန့်လွင်ပြင် တိုက်ပွဲဖြစ်၏။ အောင်နိုင်သူ သို့မဟုတ် အနိုင်ပေးခြင်း ခံရသူမှာ မြေပြန့် လွင်ပြင်များ၏ ကြီးမြတ်သောသား၊ ဒေါ့စတမ်။ နောက်ပိုင်းတွင် ဤအောင်နိုင်မှုကို အကျိုးနပ်အောင် သူ လုပ်ကောင်းလုပ်နိုင်သည်။ ဒေါ့စတမ်သည် သူ့မြင်းတပ်တွင် တပ်မှူးကြီးတယောက်လို ထိုင်ကာ လက်ခုပ်သြဘာသံကို မြိန်မြိန်ကြီး နားစွင့်နေလိုက်၏။

တခါတရံ အသင်းနှစ်သင်း ယှဉ်ပြိုင်ကြသည်။ တခြားအချိန်များတွင် မိမိတို့ ဆန္ဒအလျောက်။

ဘုဇ်ကာရှီသည် ကမ္ဘာပေါ်တွင် အကြမ်းဆုံး၊ အရမ်းဆုံး ပြိုင်ပွဲဖြစ်ပြီး ဂျင်ဂစ်ခန် လက်ထက်တွင် တိုင်းပြည်အား ဖွတ်ဖွတ်ညက်ညက် ကြေစေခဲ့သည့် မွန်ဂိုတို့က အာဖဂန်နစ္စတန်သို့ သယ်ယူလာခဲ့ခြင်း ဖြစ်သည်။ ယင်းသည် ငွေအတွက် ပြိုင်ဆိုင်သည့် ပြိုင်ပွဲလည်း ဟုတ်သည်။ လူထုကြားမှ သြဇာ အာဏာ ရှိသူတို့က

ပြိုင်ပွဲတပွဲစီအတွက် အာဖဂန်နီ ငွေကြေး သန်းပေါင်းများစွာ ပေးကြသည်။ ငွေများလေလေ ပြိုင်ပွဲ ပြင်းထန်လေလေ။

ထို့ပြင် ယင်းတွင် နိုင်ငံရေး ရည်မှန်းချက်လည်း ပါရှိ၏။ ဒေသဆိုင်ရာ အကြီးအကဲကိုယ်တိုင် ဘုဇ်ကာရှီ တိုက်ပွဲဝင်ကောင်းတယောက် ဖြစ်နိုင်သလို မြင်းကောင်းများနှင့် မြင်းစီးသမားကောင်း များကို မွေးထားသူလည်း ဖြစ်နိုင်ပြီး အောင်ပွဲသည် လေးစားမှုနှင့် အနက်တူ ဖြစ်၏။

၁၉၅၀ ပြည့်လွန်နှစ်များကတည်းက အာဖဂန် အာဏာပိုင်များသည် ပြိုင်ပွဲအတွက် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ပေးရန် ကြိုးစားခဲ့ကြသည်။ ပါဝင်ယှဉ်ပြိုင်သူများက ခေါင်းညိတ်ကြရုံဖြင့် စည်းကမ်းကို သိသည်ဟူ၍ မဖြစ်နိုင်။ ဆိုဗီယက် ကျူးကျော်မှုနောက်ပိုင်း တိုင်းပြည် ဗရုတ်ဗရက် ဖြစ်နေစဉ်မှာပင် ပြိုင်ပွဲများ ဆက်လက် ရှိနေသေး၏။ ပြိုင်ပွဲရှိရာသို့ ရောက်ရန် စစ်တလင်းကို ဖြတ်ကျော်ရမည် ဖြစ်သဖြင့် ပြိုင်ပွဲဝင်မည့်သူများ ရောက်မလာကြ။

နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိသည့် အာဖဂန်နစ္စတန်၏ ဓလေ့ထုံးတမ်းများကို ဖယ်ရှားပစ်ရန် ကြိုးစားသည့် ကွန်မြူနစ်များမှာ ဘုဇ်ကာရှီ တိုက်ပွဲများကို မည်သည့်အခါမျှ မတို့မထိရဲကြသော်လည်း ဒေသခံတို့အား မျက်နှာလို အားရလုပ်သည့်အနေဖြင့် အခြား ကစားနည်း ပြိုင်ပွဲများကိုမူ စီစဉ်ပေးကြသည်။ တယောက်ကို တယောက်က သွေးချောင်းစီးအောင် အာဏာသိမ်းနေကြသဖြင့် ပွဲကြည့်စင်များပေါ်တွင် အာဏာရှင် တယောက်ပြီး တယောက် ပေါ်လာ၏။ သို့ဖြစ်စေကာမူ ဘုဇ်ကာရှီ ပြိုင်ပွဲများ၏ အခြေအမြစ်များစွာကို ကွန်မြူနစ်များ ဖြိုချခဲ့ကြသည်။ ပြည်သူပိုင် ပြုလုပ်ခြင်း စတင်ချိန်တွင် ကောင်းစွာ လေ့ကျင့်ထားသော မြင်းများကို မွေးမြူနိုင်သူ မရှိတော့ဘဲ ဘုဇ်ကာရှီ မြင်းများမှာ လယ်ယာသုံး မြင်းများအဖြစ်သို့ ရောက်ရှိသွားကြတော့၏။ မြေပိုင်ရှင်များ ပျောက်ကွယ်သွားသောအခါ ဘုဇ်ကာရှီ မြင်းများနှင့် မြင်းစီးသမားများလည်း ကံတူအကျိုးပေးများ ဖြစ်သွားကြတော့သည်။

တာလီဘန်များသည် ဘုဇ်ကာရှီ ပြိုင်ပွဲများကို ပိတ်ပင်တားမြစ်ပြီး အစ္စလာမ်ဘာသာနှင့် ဆန့်ကျင်သည်ဟု သတ်မှတ်ခဲ့၏။ ယခုပွဲမှာ တာလီဘန် ကျပြီးနောက် ပထမဆုံး ပြုလုပ်သောပွဲပါ။

ရှေ့ဘက်တွင် မန်ဆူ တနေရာ ရသည်။ တခါတရံ ပတတ်ရပ်သည့် မြင်းများနှင့် လွတ်အောင် ရှောင်ရသည်။ ဓာတ်ပုံတွေလည်း အများအပြား ရိုက်သည်။ သူ့အပေါ်သို့ လွှားလာစဉ် ရိုက်လိုက်သည့် မြင်း၏ ဝမ်းဗိုက်ပုံတွေ၊ တထောင်းထောင်း ထနေသည့် ဖုန်လုံးပုံတွေ၊ ဖွတ်ဖွတ်ကြေနေသော နွားကလေးအသေကောင် ပုံတွေ၊ အဝေးကြီးမှ လှမ်းရိုက်သည့် ကာဗိုင်း၏ ပုံတွေ၊

အောင်ပွဲခံနေသည့် ဒေါ့စတမ်၏ ပုံတွေ။

ပြိုင်ပွဲ ပြီးသည့်အခါ ဘုဇ်ကာရှီတယောက်၏ဘေးတွင် ဝင်ရပ်လျက် သူ့ပုံကိုပင် ရိုက်ခဲ့သေးသည်။

နေဝင်နေပြီ။ ဖုန် တထောင်းထောင်း ထနေသည့် လွင်ပြင်ပေါ်သို့ အနီရောင် ရောင်ခြည်များ ဖြန့်ကြက်လျက် ရှိ၏။ ဝတ်ပြုခရီးသည်များလည်း ဖုန်အလိမ်းလိမ်းနှင့်။

ပြိုင်ကွင်းအပြင်ဘက်ရှိကဖေးဆိုင်တဆိုင်တွင် သူတို့သည် ကော်ဇောပေါ်သို့ မျက်နှာချင်းဆိုင် ထိုင်ပြီး စားသောက်ကြ၏။ ဟင်းချို၊ ထမင်း၊ သိုးသား နှင့် ကြက်သွန်နီဥ။

မန်ဆူမှာ ပလုတ်ပလောင်း စားပြီး လိုက်ပွဲ ထပ်မှာရသည်။ သူတို့အနီးတွင် ဝိုင်းဖွဲ့ထိုင်ပြီး လက်မောင်းလှဲနေသူတစုကို ပြုံးပြလိုက်ကြ၏။ အချိုပွဲအဖြစ် လက်ဖက်ရည် လာချိန်တွင် စကား စတင် ဖြစ်ကြသည်။

“ကဘူးလ်က လာကြတာလား”

ယောက်ျားကြီးများက မေး၏။ မန်ဆူ ခေါင်းညိတ်ပြပြီး

“ခင်ဗျားတို့ရော ဝတ်ပြုဖို့ လာတာပဲလား”

လူကြီးများ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ “တို့ဟာ ငုံးနှင့် လာကြတာ” ဟု အားမရှိသည့် အဘိုးအိုတယောက်က ဖြေသည်။

"အီရတ်က လာကြတာလေ၊ ကန်ဒါဟာ၊ ကဘူးလ်ကနေ ဒီအထိ တို့လာခဲ့တာ တပတ်ကြီးပဲ၊ ဒီမှာက အကောင်းဆုံး ငုံးတိုက်ပွဲတွေ ရှိတယ်ကွ”

အဘိုးအိုက သူ့အင်္ကျီအိတ်ထဲမှ အိတ်ကလေးတလုံးကို ဂရုတစိုက် ထုတ်ယူလိုက်ရာ အိတ်ကလေးထဲမှ ငုံးတကောင် ခုန်ထွက်လာသည်။

“ဒီကောင်လေးက ပွဲတိုင်းကျော်ပဲ၊ တို့ ပိုက်ဆံတွေ အများကြီး နိုင်ခဲ့တယ်၊ အခု ဒီကောင်လေးရဲ့တန်ဖိုးက ဒေါ်လာ သောင်းဂဏန်းလောက် ဖြစ်နေပြီ” ဟု အဘိုးအိုက ကြွားလုံးထုတ်ပြီး သိမ်းငှက်လက်သည်းလို ကွေးကွေးကောက်ကောက် လက်ချောင်းများဖြင့် ငုံးကို အစာကျွေးသည်။

ငုံးသည် သေးငယ်လွန်းသဖြင့် အဘိုးအို၏ ကြမ်းတမ်းသော လက်သီးဆုပ်ထဲတွင် မြုပ်နေ၏။ သူတို့သည် အလုပ်မှ ခွင့်ယူလာကြသည့် အလုပ်သမားများ။

ငါးနှစ်တိုင်တိုင် တာလီဘန် မသိအောင် ပုန်းလျှိုးကွယ်လျှိုးဖြင့် ငုံးတိုက်ပွဲများ ဆင်နွှဲခဲ့ရာမှ ယခု ပေါ်ပေါ်ထင်ထင် ဆင်နွှဲနိုင်ပြီ ဖြစ်၏။

"နက်ဖြန် မနက် စောစောလာခဲ့ကြလေ၊ ခုနစ်နာရီမှာ ငုံးတိုက်ပွဲ စမယ်" ဟု အဘိုးအိုက ပြောပြီး သူတို့သွားခါနီးတွင် ဆေးခြောက်တထုပ်ကို အတင်းထိုးထည့်ပေး၏။

"ကမ္ဘာပေါ်မှာ အကောင်းဆုံး ဆေးခြောက်ပဲ၊ အီရတ်က ထွက်တာ"

ဟိုတယ်သို့ ရောက်သောအခါ ဆေးခြောက်ကို စမ်းရှုကြည့်ရင်း အိပ်ပျော်သွားကြသည်။

ဘာသာရေးဆရာ၏ ဝတ်ပြုရန် နှိုးဆော်သံ ပေါ်ထွက်လာချိန်တွင် မန်ဆူ အိပ်ရာမှ နိုးသည်။ ၁၂:၃၀ နာရီ။ သောကြာနေ့ ဝတ်ပြုပွဲ။ သောကြာနေ့တွင် ဝတ်မပြုဘဲ မနေနိုင်။ အချိန်မီ သွားမှဖြစ်မည်။ ရှဲလ်ဝါကမိဇ်၊ ကျူးနစ် အင်္ကျီနှင့် ကြွေအိုးပွ ဘောင်းဘီရှည်တို့ကို ကဘူးလ်မှာ မေ့ကျန်ခဲ့သည်။ အနောက်တိုင်း အဝတ်အစားဖြင့် သောကြာနေ့ ဝတ်ပြုပွဲသို့ သွားလို့မဖြစ်။ ဝတ်ပြုသည့် အဝတ်အထည်များကို ဘယ်မှာ ဝယ်လို့ရနိုင်ပါ့မလဲ။ ဆိုင်တွေအားလုံး ပိတ်ထားကြပြီ။

"မင်း ဘာပဲဝတ်ဝတ် အလ္လာ အရှင်မြတ်က စိတ်မဆိုးပါဘူးကွာ" အက္ကဘာက အိပ်ချင်မူးတူးဖြင့် ပြော၏။

"ငါ ကိုယ်လက် သန့်စင်ရမယ်၊ ဟိုတယ်မှာလည်း ရေပိတ်ထားပြီ"

မန်ဆူ ညည်းညူ၏။ အပြစ်ဖို့ရမည့် လိုင်လာကလည်း မရှိ။ နားငြီးမခံနိုင်သော အက္ကဘာက မန်ဆူ့ကို အတင်းနှင်နေသည်။ ရေကိစ္စက ပြဿနာ။ မွတ်စလင်တယောက်သည် မျက်နှာနှင့် ခြေတောက် လက်တောက်တို့ကို မဆေးကြောဘဲ ဝတ်ပြုလို့ ဘယ်လိုမှ မဖြစ်။

"ဗလီမှာ ရေ ရှိတယ်" ဟု အက္ကဘာက ပြောပြီး မျက်လုံးများ ပြန်မှိတ်သွားသည်။

ခရီးသွားတုန်းက အဝတ်ဟောင်းများနှင့်ပင် မန်ဆူ ပြေးထွက်သွား၏။ ဝတ်ပြုခရီး ထွက်ရာမှာ ကျူးနစ် အင်္ကျီကိုမှ မေ့ရတယ်လို့။ ဦးထုပ်ကရော။ ဗလီအဝင်ဝတွင် သူတောင်းစား တယောက်။ ခြေထောက်တဖက်က ပုံပျက်ပန်းပျက် ဖြစ်နေသည်။

သူတောင်းစား ဆောင်းထားသည့် ဦးထုပ်ကို မန်ဆူ ချွတ်ယူလိုက်ပြီး

“ပြန်ပေးမယ်နော်” ဟု ပြောပြောဆိုဆို မန်ဆူ ပြေးသည်။

ဗလီအဝင်ဝတွင် ဖိနပ်ချွတ်ကာ ကြမ်းခင်းကျောက်ပြားများပေါ်တွင် ခြေဗလာဖြင့် လျှောက်သွား၏။ မျက်နှာသစ်၊ ခြေတောက် လက်တောက် ဆေးပြီး ဦးထုပ်ကို ဆောင်းလိုက်သည်။ ထို့နောက် မက္ကာဘက်သို့ မျက်နှာမူကာ စီတန်းထိုင်နေသူများရှိရာသို့ လျှောက်သွားပြီး နောက်ဆုံးတန်းတွင် ဝင်ထိုင်လိုက်သော်လည်း တအောင့်လောက် ကြာသောအခါ သူသည် ပရိသတ် အလယ်ကောင်တွင် ရောက်နေတော့၏။ အနောက်တိုင်းဝတ်စုံ ဝတ်ထားသည်မှာ သူ တယောက်တည်းသာ။

ဝတ်ပြုသူများက အတားအဆီးအနီးတွင် နေရာယူထားကြသည်။ အတားအဆီး၏ နောက်ဘက်တွင် နာမကျန်းသူများ။ ကျန်းမာရေး ကောင်းသူများကို ရောဂါကူးစက်ခြင်းမှ ကာကွယ်သောအားဖြင့် သူတို့၏နေရာကို ကန့်သတ်ထားသည်။ သူတို့အထဲတွင် အသိဉာဏ် နှံ့သူများလည်း ပါ၏။

နောက်ထပ် သီတင်းနှစ်ပတ်ကြာရင် သူတို့သေကြမှာပဲဟု မန်ဆူထင်သည်။ သူ ကျောချမ်းပြီး လှည့်ထွက်လာ၏။ ဤအခြေအနေများကို မြင်ရသဖြင့် ဘာသာတရား ကိုင်းရှိုင်းသော မွတ်စလင် တယောက် ဖြစ်လာရန် သူ ဆုံးဖြတ်လိုက်သည်။ ဝတ်ပြုချိန်ကို လေးစားမည်။ ပေးကမ်း စွန့်ကြဲမည်။ ဥပုသ် စောင့်မည်။ ဗလီ တက်မည်။ လက်မထပ်ခင် မည်သည့် မိန်းကလေးကိုမျှ မပြစ်မှား။ မုတ်ဆိတ် ထားမည်။ မက္ကာသို့ သွားမည်။

ဝတ်ပြုပွဲ ပြီးဆုံးသွားသည့်အခါ မိုးပေါက်များ ကျလာ၏။ နေပူထဲတွင် မိုးရွာနေသည်။ မြင့်မြတ်သော အဆောက်အအုံနှင့် ကြမ်းခင်း ကျောက်တုံးများ ဖိတ်ဖိတ်လက်လျက်။ မိုးရေထဲမှာ မန်ဆူ ပြေးသွားပြီး သူ့ဖိနပ်နှင့် ဦးထုပ်ပိုင်ရှင် သူတောင်းစားကို ရှာ၏။

ထို့နောက် သူတောင်းစားအား ငွေစက္ကူတချို့ ပစ်ပေးပြီး “ငါ အပြစ်လွတ်ပြီ၊ ငါ သန့်စင်သွားပြီ” ဟု ဟစ်ကြွေးလိုက်သည်။

ဖုန်နံ့

စွတ်စိုသော ခန္ဓာကိုယ်များမှ အခိုးအငွေ့တွေ ထွက်နေစဉ် လက်များသည် မြန်မြန်နှင့် မှန်မှန် လှုပ်ရှားလျက် ရှိကြ၏။ ချောင်းကြည့်ပေါက်နှစ်ပေါက်ကို ဖြတ်သန်း ဝင်ရောက်လာသည့် နေရောင်ခြည်က တင်ပါးများ၊ ရင်သားများနှင့် ပေါင်တံများပေါ်သို့ ပက်ဖျန်းလျက်။ ကနဦးတွင် အခန်းထဲရှိ ခန္ဓာကိုယ်များကို ရေခိုးရေငွေ့များကြားတွင် မှုန်ဝါးဝါးသာ မြင်ရခြင်း ဖြစ်သည်။ မျက်နှာများသည် အာရုံ စူးစိုက်နိုင်စွမ်းကို ပြနေကြ၏။ ဤသည်မှာ အပျော်အပါး မဟုတ်။ ပင်ပင်ပန်းပန်း အလုပ်လုပ်ခြင်းပါ။

အခန်းကျယ်ကြီးနှစ်ခုထဲတွင် အမျိုးသမီးများ ကြေးညှော် တိုက်ချွတ်နေကြ၏။ လျှောင်းလျက်၊ ထိုင်လျက်၊ ရပ်လျက်။ သူတို့ကိုယ်သူတို့ တယောက်ကို တယောက် သို့မဟုတ် သူတို့၏ကလေးများကို ကြေးညှော် တိုက်ချွတ်နေကြသည်။ တချို့က ပန်းချီကျော် ရူဘင် ရေးဆွဲသည့် အမျိုးသမီးများလို ဝဝဖိုင့်ဖိုင့်။ တချို့က ကျူရိုးလို ပိန်ပိန်လျလျ၊ နံရိုးများ ငေါ်ထွက်လျက်။ ကျောပြင်၊ လက်မောင်း၊ ခြေထောက်တို့ကို အိမ်လုပ် ပိုက်ဆံလျှော်ပင် လက်အိတ်ကြီးများဖြင့် တယောက်ကို တယောက် အပြန်အလှန် တိုက်ချွတ် ပေးနေကြသည်။ ခြေဖဝါးမှ အသားမာများကို ရေမြှုပ်ကျောက်ဖြင့် ပွတ်တိုက်သည်။

အမေများက အရွယ်ရောက်နေပြီဖြစ်သည့် သမီးများ၏ခန္ဓာကိုယ်များကို သေချာစွာ စစ်ဆေး ကြည့်ရှုရင်း တိုက်ချွတ်ပေးနေကြသည်။ အချိန်သိပ်မကြာလိုက်ခင်မှာပင် ကြက်ရင်အုပ်နှင့် မိန်းကလေးများသည် နို့တိုက်မိခင်များအဖြစ်သို့ ရောက်ရှိသွားကြတော့၏။ ကိုယ်ဝန်ဆောင်ရန်၊ သားသမီး မွေးဖွားရန် အသင့်မဖြစ်သေးဘဲ လင်ပေးစားခြင်း ခံလိုက်ရသည့် မိန်းကလေးတို့၏ ကိုယ်ခန္ဓာများပေါ်တွင် အရေးအကြောင်းကြီးများ ပေါ်လွင်လျက်။

စောစီးစွာ သားသမီး မွေးဖွားရခြင်းနှင့် မကြာခဏ သားသမီး မွေးဖွားရခြင်းတို့ကို အကြောင်းပြု၍ အမျိုးသမီး အားလုံးနီးပါးမှာ ဗိုက်ကြောများ ပြတ်နေကြလေသည်။

ကလေးများက နာသောကြောင့်လည်းကောင်း၊ ပျော်ရွှင်သောကြောင့်လည်းကောင်း အော်ဟစ်ကြ၏။ တချို့က ကွန်မြီးငါးလို တွန့်လိမ် လှုပ်ရှားလျက်။ လိုင်လာသည် သူမ၏ခန္ဓာကိုယ်ကို ကြေးညှော် တိုက်ချွတ်နေ၏။

သေသေချာချာ ကြေးညှော် တိုက်ချွတ်ပြီး ရေမချိုးခဲ့ရသည်မှာ သီတင်းပတ်ပေါင်း မနည်းတော့။ စုပေါင်း ရေချိုးအိမ်သို့ မရောက်ခဲ့သည်မှာလည်း အတန်ကြာပြီ။ အိမ်မှာ မကြာ မကြာ ရေပြတ်သည်။ ခဏ ခဏ ရေချိုးဖို့လည်း မလို။ ရေချိုးပြီးတော့လည်း ပြန်ပြီး ညစ်ပတ်တာပဲ။

သို့သော် ယနေ့ ရေချိုးအိမ်သို့လာသည်မှာ အမေနှင့် ဝမ်းကွဲညီအစ်မတတွေကို အဖော်ပြု လာခြင်းပါ။ လိုင်လာနှင့် ဝမ်းကွဲညီအစ်မများမှာ အိမ်ထောင်သည်များ မဟုတ်ကြသဖြင့် ရှက်နေကြသည်။ ဘရာစီယာနှင့် အတွင်းခံဘောင်းဘီများကို မချွတ်ကြ။ ပိုက်ဆံလျှော် လက်အိတ်က အဲသည့်နေရာများကို ရှောင်ရှားသွားရသည်။

အသက် ခုနစ်ဆယ်နား ကပ်နေပြီ ဖြစ်သည့် ဘီဘီဂူးလ်က ကြမ်းခင်းပေါ် အိုင်ထွန်းနေသည့် ရေထဲမှာ ကိုယ်တုံးလုံး။

ပြာဖျော့ဖျော့ ရှောစောင်အောက်မှာ ဖုံးကွယ်ထားနေကျဖြစ်သည့် သူမ၏ မီးခိုးရောင် ဆံပင်ရှည်များက ကျောပြင်ပေါ်သို့ ပြေကျနေသည်။ ဆံပင်များကို ရေချိုးအိမ်ထဲမှာသာ ဖြေခြင်း ဖြစ်သည်။ ယင်းတို့သည် ရှည်လျားလွန်းသဖြင့် အဖျားစမှာ ကြမ်းခင်းပေါ်ရှိ ရေအိုင်ထဲသို့ ကျနေ၏။ အပူငွေ့ကို ခံစားရင်း သူမ မျက်စိမှိတ်ပြီး မှိန်းနေလေသည်။ တချို့ တချို့တွင် ကိုယ်ကို ပျင်းရိပျင်းတွဲ ပွတ်သပ်နေသည်။ သူမအား လိုင်လာ ပေးထားသည့် ရေခွက်ထဲတွင် မျက်နှာသုတ်ပဝါတထည်ကို သူမနှစ်သည်။ သို့သော် မကြာမီ သူမ လက်လျှော့လိုက်၏။ သူမ၏ဝမ်းဗိုက်သို့ရောက်အောင် လက်လှမ်းမမီနိုင်။ လက်များကို မြှောက်ချီရသည်ကပင် လေးလံလွန်းစွ။ ကြီးမားသော ဝမ်းဗိုက်ပေါ်တွင် နို့ပျဉ်းများ တွဲကျလျက်ဖြင့် မီးခိုးရောင် ရုပ်တုကြီးလို သူမသည် လုံးဝ ငြိမ်သက်စွာ မှိန်းနေ၏။

လိုင်လာသည် ဝမ်းကွဲညီအစ်မများနှင့် စကား တတွတ်တွတ် ပြောရင်း၊ ကြေးညှော် တိုက်ချွတ်ရင်း သူမ၏ အမေကို စိတ်မချသဖြင့် လှည့်ကြည့် လှည့်ကြည့် လုပ်နေသည်။ ဆယ့်ကိုးနှစ် သမီး လိုင်လာမှာ ကလေးမက လူကြီးမကျ ခန္ဓာကိုယ်လေး ရှိသည်။ ခန်း မိသားစုတစုလုံး အာဖဂန် စံအတိုင်း ဖွံ့ဖွံ့ဖြိုးဖြိုးတွေချည်း ဖြစ်ကြ၏။ အဆီခဲများနှင့် သူတို့၏ဟင်းလျာများထဲသို့ ထည့်သည့် စားသုံးဆီများက သူတို့၏ခန္ဓာကိုယ်ပေါ်တွင် ပေါ်လွင်နေသည်။ အမျိုးသမီးများ၏ အသားအရောင်မှာ အဖြူရောင်မှသည် အဝါရောင်၊ မီးခိုးရောင် ဖျော့ဖျော့အထိ ရှိသည်။

လိုင်လာ့အသားအရေက ဖြူလျော့လျော့ အရောင်ရှိပြီး အပြစ်ဆိုစရာ မရှိအောင် သန့်ရှင်း သပ်ရပ်နေကာ နို့စို့ကလေး၏ တင်ပါးလို နူးညံ့လှ၏။

နေရောင်ခြည် မတွေ့ထိရသည့် နို့စို့ကလေးလို အသားအရေနှင့် မိန်းမကြီးတယောက်၏လက်လို ကြမ်းထော်နေသည့် လိုင်လာ့လက်များက သူမ၏ ဘဝကို ရောင်ပြန်ဟပ်ပြနေသည်။ ကာလအတန်ကြာအောင် လိုင်လာ ခေါင်းမူးပြီး အားနည်းနေသဖြင့် ဆရာဝန်ထံ သွားပြသောအခါ နေရောင် ထိတွေ့မှုနှင့် ဗီတာမင်ဘီ လိုသည်ဟု ဆို၏။

တကယ်တော့ ကဘူးလ်မြို့သည် ကမ္ဘာပေါ်တွင် နေရောင်ခြည်အရဆုံး မြို့တမြို့ပါ။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ခြောက်ထောင်တွင် တနှစ်ပတ်လုံး နွေတိုင်းလိုလို နေသာ၏။ နေပူရှိန်ကြောင့် မြေကြီး အက်ကွဲသည်။ တခါတုန်းက စိုရွှမ်းသော ဥယျာဉ်များ ခြောက်သယောင်း သွားသည်။ ကလေးသူငယ်တို့၏ အသားအရေများ လောင်ကျွမ်းကုန်သည်။

သို့သော် လိုင်လာကား နေကို ဘယ်အခါမျှ မမြင်ရ။ နေသည် မိုက်ခရိုရေယွန်ရှိ ပထမထပ်သို့ မရောက်။ ခေါင်းမြီးခြုံထဲသို့လည်း မရောက်။ ရောဂါပိုးကို သေစေနိုင်သော နေရောင်ခြည်သည် ဇာကွန်ရက်ကို ဖြတ်ကျော် မသွားချေ။

အစ်မ မာရီယမ့်ထံသို့ အလည်အပတ် သွားသည့်အခါမျိုးမှာသာ အိမ်နောက်ဘက်တွင် မြေကွက်လပ် ရှိသောကြောင့် လိုင်လာ့ကိုယ်လုံးကို နေရောင်ထိတော့သည်။ သို့သော် မာရီယမ့် အိမ်သို့လည်း လိုင်လာ အသွားကျဲ၏။

လိုင်လာသည် နံနက်တွင် အိပ်ရာမှ အရင်ဆုံး ထပြီး နောက်ဆုံးမှ အိပ်ရာဝင်သူ ဖြစ်သည်။

အိမ်သားများ ဟောက်လို့ ကောင်းတုန်းမှာ ည‌ေ့ခန်းထဲတွင် ထင်းပေါက်စကလေးများဖြင့် မီးမွှေးသည်။ ထို့နောက် ရေချိုးခန်းထဲတွင် ထင်းမီးဖို မွှေးပြီး ရေနွေးအိုးတည်။

အလင်းရောင် မသန်းခင်မှာပင် ရှိသမျှ အိုးခွက်များကို ရေဖြည့်။ ထိုအချိန်တွင် လျှပ်စစ်မီး ဘယ်တော့မျှ မလာချေ။ အမှောင်ထဲမှာ လိုင်လာ လုပ်ကိုင်ရတာ ကျင့်သားရနေပြီ။ တခါတရံ မီးအိမ်လေးတလုံးကို ထွန်းညှိထားတတ်၏။ ထို့နောက် လက်ဖက်ရည် ဖျော်။ အိမ်ရှိ ယောကျ်ားသန်များ အိပ်ရာထသည့် ၆:၃၀ နာရီတွင် လက်ဖက်ရည် အသင့်ဖြစ်နေရမည်။ သို့မဟုတ်ပါက ဒုက္ခရောက်ပြီသာမှတ်။ ရေလာနေသမျှ ထည့်စရာရှိသည့် အိုးခွက်များအားလုံး ပြည့်အောင်ထည့်။ ရေ အလာ ဘယ်တော့ရပ်သွားမည်ကို မသိတတ်နိုင်။ တခါတရံ တနာရီလောက် ကြာလျှင် ရေပြတ်သွားတော့သည်။ တခါတရံ နှစ်နာရီလောက် ကြာသည်အထိ ရေလာ၏။

အက္ကာဘဲလ်က နံနက်တိုင်း ဝက်လို အော်လေ့ရှိပြီး သူ့အသံမှာ ကြားရသူအားလုံး နားကလောသည်။ ကော်ဇောပေါ်တွင် စန့်စန့်ကြီးလုပ်ပြီး သို့မဟုတ် နဖူးနှင့် ဒူးထိအောင် ကွေးပြီး အိပ်ရာမှထဖို့ ငြင်းဆန်နေတတ်၏။ စာအုပ်ဆိုင်တွင် တနေ့လျှင် ဆယ့်နှစ်နာရီ မထိုင်ရအောင်လည်း အနီ ဆယ့်လေးနှစ်သား အက္ကာဘဲလ်က ရောဂါအမျိုးမျိုးကို တီထွင်နေတတ်သည်။ သို့သော် ခွင့်လွှတ်မှုကို သူ မရနိုင်ပါ။ နောက်ဆုံးတွင် အိပ်ရာမှထရမြဲ။ နောက်တနေ့တွင်လည်း ဤနည်းအတိုင်းပင် မူလကျီ အွန်နီ လုပ်ပြန်၏။

"ခွေးမ၊ သောက်ပျင်းမ၊ ငါ့ခြေစွပ်တွေမှာ အပေါက်တွေနှင့်"

သူ အော်ဟစ်ငေါက်ငမ်းပြီး လိုင်လာအား ခြေစွပ်များဖြင့် ဒေါသတကြီး ပစ်ပေါက်တတ်သည်။

"လိုင်လာ၊ ရေတွေက အေးနေတယ်၊ ရေနွေး မရှိဘူးလား၊ ငါ့အင်္ကျီ ဘယ်မှာလဲ၊ ခြေစွပ်တွေကရော၊ လက်ဖက်ရည် ယူလာခဲ့၊ မနက်စာ မစားရသေးဘူး၊ ဖိနပ်တိုက်ပေးစမ်း၊ နင် ဘာဖြစ်လို့ နောက်ကျမှ ထရတာလဲ"

တံခါးတွေကို ဆောင့်ပိတ်သည်။ နံရံတွေကို တဒုန်းဒုန်းထုသည်။ အခန်းများ၊ စင်္ကြံနှင့် ရေချိုးခန်းတို့အထဲတွင် ဝုန်းဒိုင်းကြဲနေသည်မှာ စစ်တလင်းတမျှ။ စူလတန့်သားများက အော်ဟစ်ကြ၊ ရန်ဖြစ်ကြ၊ ငိုယိုကြ။ စူလတန်ကမူ ထုံးစံအတိုင်း ဆိုညာနှင့်အတူ ထိုင်ပြီး လက်ဖက်ရည်သောက် မပျက်။ နံနက်စာစား မပျက်။ ဆိုညာက စူလတန်ကို ပြုစုသည်။ လိုင်လာက ကျန်တာတွေကို လုပ်ရသည်။ ရေဖြည့်၊ အဝတ်လှန်း၊ လက်ဖက်ရည်ငှဲ့၊ ကြက်ဥကြော်၊ ပေါင်မုန့်ယူ၊ ဖိနပ်တိုက်။ အိမ်ရှိ ယောကျ်ားသားငါးယောက် အလုပ်သွားရမည်။

တူ သုံးယောက်ဖြစ်သည့် မန်ဆူ၊ အက္ကာဘဲလ်နှင့် အိမဲလ်တို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးရသည်ကို လိုင်လာ စိတ် သိပ်မပါချေ။ သူမကို သူတို့ ကျေးဇူးမတင်ကြ။ သူမထက် နည်းနည်းသာ အသက်ငယ်ကြသည့် ကောင်လေးသုံးယောက်က သူမကို အမိန့်တွေ တရစပ် ပေးနေသည့် အခါ "စာမတတ် ပေမတတ်ကလေးတွေ" ဟု လိုင်လာက လေသံဖြင့် စိတ်ဆိုးမာန်ဆိုး ပြောတတ်သည်။

"ငါတို့ဖို့ နွားနို့ မရှာဘူးလား၊ ဝယ်ထားပါလို့ ပြောထားလျက်သားနှင့်" ဟု မန်ဆူက မခံချိ မခံသာ ဖြစ်အောင်ပြောပြီး လိုင်လာအား "ကပ်ပါးရပ်ပါး" ဟုလည်း ဆိုတတ်သေး၏။

လိုင်လာ မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လျှင် "ပါးစပ် ပိတ်ထားစမ်း၊ အပေါက်ဆိုးတဲ့ အဘွားကြီး" ဟု ပြောလေ့ရှိ၏။

"ဒါ နင့်အိမ် မဟုတ်ဘူး၊ ငါတို့အိမ်" ဆိုသည့် စကားလည်း ကြားရဖန် များခဲ့လှပြီ။

လိုင်လာကလည်း သူမအိမ်ဟု သဘောမထားချေ။

ဤအိမ်သည် စူလတန့်အိမ်။ စူလတန်နှင့် သူ့သားများနှင့် စူလတန့် ဒုတိယမယားတို့ နေဖို့ အိမ်။ ဤအိမ်တွင် သူမ၊ ဘူလ်ဘူလာ၊ ဘီဘီဂူးလ်နှင့် ယူနုစ်တို့ကို ကြည်ကြည်ဖြူဖြူ ရှိကြသည် မဟုတ်။ သို့သော် အိမ်ပြောင်းသွားလို့ကလည်း မဖြစ်ပြန်။ မိသားစု ပြိုကွဲသွားသည်ဆိုလျှင် ကျော်မကောင်း ကြားမကောင်း ဖြစ်လိမ့်မည်။ ထို့ပြင် သူတို့က ကျွန်တွေလေ။ ဘာပဲပြောပြော လိုင်လာသည် ကျွန်ပဲ။

တခါတရံ သူမ၏အစ်ကိုလို မွေးပြီးသည်နှင့် ပေးပစ်ခြင်း ခံလိုက်ရလျှင် အကောင်းသားဟု လိုင်လာ နာနာကြည်းကြည်း တွေးမိတတ်၏။

အဲဒါဆိုရင် ငယ်ငယ်ကတည်းက ကွန်ပျူတာ သင်တန်းတွေ၊ အင်္ဂလိပ်စာသင်တန်းတွေ တက်လို့ရမယ်။ အခုလောက်ဆိုရင် တက္ကသိုလ်တောင် ရောက်နေပြီ ဟု လိုင်လာ စိတ်ကူးယဉ် ကြည့်မိသည်။ ငါ့မှာ ကောင်းမွေ့ ညွှန့်ပေဆိုတဲ့ အဝတ်အစားတွေလည်း ရှိနေမယ်။ အခုလိုလည်း ကျွန်ခံရမှာ မဟုတ်ဘူး။

လိုင်လာက အမေ့ကို ချစ်သော်လည်း မိမိကိုတော့ ဂရုစိုက်မည့်သူ မရှိဟု ခံစားနေရ၏။ ဝါစဉ်စာရင်းမှာ သူမသည် အမြဲတမ်း အောက်ဆုံးမှာသာ ရှိနေခဲ့ရသူ။ ဘီဘီဂူးလ်က ကလေး ထပ်မမွေးတော့ဘူးကိုး။

နံနက်ပိုင်း ဗရုတ်သုတ်ခများ ဖြစ်ပြီးနောက် စူလတန်နှင့် သားများ အိမ်မှ ထွက်ခွာသွားချိန်တွင် လိုင်လာ အသက်ရှူပေါက် ချောင်သွားပြီး လက်ဖက်ရည် သောက်သည်။ နံနက်စာ စားသည်။ ထို့နောက် ထိုနေ့အဖို့ ပထမဆုံးအကြိမ်အဖြစ် အခန်းများကို လှည်းကျင်း၊ လေထဲမှာ ဖုန်တွေ တလူလူလွင့်။ အခန်းထဲမှာ ဘယ်တော့မှ ဖုန်နံ့ ပြတ်သွားသည် မရှိ။ ပြောင်စင်အောင် ရှင်းလင်းလို့လည်း မရ။ သူမ၏ လှုပ်ရှားမှုများ၊ သူမ၏ ခန္ဓာကိုယ်၊ သူမ၏ အတွေးများတွင် ဖုန်မှုန့်များ အထိုင်ကျနေကြတော့ပြီ။

ယခု သူမ၏ခန္ဓာကိုယ်မှ တိုက်ချွတ်ဖို့ ကြိုးစားနေသည်မှာ ဤအညစ်အကြေးများ ဖြစ်သည်။ ယင်းသည် သူမဘဝမှာ ကပ်ငြိနေသည့် ဖုန်မှုန့်များ ဖြစ်သည်။

"တပတ်မှာ တခါပဲ သန့်ရှင်းရေးလုပ်ရတဲ့ အိမ်၊ တနေကုန် သန့်ရှင်းနေတဲ့

အိမ်၊ မနက်ဘက်မှာ တကြိမ်ပဲ တံမြည်လှည်းရတဲ့အိမ်မျိုး တလုံးလောက် ရှိရင် တော်ပါပြီဟယ်” ဟု လိုင်လာက ဝမ်းကွဲညီအစ်မများအား ပြောရင်း သက်ပြင်းချ၏။ ဝမ်းကွဲညီအစ်မများကလည်း လိုင်လာနှင့် သဘောထားချင်း တူမျှကြသည်။

ရေချိုးအိမ်တွင် လျှော်ဖွပ်ရန် အတွင်းခံတချို့ကို လိုင်လာ ယူလာခဲ့၏။ ခါတိုင်းတော့ ရေချိုးခန်း မှိန်ပျပျထဲမှာ လျှော်နေကျ။ သူမ အဝတ်လျှော်သည့်အခါ ရေဇလုံ သုံးလေးလုံး သုံးတတ်သည်။ တလုံးက ဆပ်ပြာရည်၊ တလုံးက ဆပ်ပြာ မပါ၊ တလုံးက အဖြူထည်တွေအတွက်၊ တလုံးက အရောင်ထည်တွေအတွက်။ သူမ ဖွပ်လျှော်သည့်အထဲတွင် အိပ်ရာခင်းများ၊ စောင်များ၊ မျက်နှာသုတ်ပဝါများနှင့် မိသားစု၏အဝတ်အစားများ ပါဝင်၏။ ယင်းတို့ကို နေမလှန်းမီ ဖြန်းခနဲ ဖြန်းခနဲ ခါလိုက်ရသေးသည်။

အထူးသဖြင့် ဆောင်းတွင်းဘက်တွင် အဝတ်တွေကို ခြောက်အောင် လုပ်ရသည်မှာ မလွယ်ပါ။ အိမ်ပြင်တွင် ကြိုးတန်း၍ လှန်းရသော်လည်း အခိုးခံရသဖြင့် စောင့်ကြည့်ပေးမည့် ကလေး တယောက်ယောက် မရှိဘဲ လှန်းလို့မဖြစ်။ ဤသို့မှ မဟုတ်လျှင် အဝတ်များကို ပူးထပ်ပြီး လသာဆောင် ကျဉ်းကျဉ်းလေးပေါ်မှာ လှန်းရသည်။ လသာဆောင်မှာလည်း အာလူးအိတ်၊ ကြက်သွန်နီအိတ်၊ ဆန်အိတ်၊ ကတ်ထူပုံးများ၊ ဖိနပ်ဟောင်းများနှင့် နောင်တချိန်တွင် အသုံးတည့်လာနိုင်သဖြင့် လွှင့်မပစ်ရဲသည့် ပစ္စည်းတချို့တို့ဖြင့် ပွေလိမ်ရှုပ်နေ၏။

အိမ်တွင် လိုင်လာက အမွေးတွေ ဖွာလန်ကြဲနေသည့် ဆွယ်တာ၊ စွန်းထင်းနေသည့် အင်္ကျီနှင့် ကြမ်းပေါ်တွင် ဒရွတ်တိုက်နေသည့် စကတ်များကို ဝတ်ဆင်လေ့ ရှိသည်။ စကတ်များက ဖုန်များကို စုပေးသည်။ ခပ်စုတ်စုတ် ပလတ်စတစ် ကြိုးသိုင်းဖိနပ်ကို သူမ စီးထားပြီး ဦးခေါင်းပေါ်တွင် ခေါင်းစည်းပဝါတထည်ကို စည်းနှောင်လျက်။

သူမ၏ တကိုယ်လုံးတွင် ပြိုးပြိုးပြက်ပြက်ဟူ၍ ရွှေရောင် နားကွင်းကြီးများနှင့် လုံးချော လက်ကောက်များသာ ရှိသည်။

“လိုင်လာရေ”

သူမကို ခေါ်နေသည့် အားနည်းချည့်နဲ့သော အသံတခု။

“လိုင်လာ”

ဘီဘီဂူးလ် မှိန်းနေရာမှ နိုးသွားပြီ။ သူမသည် အဝတ်တခုကို ဝတ်ထားရင်း လိုင်လာအား အားကိုးရာမဲ့စွာ လှမ်းကြည့်နေ၏။ ပိုက်ဆံလျှော် လက်အိတ်၊ ဆပ်ပြာ၊ ရှန်ပူနှင့် ရေဇလုံတို့ကို ကိုယ်တုံးလုံး ချွတ်ထားသည့် မိခင်ထံသို့ လိုင်လာ

ယူသွားသည်။

"ပက်လက်လှန်လိုက် အမေ" ဟု လိုင်လာ ပြောပြီး ဒယီးဒယိုင် ဖြစ်နေသည့် ဘီဘီဂူးလ်၏ ခန္ဓာကိုယ်ကြီးကို တိုက်ချွတ် နှိပ်နယ်ပေး၏။ အမေ့ကို သန့်ရှင်းစင်ကြယ်သွားအောင် အားစိုက် တိုက်ချွတ်ပေးသဖြင့် ဘီဘီဂူးလ်၏ ဖြူသော အသားအရေမှာ နီမြန်းလာသည်။

"အမေက သိပ် ဝလွန်းတယ်၊ အမေ အသက်တိုလိမ့်မယ်" ဟု ပြောပြီး ဘီဘီဂူးလ်၏ ခန္ဓာကိုယ်ကြီးကို ညီအစ်မဝမ်းကွဲများ အကူအညီဖြင့် မှောက်ပေးလိုက်ပြီး တရုတ်မှလာသည့် ပန်းနုရောင် ရှန်ပူကို ဘီဘီဂူးလ်၏ ခေါင်းပေါ်သို့ သွန်ချပေးကာ ဂရုတစိုက် နှိပ်နယ် ပွတ်သပ်ပေး၏။

ရှန်ပူပုလင်းက ကုန်တော့မည်။ တာလီဘန်ခေတ်တုန်းက လက်ကျန်ဖြစ်သည်။ ရှန်ပူပုလင်းပေါ်မှ အမျိုးသမီးပုံကို မင်ဖြင့်ခြစ်ပြီး ဖျက်ထားသည်။ စူလတန်၏စာအုပ်များကို ဘာသာရေး ပုလိပ်တို့ ဖျက်ဆီးကြစဉ်က ထုပ်ပိုးမှု အပြင်အဆင်များကိုပါ ဖျက်ဆီးသွားခြင်း ဖြစ်၏။ ရှန်ပူ ပုလင်းပေါ်က အမျိုးသမီးပုံများနှင့် ဆပ်ပြာခဲပေါ်က ကလေးပုံများ အားလုံး ဖယ်ရှားပစ်ခြင်း ခံကြရသည်။

ရေသည် အေးမြနေ၏။ ရေမချိုးရသေးသော ကလေးများ၏ အော်ဟစ်သံများက ပိုမို ကျယ်လောင်လာသည်။ ရေချိုးအိမ်ထဲတွင် ရေအေးသာ ကျန်တော့သည်။ ရေချိုးဇလုံများထဲမှ ထွက်လာသည့် အမျိုးသမီးများ၏ခန္ဓာကိုယ်များပေါ်တွင် ကြေးညှော်များ မစင်သေး။ ကြက်ဥခွံများနှင့် ပန်းသီးပုပ်များက ထောင့်များထဲတွင် ပုန်းလျှိုးလျက်။ ရွာလမ်းများတွင်၊ သန့်စင်ခန်း အပြင်တွင်၊ အိမ်နောက်ဖေးတွင် စီးသည့် ဖိနပ်များကို ရေချိုးအိမ်ထဲတွင် စီးထားကြသဖြင့် အမျိုးသမီးများ သွားလေရာ ကြမ်းပြင်ပေါ်တွင် အညစ်အကြေး အစင်းကြောင်းများ ထင်နေ၏။

လိုင်လာနှင့် ညီအစ်မဝမ်းကွဲများ အကူအညီဖြင့် ဘီဘီဂူးလ် လူးလိမ့်ထပြီး အဝတ်အစား ဝတ်ဆင်လိုက်သည်။ သူတို့မှာ လဲလှယ်စရာ အဝတ် အပိုတစုံ ပါမလာကြ။ လာတုန်းက အဝတ်အစားကိုပင် ပြန်ဝတ်ကြခြင်းဖြစ်သည်။ လေ နည်းနည်းရသဖြင့် သူတို့ကိုယ်မှ ထွက်သည့် ဆန်းပြားသောအနံ့ကို ခေါင်းမြီးခြုံများ ရှူရှိုက်နေရသည်။

ဘီဘီဂူးလ်၏ ခန္ဓာကိုယ်မှာ ခပ်ဟောင်ဟောင် အမယ်ကြီးအိုနံ့ ထွက်နေပြီး လိုင်လာ့ထံမှ ထွက်လာသည့်အနံ့မှာ အပျိုမ ချွေးနံ့နှင့် ဟင်းနံ့ ချွေးနံ့တို့ ပေါင်းစပ်လျက် ရှိသည်။ ခန်း မိသားစု၏ ခေါင်းမြီးခြုံ ဝတ်ရုံများမှ ဟင်းနံ့ ချွေးနံ့

ထွက်နေသည်မှာ မီးဖိုချောင်ထဲရှိ သံငုတ်များတွင် ချိတ်ဆွဲထားကြသောကြောင့် ဖြစ်သည်။

ယခု အမျိုးသမီးများသည် ခေါင်းမြီးခြုံ ဝတ်ရုံများအောက်တွင် သန့်စင်သွားကြပြီ ဖြစ်သော်လည်း ဆပ်ပြာနံ့နှင့် ရှန်ပူနံ့များက တဖက်စီးနင်း အလေးသာနေဆဲ။ မကြာမီ အမျိုးသမီးတို့၏ ပင်ကိုအနံ့များ ပြန်ရောက်လာ၏။ ကျွန်အိုနံ့၊ ကျွန်ပျို့နံ့များ ပြန်ရောက်လာ၏။

ဘီဘီဂူးလ်က ရှေ့ဆုံးမှ လျှောက်သည်။ မိန်းမပျို သုံးယောက်က နောက်ဘက်မှာ စိမ်ပြေနပြေ။ တခိခိ ရယ်မောလျက်။ လူရှင်းသော လမ်းတလမ်းသို့အရောက်တွင် ခေါင်းမြီးခြုံ ဝတ်ရုံများကို ချွတ်ပစ်လိုက်ကြသည်။ လမ်းပေါ်တွင် ကောင်လေးများနှင့် ခွေးများမှတပါး မည်သူမျှ မရှိကြ။ ချွေးစို့နေဆဲဖြစ်သည့် အရေပြားကို လေအေးတိုက်ခတ်နေသည်မှာ နှစ်လိုဖွယ် ဖြစ်သော်လည်း လေသည် လတ်ဆတ်သောလေ မဟုတ်ချေ။ ကဘူးလ်မြို့ နောက်ဖေးလမ်းကြား များရှိ အညစ်အကြေးများကို ဖြတ်သန်း တိုက်ခတ်လာသည့်လေ။

သို့သော် မိန်းကလေးများသည် ဆိုးဝါးသော အနံ့အသက်ကို ဂရုမထားကြ။ နေထိ ခံရသဖြင့် သူတို့ ပျော်နေကြသည်။

ထိုစဉ် စက်ဘီးနှင့် လူတယောက် ပေါ်လာလေသည်။

"ဟိတ် ကောင်မလေးတွေ ခေါင်းမြီးခြုံထားကြ၊ ငါ မီးနှင့် ရှို့လိုက်လို့”

ထိုလူသည် အော်ဟစ် ပြောဆိုရင်း စက်ဘီးကို ဗိုးခနဲ ဖြတ်စီးသွား၏။ ထိုလူ၏မျက်နှာ အမူအရာကိုကြည့်၍ မိန်းကလေးများ ရယ်မောလိုက်ကြသော်လည်း ထိုလူ ပြန်လှည့်လာချိန်တွင် အားလုံး ခေါင်းမြီးခြုံလိုက်ကြသည်။

“ဘုရင်မင်းမြတ် ပြန်လာတဲ့အခါ ငါတော့ ခေါင်းမြီးခြုံ မခြုံတော့ဘူး ဟေ့” ဟု လိုင်လာက ရုတ်တရက် အလေးအနက် ပြောလိုက်၏။ “အဲဒီအခါကျရင် တို့တိုင်းပြည်မှာ ငြိမ်းချမ်းနေပြီ”

“ဘုရင်မင်းမြတ်က ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူးကွ” ဟု ခေါင်းမြီး ခြုံထားသည့် ဝမ်းကွဲ ညီအစ်မတယောက်က ပြော၏။

လိုင်လာက “ဒီနွေဦးမှာ ပြန်လာလိမ့်မယ်လို့ ပြောတာပဲ”

သို့သော် ဘုရင်မင်းမြတ် ပြန်ရောက်မလာခင်အထိတော့

ခေါင်းမြီးခြုံထားတာ စိတ်အချရဆုံးပါ။

လိုင်လာသည် ဘယ်တော့မှ တယောက်တည်း လမ်းလျှောက်လေ့ မရှိခဲ့။ မိန်းကလေး တယောက်အဖို့ အဖော် မပါဘဲ လမ်းလျှောက်သွားဖို့ မသင့်ချေ။

သူမ ဘယ်ကိုသွားနေတာလဲဆိုတာ မည်သူမျှ မသိနိုင်။ ယောကျ်ားတယောက်နှင့် တွေ့ဖို့လည်း ဖြစ်နိုင်သည်။ အပြစ်တခုကို ကျူးလွန်ဖို့လည်း ဖြစ်နိုင်သည်။ အိမ်မှ မိနစ်ပိုင်းလောက် လမ်းလျှောက်သွားလျှင် ရောက်နိုင်သည့် ကုန်စိမ်းဆိုင်ဆီသို့ပင် လိုင်လာ တယောက်တည်း မသွားချေ။

ယုတ်စွအဆုံး အိပ်သည့်အခါမှာပင် တယောက်တည်း အိပ်စက်သည်မဟုတ်။ ညတိုင်း အမေ့ဘေးမှာသာ အိပ်စက်လေ့ ရှိသည်။

သူမ အတောင့်တဆုံးမှာ အခုထက် နည်းနည်းလောက် ပိုပြီးငြိမ်းချမ်းဖို့နှင့် အလုပ်တွေ သိပ်မလုပ်ရဖို့ပဲ ဖြစ်၏။

လိုင်လာ အိမ်သို့ပြန်ရောက်ချိန်တွင် အိတ်တွေ၊ သေတ္တာတွေ၊ ဝန်စည်စလယ်တွေနှင့် အိမ်မှာ ရှုပ်ပွလို့ နေသည်။

"ရှရီဖာ ပြန်လာပြီ၊ ရှရီဖာ"

ဘူလ်ဘူလာက လိုင်လာအား ဝမ်းသာအားရ ဆီးပြော၏။ ရှရီဖာ၏အထွေးဆုံး သမီးလေး ရှက်ဘ်နမ်က မြင်းပေါက်မလေးတကောင်လို ပတ်ချာလှည့် ပြေးနေသည်။ ရှရီဖာအား ဖက်ထားသည့် လိုင်လာကို ရှက်ဘ်နမ် ပြေးဖက်လိုက်၏။ စူလတန်၏ ဒုတိယမယား ဆိုညာက သူမ၏ သမီးလေး လာတီဖာကို ပွေ့ချီထားရင်း ပြုံးနေသည်။

ပါကစ္စတန်မှ ရှရီဖာနှင့် ရှက်ဘ်နမ်တို့ သားအမိအား စူလတန် ပြန်ခေါ်လာလိမ့်မည်ဟု မည်သူမျှ ကြိုတင်သိထားခြင်း မရှိချေ။

"နွေရာသီအတွင်း ဒီမှာနေဖို့ ခေါ်လာတာ" ဟု စူလတန် ပြောရာ "ဟင့်အင်း အမြဲတမ်း နေမှာပဲ" ဟု ရှရီဖာက လေသံဖြင့် ပြန်ပြောသည်။

စူလတန်သည် စာအုပ်ဆိုင်သို့ ထွက်သွားပြီ။ အိမ်မှာ မိန်းမသူများသာ ကျန်သည်။

သူတို့ ကြမ်းပြင်ပေါ်တွင် ဝိုင်းဖွဲ့ထိုင်ကြပြီး ရှရီဖာက လက်ဆောင်ပစ္စည်းများကို ဝေငှပေး၏။ လိုင်လာ့အတွက် အင်္ကျီတထည်၊ ဆိုညာ့အတွက် ရှောစောင်တထည်၊ ဘူလ်ဘူလာအတွက် အိတ်တလုံး၊

ဘီဘီဂူးလ်အတွက် ရင်ကွဲ သိုးမွေးအင်္ကျီတထည်။ ကျန်လူများအတွက် အဝတ်အစားနှင့် ပလတ်စတစ် လက်ဝတ်တန်ဆာများ။ သူမ၏သားများအတွက်တော့ ပါကစ္စတန် ဈေးများမှ ဝယ်လာသည့် ဝတ်စုံများစွာ ပါဝင်သည်။ ယင်းတို့ကို ကဘူးလ်မြို့မှာ ဝယ်လို့မရနိုင်။ ထို့ပြင် သူမကိုယ်တိုင်အတွက် အဖိုးထိုက် အဖိုးတန် ပစ္စည်းများ။

"ပြန်မသွားတော့ဘူး၊ ပါကစ္စတန်မှာ မပျော်ဘူး" ဟု ရှရီဖာ ပြောနေ၏။ သို့သော် ဤကိစ္စမှာ စူလတန်နှံအပေါ်တွင်သာ တည်ကြောင်း သူမ မသိသည် မဟုတ်ချေ။ စူလတန်က သူမအား ပြန်သွားစေချင်လျှင် သူမ ငြင်းလို့ မရနိုင်။

စူလတန်၏ မယားနှစ်ယောက်သည် မတွေ့ရတာ ကြာပြီဖြစ်သည့် မိတ်ဟောင်း ဆွေဟောင်းတွေလို တွတ်ထိုးနေကြသည်။ သူတို့ပစ္စည်းများကို စစ်ဆေးကြည့်ကြသည်။ အင်္ကျီများနှင့် လက်ဝတ်တန်ဆာများကို အစမ်းသဘော ဝတ်ကြည့်ကြသည်။

ဆိုညာက သူမကိုယ်တိုင်နှင့် သူမ၏ သမီးလေးအတွက် ရသည့် လက်ဆောင်ပစ္စည်းများကို သဘော အကျကြီး ကျနေလေသည်။ သူမကို စူလတန်က လက်ဆောင် ဝယ်မပေးဖူးချေ။ ထို့ကြောင့် ရှရီဖာ ပြန်ရောက်လာသည့်အတွက် အကြီးအကျယ် ပျော်နေခြင်း ဖြစ်၏။

သူတို့ သတင်းများ ဖလှယ်ကြသည်။ တယောက်နှင့် တယောက် မတွေ့ကြသည်မှာ တနှစ် ကျော်ပြီဆိုတော့ ပြောစရာတွေက များလှသည်။ အိမ်တွင် တယ်လီဖုန်း မရှိသဖြင့်လည်း လှမ်းပြီး စကား မပြောခဲ့ကြရချေ။ တနှစ်ကျော်ကာလအတွင်း အရေးကြီးဖြစ်ရပ်မှာ ရှကီလာ့လက်ထပ်ပွဲ ဖြစ်ရာ ထိုအကြောင်းကို ခရေစေ့တွင်းကျ ပြောဖြစ်ကြ၏။

ရှရီဖာက ပါကစ္စတန်တွင် ဒုက္ခသည်အဖြစ် နေထိုင်ခဲ့ရသည့် ဘဝအကြောင်းကို ဆိုညာအား ပြောပြသည်။

"ဆလီကာ စေ့စပ်လိုက်ပြီ သိလား၊ မိသားစုက သဘော မတူဘူးဆိုရင်တောင် ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့လေ၊ ကောင်လေးမှာ လက်ညှိုးထိုးပြစရာ သူပိုင်ပစ္စည်းဆိုလို့ တခုပဲ ရှိတယ်လို့ ပြောရမလောက်ပဲအေ့၊ ပြီးတော့ လူက ပျင်းလည်း ပျင်းသေး၊ ဖျင်းလည်း ဖျင်းသေး ဆိုတာမျိုးကွ" ဟု ရှရီဖာ ပြောပြ၏။

သူတို့အားလုံး ဆလီကာကို ကောင်းကောင်း မှတ်မိကြသည်။ အဝတ်အစားကို အမြဲတမ်း ပျံလန်နေအောင်ဝတ်တဲ့ ကောင်မလေးပဲ။ လက်ကြောမတင်းသူနှင့် ဆလီကာ လက်ထပ်ရမည် ကိုတော့ သူတို့အားလုံး

စိတ်မကောင်းနိုင်ကြ။

"သူတို့ ပန်းခြံထဲမှာ တွေ့ကြပြီးတဲ့နောက် ဆလီကာ့ကို တလလောက်ကြာအောင် အိမ်ထဲက အိမ်ပြင် ထွက်ခွင့် မပေးတော့ဘူး၊ အဲဒီအတွင်း တနေ့မှာ ကောင်လေးရဲ့အမေနှင့် အဒေါ်က ဆလီကာ့ကို လာတောင်းတော့ မိဘတွေက သဘောတူလိုက်ရတယ်၊ သဘောမတူလို့လည်း ဖြစ်မှ မဖြစ်ဘဲကိုး"

အမျိုးသမီးများက မျက်လုံး အပြူးသားဖြင့် နားထောင်နေကြသည်။ အထူးသဖြင့် ဆိုညာ။ ရှရီဖာပြောပြသည့်အကြောင်းများမှာ သူမအဖို့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများလို ဖြစ်နေတော့၏။

စေ့စပ်ပွဲအတွက် ကုန်ကျစရိတ်ကို သတို့သားလောင်း၏မိသားစုက အကုန်အကျ ခံရသည်မှာ ထုံးစံဖြစ်သည်။ ကောင်လေး၏အဖေက ရှုပီးငွေ ထောင်ဂဏန်းလောက်သာ ဆလီကာ့အဖေ၏ လက်ထဲသို့ ထည့်နိုင်၏။

ဆလီကာ့အဖေမှာ သမီးကိစ္စအတွက် ဥရောပမှ ပြန်ရောက်လာခြင်း ဖြစ်သည်။ သူက ပိုက်ဆံကို ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်လိုက်ပြီး "စေ့စပ်ပွဲကို ဒီလိုမဖြစ်စလောက် ပိုက်ဆံလေးနှင့် လုပ်လို့ ရတယ် ထင်သလား" ဟု အော်ဟစ်ပြောဆိုသည်ကို လှေကားပေါ်တွင် ထိုင်နေသည့် ရှရီဖာက နားနှင့် ဆတ်ဆတ် ကြားလိုက်ရသည်။

"ခင်ဗျားရဲ့ပိုက်ဆံကို ခင်ဗျား ပြန်ယူ၊ ကုန်ကျစရိတ်ကို ကျုပ်တို့ပဲ ခံမယ်"

ဆလီကာ့အဖေသည် ပိုက်ဆံ "ထော" လှသူမဟုတ်။ ဘယ်လ်ဂျီယံတွင် ခိုလှုံခွင့်နှင့် မိသားစုအား ခေါ်ယူဖို့ စောင့်ဆိုင်းနေသူဖြစ်သည်။ ဟော်လန်တွင် ခိုလှုံခွင့်ကို ငြင်းဆန်ခြင်း ခံထားရသဖြင့် ဘယ်လ်ဂျီယံအစိုးရ၏ ထောက်ပံ့ငွေဖြင့် နေထိုင်လျက် ရှိသူသည် မိသားစု ဂုဏ်သိက္ခာကို ဆယ်တင်ရန်အလို့ငှာ အကြွေးတင်ခံရလိမ့်ဦးမည်။

"ဆလီကာလည်း အခုဆို နောင်တရနေပါပြီ၊ ရလည်း ရရပဲ ရှိမှာ၊ စေ့စပ်ပွဲကို ဖျက်လို့ ဖြစ်တာမှ မဟုတ်ဘဲကလား၊ စေ့စပ်ပွဲကို ဖျက်လိုက်ပါပြီတဲ့၊ သူ့ကို ဘယ်သူက ယူချင်ဦးမှာလဲ၊ အခုတော့ ကောင်လေး ဝယ်ပေးထားတဲ့ လက်ကောက်ခြောက်ကွင်း တချွင်ချွင်နှင့် လမ်းသလား နေလေရဲ့၊ သူက ရွှေအစစ်တွေလို့ ပြောပေမဲ့ ရွှေရည်စိမ်တွေမှန်း ငါ မသိဘဲ နေမလားဟဲ့၊ ပြီးတော့ နှစ်သစ်ကူးပွဲအတွက်တောင် ခမျာမှာ အင်္ကျီအသစ် တထည် လက်ဆောင် မရရှာဘူးအေ့"

သူတို့၏အဒေါ်များ၊ ဦးလေးများနှင့် ဝမ်းကွဲ ညီအစ်ကို မောင်နှမများ

ပါကစ္စတန်မှာ ရှိနေကြဆဲ။ ပြန်လာဖို့ အခြေအနေ မကောင်းသေးဟု ယူဆသောကြောင့်လည်းကောင်း၊ ပြန်လာစရာ ဘာတခုမှ မကျန်တော့သောကြောင့်လည်းကောင်း ပါကစ္စတန်တွင် သောင်တင်နေသူများ။ သို့သော် သူတို့အားလုံး ရှရီဖာ့လိုပင် အိမ်လွမ်းသူတွေချည်းပါ။

ရှရီဖာ ပြန်လာသဖြင့် လိုင်လာ ဝမ်းသာသော်လည်း နောက်ဆက်တွဲ ရန်ပွဲများကို တွေးပြီး ကြောက်မိ၏။

သူတို့အား ရှရီဖာ မောင်းချပုံကို လိုင်လာ မှတ်မိနေသေးသည်။

"ရှင့်သမီးတွေကို ခေါ်ပြီး ဒီအိမ်က ဆင်းသွားတော့" ဟု ယောက္ခမ ဘီဘီဂူးလ်ကို ရှရီဖာ ပြောလေ့ ရှိသည်။ "ဒီမှာ နေရာမရှိဘူး၊ ကျွန်မတို့အိမ်မှာ ကျွန်မတို့ချည်း နေချင်တယ်"

အိမ်မှာ စူလတန် မရှိသည့်အခါများတွင် ရှရီဖာ့အသံ စီစီညံနေတတ်၏။ စူလတန်၏ အသည်းနှလုံးအဖြစ် အိမ်ကို သူမ သူ့လက် သူ့ခြေ လုပ်ရတုန်းကပေါ့။ စူလတန် နောက်မယား ယူပြီးမှ ရှရီဖာ့လေသံ ပျော့လာခြင်း ဖြစ်သည်။

"သူတို့သားအမိ ပြန်လာတာတော့ ဟုတ်ပါရဲ့၊ တို့မှာ ကျဉ်းကျဉ်းကျုတ်ကျုတ် ဖြစ်သွားတော့မယ်"

လိုင်လာ သက်ပြင်းချသည်။ ယခု ဆယ့်တစ်ယောက် မဟုတ်တော့။ ဆယ့်သုံးယောက် ဖြစ်သွားပြီ။

ညနေတိုင်း ဆိုင်မှ အိမ်သို့ စူလတန် ပြန်လာလျှင် ပိုက်ဆံတွေ တထပ်ကြီး ပါလာလေ့ ရှိသည်။ အဆိုပါ ပိုက်ဆံများကို ဗီရိုထဲထည့်ကာ သော့ခတ်ထားလိုက်သည်ချည်း။ မကြာ မကြာ တလည်းသီးများ၊ ငှက်ပျောသီးများ၊ လိမ္မော်သီးများနှင့် ပန်းသီးများ ပါလာတတ်သော်လည်း မည်သူ့ကိုမျှ မကျွေးဘဲ သော့ခတ် သိမ်းထားလိုက်သည်ချည်းသာ။ စူလတန်နှင့် ဆိုညာသာ စားဖို့။ သူတို့နှစ်ယောက်ထံမှာသာ သော့ရှိသည်။

လိုင်လာသည် သူများကို လုပ်ကျွေးပြုစုဖို့ မွေးလာရသူ ဖြစ်၏။ ကြာတော့ အစေခံ တယောက်လို ဖြစ်လာကာ ဟိုလူက အမိန့်ပေးတာကို ခံရ၊ သည်လူက အမိန့်ပေးတာကို ခံရ။ အမိန့်ပေး ခံရလွန်းသဖြင့် သူမ လေးစားခံရဖို့ အလှည့်မကျတော့ချေ။ တယောက်ယောက်ကများ သုန်မှုန်နေလျှင် သူမမှာ နေစရာမရှိ ဖြစ်ရ၏။ သူမ၏ဘဝသည် စင်ဒရဲလား၏ဘဝမျိုးလို ဖြစ်သော်လည်း လိုင်လာ့ကမ္ဘာတွင် မင်းသားလေးတော့ မရှိချေ။

သားသုံးယောက်နှင့်အတူ စူလတန် ပြန်လာသည်။ ဆိုညာကို

မွေးမွေးပေးပြီး ရှရီဖာကိုတော့ ဝတ်ကျေတမ်းကျေ နှုတ်ဆက်၏။ ပက်ရှ်ဝါမှ ကာဘူးလ်သို့ တနေကုန် ကားအတူ စီးလာရသဖြင့် ပြောစရာ ထွေထွေထူးထူးလည်း မရှိပါ။

စူလတန်၏ညီ ယူနုစ်လည်း အိမ်သို့ပြန်ရောက်လာပြီး ရှရီဖာအား နွေးနွေးထွေးထွေး နှုတ်ဆက်ကာ ဆွေမျိုးသားချင်းတို့၏ နောက်ဆုံးသတင်းများကို ပေးသည်။ ထို့နောက် သူ့ထုံးစံအတိုင်း ဘာတခွန်းမျှ မဟတော့။ သူက ခပ်အေးအေး၊ ခပ်တည်တည် နေတတ်ပြီး မိသားစု စကားဝိုင်းတွင် ဝင်ပါလေ့ မရှိချေ။ အသက် နှစ်ဆယ့်ရှစ်နှစ် ရှိပြီဖြစ်သည့် ယူနုစ်သည် သူ့ဘဝကို အတော်ပင် မကျေမနပ် ဖြစ်နေလေသည်။

“နုံချာတဲ့ဘဝ” ဟု သူ ပြော၏။

နေထွက်မှ နေဝင် အလုပ်လုပ်၊ အစ်ကို့စားကြွင်းစားကျန်ကို စား။

ယူနုစ်၏ ဝေယျာဝစ္စကိုတော့ လိုင်လာ ကြည်ကြည်ဖြူဖြူ လုပ်ပေးသည်။ ယူနုစ်ကို လိုင်လာ ချစ်သည်။ သူသည် တခါတရံ လိုင်လာ့အတွက် လက်ဆောင်ပစ္စည်းလေးများ ဝယ်လာတတ်၏။

ညနေပိုင်းမှာ ရှရီဖာက အမှတ်မထင် ပြောသည်။

“ဘဲလ်ကီစာကိစ္စ အဆင်မပြေဘူး၊ အဖေက သဘောတူတယ်၊ အမေက သဘောမတူတာ၊ ဘဲလ်ကီစာ့အမေက ဘဲလ်ကီစာကို လက်ထပ်ချင်တဲ့ ကောင်လေးရဲ့အမေကို ပြောတယ်၊ အဲဒီ မိန်းမနှင့် ဘဲလ်ကီစာ့အမေက ဆွေမျိုးတွေလေ၊ သူတို့က ငွေကြေး ကမ်းလှမ်းတော့ အမေလုပ်တဲ့ သူက ဒွိဟဖြစ်တယ်လေ၊ အဲဒီဆွေမျိုးက ငါတို့ မိသားစုအကြောင်းတွေကိုလည်း သားပုပ်လေလွင့် လျှောက်ပြောတာ၊ ငါ့မှာ ပြောစရာ ရှိတာတော့ ဒါ အကုန်ပဲ”

ယူနုစ်သည် မျက်နှာ နီမြန်းလျက် သုန်မှုန်နေ၏။ မည်သို့မျှ ပြန်မပြောချေ။ အခြေအနေ တခုလုံးမှာ မျက်နှာ ပျက်စရာ။

“မြေးအရွယ်လေးက ဘိုးအေအရွယ်ကို ဘယ်မှာ လက်ထပ်နိုင်ပါ့မလဲ” ဟု မန်ဆူ မကြားတကြား ပြောသည်ကို ယူနုစ် ကြားသော်လည်း စူလတန်ကတော့ မကြားချေ။ ယူနုစ်၏ နောက်ဆုံး မျှော်လင့်ချက် လွင့်ပြယ်သွားခဲ့ပြီ။

ဘဲလ်ကီစာနှင့် သူ့အား ဘဲလ်ကီစာ့မိသားစုက သဘောမတူပုံကို ပြောပြနေသည့် ရှရီဖာ့ စကားများကို ဖြတ်တောက်လိုသောအားဖြင့် ယူနုစ်က လက်ဖက်ရည် တောင်းလိုက်၏။ လိုင်လာ ထိုင်ရာမှ ထသည်။ ယူနုစ်အတွက် သူမ စိတ်မကောင်းချေ။ ယူနုစ် လက်ထပ်ပြီးလျှင် ဘီဘီဂူးလ်နှင့် သူမအား အတူနေဖို့

ခေါ်သွားလိမ့်မည်ဟု သူမ မျှော်လင့်ထားခဲ့သည်။

လိုင်လာ လက်ဖက်ရည် ယူလာသည်။ ယူနုစ် နောက်တနေ့ ဝတ်ဖို့ ဘောင်းဘီကို မီးပူ တိုက်ထားပေးရမလားဟု သူမ မေး၏။ ယူနုစ်မှာ ဘောင်းဘီ နှစ်ထည်သာ ရှိသောကြောင့် မေးခြင်း ဖြစ်သည်။

ယူနုစ်က နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြသည်။

ဘဲလ်ကီစာနှင့် ပတ်သက်သည့် သတင်းစကားကို အကြောင်းပြု၍ ညစာ ထမင်းဝိုင်းတွင် မည်သူမျှ စကား မဟ မပြောဖြစ်ကြချေ။

အိမဲလ်က လာတီဖာနှင့် ကစားနေသည်။ ရှက်ဘ်နမ်က အရုပ်များနှင့် ကစားနေသည်။ အက္ကဘဲလ်က မန်ဆူနှင့် ဆူညံစွာ စကားပြောနေသည်။ စူလတန်က ဆိုညာနှင့် ပရောပရည် လုပ်နေသည်။ အခြားသူများက တိတ်တိတ်ဆိတ်ဆိတ် စားသောက်နေကြ၏။

ထို့နောက် မိသားစုအားလုံး အိပ်ရာဝင်ကြသည်။ ဘီဘီဂူးလ်၊ လိုင်လာ၊ ဘူလ်ဘူလာ၊ အက္ကဘဲလ်၊ အိမဲလ်နှင့် ဖာဇီးလ်တို့ အိပ်သည့် အခန်းထဲတွင် ရှရီဖာနှင့် ရှက်ဘ်နမ်တို့ သားအမိကို နေရာချထားပေး၏။

စူလတန်နှင့် ဆိုညာက သူတို့၏အခန်းထဲမှာ သီးသီးသန့်သန့်။ သန်းခေါင်ချိန်လောက်တွင် တယောက်သောသူမှတပါး အားလုံး အိပ်ပျော်နေကြပြီ။

လိုင်လာသည် ဖယောင်းတိုင်အလင်းဖြင့် ချက်ပြုတ်နေ၏။ သူမ၏မျက်နှာပေါ်သို့ အလင်းရောင် ထိုးကျလျက်။ ချက်ပြုတ်ပြီးချိန်တွင် လက်များကို ဆေးကြောကာ တနေကုန် ဝတ်ထားသည့် အဝတ်အစားနှင့်ပင် လိုင်လာ အိပ်ရာဝင်လိုက်သည်။

နာရီပိုင်းမျှ အိပ်ပျော်သွားပြီးနောက် ဘာသာရေးဆရာ၏ အသံဖြင့် နိုးထရပြန်၏။

“အလ္လာဟူ အက္ကဘာ” (ဘုရားသခင်သည် ကြီးမြတ်တော်မူပါပေ၏) အသံနှင့်အတူ နေ့သစ် တနေ့ စတင်ပြန်ပြီ။

ဤနေ့သည်လည်း အခြားနေ့များလိုပင် ဖုန်နံ့လှိုင်သော နေ့တနေ့ ဖြစ်သည်။

ကြိုးပမ်းမှုတခု

တနေ့ မွန်းလွဲပိုင်းတွင် လိုင်လာသည် အိမ်နီးချင်းကောင်လေးတယောက်ကို အဖော် ခေါ်ပြီးလျှင် အိမ်ပြင်သို့ထွက်သည်။ ခေါင်းမြီးခြုံဝတ်ရုံ ဝတ်ထားပြီး ဒေါက်မြင့်ဖိနပ် စီးထားသည်။ ရေခန်းခြောက်လျက်ရှိသည့် ကဘူးလ် မြစ်ကူးတံတားကို ဖြတ်ကျော်ပြီးနောက် ရိပ်သာလမ်းမကြီး တခု၏ သစ်ပင်များအောက်သို့ ရောက်သွားကြ၏။ ဖိနပ်တိုက်သမားများ၊ ဖရဲသီးသည်များ၊ ပေါင်မုန့် ရောင်းသူများနှင့် လတ်လျား လတ်လျား လုပ်နေသူများကို လိုင်လာ ဖြတ်သန်းလာခဲ့သည်။

သစ်ပင်များထက်မှ သစ်ရွက်များသည် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် စိမ်းစိုလျက် ရှိ၏။ လွန်ခဲ့သောသုံးနှစ်က ကဘူးလ်တွင် ဟုတ်တိပတ်တိ မိုး မရွာသောကြောင့် အကိုင်း အညွန့်များမှာ အပူရှိန် ပြင်းထန်လှသည့် နေရောင်ခြည်အောက်တွင် ညှိုးရော်ကာ ကြွေကျ မြေသက်ခဲ့ကြရသည်။

ယခု တာလီဘန် ပြေးပြီးနောက် ပထမဆုံး နွေဦးတွင် မိုး ကောင်းစွာရွာသွန်းသည်။ ကဘူးလ် မြစ်ရေလျှံအောင် မဟုတ်သော်လည်း မသေဘဲ ကျန်ရှိနေသည့် သစ်ပင်တချို့တွင် အကိုင်း အညွန့်များ ထွက်ပြီး စိမ်းလန်းစိုပြည်လာစေသည်အထိတော့ မိုးရွာ၏။ ဖုန်များ သိပ်သွားသည် အထိတော့ ရွာ၏။ ဖုန်မှုန့်များသည် မိုးရွာသောအခါ ရွှံ့ဖြစ်သွားပြီး နေပူသောအခါ တထောင်းထောင်း ထကာ နှာခေါင်း၊ မျက်စိ၊ လည်ချောင်းနှင့် အဆုတ်ထဲသို့ ဝင်ရောက်ကြကုန်၏။ ဤ မွန်းလွဲပိုင်းမှာတော့ မိုးရွာပြီးနောက် လေသည် လတ်ဆတ်နေ၏။ သို့သော် ခေါင်းမြီးခြုံ ဝတ်ရုံကို မထွင်းဖောက်နိုင်။

မိုက်ခရိုရေယွန် အိမ်ရာ အမှတ် ၄ တွင် "သင်တန်းများ" ဟု ရေးသားထားသည့် ဆိုင်းဘုတ်ကြီးများကို ချိတ်ဆွဲထားပြီး စာပေသင်တန်းများ၊ ကွန်ပျူတာသင်တန်းများနှင့် စာရေးနည်း သင်တန်းများ ဆိုသည့် စာလုံးများကိုလည်း တွေ့ရ၏။

လိုင်လာက အင်္ဂလိပ်စာသင်တန်း တက်ချင်သည်။ အဝင်ဝရှိ ကျောင်းသားသစ် လက်ခံသည့် စားပွဲတွင် လူနှစ်ယောက် ထိုင်လျက်။ ဗုံးခိုကျင်းနှင့် တူသည်။ မြေအောက်ခန်းသို့ လှေကားမှ ဆင်းသွားသည့် သင်တန်းသားများထဲတွင် လိုင်လာလည်း ပါသည်။ နံရံများပေါ်တွင် ကျည်ဆန်ရာများ။ ပြည်တွင်းစစ် ကာလတုန်းက လက်နက်များ သိုလှောင်ရာ အဆောက်အအုံ။ သင်တန်းခန်းများကို

ပျဉ်ချပ်များဖြင့် ကာရံထား၏။

အင်္ဂလိပ်စာသင်တန်း ခန်းမထဲသို့ လိုင်လာ ရောက်ချိန်တွင် အချိန်စောနေသေးသည်။ လမ်းသရဲဆန်ဆန် ကောင်လေးတချို့လည်း ရောက်နေကြသည်။

သင်တန်းတက်လို့ ဖြစ်ပါ့မလား၊ ကောင်လေးတွေ ရှိနေပါလားဟု လိုင်လာ စဉ်းစား၏။ ပြန်လျှင် ကောင်းမလားဟု တွေးမိသော်လည်း လိုင်လာ စိတ်တင်းလိုက်ကာ နောက်ဆုံးတန်းတွင် ဝင်ထိုင်လိုက်သည်။ အခန်းထောင့်တနေရာတွင် အေးအေးလူလူ ထိုင်နေသော မိန်းကလေး နှစ်ယောက်။ အခြားအခန်းများမှ ဆရာများ၏ စူးရှရှအသံများက နံရံများကို ဖောက်ထွင်း ဝင်ရောက်လျက် ရှိ၏။

လိုင်လာတို့အခန်းသို့ သင်တန်းဆရာ ရောက်မလာသေးချေ။ ကောင်လေးများက ကျောက်သင်ပုန်းကြီးပေါ်တွင် စာရေးကြ၏။ Pussy, Dick, Fuck. ထိုစကားလုံးများကို လိုင်လာ မတွေ့ဖူးချေ။ သူမတွင် ပါလာသည့် အင်္ဂလိပ်ပါရှန် အဘိဓာန်ကို ကောင်လေးတွေ မမြင်အောင် ဖွင့်ကြည့်လိုက်သည်။ သို့သော် အဘိဓာန်ထဲတွင် အဆိုပါ စကားလုံးများကို ရှာမတွေ့ပါ။ အခြေအနေ တရပ်လုံးကို သူမ မနှစ်မြို့မိတော့။ ဤသင်တန်းကို မတက်မိလျှင် ကောင်းမည်ဟု လိုင်လာ နောင်တရမိ၏။ သူမကို ကောင်လေးတွေက စကားလာပြောလျှင် ဘယ့်နှယ်လုပ်ရပါ့။ အဲဒါဆို သိပ်ကို ရှက်စရာကောင်းမှာ။ ပြီးတော့ သူဟာ ခေါင်းမြီးခြုံ ဝတ်ရုံကို လှန်တင်ထားသေးသည်။ စာသင်ခန်းထဲမှာ မဝတ်ရဘူး ထင်လို့ပါ။ ယခုတော့ သူမ၏မျက်နှာကို လူတွေ မြင်သွားပြီ။ ဆရာ ရောက်လာချိန်တွင် ကောင်လေးများက ကျောက်သင်ပုန်းကြီးပေါ်မှ စာများကို ဖျက်ပစ်ကြ၏။ သင်တန်းချိန်မှာ စိတ်ညစ်စရာ ကောင်းလှသည်။ သူတို့ တယောက်ချင်းစီ မိတ်ဆက်ကြရသည်။ အသက်ကို ပြောကြရသည်။

တခုခုကို အင်္ဂလိပ်လို ပြောပြရသည်။ ခပ်ပိန်ပိန် လူငယ်တဦးဖြစ်သည့် ဆရာက လိုင်လာအား ပေတံတချောင်းဖြင့် ညွှန်ပြကာ စကားပြောခိုင်း၏။ ဤကောင်လေးတွေ ရှေ့မှာ သူမ၏ အူတွေ အသည်းတွေ ပြောင်းဆန်သွားသလို ခံစားလိုက်ရ၏။ အတန်းထဲမှာ ကောင်လေးတွေနှင့် ကောင်မလေးတွေ အတူရောသင်ရလိမ့်မည်ဟု လိုင်လာ မထင်ခဲ့ဖူးချေ။

အတန်းထဲမှ သူမ ထွက်ခွာသွားဖို့ မဝံ့။ ဆရာက ဘာဖြစ်လို့လဲဟု မေးလိမ့်မည်။ သို့သော် သင်တန်းချိန် ကုန်ဆုံးသောအခါ သူမ ကမူးရှူးထိုး ထွက်သွားတော့၏။ လှန်တင်ထားသည့် ခေါင်းမြီးခြုံဝတ်ရုံကို ပြန်ချပြီး ခြေလှမ်းကျဲကြီးများဖြင့် အသော့နှင်သွားသည်။ အိမ်သို့ ပြန်ရောက်သည့်အခါ

ခေါင်းမြီးခြုံ ဝတ်ရုံကို သံချိတ်တွင် ချိတ်ထားလိုက်၏။

"စိတ်ပျက်ဖို့ ကောင်းလိုက်တာ၊ သင်တန်းထဲမှာ ကောင်လေးတွေလည်း ရှိတယ်"

အိမ်သားများက လိုင်လာ့ကို ပါးစပ်အဟောင်းသားဖြင့် ဝိုင်းကြည့်နေကြပြီး "ဒါဆို သွားမတက်နှင့်တော့" ဟု အမေက ပြော၏။

သင်တန်းသို့ ပြန်သွားရန် လိုင်လာ အိပ်မက်ပင် မမက်တော့ပါ။ တာလီဘန် မရှိတော့သော်လည်း လိုင်လာ့ခေါင်းထဲမှာ၊ ဘီဘီဂူးလ်၏ ခေါင်းထဲမှာ၊ ရှရီဖာ့ခေါင်းထဲမှာ၊ ဆိုညာ့ ခေါင်းထဲမှာ တာလီဘန်သည် ရှိနေဆဲ။

တာလီဘန်ခေတ် ကုန်သွားသည်ကို မိုက်ခရိုရေဒီယိုမှ အမျိုးသမီးများက ဝမ်းသာနေကြ၏။ သူတို့ သိဆိုကခုန်နိုင်ကြပြီ။ လူမမြင်ဘူးဆိုလျှင်၊ ခေါင်းမြီးခြုံ ဝတ်ရုံအောက်မှာ ဖုံးကွယ်ထားနိုင်သည် ဆိုလျှင် ခြေသည်း ဆိုးနိုင်ကြပြီ။

လိုင်လာသည် ပြည်တွင်းစစ်၊ ဘာသာရေးဆရာတို့ ကြီးစိုးသည့်ကာလ၊ တာလီဘန် ကြီးစိုးသည့်ကာလများကို ဖြတ်သန်းခဲ့ရသူ။ ရင်တွင်းလှိုက်ကာ ငိုကြွေးနေခဲ့ရသူ။ ဖောက်ထွက်ဖို့၊ လွတ်လပ်ဖို့၊ တခုခုကို သင်ယူရန် ကြိုးပမ်းမှုသည် အဟောသိကံ ဖြစ်သွားပြီ။

တာလီဘန် ကြီးစိုးသည့် ငါးနှစ်တာကာလအတွင်း မိန်းကလေးများ စာသင်ယူခြင်းကို တားမြစ်ခဲ့သော်လည်း ယခု စာသင်ခွင့်ရကြပြီ။ သို့သော် လိုင်လာသည် သူမကိုယ်တိုင် တားမြစ်လိုက်၏။

သူမအား စူလတန်က ကျောင်းတက်ခိုင်းလျှင် ပြဿနာမရှိ။ ကျောင်းမှာက ယောကျ်ားလေးတန်းနှင့် မိန်းကလေးတန်းတို့ကို သီးခြား ထားရှိ၏။

လိုင်လာက မီးဖိုချောင် ကြမ်းပြင်ပေါ်တွင်ထိုင်ကာ ကြက်သွန်နီနှင့် အာလူးများကို အခွံနွှာနေသည်။ ဆိုညာက ကြက်ဥကြော်စားရင်း ကလေး နို့တိုက်နေသည်။ ဆိုညာကို စကား ပြောဖို့ လိုင်လာ ဝန်လေး၏။ ဆိုညာက သင်ပုန်းကြီးပင် သင်ဖူးသူမဟုတ်။ စူလတန်က ဆရာ တယောက်ကို ခေါ်ပြီး ဆိုညာအား အရေးအဖတ် သင်စေသော်လည်း လပေါင်းများစွာအတွင်း အက္ခရာ ငါးလုံးကိုသာ တတ်ပြီး မသင်ဖြစ်တော့ချေ။

"လူတယောက်မှာ ဘာမဆို ရှိပြီး ဘာဆက်လုပ်ရမယ် ဆိုတာကို မသိတဲ့အခါ သူ မြည်းကို စကားပြောတတ်အောင် သင်ပေးတော့တာပဲ" ဟု မန်ဆူက ပြော၍ ဟားတိုက်၏။

ဆိုညာ မသိတာ မတတ်တာရှိလျှင် လိုင်လာက သင်ပြပေးသည်။ သို့သော် အိမ်တွင် စူလတန် မရှိမှ ဖြစ်မည်။ ပြောကြစို့ဆိုလျှင် ဆိုညာသည် အပျင်းအားကိုးသူတယောက် မဟုတ်ချေ။ သို့သော် စူလတန်က သူမအား ဘာတခုမျှ ပင်ပင်ပန်းပန်း မလုပ်ခိုင်း။ စူလတန် ခရီးသွားနေသည့်အခါ များတွင် အိမ်မှုကိစ္စများကို ဆိုညာ ဝိုင်းကူလုပ်ပေး၏။ သို့ဖြစ်စေကာမူ ဆိုညာ လုပ်သမျှတို့အတွက် လိုင်လာ့မှာ စိတ်တိုရသည်။ စူလတန် ပြန်အလာကို မျှော်နေလား မျှော်နေရဲ့။ စူလတန် ခရီးထွက်နေချိန်တွင် ဆိုညာသည် ကပေကရေ ဝတ်ဆင်နေလေ့ရှိပြီး စူလတန် အိမ်မှာရှိနေသည့် အခါများတွင် မျက်နှာကို ပေါင်ဒါဖို့၊ မျက်လုံးကို ကာချယ်ဆွဲ၊ နှုတ်ခမ်းကို ဆေးဆိုး အစွမ်းကုန် မှုန်းထားလေ့ ရှိ၏။

ဆိုညာက အသက်ဆယ့်ခြောက်နှစ်တွင် ကလေးမလေးအဖြစ်မှ ဇနီးမယားအဖြစ်သို့ ကူးပြောင်းလာခဲ့သူ။ မင်္ဂလာ မဆောင်ခင်က ငိုကြွေးခဲ့သော်လည်း မကြာမီ အသားကျသွား၏။ သူမသည် ဘဝတွင် မည်သည့် မျှော်လင့်ချက်မျှ မရှိဘဲ ကြီးပြင်းလာခဲ့သူဖြစ်ပြီး စေ့စပ်ကြောင်းလမ်း ထားသည့် နှစ်လသက်တမ်းကို စူလတန်က ကောင်းကောင်း အသုံးချခဲ့သည်။ လက်မထပ်ခင် ဆိုညာနှင့် နှစ်ယောက်တည်း နေခွင့်ရရန် ဆိုညာ့မိဘများအား စူလတန် လာဘ်ထိုးခဲ့၏။ (ထုံးတမ်းစဉ်လာအားဖြင့် စေ့စပ်ထားသူ နှစ်ယောက်သည် လက်မထပ်ခင်အတွင်း တယောက်နှင့် တယောက် မတွေ့ရချေ။)

ဤသည်ကို ဆိုညာအစ်ကိုက ခြားကြိမ်း ကြိမ်းသော်လည်း သူ့အား စူလတန်က ပိုက်ဆံ ပေးလိုက်သောအခါ စူလတန့်အကြံ အောင်သွားတော့သည်။

ဆိုညာ့အဖို့ အရေးအကြီးဆုံးကိစ္စမှာ သားတွေ ထပ်မွေးဖို့ ဖြစ်၏။ သူမ ကိုယ်ဝန် ထပ်ရှိလာပြီး သမီးလေး ထပ်မွေးမှာ ကြောက်နေသည်။

ဆိုညာ ခေါင်းစည်းပဝါကို လာတီဖာ ဆွဲယူပြီး ဆော့တော့ ဆိုညာက လာတီဖာကို ရိုက်ပြီး ပဝါကို လာတီဖာ့ခေါင်းမှာ ချည်ထားလိုက်၏။ အထွေးဆုံးကလေးက မိခင်၏ ခေါင်းစည်းပဝါနှင့် ဆော့လျှင် နောက်မွေးမည့်ကလေးသည် မိန်းကလေး ဖြစ်လိမ့်မည်ဟု အယူ ရှိကြသည်။

"ငါ မိန်းကလေး မွေးရင် စူလတန် နောက်မိန်းမ ထပ်ယူလိမ့်မယ်" ဟု ဆိုညာက လိုင်လာအား ပြောသည်။

"သူက အဲသလိုပဲ ပြောလား"

"မနေ့ကပဲ ပြောတာ"

"နင့်ကို လှန့်တာ ဖြစ်မှာပါဟယ်"

"သမီးလေး မဖြစ်ရဘူး၊ သမီးလေး မဖြစ်ရဘူး"

လိုင်လာသည် ဆိုညာနှင့် ဆက်ပြီး စကား ပြောချင်စိတ် မရှိတော့။ ဖာဇီးလ်နှင့် ဖာဇီးလ်အား စူလတန် ဆက်ဆံပုံတို့ကို သတိရလိုက်သည်။

ဆယ့်တနှစ်သားလေး ဖာဇီးလ်က စာအုပ်ဆိုင်တွင် တနေ့ကုန်အောင် ပင်ပင်ပန်းပန်း အလုပ် လုပ်ရပြီး ညနေစာကို သူတို့နှင့် အတူတူ စားသည်။ အိပ်တော့ လိုင်လာ့ဘေးက ဖျာမှာ အိပ်သည်။ ဖာဇီးလ်သည် မာရီယမ်၏ အကြီးဆုံးသား။ စူလတန်နှင့် လိုင်လာတို့၏တူ။ မာရီယမ်တို့ လင်မယားက သားသမီးအားလုံးကို ဝလင်အောင် ကျွေးဖို့ အခက်အခဲ ရှိနေချိန်တွင် စူလတန့်ဆိုင်မှာ လူလိုသဖြင့် ပို့ထားခြင်း ဖြစ်သည်။ နေထိုင်ရေးနှင့် စားသောက်ရေးတို့အတွက် ဖာဇီးလ်က တနေ့လျှင် ဆယ့်နှစ်နာရီ အလုပ် လုပ်ပေးရ၏။ သောကြာနေ့များမှာတော့ ရှာရှိ အမေနှင့် အဖေ့ထံ သွားရောက်ခွင့် ပြုသည်။

သို့သော် တနေ့တွင် စူလတန်က "ငါ မင်းကို စိတ်ကုန်လာပြီ၊ မင်း အိမ်ပြန်ပေတော့၊ မင်းကို ဆိုင်မှာ မမြင်ချင်တော့ဘူး" ဟု ဆို၏။

မိသားစုအားလုံး မှင်တက်မိသွားကြသည်။

ဖာဇီးလ်ကို တနှစ်လောက် စောင့်ရှောက်ပေးထားမည် ဟု စူလတန် ကတိပေးခဲ့တာပဲ။ မည်သူမျှ ဘာမျှမပြောကြ။ ဖာဇီးလ်ကလည်း ဘာမျှမပြော။ သို့သော် ညအိပ်ရာဝင်တော့ သူ ငိုလေသည်။

လိုင်လာက ချော့မော့ နှစ်သိမ့်ပေးသော်လည်း စူလတန်၏စကားကို မလွန်ဆန်နိုင်။

နောက်တနေ့နံနက်တွင် ဖာဇီးလ်ပိုင် ပစ္စည်းလေးများကို လိုင်လာ စုစည်းထုပ်ပိုးပေးပြီး အိမ်ပြန်လွှတ်လိုက်ရ၏။

လိုင်လာ အကြီးအကျယ် ဒေါသထွက်သည်။ စူလတန်သည် ဖာဇီးလ်အပေါ် ဘာ့ကြောင့် ဤသို့ ပြုမူရတာတုံး။ ဖာဇီးလ်ပြီးလျှင် သူမ အလှည့်ကျတော့မည်။ တခုခု စဉ်းစားဖို့အချိန်ပဲ။

လိုင်လာ့မှာ အကြံအစည်တခု ရှိထားပြီ။ တနေ့ နံနက် စူလတန်နှင့် သားများ အိမ်မှ ထွက်ခွာသွားပြီးနောက် လိုင်လာသည် ခေါင်းမြီးခြုံ ဝတ်ရုံကို ဝတ်ဆင်ကာ အိမ်ပြင်သို့ ထွက်သွား၏။ ဤတကြိမ်တွင်လည်း အဖော်အဖြစ် သူငယ်လေးတယောက် ပါသည်။ ရပ်ကွက် အစွန်အဖျားတွင် တွေ့ရသည့်အိမ်များမှာ အကြီးအကျယ် ပျက်စီးနေသောကြောင့် နေထိုင်မည့်သူများ မရှိကြ။ သို့သော်ငြား အနိမ့်ဆုံးအားဖြင့် အမိုးကလေးတော့ရှိပြီး ကိုယ်ရင့်တတူ ဆင်းရဲသူများထံမှ

တောင်းရမ်း စားသောက်ကာ အသက်ဆက်နေကြရသည့် မိသားစုတချို့တော့ နေထိုင်လျက် ရှိကြ၏။

တခုတည်းသော အရိပ်ရ သစ်ပင် အကြွင်းအကျန်အောက်တွင် ဆိတ်ကျောင်းသား ငိုက်မျဉ်းလျက် ရှိစဉ် ကျိုးတိုးကျဲတဲ မြက်ပင်များကို ဆိတ်တအုပ်စားနေသည့် ကွင်းလေးတခုကို လိုင်လာ ဖြတ်ကျော်လာခဲ့သည်။ ဤနေရာသည် မြို့နှင့် ရွာ၏ စပ်ကြားနေရာ။ ကွင်း၏ ဟိုမှာဘက်တွင် ခူဒိုင်ဒက်ရွာ။ အစ်မကြီး ရှကီလာ့အိမ်သို့ လိုင်လာ အရင်ဆုံး ဝင်လိုက်၏။

ဝါကီ၏ သားအကြီးဆုံး ဆာအစ်က ခြံတံခါး ဖွင့်ပေးသည်။ သူ့တဖက်တွင် လက်ချောင်းလေး နှစ်ချောင်း ပြတ်နေ၏။ မော်တော်ကား ဘက်ထရီအိုး ပေါက်ကွဲသဖြင့် ပြတ်သွားခြင်း ဖြစ်သော်လည်း မိုင်းကို တက်နင်းမိလို့ဟု ဆာအစ်က လူတကာကို ပြောလေ့ရှိသည်။ စစ်ပဲ တိုက်ဖူးခဲ့တော့သလိုလို။

လိုင်လာသည် သူ့ကို သဘောမကျချေ။ တောကျသည်ဟု သူမ ထင်သည်။ သူက စာမဖတ်တတ်၊ စာမရေးတတ်သည့်ပြင် စကားပြောသည့်အခါ တောဘဲမှန်း လူတိုင်း သိလောက်၏။ သူ့အဖေ ဝါကီ့လိုပဲ။

သူ့အကြောင်း တွေးမိပြီး လိုင်လာ ကျောချမ်းသွားစဉ် သူသည် မရိုးသားသောအပြုံးဖြင့် လိုင်လာအား ပြုံးပြပြီး သူ့ကို ဖြတ်လျှောက်သွားသည့် လိုင်လာ၏ ခေါင်းမြီးခြုံ ဝတ်ရုံကို မတော်တဆလိုလိုဖြင့် ထိလိုက်၏။ လိုင်လာ ကျောချမ်းသွားပြန်သည်။ သူ့ကို ယူရမှာများ စိတ်ကူးရုံနှင့်ပင် ကျောချမ်းပါရဲ့။ မိသားစုဝင်တွေက သူတို့နှစ်ယောက်ကို ပေးစားချင်နေကြသည်။

ရှကီလာနှင့် ဝါကီတို့ နှစ်ယောက်လုံးက ဘီဘီဂူးလ်ထံမှာ တီးခေါက် ကြည့်ခဲ့ဖူးကြပြီ။

ဘီဘီဂူးလ်က “စောသေးတယ်” ဟု ဆိုပြီး စူလတန်က “အချိန်မကျသေးဘူး” ဟု ပြော၏။

လိုင်လာကို ဘယ်သူကမျှ မမေးကြ။ မေးကြသည့်တိုင် လိုင်လာက အဖြေပေးလိမ့်မည် မဟုတ်။ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးတယောက်က သူမ ကြိုက်သည် သို့မဟုတ် မကြိုက်ဘူးဟု ဖြေလိမ့်မည် မဟုတ်ချေ။

တင် တယမ်းယမ်း၊ အပြုံးပန်း တဝေဝေဖြင့် ရှကီလာ ထွက်လာ၏။ ဝါကီနှင့် ယူရမည် ဆိုတုန်းက ကျောချမ်းခဲ့ပုံတွေကို ရှကီလာ့ထံမှာ တခုမျှ မမြင်ရတော့။ သူမ ဇီဝဗေဒ ဆရာမ ပြန်လုပ်နေပြီ။ လင်ပါသားသမီးများက သူမကို လေးစားကြသည်။ သူတို့ကို ရှကီလာ နှပ်ညှစ်ပေးသည်။ အဝတ်လျှော်ဖွပ်ပေးသည်။

ကျောင်းထားပေးသည်။ ဝါကီနှင့် ပထမ မယားတို့က ဤကိစ္စအတွက် သိပ်ပြီး ကြောင့်ကြစိုက်ခဲ့ကြသည် မဟုတ်ချေ။

သားအကြီးကောင်တွေက အတန်းထဲမှာ ကလေးငယ်များနှင့် အတူ ရောနှောပြီး စာသင်ရသည်ကို ရှက်လှချည့်ရဲ့ဆိုတော့ "အခု ကျောင်း မတက်ချင်ဘူးဆိုရင် နောင်အခါမှာ ပိုပြီးတော့တောင် ရှက်စရာ ဖြစ်ရလိမ့်ဦးမယ်" ဟု ရှကီလာ ပြောတတ်သည်။

ရှကီလာသည် အတိုင်းမသိအောင် ပျော်နေ၏။ နောက်ဆုံးတော့ လင်တယောက် ရလိုက်ပြီပဲ။ အပျိုကြီးဘဝဖြင့် သုံးဆယ့်ငါးနှစ် ကြာပြီးနောက်တွင် အိမ်ထောင်ရှင်မအဖြစ်သို့ ပီပီသသ ရောက်ခဲ့ပြီ။

ညီအစ်မနှစ်ယောက် အပြန်အလှန် နမ်းရှုပ်ကြပြီးနောက် ခေါင်းမြီးခြုံ ဝတ်ရုံကိုယ်စီဖြင့် ခြံတံခါးအပြင်ဘက်သို့ ထွက်သွားကြသည်။ လိုင်လာက အနက်ရောင် ဒေါက်မြင့်ဖိနပ်နှင့်။ ရှကီလာက လက်ထပ်တုန်းက အဖြူရောင် ဒေါက်မြင့်ဖိနပ်နှင့်။ ခန္ဓာကိုယ်နှင့် အဝတ်အစား၊ ဆံပင်နှင့် မျက်နှာတို့ကို မဖော်ပြနိုင်သည့်အခါ ဖိနပ်သည် အရေးကြီး၏။

ရေအိုင်လေးများကို ခုန်ကျော်ကာ၊ ရွှံ့များနှင့် နက်ရှိုင်းသော ဘီးရာချိုင့်များကို ရှောင်ကွင်းကာ သူတို့ သွားကြသည်။ ဤလမ်းသည် ကျောင်းသို့သွားရာလမ်း။ လိုင်လာ ဆရာမ အလုပ် လျှောက်ရန် သွားနေခြင်းပါ။ ယင်းသည် သူမ၏ လျှို့ဝှက်အကြံအစည် ဖြစ်၏။

ရှကီလာက သူမ အလုပ်လုပ်သေကျောင်းတွင် စုံစမ်းထားပြီးပြီ။ ကျောင်းတွင် အင်္ဂလိပ်စာ ပြမည့်သူ မရှိချေ။ လိုင်လာသည် ကျောင်းတွင် ကိုးနှစ်သာ နေခဲ့ဖူးသော်လည်း အခြေခံ အင်္ဂလိပ်စာကို သင်ပေးနိုင်လိမ့်မည်ဟု သူမကိုယ်သူမ ယုံကြည်ထား၏။ ပါကစ္စတန်မှာ နေခဲ့စဉ်က အင်္ဂလိပ်စာ ညနေသင်တန်းကို သူမ တက်ရောက်ခဲ့ဖူးသည်။

ကျောင်းသည် ရွှံ့ဝင်းခြံအတွင်း၌ တည်ရှိ၏။ ဝင်းနံရံမှာ မြင့်မားသဖြင့် အတွင်းသို့ကျော်၍ မမြင်ရ။ ခြံဝင်းဝတွင် အဘိုးအိုတယောက် ထိုင်နေသည်။ ကျောင်းသည် မိန်းကလေးကျောင်းဖြစ်ပြီး ဆရာမများသာ ရှိသဖြင့် ကျောင်းထဲသို့ ယောကျ်ားများမဝင်ရအောင် အဘိုးအိုက စောင့်ကြပ်ရသည်။ ကစားကွင်းသည် ယခင်က မြက်ခင်း ဖြစ်ခဲ့သော်လည်း ယခုတော့ အာလူးစိုက်ခင်း ဖြစ်နေသည်။

ကျောင်းနေချင်သည့် တပည့်သစ်များ နေ့စဉ် ရောက်လာကြသဖြင့် အတန်းတွေထဲမှာ တပည့်တွေ များသည်ထက် များလာ၏။ တတိုင်းပြည်လုံးတွင် စာအုပ်များ ကိုင်ဆောင်ထားသော ပြုံးနေကြသည့် ကလေးသူငယ်များပုံ ပါသည့်

ရောမပိုစတာကြီးများကို အနှံ့အပြား တွေ့မြင်နိုင်၏။ ပိုစတာကြီးများတွင် "ကျောင်းပြန်တက်ကြစို့" ဟူသော စာတန်းလည်း ပါရှိ၏။

ကျောင်းအုပ် ဆရာမကြီးက လိုင်လာအား တာလီဘန်ခေတ်မတိုင်မီကပင် သိခဲ့သူ ဖြစ်သည်။

ဤကျောင်းတွင် တက်ခဲ့ဖူးသည့် လိုင်လာကို ကျောင်းအုပ်ဆရာမကြီးက ဆရာမအဖြစ် ကြိုဆိုပါသည်။

"အရင် စာရင်းသွင်းလိုက်ဦး၊ စာရွက်စာတမ်းတွေ ယူပြီး ပညာရေး ဝန်ကြီးဌာနကို သွားရမယ်"

"ဆရာမကြီးတို့ဆီမှာ အင်္ဂလိပ်စာ ဆရာမ မရှိဘူး မဟုတ်လား၊ ကျွန်မအတွက် ဆရာမကြီး ထောက်ပေးလို့ မရဘူးလား၊ ဒါမှမဟုတ် အခု ဆရာမ ဝင်လုပ်ပြီး နောက်မှ စာရင်းသွင်းရင်ကော"

"မဖြစ်ဘူးကွယ့်၊ စည်းမျဉ်းစည်းကမ်း ရှိထားတဲ့အတိုင်း ပြောတာပါ"

ရုံးခန်းထဲသို့ မိန်းကလေးတို့၏ ကျွက်စီ ကျွက်စီ အသံများ ပျံ့လွင့်လာသည်။ ရှကီလာသည် သူမ၏ အတန်းဆီသို့ စာသင်ရန် ထွက်သွား၏။

လိုင်လာသည် စိတ်ဓာတ်ကျစွာ ပြန်လာခဲ့သည်။ ကလေးတို့၏ ဆူပူအော်ဟစ်သံများ မှိန်ပျသွားပြီ။ တယောက်ယောက်ကို အသိမပေးဘဲ ပညာရေး ဝန်ကြီးဌာနသို့ ဘယ်လိုသွားရပါ့မလဲ။ စူလတန် သိသွားလျှင် ကဖျက်ယဖျက် လုပ်မှာ သေချာသည်။

အလုပ်ရပြီးမှ စူလတန် သိလျှင်တော့ အကြောင်း မဟုတ်လှချေ။

သူမ၏အောင်လက်မှတ်က ပါကစ္စတန်မှာ ရှိနေသည်။ လိုင်လာခမျာ လက်လျှော့ချင်စိတ်ပင် ပေါက်လာ၏။

ထို့နောက် သတိရပြီး အိမ်နားရှိ ကြေးနန်းရုံးသို့သွားကာ ပက်ရှ်ဝါရှိ ဆွေမျိုးများထံ ဖုန်းဆက်ပြီး အကူအညီ တောင်းလိုက်သည်။ ကဘူးလ်သို့ လူကြုံရှိလျှင် အောင်လက်မှတ် ပို့ပေးလိုက်မည်ဟု ဆွေမျိုးများက ကတိပြုကြ၏။ အာဖဂန်နစ္စတန်ရှိစာပို့လုပ်ငန်းမှာ လည်ပတ်ခြင်း မရှိသဖြင့် ပါဆယ်ပို့စရာရှိလျှင် လူကြုံဖြင့်သာ ပို့ကြရ၏။

ရက်ပိုင်းအတွင်း စာရွက်စာတမ်းများ ရောက်လာခဲ့သည်။ နောက်တဆင့်မှာ ပညာရေး ဝန်ကြီးဌာနသို့ သွားရန်။ သို့သော် သူမ ဘယ်လိုသွားရပါ့မလဲ။

တယောက်တည်း သွားလို့မဖြစ်။ ယူနုစ်ကို အကူအညီ တောင်းသော်လည်း သူက လိုင်လာ အလုပ်လုပ်မည်ကို သဘောတူသူ မဟုတ်ချေ။

"အဲဒီမှာ ဘာအလုပ်ရမှာမို့လဲ၊ အိမ်မှာပဲနေပြီး အမေအိုကြီးကို ပြုစု စောင့်ရှောက်နေတာကမှ ကောင်းဦးမယ်" ဟု ယူနုစ်က ပြော၏။

သူမ၏ အချစ်ဆုံး အစ်ကို့ကို အားကိုးလို့မရ။ တူတော်မောင် မန်ဆူကို အကူအညီ တောင်းတော့လည်း သူမကိုပင် ပြန်လှောင်လိုက်သေးသည်။

ကျောင်းဖွင့်တာ ကြာလှပြီ၊ သိပ် နောက်ကျနေပြီ၊ နောက်နှစ်ကို စောင့်ဦးပေါ့ကွယ်ဟု အမေက ပြော၏။

လိုင်လာ လုံးဝ ရပ်တန့်သွားပြီ။

လူ့အဖွဲ့အစည်း၏ ရှုံ့နှံ့ထဲမှာ၊ ဓလေ့ထုံးတမ်း၏ ဖုန်မှုန့်တွေထဲမှာ လိုင်လာ လုံးဝ ရပ်တန့်သွားပြီ။

ရာစု နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့ပြီး တိုင်းပြည်၏ လူဦးရေ တဝက်ကို မလှုပ်ချင် မရှားချင်အောင် သွက်ချာပါဒ လိုက်စေခဲ့သည့် စနစ်တခုထဲမှာ လိုင်လာ မဆုတ်သာ မတိုးသာ ဖြစ်သွားပြီ။

ပညာရေး ဝန်ကြီးဌာနသို့ ဘတ်စ်ကား စီးသွားလျှင် နာရီဝက်လောက်သာ ကြာသော်လည်း ဘယ်လိုမျှ မဖြစ်နိုင်သည့် နာရီဝက်ပါ။

လိုင်လာသည် တိုက်ယူတတ်သည့် အလေ့အကျင့် ရှိသူမဟုတ်။ သူမက အလျှော့ ပေးတတ်သူ။ သို့သော် နည်းလမ်းတခုတော့ဖြင့် ရှိရလိမ့်မည်။ ထိုနည်းလမ်းကို သူမ ရှာဖို့ပဲလိုသည်။

ဘုရားသခင်သည် သေနိုင်သလား

ပျင်းစရာကောင်းလှသည့် အိမ်စာကြောင့် ဖာဇီးလ် စိတ်ဆင်းရဲနေသည်။ သူ့လက်သည် စာမျက်နှာပေါ်တွင် တုံ့ဆိုင်းဆိုင်း ဖြတ်သွားလျက် ရှိ၏။ စာလုံးများများဆံ့အောင် စာလုံး သေးသေးလေးတွေ ရေးနေခြင်း ဖြစ်သည်။ လေ့ကျင့်ခန်းစာအုပ်များက ဈေးကြီးသည်ကိုး။ စာရွက်ပေါ်သို့ မီးအိမ်မှ နီကြန့်ကြန့် အလင်းရောင် ထိုးကျနေသဖြင့် မီးတောက်ထဲတွင် စာရေးနေတော့သလို သူ ထင်မှတ်သည်။

အခန်းထောင့်တွင် ထိုင်နေသော သူ့အဘွားက တဖက်တည်းသော မျက်လုံးဖြင့် သူ့အား စိုက်ကြည့်လျက်။

ဖာဇီးလ်မှာ ပင်ပန်းနေပြီ ဖြစ်သောကြောင့် သူ့လက်ရေးများ ကချော်ကချွတ် ဖြစ်နေတော့သည်။ သူ ပြီးအောင် ရေးရမည်။ မိုးလင်းချင် လင်းသွားပါစေ။ လက်ဆစ်ကလေးတွေကို ဆရာက ပေတံနှင့် ရိုက်တာ သူ မခံစားနိုင်။ ရှက်စရာကောင်းလှသည်။

ဘုရားသခင်အကြောင်းကို သူ ဆယ်ကြိမ် ရေးရမည်။ ဘုရားသခင်သည် ဖန်တီးရှင် ဖြစ်သည်။ ဘုရားသခင်သည် ထာဝရဖြစ်သည်။ ဘုရားသခင်သည် ဘုန်းတော် ကြီးမြတ်တော်မူသည်။ ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်။ ဘုရားသခင်သည် အမှန်တရား ဖြစ်သည်။ ဘုရားသခင်သည် အသက်ဇီဝ ဖြစ်သည်။ ဘုရားသခင်သည် လောကအားလုံးကို သိမြင်တော်မူသည်။ ဘုရားသခင်သည် အလုံးစုံကို ကြားတော်မူသည်။ ဘုရားသခင်သည် သဗ္ဗညုတ ဉာဏ်တော်ရှင် ဖြစ်သည်။ ဘုရားသခင်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်သည်။ ဘုရားသခင်သည်...

ဖာဇီးလ် အိမ်စာလုပ်ရခြင်းမှာ အတန်းထဲတွင် အစ္စလာမ် သင်ခန်းစာများကို မှန်အောင် မဖြေနိုင်သောကြောင့် ဖြစ်၏။

"ကျွန်တော် ဘယ်တော့မှ ကောင်းကောင်း မဖြေနိုင်ဘူး အမေ၊ ဆရာ့မျက်နှာ မြင်လိုက်တာနှင့် ရထားပြီးသား စာတွေ ပျောက်ကုန်ရော၊ ဆရာက အမြဲတမ်း စိတ်တိုနေတာ" ဟု သူ့အမေရှေ့မှာ ဖာဇီးလ် ညည်း၏။

ဦးပေါင်းထုပ်၊ ကျူးနစ် ကိုနှင့် ဘောင်းဘီ ပွပွကြီးကို ဆင်မြန်းထားသည့် မုတ်ဆိတ်ဖားဖား အစ္စလာမ်ဆရာက စူးရှသော အနက်ရောင်မျက်လုံး တောက်တောက်ကြီးများဖြင့် ဖာဇီးလ်အား စိုက်ကြည့်ပြီး "ဘုရားသခင်ဟာ သေနိုင်သလား" ဟု မေးသည်။

"မသေနိုင်ဘူး"

ဖာဇီးလ်က တုန်တုန်ယင်ယင် ဖြေသည်။

"ဘာကြောင့် မသေနိုင်တာတုံး"

ဖာဇီးလ် နှုတ်အသွားသည်။ ဘုရားသခင် ဘာကြောင့် မသေနိုင်တာလဲ။ ဓားနှင့် ထိုးလို့ မစိုက်ဘူးလား။ ကျည်ဆန်တွေက ဒဏ်ရာ မရစေနိုင်ဘူးလား။ ဖာဇီးလ်၏ဦးခေါင်းထဲမှာ အတွေးများ အပြေးအလွှား။

"မဖြေနိုင်ဘူးလား" ဟု ဆရာက မေးတော့ သူ ရှက်သွားပြီး အထစ်ထစ် အငေါ့ငေါ့ ဖြေလိုက်သော်လည်း စကားသံ ထွက်မလာခဲ့။

အခြား ကျောင်းသားတယောက်အား ဆရာက ဖြေခိုင်းသောအခါ "ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က ထာဝရမို့ပါ" ဟု မဆိုင်းမတွ ဖြေလိုက်သည်။

"မှန်တယ်၊ ဘုရားသခင်ဟာ စကား ပြောတတ်သလား" ဟု ဆရာက ဆက်မေးပြန်၏။

"ဟင့်အင်း၊ အဲ... ပြောတတ်ပါတယ်"

"ပြောတတ်တယ်ဆိုရင် ဘယ်လိုပြောတာလဲ"

ဖာဇီးလ် နှုတ်ဆွံ့အသွားပြန်၏။ ဘုရားသခင် ဘယ်လိုပြောတာလဲ။ မိုးချုန်းသံလို အသံမျိုးနှင့်လား၊ တိုးတိုး ပြောတာလား၊ လေသံနှင့် ပြောတာလား။

"ကောင်းပြီ၊ ဘုရားသခင် စကားပြောတတ်တယ်လို့ မင်းပြောတယ်၊ ဒါဆိုရင် သူ့မှာ လျှာ ရှိသလား"

ဘုရားသခင်မှာ လျှာရှိသလား။

အဖြေမှန်ကို ဖာဇီးလ် အသည်းအသန် စဉ်းစားသည်။

ဘုရားသခင်မှာ လျှာရှိသည်ဟု မထင်သော်လည်း ဖြေလိုက်ရမှာ မဝံ့ချေ။ အဖြေမှားလို့ တတန်းလုံး ဝိုင်းရယ်တာ ခံရသည်ထက် ဘာမျှ မဖြေဘဲ နေလိုက်တာက ကောင်းသေး၏။ အခြား ကျောင်းသားတယောက်ကို ဆရာက ဖြေခိုင်းလိုက်ပြန်သည်။

"ကိုရန်ကျမ်းကနေတဆင့် ဘုရားသခင် စကားပြောတာပါ၊ ကိုရန်ကျမ်းဟာ ဘုရားသခင်ရဲ့ လျှာပါ"

“မှန်တယ်၊ ဘုရားသခင်ဟာ မြင်နိုင်သလား”

“မြင်နိုင်ပါတယ်”

“ဘယ်လို မြင်တာလဲ၊ သူ့မှာ မျက်စိ ရှိသလား”

“ကျွန်တော်မှ ဘုရားသခင်ကို မမြင်ဖူးတာ၊ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ”

သူ့ကိုယ်ပေါ်သို့ ဆရာ၏ပေတံချက်များ တရစပ် ကျရောက်လာသဖြင့် ဖာဒီးလ် ငိုလေသည်။ အတန်းထဲတွင် အညံ့ဆုံးကျောင်းသားမှာ ဖာဒီးလ်ပင် ဖြစ်ပါလိမ့်မည်။ အသားနာခြင်းကို အတန်းထဲတွင် မတ်တတ်ရပ်နေရသောကြောင့် ရှက်ရခြင်းနှင့် မနှိုင်းယှဉ်သာ။ ထို့နောက် သူ့အား အိမ်စာ ပေးလိုက်ခြင်း ဖြစ်၏။

ဘုရားသခင်အကြောင်းကို ဆယ်ကြိမ် ရေးပြီးနောက် အလွတ် ကျက်ရသည်။ သူ လေသံဖြင့် တတွတ်တွတ် ရွတ်ပြီး အမေ့ထံမှာ ဆိုပြသည်။ နောက်ဆုံးတွင် သူ အလွတ်ရသွား၏။ အဘွားက သူ့မြေးကို သနားနေသည်။ သူမသည် စာ မတတ်သောကြောင့် မြေးလေး အိမ်စာလုပ်ရသည်မှာ အရွယ်နှင့် မလိုက်အောင် ခက်ခဲသည့်အလုပ်ဟု ထင်နေ၏။

အိမ်စာ၏ နောက်တပိုင်းမှာ တမန်တော်၏ဘဝအကြောင်း ဖြစ်သည်။ စာမျက်နှာ၏ ညာဘက်မှသည် ဘယ်ဘက်သို့ ဖာဒီးလ် ဖတ်သွား၏။

“တမန်တော် မိုဟာမက်သည် မြေကြီးပေါ်တွင် အမြဲတမ်း ဆောင့်ကြောင့်ထိုင်၏။ သူ့အိမ်တွင် အိမ်ထောင်ပရိဘောဂ မရှိပါ။ လူတယောက်၏ဘဝသည် အရိပ်တွင် ခိုနားပြီး ခရီးဆက်သည့် ခရီးသည်တယောက်၏ ဘဝမျိုးကဲ့သို့ ဖြစ်သင့်သည်။ အိမ်သည် ခိုနားရန် နေရာ၊ အပူ အအေးဒဏ်နှင့် တောရိုင်းတိရစ္ဆာန်တို့၏ အန္တရာယ်မှ အကာအကွယ်နှင့် အေးငြိမ်းမှုကို ထိန်းသိမ်းထားသည့် နေရာတခုထက် မပိုစေရ။

“မိုဟာမက်သည် သူ၏ ဘယ်ဘက်လက်ပေါ်တွင် လျောင်းကာ အနားယူလေ့ရှိ၏။ သူ တရား အားထုတ်သည့်အခါ မြေတွင်းထဲတွင်လည်းကောင်း၊ မြေကြီးပေါ်တွင် ထိုင်ကာ ခြေထောက်များကို ပွေ့ပိုက်ထားလျက်လည်းကောင်း ထိုင်လေ့ရှိ၏။ သူ အိပ်စက်သည့်အခါ လက်ယာနံတောင်းပေါ်တွင် အိပ်စက်တတ်ပြီး လက်ယာဘက် လက်ဖဝါးကို မျက်နှာအောက်တွင် ထားလေ့ ရှိသည်။ တခါတရံ ကျောခင်းလျက်၊ တခါတရံ ခြေတဖက်ကို အခြား ခြေတဖက်ပေါ်သို့ ကန့်လန့်ဖြတ် တင်လျက် အိပ်စက်သည်။ ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းကို ဖုံးအုပ်ထားသည့် အကျင့်ရှိ၏။ သူသည် မှောက်လျက် လဲလျောင်းခြင်းကို မနှစ်မြို့။ အခြားသူများကိုလည်း ဤသို့ မပြုရန် တားမြစ်၏။ မှောင်နေသော

အခန်းထဲတွင်လည်းကောင်း၊ အိမ်ခေါင်မိုးထက်တွင်လည်းကောင်း အိပ်စက်ခြင်းကို သဘောမကျ။ အိပ်ရာမဝင်မီ အမြဲတမ်း ကိုယ်လက် သန့်စင်ပြီး အိပ်မပျော်မီ ဘုရားစာ ရွတ်နေလေ့ ရှိ၏။ အိပ်ပျော်နေစဉ် ဖြည်းဖြည်းသာသာ ဟောက်တတ်၏။ ညဘက်တွင် ဆီးထသွားပြီးနောက် လက်များနှင့် မျက်နှာကို ဆေးကြောသန့်စင်လေ့ ရှိသည်။ အိပ်ရာထဲတွင် လန်ကွတ်တီ ဝတ်သော်လည်း အင်္ကျီကိုမူ ချွတ်ထားလေ့ ရှိ၏။ ထိုခေတ်က အိမ်များတွင် အိမ်သာ မရှိသောကြောင့် လူသူလေးပါး မမြင်အောင် မြို့မှ မိုင်ပေါင်းများစွာ ဝေးသည့်နေရာသို့သွားပြီး ဆီးရည်များ မလွင့်စဉ်စေရန် မြေသားပျော့ပျော့ကို ရွေးချယ်ကောင်း ရွေးချယ်ခဲ့ရပေလိမ့်မည်။ ကျောက်တုံး သို့မဟုတ် ကုန်းကမူ၏ နောက်ကွယ်တွင် လူမမြင်အောင် သူ ဆောင်ရွက်၏။ ရေချိုးသည့်အခါ စောင်ကာ၍လည်းကောင်း၊ မိုးရေထဲတွင် လန်ကွတ်တီ ဝတ်၍လည်းကောင်း ချိုး၏။ နှပ်ညှစ်တိုင်းတွင် အဝတ်စုတ်ကို အသုံးပြု၏။”

ဖာဒီးလ်သည် ဆက်လက်၍ တမန်တော်၏ စားသောက်ပုံ အကျင့်များအကြောင်းကို အသံထွက်၍ ဖတ်သည်။ တမန်တော်သည် စွန်ပလွံသီးကို ကြိုက်၏။ နွားနို့ သို့မဟုတ် ထောပတ်နှင့် သမထားသော စွန်ပလွံသီးကို ပိုကြိုက်၏။ တိရစ္ဆာန်တကောင်၏ လည်ကုပ်သားနှင့် နံစောင်သားကို ကြိုက်သော်လည်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကို မစားသည်မှာ အနံ့ပြင်းသောကြောင့် ဖြစ်သည်။ အစာကို ကိုင်မစားမီ ဖိနပ်ချွတ်၍ လက်များကို ဆေးကြောသည်။ အစာ စားသည့်အခါ လက်ယာဘက်လက်ကို အသုံးပြုပြီး ပန်းကန်ထဲရှိ မိမိထိုင်သည့်ဘက်မှ အစာကိုသာ စားသည်။ ပန်းကန် အလယ်သို့ မည်သည့်အခါမျှ လက်မရောက်ပေ။ စားသောက်သည့်အခါ ဇွန်း ခက်ရင်းနှင့် ဓားတို့ကို အသုံးမပြုဘဲ လက်ချောင်းသုံးချောင်းကိုသာ အသုံးပြု၏။ ခံတွင်းထဲသို့ ထမင်းတလုတ် သွင်းတိုင်း ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၏။

ဖာဒီးလ် စာအုပ် ပိတ်လိုက်သည်။

“သွားအိပ်တော့ ဖာဒီးလ်”

သူတို့ ထမင်းစားသည့်အခန်းထဲမှာ ဖာဒီးလ်အတွက် မာရီယမ် အိပ်ရာ ပြင်ထားပြီးပြီ။ ကလေးသုံးယောက်က အိပ်မောကျနေကြပြီ။ ဖာဒီးလ်မှာ မအိပ်နိုင်သေး။ အာရဗီလို ဘုရားစာရွတ်ဖို့ သင်ယူရဦးမည်။ ကိုရန်ကျမ်းထဲမှ နားမလည်နိုင်သည့် စကားလုံးများကို သေချာစွာ လေ့လာရင်း သူ့ကော်ဇောပေါ်မှာ ပစ်လှဲချလိုက်၏။ နောက်တနေ့ နံနက် ခုနစ်နာရီအရောက် ကျောင်းသွားရမည်။ သူ ကျောချမ်းသွား၏။ ပထမသင်ခန်းစာက အစ္စလာမ်၊ မောပန်း နွမ်းလျစွာ အိပ်ပျော်သွားပြီးနောက် ဆရာမေးသည့် မေးခွန်းများအား တခုမျှ မှန်အောင် မဖြေနိုင်သည့် သူ့အဖြစ်ကို အိပ်မက်များပင် မက်လို့။

ရွာကလေး၏ အထက်တွင် လေးလံသော တိမ်တောင် တိမ်လိပ်များ ဆိုင်းဖွဲ့လျက်။ ဖာဇီးလ် အိပ်ပျော်သွားပြီးနောက် မိုးရွာချ၏။ အခန်းထဲသို့ လေအေးစီးကြောင်း ဝင်လာသည်။ သူ့အဘွား နိုးသွားပြီး ကိုယ်ကို တဖက်သို့ လူးလိမ့်လိုက်ကာ ဆက်လက် အိပ်ပျော်သွားသည်။ သူမအနားတွင် ရှိသည့် မြေးလေးယောက်တို့ထံမှ အသက်ရှူသံ မှန်မှန် ပေါ်ထွက်နေ၏။

နောက်တနေ့ နံနက် ၅:၃၀ နာရီ ဖာဇီးလ် နိုးချိန်တွင် မိုးတိတ်လျက်ရှိပြီး ကဘူးလ်မြို့ ဝန်းကျင်ရှိ တောင်ကုန်းများပေါ်သို့ နေ၏ ဖွေဖွေဆော်ဦး ရောင်ခြည်များ ဖြာကျနေလေသည်။ ဖာဇီးလ် ကျောင်းသွားရန် ပြင်ဆင်ရင်း သူ့အတွေးထဲမှာ အစ္စလာမ် သင်ခန်းစာကသာ ကြီးစိုးနေတော့သည်။

မာရီယမ်က အကြီးဆုံးသား ဖာဇီးလ်ကို အလိုလိုက်ထား၏။ သူ့အတွက် သူမမှာ မျှော်လင့်ချက်ကြီးများနှင့်ပါ။ လွန်ခဲ့သော ဆယ့်တစ်နှစ်က ကျေနပ်အားရခဲ့ရပုံကို သူမ သတိရသေး၏။ သူမနှင့် ကာရီမူလာ၏ အိမ်ထောင်ရေးက ပျော်စရာ ကောင်းသော်လည်း အိမ်ထောင်သက် မရှည်ကြာခဲ့။ သူ့အဖေ ကွယ်လွန်ချိန်မှာ ဖာဇီးလ်က သုံးနှစ်သား။ ဘဝတော့ ဆုံးပါပြီဟု မာရီယမ် မှတ်လိုက်၏။

မျက်စိတဖက်လပ် ယောက္ခမနှင့် အမေ ဘီဘီဂူးလ်တို့က ကာရီမူလာ့ညီ ဟာဇင်နှင့် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကြသော်လည်း ဟာဇင်သည် ကာရီမူလာ့လို အကင်းပါးသူ၊ ကြံ့ခိုင် သန်မာသူ မဟုတ်ချေ။ ကာရီမူလာ၏ဆိုင်ကို ပြည်တွင်းစစ်က ဖျက်ဆီးပစ်လိုက်သဖြင့် အကောက်ခွန် အရာရှိ ဟာဇင်၏လစာဖြင့်သာ မြိုးမြိုးမြက်မြက် နေထိုင်လာခဲ့ရ၏။

သို့သော် ဖာဇီးလ်သည် ပညာတတ်ကြီးတယောက် ဖြစ်လာဖို့ကိုတော့ မာရီယမ် မျှော်လင့်ထားသည်။ ကနဦးတုန်းက ဖာဇီးလ်ကို စူလတန့်ဆိုင်မှာ အလုပ်လုပ်ခိုင်းဖို့ သူမ စဉ်းစားခဲ့၏။ စာအုပ်ဆိုင်သည် ကြံ့ရည်ဖန်ရည် ရှိသော အသိုင်းအဝိုင်းတခု ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု ထင်ခဲ့သည်။

ဖာဇီးလ်၏ စားရေးသောက်ရေးကို စူလတန်က တာဝန်ယူသဖြင့် အိမ်မှာ ကောင်းကောင်း စားခဲ့ရ၏။ ဖာဇီးလ်အား စူလတန် မောင်းထုတ်လိုက်သည့်နေ့က မာရီယမ် တနေ့လုံး ငိုမဆုံးတော့။

ထို့နောက် မောင်ဖြစ်သူ ယူနုစ်က ကဘူးလ်မြို့ရှိ အကောင်းဆုံး ကျောင်းများအနက် တကျောင်းဖြစ်သည့် အက်စ်တက်လားလ်ကျောင်းတွင် ဖာဇီးလ် တက်နိုင်အောင် ကြိုးစားပေးမည်ဟု ဆိုသည်။ ဖာဇီးလ် ကံကောင်းပါသည်။ လေးတန်းမှ စတက်ရ၏။

အတန်းထဲသို့ ဖာဇီးလ် အရင်ဆုံး ရောက်ပြီး သူ့နေရာမှာ ထိုင်လိုက်သည်။ ထို့နောက် ကောင်လေးတွေ တယောက်ပြီး တယောက် ဝင်လာသည်။ အများစုမှာ ပိန်ညှော်ညှော်နှင့် ကပေကရေ ဝတ်စားထားကြသူများ။ တချို့က အစ်ကိုများ အကျကို ဝတ်လာလေသလား မသိ။ အင်္ကျီက သူတို့ထက် အပုံကြီး ကြီးနေ၏။ စတိုင်အမျိုးမျိုးကို မြင်ရသည်မှာ ပြုံးမိချင်စရာပင် ကောင်းသေးတော့။

တချို့က ယောက်ျားကြီးများနှင့် သူငယ်လေးများအတွက် တာလီဘန် ပြဋ္ဌာန်းထားသည့် ဝတ်စုံများကိုပင် ဝတ်ဆင်နေကြဆဲ။ သူငယ်ကလေးများ အရွယ်ကြီးလာသဖြင့် ဘောင်းဘီရှည် ခြေထောက်များကို ပိတ်စဖြင့် ဆက်ချုပ်ထားကြသည်။ တာလီဘန် အာဏာမရမီက အစ်ကိုကြီးများ ဝတ်ခဲ့ကြသည့် ဘောင်းဘီနှင့် ဂျာစီအင်္ကျီများကို ဝတ်ဆင်လာသူတွေလည်း ပါ၏။ သူငယ် တယောက် ဂျင်းဘောင်းဘီ ဝတ်လာပုံမှာ ခါးကို တင်းနေအောင် ချည်နှောင်ထားသဖြင့် ပူဖောင်းနှင့် တူနေလေသည်။ ခေါင်းလောင်းဘောင်းဘီ ဝတ်လာသူတွေလည်း ရှိသည်။ သူငယ်တယောက်က အတွင်းခံ ဘောင်းဘီကို တိုနံ့နံ့ ဂျာစီ အင်္ကျီဖုံးအောင် ဆွဲတင်ထား၏။ ဘောင်းဘီ ခွဆုံအထက် လျှာဆက်ကို ကြယ်သီးတပ်ဖို့ မေ့နေသူတွေလည်း အများအပြား။

ကလေးဘဝကတည်းက ကျူးနစ် အင်္ကျီရှည် ဝတ်လာခဲ့ကြသူများ ဖြစ်သည်နှင့်အညီ မိမိနှင့် အကျွမ်းမဝင်သည့် အဝတ်အစားကို ဝတ်ဆင်ရသည့်အခါ အလွယ်တကူပင် မေ့နိုင်ပါသည်။

ရှုရှား မိဘမဲ့ဂေဟာများတွင် ဝတ်သလို ဟောင်းနွမ်း စုတ်ပြတ်နေသည့် ချည်ထည် အင်္ကျီများကို ဝတ်ဆင်လာကြသူတွေလည်း ပါ၏။ သူတို့၏မျက်နှာများတွင် ရုရှား မိဘမဲ့ ကလေးများလို ဆာလောင် မွတ်သိပ်နေဟန်နှင့် ခပ်ရိုင်းရိုင်းပုံစံများ ပေါ်လွင်နေသည်။ သူငယ် တယောက်ကတော့ နွမ်းရိပါးလိုက်နေပြီဖြစ်သည့် အင်္ကျီကို တံတောင်ဆစ် အထက်ရောက်အောင် လက်ခေါက် ဝတ်ထားသည်။

သူငယ်များ ဆော့ကစားကြ၊ အော်ဟစ်ကြ၊ တယောက်နှင့် တယောက် ပစ်ပေါက်ကြ။ စာသင် ခုံများကို ဟိုဆွဲ သည်ဆွဲ လုပ်သဖြင့် နားကလောဖွယ် အသံများ ထွက်နေ၏။ ခေါင်းလောင်းထိုး၍ အတန်းထဲသို့ ဆရာ ဝင်လာချိန်တွင် သူငယ် ငါးဆယ်လုံး မိမိတို့၏ ထိုင်ခုံများတွင် အသီးသီး ရောက်နေကြတော့ပြီ။

ထိုင်ခုံမှာ စားပွဲနှင့် တွဲလျက် နှစ်ယောက် ထိုင်ခုံများ ဖြစ်သော်လည်း တခါတရံ သုံးယောက် ထိုင်ရသည့်အခါလည်း ရှိ၏။

ဆရာ ဝင်လာသည့်အခါ သူငယ်အားလုံး လျှပ်ပြက်သလို တညီတည်း

ထရပ်ပြီး နှုတ်ဆက်ကြသည်။

"ဆလံမာလေးကွန်း" (ဘုရားသခင်၏ ငြိမ်းချမ်းမှုသည် သင်နှင့်အတူ ရှိပါစေ။)

ဆရာက သူငယ်များ စာအုပ် ပါ မပါ၊ အိမ်စာ ပြီး မပြီး လိုက်ကြည့်သည်။ ခြေသည်း လက်သည်း၊ အဝတ်အစား၊ ဖိနပ်တို့ကို စစ်ဆေးသည်။ လုံးဝဥဿုံ မသန့်ရှင်းလျှင်သော်မှ မညစ်ပတ်ဖို့တော့ လို၏။ ညစ်ပတ်လျှင် ကျောင်းထုတ်ခံရမည်။

"ကိုင်း ဟာရမ်ကို ဆက်သင်ကြရအောင်"

ဆရာက အသံကျယ်ကျယ်ဖြင့် ပြောပြီး ကျောက်သင်ပုန်းကြီးပေါ်တွင် တွေ့နေ မြင်နေကျ မဟုတ်သည့် စာလုံးကို ရေးလိုက်သည်။

"အဲဒါ ဘာအဓိပ္ပာယ်လဲဟေ့"

သူငယ်တယောက် လက်ညှိုးထောင်သည်။

"မကောင်းသော အပြုအမူဟာ ဟာရမ် ဖြစ်ပါတယ်"

သူ့အဖြေ မှန်သည်။

"မွတ်စလင်နှင့် မတူတဲ့ မကောင်းသော အပြုအမူဟာ ဟာရမ် ဖြစ်တယ်၊ ဥပမာ ပြောရရင် အကြောင်းမရှိဘဲ တစုံတယောက်ကို သတ်တာ၊ အကြောင်းမရှိဘဲ တစုံတယောက်ကို အပြစ် ပေးတာ၊ အရက်သောက်တာ၊ မူးယစ်ဆေးဝါး သုံးစွဲတာ ဟာရမ်ပဲ၊ ဝက်သားစားတာ ဟာရမ်ပဲ"

ဆရာသည် တတန်းလုံးကို လွှမ်းခြုံကြည့်လိုက်ပြီးနောက် ဟာရမ်၊ ဟာလာလ်၊ မူဘာ ဟူသည့် အကွက်သုံးကွက်ပါ ဇယားတခုကို ကျောက်သင်ပုန်းကြီးပေါ်တွင် ရေးဆွဲလိုက်၏။ မကောင်းတာဟူသမျှ ဟာရမ် တားမြစ်ထားသည်။ ကောင်းတာဟူသမျှ ဟာလာလ် ခွင့်ပြုထားသည်။ ဒွိဟဖြစ်တာ ဟူသမျှ မူဘာ။

"မူဘာဆိုတာ မကောင်းပေမဲ့ အပြစ်တော့ မရောက်ဘူး၊ ဥပမာ ပြောရရင် အစာငတ်ပြီး မသေအောင် ဝက်သားစားရတာမျိုး၊ အသက်ရှင်သန်ဖို့အတွက် အမဲလိုက်ရတာ သတ်ဖြတ်ရတာမျိုးပေါ့"

သူငယ်များက စာအုပ်ထဲတွင် ရေးမှတ်ကြသည်။

"ဟာရမ်ကို ကောင်းတဲ့အရာလို့ ယူဆသူဟာ ဘာဖြစ်မလဲ” ဟု ဆရာ မေးသည်ကို မည်သူမျှ မဖြေကြ။

“မိစ္ဆာဒိဋ္ဌိပေါ့ကွ”

ဆရာက သူ့ဘာသာ ဖြေပြသည်။

“ဒါဖြင့် ဟာရမ်ဟာ ကောင်းသလား၊ မကောင်းဘူးလား”

သူငယ် အားလုံးနီးပါး လက်ညှိုးထောင်ကြသည်။ မှားယွင်းသောအဖြေကို ပေးမိမည်စိုး၍ လန့်နေသော ဖာဇီးလ်သည် သူ့ကို ဆရာ မမြင်အောင် ခပ်လျှိုလျှို ထိုင်နေ၏။

ဆရာ လက်ညှိုးလှမ်းထိုးလိုက်သော သူငယ်က မတ်တတ်ရပ်ပြီး ဖြေသည်။

“မကောင်းပါဘူး”

ဤ အဖြေသည် ဖာဇီးလ် ဖြေချင်သည့်အဖြေပါ။ မိစ္ဆာဒိဋ္ဌိ ဆိုတာ မကောင်းပါ။

ငြီးငွေ့စရာ အခန်း

စူလတန့်သား အထွေးဆုံး အသက်ဆယ့်နှစ်နှစ်ရှိ အိမဲလ်က တနေ့လျှင် ဆယ့်နှစ်နာရီ အလုပ်လုပ်သည်။ နေ့တိုင်း။ တပတ်မှာ ခုနစ်ရက်။ အရုဏ်ပျိုးချိန်တွင် သူ အိပ်ရာမှ နိုးသော်လည်း လိုင်လာကသော်လည်းကောင်း၊ သူ့အဖေကသော်လည်းကောင်း အတင်းအကျပ် မနှိုးမချင်း မထဘဲ အိပ်ရာထဲတွင် ခွေခေါက်နေလေ့ ရှိသည်။

နံနက် ရှစ်နာရီဆိုလျှင် ကဘူးလ်မြို့ရှိ ဟိုတယ်တလုံးမှ မျက်နှာစာခန်းမထဲ၌ အခန်းလေး တခန်း၏တံခါးကို အိမဲလ် ဖွင့်ပြီး ထိုအခန်းလေးတွင် အိမဲလ်သည် ချောကလက်၊ ဘီစကွတ်၊ အချိုရည်နှင့် ကပ်စေးနဲ့များကို ရောင်း၏။

သူ့ဆိုင်ခန်းကို အိမဲလ်က 'ငြီးငွေ့စရာအခန်း' ဟု ခေါ်သည်။ ဆိုင်ခန်းတံခါး ဖွင့်လိုက်တိုင်း စိတ်ဓာတ်ကျရသည်။ အပြင်ဘက်တွင် အမှောင်ကြီးစိုးနေပြီဖြစ်သည့် ညရှစ်နာရီတွင် သူ့အား ကားဖြင့် မခေါ်မချင်း ဆိုင်ခန်းထဲမှာ သူထိုင်နေရမည်။

ပြီးတော့ အိမ်သို့ တန်းပြန်၊ ညစာ စား၊ အိပ်ရာဝင်။

ဆိုင်ခန်းတံခါး အပြင်ဘက် ကပ်လျက်တွင် စည်ပိုင်းပြတ် သုံးခု။ မျက်နှာကြက်မှ ယိုကျသည့် ရေများကို ဟိုတယ်ဒေ့ကြိုက စည်ပိုင်းပြတ်များထဲသို့ အသည်းအသန် ခပ်ထည့်ရ၏။ စည်ပေါင်း မည်မျှပင် သွန်ပစ်ပြီးစေကာမူ အိမဲလ် ဆိုင်အပြင်ဘက်တွင် ရေများ အိုင်ထွန်းလျက် ရှိမြဲဖြစ်ပြီး လူများက ရေအိုင်များကိုရှော အိမဲလ်၏ဆိုင်ကိုပါ ကွင်းရှောင်သွားကြ၏။

ခန်းမထဲတွင် ရံဖန်ရံခါ မှောင်နှင့်မည်းမည်း ဖြစ်နေတတ်သည်။ နေ့ဘက်တွင် ခန်းဆီးများကို ဆွဲဖွင့်ထားသော်လည်း မှောင်နေသော ထောင့်များထဲသို့ အလင်းရောင် ဖောက်ထွင်း မဝင်နိုင်။ လျှပ်စစ်မီးလာသည့် ညနေများတွင် မီးလုံးများ လင်းပြီး မီးမလာသည့်နေ့များတွင် ရေနံဆီ မီးအိမ်ကြီးများကို ဒေ့ကြိုကောင်တာပေါ်မှာ ထွန်းထားရသည်။

၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဤဟိုတယ်ကို ဆောက်စဉ်က ကဘူးလ်မြို့တွင် ခေတ်အမီဆုံး ဟိုတယ်ဖြစ်၏။ ဟိုတယ်ခန်းမထဲတွင် ခံ့ညားထည်ဝါသည့် ဝတ်စုံများ ဝတ်ထားကြသည့် အမျိုးသားများနှင့် စကတ်တို၊ ခေတ်မီ ဆံပင်ပုံစံတို့ ဆင်ယင်ထားကြသည့် အမျိုးသမီးများ ပျားပန်းခတ်နေခဲ့ကြသည်။ အရက်ရသည်။ တေးဂီတရှိသည်။

ဘုရင်မင်းမြတ်သည်ပင် အစည်းအဝေး တက်ရန်နှင့် ညစာစားရန် ဤဟိုတယ်သို့ ရောက်လာခဲ့ဖူးသည်။

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များက အစွန်းမရောက်ဆုံး အစိုးရများ၏ ထူးခြားသော စရိုက် လက္ခဏာများကို ထင်ဟပ်ပြခဲ့၏။ ပထမဆုံး ဇဟီရှား အစိုးရ၊ ထို့နောက် ဇဟီရှား၏ ဝမ်းကွဲ ညီအစ်ကိုတော် ဒါအွတ်ဒ် အစိုးရ။

ဒါအွတ်ဒ်မှာ နိုင်ငံရေး လွတ်လပ်မှုကို ဖြတ်တောက်ပစ်သူ။ အကျဉ်းထောင်များကို နိုင်ငံရေး အကျဉ်းသားတို့ဖြင့် ပြည့်နှက်စေသော်လည်း အပေါ်ယံကြောအားဖြင့် ပါတီတက်ခြင်းနှင့် အနောက် ယဉ်ကျေးမှုကို ခွင့်ပြုထားသူ ဖြစ်သည်။ ဟိုတယ်တွင် ယမကာဆိုင်များနှင့် နိုက်ကလပ်များလည်း ရှိ၏။ တိုင်းပြည် အခြေအနေ လျှောကျသွားချိန်တွင် ဟိုတယ်လည်း ဘာသားနှင့် ထုထားလို့တုံး။ ပြည်တွင်းစစ်ကာလအတွင်းမှာ ဟိုတယ် လုံးဝ ပျက်စီးသွား၏။ မြို့ဘက်သို့ မျက်နှာမူနေသည့် အခန်းများတွင် ကျည်ဆန်ရာ ဆန်ခါပေါက်များ ရှိသည်။ လသာဆောင်များပေါ်သို့ လက်ပစ်ဗုံးများ ကျသည်။ ဒုံးကျည်များက ခေါင်မိုးကို ဆုတ်ဖြဲသွားခဲ့၏။

ပြည်တွင်းစစ်အပြီး တာလီဘန် အာဏာရချိန်တွင် ပြုပြင် တည်ဆောက်ရေးလုပ်ငန်း ကြန့်ကြာခဲ့သည်။ ဧည့်သည် အလာနည်းသွားသဖြင့် ပျက်စီးနေသည့်အခန်းများကို ပြုပြင်ဖို့ မလိုတော့။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြသည့် ဘာသာရေးဆရာများကလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအပေါ် စိတ်ဝင်စားမှု မရှိကြ။ သူတို့၏ဆန္ဒမှာ တိုင်းပြည်ထဲသို့ ဝင်ရောက်လာကြမည့် နိုင်ငံခြားသားများ အရေအတွက် နည်းနိုင်သမျှ နည်းဖို့ဖြစ်သည်။ အမိုး ပြိုကျနေသည်။ စကြံလမ်း များက မတည်တံ့သော အောက်ခံဘောင်ပေါ်တွင် တွန့်လိမ် ကွေးကောက်လျက်။

ယခု အစိုးရ နောက်တဖွဲ့က အပေါက်အပြဲများ ဖာထေးရန်နှင့် ကွဲပျက်နေသော ပြတင်းမှန်များကို အစားထိုးရန် စတင်ဆောင်ရွက်နေပါပြီ။ ပြင်ဆင်ရေးလုပ်ငန်းကို အိမ်မဲလ် ရုံဖန်ရုံခါ သွားကြည့်သည်။ ဟိုတယ် မျက်နှာစာခန်းမသည် သူ့ကစားကွင်းပါ။ သို့သော် ခြုံငုံပြောရလျှင်တော့ သူသည် ဤဟိုတယ်တွင် လုံးဝ ငြီးငွေ့နေ၏။

ဆိုင်ပြတင်းများမှာ ဖုန်အလိမ်းလိမ်းနှင့်။ တချို့ကို ခန်းဆီးများ၊ ကတ်ထူပြားများဖြင့် ပိတ်ဆီးထားသည်။ ကွဲအက်နေသော ပြတင်းမှန်တချပ်ပေါ်တွင် ‘အရီယာနာ လေကြောင်း’ ဟူသော စာတန်းကို ရေးထားသည်။

အရီယာနာ လေကြောင်းလိုင်းသည် တခါတုန်းက အာဂဖန်နစ္စတန်၏ အမျိုးသား လေကြောင်းလိုင်းဖြစ်ပြီး လေယာဉ်များစွာကို ပိုင်ဆိုင်ခဲ့ဖူး၏။ ခရီးသည်များကို ပြုစုမည့် အဆင့်မြင့် လေယာဉ်မယ်များလည်း ရှိသည်။ ဝီစကီ၊ ဘရန်ဒီတို့ကို ခရီးသည်များ သောက်သုံးနိုင်ကြသည်။ သို့သော် ပြည်တွင်းစစ်ကာလအတွင်း လေယာဉ်များစွာ ပျက်စီးခဲ့ရပြီး တဖန် ကြွင်းကျန်သော လေယာဉ်များမှာလည်း အိုစမာဘင်လာဒင်နှင့် မူလာအိုမာတို့အား အမေရိကန်တို့ ပိုက်စိပ်တိုက် ရှာဖွေစဉ် ဗုံးကြဲချသောကြောင့် ပျက်စီးရပြန်၏။

စက်တင်ဘာလ ၁၁ ရက်နေ့က နယူးဒေလီ လေဆိပ်တွင် ရပ်ထားသည့် လေယာဉ် တစင်းသာ ဗုံးဒဏ်မှ လွတ်မြောက်ခဲ့သည်။ ယင်းသည် အရီယာနာကို ပြန်လည် အသက်သွင်းမည့် လေယာဉ်ပါ။ ယခုတိုင် ကဘူးလ်-နယူးဒေလီ ခရီးစဉ်ကို ပျံသန်းနေဆဲ။ သို့သော် ဟိုတယ်ရှိ အရီယာနာလေကြောင်းလိုင်း ရုံးခန်းကို ပြန်ဖွင့်ရန် လေယာဉ်တစင်းတည်းဖြင့် မလုံလောက်ချေ။

ခန်းမ၏ အစွန်းတဖက်တွင် စားသောက်ဆိုင် ရှိသည်။ အဆိုပါ စားသောက်ဆိုင်မှ အစားအစာသည် ကဘူးလ်မြို့တွင် အညံ့ဆုံး ဖြစ်သော်လည်း စားပွဲထိုးများကား ကဘူးလ်မြို့၏ အတော်ဆုံး စားပွဲထိုးများပါ။ အရသာ မရှိသော ထမင်း၊ ဆီပျား မပါသော ကြက်သားဟင်းနှင့် မုန်လာဥ ရေလုံပြုတ်တို့ကို စားပွဲထိုးများဖြင့် ထေယူရတော့မလို ရှိသည်။

ခန်းမအလယ်တွင် နှစ်ကိုက်ပတ်လည်ခန့် ကျယ်သည့်နေရာကို သစ်သားဝင်း နိမ့်နိမ့် ခတ်ထား၏။ ယင်းသည် ခန်းမ၏ကြမ်းပြင်နှင့် အတွင်းဘက်ရှိ အစိမ်းရောင် ကော်ဇောကို ပိုင်းခြားထားသည်။ ဧည့်သည်များ၊ ဝန်ကြီးများ၊ အစောင့်များနှင့် စားပွဲထိုးများကို ကော်ဇောစိမ်း ပေါ်တွင် ဘေးချင်းယှဉ်လျက် အဆက်မပြတ် တွေ့နေရသည်။ ဝတ်ပြုရာတွင် အားလုံး တန်းတူရည်တူ။

မြေအောက်ခန်းထဲတွင် ပိုမို ကြီးမားသော ဝတ်ပြုခန်း ရှိသော်လည်း သိပ်ပြီး အသုံးမပြုကြ။

ခန်းမအတွင်းရှိ ခနော်နီ ခနော်နဲ့ စားပွဲတလုံးပေါ်မှ တီဗီက ဆူဆူညံညံ အသံများကို တနေကုန် ထုတ်လွှင့်နေသည်။ အိမဲလ်၏ ချောကလက်ဆိုင် အပြင်ဘက်ကလေးတွင် ဖြစ်သော်လည်း အိမဲလ် ကြည့်ဖြစ်ခဲ့သည်။ တခုတည်းသာရှိသည့် အာဖဂန်တီဗီမှာ စိတ်ဝင်စားစရာ မကောင်းချေ။ ဘာသာရေး အစီအစဉ်များ၊ ရှည်လျားလှသည့် ဆွေးနွေးပွဲများ၊ သတင်း ကြေညာချက် အနည်းငယ်နှင့် လူခြေတိတ်ချိန် အာဖဂန်ရှုခင်းကို နောက်ခံပြုထားသည့် ရိုးရာ ဂီတများကိုသာ ထုတ်လွှင့်သည်။

အမျိုးသမီး သတင်းထုတ်လွှင့်သူများ ရှိသော်လည်း အမျိုးသမီး အဆိုတော်သော် လည်းကောင်း၊ ကချေသည်သော် လည်းကောင်း မရှိချေ။ တခါတရံ ပိုလန်နှင့် ချက် ကာတွန်းများ ပြ၍ အိမဲလ် သွားရောက်ကြည့်ရှုပါသော်လည်း ကြည့်ပြီးသားတွေသာ ဖြစ်နေတတ်၏။

ဟိုတယ် အပြင်ဘက်တွင် တချိန်က ဂုဏ်ယူစရာ ဖြစ်ခဲ့သည့် ရေကူးကန်တခု တည်ရှိသည်။ ယင်းကို သာယာသော နွေတနေ့တွင် ဗုံမောင်းသံ တညံညံ၊ အလံတလူလူဖြင့် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ နွေရာသီတလျှောက်လုံး ကဘူးလ် မြို့သူမြို့သားများ (ယုတ်စွအဆုံး အမျိုးသားများ) ဖြင့် စည်ကားခဲ့သည့်နေရာ ဖြစ်၏။

ရေကူးကန်သည် ဝမ်းနည်းစရာ နိဂုံးနှင့် ကြုံတွေ့ခဲ့ရသည်။ ရေတွေ စိုညစ်ညစ် ဖြစ်လာသည်။ ရေစစ်သည့်စနစ်ကို တပ်ဆင်ရန် မည်သူမျှ စိတ်ကူးမရကြ။ ညစ်ပတ်လွန်းမက ညစ်ပတ်လာသည့်အချိန်တွင် ရေကူးကန်ကို ပိတ်ပစ်လိုက်ရ၏။ လူတချို့က ရေကူးရာမှ ယားနာများ ပေါက်လာသည်ဟု ဆိုကြသည်။ ရောဂါရပြီး သေဆုံးသူများ ရှိသည်ဟုပင် ကောလာဟလ ဖြစ်သည်။ ရေကူးကန်သည် ကောသွားပြီး မည်သည့်အခါမျှ အသုံးမပြုကြတော့။

ယနေ့ အခြေအနေမှာ ရေကူးကန်၏ အပြာနုရောင် အောက်ခြေတွင် ဖုန်မှုန့်တို့ဖြင့် ထူထပ်လျက်။ ခြံစည်းရိုးတလျှောက်တွင် ရွတ်တွနေသော ချုံနွယ် ပိတ်ပေါင်းများက မျက်စိ စပါးမွေးစူးစရာ။ ရေကူးကန်၏ဘေးတွင် တင်းနစ်ကစားကွင်း ရှိသည်။ ယခု ကစားမည့်သူ မရှိတော့။ ဟိုတယ်၏ တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲတွင် တင်းနစ် လေ့ကျင့်ပေးသူ၏ ဖုန်းနံပါတ် ရှိနေဆဲ။

သို့သော် သူ ကံကောင်းသည်။ နောက် အလုပ်တခု သူ ရသွားသည်။

ကဘူးလ်မြို့မှ တာလီဘန်ထွက်ပြေးပြီးနောက်တွင် ဟိုတယ်စင်္ကြံများ၌ သတင်းစာဆရာများ ခြေချင်းလိမ်လာကြသည်။ သူတို့သည် မြောက်ပိုင်း မဟာမိတ်အဖွဲ့မှ စစ်သားများနှင့်အတူ ဟိုတယ်တွင် လချီနေထိုင်ရင်း အိမဲလ်၏ဆိုင်မှ ပါကစ္စတန် မှောင်ခို စားသောက်ကုန်များကို ဝယ်ယူကြ၏။ သောက်ရေသန့် တပုလင်းကို ငါးဒေါ်လာ၊ ဒိန်ခဲတဘူးကို ၁၄ ဒေါ်လာနှင့် သံလွင်သီး တပုလင်းကို ဒေါ်လာ အမြောက်အမြားဖြင့် ဝယ်ယူကြသည်။

သတင်းစာဆရာများက ဈေးနှုန်းကြီးသည်ကို အမှုထားကြသည် မဟုတ်ချေ။ သူတို့ ကဘူးလ်ကို အောင်နိုင်လိုက်ကြပြီ။ တာလီဘန်ကို မောင်းထုတ်လိုက်ကြပြီ။ ပြောက်ကျား စစ်သားများလို သူတို့ ညစ်ပတ်ပေရေကာ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ဖြစ်နေကြပြီ။ အမျိုးသမီးများက ယောကျ်ားတွေလို

ဝတ်ပြီး ညစ်ပတ်နေသည့် ဘွတ်ဖိနပ်များကို စီးထားကြ၏။ အမျိုးသမီး အများစုမှာ အဝါရောင်ဆံပင်နှင့် ပန်းနုရောင်ဖျော့ဖျော့ အသားအရေ ရှိကြသည်။

တခါတရံ အိမဲလ်သည် ဟိုတယ်ခေါင်မိုးပေါ်သို့ တက်၍ ကင်မရာများရှေ့ရှိ မိုက္ကရိုဖုန်းကြီးများထဲသို့ စကားပြောနေကြသည့် သတင်းထောက်များဆီသို့ သွားကြည့်တတ်သည်။ သူတို့သည် ပြောက်ကျားစစ်သားများနှင့် မတူကြတော့။ သန့်ရှင်းသပ်ရပ်ကာ ဆံပင်များကို ဖြီးသင်ထားကြလျက်။

ခန်းမထဲတွင် အိမဲလ်နှင့် နောက်ပြောင်ပြောဆိုသူတွေ ရှိသည်။ ပါကစ္စတန်တွင် ဒုက္ခသည် အဖြစ် နေထိုင်ခဲ့ရစဉ်က သူ အင်္ဂလိပ်လို မတောက်တခေါက် တတ်ခဲ့၏။

အိမဲလ်ကို ဘာ့ကြောင့် ကျောင်းမတက်သလဲဟု မေးသူမရှိချေ။ ကျောင်းတွေက ဖွင့်မှ မဖွင့်ဘဲ။ သူက ဒေါ်လာတွေကို ရေတွက်သည်။ ဂဏန်းတွက်စက်ကို အသုံးပြုသည်။ စီးပွားရေး လုပ်ငန်းရှင်ကြီးတယောက် ဖြစ်လာဖို့ စိတ်ကူးယဉ် အိပ်မက်မက်သည်။ အဲသည်တုန်းက သူနှင့် အတူ ဖာဇီးလ် ရှိနေပြီး သူတို့နှစ်ယောက် ငွေတွေကို သဲ့ယူနေကြစဉ် ဟိုတယ်ထဲသို့ ကျူးကျော် ဝင်ရောက်လာသည့် အံ့မခန်း ထူးခြားသော ကမ္ဘာကြီးကို မျက်လုံး အပြူးသားဖြင့် ကြည့်နေခဲ့ကြ၏။ သို့သော် သီတင်းပတ် အနည်းငယ် ကြာပြီးနောက် ရေမရှိ၊ လျှပ်စစ်မီး မရှိ၊ ပြတင်းပေါက် မရှိသည့် အခန်းများတွင် အိပ်စက်ခဲ့ကြသည့် သတင်းစာဆရာများ ဟိုတယ်မှ ထွက်ခွာသွားကြသည်။ စစ်ပြီးပြီ။ ခေါင်းဆောင်တယောက်ကို တင်မြှောက်လိုက်ကြပြီ။ သူတို့အဖို့ အာဖဂန်နစ္စတန်အပေါ် စိတ်ဝင်စားမှု မရှိကြတော့။

သတင်းစာဆရာများ ထွက်ခွာသွားသည့်အခါ အသစ် ရွေးချယ် တင်မြှောက်လိုက်သည့် အာဖဂန်ဝန်ကြီးများ၊ သူတို့၏အတွင်းဝန်များနှင့် လက်ထောက်များ ဟိုတယ်ထဲသို့ ဝင်ရောက်လာကြသည်။ ကန်ဒါဟာပြည်နယ်မှ အသားမည်းမည်း ပါ့ရှ်တွန်၊ တိုင်းချုပ်ထားသည့် ဝတ်စုံများကို ဆင်မြန်းထားကြသည့် ပြည်တော်ပြန် ပြည်ပြေးများ၊ မြက်ခင်းလွင်ပြင်များဆီမှ မုတ်ဆိတ် ကျင်စွယ် လောလောလတ်လတ် ရိတ်ပယ်ထားသည့် စစ်နယ်ရှင်များသည် ခန်းမထဲရှိ ဆိုဖာများပေါ်တွင် အမြိုင့်သား ထိုင်လျက်။

ဟိုတယ်သည် ယခု တိုင်းပြည်ကို အုပ်စိုးနေသူတို့၏အိမ် ဖြစ်လာ၏။ သူတို့သည် ကဘူးလ်တွင် နေစရာအိမ် ရှိသူများလည်း မဟုတ်ကြချေ။ သူတို့အထဲက မည်သူမျှ အိမဲလ်ကို အမှတ် မထားမိကြ။ သူ့ဆိုင်မှာ မည်သူမျှ ဈေးမဝယ်ဖူးကြ။ ချောကလက် အရသာကို မည်သူမျှ မခံစားဖူးကြ။ သူတို့သည် ဘုံပိုင်ပိုက်ခေါင်းမှ ကျသည့်ရေကို သောက်ကြသူများ ဖြစ်ကြ၏။ အိမဲလ်၏ ဆိုင်မှ

သွင်းကုန်ပစ္စည်းများအတွက် သူတို့၏ ပိုက်ဆံကို ဖြုန်းတီးဖို့ အိပ်မက် မက်ကြသူများ မဟုတ်။ နောက်ဆုံးထား၍ ရောင်းရမည့်ရက်စွဲကို ကျော်လွန်နေကြပြီဖြစ်သည့် အီတလီ သံလွင်သီးများနှင့် ကိရိဟု ခေါ်သည့် ပြင်သစ်ဒိန်ခဲ အပျော့တို့သည် သူတို့အဖို့ မက်မောစရာများ မဟုတ်ကြချေ။

တယောက်ယောက်က အိမဲလ်အား "မင်း ဒီမှာ ဈေးရောင်းနေတုန်းပဲလား၊ ဘာဖြစ်လို့ ကျောင်း မတက်တာလဲ" ဟု မေးသည် ဆိုပါစို့။

မနက်ပိုင်းတွင် မေးသည်ဆိုလျှင် "ကျွန်တော် ညနေပိုင်းမှ တက်ရမယ်" ဟု ဖြေပါလိမ့်မည်။

ညနေပိုင်းတွင် မေးသည်ဆိုလျှင် "ကျွန်တော်က မနက်ပိုင်းပဲတက်ရတာ" ဟု ဖြေပါလိမ့်မည်။

လမ်းပေါ်က လူလေလူလွင့်ကလေးလို ကျောင်းမနေဘူးဟု အိမဲလ် မဖြေရဲချေ။ သူ့ရွှေးသားပေကိုး။

ကျောင်းထားပေးဖို့ပြောတိုင်း အဖေ စူလတန်က "မင်းက စီးပွားရေးလုပ်ငန်းရှင် ဖြစ်မှာ၊ စီးပွားရေးလုပ်ငန်းရှင် ဖြစ်အောင် သင်ယူဖို့ အကောင်းဆုံးနေရာဟာ ဈေးဆိုင်ပဲ" ဟုသာ ပြန်ပြောလေ့ ရှိသည်။

အိမဲလ်သည် တဖြည်းဖြည်းနှင့် မပျော်ပိုက်တော့။ နေထိုင် မကောင်းချင်သလို မအီမသာလည်း ဖြစ်လာသည်။ မျက်နှာ ဖြူဖျော့လာသည်။ အသားအရေ ဝါကြန့်ကြန့် ဖြစ်လာသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ခါးကလေးပင် ချည့်လာသလိုလို ရှိ၏။ ဝမ်းကွဲ ညီအစ်ကို ဖာဒီးလ်ကို သူ အားကျသည်။ ပြင်သစ်အစိုးရ ထောက်ပံ့ထားသည့် အက်စ်တက်လားလ် ကျောင်းမှာ ဖာဒီးလ် ကျောင်းတက်နေပြီ။ လေ့ကျင့်ခန်း စာအုပ်တွေ၊ ခဲတံ၊ ပေတံ၊ ကွန်ပါ၊ ချွန်စက်တွေနှင့်အတူ အိမ်သို့ ဖာဒီးလ် ရောက်လာသည့်အခါ သူ့ဘောင်းဘီရှည်မှာ မှင်စွန်းတွေပေလျက်။ သူနှင့်အတူ ပျော်စရာ စကားများလည်း ပါလာတတ်သေး၏။

"အဖေ မရှိတဲ့ ဆင်းတောင့်ဆင်းရဲ ဖာဒီးလ်တောင် ကျောင်းတက်နိုင်သေးတယ်" ဟု အိမဲလ်က သူ့အစ်ကို မန်ဆူအား ပြောသည်။ "ကျွန်တော်ကတော့ တကမ္ဘာလုံးက စာအုပ်တွေကို ဖတ်ဖူးတဲ့ အဖေတယောက် ရှိနေပါလျက်နှင့် တနေ့ ဆယ့်နှစ်နာရီ အလုပ်လုပ်နေရတုန်းပဲ"

အိမဲလ် ပြောသည့်စကားကို မန်ဆူ လက်ခံပါသည်။ ဈေးဆိုင်ထဲမှာ တနေကုန် တနေခန်း အိမဲလ် ရပ်နေရသည့်အဖြစ်ကို မန်ဆူ သဘောမကျပါ။ အိမဲလ် ကျောင်းတက်ဖို့ကိစ္စကို မန်ဆူ ကိုယ်တိုင် အဖေ့အား ပြောသည့်အခါ "နောင်တော့

တက်ရမှာပေါ့ကွာ၊ အခုအချိန်က ငါတို့ရဲ့ အင်ပါယာကြီးကို အုတ်မြစ် ချနေတုန်းမို့ပါ” ဟု စူလတန်က ပြော၏။

အိမ်မဲလ် ဘာလုပ်ရမလဲ။ ထွက်ပြေးရမလား။ အိပ်ရာက မထဘဲ ပေကတ်နေလိုက်ရမလား။

သူ့အဖေ ခရီးထွက်နေသည့်အခါ အိမ်မဲလ်သည် ဆိုင်ကို ပိတ်ထားပြီး ဟိုဟိုသည်သည် လျှောက်သွားနေတတ်၏။ စကားပြောဖော် တယောက်ယောက်နှင့် တွေ့ချင်တွေ့၏။ သူနှင့်အတူ ခဲတလုံးကို ကန်ကျောက်နိုင်သူ တယောက်ယောက်နှင့်လည်း တွေ့ကောင်း တွေ့နိုင်သည်။

တနေ့တွင် ဗြိတိသျှလူမျိုး အကူအညီ လုပ်သားတယောက် ရောက်လာစဉ် တာလီဘန် ခိုးသွားခဲ့သည့် သူ့ကားကို ရုတ်တရက် တွေ့လိုက်သည်။ လက်ရှိ ကားပိုင်ရှင်မှာ ကားကို တရားဝင် ဝယ်ယူခဲ့သည်ဆိုသည့် ဝန်ကြီးတယောက် ဖြစ်နေသည်။

ထိုအချိန်မှစ၍ အကူအညီ လုပ်သားသည် အိမ်မဲလ်၏ဆိုင်သို့ မကြာ မကြာ ရောက်လာတတ်၏။

အိမ်မဲလ်က သူ့ကား အခြေအနေကို အမြဲတမ်း မေးကြည့်သည်။

“အေး မင်း ယုံပါ့မလားတော့ မသိဘူး၊ ငါ့ကားကို ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးကွ၊ လူလိမ်လူညစ်ဟောင်းတွေနေရာကို လူလိမ်လူညစ်အသစ်တွေ ရောက်နေကြပြီလေ” ဟု အကူအညီ လုပ်သားက ပြော၏။

ဟိုတယ်၏ နေ့စဉ်ဘဝတွင် မြို့ပြလေကြောင်း ဝန်ကြီး အသတ်ခံရသည့် ဖြစ်ရပ်မျိုးကတော့ ဖြစ်တောင့်ဖြစ်ခဲပါ။ ဝန်ကြီး အဗ္ဗဒူရာဇန်က အခြားဝန်ကြီးများလိုပင် ဟိုတယ်တွင် နေထိုင်သူ ဖြစ်သည်။ တာလီဘန် ကျပြီးနောက် ဘွန်းမြို့တွင် ပြုလုပ်သည့် ကုလသမဂ္ဂ အစည်းအဝေး ကာလအတွင်း အာဖဂန်နစ္စတန် အစိုးရအဖွဲ့သစ်ကို ဖုတ်ပူမီးတိုက် ဖွဲ့စည်းနေစဉ် ရာဇန်သည် ဝန်ကြီးသစ်အဖြစ် ခန့်ထားခံရဖို့ ထောက်ခံသူ အလုံအလောက် ရရှိထားသူ ဖြစ်၏။

သူ့ကို ပြိုင်ဘက်များက “ပေါ်ကြော့ လူချမ်းသာ၊ ဆရာယောင် သမားယောင် တဦး” အဖြစ် ပုတ်ခတ်ကြသည်။

ဖြစ်ပုံမှာ ဤသို့ပါ။ ခရီးစဉ် စီစဉ်သူတဦး၏ အလိမ်ခံရမှုကြောင့် မက္ကာသို့ သွားသည့် ခရီးစဉ်တွင် ဟာဂျီ ထောင်ပေါင်းများစွာတို့ ကဘူးလ် လေဆိပ်တွင် သောင်တင်နေချိန်။ တကယ် မရှိသော လေယာဉ်တစင်းအတွက် လက်မှတ်များ

ရောင်းချထားသည်။ အရီယာနာ လေကြောင်းလိုင်းက လွန်းပျံ လေယာဉ်တစင်းကို မက္ကာသို့ စင်းလုံးငှားထားသော်လည်း ခရီးသည် အားလုံးအတွက် နေရာ မလုံလောက်ချေ။

ဤအခြေအနေတွင် အရီယာနာ လေကြောင်းလိုင်းမှ လေယာဉ်တစင်းကို လေယာဉ်ကွင်းထဲမှာ တွေ့လိုက်ကြသဖြင့် အဆိုပါ လေယာဉ်ပေါ်သို့ ဝတ်ပြုခရီးသည်များ အတင်းအဓမ္မ စုပြုံတက်ရန် ကြိုးစားကြ၏။

သို့သော် လေယာဉ်သည် မက္ကာသို့သွားမည့် လေယာဉ် မဟုတ်ဘဲ မြို့ပြလေကြောင်း ဝန်ကြီးအား နယူးဒေလီသို့ ပို့ဆောင်ပေးရမည့် လေယာဉ် ဖြစ်နေသည်။

ဝတ်ရုံဖြူနှင့် ဟာဂျီများကို လေယာဉ်ပေါ်သို့ အတက်မခံ။ ဒေါသအိုး ပေါက်ကွဲနေကြသည့် ဟာဂျီများက လေယာဉ်မှူးအား တွန်းထိုးပြီး လေယာဉ်ပေါ်သို့ တက်ကြစဉ် ဝန်ကြီးကို တွေ့သွားကြ၏။ ဤတွင် ဝန်ကြီးအား ထိုးကြိတ်ရိုက်နှက်ကြရာ ဝန်ကြီး သေဆုံးသွားသည်။

ဤဖြစ်ရပ်ကို အရင်ဆုံး သတင်းကြားသူများတွင် အိမဲလ် ပါဝင်ပါသည်။ ဒါဟာ လက်နက်ကိုင် ပုန်ကန်မှု စတာလား။ ဒါဟာ မျိုးနွယ်စု ပုန်ကန်မှုလား။

တာဂျစ်တွေက ပါ့ရှ်တွန်တွေကို သတ်ချင်နေကြသလား။ ဒါဟာ ပုဂ္ဂိုလ်ရေး လက်စားချေမှုလား။ ဝတ်ပြုခရီးသည်တွေကပဲ တရားလက်လွတ် လုပ်ကြတာလား။

ဟိုတယ်ခန်းမထဲတွင် ခါတိုင်းထက်ပို၍ ကြောက်မက်ဖွယ် ကောင်းနေ၏။ တီးတိုး အသံများ၊ တင်းမာနေသော မျက်နှာထားများ၊ စိတ်လှုပ်ရှားနေသော လူများ။ အိမဲလ် ငိုချင်လာသည်။

သူ ငြီးငွေ့စရာအခန်းသို့ ပြန်သွားပြီး စားပွဲနောက်တွင် ထိုင်ကာ မုန့်စားသည်။ အိမ်ပြန်ဖို့ လေးနာရီကျော်ကျော် လိုသေးသည်။

သန့်ရှင်းရေးသမားက ကြမ်းပြင်ကို လှည်းကျင်းပြီး အမှိုက်ခြင်းကို စွန့်ပစ်၏။

“မင်းကို ကြည့်ရတာ စိတ်မကောင်း ဖြစ်နေသလိုပဲ အိမဲလ်”

“ဂျီဂါဒွန်း”

အိမဲလ် ပြန်ပြောလိုက်သည်။ ကျွန်တော် စိတ်မကောင်းလွန်းလို့ပါ။

“မင်း သူ့ကို သိလို့လားဟင်”

“ဘယ်သူ့ကိုလဲ”

“ဝန်ကြီးကိုလေ”

“အို ဟင့်အင်း၊ အဲ နည်းနည်းပါးပါးလောက်ပါ”

သူ၏ ပျောက်ဆုံးနေသော ကလေးဘဝအတွက် စိတ်မကောင်း ဖြစ်ရသည်ထက် သေသွားသည့် ဝန်ကြီးအတွက် စိတ်မကောင်း ဖြစ်ရသည်က ခံစားရတာ တော်သေးသည်။

လက်သမား

မန်ဆူသည် သူ့အဖေ၏ ဆိုင်ထဲသို့ အမောတကော ပြေးဝင်သွားသည်။ သူ့လက်ထဲမှာ အထုပ်ကလေး တထုပ်။

"ပို့စကတ် နှစ်ရာတောင် အဖေရေ၊ သူ ခိုးသွားတော့မလို့"

"သူဆိုတာ ဘယ်သူ့ကို ပြောတာလဲကွ"

"လက်သမားလေ"

"လက်သမား ဟုတ်လား၊ မင်းဟာ သေချာရဲ့လားကွာ"

မန်ဆူ့ပုံမှာ သူ့ အဖေအား မာဖီးယားဂိုဏ်း၏ အန္တရာယ်မှ ကယ်တင်လိုက်နိုင်သည့်ပုံမျိုး။

"ဟောဒီမှာ ပို့စကတ် နှစ်ရာ၊ သူ့အင်္ကျီအိတ်ထဲက ကျွန်တော် ပြန်ရလာတာ၊ သူကတော့ ခိုးယူဖို့ ကြိုးစားတာပဲ၊ ကျွန်တော်က မျက်ခြည်မပြတ် ကြည့်နေတာ၊ ဘယ်ရမလဲ"

မန်ဆူသည် ဖြစ်ပုံကို ချဲ့ကား၍ ပြောနေ၏။

တကယ်တော့ ဂျလာလူဒင် ပြန်ခါနီးတွင် သူ ငိုက်မျဉ်းနေသည်။ လက်သမား ဂျလာလူဒင်ကို မိလိုက်သူမှာ သန့်ရှင်းရေးလုပ်သည့် ကောင်လေး အဗ္ဗဒူလာ ဖြစ်သည်။ သူသည် ကဘူးလ် လူမှုရေး လေ့ကားတွင် နောက်ဆုံးအထစ်မှာ ရှိနေသည့် ဆင်းရဲနွမ်းပါးသော ဟာဇရာ တယောက်။

သူ များများစားစား မပြောချေ။ "ခင်ဗျားအိတ်တွေကို မန်ဆူ ပြဦး" ဟုသာ ပြောသည်။ ထိုအခါတွင်မှ ဂျလာလူဒင့်အိတ်တွေကို မန်ဆူ နှိုက်ကြည့်ခြင်း ဖြစ်၏။

"သူ အခု ဘယ်မှာလဲ"

"လွယ်လွယ်နှင့်တော့ ပြီးမှာ မဟုတ်ဘူးလို့ ပြောပြီး သူ့ကို အိမ်ပြန်ခိုင်းလိုက်တယ်"

စူလတန် ငြိမ်သက်နေသည်။ လက်သမား သူ့ဆိုင်သို့ ရောက်လာပုံကို စူလတန် မှတ်မိနေသည်။ သူတို့နှစ်ယောက်က တရွာတည်းသား အိမ်နီးချင်းများ။ ဂျလာလူဒင်သည် အရင်တုန်းကနှင့် ဘာမျှမပြောင်းလဲချေ။ ငါးဖောင်ရိုးလို ပိန်ပြီး

ကြောင်စီစီ မျက်လုံးများ ပြူးထွက်နေဆဲ။ အသက်လေးဆယ်သာ ရှိသေးသော်လည်း ခါးကိုင်းနေပြီ။ သူ့မိသားစုမှာ ဆင်းရဲသော်လည်း လေးစားမှုကို ခံယူရရှိသည့် မိသားစု ဖြစ်၏။ သူ့အဖေလည်း လက်သမား တယောက်ပင်။ သို့သော် မျက်စိမကောင်းသဖြင့် အလုပ် မလုပ်နိုင်တော့။

ဂျလာလူဒင်ကို အလုပ်ပေးရသည့်အတွက် စူလတန် ဝမ်းသာပါသည်။ သူက လက်သမား လုပ်တတ်ပြီး စူလတန်က စာအုပ်စင်အသစ်များ လိုအပ်နေသည်။ စူလတန်သည် သူ့စာအုပ်ဆိုင်ကို အနောက်နိုင်ငံက စာအုပ်ဆိုင်တွေလို ဖြစ်ချင်နေ၏။ တနေ့လျှင် လုပ်ခ ငါးဒေါ်လာဖြင့် နှစ်ဦးနှစ်ဖက် သဘောတူပြီး အလုပ် လုပ်ဖြစ်ကြသည်။

စာအုပ်စင်တွေ၊ ပို့စကတ်တွေအလယ်မှာ ဂျလာလူဒင် တနေကုန် တနေခန်း အလုပ် လုပ်ရ၏။ ပို့စကတ်များမှာ စူလတန်အတွက် ဝင်ငွေ ရရာရကြောင်း အရေးပါသော အရင်းအမြစ် ဖြစ်သည်။

ပို့စကတ်များကို ပါကစ္စတန်တွင် ရိုက်နှိပ်ပြီး အမြတ် ကောင်းကောင်းတင်ကာ ပြန်လည် ရောင်းချခြင်း ဖြစ်သည်။ ရောင်းလည်း ရောင်းရသည်။ အကောင်းဆုံး ဖောက်သည်များမှာ နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့မှ စစ်သားများ ဖြစ်ကြ၏။ ကဘူးလ်မြို့ထဲတွင် ကင်းလှည့်ရင်း စူလတန့်ဆိုင်သို့ ဝင်ကာ ပို့စကတ်များ ဝယ်ကြသည်။ ခေါင်းမြီးခြုံ အမျိုးသမီးများ၏ ပုံပါသည့် ပို့စကတ်များ၊ တင့်ကားများပေါ်တွင် ဆော့ကစားနေကြသော ကလေးများ၏ပုံ ပါသည့် ပို့စကတ်များ၊ အလွန်အကျွံ ဝတ်စားဆင်ယင်ထားသော ရှေးလွန်လေပြီးသောအခါက ဘုရင်မများပုံ ပါသည့် ပို့စကတ်များ၊ တာလီဘန် ဖြိုမချမီနှင့် ဖြိုချပြီးနောက် ဘာမီယန် ဗုဒ္ဓရုပ်တုတော်များပုံ ပါသည့် ပို့စကတ်များ၊ ဘုဇ်ကာရှီ မြင်းများပုံပါသည့် ပို့စကတ်များ၊ အမျိုးသားဝတ်စုံ ဝတ်ထားသော ကလေးများပုံ ပါသည့် ပို့စကတ်များ၊ တော တောင် ရေ မြေ ရှုခင်းပုံ ပါသည့် ပို့စကတ်များ၊ ယခင်နှင့် ယခု ကဘူးလ်မြို့ပုံ ပါသည့် ပို့ စကတ်များ။

စူလတန်သည် ရုပ်ပုံများ ရွေးချယ်ရာ၌ တော်သဖြင့် စစ်သားများက ပို့စကတ်များကို ဒါဇင်လိုက် ဝယ်သွားတတ်ကြ၏။

ဂျလာလူဒင်၏ နေ့စား လုပ်အားခမှာ ပို့စကတ် ဆယ့်ငါးခု၏ တန်ဖိုးနှင့် ညီမျှပါသည်။

ဆိုင်၏နောက်ဖေးခန်းထဲမှာ ပို့စကတ်များကို ရုပ်ပုံအလိုက် စုပုံထား၏။ အိတ်တွေထဲမှာ လည်း ရှိသည်။ စင်တွေပေါ်မှာလည်း ရှိသည်။ သားရေကွင်းနှင့် စည်းထားသည်များလည်း ရှိသည်။

“အခု ခိုးတာဟာ ပထမဆုံးအကြိမ်လို့ မင်းထင်သလား”

“အဲဒါတော့ ကျွန်တော် မသိဘူး၊ သူကတော့ ပိုက်ဆံပေးဖို့ မေ့သွားလို့လို့ ပြောတာပဲ”

“အေး သူ ဒီလိုပဲ ပြောမှာပေါ့ကွာ”

“သူ့ကို တယောက်ယောက်က ခိုးခိုင်းတာ ဖြစ်ရမယ် အဖေ၊ ပို့စကတ်တွေကို ပြန်ရောင်းရလောက်အောင် သူ လည်လည်ဝယ်ဝယ် ရှိတာမဟုတ်ဘူး၊ ပြီးတော့ နံရံမှာ အလှချိတ်ဆွဲထားဖို့ ခိုးတာလည်း မဖြစ်နိုင်ဘူး”

“မင်း ဆိုင်ကိုကြည့်ထားလိုက်၊ ငါ သူ့အိမ်ကို လိုက်သွားမယ်”

လက်သမားအား ကောင်းကောင်း သိသည့် ရာဆူးအား ခေါ်ဆောင်ပြီး ဒေခူဒိုင်ဒက်ရွာသို့ စူလတန် လိုက်သွား၏။

ရွာသို့သွားရာ လမ်းတလျှောက်တွင် ကားနောက်မှာ ဖုန်လုံးကြီးများ ကပ်ပါလျက်။

ဂျလာလူဒင်အိမ်သို့ သွားရာလမ်းထောင့်ရှိ စျေးဆိုင်အနီးတွင် လူတစု ရပ်နေကြသည်။

ထိုသူများထဲတွင် ဂျလာလူဒင့်အဖေ ဖာအစ် ပါဝင်၏။

သူက စူလတန်အား ပြုံးပြနှုတ်ဆက်ပြီး “အိမ်မှာ လက်ဖက်ရည် လိုက်သောက်ဦးလေ” ဟု ဖိတ်ခေါ်သည်။ ပို့စကတ်များအကြောင်းကို သူ သိပုံမရချေ။

“ကျွန်တော်တို့ ခင်ဗျားရဲ့သားကို တွေ့ချင်လို့ လာတာ၊ ခင်ဗျား ခေါ်ပေးနိုင်မလား”

ဖာအစ်ထွက်သွားပြီး ပြန်လာသောအခါ သူ့နောက် နှစ်လှမ်းအကွာမှ ဂျလာလူဒင် လိုက်ပါလာ၏။ စူလတန်ကို သူ ကြည့်သည်။ သူသည် တုန်ယင်နေ၏။

“တို့နှင့် ခဏလောက် ဆိုင်ကို လိုက်ခဲ့ပါ” ဟု စူလတန် ပြောရာ ဂျလာလူဒင် ခေါင်းညိတ်သည်။

“တနေ့လောက် လက်ဖက်ရည်သောက်ဖို့ လာခဲ့ဦးနော်”

“မင်းကို ဘာကြောင့် ခေါ်လာတယ်ဆိုတာ သိတယ်နော်”

ရာဆူးမောင်းသည့်ကား၏ နောက်ခန်းတွင်ထိုင်ရင်း စူလတန် ပြောသည်။ ကားသည် ဝါကီ၏ ညီဖြစ်သူ ပုလိပ်သား ဗိရတ်ဂျန်ဆီသို့ ဦးတည် မောင်းနှင်နေ၏။

"ကျွန်တော် ကြည့်ချင်လို့ပါ၊ ပြန်ပေးမယ်လို့ ရည်ရွယ်ထားပြီးသားပါ၊ ကလေးတွေကိုလည်း ပြချင်တယ်၊ ပို့စကတ်လေးတွေက လှလို့"

"မင်း ပို့စကတ် ဘယ်နှခု ယူထားသလဲဆိုတာ ငါ သိချင်တယ်"

"ကျွန်တော် ယူတာ ဒီဟာတွေပဲ၊ တခြား ယူတာ မရှိဘူး"

"မင်း ပြောတာ မယုံဘူးကွ"

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ"

"ဒါ့ထက် ပိုယူပါတယ်လို့ မင်း ဝန်မခံရင် ပုလိပ်ကို တိုင်ရလိမ့်မယ်"

"ဒါ့အပြင် ကျွန်တော် ယူထားတာ မရှိပါဘူး၊ ကျွန်တော့်ကို ထောင်ကျအောင် မလုပ်ပါနှင့်ဗျာ၊ ကျွန်တော့်မှာ သားသမီး ခုနစ်ယောက် ရှိပါတယ်၊ သမီးလေးနှစ်ယောက်က ပိုလီယိုလေးတွေ၊ မိန်းမက လက်ရှိကိုယ်ဝန်နှင့်ပါ၊ ကျွန်တော်တို့မှာ စားစရာ ဘာမှမရှိပါဘူး၊ ကျွန်တော်တို့ အာလူးနှင့် ဟင်းရွက်ပြုတ်ပဲ စားနေရပါတယ်၊ ထမင်းတောင် မစားနိုင်ကြပါဘူး၊ အမေက ဆေးရုံတွေ၊ စားသောက်ဆိုင်တွေက စားကြွင်းစားကျန်တွေကို တောင်းပေးပါတယ်၊ တခါတခါ ဆန်ပြုတ် သောက်ရပါတယ်၊ ဒီရက်ပိုင်းမှာ ပေါင်မုန့် လုံးဝ မစားရပါဘူး၊ ပြီးတော့ ကျွန်တော့်ညီမရဲ့ သားသမီး ငါးယောက်ကိုလည်း ကျွေးထားရသေးတယ်၊ သူ့လင်က အလုပ်မရှိလို့၊ ကျွန်တော့်မှာ မိဘနှစ်ပါး အပြင် အဘွားလည်း ရှိပါသေးတယ်ဗျာ"

"အဲဒါ မင်းကိစ္စလေ၊ အခုထက် ပိုယူခဲ့ပါတယ်လို့ ဝန်ခံရင် မင်းကို ထောင်ထဲ မထည့်ဘူး"

ကားသည် ရွာမှထွက်လာပြီး ကဘူးလ်မြို့သို့ ပြန်ရောက်လာ၏။ ရှုံ့ထူသော လမ်းများအတိုင်း မောင်းနှင်ပြီး နေဝင် မိုးမချုပ်မီ အိမ်ပြန်ရောက်ရန် အပြေးအလွှား သွားနေကြသူများကို ဖြတ်ကျော်လာခဲ့သည်။ ခွေးလေခွေးလွင့် တချို့က အမဲရိုးတချောင်းကို လုနေကြ၏။ ဖိနပ်မပါသည့် ကလေးများသည် ပြေးလွှား ဆော့ကစားလျက်။ ခေါင်းမြီးခြုံ အမျိုးသမီးတယောက်က လင်၏ စက်ဘီးဘားတန်းပေါ်တွင် ထိုင်လိုက်လျက်။ အဘိုးအိုတယောက်က လိမ္မော်သီးများ အပြည့် တင်ထားသည့် လှည်းတစီးကို ကျားကုတ်ကျားခဲ တွန်းနေ၏။

ရှုံ့မာလမ်းသည် ဒလဟော ရွာသွန်းနေသော မိုးကြောင့် လက်ကြား လမ်းများနှင့် လမ်းပခုံးများဆီမှ ချေးများ၊ အမှိုက်သရိုက်များဖြင့် ပြည့်နှက်နေသည့်

လမ်းကြောတခုအဖြစ်သို့ ရောက်ရှိသွား၏။

ဝင်းတံခါးတခုရှေ့တွင် ကားရပ်လိုက်ပြီး ရာဆူးအား တံခါးခေါက်ရန် စူလတန် ခိုင်းသည်။ ဗိရတ်ဂျန် ထွက်လာပြီး သူတို့အား နှုတ်ဆက်ကာ အိမ်ထဲသို့ ဖိတ်ခေါ်၏။

လှေကားထက်တွင် နင်းလျှောက်စဉ် စကတ်များ၏ ရွှမ်းရွှမ်းမြည်သံကို သူတို့ ကြားသည်။ အိမ်ရှိ မိန်းမသူများ အိမ်တွင်းပုန်းကြပြီ။ တချို့က မပွင့်တပွင့် တံခါးများ၏ နောက်ကွယ်မှာ။ တချို့က ခန်းဆီးနောက်မှာ။

မိန်းကလေးတယောက်က ဤလိုအချိန်ကြီးမှာ ဘယ်သူတွေများ ရောက်လာကြပါလိမ့်ဟု တံခါးအက်ကြောင်းပေါက်မှ ချောင်းကြည့်လျက်။ မိသားစုပြင်ပက မည်သည့် ယောကျ်ားသန်မျှ သူတို့ကို မမြင်မတွေ့စေရ။ ခပ်ကြီးကြီး ကောင်လေးများက လက်ဖက်ရည်နှင့် မုန့်များ တည်ခင်းပေးသည်။ အစ်မများနှင့် မိခင်က မီးဖိုချောင်ထဲမှ ပြင်ဆင်ပေးသည်။

စူလတန်သည် လာရင်းကိစ္စကို ပြောပြလိုက်၏။

“ပုလိပ်ဌာနကို ရောက်မယ့်အစား ဒီမှာတင် ပြီးပြတ်သွားရင် ကောင်းမယ်” ဟု ဗိရတ်ဂျန် ပြောသည်။

ဂျလာလူဒင်သည် မျက်လွှာချကာ လက်များကို ဆုပ်ခြေလျက် ဗိရတ်ဂျန်အား ဖြောင့်ချက်ပေး၏။

“ကျွန်တော်ယူတာ ငါးရာလောက်တော့ ရှိလိမ့်မယ် ထင်ပါတယ်၊ အဲဒါတွေအားလုံး ကျွန်တော့်အိမ်မှာ ရှိပါတယ်၊ ပြန်ပေးပါ့မယ် ခင်ဗျာ”

သို့သော် ဤသို့ ဝန်ခံရုံမျှဖြင့် စူလတန် မကျေနပ်နိုင်။

“မင်း ဒါ့ထက် ပိုယူတာ ဖြစ်ရမယ်ကွာ၊ ကိုင်း ပြောစမ်း၊ မင်း ဘယ်သူ့ဆီ သွားရောင်းသလဲ”

“ဒီမှာ ဖွင့်ပြောလိုက်ရင် မင်းအတွက် အခွင့်အရေးပဲကွ၊ ပုလိပ်ဌာနမှာ ခေါ်စစ်ရမယ် ဆိုရင်တော့ အခုလို လက်ဖက်ရည်တွေ၊ မုန့်တွေ လာတော့မှာ မဟုတ်ဘူး” ဟု ဗိရတ်ဂျန်က ပဟေဠိဆန်ဆန် ပြောပြီး ဂျလာလူဒင်ကို ကြည့်သည်။

“ကျွန်တော် အမှန်အတိုင်း ပြောတာပါ ခင်ဗျာ၊ ဘယ်သူ့ကိုမှ မရောင်းခဲ့ပါဘူး၊ အလ္လာ အရှင်မြတ်ကို သက်သေတည်ပြီး ကျွန်တော် ပြောနေတာပါ”

ဂျလာလူဒင် ပြောပြီး ဗိရတ်ဂျန်နှင့် စူလတန်၏မျက်နှာများကို လိုက်ကြည့်သည်။ စူလတန်က ထပ်မေး၊ ဂျလာလူဒင်က ပြန်ဖြေနှင့် စကားတွေ အပ်ကြောင်း ထပ်နေတော့၏။ အိမ်ပြန်ချိန်တိုင်ပြီ။ ညမထွက်ရအမိန့်ကို လွန်ဆန်လျှင် အဖမ်းခံရမည်။ တချို့မှာ စစ်သားများ၏ ပစ်သတ်ခြင်းကိုပင် ခံကြရ၏။

သူတို့ နှုတ်ဆိတ်စွာ ကားပေါ်တက်ကြသည်။

ရာဆူးက ဂျလာလူဒင်အား အမှန်အတိုင်း ဖွင့်ပြောလိုက်ရန် တိုက်တွန်း၏။ ဂျလာလူဒင့် အိမ်သို့ ဆိုက်ရောက်သောအခါ ပို့စကတ်များယူရန် ရာဆူး လိုက်သွားပြီး အထုပ်ကလေး တထုပ်နှင့် အတူ ပြန်ရောက်လာသည်။ လိမ္မော်ရောင်နှင့် အစိမ်းရောင် စပ်ကြား ခေါင်းစည်းပဝါဖြင့် ပတ်ထားသည့်အထုပ်ကို စူလတန် ဖြေကြည့်၏။ စူလတန်အား အိမ်သို့ပြန်ပို့ရန် ကားမောင်း ထွက်ချိန်တွင် ဂျလာလူဒင်သည် ရှက်ကိုးရှက်ကန်းမျက်နှာဖြင့် လမ်းထောင့်တွင် ရပ်ကျန်လျက်။

နောက်တနေ့နံနက်တွင် ပို့စကတ်များကို ရေကြည့်နေစဉ် လက်သမား ရောက်လာလေသည်။ သူသည် ခါတိုင်းထက်ပင် ပျော့တိပျော့ခွေ ဖြစ်နေ၏။ စူလတန့်ထံသို့ ရုတ်တရက် ပြေးဝင်လာပြီး စူလတန့်ခြေထောက်များကို နမ်းရှုပ်သည်တွင် စူလတန်က အနမ်းမခံချေ။

ဂျလာလူဒင်၏အဖေအို ဖာအစ်လည်း ပါလာ၏။ သူလည်း စူလတန့်ခြေထောက်ကို နမ်းရှုပ်ဖို့ ကြိုးစားသည်။ သို့သော် စူလတန်က သူ့ကို ဖမ်းဆွဲထားလိုက်၏။ သူ့ခြေထောက်အား တယောက်ယောက်က နမ်းရှုပ်သည်ကို သူ မကြိုက်။ အထူးသဖြင့် သက်ကြီးရွယ်အို အိမ်နီးချင်း တယောက်က နမ်းတော့ ပိုဆိုးသည်။

“ကျုပ် ဒီကောင့်ကို တညလုံး ရိုက်ထားတယ်၊ ကျုပ် သိပ်ရှက်တယ်၊ ကျုပ် သူ့ကို ရိုးသားတဲ့ အလုပ်သမားတယောက်အဖြစ် မွေးမြူလာခဲ့တာ၊ ခုတော့ သူခိုးလုံးလုံး ဖြစ်နေတယ်”

ဖာအစ်စီးလာသည့်ဖိနပ်မှာ ချုပ်ရိုး ပြေနေပြီ။ ခြေစွပ် မပါ။ ဘောင်းဘီကို ကြိုးတချောင်းဖြင့် ချည်နှောင်ထား၏။ ဖာအစ်သည် အသားနည်းနည်း ပိုမည်းသည်မှလွဲ၍ သူ့သားနှင့် အတော် တူသည်။ နှစ်ယောက်လုံး ပိန်ညှော် ချည့်နဲ့ကြသည်။ ဖာအစ်သည် စူလတန့်ရှေ့တွင် မလှုပ်မယှက် တွေတွေကြီး ရပ်လျက်။ စူလတန် ဘာလုပ်ရမည် မသိ။

နောက်ဆုံးတွင် ဖာအစ် လှုပ်ရှားလာပြီး ဂျလာလူဒင် ရပ်နေသည့်နေရာသို့ လျှောက်သွားသည်။ ထို့နောက် သူ့လက်သည် လျှပ်ပြက်သလို မြှောက်တက်လာပြီး

သားဖြစ်သူကို ထိုးကြိတ်တော့၏။

"မင်း ကလိမ်ကကျစ်ကောင်၊ မင်း သောက်သုံးမကျတဲ့ကောင်၊ မင်း မိသားစုမျက်နှာကို အိုးမည်းသုတ်တဲ့ကောင်၊ မင်းကို မွေးလာဖို့ မကောင်းဘူး" ဟု ပြောလည်းပြော၊ ထိုးလည်းထိုး၊ ကန်လည်းကန်။ ဗိုက်ကိုလည်း ဒူးဖြင့်တိုက်သည်။ ပေါင်ခြံကိုလည်း ခြေဖြင့် ဆောင့်နင်းသည်။ ကျောပြင်ကိုလည်း လက်သီးဆုပ်ဖြင့် ထုသည်။ ဂျလာလူဒင်မှာ ရပ်လျက်သားဖြင့် အလူးအလဲ ကာကွယ်နေရာမှ ဆိုင်ပြင်သို့ ရုတ်တရက် ထွက်ပြေးသွား၏။

ကြမ်းပြင်ပေါ်သို့ ကျသွားသည့် သိုးသားရေဦးထုပ်ကို ဖာအစ် ကောက်ယူပြီး ဆောင်းလိုက်ပြီးနောက် စူလတန်အား နှုတ်ဆက်သည်။ ထို့နောက် ဆိုင်ပြင်သို့ ထွက်သွားသည်။ စက်ဘီးအိုလေးအား ဒယီးဒယိုင် စီးကာ ရွာသို့ ပြန်သွားသည့် ဖာအစ်ကို ဆိုင်ပြတင်းမှနေ၍ စူလတန် မြင်နေရ၏။

ထို့နောက် ပို့စကတ်များကို စူလတန် ဆက်ရေပြန်သည်။

"သူ ဒီမှာ အလုပ်လုပ်သွားတာ ရက်ပေါင်း လေးဆယ်၊ နေ့တိုင်း ပို့စကတ် နှစ်ရာ ယူသွားတယ်ဆိုရင် ပို့စကတ်ပေါင်း ရှစ်ထောင်ရှိမယ်၊ သူ အနည်းဆုံး ပို့စကတ် ရှစ်ထောင်တော့ ခိုးသွားတာ ဖြစ်ရမယ်ကွ" ဟု မန်ဆူအား ပြောရာ မန်ဆူက ပခုံးတွန့်လိုက်ပြီး "ဒီ သောက်ပို့စကတ်တွေကို သူ ပြန်ရောင်းဖို့ ယူတာ မဟုတ်ပါဘူး အဖေ၊ အဲဒီကိစ္စကို မေ့ပစ်လိုက်ပါတော့" ဟု ပြန်ပြောသည်။

သူ့အဖေအကြောင်းကို သူ သိသည်။ သူ့ အဖေက ရေဆုံးရေဖျား လိုက်ချင်နေသည်ကို သူ သိသည်။ ဤတာဝန်ကို သူ့အား လွှဲခဲ့မည်ကိုလည်း သူသိသည်။ သူ့အဖေသည် အီရန်သို့ သွားဖို့ရှိ၏။ တလလောက် ကြာလိမ့်မည်။

"ငါ ခရီးထွက်နေတုန်း မင်းနှင့် ဗိရတ်ဂျန် စုံစမ်းထားပါ၊ အဖြစ်မှန် ပေါ်လာမှာပဲ၊ စူလတန့်ဆီက ဘယ်သူမှ ခိုးလို့မရဘူးဟေ့" ဟု မန်ဆူကို တည့်တည့်စိုက်ကြည့်ပြီး စူလတန် ပြောသည်။

"သူဟာ ငါ့လုပ်ငန်းတခုလုံးကို ဖျက်ဆီးပစ်လိုက်နိုင်တယ်ကွ၊ စဉ်းစားကြည့်စမ်း၊ သူ ငါ့ဆီက ပို့စကတ်တွေ ထောင်ချီခိုးပြီး ကဘူးလ်တမြို့လုံးက ဆိုင်တွေမှာ ပြန်ရောင်းတယ်၊ သူတို့ ပြန်ရောင်းတဲ့အခါ ငါ ရောင်းတာထက် ဈေးချိုမှာပဲ၊ ဖောက်သည်တွေ သူတို့ဆီပဲ သွားကြမှာပေါ့၊ ငါ့ဆီ ဘယ်လာတော့မလဲ၊ ပို့စကတ်ဝယ်မယ့် စစ်သားတွေလည်း ငါ့ဆိုင်ကို လာကြတော့မှာ မဟုတ်ဘူး၊ သူတို့က စာအုပ်တွေပါ ဝယ်ကြတာ၊ ငါ့ဆိုင်မှာ ဝယ်ရင် ဈေးကြီးတယ်လို့လည်း နာမည် ထွက်ဦးမယ်၊ နောက်ဆုံး တနေ့မှာ ငါ ဒေဝါလီ ခံသွားရဖို့ ရှိတယ်"

“ကျွန်တော် လုပ်ထားပါ့မယ်” ဟုသာ သူ တိုတိုတောင်းတောင်း ပြန်ပြောလိုက်သည်။ စကား များများ မပြောချင်တော့။

“သိပ် မပျော့နှင့်၊ သိပ် မပျော့နှင့်” ဆိုသော စကားများသည် တီဟီရန်သို့သွားမည့် ညနေ လေယာဉ်ပေါ်သို့ မတက်မီ စူလတန် ပြောသွားသည့် နောက်ဆုံးစကားများပင် ဖြစ်တော့သည်။

သူ့အဖေ ခရီး ထွက်သွားသည်နှင့် တပြိုင်နက် အရာခပ်သိမ်းကို မန်ဆူ မေ့သွား၏။ ဗဇာသို့ ဝတ်ပြုခရီးသွားပြီးနောက် သူတော်ကောင်း ဟန်ဆောင်သောကာလ ကုန်လွန်ခဲ့ပြီ။ စင်စစ် ထိုကာလသည် သီတင်းတပတ်သာ ကြာ၏။ တနေ့လျှင် ငါးကြိမ် ငါးခါ ဝတ်ပြုရှိသော်မှ ဘာမျှ ထူးထူးခြားခြား ကောင်းမွန်မလာချေ။ မုတ်ဆိတ်သည် ယားကျိကျိ ဖြစ်လာပြီး လူတိုင်းက သူ့အား ကပျစ်ကညစ် ဖြစ်လာသည်ဟု ပြောကြ၏။ ကျူးနစ် အင်္ကျီပွပွကြီး ဝတ်ထားရသည့် သူ့ပုံပန်းကို သူ သဘောမကျချေ။

“စိတ်အလိုလိုက်တဲ့ အတွေးတွေကို မတွေးနိုင်ရင် အားလုံးကို မေ့လိုက်တာကမှ ကောင်းဦးမယ်” ဟု သူ့ဘာသာပြောပြီး ဘာသာတရား ကိုင်းရှိုင်းမှုကို သူ အမြန်ဆုံး စွန့်လွှတ်ပစ်လိုက်သည်။

ဝတ်ပြုခရီးသည် အပျော်ခရီးထွက်ခြင်းထက် မပိုပါ။

စူလတန် ခရီးထွက်သွားသည့် ပထမဆုံးညနေတွင် သူငယ်ချင်းတချို့က မန်ဆူ့ကို ဖိတ်ခေါ်သည်။ မှောင်ခိုဈေးမှ ဥဇဘက် ဗော့ဒ်ကာ၊ အာမေးနီးယန်း ဘရန်ဒီနှင့် ဝိုင်နီတို့အား သူငယ်ချင်းများက မတန်တဆ ဈေးဖြင့် ဝယ်ထားသည်ကို မသိဘဲ မန်ဆူက လာခဲ့မည်ဟု ကတိပေးလိုက်သည်။

“ဒါဟာ အကောင်းဆုံး ရတာပဲ၊ အားလုံးဟာ အရက်ပြင်းနှုန်း ၄၀ ရာခိုင်နှုန်းချည်းပဲ၊ ဝိုင်ကတော့ ၄၂ ရာခိုင်နှုန်းပါ” ဟု ဆိုင်ရှင်က ပြော၏။

ကောင်လေးများက တပုလင်းလျှင် ဒေါ်လာ လေးဆယ်ပေး၍ ဝယ်ယူခဲ့ကြသည်။ ပြင်သစ် ဝိုင်ပုလင်း၏ တံဆိပ်ပေါ်တွင် ၁၂ ရာခိုင်နှုန်းမှ ၄၂ ရာခိုင်နှုန်းသို့ ပြင်ထားသည်ကို သူတို့ မသိကြ။

အစ္စလာမ်ဘာသာက တားမြစ်ထားသည့် အရက်ကို မန်ဆူသည် တခါဖူးမျှ မမြည်းစမ်းဖူးခဲ့ချေ။ ညနေစောင်း နေညိုပြီဆိုသည်နှင့် မန်ဆူ့ သူငယ်ချင်းနှစ်ယောက်က သောက်တော်ခေါ်နေနှင့်ကြပြီ။ ဘရန်ဒီနှင့် ဗော့ဒ်ကာကို ရောစပ်သောက်ပြီး ဟိုတယ်ခန်းထဲတွင် ဒယီးဒယိုင် ဖြစ်နေကြပြီ။ ညီများအား ကားမောင်းပြီး အိမ်ပြန်ပို့နေရသည့် မန်ဆူကတော့ ရောက်မလာသေး။

သူရောက်လာချိန်တွင် သူငယ်ချင်းနှစ်ယောက် ဒေါင်ချာစိုင်းပြီး လသာဆောင်ထက်မှ ခုန်ချမည် တကဲကဲ လုပ်နေ၏။

သူတို့ကိုကြည့်၍ မန်ဆူ ဆုံးဖြတ်လိုက်သည်။ အရက်သည် ဤမျှ အန္တရာယ်ရှိလျှင် ငါသည် အရက်ကို လက်ဖျားနှင့်ပင် မတို့တော့။

ဂျုလာလူဒင်၏အိမ်တွင် မည်သူမျှ အိပ်စက် မပျော်နိုင်ချေ။ ကလေးများက ကြမ်းပြင်ပေါ်တွင် လဲလျောင်းရင်း ငိုကြွေးနေကြသည်။ လွန်ခဲ့သော နှစ်ဆယ့်လေးနာရီအတွင်း သူတို့ မြင်တွေ့ခဲ့ရပုံမှာ ဆိုးရွားလွန်းစွ။ သူတို့အပေါ် ကြင်နာလှသည့်အဖေကို သူတို့အဘိုးက သူခိုးဟုခေါ်ပြီး ရိုက်နှက်သည်။ အရာခပ်သိမ်းသည် ပြောင်းဆန်အောင် ရှုပ်ပွေနေတော့၏။ ဂျုလာလူဒင့်အဖေသည် ခြံဝင်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်။

ဂျုလာလူဒင်က အခန်းတခုထဲမှ ကော်ဇောပေါ်မှာ ထိုင်နေ၏။ ဖခင် ရိုက်ထားသည့် ကျောပြင်ရှိ သွေးစို့နေသော အရိုးရာများကြောင့် သူသည် ကျောမခင်းနိုင်။ ဖခင်က သူ့အား စူလတန့်ဆိုင်မှာ ရိုက်နှက်ရုံနှင့် အားမရသေးဘဲအိမ်တွင် ထပ်ရိုက်သည်ကို အိမ်သားများမှာ ကြောက်လန့်တကြား ကြည့်နေခဲ့ရသည်။ မိန်းမသူများက ကလေးများအား ဝေးရာသို့ ခေါ်သွားဖို့ ကြိုးစားကြသော်လည်း ခေါ်သွားစရာ နေရာမရှိ။

အိမ်ကို ခြံဝင်းတခုနှင့် ကပ်လျက်တွင် ဆောက်ထားခြင်းဖြစ်ပြီး နံရံတဖက်က လမ်းကို ခြားထားသည်။ နံရံနှစ်ဖက်တလျှောက်တွင် လူသွားစင်္ကြံများ။

ယင်းတို့၏နောက်တွင် ဖယောင်းပုဆိုး ကာထားသည့် ပြတင်းပေါက်ကြီးများ ရှိသော အခန်းများက ခြံဝင်းကို မျက်နှာမူလျက်။ တခန်းက လက်သမား၊ သူ့မယားနှင့် သားသမီး ခုနစ်ယောက်အတွက်။ တခန်းက သူ့နှမ၊ နှမ၏လင်နှင့် သူတို့၏သားသမီး ငါးယောက်အတွက်။ ပြီးတော့ ထမင်းစားခန်း တခန်း။

လက်သမား၏သားသမီးများက ဗြုတ်စဖျင်းတောင်း အဝတ်စများဖြင့် ပြုလုပ်ထားသည့် ကော်ဇောများပေါ်တွင် အိပ်စက်ကြသည်။ ပိုလီယို သမီးလေးနှစ်ယောက်မှာ ခြေတဖက်စီတွင် ကျပ်စည်းထားရပြီး ချိုင်းထောက်များကို အသုံးပြုကြရသည်။ အခြား ကလေးနှစ်ယောက်မှာ အလွန် ဆိုးရွားသော နှင်းခူနာကို ခံစားနေကြရပြီး သွေးထွက်သည်အထိ မပြတ်တမ်း ကုတ်ခြစ်နေကြရသည်။

မန်ဆူ့သူငယ်ချင်း နှစ်ယောက် ဒုတိယအကြိမ် အန်ချိန်တွင် ကဘူးလ်မြို့တဖက်ရှိ လက်သမား၏ သားသမီးများမှာ အိပ်မောကျနေကြပြီ။

စူလတန် ခရီးထွက်သွားပြီးနောက် ပထမဆုံး နံနက်ခင်းတွင် မန်ဆူ နိုးလာသောအခါ လွတ်လပ်မှု အရသာကို အကြီးအကျယ် ခံစားနေရသည်။ သူ လွတ်လပ်သွားပြီ။ သူသည် ဗဇာမှ ဝယ်ခဲ့သည့် နေကာမျက်မှန်ကို တပ်ဆင်ကာ ကဘူးလ်မြို့ လမ်းများပေါ်တွင် တနာရီ မိုင် ခြောက်ဆယ်နှုန်းဖြင့် ကားလျှောက်မောင်းရင်း ဝန်တင်မြည်းများ၊ ပေရေနေသော ဆိတ်များ၊ သူတောင်းစားများနှင့် စည်းကမ်းကြီးသော ဂျာမန်စစ်သားများကို ဖြတ်ကျော်လာခဲ့သည်။

ချိုင့်ခွက်များကို ဖြတ်မောင်းစဉ် ဂျုံးဂျုံးဂျိုင်းဂျိုင်း မြည်သွားသဖြင့် ဂျာမန်များအား လက်ထောင်ပြလိုက်ပြီး ခုန်ရှောင်လိုက်ကြသည့် လမ်းသွားလမ်းလာများကို စိတ်ထဲမှ ကျိန်ဆဲလိုက်မိ၏။

ပြိုပျက်နေသော အိမ်များရှိသည့် ကဘူးလ်မြို့ ရပ်ကွက်များကို နောက်မှာချန်ထားခဲ့၏။

"အကျိုးဆက်ကို သူ လက်ခံရမယ်၊ ဒါဟာ အကျင့်စာရိတ္တနှင့် ဆိုင်တယ်ကွ" ဟု စူလတန် ပြောခဲ့သည်။

မန်ဆူကြောက်သည့် တဦးတည်းသောလူမှာ သူ့အဖေသာ။ သူ့ရှေ့တွင် ဆန့်ကျင်ဘက် မပြုရဲ။ သူ လေးစားသူမှာ သူ့အဖေသာ ဖြစ်သည်။

မန်ဆူ့ရည်ရွယ်ချက်က ကောင်မလေးတွေနှင့် သိကျွမ်းချင်သည်။ ဤကိစ္စမှာ မိမိတို့၏ သမီးများကို မိဘများက ကုမ္ဘဏ်ယက္ခတွေလို စောင့်ကြပ်နေကြသည့် ကဘူးလ်မြို့တွင် သိပ်လွယ်လှသည့်ကိစ္စ မဟုတ်ချေ။ သို့ဖြင့် အင်္ဂလိပ်စာသင်တန်း တက်ရန် သူ စိတ်ကူးရလိုက်၏။

ပါကစ္စတန်တွင် ကျောင်းတက်ခဲ့ရသဖြင့် သူ့အင်္ဂလိပ်စာမှာ ကောင်းသော်လည်း သူ သင်တန်း တက်သည့်ရည်ရွယ်ချက်က အချောဆုံး အလှဆုံး ကောင်မလေးတယောက်နှင့် တွေ့ချင်သောကြောင့် သာ။ သူ့တွက်ကိန်း မမှား။ သင်တန်း တကြိမ်တက်လိုက်သည်နှင့် အချော အလှလေးတယောက်ကို တွေ့လိုက်ပြီး သူမကို စကားပြောဖို့ သူ ကြိုးစားသည်။ တခါတော့ သူမ အိမ်အပြန် ကားမောင်းပို့ဖို့ပင် အခွင့်သာလိုက်သည်။ သူမအား သူ့ဆိုင်သို့လာရန် ဖိတ်ခေါ်သော်လည်း ဘယ်တော့မျှ သူမ ပေါ်မလာပါ။

တရက်တွင် သင်တန်းမှ သူမ နုတ်ထွက်သွား၏။ သူမကို သူလွမ်းသည်။ အင်္ဂလိပ်စာကို တတ်ကျွမ်းလိုလျက်နှင့် ကျောင်းထွက်သွားသည့် သူမအတွက်လည်း မန်ဆူ စိတ်မကောင်းပါ။

သူမကို သူ အလျင်အမြန် မေ့ပစ်လိုက်၏။ ဤနွေဦးတွင် မန်ဆူဘဝ၌ ဘာတခုမျှ အကောင်အထည် မပေါ်ခဲ့။ ဘာတခုမျှ မတည်မြဲခဲ့။

ကဘူးလ်မြို့စွန်မှ ပါတီတခုသို့ သူ သွားတက်ပြန်သည်။

"သူတို့ကဆေးခြောက်ရှူကြတာဗျ" ဟု နောက်တနေ့တွင် မန်ဆူက မိတ်ဆွေတယောက်အား ပြောပြ၏။

ထို့နောက်တနေ့တွင် စူလတန် အိမ်ပြန်ရောက်တော့မည်ဖြစ်ကြောင်း သတင်းရသဖြင့် မန်ဆူသည် ချက်ချင်း ဗျာများသွား၏။ အဖေခိုင်းထားတာတွေ ဘာတခုမှ သူ မလုပ်ရသေး။ လက်သမားကိစ္စအတွက် အဖေ မှာခဲ့သည့်အတိုင်း ဆောင်ရွက်ရန် စိတ်ကူးထဲပင် မထည့်မိခဲ့။

ရှရီဖာက သားအနားကပ်ပြီး မေးသည်။

"သား ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား ဟင်"

"ဘာမှ မဖြစ်ဘူး"

မန်ဆူက ဂျစ်ကန်ကန် ဖြေသည်။

သူမက တကျည်ကျည် ဆက်လုပ်သည်။

"ခင်ဗျား ပါးစပ်ပေါက် ပိတ်ပြီး ပါကစ္စတန် ပြန်သွားစမ်းဗျာ၊ ခင်ဗျား ရောက်လာကတည်းက ဒီမှာ သပွတ်အူလိုက်နေတာပဲ" ဟု မန်ဆူ အော်ငေါက်၏။

ရှရီဖာ ငိုပြီး "ဒီလိုသားမျိုး မွေးရတာ ဝမ်းရေစပ်တာပဲ အဖတ်တင်တယ်၊ အမေ ပြန်လာတာကို မကြိုက်ရအောင် ငါက ဘာတွေများ လုပ်နေလို့လဲ"

ရှရီဖာက သားသမီးများကို အော်ဟစ်သည်။ လာတီဖာက ငိုသည်။ ဘီဘီဂူးလ်က ကိုယ်ကို ယိမ်းထိုးနေ၏။ ဘူလ်ဘူလာက ကြောင်တောင်တောင် ငေးကြည့်နေ၏။ ဆိုညာက လာတီဖာကို ချော့နေပြီး လိုင်လာက ပန်းကန်ခွက်ယောက်များကို ဆေးကြောနေ၏။ ယူနုစ်နှင့်အတူ အိပ်သည့် အခန်းထဲသို့ မန်ဆူ ဝင်သွားစဉ် တံခါးကို ဆောင့်ပိတ်ခဲ့၏။ ယူနုစ်က အိပ်ရာထဲမှာ ဟောက်နေပြီ။ သူ့တွင် အသည်းရောင် အသားဝါ ဘီပိုး တွေ့ထားသဖြင့် တနေ့လုံး အခန်းအောင်းပြီး ဆေးသောက်နေရ၏။ သူ့မျက်လုံးများ ဝါထိန်နေပြီး တနေ့တခြား ဖြူဖျော့လာသည်။

နောက်တနေ့ စူလတန် ပြန်ရောက်လာသည့်အခါ သူ့ကို မန်ဆူ ရှောင်နေသော်လည်း သိပ်တော့ စိတ်ပူစရာမရှိ။ စူလတန့်အာရုံက ဆိုညာ့ထံ၌

ရစ်ဝဲနေသောကြောင့် ဖြစ်၏။ နောက်တနေ့ ဆိုင်သို့ရောက်တော့မှသာ မန်ဆူအား ခိုင်းထားသည့်ကိစ္စများကို စူလတန် မေးဖြစ်တော့၏။ ဤတွင်လည်း မန်ဆူ မဖြေရသေးခင်မှာပင် စူလတန်က ညွှန်ကြားချက်အသစ်များကို ထုတ်နေပြန်၏။

အီရန်သို့သွားသည့် စူလတန့်ခရီးစဉ်မှာ အောင်မြင်ပါသည်။ လုပ်ငန်း လုပ်ဖော်ကိုင်ဖက် တယောက်နှင့် ပြန်ချိတ်မိခဲ့ပြီး မကြာမီ ကဘူးလ်သို့ ပါရှန်စာအုပ်သေတ္တာများ ရောက်လာတော့မည်။

သို့သော် လက်သမားကိုတော့ စူလတန် မေ့ထားသည် မဟုတ်ချေ။

"မင်း ဘာတခုမှ မသိရသေးဘူးလားကွ၊ မင်းက ငါ့အလုပ်ကို ဖျက်လိုဖျက်ဆီး လုပ်နေတာလား၊ နက်ဖြန်ကျရင် ပုလိပ်ဌာနမှာ တိုင်ချက်သွားဖွင့်၊ ငါ ပါကစ္စတန်က ပြန်ရောက်လို့မှ သူ အချုပ်ထဲ မရောက်ဘူးဆိုရင် မင်းဟာ ငါ့သား မဟုတ်တော့ဘူး၊ ငါ့ပစ္စည်းကို ခိုးတဲ့လူ မှန်သမျှ ဒူးနှင့် မျက်ရည် သုတ်သွားရမယ်ဟေ့"

နောက်တနေ့ နံနက် မှောင်ရိပ်မဝင်မီအချိန်တွင် ကလေးနှစ်ယောက်ကို ခေါ်ဆောင်လာသော မိန်းမကြီးနှစ်ယောက်သည် ခန်းမိသားစု အိမ်တံခါးကို လာခေါက်ကြ၏။

လိုင်လာက အိပ်ချင်မူးတူးဖြင့် တံခါးထဖွင့်ပေးသည်။ မိန်းမကြီးများက ငိုကြွေး မြည်တမ်း နေကြသဖြင့် လက်ကား၏ အဘွားနှင့် အမေပဲဟု လိုင်လာ သိလိုက်သည်။

"သူ့ကို ခွင့်လွှတ်လိုက်ကြပါကွယ်၊ ခွင့်လွှတ်လိုက်ကြပါ" ဟု မိန်းမကြီးများက ငိုယို ပြောဆိုကြ၏။

အဘွားအိုက အသက် ကိုးဆယ်နား ကပ်နေပြီ။ သေးညှက် ပိန်ရှုံ့လျက် ကြွက်စုတ်လို မျက်နှာနှင့်။

သူမသည် လက်သမားအဖေ၏ မိခင်။

"အဘွားတို့မှာ စားစရာလည်းမရှိပါဘူး၊ ငတ်နေကြတာပါ၊ ကလေးတွေကိုလည်း ကြည့်ပါဦး"

လိုင်လာက သူတို့ကို အိမ်ထဲသို့ ခေါ်သွင်းလိုက်သည်။ ငိုသံယိုသံတို့ကြောင့် အိပ်ရာမှနိုးပြီး အခန်းထဲသို့ စုပြုံဝင်လာကြသည့် အမျိုးသမီးများ၏ခြေရင်းတွင် ကြွက်စုတ်လို မျက်နှာနှင့် အဘွားအိုသည် ထိုင်ချလိုက်၏။

မိန်းမကြီးနှစ်ယောက်နှင့်အတူ နှစ်နှစ်သားလေး တယောက်နှင့် ပိုလီယိုမလေး တယောက် ပါလာသည်။ ကြမ်းပြင်ပေါ်မှာ ထိုင်ဖို့ သူမ အတော်ကြိုးစားရသည်။

ပုလိပ်များ ရောက်လာချိန်တွင် အိမ်၌ ဂျလာလူဒင် မရှိသဖြင့် အဖေနှင့် ဦးလေးကို ခေါ်သွားကြ၏။ နောက်တနေ့နံနက်တွင် ဂျလာလူဒင်ကို ခေါ်ဦးမည် ဆိုသည်။ တညလုံး မည်သူမျှ မအိပ်ဖြစ်ကြ။ နံနက်စောစော ပုလိပ်များ ရောက်မလာမီ အဘွားအိုနှစ်ဦးက စူလတန့်ထံ တောင်းပန်ရန် ရောက်လာကြခြင်းပါ။

"သူခိုးတာ မှန်ရင်လည်း သူ့မိသားစုအသက်ကို ကယ်တင်ဖို့ပါကွယ်၊ ကလေးတွေကို ကြည့်ပါဦး၊ ငါးဖောင်ရိုးခြောက်ကလေးတွေ ဖြစ်နေကြပြီ"

မိုက်ခရိုရေယွန် အသည်းနှလုံးများ အရည်ပျော်သွားကြသော်လည်း သနားတာကလွဲလို့ ဘာမျှ မတတ်နိုင်။

"ကျွန်မတို့ ကူညီချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ တတ်နိုင်တာ ဘာမှမရှိပါဘူး၊ အခု စူလတန်လည်း အိမ်မှာ မရှိဘူး"

အဘွားကြီးနှစ်ယောက် ဆက်ငိုကြပြန်သည်။ လိုင်လာက အဘွားကြီးနှစ်ယောက်အတွက် ကြက်ဥကြော်နှင့် ပေါင်မုန့်၊ ကလေးနှစ်ယောက်အတွက် နွားနို့များ ယူလာပေးကြ၏။

အခန်းထဲသို့ မန်ဆူ ဝင်လာချိန်တွင် အဘွားကြီးနှစ်ယောက်က မန်ဆူ့ခြေထောက်ကို ပြေးနမ်းကြရာ ကန်ထုတ်ပစ်ခြင်း ခံလိုက်ရသည်။

အဘွားကြီး နှစ်ယောက်နှင့် ကလေး နှစ်ယောက် ရွာသို့ ပြန်သွားကြချိန်တွင် ဂျလာလူဒင်ကို ပုလိပ်များ ခေါ်သွားကြပြီ။

မွန်းလွဲပိုင်းတွင် မန်ဆူ သက်သေခံရ၏။ ပုလိပ်အရာရှိ စားပွဲအနီးတွင် ခွေးခြေတလုံးပေါ်တွင် သူ ခြေချိတ်ပြီးထိုင်သည်။ ပုလိပ်အရာရှိ၏ စစ်ဆေးချက်ကို နားထောင်နေသူပေါင်းက ခုနစ်ယောက်။ ကုလားထိုင် မလုံလောက်သဖြင့် နှစ်ယောက်က ခုံတလုံးတည်းတွင် အတူထိုင်ရ၏။ လက်သမားသည် ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက်။

ပုလိပ်တချို့က ထူထဲသော မီးခိုးရောင် ဆောင်းဝတ် ယူနီဖောင်းများကို ဝတ်ဆင်ထားကြ၏။ တချို့က ရိုးရာအဝတ်အစား။ ကျန်ပုလိပ်များက အစိမ်းရောင် စစ်ပုလိပ် ယူနီဖောင်း။ ဤ ပုလိပ်ဌာနတွင် အမှု များများစားစား မရှိသဖြင့် ယခု ပို့စကတ်ခိုးမှုသည် အမှုကြီး ဖြစ်နေတော့၏။

ပုလိပ်တယောက်က တံခါးအနီးတွင် ရပ်လျက် အထဲမှာပဲ ထိုင်ရတော့မလို၊ အပြင်ပဲ ထွက်ရတော့မလို ဖြစ်နေ၏။

"ပို့စကတ်တွေ ဘယ်သူ့ကို ရောင်းလိုက်တယ်ဆိုတာ အမှန်အတိုင်း ပြောပါ၊ မပြောရင် ဗဟိုအကျဉ်းထောင်အထိ ရောက်သွားလိမ့်မယ်" ဟု ပုလိပ်အရာရှိက ဂျလာလူဒင်အား ပြောစဉ် ဗဟိုအကျဉ်းထောင်ဟူသော စကားလုံးက ဂျလာလူဒင်အား ကျောစိမ့်သွားစေသည်။

ဗဟိုအကျဉ်းထောင်သည် တကယ့် ရာဇဝတ်သားများ သွားရောက်ရာနေရာ။ လက်သမားသည် မျှော်လင့်ချက် ကင်းမဲ့စွာ ကြမ်းပြင်ပေါ်တွင် အိကျပြီး လက်များကို ဆုပ်ခြေနေ၏။ လက်များတွင် ပြတ်ရှရာ သေးသေးလေးများ ပွစာကြဲလျက်။

ပြတင်းမှတဆင့် ဝင်လာသည့် နေရောင်ထဲတွင် ခား၊ လွှ၊ စူးတို့၏ ဒဏ်ရာဒဏ်ချက်များကို ဂျလာလူဒင်၏ လက်များတွင် အထင်းသား တွေ့နိုင်သည်။

တခဏအကြာတွင် သူ့အား ဆယ်ပေပတ်လည် အချုပ်ခန်းထဲသို့ ထည့်လိုက်ကြသည်။ ထိုနေရာသည် မတ်တတ်ရပ်လို့ မရနိုင်သည့်နေရာ။ ကုန်းကွကွ နေလိုကနေ၊ ဆောင့်ကြောင့် ထိုင်လိုကထိုင်၊ လျောင်းလိုကလျောင်း နေပေတော့။

ဂျလာလူဒင်၏ကံကြမ္မာသည် မန်ဆူမိသားစု၏လက်ထဲမှာ။ တိုင်ချက်ကို သူတို့ ရုပ်သိမ်းနိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။ သူတို့ တိုင်ချက်ကို အတည်ပြုလျှင် ဂျလာလူဒင် လွတ်ဖို့ ကြာလိမ့်မည်။

ထို့နောက် ပုလိပ်အရာရှိက "ငါတို့ မင်းကို ခုနစ်ဆယ့်နှစ်နာရီ ချုပ်ထားလို့ ရတယ်၊ ဒီအတွင်းမှာ မင်းစိတ်ကို ဆုံးဖြတ်ပါ" ဟု ပြော၏။

ပုလိပ်အရာရှိက ဂျလာလူဒင်ကို ပြစ်ဒဏ် ပေးချင်နေသည်။ ဆင်းရဲခြင်းသည် ခိုးရခြင်း၏ အကြောင်းရင်း မဟုတ်ချေ။

"ဆင်းရဲတဲ့လူတွေ ရှိကြတာပဲ၊ ကျုပ်တို့အနေနှင့် ပြစ်မှုကို အရေးမယူဘူးဆိုရင် လူ့အဖွဲ့အစည်း တခုလုံး အကျင့်စာရိတ္တ ပျက်ပြားလာမှာပေါ့"

ဂျလာလူဒင်အနေဖြင့် ထောင်ဒဏ် ခြောက်နှစ်လောက် ကျခံရနိုင်သည်ကို မန်ဆူ သိသွားသည့်အခါ သူ့ကလေးများအကြောင်းကို မန်ဆူ စတင် စဉ်းစားမိသည်။

"တာလီဘန်လက်ထက်ကဆိုရင် လက်ဖြတ်ပစ်မှာ၊ အခုလောက် မကြီးတဲ့ အမှုမျိုးနှင့်တောင် လက်ဖြတ်ပစ်တယ်" ဟု ပုလိပ်အရာရှိက ပြောပြီး

အမှုတမှုအကြောင်းကို ဇာတ်ကြောင်း ပြန်ကြသည်။

လင်သေ မုဆိုးမတယောက်အကြောင်းပါ။

"အဲဒီမိန်းမက သိပ်ဆင်းရဲတော့ အထွေးဆုံး သားလေးကို ဖိနပ် ဝယ်မပေးနိုင်ဘူး၊ ဆောင်းရာသီဖြစ်လို့ ကလေးဟာ အိမ်ထဲက အိမ်ပြင်တောင် မထွက်နိုင်ဘူး၊ သားအကြီးဆုံးက သူ့ညီလေးအတွက် ဖိနပ်တရန် ခိုးလာတယ်၊ အဲဒါကို လက်ပူးလက်ကြပ်မိပြီး ကောင်လေးရဲ့ ညာဘက်လက်ကို ဖြတ်ပစ်လိုက်ရော၊ ဒါပေမဲ့ ဒီလက်သမားက ခိုးတာမှ အကြိမ်ကြိမ် ခိုးတာ၊ ကလေးတွေကို ကျွေးဖို့ ခိုးတယ်ဆိုရင် တခါပဲ ခိုးရတော့မပေါ့"

ပုလိပ်အရာရှိက သူ့နောက်ဘက်ရှိ ဗီရိုထဲမှ မောင်းပြန်ဓားများ၊ မောင်းချဓားများ၊ လက်ကိုင်ရိုးပါသည့် ဓားမြှောင်များ၊ ပစ္စတိုများ၊ လျှပ်တပြက် မီးသီးများနှင့် ဖဲထုပ်တထုပ်ကို မန်ဆူအား ပြ၏။ လောင်းကစားမှု ကျူးလွန်လျှင် ထောင် ခြောက်လ ကျခံရနိုင်သည်။

"ဖဲထုပ်က သိမ်းဆည်းထားတဲ့ ဖဲထုပ်ကွ၊ ဖဲရှုံးသူက ဖဲနိုင်သူကို ဒီဓားနှင့် ထိုးတာ၊ နှစ်ယောက်လုံးက အရက်လည်း မူးနေကြတယ်၊ ဒီတော့ ထိုးတဲ့လူဟာ ဓားထိုးမှု၊ သောက်စား မူးယစ်မှု၊ လောင်းကစားမှုတွေနှင့် အပြစ်ပေး ခံလိုက်ရတယ်ကွ ဟား ဟား ဟား၊ နောက်တယောက်ကိုတော့ လွှတ်ပစ်လိုက်တယ်၊ သူက မသန်မစွမ်း ဖြစ်သွားပြီဆိုတော့ ဒီလောက်နှင့်ပဲ တော်ပြီပေါ့ကွာ"

"အရက်သောက်တဲ့အတွက် ပြစ်ဒဏ်က ဘာလဲဗျ" ဟု မန်ဆူ မေးသည်။ ရှာရီယာ ဥပဒေအရ အရက်သောက်ခြင်းသည် ကမ်းကုန်အောင် ဆိုးရွားသည့် အပြစ်ဖြစ်ပြီး ပြင်းထန်စွာ အပြစ် ပေးနိုင်သည်။ ကိုရန်ကျမ်းက ကြိမ်ဒဏ် ရှစ်ဆယ်ပေးရန် ထောက်ခံထားသည်။

"မှန်တာပြောရရင် ဒီလိုကိစ္စမျိုးတွေကို ငါတော့ မသိချင်ယောင်ဆောင် နေလိုက်တာပဲကွ"

"ကာမေသုမိစ္ဆာမှုကရော ဟင်"

"အဲဒီပြစ်မှုကို ကျူးလွန်ကြသူနှစ်ဦးဟာ အိမ်ထောင်သည်တွေဆိုရင် အသက်သေတဲ့အထိ ခဲနှင့် ဝိုင်းပေါက်ရတယ်၊ အိမ်ထောင်မရှိသူတွေ ဖြစ်ရင် ကြိမ်ဒဏ် တရာပေးပြီး ယူခိုင်းလိုက်တယ်၊ အိမ်ထောင်သည် ယောကျ်ားနှင့် အိမ်ထောင်မရှိ မိန်းမဆိုရင် ယောကျ်ားက မိန်းမကို ဒုတိယ မယား အဖြစ် ယူလိုက်ရတယ်၊ အိမ်ထောင်သည်မိန်းမနှင့် အိမ်ထောင် မရှိတဲ့ ယောကျ်ားဆိုရင်တော့ မိန်းမကို သတ်ပစ်ပြီး ယောကျ်ားကို ကြိမ်ဒဏ်ရိုက်

ထောင်ချပေါ့၊ ဒါပေမဲ့ တခါတခါ ငါ စဉ်းစားကြည့်တယ်ကွ၊ ပိုက်ဆံ လိုအပ်နေတဲ့ မုဆိုးမတယောက်ကွာ၊ ငါကလည်း ကူညီချင်တယ်ကွာ၊ အဲဒါဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ”

“ခင်ဗျားက ပြည့်တန်ဆာတွေအကြောင်း ပြောနေတာကိုး၊ သာမန်လူတွေဆိုရင်ရော”

"တခါတုန်းက အတွဲတတွဲကို ကားထဲမှာ မိဖူးတယ်ကွ၊ ငါတို့ရော မိဘတွေကပါ သူတို့ နှစ်ယောက်ကို အတင်း ပေးစားပစ်လိုက်ကြတယ်၊ အဲဒါ မကောင်းဘူးလား၊ ပြောရရင် ငါတို့က တာလီဘန် မဟုတ်ဘူးလေ၊ ခဲနှင့် ဝိုင်းပေါက်သတ်တာမျိုးကို ရှောင်ရမှာပဲ၊ ဒီလိုအဖြစ်မျိုးတွေကို အာဖဂန်တွေ မခံစားကြရပါစေနှင့်တော့”

ပုလိပ်အနားမှ ပြန်ထွက်လာစဉ် မန်ဆူ အတွေးနက်လာသည်။ ပုလိပ်အရာရှိက သူ့ကို သုံးရက် အချိန်ပေးလိုက်သည်။ ယခု ဂျလာလူဒင်ကို ကယ်မည်ဆိုလျှင် ကယ်နိုင်သေးသည်။ နောက်မှဆိုလျှင် ခရီး လွန်သွားတော့မည်။ မန်ဆူ ဆိုင်သို့မပြန်တော့ဘဲ အိမ်ပြန်ပြီး နေ့လယ်စာ စား၏။ ဤလိုမျိုး ဖြစ်တောင့်ဖြစ်ခဲပါ။ သူ ကော်ဇောတချပ်ပေါ် ပစ်လှဲလိုက်ချိန်တွင် နေ့လယ်စာက အသင့်ဖြစ်နေပြီ။

“ဖိနပ် ချွတ်လိုက်ဦးလေ” ဟု အမေက ပြော၏။

“သွားစမ်းဗျာ”

“မန်ဆူ၊ အမေ့စကားကို နားထောင်ရတယ်လေ”

ရှရီဖာ ဆက်ပြောသည်။ မန်ဆူ ဘာမျှပြန်မပြောဘဲ ကြမ်းပြင်ပေါ် လဲလျောင်းကာ ခြေထောက်တဖက်ကို ထောင်သည်။ အခြားတဖက်ကို ချိတ်တင်ထားလိုက်၏။ သူ့အမေ နှုတ်ပိတ်သွားသည်။

“ကျွန်တော်တို့ လက်သမားကိစ္စကို ဆုံးဖြတ်ရမယ်” ဟု ပြောပြီး မန်ဆူသည် စီးကရက် တလိပ်ကို မီးညှိလိုက်စဉ် သူ့အမေ မျက်ရည်ကျသည်။ သူ့အဖေရှေ့တွင် တခါမျှ ဆေးလိပ် မသောက်ဖူးခဲ့သော်လည်း အဖေ့မျက်ကွယ်ရာမှာတော့ သောက်၏။ အခန်းထဲမှာ ဆေးလိပ်မီးခိုးတွေ မိုးမွှန်သွားသည်။ အမေ့ကို မန်ဆူ မလေးမစား လုပ်သည့်အကြောင်း ဘီဘီဂူးလ် ပြောနေခဲ့တာ ကြာပြီ။ သို့သော် ဤတကြိမ်မှာတော့ မန်ဆူဆီသို့ လက်ကမ်းရင်း သူမ တီးတိုးပြောလိုက်သည်။

“အဘွားကို တလိပ်ပေး”

တိတ်ဆိတ်သွားသည်။ အဘွား ဆေးလိပ်သောက်တတ်နေပြီလား။

"အမေ"

လိုင်လာ အော်ပြီး ဘီဘီဂူးလ်လက်ထဲမှ စီးကရက်ကို ချိုးခြေပစ်လိုက်သည်။ မန်ဆူ နောက်တလိပ် ထပ်ပေးတော့ လိုင်လာက သဘောမကျဟန်ဖြင့် အခန်းထဲမှ ထွက်သွား၏။

ဘီဘီဂူးလ်သည် စီးကရက်ကို ပျော်ပျော်ကြီး ရှိုက်ဖွာရင်း ရယ်နေလေသည်။ ကိုယ်ကိုပင် ဘယ်တိမ်းညာငဲ့ မလုပ်တော့ဘဲ စီးကရက်ကို ဟန်ပါပါ လက်ကြားညှပ်ထားသည်။

"လက်သမားကို လွှတ်ပေးခိုင်းလိုက်ပါ၊ သူ့ပြစ်ဒဏ် သူ ခံပြီးပါပြီ၊ သူ ရိုက်တာ ခံရတာရယ်၊ အရှက်ရတာရယ်ဟာ ပြစ်ဒဏ် ခံလိုက်ရတာပဲပေါ့၊ ပြီးတော့ ပို့စကတ်တွေလည်း ပြန်ရပြီပဲ" ဟု ဘီဘီဂူးလ်က စီးကရက် ဖွာရင်း ပြော၏။

"သူ့ကလေးတွေကို သား တွေ့လိုက်တယ် မဟုတ်လား၊ သူ့ဝင်ငွေ မရှိရင် ဘယ်လို နေကြမလဲ မသိဘူး" ဟု ရှရီဖာက ဘီဘီဂူးလ်၏ စကားကို ထောက်ခံသည်။

"သူ့ကလေးတွေ သေသွားရင် တို့ တာဝန် မကင်းဘူးနော်"

စီးကရက်တိုကို ဘီဘီဂူးလ် ဖိခြေ မီးငြှိမ်းသတ်အပြီးတွင် အခန်းထဲသို့ ပြန်ဝင်လာသည့် လိုင်လာက ဝင်ပြော၏။

"သူ့ကို ခွင့်လွှတ်လိုက်ပါ မြေးရယ်"

မန်ဆူသည် မကြာသေးခင်ကရထားသော မိုဘိုင်းလ်ဖုန်းဖြင့် ပါကစ္စတန်တွင် ရောက်နေသည့် စူလတန်ထံသို့ ဆက်သွယ်ပြီး လက်သမားအား လွှတ်ပေးခွင့်ပြုရန် ခွင့်တောင်းလိုက်၏။ အခန်းထဲမှ လူများအားလုံး တုတ်တုတ်မျှ မလှုပ်ကြ။ ဖုန်းထဲမှာ ပြောနေသည့်စကားများကို နားစိုက်နေကြသည်။ ပါကစ္စတန်မှ ပြောနေသော စူလတန်၏အသံကို ကြားနေရ၏။

"သူက ငါ့လုပ်ငန်းကို ပျက်စီးအောင် လုပ်တာကွ၊ ငါက သူ့ကို လုပ်ခ ကောင်းကောင်း ပေးထားတာပဲ၊ ခိုးစရာ ဘာလိုလဲ၊ သူဟာ လူလိမ်လူကောက်"

"သူ ထောင်ခြောက်နှစ်လောက် ကျသွားနိုင်တယ် အဖေ၊ သူ ထောင်ကမလွတ်ခင် သူ့ကလေးတွေ သေကုန်တော့မှာ"

"သူ ထောင်ခြောက်နှစ်ကျလည်း ငါကတော့ မမှုဘူးဟေ့"

"အဖေ့အစာအိမ်ထဲမှာ ပြည့်နေတော့ အဖေက ဒီလိုပဲ ပြောမှာပေါ့"

"မင်းက ငါ့ကို အတိုက်အခံ ပြောရအောင် အတော်သတ္တိကောင်းနေပါလားကွ၊ နေရာတိုင်း နေရာတိုင်းမှာ ငါ့စကားကို မင်း နားထောင်ရမယ်၊ မင်း ဘာဖြစ်နေတာလဲ"

"ကောင်းပြီလေ"

မန်ဆူ ဖုန်း ပိတ်လိုက်သည်။ မိသားတစုလုံး ငြိမ်သက် တိတ်ဆိတ်။

"သူ့အသည်းနှလုံးက ကျောက်ခဲနှင့် လုပ်ထားတာကိုး" ဟု ရှရီဖာ ပြောပြီး သက်ပြင်း ချသည်။ ဆိုညာသည် နှုတ်ဆိတ်လျက်။

လက်သမားမိသားစုက နံနက်တိုင်း၊ ညနေတိုင်း ရောက်လာကြသည်။ တခါတရံ အဘွား။ တခြားအချိန်များတွင် အမေ၊ အဒေါ် သို့မဟုတ် ဇနီး။ ကလေးတယောက်စ နှစ်ယောက်စလည်း ပါလာလေ့ ရှိ၏။ သူတို့ လာတိုင်းလည်း ကြားသွားသည့်စကားက တမျိုးတည်းသာ။ စူလတန် ဆုံးဖြတ်ထားသည့်ကိစ္စ ဖြစ်သည်။ သူ ပြန်ရောက်လာလျှင် ကိစ္စအဝဝ အလိုလို ရှင်းသွားမည်။ သို့သော် ဤစကားသည် မမှန်ဟု သူတို့ သိပါ၏။

မန်ဆူက ပုလိပ်ဌာနသို့သွားပြီး အမှုကို ဆိုင်းငံ့ထားရန် ပြောသည်။ သူက သူ့အဖေ ပြန်အလာကို စောင့်ချင်သည်။ သို့သော် ပုလိပ်အရာရှိက မစောင့်နိုင်။ ဆယ်ပေပတ်လည် အချုပ်ခန်းတွင် အချုပ်သားများအား ရက်အနည်းငယ်သာ ထားနိုင်သောကြောင့် ဖြစ်၏။ လက်သမားအား ထပ်မံ စစ်ဆေးမေးမြန်းသော်လည်း ငြင်းမြဲ ငြင်းနေသည်။

ပုလိပ်ဌာနတွင် ကားမရှိသဖြင့် လက်သမားအား ကဘူးလ်မြို့ရှိ ပုလိပ်ရုံးချုပ်သို့ မန်ဆူ ကားမောင်းပြီး ပို့ပေးရသည်။

ပုလိပ်ဌာန အပြင်ဘက်တွင် လက်သမား၏အဖေ၊ သားနှင့် အဘွား။ မန်ဆူ့ကို မြင်တော့ သူတို့ ပြေးကပ်လာကြ၏။ စက္ကန့်တိုင်း မန်ဆူ စိတ်ညစ်နေသည်။ စူလတန် မရှိခိုက်တွင် စာနာစိတ် ကင်းမဲ့သည့် တရားသူကြီးလို သူ ပြုမူနေရသည်။

"အို ငါက အဖေခိုင်းတဲ့အတိုင်း လုပ်နေရတာပဲ" ဟု မန်ဆူ ဖြေတွေးတွေးပြီး နေကာမျက်မှန် တပ်ကာ ကားထဲသို့ ဝင်ထိုင်လိုက်၏။ အဘွားနှင့် သားတို့က အိမ်ပြန်ကြပြီ။ အဖေက အိုနာကျိုးကန်း စက်ဘီးလေးပေါ် ခုန်တက်ပြီး မန်ဆူ၏ ကားနောက်သို့ လိုက်၏။ သူ့သားနောက်သို့ လိုက်နိုင်သမျှ လိုက်ချင်နေပုံ ရသည်။ နောက်ဘက်ဆီတွင် သူ၏ပုံရိပ်များ ပျောက်ကွယ်သွားသည်ကို သူတို့ မြင်ကြရ၏။

မန်ဆူက ကားကို ခါတိုင်းထက် ဖြည်းဖြည်း မောင်းနှင်နေသည်။ ဤလမ်းတွေကို နှစ်ပေါင်းများစွာ ကြာပြီးမှ လက်သမား မြင်တွေ့ရတော့မည်။

ပုလိပ် ရုံးချုပ်သို့ ရောက်ပြီ။

တာလီဘန်လက်ထက်က ကဘူးလ်တွင် အေ့ာနှလုံး နာစရာ အကောင်းဆုံး အဆောက်အအုံ တလုံး။ ဤအဆောက်အအုံတွင် စာရိတ္တ မြှင့်တင်ရေး ဝန်ကြီးဌာနအဖြစ် လူသိပိုများသည့် သုစရိုက် ပြန့်ပွားရေးနှင့် ဒုစရိုက် ပပျောက်ရေး ဝန်ကြီးဌာန၏ ဘာသာရေး ပုလိပ်ဌာနချုပ် ရှိသည်။

မုတ်ဆိတ်သော်လည်းကောင်း၊ ဘောင်းဘီသော်လည်းကောင်း တိုနေသည့်ယောက်ျားများကို ဤနေရာသို့ ခေါ်လာကြ၏။

ဆွေမတော် မျိုးမစပ်သည့် ယောက်ျားသန်များနှင့်အတူ တွဲလျှောက်လာကြသည့် မိန်းမများ၊ အဖော်မပါ တကိုယ်တည်း လမ်းလျှောက်လာကြသည့် မိန်းမများ၊ ခေါင်းမြီးခြုံအောက်တွင် မိတ်ကပ် လိမ်းထားကြသည့် မိန်းမများကို ဤနေရာသို့ ခေါ်လာကြ၏။

သူတို့သည် ထောင်သို့ ပို့ခြင်းမခံရမီ သို့မဟုတ် မလွတ်မြောက်မီ ဤဌာနချုပ်တွင် ဆင်းရဲ ဒုက္ခ ခံနေကြရသည်။

တာလီဘန် ပြေးချိန်တွင် အချုပ်ခန်းများ ဖွင့်ပေးလိုက်သဖြင့် အချုပ်သားများ လွတ်မြောက် ကုန်ကြသည်။ အချုပ်သားများအား နှိပ်စက်ရာတွင် အသုံးပြုသည့် သံနန်းလွန်းကြိုးများနှင့် ကြိမ်လုံးများကို အချုပ်ခန်းများထဲတွင် တွေ့ရှိကြရ၏။

ယောက်ျားများကို ကိုယ်တုံးလုံးချွတ်၍ ရိုက်နှက်သည်။ မိန်းမများ နှိပ်စက်ခံရချိန်တွင် အဝတ်စတစ ပတ်ထားနိုင်သည်။ ဤ အဆောက်အအုံသည် တာလီဘန် မတိုင်ခင်က လူမဆန်သော ဆိုဗီယက် ထောက်လှမ်းရေး၊ ထို့နောက် မူဂျာဟေဒင်၏ ပရမ်းပတာ ပုလိပ်တပ်ဖွဲ့တို့ ရုံးစိုက်ခဲ့သည့် နေရာတည်း။

လက်သမားသည် ထုထည်ကြီးမားသော လေ့ကားထစ်များကို နင်း၍ အဆောက်အအုံ၏ ငါးလွှာသို့ တက်သွားသည်။ တောင်းပန်ခယနေသော သူ့မျက်လုံးများသည် ဦးခေါင်းထဲမှ ပြူးထွက်နေတော့သယောင်။

မန်ဆူသည် ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်လျက်။ ယခုမှဖြင့် သူ အလျှော့မပေးနိုင်တော့ပါ။ စူလတန် ဆုံးဖြတ်ထားပြီး ဖြစ်သည့်ကိစ္စကို သူ အတိုက်အခံ မလုပ်နိုင်။ သူ အမွေဖြတ်ခံရလိမ့်မည်။ သူ့ညီက စူလတန့်အချစ်တော် ဖြစ်လာသည်ကို သူ သိနေပြီ။ အက္ကဘဲလ် ကွန်ပျူတာ သင်နေနိုင်ပြီ။ သူ့ကို

စက်ဘီးတစီး ဝယ်ပေးဖို့ပင် စူလတန် ကတိပေးထားပြီ။ ယခု မန်ဆူက စူလတန်အား ကဏ္ဍကောစ လုပ်လိုက်လျှင် သူ့အပေါ် ရှိစုမဲ့စု သံယောဇဉ်တွေ အားလုံး ပြတ်တောက်သွားနိုင်၏။ လက်သမားကို သနားသည် မှန်သော်လည်း မန်ဆူ မစွန့်စားရဲချေ။

စစ်မေးခံဖို့နှင့် တိုင်ချက် မှတ်ပုံတင်ဖို့ သူတို့ စောင့်နေကြ၏။ အတိုင်ခံရသူသည် အပြစ် ရှိသည် သို့မဟုတ် အပြစ်မရှိသည် မထင်ရှားမီ ထောင်ထဲမှာ နေရသည်။ မည်သူမဆို တိုင်နိုင် တောနိုင်ပြီး အတိုင်အတော ခံရသူသည် ထောင်ထဲမှာ အချိန်ဖြုန်းပေတော့။

စစ်မေးသူထံသို့ မန်ဆူ အမှုတွဲ တင်လိုက်၏။ လက်သမားက ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက်။ သူ၏ ကောက်ကွေး ရှည်လျားသော ခြေသည်း လက်သည်းများ၏ ထိပ်သည် ကြေးညှော်များဖြင့် မည်းညစ်နေသည်။ ဂျာစီအင်္ကျီမှာ ကျောဘက်တွင် အကွဲကွဲ အပြဲပြဲ။ ဘောင်းဘီက တင်ပါးတွင် ချိတ်လျက်။

စားပွဲနောက်တွင် ထိုင်နေသည့် စစ်မေးသူက ကြေညာချက်နှစ်ခုကို ကာဘွန်စက္ကူ ခံ၍ ဂရုတစိုက် ရေးနေသည်။

“မင်းက ဘာဖြစ်လို့ အာဖဂန်နစ္စတန်က ပို့စကတ်တွေကိုမှ ဒီလောက်တောင် စိတ်ဝင်စားနေတာလဲကွ”

ပုလိပ်က လက်သမား၏အမှုကို ထူးဆန်းသလို ထင်နေသည်။ လက်သမားက အဖြေမပေးမီ သူ ဆက်ပြော၏။

“ငါ့ကို ပြောစမ်း၊ အဲဒါတွေကို ဘယ်သူ့ဆီ ရောင်းလိုက်သလဲ၊ ဆွေမျိုးသားချင်းတွေဆီ ပို့ဖို့ ခိုးတာတော့ မဟုတ်လောက်ဘူးကွ”

“ကျွန်တော် ယူတာ နှစ်ရာတည်းပါ၊ ရာဆူးက နည်းနည်း ပေးပါတယ် ခင်ဗျာ”

မန်ဆူ - “ရာဆူး မပေးဘူး၊ အဲဒါလိမ်တာ”

ပုလိပ် - “ဒီအခန်းထဲမှာ မင်းကို အမှန်အတိုင်း ဖွင့်ပြောဖို့ အခွင့်အရေး ပေးထားတယ်နော်”

ပုလိပ်က မန်ဆူအား စစ်မေးနေတော့မှ ဂျလာလူဒင် စိတ်လက် ပေါ့ပါးသွားသည်။

စစ်မေးသူ၏ ကျောဘက်ရှိ ပြတင်းပေါက်မှတဆင့် ကဘူးလ်မြို့ပြင်ရှိ တောင်ကုန်းတခုကို မြင်နေရ၏။ တောင်စောင်းတွင် အိမ်ကလေးများ တွယ်ကပ်လျက်။ လူသွားလမ်းလေးများက မြွေလိမ်မြွေကောက်သဏ္ဍာန်။ လူတွေကို လက်သမား မြင်နေရသည်။ တောင်ကုန်းပေါ်တွင် ပုရွက်ဆိတ်ကလေးတွေလို တက်ချည် ဆင်းချည်။ အိမ်များကို စစ်ဒဏ်ခံ ကဘူးလ်မြို့မှ ရတတ်သမျှ ပစ္စည်းများဖြင့် တည်ဆောက်ထားခြင်းပါ။ သွပ်ပြားတချို့၊ ပတ္တာဂူစတချို့၊ ပလတ်စတစ်စ အနည်းငယ်၊ အုတ်ချပ် အနည်းငယ်နှင့် အပျက်အစီးတို့၏ အပိုင်းအစများ။

စစ်မေးသူသည် လက်သမား၏ဘေးတွင် ရုတ်တရက် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

“မင်းမှာ ထမင်းငတ်နေတဲ့ သားသမီးတွေ ရှိတယ်ဆိုတာ ငါ သိတယ်၊ မင်း ရာဇဝတ်သား တယောက် မဟုတ်ဘူးဆိုတာ ငါသိတယ်၊ ဒီတော့ မင်းကို နောက်ဆုံး အခွင့်အရေးတခု ပေးလိုက်မယ်၊ ငါပြောတာ နားထောင်၊ ပို့စကတ်တွေ ရောင်းလိုက်တဲ့လူကို ဖော်ပြရင် မင်းကို လွှတ်ပေးလိုက်မယ်၊ မပြောရင်တော့ ကိုင်းကြီးကြီး နားဖို့သာ ပြင်တော့”

မန်ဆူ စိတ်မဝင်စားတော့ပါ။ ဤမေးခွန်းကို မေးခဲ့တာ အကြိမ်တရာလောက် ရှိပြီ။ သူ နာရီ ကြည့်ပြီး သမ်းဝေလိုက်၏။

ဂျလာလူဒင့်နှုတ်ဖျားမှ နာမည်တခု ရုတ်တရက် ထွက်ကျလာ၏။

အသံသည် တိုးလွန်းသောကြောင့် မပွင့်တပွင့် ရှိလွန်းလှသည်။

မန်ဆူ ခုန်ထလိုက်သည်။

ဂျလာလူဒင် ဖွင့်ဟလိုက်သည့် နာမည်ပိုင်ရှင်သည် ဈေးထဲတွင် ပြက္ခဒိန်၊ ဖောင်တိန်နှင့် ကတ် အမျိုးမျိုး ရောင်းချနေသူ။ အရင်က စူလတန့်ဆိုင်တွင် သူ ဝယ်ခဲ့သော်လည်း ယခု မဝယ်တော့သည် မှာ ကာလတခု ကြာခဲ့ပြီ။ စူလတန့်ဆိုင်မှာ ဝယ်တိုင်း ဈေးကြီးသည်ဟု ညည်းညူနေတတ်သည့် သူ့ကို မန်ဆူ ကောင်းကောင်း မှတ်မိနေ၏။

မှောက်ထားသောအဖုံးကို လှန်လိုက်သလို ရှိ၏။ ဂျလာလူဒင်မှာ စကားပြောရင်း နတ်ဝင်သည်လို တုန်ယင်နေဆဲ။

“ကျွန်တော် အလုပ်သွားခါနီးဆဲဆဲမှာ ကျွန်တော့်ဆီ သူ ရောက်လာပြီး ပိုက်ဆံ လိုသလားလို့ မေးပါတယ်၊ ကျွန်တော်က လိုတာပေါ့ဆိုတော့ ပို့စကတ်တွေ ယူပေးနိုင်မလားတဲ့၊ စစချင်း ကျွန်တော် ငြင်းပါသေးတယ်၊ ဒါပေမဲ့

သားသမီးတွေအကြောင်း တွေးမိလိုက်တယ်၊ လက်သမားလုပ်တာ တခုတည်းနှင့် သူတို့ကို ကျွန်တော် ဝလင်အောင် မကျွေးနိုင်ဘူး၊ မိန်းမကလည်း အသက် သုံးဆယ်သာ ရှိသေးတယ် သွားတွေ ကျိုးစပြုနေပြီ၊ ဒါတွေဟာ ကျွန်တော် ပိုက်ဆံလုံလောက်အောင် မရှာနိုင်လို့ဘဲ၊ ဒါကြောင့် စာအုပ်ဆိုင်မှာ အလုပ်လုပ်နေတဲ့အခိုက်မှာ ပို့စကတ် နည်းနည်းလောက် ယူလိုက်ရင် အိမ်ကပြဿနာတွေ ပြေလည်သွားမယ်လို့ တွေးလိုက်မိပါတယ်၊ စူလတန် သတိ မထားမိပါဘူး၊ သူ့မှာ ပို့စကတ်တွေ၊ ပိုက်ဆံတွေ အများကြီး ရှိနေတာ ဆိုတော့”

“ငါတို့ အဲဒီကိုသွားပြီး သက်သေခံပစ္စည်း သိမ်းကြမယ်” ဟု ပုလိပ်ကပြောပြီး လက်သမား၊ မန်ဆူနှင့် အခြား ပုလိပ်တယောက်တို့အား သူနှင့်အတူ လိုက်ဖို့ ခေါ်သည်။

ပို့စကတ်ဆိုင်တွင် ကောင်လေးတယောက် တွေ့ရ၏။

“မာမွတ် ရှိလားဟေ့” ဟု ပုလိပ်က မေးသည်။

မာမွတ်က နေ့လယ်စာ သွားစားနေသည်။ ပုလိပ်သည် အရပ်ဝတ်နှင့်ဖြစ်သဖြင့် သူ၏ သက်သေခံ ကတ်ပြားကို ထုတ်ပြပြီး ပို့စကတ်များကို စစ်ဆေးလိုကြောင်း ပြော၏။ စူလတန် ပုံနှိပ်သည့် ပို့စကတ်များကို အိတ်တလုံးထဲမှာ တွေ့ရသည်။ သူတို့ ရေတွက်ကြည့်ကြရာ ထောင်ပေါင်းများစွာ ရှိနေသော်လည်း တရားဝင် ဝယ်ထားသော အရေအတွက်နှင့် ခိုးရာပါ အရေအတွက်ကို ခွဲခြားခြင်းငှာ မတတ်သာ။ ပို့စကတ်များနှင့်အတူ ကောင်လေးကို ပုလိပ်ဌာနသို့ ခေါ်ဆောင်သွားကြသည်။ ပုလိပ်တယောက်က မာမွတ်ကိုစောင့်ရန် ဆိုင်တွင် နေရစ်ခဲ့သည်။ ဆိုင်ကို ချိပ်ပိတ်လိုက်၏။

ပုလိပ်အနားသို့ မာမွတ် ရောက်လာချိန်တွင် ခပတ်နှံ့ မပျောက်သေး။ ကနဦးတွင် မာမွတ်က လက်သမားထံတွင် မျက်စိရောက်လျက် ငြင်းမြဲငြင်းနေ၏။ စူလတန်၊ ယူနစ်၊ အက္ကာဘဲလ်၊ မန်ဆူတို့ အသီးသီးထံမှ ဝယ်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ ထို့နောက်မှ နည်းဗျူဟာ ပြောင်းသွားပြီး လက်သမားက လာရောက်ရောင်းချသော်လည်း ပို့စကတ် တစောင်မျှပင် သူ မဝယ်လိုက်ပါဟု အစစ်ခံ၏။

ထိုညက မာမွတ်ပါ အချုပ်ထဲမှာ အိပ်လိုက်ရသည်။ နောက်ဆုံးတွင် မန်ဆူ ပြန်လာခဲ့၏။ စကြံတွင် လက်သမား၏အဖေ၊ ဦးလေး၊ တူနှင့် သားတို့ စောင့်နေကြသည်ကို တွေ့ရသည်။ သူတို့နှင့် လွတ်အောင် မန်ဆူ ရှောင်ထွက်ခဲ့၏။ ဂျလာလူဒင် ဝန်ခံလိုက်ပြီ။ စူလတန်တော့ ဝမ်းသာမှာပဲ။ ပြဿနာ ရှင်းသွားပြီ။

“ဒါဟာ မင်းရဲ့ နောက်ဆုံးအခွင့်အရေးပဲ၊ မင်းဝန်ခံရင် မင်းကို

လွှတ်ပေးမယ်၊ မိသားစုဆီ မင်း ပြန်နိုင်မယ်” ဟူသော စစ်မေးသူ ပုလိပ်၏စကားကို မန်ဆူ ကြားယောင်၏။ မန်ဆူ စိတ်လက် မကြည်လင်ချေ။

ဒေခူဒိုင်ဒက်ရွာရှိ ပြိုပျက်နေသော ရွှံ့အိမ်တလုံးထဲတွင် မိန်းမတယောက် ထိုင်ငေးနေသည်။ သူမ၏သားသမီးများက ငိုကြွေးနေကြ၏။ သူတို့မှာ စားစရာ မရှိကြသေး။ အဘိုး ပြန်အလာကို သူတို့ စောင့်မျှော်နေကြသည်။ အဘိုးနှင့်အတူ စားစရာ တခုခု ပါလာလိမ့်မည်။ အဘိုး၏စက်ဘီး ခြံဝင်းထဲ ဝင်လာတော့ ကလေးများ ပြေးထွက်သွားကြ၏။ သို့သော် အဘိုး၏လက်ထဲမှာ ဘာမျှ ပါမလာချေ။ စက်ဘီးခြင်းထဲတွင်လည်း ဗလာ။ အဘိုး၏ မှုန်မှိုင်းနေသည့်မျက်နှာကို မြင်တော့ သူတို့ ခြေလှမ်း တုံ့သွားကြသည်။ ထို့ နောက် အဘိုးကို ဝိုင်းဝန်းခိုတွဲကာ ငိုကြွေးကြလေ၏။

“အဖေ ဘယ်မှာလဲဟင်၊ အဖေ ဘယ်တော့ပြန်လာမလဲဟင်”

ကျွန်တော့်အမေ အိုစမာ

တာ့ဂျ်ဗီသည် ကိုရန်ကျမ်းကို သူ့နဖူးရှေ့တွင် မြှောက်ကိုင်ကာ နမ်းရှုပ်လိုက်ပြီး အလျဉ်းသင့်ရာ ဂါထာတပုဒ်ကို ရွတ်လိုက်သည်။ ထို့နောက် စာအုပ်ကို တဖန် နမ်းပြီး အင်္ကျီအိတ်ထဲသို့ ထည့်ကာ ပြတင်းအပြင်သို့ ငေးကြည့်နေ၏။ ကားသည် ကဘူးလ် မြို့ပြင်ဘက်သို့ အရှေ့ဘက်ဆီ ဦးတည်မောင်းနှင်လျက်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ကြား ဂနာမငြိမ်သော နယ်စပ်ဒေသဆီသို့။ တာလီဘန်နှင့် အဲလ်ကိုင်ဒါတို့အား ထောက်ခံနေဆဲဖြစ်သည့် ဒေသဆီသို့။ အမေရိကန်တို့ အလိုအရ အကြမ်းဖက်သမားများ ပုန်းအောင်းလျက်ရှိသည့် အလှမ်းဝေးသော ဒေသဆီသို့။ ထိုဒေသတွင် မြေပြင်အနေအထားကို အမေရိကန်တို့ ပိုက်စိပ်တိုက်ကြသည်။ ဒေသခံ လူများအား မေးမြန်းကြသည်။ ကျောက်ဂူများကို ဖြိုချကြသည်။ ဝှက်ထားသော လက်နက်များနှင့် ပုန်းအောင်းရာနေရာများကို ရှာဖွေကြသည်။ ပြီးတော့ အကြမ်းဖက်သမားများနှင့် သူတို့ အမြဲတမ်း စိတ်ကူးယဉ်ခဲ့ကြသည့် အောင်ပွဲရ အထိမ်းအမှတ်ဖြစ်သော အိုစမာ ဘင်လာဒင်ကို ကြိုးစားပမ်းစား လိုက်လံရှာဖွေရင်း အရပ်သားတွေ သေကျေပျက်စီးအောင် ဗုံးများ ကြဲချကြ၏။

ဤဒေသသည် အဲလ်ကိုင်ဒါအပေါ် နွေဦး၏ အဓိက ထိုးစစ်ဖြစ်သည့် စပါးကြီးမြွေ စစ်ဆင်ရေး ဆင်နွှဲရာ၊ အာဖဂန်နစ္စတန်အတွင်းရှိ အိုစမာ၏ နောက်လိုက် အကြွင်းအကျန်များအား နိုင်ငံတကာ အထူးတပ်ဖွဲ့များက အမေရိကန် ပြည်ထောင်စု၏ ကွပ်ကဲမှုဖြင့် မီးကုန်ယမ်းကုန် တိုက်ခိုက်ရာ ဒေသ။ အဆိုအရ စစ်နယ်ရှင်များက ဗဟိုအာဏာပိုင် အဖွဲ့အစည်းကို မည်သည့်အခါမျှ အသိအမှတ် မပြုဘဲ မျိုးနွယ်စု လုပ်ထုံးလုပ်နည်းအရသာ အုပ်ချုပ်လျက်ရှိသည့် ဤနယ်စပ်ဒေသများတွင် အဲလ်ကိုင်ဒါ စစ်သား အမြောက်အမြားကို တွေ့နိုင်နေဆဲ ဖြစ်၏။

နယ်စပ် တဖက်တချက်ရှိ ပါ့ရှ်တွန်ရပ်ဝန်းမှ ကျေးရွာများကို စိမ့်ဝင် ထိုးဖောက်ရန် အမေရိကန်များနှင့် ဗဟို အာဏာပိုင် အဖွဲ့အစည်းအဖို့ မလွယ်ကူပါ။

အိုစမာ ဘင်လာဒင်နှင့် တာလီဘန် ခေါင်းဆောင် မူလာအိုမာတို့ အာဖဂန်နစ္စတန်တွင် သက်ရှိထင်ရှား ရှိနေကြဆဲဖြစ်ပြီး ဤနယ်စပ်ဒေသသည် သူတို့ ရှိနေကြသည့်နေရာ ဖြစ်သည်ဟု ထောက်လှမ်းရေး ကျွမ်းကျင်သူများက ယုံကြည်ထားကြ၏။

သူတို့ကို ရှာတွေ့ဖို့ တာ့ဂျ်ဗီ ကြိုးစားနေပါသည်။ ယုတ်စွအဆုံး သူတို့ကို

မြင်ဖူးသည့် တယောက်အား သိသူကို ရှာတွေ့လိုခြင်းဖြစ်သည်။ ဒါမှမဟုတ် သူတို့နှင့်တူသူ တယောက်ယောက် အား မြင်ဖူးသည်ဟု ထင်သူကို ရှာတွေ့လိုခြင်းပါ။ တာ့ဂျ်ဗီက သူ၏ ခရီးသွားဖော်နှင့် ဆန့်ကျင်စွာ သူတို့ကို လုံးဝ တွေ့ရလိမ့်မည် မဟုတ်ဟု ထင်နေသည်။

အန္တရာယ်ကို တာ့ဂျ်ဗီ ကြောက်သည်။ အန္တရာယ်ကို အချိန်မရွေး ရင်ဆိုင်ရနိုင်သော မျိုးနွယ်စု ဒေသများအတွင်း ခရီး စတင်သွားရခြင်းကို တာ့ဂျ်ဗီ ရွံ့မုန်းသည်။ မော်တော်ကား နောက်ခန်းတွင် ကျည်ကာအင်္ကျီများနှင့် အမာစား ဦးထုပ်များ အသင့် ဆောင်ထား၏။

"မင်း ဘာဖတ်နေတာလဲ တာ့ဂျ်ဗီ"

"ကိုရန်ကျမ်း"

"ကိုရန်ကျမ်းတော့ ငါ မြင်တာပေါ့ကွ၊ ငါ ဆိုလိုတာက ခရီးသွားကဏ္ဍလား၊ ဒါမှမဟုတ် ဘယ်ကဏ္ဍကို ဖတ်နေတာလဲလို့ မေးတာ"

"ဟင့်အင်း၊ မျက်စိအောက်မှာ တွေ့လိုက်တာကို ဖတ်တာပဲ၊ အခု ငါ ဖတ်နေတာက ဘုရားသခင်နှင့် သူ့ရဲ့တမန်တော့်စကား နားထောင်ရင် ကောင်းကင်ဘုံက ဥယျာဉ်ထဲကို ရောက်မယ်၊ နားမထောင်ရင် ဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံရမယ်တဲ့၊ ငါ ကြောက်တဲ့အခါ၊ စိတ်ထိခိုက်တဲ့အခါတိုင်း ကိုရန်ကျမ်း ဖတ်တယ်ကွ"

"အို ဒီလိုလား" ဟု ဘော့ဘ်က ပြောပြီး ပြတင်းတွင် ခေါင်းမှီလိုက်သည်။

ကဘူးလ်မြို့၏ ညစ်ပတ် ပေရေလျက်ရှိသော လမ်းများကို မေးထားသည့် မျက်လုံးများဖြင့် သူ မြင်နေရသည်။ နံနက်ခင်း နေရောင်ခြည်ထဲသို့ ဦးတည်မောင်းနေသဖြင့် ဘော့ဘ်သည် မျက်လုံးများကို မှိတ်ထားလိုက်၏။

တာ့ဂျ်ဗီသည် သူ့အလုပ်တာဝန်အကြောင်းကို တွေးနေသည်။ အမေရိကန် မဂ္ဂဇင်းကြီး တစောင်အတွက် စကားပြန်အလုပ်ကို သူ ရထားသည်။ စောစောပိုင်း တာလီဘန်လက်ထက်တုန်းက ကုသိုလ်ဖြစ် အဖွဲ့အစည်းတခုတွင် လုပ်ကိုင်ခဲ့ရာ သူ့တာဝန်မှာ ဆင်းရဲသူ ဆင်းရဲသားများအား ဂျုံနှင့် ဆန် ဖြန့်ဝေပေးရန် ဖြစ်သည်။ စက်တင်ဘာလ ၁၁ ရက် နောက်ပိုင်းတွင် နိုင်ငံခြားသားများ ထွက်ခွာသွားကြပြီး တာ့ဂျ်ဗီတယောက်တည်း ကျန်ရစ်ခဲ့ချိန်တွင် သူ၏ ကြိုးပမ်းဆောင်ရွက်မှုများကို တာလီဘန်က ပိတ်ဆို့၏။ ဤသို့ဖြင့် စားနပ်ရိက္ခာ ဖြန့်ဝေသည့်လုပ်ငန်းများ ရပ်နားထားရသည်။

တနေ့တွင် စားနပ်ရိက္ခာ ဖြန့်ဝေရာ ဌာနပေါ် ဗုံးကျသဖြင့် ပျက်စီးသွားရာ

ဖြန့်ဝေမှုများ ရပ်ဆိုင်းထားရခြင်းအတွက် ဘုရားသခင်ကို တာ့ဂျ်ဗီ ကျေးဇူးတင်မိတော့၏။ ဤနေရာတွင် မိန်းမတွေ၊ ကလေးတွေ အုံခဲတန်းစီနေလျှင် ဘယ်လို အကျိုးဆက် ဖြစ်ပေါ်သွားမည်လဲ။

ကဘူးလ်မြို့ထဲသို့ ဂျာနယ်လစ်များ ဝင်ရောက်လာချိန်တွင် အမေရိကန် မဂ္ဂဇင်းက တာ့ဂျ်ဗီအား ရွေးကောက်လိုက်ပြီး သူ၏ သီတင်းနှစ်ပတ်စာ လုပ်ခနှင့် ညီမျှသည့် ငွေကြေးကို နေ့တွက်စရိတ်အဖြစ် ပေး၏။ ဆင်းရဲသော မိသားစုအတွက် ငဲ့ပြီး ကုသိုလ်ဖြစ် အဖွဲ့အစည်းမှ အလုပ် ထွက်ကာ အင်္ဂလိပ် စကားပြန်အလုပ်ကို လက်ခံလိုက်ခြင်းပါ။

အာဖဂန် မိသားစု၏ အတိုင်းအတာအရဆိုလျှင် သေးငယ်သည်ဟု ယူဆနိုင်သည့် သူ့မိသားစုတွင် အလုပ်လုပ်သူဟူ၍ တာ့ဂျ်ဗီ တယောက်တည်း ရှိသည်။

သူသည် အမေ၊ အဖေ၊ ဖအေတူ မအေကွဲ နှမ၊ ဇနီးသည်၊ တနှစ်သမီးလေး ဘဟာတို့နှင့် အတူ မိုက်ခရိုရေယွန် တိုက်ခန်းလေးတခန်းတွင် နေထိုင်ပါသည်။ စူလတန်မိသားစုနှင့် နီးသည်။ တာ့ဂျ်ဗီ၏အမေက စူလတန့်အစ်မ အကြီးဆုံး ဖီရိုဇာ။

သူမသည် စည်းကမ်း အတင်းကျပ်ဆုံး မိခင်ဖြစ်၏။ တာ့ဂျ်ဗီအား ငယ်စဉ်ကပင် အိမ်ပြင်တွင် အခြားကလေးများနှင့် ဆော့ကစားခွင့် မပြုခဲ့။ ဖီရိုဇာ့မျက်စိအောက်မှာသာ တာ့ဂျ်ဗီ ဆော့ကစားခဲ့ရသည်။ သူ့အား သူမက ကျောင်းစာ လုပ်ခိုင်းသည်။ ကျောင်းဆင်းလျှင် အိမ်သို့ တန်းပြန်။ ဘယ်တုန်းကမျှ တာ့ဂျ်ဗီ မကန့်ကွက်ရဲ။ ဖီရိုဇာအား စောဒက တက်ဖို့မဖြစ်နိုင်။ သူ့ကို သူမ ရိုက်လိမ့်မည်။ သူမက အရိုက်ကြမ်းသည်။

“အမေက အိုစမာ ဘင်လာဒင်ထက်တောင် ဆိုးသေးတယ်” ဟု တာ့ဂျ်ဗီက ဘောဘ်အား ပြောဖူးသည်။ သူ၏ အမေရိကန်မိတ်ဆွေများက ‘အိုစမာ’ အကြောင်း ကြောက်မက်ဖွယ် ကောင်းသော ပုံပြင်များကို ကြားဖူးကြ၏။ သူမကို ခေါင်းမြီးခြုံအောက်က အပေါက်ဆိုးဆိုး အမျိုးသမီးဟု သူတို့ ထင်ကြသော်လည်း တာ့ဂျ်ဗီထံ အလည်အပတ် သွားစဉ် သူတို့တွေ့ရသည်မှာ စူးစမ်းသော မျက်စိမေးမေးလေးများ ရှိသည့် ပြုံးချိုနေသော ခပ်ညှက်ညှက် အမျိုးသမီး တယောက်သာ။

သူမ၏လည်ပင်းတွင် အစ္စလာမ် ဓမ္မသြဝါဒ ရေးထိုးထားသော ရွှေသားလည်ဆွဲ တံဆိပ်ကြီး တခု။ တာ့ဂျ်ဗီ ပထမဆုံးရသည့် အမေရိကန်တို့၏လစာဖြင့် သူမ ဝယ်ထားခြင်း ဖြစ်သည်။ သူ လစာ မည်ရွေ့မည်မျှ ရသည်ကို ဖီရိုဇာ သိသည်။ သူ ရသည့်လစာကို သူမထံ အကုန် ပြန်အပ်ရပြီး သူမက

မုန့်ဖိုးပဲဖိုး ပြန်ပေးသည်။ သူမက သူ့အား ဖိနပ်များနှင့် အခြား တွေ့ကရာ ပစ္စည်းတို့ဖြင့် ပစ်ပေါက်သည့် အိမ်နံရံပေါ်ရှိ ဒဏ်ရာဒဏ်ချက်များကို တာ့ဂျ်ဗီက အမေရိကန် မိတ်ဆွေများအား ပြသည်။ ယခုတော့ သူ ရယ်ရွှန်းဖတ်ရွှန်း ပြောနိုင်ပါပြီ။ အာဏာရှင်ဆန်သည့် ဖီရိုဇာမှာ ရယ်စရာ ပုံပြင် ဖြစ်သွားပြီ။

ဖီရိုဇာက တာ့ဂျ်ဗီအား အရေးပါ အရာရောက်သူတဦး ဖြစ်စေလို၏။ သူမမှာ ငွေပို ငွေလျှံလေးများ ရှိသည်နှင့် တာ့ဂျ်ဗီအား အင်္ဂလိပ်စာသင်တန်း၊ အပို သင်္ချာသင်တန်း၊ ကွန်ပျူတာ သင်တန်းများသို့ ပို့ပေးသည်။

တာ့ဂျ်ဗီသည် သူ့အဖေနှင့် သိပ်မတွေ့ရ။ သူ့အဖေက ကြင်နာ ထောက်ထားတတ်သူ။ နည်းနည်းတော့ သူရဲဘောကြောင်သည်။ ကျန်းမာရေးလည်း မကောင်းရှာ။ အလုပ်အကိုင် ကောင်းစဉ်အခါတုန်းက အရောင်း ကိုယ်စားလှယ်တယောက်အဖြစ် အိန္ဒိယနှင့် ပါကစ္စတန်တို့သို့ ခရီး စတင်သွားခဲ့ရ၏။ သူ ပြန်လာလျှင် တခါတရံ ပိုက်ဆံ ပါလာတတ်ပြီး တခါတရံ မပါ။

ဖီရိုဇာသည် တာ့ဂျ်ဗီအား ရိုက်နှက်သော်လည်း လင်ကိုကျတော့ လက်ဖျားနှင့်ပင် မတို့ချေ။ နှစ်ကာလများအတွင်း ဖီရိုဇာသည် ဘောလုံးတလုံးလို ဝဖောင်းလာ၏။ မျက်မှန်အထူကြီးက သူမ၏ နှာခေါင်းဖျားထက်မှာ ချိတ်ချင် ချိတ်၊ လည်ပင်းမှာ တွဲလောင်းကျချင် ကျ။ သူမ၏လင်မှာမူ ဆံပင်တွေ ဖြူပြီး ပိန်ချုံး ချည့်နဲ့လျက် သစ်ကိုင်းခြောက်လို ကွပ်ဆတ်နေတော့ပြီ။

ဖီရိုဇာက သားသမီး ထပ်မရတော့သော်လည်း လိုချင်နေသေးသည်။ ကဘူးလ်မြို့ရှိ မိဘမဲ့ ကလေးများ ဂေဟာတခုသို့ သွားကြည့်ရာတွင် ခက်ရှ်ဗက်ရှ်ကို တွေ့ခဲ့ခြင်း ဖြစ်၏။ သူမသည် ညစ်ပတ်နေသော ခေါင်းအုံးစွပ်ဖြင့် ရစ်ပတ်ကာ မိဘမဲ့ကလေးများ ဂေဟာအနီးတွင် စွန့်ပစ်ခြင်း ခံခဲ့ရသူ ကလေး။ ဖီရိုဇာက သူမကို တာ့ဂျ်ဗီ၏ နှမအဖြစ် မွေးစားခဲ့၏။

ခက်ရှ်ဗက်ရှ်ကား ထိုးထိုးထောင်ထောင်နိုင်သော မိန်းကလေး ဖြစ်သည်။ ပိန်လှီလိုက်ပုံက ကျူရိုးလေးလို။ အသားအရေ ညိုမောင်းသည်။ မိသားစု ပြန်လည် ပေါင်းဆုံပွဲတွင် မြင်းပေါက်ကလေးတကောင်လို ပြေးလွှားနေသော သူမကို ကြည့်၍ ဖီရိုဇာ စိတ်ခတ် ကျရသည်။

အမွေ့စကားကို တာ့ဂျ်ဗီ နားထောင်ခဲ့သလောက် ခက်ရှ်ဗက်ရှ်က နားမထောင်သော်လည်း ဖီရိုဇာ သွားလေရာတွင် ပိန်ကပ်ကပ် အရိပ်ကလေးတခုလို နောက်ပါးမှ လိုက်ပါနေတတ်၏။

ကလေးအားလုံးနည်းတူပင် တာလီဘန်အကြောင်းကို ခက်ရှ်ဗက်ရှ် သိပါသည်။ တခါက ခက်ရှ်ဗက်ရှ်နှင့် သူငယ်ချင်းတယောက်ကို

လက်ဘ်တယောက်က လှေကားခွင်ပေါ်တွင် ရိုက်နှက်ဖူး၏။ ခက်ရှ်ဗက်ရှ်တို့နှင့် အတူကစားနေရင်း သူ့ဘာသာ လိမ့်ကျပြီး ထိခိုက် ဒဏ်ရာ ရသွားသည့် သူ့သားကို အကြောင်းပြု၍ ရိုက်နှက်ခြင်းပါ။ တာလီဘန်ဆိုတာ မိုက်ခရိုရေယွန်းက ကောင်လေးများနှင့်အတူ သူမအား ကျောင်းသွားခွင့် မပြုသည့်လူတွေ။ သီဆိုခြင်း၊ လက်ခုပ် တီးခြင်း၊ ကခုန်ခြင်းတို့ကို တားမြစ်သည့်လူတွေ။ သူမအား အိမ်ပြင်ပတွင် အရုပ်များနှင့် ဆော့ကစားခြင်းကို တားဆီးသည့်လူတွေ။ ယမင်းရုပ်များနှင့် အမွေးထူထူ တိရစ္ဆာန်အရုပ်များမှာ သက်ရှိ သတ္တဝါတို့၏ အရုပ်များ ဖြစ်သဖြင့် ပိတ်ပင်ကြသည့်လူတွေ။

အိမ်များတွင် ရှာဖွေရေးလုပ်သည့် ဘာသာရေးပုလိပ်တို့က တီဗီနှင့် ကက်ဆက်များကို ရိုက်ခွဲပစ်ကြပြီး ကလေးတို့၏ကစားစရာ အရုပ်များမှ ခြေ၊ လက်၊ ဦးခေါင်းတို့ကို မှင်တက်မိနေသည့် ကလေးများ၏ရှေ့မှောက်တွင် ချိုးဖဲ့ပစ်ကြ၏။

ဖီရိုဇာက ခက်ရှ်ဗက်ရှ်အား တာလီဘန် ပြေးပြီဟု ပြောသည့်အခါ သူမ ပထမဆုံး လုပ်သည့် အလုပ်မှာ သူမ အနှစ်သက်ဆုံး ယမင်းရုပ်ကို အိမ်ပြင်ထုတ်၍ လူမြင်သူမြင် ဆော့ကစားခြင်း ဖြစ်သည်။ တာ့ဂျ်မီ မုတ်ဆိတ် ပယ်လိုက်သည်။ ဖီရိုဇာက ဖုန်တက်နေသည့် ကက်ဆက်ကို ထုတ်၍ အခန်းထဲတွင် တွန့်လိမ်ကာ “ငါတို့ ငါးနှစ်စာ အတိုးချ ပျော်ရတော့မယ်” ဆိုသောစကားကို သီချင်းလုပ် ဆိုနေလေသည်။

ဖီရိုဇာ နောက်ထပ် ကလေး မရတော့ပါ။ ခက်ရှ်ဗက်ရှ်အား မွေးစားပြီးသည်နှင့် တပြိုင်နက် ပြည်တွင်းစစ် ဖြစ်ပွားပြီး စူလတန့်မိသားစုနှင့်အတူ ပါကစ္စတန်သို့ ထွက်ပြေး၏။ ကဘူးလ်သို့ သူမ ပြန်ရောက်ချိန်တွင် တာ့ဂျ်မီအတွက် မိန်းမ ရှာပေးဖို့ အချိန်တန်နေပြီ။ စွန့်ပစ်ထားသည့် ကလေးများကို မွေးစားဖို့ အချိန် မဟုတ်တော့။

ပါကစ္စတန်တွင် အင်္ဂလိပ်စာသင်တန်း တက်ခဲ့စဉ်က တာ့ဂျ်မီတွင် ချစ်သူ ရှိခဲ့၏။ သို့သော် သူတို့နှစ်ယောက်သည် လက်ချင်း မချိတ်ဖူးကြ။ မွှေးမွှေး မပေးဖူးကြ။ သူတို့ အပြန်အလှန် အမှာစာ ပါးကြသည်။ ဤမိန်းကလေးအကြောင်းကို ဖီရိုဇာအား ဖွင့်ပြောပြဖို့ တာ့ဂျ်မီ မဝံ့ရဲသဖြင့် စိတ်ကူးယဉ်ကမ္ဘာထဲ၌သာ မွေ့လျော်နေခဲ့ရ၏။ သူမက စစ်သူရဲကောင်း မာဆွတ်၏ ဆွေမျိုး တယောက် ဖြစ်သည်။

အမေသိလျှင် ဖြစ်ပေါ်လာနိုင်သော ပြဿနာများအတွက် တွေးကြောက်နိုင်သည်ကို တာ့ဂျ်မီ သိ၏။ သူ ပညာသင်ခဲ့သည်မှာ တစုံတရာကို တောင်းဆိုဖို့ မဟုတ်။ သူ့ခံစားချက်ကို ဖီရိုဇာအား မည်သည့်အခါမျှ မဖွင့်ဟခဲ့။

"သားနှင့် ပေးစားချင်တဲ့ ကလေးမလေးတယောက် အမေ တွေ့ထားတယ်"

တနေ့တွင် ဖီရိုဇာ ပြောသည်။

တာ့ဂျ်ဗီထံမှ "အို" ဟု အသံထွက်လာပြီး လည်ချောင်းထဲမှာ ဆို့ကျပ်သွား၏။ မကျေနပ်ကြောင်း ပြောသည့် စကားတလုံးမျှ ထွက်ကျမလာ။ မျှော်လင့် ရည်မှန်းထားသော်လည်း ဖြစ်လာနိုင်ဖွယ် မရှိသော ချစ်သူထံ စာရေးပြီး မိမိတို့အချစ်ရေး နိဋ္ဌိတံသွားပြီဖြစ်ကြောင်း အသိပေးလိုက်လျှင် ကောင်းမည်ဟု သူ သိ၏။

"ဘယ်သူလဲ အမေ" ဟု သူ မေးသည်။

"သားနှင့် နှစ်ဝမ်းကွဲ မောင်နှမတော်တဲ့ ခါဒီဂျာပဲ၊ သား ငယ်ငယ်ကတည်းက ခါဒီဂျာနှင့် သား မတွေ့တော့တာ၊ သူက မျိုးကောင်းရိုးကောင်းကလေးပါ၊ အလုပ်လည်း တော်တယ် သားရဲ့"

တာ့ဂျ်ဗီ ခေါင်းညိတ်ရုံသာ ညိတ်လိုက်သည်။ နောက်နှစ်လအကြာ စေ့စပ်ကြောင်းလမ်းပွဲတွင် ခါဒီဂျာကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရသည်။ တယောက်နှင့် တယောက် စကားပြောဆိုခြင်း မရှိဘဲ ဘေးချင်းယှဉ်လျက် ထိုင်ခဲ့ကြခြင်း ဖြစ်၏။

ခါဒီဂျာသည် ၁၉၂၀ ပြည့်လွန်နှစ်များဆီက ပါရီမြို့သူ ဂျာ့ဇ်အဆိုတော်တယောက်နှင့် တူနေလေသည်။ သူမသည် နက်မှောင်သော လှိုင်းတွန့်ဆံပင်ကို ပခုံးတဖက်ပေါ်သို့ ချထားပြီး ပေါင်ဒါရိုက်ထားသော အသားအရေ ရှိကာ မျက်ဝန်းကို အနက်ရောင်၊ နှုတ်ခမ်းကို အနီရောင် ဆေးဆိုးထား၏။ ပါးပြင်မှာ ကျဉ်းသော်လည်း နှုတ်ခမ်းများကတော့ ကျယ်သည်။ သို့သော် အာဖဂန် စံဖြင့် တိုင်းတာလျှင် လှလွန်းသည်ဟု မဆိုသာ။ သူမသည် ပိန်လွန်း၏။ စံပြ အာဖဂန်အမျိုးသမီး တယောက်က လုံးလုံးဝန်းဝန်း ရှိသည်။ လုံးဝန်းသော ပါးပြင်၊ လုံးဝန်းသော တင်ပါးနှင့် လုံးဝန်းသော ဗိုက်သားများ ရှိ သည်။

"အခုတော့ ခါဒီဂျာကို ချစ်နေပြီကွ" ဟု တာ့ဂျ်ဗီ ပြော၏။ ဂါ့စ်မြို့ကို သူတို့ ချဉ်းကပ်လာ၏။ တာ့ဂျ်ဗီက သူ့ဘဝအကြောင်းကို အမေရိကန်ဂျာနယ်လစ် ဘော့ဘ်အား ပြန်ပြောနေခြင်းပါ။

"မင်းရဲ့ချစ်သူ ကောင်မလေးအကြောင်းလည်း ပြောဦးလေကွာ" သူမအကြောင်းကို တာ့ဂျ်ဗီ ဘာမျှ မသိနိုင်တော့ပါ။ သတိလည်း မရတော့။

လွန်ခဲ့သောနှစ်က သူနှင့် ခါဒီဂျာတို့မှာ သမီးလေးတယောက် မွေး၏။

"ခါဒီဂျာက သမီးလေး မွေးလို့ စိတ်ခတ် ကျနေတယ်ကွ၊ ငါက သမီးလေး လိုချင်တာပါလို့ သူ့ကိုရော လူတိုင်းကိုရော ပြောထားတယ်ကွာ၊ အဲသလို စကားခံ ရှိထားတော့ သမီးလေး မွေးလာလည်း ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့၊ သားလေး မွေးလာရင်လည်း လူတိုင်း လိုချင်ကြတာ မဟုတ်လား၊ အခု ခါဒီဂျာ စိတ်ခတ်ကျနေတာက ကိုယ်ဝန် မရတော့လို့ကွ၊ အဲဒီတော့ သူ့ကို ပြောရတယ်၊ ကလေးတယောက်ပဲ ကောင်းပါတယ်လို့၊ အနောက်နိုင်ငံကလူတွေ ကလေး တယောက်ပဲ ယူကြတာ မဟုတ်လား"

သူတို့ စားစရာ ဝယ်ရန် ဂါ့စ်မြို့တွင် ရပ်နားပြီး Hi-lite စီးကရက် တကာတွန်း၊ သခွားသီး နှစ်ပေါင်၊ ကြက်ဥ အလုံးနှစ်ဆယ်နှင့် ပေါင်မုန့် အနည်းငယ် ဝယ်ကြသည်။

သခွားသီးများကို အခွံနွှာ၊ ကြက်ဥများကို ဖောက်နေကြစဉ် ဘော့ဘ်က ရုတ်တရက် "ရပ်" ဟု အော်လိုက်၏။

လမ်းဘေးတွင် ဝိုင်းဖွဲ့ထိုင်နေသော လူအယောက် သုံးဆယ်ခန့်။ သူတို့ရှေ့ မြေပြင်ပေါ်တွင် ကလာ့ရှ်နီကော့ဗ်သေနတ်များ လဲလျောင်းလျက်။ သူတို့၏ရင်ဘတ်များကို ကန့်လန့်ဖြတ်လျက် လွယ်သိုင်းထားသော ကျည်ခါးပတ်များ။

"အဲဒါ ပက်ဒ်ရှာခန်းရဲ့လူတွေကွ၊ ကား ရပ်လိုက်" ဟု ဘော့ဘ်က ပြောသည်။

ဘော့ဘ်က တာ့ဂျ်ဗီ၏လက်ကိုဆွဲပြီး ထိုလူများဆီသို့ လျှောက်သွားသည်။ ထိုလူများ အလယ်တွင် ပက်ဒ်ရှာခန်း။ အရှေ့ပိုင်း ပြည်နယ်များတွင် အကြီးမားဆုံး စစ်နယ်ရှင်နှင့် ဟာမစ် ကာဇိုင်း၏ ဟောင်ဖွာ ဟောင်ဖွာ အလုပ်တတ်ဆုံး ရန်သူတော်တယောက်။

တာလီဘန် ပြေးချိန်တွင် အာဖဂန်နစ္စတန်၏ ထိန်းမနိုင် သိမ်းမရနိုင်လောက်အောင် အသောင်းကျန်းဆုံး ပြည်နယ်တခုအဖြစ် လူသိများသည့် ပက္ကတီယာ ပြည်နယ်တွင် ပက်ဒ်ရှာ ခန်းသည် ဘုရင်ခံ ဖြစ်လာ၏။ အယ်လ်ကိုင်ဒါ ကွန်ရက်အတွက် ထောက်ကူမှု ရှိနေဆဲဖြစ်သည့် ဒေသတခု၏ ဘုရင်ခံဖြစ်သည့် အားလျော်စွာ ပက်ဒ်ရှာခန်းသည် အမေရိကန် ထောက်လှမ်းရေး အတွက် အရေးပါသူတဦး ဖြစ်လာသည်။

အမေရိကန်များအနေဖြင့် အာဖဂန်နစ္စတန် မြေပေါ်တွင် စစ်နယ်ရှင်များနှင့် ပူးပေါင်း ဆောင်ရွက်မှုအပေါ် အားထားနေရပြီး ပိုကောင်းသည့် စစ်နယ်ရှင်၊ ပိုဆိုးသည့် စစ်နယ်ရှင်ဟူ၍ မရှိချေ။ အားလုံး အတူတူနှင့် အနူနူချည်းသာ ဖြစ်သည်။

အားလုံး ပိန်မသာ လိန်မသာချည်းသာ ဖြစ်သည်။

ပက်ဒ်ရှာခန်း၏ အလုပ်တာဝန်မှာ တာလီဘန်နှင့် အယ်လ်ကိုင်ဒါ စစ်သားများအား မွှေနှောက် ရှာဖွေပြီး အမေရိကန်များထံ သတင်းပို့ရန်။

ဤကိစ္စအတွက် သူ့အား ဂြိုဟ်တုဖုန်းတလုံး ပေးထားရာ ဒေသအတွင်း အယ်လ်ကိုင်ဒါ လှုပ်ရှားမှုများကို အမေရိကန်များထံ မကြာ မကြာ ဖုန်းဆက်၏။

ထိုအခါ အမေရိကန်များက ဟိုနားက ရွာလေးတရွာနှင့် သည်နားက ရွာလေးတရွာ၊ ကာဗိုင်း၏ အခမ်းအနားသို့အသွား လမ်းခုလတ်တွင် ရှိနေသည့် မျိုးနွယ်စု အကြီးအကဲများ၊ ထိမ်းမြား လက်ထပ်ပွဲတချို့၊ အိမ်တလုံးထဲမှာ ရှိနေသည့် လူတစုနှင့် အမေရိကန်၏ မဟာမိတ်များပေါ်သို့ ဗုံးကြဲချကြသည်။

သူတို့အားလုံး မည်သူမျှ အယ်လ်ကိုင်ဒါနှင့် အဆက်အစပ် မရှိကြသော်လည်း သူတို့မှာ တူတာ တခုတော့ ရှိ၏။ သူတို့အားလုံး ပက်ဒ်ရှာခန်း၏ ရန်သူများ ဖြစ်နေကြပုံချင်း အတူတူပင်။

ရုတ်တရက် ဘီ ၅၂ ဗုံးကြဲ လေယာဉ်များနှင့် အက်ဖ် ၁၆ တိုက်လေယာဉ်များ ရလိုက်သော ထင်ရာစိုင်းတတ်သည့် ဘုရင်ခံအပေါ် ဒေသခံတို့၏ကန့်ကွက်မှုများ တိုးပွားလာချိန်တွင် ကာဗိုင်းအနေဖြင့် သူ့အား ဖယ်ရှားပစ်ရန်မှတပါး အခြား ဖြေရှင်းနည်းကို မမြင်တော့ချေ။

ထို့နောက် ပက်ဒ်ရှာခန်းသည် ကိုယ်ပိုင်စစ်ပွဲလေးကို စတင်လိုက်၏။ သူ၏ ရန်သူတော်များ ပုန်းအောင်းလျက်ရှိသည့်ရွာများကို ဒုံးကျည်များဖြင့် ပစ်ခွင်းသဖြင့် အုပ်စုများအကြား စစ်ပွဲ ပေါ်ပေါက်လာသည်။ လက်လွတ်သွားသော အာဏာကို ပြန်ရအောင် ကြိုးပမ်းရာတွင် အပြစ်မဲ့ ပြည်သူ မြောက်မြားစွာ သေကျေကြကာ နောက်ဆုံးတွင် ပက်ဒ်ရှာခန်း လက်လျှော့လိုက်ရ၏။ သူ့ကို ဘော့ဘ် ရှာဖွေနေခဲ့တာကြာပြီ။ ယခု သူ့ကို တွေ့ပြီ။ မုတ်ဆိတ်ဖားဖား လူတစု အခြံအရံဖြင့် သဲထဲတွင် ထိုင်လျက်။

သူတို့ကို မြင်တော့ ပက်ဒ်ရှာခန်း မတ်တတ်ထရပ်သည်။ ဘော့ဘ်အား အေးတိအေးစက် နှုတ်ဆက်သော်လည်း တာ့ဂျ်ဗီကိုမူ နွေးနွေးထွေးထွေး နှုတ်ဆက်ကာ သူ့ဘေး ဆွဲချထိုင်ခိုင်းသည်။

“ဘယ်လိုလဲ သူငယ်ချင်း၊ နေကောင်းလားကွ”

စပါးကြီးမြွေ စစ်ဆင်ရေးကာလအတွင်း တာ့ဂျ်ဗီ စကားပြန်လုပ်စဉ်က သူတို့နှစ်ယောက် ရံဖန်ရံခါ တွေ့ခဲ့ကြဖူးသည်။

ပက်ဒ်ရှာခန်းက သူ့ညီ သုံးယောက်နှင့်အတူ ဤဒေသကို သူ့အိမ်နောက်ဖေး မြေကွက်လပ်လို သဘောထားကာ အုပ်ချုပ်နေလေ့ရှိသည်။ လွန်ခဲ့သော သီတင်းခြောက်ပတ်က ဂါ့စ်မြို့ပေါ်သို့ ဒုံးကျည်များ ပစ်ခွင်းရန် သူ ခွင့်ပြုခဲ့သေး၏။ ယခု ခို့စ်မြို့အလှည့်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဩစတြေးလျတွင် နေထိုင်ခဲ့သည့် လူမှုဗေဒ ပညာရှင် တယောက်ကို ခို့စ်မြို့တွင် အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားသည်။ သို့သော် အဆိုပါ အုပ်ချုပ်ရေးမှူးသည် ပက်ဒ်ရှာခန်းနှင့် သူ့လူများကို ကြောက်သောကြောင့် ပုန်းအောင်းနေရ၏။

"ငါ့လူတွေကို အသင့်ဖြစ်အောင် ပြင်ပေးထားတယ်" ဟု ပက်ဒ်ရှာခန်းက တာ့ဂျ်ဗီအား ပြော၍ တာ့ဂျ်ဗီက ရေးမှတ်နေသော ဘော့ဘ်အား ဘာသာပြန်ပေးသည်။

"တို့ အခု ဘာလုပ်ရမယ်ဆိုတာ ဆွေးနွေးနေကြတုန်းပဲ"

သူက စကား ဆက်ပြောပြီး သူ့လူတွေကို ကြည့်သည်။

"တို့ သူ့ကို တံ့ပြန်မလား၊ ဒါမှမဟုတ် စောင့်မလား" ပက်ဒ်ရှာခန်း ဆက်ပြောသည်။

"မင်းတို့ ခို့စ်မြို့ဘက်ကို သွားကြမလို့လား၊ အဲဒါဆိုရင် ငါ့ညီကို ပြောပေးစမ်းပါ၊ အုပ်ချုပ်ရေးမှူးအသစ်ကို အမြန်ဆုံး ရှင်းထုတ်လိုက်ဖို့နှင့် ကာဇိုင်းကို ဘုရားခေါ်သွားအောင် လုပ်ဖို့"

ပက်ဒ်ရှာခန်းက လက်ဟန်ခြေဟန်ဖြင့် လုပ်ပြသည်။ သူ့လူများက သူ့ကို ကြည့်သည်။ ထို့နောက် တာ့ဂျ်ဗီကို ကြည့်သည်။ ထို့နောက် ကမန်းကတန်း လိုက်မှတ်နေသော ရွှေရောင်ဖျော့ ဆံပင်ရှိသည့် ဘော့ဘ်ကို ကြည့်သည်။

"နားထောင်" ပက်ဒ်ရှာခန်းက ပြော၏။

အမေရိကန်တို့က သိမ်းငှက်တွေလို စောင့်ကြည့်နေကြသည့် ပြည်နယ်သုံးခု၏ တရားဝင် အရှင်သခင်မှာ မည်သူဖြစ်ကြောင်း သူသိနေသည်ကို သံသယဖြစ်စရာ မရှိချေ။ စစ်နယ်ရှင်သည် တာ့ဂျ်ဗီ၏ ပေါင်ပေါ်တွင် မြေပုံများ၊ လမ်းများနှင့် နယ်စပ်မျဉ်းများကို ရေးဆွဲပြနေပြီး စကားတခွန်း ပြောလိုက်၊ ပေါင်ကို တချက်ပုတ်လိုက် လုပ်နေသည်။

တာ့ဂျ်ဗီ၏ခြေထောက်ပေါ်သို့ သူ မြင်ဖူးသမျှထဲမှာ အကြီးဆုံးဖြစ်သည့် ပုရွက်ဆိတ်ကြီး တွားတက်လာ၏။

"နောက်အပတ်မှာ စစ်တပ် လွှတ်လိုက်မယ်လို့ ကာဗိုင်းက ခြိမ်းခြောက်နေတယ်၊ အဲဒီကိစ္စ ခင်ဗျား ဘယ်လို လုပ်မလဲ" ဟု ဘော့ဘ်က မေးသည်။

"ဘာ စစ်တပ်လဲ၊ ကာဗိုင်းမှာ စစ်တပ် မရှိဘူး၊ သူ့မှာ ဗြိတိသျှတွေ လေ့ကျင့်ပေးထားတဲ့ သက်တော်စောင့်တချို့ပဲ ရှိတယ်၊ ကျုပ်နယ်ပယ်ထဲမှာ ကျုပ်ကို လှန်နိုင်တဲ့လူ မရှိဘူး"

ပက်ဒ်ရှာ ခန်းက သူ့လူများကို ကြည့်လျက် ပြောသည်။ သူတို့က စုတ်ပြတ်နေသော ကြိုးသိုင်းဖိနပ်များနှင့် အဝတ်အစားများကို ဝတ်ဆင်ထားပြီး သူတို့ထံတွင် ရှိသမျှ ပြောင်ပြောင်လက်လက်မှာ သူတို့ ကိုင်စွဲထားသည့်လက်နက်များသာ။ လက်နက်တချို့၏ လက်ကိုင်များတွင် ရောင်စုံ ပုလဲလုံးများကို အတန်းလိုက် စီခြယ်ထားပြီး တချို့ကို အပင်ပန်းခံ၍ အပြောက်အမွမ်းများ ဖန်တီးထားသည်။

စစ်သားငယ်လေးများက သူတို့၏ ကလာ့ရှ်နီကော့ဗ် သေနတ်များတွင် စတစ်ကာများ ကပ်ထားကြပြီး ပန်းရောင် စတစ်ကာ တခုကတော့ "ငါ့ကို နမ်းပါ" တဲ့။

ဤလူများအနက် အများအပြားသည် လွန်ခဲ့သောတနှစ်ကပင် တာလီဘန်ဘက်မှ တိုက်ခဲ့သူများ ဖြစ်ကြ၏။

"ငါတို့ကို ဘယ်သူမှ မပိုင်ဘူး၊ ငွေလို့ပဲ ရနိုင်မယ်" ဟု အာဖဂန်များက ပြောကြသည်။

စစ်တွင် ဘက်ပြောင်းပုံ မြန်ဆန်လှ၏။ ယနေ့ သူတို့ကို ပက်ဒ်ရှာ ခန်း ပိုင်နေပြီ။ နက်ဖြန် အမေရိကန်များက သူတို့ကို ငှားရမ်းကောင်း ငှားရမ်းလိမ့်မည်။

ယခု သူတို့အဖို့ အရေးအကြီးဆုံးမှာ ပက်ဒ်ရှာ ခန်းက သူ၏ရန်သူများဟု ယူဆထားသည့် မည်သူ့ကိုမဆို တိုက်ခိုက်ရန်ဖြစ်သည်။ အယ်လ်ကိုင်ဒါအား အမေရိကန်တို့ ရှာဖွေမှုကို ဆိုင်းငံ့ထားရလိမ့်မည်။

"ဒီလူ ရူးနေတာ"

ကားထဲသို့ ပြန်ရောက်ချိန်တွင် တာ့ဂျ်ဗီက ပြောသည်။

"အာဖဂန်နစ္စတန်မှာ ဘယ်တော့မှ ငြိမ်းချမ်းရေး မရတာ ဒီလိုလူတွေမှာ တာဝန် ရှိတယ်ကွ၊ ဒီလူ့အဖို့ ငြိမ်းချမ်းရေးထက် အာဏာက ပိုအရေးကြီးတယ်၊ အသက်ပေါင်းများစွာကို စတေးနိုင်တယ် ဆိုတာဟာ သူ ရူးလို့ပေါ့၊

ဒီလိုလူတယောက်နှင့် ဘာဖြစ်လို့ အမေရိကန် ပူးပေါင်းချင်တာလဲဆိုတာ ငါတော့ စဉ်းစားလို့ မရဘူးကွာ”

ဘော့ဘ်က “သန့်ရှင်းစင်ကြယ်တဲ့လက် ရှိသူတွေနှင့်မှ အလုပ်လုပ်ချင်တယ် ဆိုလို့ကတော့ ဒီပြည်နယ်ထဲမှာ တယောက်မှ ရှာတွေ့မှာ မဟုတ်ဘူးကွ၊ အမေရိကန်တွေမှာ ရွေးချယ်စရာ မရှိဘူးလေ”

တော့ဂ်ျဗီက “ဒါပေမဲ့ အခု သူတို့က အမေရိကန်တွေအတွက် တာလီဘန်ကို ရှာဖွေ မပေးကြတော့ဘဲ သူတို့လက်နက်တွေနှင့် တယောက်ကို တယောက် ပြန်ချိန်နေကြတာကိုတော့ မင်း ဘာပြောမလဲ”

“အင်း တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်လိုက်ရင်တော့ကွာ”

ဘော့ဘ်က သူ့ဘာသာ မပွင့်တပွင့် ပြောသည်။

ခရီးထွက်ခဲ့ရခြင်း အကြောင်းရင်းအပေါ် အခြေခံအားဖြင့် တော့ဂ်ျဗီနှင့် ဘော့ဘ်တို့ သဘောထားချင်း မတူညီကြချေ။

ဘော့ဘ်က တက်တက်ကြွကြွ အလုပ်လုပ်ချင်သည်။ တက်တက်ကြွကြွ ပိုလုပ်လေ ပိုကောင်းလေဟု ယူဆ၏။ တော့ဂ်ျဗီက တတ်နိုင်သမျှ မြန်မြန် အိမ်ပြန်ချင်သည်။ ရက်ပိုင်းအတွင်းမှာ သူနှင့် ခါဒီဂျာ နှစ်နှစ်မြောက် မင်္ဂလာပွဲ အခမ်းအနား ကျင်းပရန် ရှိသောကြောင့် တော့ဂ်ျဗီသည် ထိုကိစ္စအတွက် အချိန်မီ အိမ်ပြန်ရောက်ချင်နေ၏။ ခါဒီဂျာကို အံ့ဩစရာ လက်ဆောင်တခုဖြင့် မှင်တက်မိသွားအောင် လုပ်ချင်နေသည်။

လွန်ခဲ့သော သီတင်းပတ်အနည်းငယ်အတွင်း သူနှင့် တော့ဂ်ျဗီ လက်ပစ်ဗုံးမှန်ပြီး သေတော့မလို အဖြစ်မျိုးကို ဘော့ဘ်က သတင်းစာထဲမှာ ရေးချင်နေသည်။ လက်ပစ်ဗုံးက သူတို့ကို မထိဘဲ နောက်ကားကို ထိမှန်သွားခဲ့သည်။ ဒါမှမဟုတ် ဂါဒက်ဇ်သို့အသွား လမ်းပေါ်တွင် သူတို့နောက်မှာ ကျည်ဆန်များ ပွတ်ကာသီကာ လိုက်ပါခဲ့စဉ်ကလို အဖြစ်မျိုးကို သူ ရေးချင်နေ၏။

သေရမည်ကို ဘော့ဘ် ကြောက်ပင်ကြောက်သော်လည်း ယင်းဖြစ်ရပ်မျိုးတို့ကို ရေးရခြင်းက သူ့ကိုယ်သူ ရေးကြီးခွင်ကျယ်အလုပ်ကို လုပ်နေသူအဖြစ် ခံစားရစေနိုင်ပေ၏။ တော့ဂ်ျဗီက ဘော့ဘ်နှင့် ဆန့်ကျင်ဘက် ဖြစ်သော်လည်း ဤခရီးများ သွားခြင်းအတွက် အန္တရာယ်ကြေး အပိုရသည်။ ယင်းကို ဖီရိုဇာ မသိသဖြင့် တော့ဂ်ျဗီ အမေ့လက်ထဲသို့ ထည့်ဖို့မလို။

တော့ဂ်ျဗီနှင့် ကဘူးလ် မြို့သူမြို့သား အများစုတို့က အာဖဂန်နစ္စတန်၏ ဤအစိတ်အပိုင်းကို ရိုင်းစိုင်းကြမ်းတမ်းသောဒေသများအဖြစ်

သဘောထားကြသည်။ ဤဒေသတွင် နေထိုင်ကြသူများက အမျိုးသား အာဏာပိုင် အဖွဲ့အစည်းနှင့် လိုက်လျောညီထွေ မကျင့်ကြ။ ပက်ဒ်ရှာ ခန်းနှင့် သူ့ညီသည် ဤဒေသတခုလုံး၏ တာဝန်ခံ ဖြစ်နိုင်ပါသည်။

ဒီလိုပါပဲ၊ နိုင်ရာစား လောကကြီးပေကိုး။

သူတို့သည် ကန္တာရဆန်သော ကျတ်တီးမြေပြင် အနေအထားကို ဖြတ်သန်းလာခဲ့ကြ၏။ လမ်းခရီးတွင် သဲခုံများကို ဝင့်ကြွားစွာ ဖြတ်သန်းနေကြသော ရေကြည်ရာ မြက်နုရာ လိုက်လံ ရှာဖွေနေကြသူများနှင့် ကုလားအုတ်များကို ပြောက်တိပြောက်ကျား တွေ့ရ၏။

တချို့နေရာများတွင် ရေကြည်ရာ မြက်နုရာ လိုက်လံ ရှာဖွေနေကြသူတို့၏ ရောမ တဲကြီးများနှင့် တဲကြီးများကြားတွင် ရောင်စုံ စကတ်များ တဖားဖားဖြင့် လမ်းသလား နေကြသည့် အမျိုးသမီးများ။ ကူချီမျိုးနွယ်စုမှ အမျိုးသမီးများကို အာဖဂန်နစ္စတန်တွင် လွတ်လပ်မှု အရှိဆုံး အမျိုးသမီးများအဖြစ် ယူဆကြ၏။

သူတို့သည် မြို့နှင့် ဝေးရာတွင် ရှိနေသမျှ တာလီဘန်ကပင် သူတို့အား ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းရန် အတင်းအကျပ် မခိုင်းစေနိုင်။

သို့သော် လွန်ခဲ့သောနှစ်များအတွင်း ဤ ခြေသလုံးအိမ်တိုင် မျိုးနွယ်စုများ ဒုက္ခ သုက္ခ အကြီးအကျယ် တွေ့ခဲ့ကြရ၏။ စစ်နှင့် မိုင်းကို အကြောင်းပြု၍ ရာစုနှစ်ပေါင်းများစွာ အသုံး ပြုလာခဲ့ကြသည့်လမ်းကြောင်းများကို သူတို့ပြောင်းလဲခဲ့ရပြီး နယ်ပယ် ကျဉ်းကျဉ်းလေး၌သာ ရေကြည်ရာ မြက်နုရာ ရှာဖွေနေကြရတော့သည်။ လွန်ခဲ့သော နှစ်များအတွင်း မိုးခေါင်မှုကြောင့် သူတို့၏ ဆိတ်များနှင့် ကုလားအုတ်များ အများအပြား သေဆုံးကုန်ကြ၏။

မြေကြီးပေါ်တွင် တစ တစ ဟင်းလင်းဖြစ်လာသည်။ သူတို့အောက်တွင် သဲကန္တာရ၊ သူတို့ အထက်တွင် တောင်တန်း။ ယင်းတို့အားလုံး ကိုယ့်နည်းနှင့်ကိုယ် အညိုရောင် ဖြစ်နေကြ၏။ တောင်စောင်းများပေါ်တွင် မြွေလိမ်မြွေကောက်သဏ္ဍာန် ဖြစ်ပေါ်နေသည်မှာ သိုးများ ဖြစ်ကြပြီး အစာရှာထွက်နေကြခြင်းပါ။

ခိုစ်မြို့သို့ သူတို့ ချဉ်းကပ်လာခဲ့ကြသည်။ ဤမြို့ကို တာ့ဂျ်မီ မုန်း၏။ တာလီဘန် ခေါင်းဆောင် မူလာအိုမာသည် သူ၏ သစ္စာတော်ခံများကို ဤမြို့တွင် တွေ့ရှိခဲ့သည်။

ခိုစ်မြို့နှင့် ပတ်ဝန်းကျင်ဒေသက တိုင်းပြည်အား တာလီဘန် သိမ်းပိုက်ထားသည်ကို မသိကြ။ သူတို့အဖို့တော့ အပြောင်းအလဲလေးတခုသာ။

အမျိုးသမီးများ အလုပ်ထွက်မလုပ်ကြတော့။ မိန်းကလေးများ

ကျောင်းမတက်ကြတော့။ ခေါင်းမြီးခြုံ ဝတ်ရုံကို သတိရလျှင် ဝတ်ဆင်ကြသည်။

ခို့စ်မြို့သည် အမျိုးသမီးများ မရှိသောမြို့။ အနိမ့်ဆုံးအားဖြင့် အပြင်ပန်းတွင် အမျိုးသမီးများ မရှိကြ။ တာလီဘာန် ကျပြီးနောက် ပထမဆုံး နွေဦးတွင် ကဘူးလ်မြို့ရှိ အမျိုးသမီးများက ခေါင်းမြီးခြုံ ဝတ်ရုံကို လွတ်အောင် ရှောင်နေခဲ့ကြစဉ် ခေါင်းမြီးခြုံ ဝတ်ရုံ မပါဘဲလျက်ပင် တွေ့နိုင်ခဲ့မှုဖြစ်သည့် ခို့စ်မြို့သူများအား စားသောက်ဆိုင်များတွင် ထိုင်နေကြသည်ကို ရံဖန်ရံခါ တွေ့မြင်နိုင်၏။

ပက်ဒ်ရှာခန်း၏ ညီငယ် ကမဲလ်ခန်း ရှိရာသို့ သူတို့ ဦးတည်သွားကြသည်။ အသစ် ခန့်ထားသော အုပ်ချုပ်ရေးမှူးက အကျယ်ချုပ် ချခံနေရစဉ် ကမဲလ်ခန်းက အုပ်ချုပ်ရေးမှူး၏ အိမ်ကို သိမ်းယူထား၏။

အုပ်ချုပ်ရေးမှူး၏ ပန်းဥယျာဉ်ထဲမှာ ခန်းမျိုးနွယ်စုကို သစ္စာခံထားသူတွေ အပြည့်။

ပိန်ပိန်ပါးပါး သူငယ်များမှသည် ဆံပင်ဖြူနေသော ယောက်ျားကြီးများအထိ ပါဝင်သည့် အသက်အရွယ်စုံ စစ်သားများက ထိုင်လျက်၊ လျောင်းလျက်၊ ဟိုလျှောက် သည်လျှောက် လုပ်လျက်။ ဝန်းကျင် အခြေအနေမှာ စိတ်ထောင်းကိုယ်ကျေ ဖြစ်ကာ ခြေကုန်လက်ပန်း ကျနေဟန်။

"ကမဲလ် ခန်းရော"

တာ့ဂျ်ဗီ မေးလိုက်သည်။

စစ်သားနှစ်ယောက် စစ်သားများအလယ်ရှိ တပ်မှူးကို ပြသည်။ အင်တာဗျူး လုပ်ရန် သဘောတူသဖြင့် သူတို့ထိုင်လိုက်ကြ၏။ ကောင်လေးတယောက်က လက်ဖက်ရည်များ ယူဆောင်လာသည်။

"ငါတို့က တိုက်ဖို့ အသင့်ပဲ၊ ခို့စ်မြို့ကနေ အတုအယောင် အုပ်ချုပ်ရေးမှူး ထွက်မသွားမချင်း၊ ငါ့အစ်ကို နေရာပြန်မရမချင်း ငြိမ်းချမ်းမှု ရှိမှာ မဟုတ်ဘူး" ဟု လူငယ် ကမဲလ်ခန်းက ပြောသည်။

သူ့လူများက ခေါင်းညိတ်ကြသည်။ တက်တက်ကြွကြွ ခေါင်းညိတ်သူတယောက်မှာ ကမဲလ် ခန်း ပြီးလျှင် ဒုတိယ အာဏာအရှိဆုံးလူ။ သူသည် အခြား စစ်သားတယောက်ကို တချိန်လုံး တယုတယ ပွတ်သီးပွတ်သပ် လုပ်နေသည်။ သူတို့နှစ်ဦးက တဦးကို တဦး ရစ်ပတ် ယှက်နွယ်ကာ တယောက်၏လက်ချောင်းများသည် ကျန်တယောက်၏ပေါင်ခွင်ထဲတွင် ရှိနေလေသည်။ စစ်သားများက တာ့ဂျ်ဗီနှင့် ဘော့ဘ်အား မျက်နှာလို မျက်နှာရ

အကြည့်များဖြင့် ကြည့်ကြ၏။

အာဖဂန်နစ္စတန်၏ ဒေသများ၊ အထူးသဖြင့် အရှေ့တောင်ပိုင်းဒေသတွင် ယောကျ်ားချင်း လိင်တူဆက်ဆံသည့်ဓလေ့ ပြန့်ပွားလျက်ရှိပြီး အဆိုပါ ဓလေ့ကို နားလည်မှုဖြင့် လက်ခံထားကြသည်။ တပ်မှူးအများတွင် ငယ်ရွယ်နုပျိုသော ချစ်သူ အထီးများ ရှိကြပြီး အသက် ကြီးကြီး ယောကျ်ားကြီးများနောက်တွင် ကောက်ကောက်ပါအောင် ဖဝါးခြေထပ် ကပ်လိုက်နေကြသော နုနုငယ်ငယ် ချာတိတ်တစုကို မကြာ မကြာ တွေ့ရနိုင်၏။

ချာတိတ်များက ခေါင်းတွင်လည်းကောင်း၊ နားကြားထဲတွင်လည်းကောင်း ပန်းပန်ထားကြ ၏။ တခါတခါ အင်္ကျီကြယ်သီးပေါက်မှာ ပန်းကို ချိတ်ထားတတ်သည်။ ကညာဆန်ကာ ခါးနွဲ့နေသော သူငယ်များကား တွေ့နိုင်ခဲမှု မဟုတ်ချေ။ သူတို့၏ မျက်လုံးများတွင် ကာချယ်ကို ပိန်းနေအောင် ခြယ်ထားကြပြီး သူတို့၏လှုပ်ရှားပုံမှာ အနောက်နိုင်ငံရှိ မိန်းမလျာများထဲမှတယောက်ကို သတိရစရာ။ သူတို့သည် တင်ပါးများနှင့် ပခုံးများကို တွန့်လိမ်ကာ တဖက်သားအား စိုက်ကြည့်ကြ၊ အီစီကလီ လုပ်ကြ။

တပ်မှူးများသည် လိင်တူချင်း ဆက်ဆံသူလိုသာ နေကြသည်မဟုတ်။ တပ်မှူးအများစုတွင် ဇနီးမယားများနှင့် သားသမီးတွေ တပုံတမကြီး ရှိကြသည်။ သို့သော် မိမိတို့အိမ်တွင် နေရသည့် အချိန် သိပ်မရှိဘဲ ပုရိသတို့အလယ်တွင်သာ နေရသည်က များ၏။ မကြာမကြာ သူငယ်လေးများ ဝန်းကျင်တွင် ရည်းစားလူလု အူနုကျွဲခတ်သည့် ဇာတ်လမ်းများ ပေါ်ပေါက်ခြင်းလည်း ရှိတတ်၏။ ငယ်ရွယ်နုပျိုသော ချစ်သူတယောက်ကို အကြောင်းပြု၍ ယောကျ်ားရင့်မာကြီး နှစ်ယောက်အကြား မပြေနိုင်သည့် သွေးရန်ငြိုးများ ပေါ်ပေါက်တတ်သည်။

တခါက တပ်မှူးကြီးနှစ်ယောက်သည် ချစ်သူ ကောင်လေးတယောက်အတွက် ဈေးထဲတွင် တင့်ကား စစ်ခင်းကြသည်အထိ ဖြစ်ခဲ့ဖူးသည်။ လူတွေ အမြောက်အမြား သေဆုံးကုန်ကြ။

အသက် နှစ်ဆယ်ကျော်အရွယ် ကိုလူချော ကမဲလ်ခန်းက ပြည်နယ်ကို စိုးမိုးအုပ်ချုပ်ရန်မှာ ခန်းမျိုးနွယ်စု၏ အခွင့်အရေးဟုပင် ယုံကြည်ထားသည်။

"ငါတို့ဘက်မှာ ပြည်သူတွေ ရှိတယ်၊ နောက်ဆုံးတယောက် ကျန်တဲ့အထိ ငါတို့ တိုက်မှာပဲ၊ အဲသလို တိုက်တာဟာ အာဏာကို မက်မောလို့ မဟုတ်ဘူး၊ ပြည်သူတွေ၊ ပြည်သူတွေက ငါတို့ကို တိုက်စေချင်လို့ တိုက်တာ၊ ပြီးတော့ ငါတို့ဟာ သူတို့အတွက် ထိုက်တန်သူတွေ ဖြစ်တယ်၊ သူတို့ရဲ့ ဆန္ဒတွေအတိုင်း ငါတို့ လိုက်လုပ်နေတာပဲ ရှိတယ်" ဟု ကမဲလ်ခန်းက အပြောကောင်း၏။

ဤလူများသည် ဟာမစ် ကာဇိုင်းအား ဆန့်ကျင်နေကြသူများပါ။ ဤလူများသည် စစ်နယ်ရှင်၏ ဥပဒေအတိုင်း ဆက်လက် အုပ်ချုပ်သွားလိုသောလူများ၊ ကဘူးလ်မှ ပြဋ္ဌာန်းပေးသည်ကို ငြင်းဆန်သူများ ဖြစ်ကြသည်။ အရပ်သားဘဝ ပျောက်ဆုံးလျှင် မထောင်းတာလှ။ ထောင်းတာသည်မှာ အာဏာဖြစ်သည်။ အာဏာသည် အချက်နှစ်ချက်ကို အဓိပ္ပာယ်ဆောင်၏။ ဂုဏ်သိက္ခာ - ခန်းမျိုးနွယ်စုက ပြည်နယ်အတွင်း ထိန်းသိမ်းထားရှိသည့် အဆင့်အတန်းနှင့် ငွေ - မှောင်ခို ကုန်ကူးခြင်းကို ထိန်းချုပ်ခြင်းနှင့် တရားဝင် သွင်းကုန်များအပေါ် စည်းကြပ်သည့် အကောက်ခွန်။

အမေရိကန် မဂ္ဂဇင်းအနေဖြင့် ခို့စ်မြို့ ပဋ္ဋိပက္ခအပေါ် အတိုင်းထက်အလွန် စိတ်ဝင်စားနေသည်မှာ ကာဇိုင်းက စစ်နယ်ရှင်များထံ စစ်တပ် စေလွှတ်မည်ဟု ခြိမ်းခြောက်သောကြောင့် မဟုတ်ပါ။

"သူ စစ်တပ်ပို့ရင် လူတွေ သေကျေကြပြီး သူ့ကိုပဲ အပြစ် ဖို့ကြလိမ့်မယ်" ဟု ပက်ဒ်ရှာခန်း ပြောသည်ကိုထောက်၍ ဤကိစ္စဖြစ်လာမည့် အလားအလာလည်း မရှိပါ။

မဂ္ဂဇင်းက စိတ်ဝင်စားသည်မှာ ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့များကြောင့် ဖြစ်သည်။ ဘေ့ဘ်၏မဂ္ဂဇင်းက "အယ်လ်ကိုင်ဒါအား လိုက်ရှာခြင်း" အပေါ် အထူး ဆောင်းပါးတစောင် ဖော်ပြချင်နေ၏။

လူငယ် သတင်းထောက်၏ အကြီးမားဆုံးဆန္ဒမှာ အိုစမာ ဘင်လာဒင်အား တွေ့လိုခြင်း ဖြစ်သည်။ ယုတ်စွအဆုံး အိုစမာ ဘင်လာဒင်အား မတွေ့ရလျှင်သော်မှ မူလာ အိုမာနှင့် တွေ့ရလျှင် ကျေနပ်နိုင်၏။ ခို့စ်မြို့ ပဋ္ဋိပက္ခတွင် အမေရိကန်များက နှစ်ဖက်ခွဲထားပြီး နှစ်ဖက်လုံးနှင့် အလုပ်လုပ်၏။ နှစ်ဖက်လုံးကို ငွေကြေးထောက်ပံ့၏။ အမေရိကန်များ အထူးတာဝန် ထမ်းဆောင်ရာတွင် နှစ်ဖက်လုံးက လိုက်ပါ၏။ အမေရိကန်များထံမှ လက်နက်များ၊ ဆက်သွယ်ရေး ကိရိယာများ၊ ထောက်လှမ်းရေး အသုံးအဆောင်များကို နှစ်ဖက်လုံးက ရရှိကြသည်။ အမေရိကန်များတွင် နှစ်ဖက်လုံးနှင့် အချိတ်အဆက်ကောင်းများ ရှိကြသည်။ နှစ်ဖက်လုံးတွင် ရှိနေကြသူများမှာ ယခင်က တာလီဘန်ကို ထောက်ခံခဲ့ကြသူများ။

ခန်းညီနောင်တို့၏ အဓိကရန်သူတော်မှာ မူစတာဖာ။ ခို့စ်မြို့ ပုလိပ်အကြီးအကဲ။ မူစတာဖာသည် ကာဇိုင်းတို့၊ အမေရိကန်တို့နှင့် ပူးပေါင်း ဆောင်ရွက်၏။ မကြာသေးမီက တဖက်နှင့် တဖက် ပစ်ခတ်ပွဲတခုတွင် မူစတာဖာ၏ လူတယောက်က ခန်းမျိုးနွယ်စုမှ လူလေးယောက်အား သတ်ဖြတ်လိုက်ချိန်တွင် သူသည် ပုလိပ်ဌာနတခုတွင် ရက်ပေါင်းများစွာ ခိုအောင်းနေခဲ့ရ၏။ ပုလိပ်ဌာနမှ အရင်ဆုံး ထွက်လာသူ လေးယောက်အား သတ်ဖြတ်ပစ်မည်ဟု ခန်းညီနောင်တို့က

သတိပေးထားကြသည်။ သူတို့ ရိက္ခာနှင့် ရေ ပြတ်လပ်လာသောအခါ ညှိနှိုင်းရန် သဘော တူလိုက်ကြပြီး ဆိုင်းငံ့ထားရန် ညှိနှိုင်းကြသည်။ မူစတာဖာ၏ လူလေးယောက်အား အချိန်မရွေး စီရင်နိုင်သည့် သေဒဏ်ကို ချမှတ်လိုက်၏။ သွေးကို သွေးဖြင့် တုံ့နှင်းရမည်။

ကမဲလ်ခန်းနှင့် ညီမငယ် ဝါစီခန်းတို့က မူစတာဖာသည် အမျိုးသမီးများနှင့် ကလေး သူငယ်များကို သတ်ဖြတ်သူ ဖြစ်သောကြောင့် ဖယ်ရှား သုတ်သင်ပစ်ရမည်ဟု ဆိုကြသည်။

ထို့နောက် တာ့ဂျ်ဗီနှင့် ဘောဘ်က ပြန်ခွင့်တောင်းရာ လှပသော တောင်ပင်လယ် ကျွန်းသူလေးများနှင့်တူသည့် သူငယ်လေးနှစ်ယောက်က သူတို့အား ဂိတ်ဝအထိ လိုက်ပို့ကြသည်။ သူငယ်လေးနှစ်ယောက်၏ လှိုင်းတွန့်ဆံပင်တွင် အဝါရောင် ပန်းပွင့်ကြီးများကို ပန်လျက်။ ခါးတွင် ခါးပတ် တင်းတင်းပတ်လျက်။ တာ့ဂျ်ဗီနှင့် ဘောဘ်အား အလွန်အမင်း ပြင်းပြင်းထန်ထန် စူးစိုက်ကြည့်လျက်။ ပိန်ပိန်ပါးပါးနှင့် ရွှေရောင်ဆံပင် ရှိသည့် ဘောဘ်ကိုပဲ ကြည့်ရအံ့နိုး၊ ဒါမှမဟုတ် မွတ်ညက်သည့် မျက်နှာရှိသော တာ့ဂျ်ဗီကိုပဲ ကြည့်ရအံ့နိုး သူတို့ မဝေခွဲနိုင်ရှာ။

"မူစတာဖာ့လူတွေကို သတိထား၊ သူတို့ကို ယုံလို့မရဘူး၊ မင်းတို့ ကျောပေးလိုက်တာနှင့် သစ္စာဖောက်ကြလိမ့်မယ်၊ ပြီးတော့ ညဘက်မှာ မထွက်ကြနှင့်၊ သူတို့ ဓားပြတိုက်လိမ့်မယ်" ဟု သူတို့က မှာသည်။

ခရီးသည်နှစ်ယောက် ရန်သူဆီသို့ တန်းတန်းမတ်မတ် ဦးတည်သွားသည်။ ပုလိပ်ဌာနက သိမ်းပိုက်ထားသော အုပ်ချုပ်ရေးမှူးအိမ်မှာ လူနေရပ်ကွက် အနည်းငယ်မျှ ဝေးပြီး အကျဉ်းထောင်မှ ဆိုလျှင် နှစ်ဆ ဝေးသည်။ ပုလိပ်ဌာနသည် ခံတပ်ကြီးတခု ဖြစ်၏။ တံတိုင်းများက ကိုက်များစွာ ထူထဲသည်။

မူစတာဖာ၏လူများက လေးလံလှသော သံတံခါးကြီးကို ဖွင့်ပေးသောအခါ တာ့ဂျ်ဗီနှင့် ဘောဘ်က နောက်ဖေးကွက်လပ်ထဲသို့ ဝင်ရောက်သွားကြသည်။ ထိုနေရာတွင်လည်း မွှေးပျံ့သော ပန်းရနံ့က သူတို့အား ဆီးကြိုနေကြသည်။ သို့သော် လူတို့ဆီမှ ပန်းရနံ့ မဟုတ်။ ပန်းပင်များဆီမှ ပန်းရနံ့။

မူစတာဖာ၏ စစ်သားများကို ခန်းညီနောင်တို့၏ စစ်သားများနှင့် ခွဲခြားရ လွယ်ပါသည်။ သူတို့က အညိုရင့်ရောင် ယူနီဖောင်း၊ လေးထောင့်ဦးထုပ်နှင့် လေးလံသော ဘွတ်ဖိနပ်ကြီးများကို ဆင်မြန်းထားကြသည်။ သူတို့ထဲမှ အများအပြားက မျက်မှန်နက်များ တပ်ထားကြပြီး နှာခေါင်းနှင့် ပါးစပ်ကို လည်စည်းတထည်ဖြင့် ဖုံးကာထားသည်။ ဖုံးကာထားသော မျက်နှာများက ပိုမို ကြောက်စရာ ကောင်းနေတော့၏။

တဲ့ဂျဲဗီနှင့် ဘော့ဘ်အား ခံတပ်ထဲရှိ ကျဉ်းမြောင်းသော လှေကားများနှင့် စင်္ကြံလမ်းများမှ ဦးဆောင် ခေါ်သွားကြသည်။

အဆောက်အအုံ၏ အတွင်းဘက် အကျဆုံး အပိုင်းရှိ အခန်းတခန်းထဲတွင် မူစတာဖာ ထိုင်နေသည်။ သူ့ရန်သူ ကမဲလ်ခန်းလိုပင် သူ့အနားတွင်လည်း လူများ၊ လက်နက်များ ဝန်းရံလျက်။ လက်နက်များလည်း အတူတူ၊ မုတ်ဆိတ်များလည်း အတူတူ၊ အကြည့်များလည်း အတူတူ။ နံရံထက်ရှိ မက္ကာပုံသည်ပင် အတူတူ။

တခုတည်းသော ခြားနားမှုမှာ စားပွဲနောက်ရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသည့် ပုလိပ် အရာရှိ ဖြစ်၏။ ထို့ပြင် ပန်းပန်ထားသော သူငယ်လေးများလည်း မရှိကြပါ။ ပန်းဟူ၍ ပုလိပ် အရာရှိ၏ စားပွဲပေါ်တွင် တင်ထားသော ဒက်ဖဒိုလ် ပလတ်စတစ် ပန်းခိုင်တခိုင်သာ ရှိသည်။ အဝါရောင်တောက်တောက်၊ အနီရောင်နှင့် အစိမ်းရောင် ဒက်ဖဒိုလ်ပန်းများ။ ပန်းအိုးဘေးတွင် အစိမ်းရောင် အဝတ်စဖြင့် ရစ်ပတ်ထားသော ကိုရန်ကျမ်း။ ထို့ပြင် အာဖဂန်အလံ အသေးစားလေး တခု။

“ငါတို့ဘက်မှာ ကာဖိုင်း ရှိတယ်၊ ငါတို့ တိုက်မယ်၊ ဒီနယ်မြေကို ခန်းညီနောင်တွေ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်လုပ်တာ တော်လောက်ပြီကွာ၊ အခု ငါတို့ ရက်စက်ကြမ်းကြုတ်မှုကို အမြစ်ဖြတ်ပေးရလိမ့်မယ်” ဟု မူစတာဖာက ပြော၏။ သူ့ဘေးမှလူများက မူစတာဖာနှင့် သဘောထားချင်း ကိုက်ညီဟန်ဖြင့် ခေါင်းညိတ်ကြသည်။

တဲ့ဂျဲဗီသည် ဘာသာ ပြန်ပြီးရင်း ပြန်ရင်း ဖြစ်နေ၏။ ခြိမ်းခြောက်မှုများ အတူတူ၊ စကားလုံးများ အတူတူ။ မူစတာဖာက ပက်ဒ်ရှာခန်းထက် ဘာ့ကြောင့် ပိုတော်တာ။ မူစတာဖာက ငြိမ်းချမ်းအောင် ဘယ်လိုလုပ်မှာ။

အာဖဂန်နစ္စတန်တွင် ဘယ်တုန်းကမှ အစစ်အမှန် ငြိမ်းချမ်းရေး မရှိခဲ့ရသည့်အကြောင်းကို သူသည် အကြမ်းဖျင်း ပြောပြနေ၏။

ဘင်လာဒင်နှင့် မူလာအိုမာတို့ ရှိနေသည်ဟု သေချာပေါက် ယူဆရသည့် အိမ်တအိမ်အား သူနှင့် အမေရိကန်တို့ စောင့်ကြည့်ခဲ့ကြပုံကို ပြန်ပြောင်းပြောပြသည်။ သို့သော် ဘာကိုမျှ သူတို့ မတွေ့ကြရ။ အမေရိကန် ထောက်လှမ်းရေးက အလုပ်ဆက်လုပ်သော်လည်း လျှို့ဝှက်ထားမှုများ ပတ်ချာ ဝိုင်းနေသည်။

သူတို့နှင့်အတူ တညလောက် နေလို့ရမလားဟု ဘော့ဘ်ကမေးရာ မူစတာဖာက ရယ်ပြီး “မရဘူး၊ ဒါက ထိပ်တန်းလျှို့ဝှက်ချက်ပဲ၊ ဒါဟာ အမေရိကန်တွေ ဖြစ်ချင်တာပဲ၊ မင်း ဘယ်လောက်ပဲ တောင်းဆိုပေမဲ့ မရဘူး

မောင်ရေ့”

“မိုးချုပ်ရင် အပြင်မထွက်ကြနှင့်၊ မင်းတို့ကို ခန်းရဲ့လူတွေ ကုပ်သွားလိမ့်မယ်” ဟု မူစတာဖာ မှာသည်။

ထို့နောက် ခပတ်ဆိုင်သို့ သွားကြ၏။ တာ့ဂျ်ဗီက ဒံပေါက်နှင့် ခပတ် မှာပြီး ဘော့ဘ်က ကြက်ဥပြုတ်နှင့် ပေါင်မုန့် မှာသည်။ အလျှင်အမြန် စားသောက်ကြပြီးနောက် မောင်ရီမသန်းမီ ဟိုတယ်သို့ ပြန်ကြ၏။ ဤမြို့တွင် ဘာမဆို ဖြစ်လာနိုင်သည်။

မြို့၏ တခုတည်းသောဟိုတယ်မှ ဂိတ်ပေါက်ရှေ့ရှိ လေးလံသော ကွန်ရက်သံပန်းကြီးကို ဖွင့်ပြီး သော့ခတ်လိုက်သည်။ ဆိုင်တွေ ပိတ်ထားသော၊ ပုလိပ်များ မျက်နှာဖုံး စွပ်ထားသော၊ မြို့နေလူထုက အယ်လ်ကိုင်ဒါအပေါ် ကရုဏာသက်နေသော မြို့တမြို့တွင် သူတို့ သတိထားမှ ဖြစ်မည်။ ဖြတ်သွားသူတယောက်က ဘော့ဘ်အား မျက်မှောင်ကြုတ်ကြည့်ရာ တာ့ဂျ်ဗီစိတ်တွင် စနောင့်စနင်း ဖြစ်သွားသည်။

ဤဒေသအတွင်း အမေရိကန်တယောက်ကို သတ်ဖြတ်လျှင် ဒေါ်လာ ငါးသောင်း ဆုချ၏။

သူတို့ ဟိုတယ်ခေါင်မိုးပေါ် တက်ပြီး ဘော့ဘ်၏ ဂြိုဟ်တုတယ်လီဖုန်းကို ဆက်ကြသည်။ ကောင်းကင်တွင် ရဟတ်ယာဉ်တစီး ပျံဝဲလျက်။

ရဟတ်ယာဉ် ဦးတည်သွားမည့်နေရာကို ဘော့ဘ် တွေးနေ၏။ ဟိုတယ်မှ စစ်သား တဒါဇင်လောက်က သူတို့အနီးတွင် စုဝေးနေကြ၏။ ဘော့ဘ် ပြောနေသော ဝိုင်ယာလက်ဖုန်းမှာ စစ်သားများအဖို့ အံ့သြစရာ။

“သူ အမေရိကကို ပြောနေတာလား”

ဦးပေါင်းထုပ်၊ ကျူးနစ်အင်္ကျီနှင့် ကြိုးသိုင်းဖိနပ် ဝတ်ဆင်ထားသည့် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး လူတယောက်က မေးသည်။ သူသည် ခေါင်းဆောင် ဖြစ်ပုံရ၏။ တာ့ဂျ်ဗီက ခေါင်းညိတ်ပြပြီး ဘော့ဘ်အား ဝိုင်းအုံကြည့်နေကြသည့် စစ်သားများနှင့် စကားစမြည် ပြောသော်လည်း စစ်သားများက ဘော့ဘ်၏ဖုန်းကိုသာ စိတ်ဝင်စားနေကြ၏။ သူတို့ တယ်လီဖုန်းကို မမြင်ဖူးကြချေ။

စစ်သားတယောက်က စိတ်မကောင်းသည့်လေသံဖြင့် “ငါတို့ရဲ့ပြဿနာက ဘာလဲ သိလား၊ ငါတို့ရဲ့လက်နက်တွေအကြောင်း အရာခပ်သိမ်း နားလည်ပေမဲ့ တယ်လီဖုန်းတလုံးကို ဘယ်လို အသုံးပြုရမယ်ဆိုတာ ငါတို့ မသိကြဘူးကွ” ဟု ပြော၏။

အမေရိကနှင့် စကားပြောပြီးနောက် ဘော့ဘ်နှင့် တာ့ဂ်ျမီ အောက်ထပ်သို့ ပြန်ဆင်းရာ စစ်သားများ လိုက်ပါလာကြသည်။

"ဒီလူတွေက ငါတို့ ကျောပေးလိုက်ရင် သတ်မယ့်လူတွေလား" ဟု ဘော့ဘ်က လေသံဖြင့် မေးသည်။

စစ်သားများမှာ ကလာ့ရှ်နီကော့ဗ်ကိုယ်စီ ကိုင်ဆောင်ထားလျက်။ တချို့က ရိုင်ဖယ်များတွင် လှံစွပ် စွပ်ထားကြ၏။

တာ့ဂ်ျမီနှင့် ဘော့ဘ် ခန်းမထဲရှိ ဆိုဖာတလုံးပေါ်မှာ ထိုင်လိုက်ကြသည်။ သူတို့၏ ဦးခေါင်းများထက်မှာ ထူးခြားသော ဓာတ်ပုံတပုံ။ ကမ္ဘာ့ကုန်သွယ်ရေးစင်တာမှ မိုးပျံ အဆောက်အအုံ အမြွာတို့ တည်ရှိနေဆဲဖြစ်သည့် နယူးယောက်မြို့ပုံ ပိုစတာတချပ်ကို ဘောင်သွင်းထားခြင်း ဖြစ်သည်။ သို့သော် ယင်းသည် နယူးယောက်မြို့၏ မိုးခြေမျဉ်း အစစ်အမှန် မဟုတ်ပါ။ အဆောက်အအုံများနောက်ဘက်တွင် မြင့်မားသောတောင်များ စီးမိုးလျက် ရှိသည်။ အနီး မြင်ကွင်းတွင် ပန်းပွင့်နီနီများကို ကော်နှင့် ကပ်ထားသည့် စိမ်းလန်းစိုပြည်သော ရောမ ပန်းဥယျာဉ် တခု။ နယူးယောက်မြို့သည် ရောမ တောင်တန်းကြီးအောက်တွင် သစ်သားတုံးများဖြင့် ပြုလုပ်ထားသည့် မြို့ငယ်လေးတခုလို ဖြစ်နေလေသည်။

ဓာတ်ပုံကို ထိုနေရာတွင် နှစ်ပေါင်းများစွာ ကြာအောင် ချိတ်ဆွဲထားတော့သလို ထင်ရသည်။ အရောင်ပျက်ပြီး အနည်းငယ် လှိုင်းတွန့်နေပြီ။

"အဲဒါ ဘယ်မြို့လဲဆိုတာ မင်းတို့သိကြလား" ဟု ဘော့ဘ်က မေးရာ စစ်သားများ ခေါင်းခါကြ၏။

တထပ် ရွှံ့အိမ်၊ နှစ်ထပ် ရွှံ့အိမ်များမှတပါး သူတို့ ဘာမျှ မမြင်ဖူးကြ။

သူတို့အဖို့ ဤပုံသည် တကယ့် မြို့ကြီးတမြို့၏ပုံ ဖြစ်ကြောင်း သိဖို့ ခက်လှသည်။

"ဒါ အမေရိကက နယူးယောက်မြို့ပဲ၊ ဒီအဆောက်အအုံက အိုစမာဘင်လာဒင်ရဲ့လူတွေ လေယာဉ်တွေနှင့် ဝင်တိုက်တဲ့ အဆောက်အအုံတွေပေါ့" ဟု ဘော့ဘ်က ပြော၏။

စစ်သားများ ခုန်ထလိုက်ကြသည်။ ထိုအဆောက်အအုံ နှစ်ခုအကြောင်းကို သူတို့ ကြားဖူးထား၏။ သူတို့ လက်ညှိုးထိုးပြီး လက်ဟန်ခြေဟန်ဖြင့် ပြောဆိုနေကြသည်။ ဓာတ်ပုံ အကြောင်း မသိဘဲ ဓာတ်ပုံရှေ့မှ နေ့တိုင်း ဖြတ်သွားနေခဲ့ကြသည့်အဖြစ်ကို တွေးမိနေကြဟန် တူ၏။

ဘော့ဘ်က မဂ္ဂဇင်းတစောင်ကို ထုတ်ယူပြီး အမေရိကန်တိုင်း မှတ်မိသည့် လူတယောက်၏ ပုံကို ပြပြီး "မင်းတို့ ဒီလူကို သိကြလား" ဟု မေးရာ စစ်သားများက ခေါင်းခါ ပြကြ၏။

"အဲဒါ အိုစမာ ဘင်လာဒင်ပဲ"

စစ်သားများ မျက်လုံးပြူးသွားပြီး ဝိုင်းအုံကြည့်ကြသည်။ လူတိုင်း ကြည့်ချင်နေကြသည်။

"သူက ဒီလိုပုံလား"

သူတို့အဖို့ လူရော မဂ္ဂဇင်းပါ စိတ်ဝင်စားစရာ။

အကြမ်းဖက်သမားပုံကို လက်ညှိုးထိုးပြီး စစ်သားများ ရယ်လိုက်ကြ၏။ ခို့စ်မြို့တွင် သတင်းစာ၊ မဂ္ဂဇင်းများ မရှိသဖြင့် ခို့စ်မြို့သို့ တာ့ဂျ်ဗီနှင့် ဘော့ဘ်တို့ ရောက်ရှိနေခြင်းအတွက် တာဝန်ရှိသည့် အိုစမာ ဘင်လာဒင်၏ပုံကို စစ်သားများ မမြင်ဖူးကြချေ။

စစ်သားများက ဘော့ဘ်နှင့် တာ့ဂျ်ဗီတို့အား ဆေးခြောက်ခဲကြီးတခဲ ထုတ်ပေးရာ တာ့ဂျ်ဗီက ရှူကြည့်ပြီး ပြန်ပေးလိုက်သည်။

"သိပ်ပြင်းတယ်" ဟု ပြောရင်း သူ ပြုံးနေသည်။

ခရီးသည်နှစ်ဦး အိပ်ရာ ဝင်ကြပြီ။ စက်သေနတ်သံ တဖြောက်ဖြောက်က တညလုံး စဲသည် မရှိ။

နောက်တနေ့တွင် ခို့စ်မြို့၏လမ်းများပေါ်မှာ သူတို့ လျှောက်သွားကြသည်။ အရေးကြီးသော တာဝန်ကို ထမ်းဆောင်ရန်လည်းကောင်း၊ ကျောက်ဂူများထဲတွင် အယ်လ်ကိုင်ဒါအား ရှာဖွေရန် လည်းကောင်း သူတို့အား မည်သူမျှ မဖိတ်ခေါ်ကြ။

မဟာရန်သူတော်ကြီးများ ဖြစ်ကြသည့် မူစတာဖာနှင့် ကမဲလ်ခန်းတို့ထံသို့ သတင်းပလင်း ကြားရနိုးဖြင့် သူတို့ နေ့တိုင်း လှည့်ဝင်ကြသည်။

"မင်းတို့ ကမဲလ်ခန်း နေကောင်းလာတဲ့အထိ စောင့်ရမယ်" ဆိုသော သတင်းပေးချက်သည် သိမ်းပိုက်ထားသော အုပ်ချုပ်ရေးမှူး၏အိမ်မှလာသော သတင်းပေးချက် ဖြစ်သည်။

"ဒီနေ့ ဘာမှ မထူးဘူး" ဟု ပုလိပ်ဌာနက သံယောင်လိုက်သည်။

ပက်ဒ်ရှာခန်းသည် ခြေရာခံလို့ မရအောင် ပျောက်ကွယ်သွားပြီ။

အရောင်တောက်တောက် ပန်းပွင့်များနောက်တွင် ထိုင်နေသော မူစတာဖာသည် ကြက်သေ သေလျက်။ အမေရိကန် အထူးတပ်ဖွဲ့များ၏ အရိပ်အယောင်ကိုလည်း မမြင်ရ။ ဘာတခုမျှ ဖြစ်မလာခဲ့။ ညတိုင်း သေနတ်သံ တဖြောက်ဖြောက်နှင့် ကောင်းကင်ယံတွင် ရဟတ်ယာဉ်များ ဝဲနေခြင်းတို့မှလွဲ၍ ဘာတခုမျှ ဖြစ်မလာခဲ့။

ကမ္ဘာပေါ်တွင် တရားဥပဒေ အကင်းမဲ့ဆုံးဒေသမှာ သူတို့ ရောက်နေကြသည်။ သူတို့ ငြီးငွေ့ စိတ်ကုန်လှပြီ။

နောက်ဆုံးတွင် ဘော့ဘ်သည် ကဘူးလ်သို့ပြန်ရန် ဆုံးဖြတ်လိုက်၏။ တာ့ဂျ်ဗီက ဝမ်းတွင်း ကျိတ်ပျော်နေသည်။ ခို့စ်မြို့နှင့် ဝေးရတော့မည်။ မိုက်ခရိုရေယွန်သို့ ပြန်ရောက်တော့မည်။ မင်္ဂလာ နှစ်ပတ်လည် အခမ်းအနားအတွက် ကိတ်မုန့်ကြီးတလုံး ဝယ်သွားရမည်။

အဝေးမှုန် မျက်လုံးများရှိသည့် သူ့ကိုယ်ပိုင် အိုစမာထံသို့ ပျော်ရွှင်သော လူတယောက်အဖြစ် သူ ပြန်သွားသည်။ တကမ္ဘာလုံးမှာ ရှိရှိသမျှ အရာအားလုံးတို့ထက် ပိုချစ်ရသည့် သူ့အမေ အိုစမာ။

ကွဲကြေသွားသောနှလုံးသားတစုံ

လိုင်လာ စာတွေရနေခဲ့သည့် ရက်ပေါင်း မနည်းတော့။ စာများက သူမအား ကြောက်ရွံ့ ထိတ်လန့်မှုဖြင့် ခြေဖျားလက်ဖျားတွေကို အေးစက်သွားစေသည်။ သူမ၏ရင်ခုန်သံကို အခါတိုင်းနှင့် မတူအောင် မြန်ဆန်စေသည်။ ထို့ပြင် တခြားကိစ္စ ဟူဟူသမျှကို သူမအား မေ့လျော့စေ၏။ စာများကို ဖတ်ပြီးနောက် အပိုင်းပိုင်း အစစ ဆုတ်ဖြဲပစ်ပြီး မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။

စာများက သူမအား စိတ်ကူးယဉ်အိပ်မက် မက်အောင် ပြုသည်။ အခြား ဘဝတခုကို သူမအား အိပ်မက် မက်စေ၏။ လိုင်လာအဖို့တော့ အသစ်အဆန်းတွေချည်းပါပဲ။ ဘယ်တုန်းကမျှ သူမ သိမထားခဲ့ဖူးသည့်ကမ္ဘာတခုသည် သူမ၏ဦးခေါင်းထဲတွင် ရုတ်တရက် ဖြစ်တည်လာလေသည်။

ဤအိမ်မှ ထွက်ပြေးလွတ်မြောက်သွားချင်သည်။ တာရှည် ရပ်မခံနိုင်တော့။ အိမ်သည် အကျဉ်းထောင်သဖွယ် ဖြစ်နေ၏။ အိမ်မှထွက်သွားဖို့ကို သူမ မလိုလားသော်လည်း အိမ်ထဲမှာလည်း မနေနိုင်အောင် ရှိသည်။ သူမ ဈေးသွားပြီး ဆယ့်ငါးမိနစ်အကြာတွင် ကြက်သွန်နီတအိတ်ဖြင့် အိမ်ပြန်လာသည်တွင် သူမအပေါ် မယုံသင်္ကာ အဖြစ်ခံရ၏။

"ညည်း ကြက်သွန်နီ ဝယ်ဖို့သက်သက် အပြင်ထွက်တာလား၊ တို့က ဘာမှမဖြစ်စေချင်ကာမှ ညည်းက ဈေးသွားပြီး လူလုံးပြချင်နေတယ်ပေါ့ လေ၊ နောက်တခါ ဈေးဝယ်ရင် ကောင်လေးတွေကို လွှတ်ပြီး ဝယ်ခိုင်း" ဟု ရှရီဖာက နာကြည်းစရာ စကားလုံးများဖြင့် သူမအား ပြော၏။

တကယ်တော့ ဈေးဝယ်ခြင်းသည် ယောကျာ်းကြီး၊ မိန်းမကြီးများ၏အလုပ်ပါ။ အမျိုးသမီးငယ်များအနေဖြင့် ဈေးဆိုင်ပိုင်ရှင် ယောကျာ်းကြီးများနှင့် ဈေးစကား ပြောဖို့ မသင့်လျော်။ ဈေးဆိုင်ပိုင်ရှင် အားလုံးက ယောကျာ်းကြီးများ ဖြစ်ကြသဖြင့် တာလီဘန် လက်ထက်တွင် အမျိုးသမီးတယောက်တည်း ဈေးဝယ်ထွက်ခြင်းကို ပိတ်ပင် တားမြစ်ထားခဲ့သည်။ ယခု ရှရီဖာက မကျေမနပ်ဖြင့် လိုင်လာအား တားမြစ်နေပြီ။

ကောင်လေးများ ပြန်လာချိန်တွင် လိုင်လာသည် မီးဖိုချောင်ထဲမှာ ရှိနေ၏။ သူမနောက်တွင် အိမဲလ် ရောက်နေကြောင်း သိသွားသဖြင့် အနေကျုံ့သွားပြီး ရင်ခုန်သံ မြန်လာသည်။ စာတွေကို ယူမလာဖို့ အိမဲလ်အား သူမ

ပြောထားသော်လည်း စာတစောင်နှင့် ဘူးကလေးတခုကို အိမ်ရှေ့ ပေးပြန်သည်။ အခြားသူများ ထမင်းစားနေကြစဉ် သူမ အခန်းထဲဝင်ပြီး စာနှင့် ဘူးကို ဖွင့်ကြည့်လိုက်သည်။

ချစ်လှစွာသော လိုင်...

ကိုယ့်ကို အပြေပေးပါတော့။ မင်းကြောင့် ကိုယ့်နှလုံးသား လောင်ကျွမ်းနေရပြီ။ မင်းက သိပ်လှတယ်။ ကိုယ့်ရဲ့သောကတွေကို ဖြေဖျောက်မပေးချင်ဘူးလား။ ဒါမှမဟုတ် အမှောင်ထဲမှာပဲ ဒီအတိုင်း ဆက်နေသွားရတော့မလားဟင်။ ကိုယ့်ဘဝဟာ မင်းရဲ့ လက်ထဲမှာ ရှိနေတာပါ။ ကိုယ့်ကို အထိမ်းအမှတ်လေး တခုလောက်တော့ ပြန်ပေးပါ။ မင်းနှင့် တွေ့ချင်တယ်။ အပြေပေးပါ။ ကိုယ့်ဘဝကို မင်းနှင့်အတူ မျှဝေချင်ပါတယ်။

အချစ်များစွာဖြင့်

ကာ။

ဘူးကလေးထဲမှာ လက်ပတ်နာရီတလုံး။ အပြာရောင်မှန်နှင့် ငွေရောင်လက်ပတ်ကြိုးနှင့်။ သူမ လက်တွင် ပတ်ကြည့်လိုက်သော်လည်း ချက်ချင်းပင် ပြန်ချွတ်ပစ်လိုက်၏။ နာရီကို ဘယ်တော့မှ ပတ်ဖြစ်မည် မဟုတ်ပါ။ ဘယ်သူပေးတာလဲဟု သူများတွေမေးလျှင် ဘယ်လိုဖြေရပါ့။ သူမ ရှက်သွေး ဖြန်းသွား၏။ အစ်ကိုများနှင့် အမေတို့ မြင်လျှင် ဘာပြောကြမလဲ။ စူလတန်နှင့် ယူနုစ်တို့က သူမအား ပြစ်တင် ရှုတ်ချကြလိမ့်မည်။ စာတွေကို လက်ခံခြင်းမှာ လော်လည်သော အပြုအမူ။

“မင်းကော ကိုယ့်လို ခံစားရသလား” ဟု သူ မေးခဲ့ဖူး၏။

တကယ်တမ်း ဘာမျှမခံစားရ။ သူမ ကြံရာမရ ဖြစ်နေသည်။ နဖူးတွေ့ ဒူးတွေ့ ဖြစ်ရပ် တခုက သူမအား ဇွတ်အတင်း တောင်းဆိုနေတော့၏။ တစုံတယောက်က သူမထံမှ အဖြေ တောင်းခြင်းမှာ သူမ၏ဘဝတွင် ပထမဆုံး အတွေ့အကြုံ။ သူမ၏ ခံစားချက်များနှင့် အတွေးများကို သူ သိချင်နေသည်။ သို့သော် သူမတွင် ဘာခံစားချက်မျှ မရှိ။ ဘာကိုမျှ ခံစားလို့ မဖြစ်ဟု သိထားသောကြောင့် ခံစားတတ်သည့် အလေ့အထလည်း မရှိခဲ့။ ခံစားချက်များသည် ရှက်စရာဟု လိုင်လာ သွန်သင်ခြင်း ခံခဲ့ရသည်။

ကာရင်က ခံစားနေရသည်။ လိုင်လာ့ကို သူ တကြိမ် တွေ့ဖူးသည်။ ကောင်လေးများ စားဖို့ နေ့လယ်စာကို လိုင်လာနှင့် ဆိုညာ ဟိုတယ်သို့

သွားပို့ကြစဉ်က ဖြစ်သည်။

ကာရင်က ဖျတ်ခနဲ တွေ့လိုက်ရသည့် ဖြူဖွေ့ဖွေ့ မျက်နှာဝိုင်းဝိုင်း၊ လှပသော အသားအရေနှင့် မျက်ဝန်းရွဲကြီးများ ရှိသော လိုင်လာ့ကို သူ့ နဖူးစာဟု တချီတည်း မှတ်လိုက်သည်။

ကာရင်က အခန်းတခန်းတွင် တကိုယ်တည်း နေပြီး ဂျပန် တီဗီကုမ္ပဏီတခုတွင် အလုပ် လုပ်သည့် တကောင်ကြွက်တယောက်။ သူ့အမေမှာ ပြည်တွင်းစစ်အတွင်း သူတို့ အိမ်နောက်ဖေးသို့ ဗုံးကျပြီး ဗုံးဆန်ထိမှန်ကာ သေဆုံးသွားခဲ့၏။

မကြာမီ အဖေက နောက်မိန်းမ ယူလိုက်သည်။ ကာရင်သည် အဖေ၏ နောက်မိန်းမနှင့် အဆင်မပြေ။ နောက်မိန်းမက ကာရင့်ကို သဘောမကျ။ သူမသည် လင်ပါ သားသမီးများအား ဂရုမစိုက်ဘဲ လင့်ကွယ်ရာတွင် ရိုက်နှက် နှိပ်စက်၏။

ကာရင်သည် ဘယ်တော့မျှ အဖေ့ကို ပြန်မတိုင်ပါ။ သူ့အဖေက သူမကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ သူတို့ကို ရွေးချယ်ခဲ့ခြင်း မဟုတ်။ ကျောင်းထွက်ပြီးနောက်တွင် ဂျလာလာဘတ်ရှိ အဖေ့ ဆေးဆိုင်တွင် အဖေနှင့်အတူ အလုပ်ဝင်လုပ်ခဲ့သော်လည်း မိထွေးနှင့် တမိုးအောက်တည်းတွင် ဆက်လက် နေထိုင်နိုင်စွမ်း မရှိတော့ပါ။ သူ့ညီမကို ကဘူးလ်မှ လူတယောက်နှင့် ပေးစားလိုက်သဖြင့် ညီမ လင်မယားနှင့်အတူ ကာရင် လိုက်နေ၏။

သူသည် တက္ကသိုလ်တွင် ဗူလိနတ်စများကို သင်ယူခဲ့ဖူးသူ ဖြစ်သည့်အားလျော်စွာ တာလီဘန် ပြေးပြီးနောက် ကဘူးလ်မြို့ရှိ ဟိုတယ်များနှင့် ဧည့်ရိပ်သာများ၌ သတင်းစာဆရာများ ပြည့်နှက်လာချိန်တွင် လစာကောင်းသော အလုပ်တခုကို ရရှိလိုက်သည်။ သူ အလုပ်လုပ်သည့် ကုမ္ပဏီမှာ ကဘူးလ်တွင် ရုံးစိုက်ထားပြီး သူ နေထိုင်သော ဟိုတယ်အခန်းခကို ကုမ္ပဏီက ကျခံပေး၏။ မန်ဆူနှင့် ခန်းမိသားစုမှ အခြားလူများအကြောင်းကို အဆိုပါ ဟိုတယ်တွင် သူ သိရခြင်း ဖြစ်သည်။ မိသားစု၊ သူတို့၏စာအုပ်ဆိုင်၊ သူတို့၏အသိဉာဏ်၊ သူတို့၏တည်ငြိမ်မှုတို့ကို သူ သဘောကျသည်။ မိသားစုကောင်းတခုပဲဟု သူ ထင်၏။

လိုင်လာအား တွေ့လိုက်သည်နှင့် ကာရင် ကြွေသွားသည်။ သို့သော် လိုင်လာသည် ဟိုတယ်သို့ ဘယ်တော့မှ ပြန်ရောက်မလာပါ။ တကယ်တော့ ဤတကြိမ် လာရသည်ကိုပင် လိုင်လာ စက်ဆုပ်လှပြီ။ မိန်းမငယ်တယောက် လာဖို့မကောင်းတဲ့နေရာဟု သူမ ထင်၏။

သူ၏ အဖြစ်သည်းမှုကို ဖွင့်ပြောရမည့်သူဟူ၍ ကာရင့်တွင် မည်သူမျှ

မရှိချေ။ မန်ဆူဆိုလျှင် ဟားတိုက်ချင် တိုက်မည်၊ ဖျက်လိုဖျက်ဆီး လုပ်ချင်လုပ်မည်။ မန်ဆူက ဘာကိုမျှ အလေးအနက် မထား။ သူ့အဒေါ်ကို နှစ်သက်သူလည်း မဟုတ်။

ဤကိစ္စကို အိမဲလ်တယောက်သာ သိပြီး သူသည်သာ နှုတ်လုံသူဖြစ်သည်။ အိမဲလ်က ကာရင်၏ အောင်သွယ်။

အိမဲလ်နှင့် အနီးကပ်ပေါင်းလျှင် မိသားစုအကြောင်းကို ပိုသိရမည်ဟု ကာရင် ထင်၏။ သူ ကံကောင်းပါသည်။ တနေ့တွင် မန်ဆူက သူ့အား အိမ်တွင် ထမင်းဖိတ်ကျွေး၏။ သို့သော် လိုင်လာ၏ အရိပ်အယောင်ကိုမျှ မမြင်ခဲ့ရ။ သူမက မီးဖိုချောင်ထဲတွင် ချက်ပြုတ် ကြော်လှော်နေ၏။ စားစရာများကို ရှရီဖာနှင့် ဘူလ်ဘူလာတို့က သယ်ပေးလာကြသည်။ မိသားစုပြင်ပမှ လူငယ် လူရွယ် တယောက်အဖို့ လက်မထပ်ရသေးသည့် မိန်းမပျိုများကို တွေ့နိုင်ခဲဘိခြင်း။

ညစာ စားပြီးကြပြီ။ လက်ဖက်ရည် သောက်ပြီးကြပြီ။ အိမ်သားများ အိပ်ရာထဲ ဝင်ကြတော့မည်။ ထိုအချိန်ကျမှ လိုင်လာကို ဖျတ်ခနဲ တွေ့လိုက်ရပြန်၏။ ညမထွက်ရ အမိန့်ကြောင့် ညစာစားသည့် ဧည့်သည်များမှာ အိမ်မပြန်နိုင်ကြချေ။ သို့အတွက် ကာရင်အိပ်ရန် အိပ်ရာကို လိုင်လာ ပြင်ပေးရသည်။ သူမမှာရှိသည့် တခုတည်းသောအတွေးမှာ သူမအား စာပေးသူသည် အိမ်ထဲမှာ ရှိနေပါလားဟူသော အတွေးသာဖြစ်၏။

လုပ်စရာတွေ ပြီးစီးပြီဖြစ်သဖြင့် အခြားသူများ အိပ်ရာ မဝင်ကြမီ လိုင်လာ ဝတ်ပြုသည်။ ကော်ဇောပေါ်တွင် ကိုယ်ကို ကိုင်းညွှတ်လျက်။ ဆံပင်ရှည်ရှည်များကို ကျစ်ဆံမြီး စည်းထားပြီး လျှော်စောင်တထည်ဖြင့် ဖုံးအုပ်ထား၏။ ထိုအချိန်တွင် တံခါးဝသို့ ကာရင် ရောက်လာပြီး တအံ့တသြ ဖြစ်ကာ စိတ်လှုပ်ရှားသွားသည်။ လိုင်လာသည် သူ့ကို သတိမပြုမိချေ။ လိုင်လာ့ပုံရိပ်ကလေးကို ကာရင် တညလုံး မြင်ယောင်နေတော့သည်။

မိုးလင်းချိန်တွင် သူ မျက်နှာသစ်ဖို့ ရေ၊ ကြက်ဥကြော်နှင့် လက်ဖက်ရည်တို့ကို လိုင်လာ ပြင်ဆင်ပေးထားသော်လည်း မတွေ့ရတော့။

နောက်တနေ့တွင် ကာရင်သည် ညီမဖြစ်သူအား ခန်းမိသားစုထံသို့ စေလွှတ်လိုက်ပါသည်။ လိုင်လာ့အပေါ် ကာရင်၏ စိတ်ဝင်စားနေပုံကို သိသော သူမက လိုင်လာ့မိသားစုအကြောင်းကို စူးစမ်းကြည့်ချင်သည်။ သူမ ပြန်လာသောအခါ ကာရင် သိပြီးသားတွေကိုပင် သူမ ပြောပြ၏။

"လိုင်လာက တော်တယ်၊ အလုပ် ကြိုးစားတယ်၊ လှလည်းလှ၊ ကျန်းမာရေးကလည်း ကောင်း၊ မိသားစုကလည်း အေးအေးဆေးဆေးနှင့် လက်ခံနိုင်လောက်တဲ့ အနေအထားမှာ ရှိတယ်၊ အစ်ကိုနှင့် လိုင်လာဟာ နတ်ဖက်တဲ့

စုံတွဲပဲ”

“လိုင်လာ ဘာပြောသလဲ၊ လိုင်လာ့သဘောက ဘယ်လိုလဲ၊ လိုင်လာက ဘာနှင့်တူသလဲ” ဟု ကာရင် မေးတိုင်း “လိုင်လာက သိက္ခာရှိတဲ့ မိန်းကလေးတယောက်ပါလို့ အစ်ကို့ကို ပြောပြီးပြီလေ” ဆိုသော အဖြေကိုသာ ကာရင် ရသည်။

ကာရင့်မှာ အမေ မရှိတော့သဖြင့် ညီမဖြစ်သူသည် စကားကြောင်းဖို့ စေလွှတ်ရမည့် အသင့်တော်ဆုံးလူ ဖြစ်သည်။ သို့သော် စောပါသေး၏။

သူတို့အကြားတွင် သွေးသား တော်စပ်မှု မရှိသဖြင့် လိုင်လာ့မိသားစုအကြောင်းကို ပိုသိအောင် ညီမက လုပ်ချင်သေးသည်။ သွေးသား တော်စပ်မှု မရှိလျှင် တချီတည်း ငြင်းဆန်လိုက်နိုင်၏။

ကာရင့်ညီမ အလည်အပတ် သွားပြီးနောက်တွင် မိသားစုဝင်များက လိုင်လာ့ကို ကာရင်နှင့် စကြသည်။ လိုင်လာသည် အမှုမထားဟန် ဆောင်နေရ၏။ သို့သော် ရင်ထဲမှာတော့ ပူလောင်လျက်။ စာတွေအကြောင်းကို သူတို့ မသိမှဖြစ်မည်။ သူမကို ဘေးတွေ့အောင်လုပ်သည့် ကာရင့်ကို စိတ်ဆိုးသည်။ လက်ပတ်နာရီကို ကျောက်ခဲဖြင့် ထုခြေပြီး လွှင့်ပစ်လိုက်၏။

သူမ အကြောက်ဆုံးလူမှာ ယူနုစ်။ သူက မွတ်စလင်စည်းကမ်းများကို အကုန်အစင် မလိုက်နာသော်လည်း မိသားစုအတွင်းမှာ မွတ်စလင်အဆန်ဆုံး လူတယောက်လည်း ဖြစ်၏။ သူမအပေါ် သူ့ အပြစ်မြင်မှာ စိုးသည်။ သူမ အချိန်ပိုင်း အလုပ်တခု ရစဉ်က သူမအား ယူနုစ် မလုပ်စေခဲ့။ သူ့နှမအား ယောက်ျားသန်များနှင့် အလုပ် အတူလုပ်ရမည့်အဖြစ်ကို ယူနုစ် မကြည်ဖြူနိုင်။

ဂျမီလာ့အကြောင်း ပြောသည့်စကားများကို လိုင်လာ အမှတ်ရသည်။ အသက်ရှူကျပ်ပြီး သေသည့် ကောင်မလေးအကြောင်းကို ရှရီဖာက သူမအား ပြောဖူးသည်။

“အဲဒီကောင်မလေးက ဘာဖြစ်တာလဲ၊ ခတ်လိုက်လို့ သေတယ်ဆိုတဲ့ ကောင်မလေးကို ပြောတာလား” ဟု ယူနုစ်က တအံ့တသြ မေး၏။

ခတ်လိုက်သေသည်ဆိုခြင်းမှာ လိမ်ခြင်းဖြစ်ကြောင်း၊ ဂျမီလာ အသတ်ခံရသည်မှာ သူမ၏ ရည်းစားက သူမထံ လာသောကြောင့်ဖြစ်ကြောင်း ယူနုစ် မသိချေ။ လိုင်လာက ဇာတ်လမ်း အပြည့်အစုံကို ပြောပြလိုက်သည်။

“အရမ်းကို ဆိုးတာပဲ၊ အရမ်းကို ဆိုးတာပဲ” ဟု ယူနုစ်ပြောစဉ် လိုင်လာ ခေါင်းညိတ်ပြသည်။

"ဂျမီလာက ဘာဖြစ်လို့ ဒီလို လုပ်တာလဲ"

"ဂျမီလာလား"

လိုင်လာ တအံ့တသြ ရေရွတ်၏။

လိုင်လာက ယူနုစ်၏မျက်နှာပေါ်မှ ပုံပန်းကို အဓိပ္ပာယ်ကောက်လွဲပြီး အစ်ကိုများက ဂျမီလာအား အသက်ရှူကျပ်အောင် လုပ်သည့်အတွက် ဒေါသဖြစ်ခြင်း၊ စိတ်ထိခိုက်ခြင်းဟု ထင်လိုက်သည်။ သို့သော် ထိုသို့မဟုတ်ပါ။ ဂျမီလာ ရည်းစားနှင့် ချိန်းတွေ့သောကြောင့် ဖြစ်ရသည့် ဒေါမနဿများသာ ဖြစ်သည်။

"ဂျမီလာ့ယောက်ျားက ချမ်းလည်း ချမ်းသာတယ်၊ ရုပ်လည်း ချောတယ်၊ ဒါနှင့်တောင် ဂျမီလာက ရည်းစားနှင့် ချိန်းတွေ့ရသတဲ့လား၊ ပြီးတော့ ရည်းစားက ပါကစ္စတန်လူမျိုး၊ ငါတော့ ငယ်ငယ်ရွယ်ရွယ် အပျိုစစ်စစ်ကိုမှ ယူဖို့ ဆုံးဖြတ်လိုက်ပြီ၊ ပြီးတော့ မလှုပ်နိုင်အောင်လည်း ဇက်ကြိုးကို တင်းနေအောင် ဆွဲထားရမယ်"

"လူသတ်မှု ကျူးလွန်တာကိုတော့ အစ်ကိုက အပြစ်မပြောတော့ဘူးလား"

"ဒါတော့ ဂျမီလာက စဖောက်တာကိုးကွ"

လိုင်လာ့အနေဖြင့်လည်း ယင်ဖိုပင် မသန်းသူ ဖြစ်ချင်ပါသည်။ သူမ၏အပြစ်တွေ ပေါ်သွားမှာ စိုးသည်။ မျောက်မထားခြင်းနှင့် လုလင်တဦးထံမှ စာများ လက်ခံခြင်းတို့၏ ခြားနားချက်ကို လိုင်လာ သတိမမူမိပါ။ နှစ်ခုလုံးကို တားမြစ်ထားသည်။ နှစ်ခုလုံးသည် အတူတူပင် ဆိုးရွားသည်။ နှစ်ခုလုံး သည် အမည်းကွက်များ ဖြစ်သည်။ ကာရင်က သူမအား စကား ကြောင်းလာသည့်အခါ ယူနုစ် သဘောမတူမှာ လိုင်လာ ကြောက်သည်။

သူမဘက်ကမူ ချစ်သည်ဟု မပြောမိသေး။ သူ့ကိုလည်း သေသေချာချာ မမြင်ဖူးသေး။ ခန်းဆီးနောက်ကွယ်မှ ချောင်းကြည့်ဖူးတာ၊ မန်ဆူနှင့်အတူ အိမ်သို့ ဝင်လာစဉ်က ပြတင်းပေါက်မှ လှမ်းမြင်လိုက်ရတာသာ ရှိ၏။

သူက ပညာတတ်သည်။ ကြင်နာပုံ ရသည်။ သူမကို မိသားစုထဲမှ ခေါ်ထုတ်သွားနိုင်သည်။ အကြီးမားဆုံး အားသာချက်ကတော့ သူ့မှာ မိသားစုကြီးကြီး ရှိမနေခြင်းပင်။ ဒါဆိုတော့ သူ့မိသားစုထဲမှာ ကျွန်မခံရတော့ဘူးပေါ့။ သူမကို ပညာသင်ကြားခွင့်၊ အလုပ်လုပ်ခွင့် ပေးလိမ့်မည်။ သူနှင့် သူမ နှစ်ယောက်တည်းသာ နေရလိမ့်မည်။ နိုင်ငံခြားသို့ပင် သွားရောက် နေထိုင်နိုင် ကောင်း၏။

လိုင်လာကို တောင်းရမ်းသူ မရှိမဟုတ်၊ သုံးယောက်တောင် ရှိ၏။ အားလုံး ဆွေမျိုးတွေချည်း ဖြစ်သည်။ သူမ မလိုချင်သည့် ဆွေမျိုးတွေချည်းဖြစ်သည်။ တယောက်က အဒေါ်တယောက်၏ သား။ ပညာ မတတ်၊ အလုပ်လက်မဲ့။ ပျင်းလည်း ပျင်းသည်။ ဖျင်းလည်း ဖျင်းသည်။

ဒုတိယတယောက်မှာ ဝါကီ၏သား။ လူမိုက် လူရမ်းကား။ အလုပ်မရှိ။ ရံဖန်ရံခါ ဝါကီကို ကားကူမောင်း၏။

"နင် ကံကောင်းတယ်၊ လက်ချောင်း သုံးချောင်းရှိတဲ့လူနှင့် ရလိမ့်မယ်" ဟု မန်ဆူက သူမကို လှောင်၏။ သူ့ကို လိုင်လာ မကြိုက်ပါ။ အစ်မကြီး ရုကီလာက သူတို့နှစ်ယောက်ကို လှော်ပေးနေသည်။ ရုကီလာက လိုင်လာ့ကို သူမ၏မီးဖိုချောင်ထဲမှာ ရှိနေစေချင်သည်။ သူမ ကျွန်ခံရမည့်အဖြစ်ကို လိုင်လာ သိတာပေါ့။ သူ့ကို ယူလိုက်လျှင် အစ်မကြီး၏ ကြိုးဆွဲရာကို သူမ ကရမှာ သေချာ၏။ ဝါကီ့သားကလည်း သူ့အဖေ စေရာအတိုင်း လိုက်နာနေရဖို့ ရှိသည်။

သူ့ကို ယူလိုက်ရင် လူနှစ်ဆယ်ရဲ့အဝတ်တွေကို လျှော်ဖွပ်ရတော့မယ်၊ ခုလို လူ ဆယ့်သုံးယောက် မဟုတ်တော့ဘူး ဟု လိုင်လာ တွေးမိသည်။

အိမ်တွင် ရုကီလာက အိမ်ကြီးရှင်မဖြစ်ပြီး လိုင်လာကတော့ အစေခံမလေးအဖြစ် ရှိနေလိမ့်မည်။

ထိုအခါ မိသားစု ထောင်ချောက်ထဲမှာ ရုကီလာလို လိုင်လာ အမိခံရပြန်ဦးတော့မည်။

တတိယလူမှာ ခါလက်ဖြစ်၏။ ခါလက်သည် လိုင်လာ၏ အစ်ကိုဝမ်းကွဲ။ လူအေး လူကောင်းလေး။ သူမနှင့်အတူ ကြီးပြင်းလာခဲ့သူ။

ပြောစတမ်းဆိုလျှင် ခါလက်ကို လိုင်လာ နှစ်သက်ပါသည်။ သို့သော် သူ့မိသားစုက ရှောမ မိသားစုကြီး ဖြစ်၏။ မိသားစုဝင်ပေါင်း သုံးဆယ်ခန့်။ စည်းကမ်းကြီးသော သူ့အဖေမှာ တာလီဘန်နှင့် ဆက်သည်ဟူသော စွဲချက်ဖြင့် ထောင်ကျနေရာမှ လွတ်လာခါစ။

သူတို့၏အိမ်သည် ကဘူးလ်မြို့မှ အခြားအိမ် အများစုလိုပင် ပြည်တွင်းစစ်အတွင်း လုယက် ဖျက်ဆီးခြင်း ခံရပြီး တာလီဘန် ရောက်လာချိန်တွင် ခါလက်၏အဖေက သူ့ရွာထဲရှိ မူဂျာဟေဒင် တချို့အကြောင်းကို တိုင်ကြားသည်။ သို့ဖြင့် မူဂျာဟေဒင်တို့ ဖမ်းဆီး ထောင်ချခြင်း ခံကြရ၏။ တာလီဘန် ပြေးချိန်တွင် ဤလူများ ကျေးရွာလူကြီးများ ဖြစ်လာကြပြီး ခါလက်၏ အဖေအပေါ် လက်စားချေသည့်အနေဖြင့် ထောင်ထဲသို့ ပို့လိုက်သည်။

ခါလက်၏အဖေကို သူ၏ ထိုးထိုးထောင်ထောင်နိုင်သော စိတ်ထားကြောင့် လူသိများသည်။

သူ့မှာ မယားနှစ်ယောက်ရှိပြီး သူတို့သည် အဆက်မပြတ် စကားများနေကာ တယောက်နှင့် တယောက် မျက်နှာချင်းဆိုင်လို့ မရကြ။

ယခု ခါလက်၏ အဖေက တတိယမယား ယူဖို့ စဉ်းစားနေပြန်ပြီ။

"သူတို့ဟာ ငါ့အတွက် သိပ် အိုသွားပြီ၊ ငါ့ကို နုပျိုအောင် ထားနိုင်တဲ့ မယားတယောက်တော့ ယူမှ ဖြစ်တော့မယ်" ဟု အသက် ခုနစ်ဆယ်အရွယ် အဘိုးအိုသည် ပြောနေလေသတတ်။

ဤ ကပေါက်ချိ ကပေါက်ချာ မိသားစုထဲသို့ ဝင်ဖို့ လိုင်လာ စဉ်းပင်မစဉ်းစားရဲ။ ခါလက်မှာ ပိုက်ဆံ မရှိ။ ထို့ကြောင့် တစင်ထောင်ရန် အခွင့်အလမ်းလည်း မရှိ။

သို့သော် ယခုတော့ ကံကြမ္မာက သူမအပေါ် ရက်ရောစွာ ကာရင်အား နှင်းအပ်နေလေပြီ။ ပညာရေး ဝန်ကြီးဌာနသို့ သွားဖို့ကိစ္စကို လိုင်လာ မစွန့်လွှတ်နိုင်သေး။ သူမနှင့်အတူ အဖော် လိုက်မည့်သူ မရှိသောအခါ ရှရီဖာက သနားပြီး သူမကိုယ်တိုင် အဖော် လိုက်ပေးမည်ဟု ပြောသည်။ သို့သော် အချိန်တွေသာ ကုန်သွားသော်လည်း ပညာရေး ဝန်ကြီးဌာနသို့ မသွားဖြစ်ကြချေ။ လိုင်လာ စိတ်ဓာတ်ကျစပြုပြီ။ သို့သော် ထို့နောက်တွင် တနည်းတလမ်းအားဖြင့် အခြေအနေ ပေးလာပြန်၏။

လိုင်လာ ဆရာမလုပ်ဖို့ လျှောက်လွှာတင်ရာတွင် အခက်အခဲ တွေ့နေရသည်ဟု ကာရင့် နှမက ကာရင်အား ပြောပြသည်။ ပညာရေးဝန်ကြီး၏ညာလက်ရုံးကို ကာရင် သိသောကြောင့် ပညာရေးဝန်ကြီးအသစ် ရာဆူး အာမင်နှင့် လိုင်လာ တွေ့ဆုံခွင့် ရနိုင်ရန် ကာရင် စီစဉ်ပေး၏။ လိုင်လာ သိပ်လုပ်ချင်နေမှန်း သိသဖြင့် အမေက ခွင့်ပြုသည်။ ကံကောင်းထောက်မသဖြင့် စူလတန်က နိုင်ငံခြားသို့ သွားနေသည်။ ယူနုစ်ကလည်း တလုံးတပါဒမျှ ဝင်မပြော။ အစစ အဆင် ချောနေ၏။

နှစ်ပေါင်း သုံးဆယ်မျှ ကြာသည်အထိ ပြည်ပြေးဘဝဖြင့် နေထိုင်ခဲ့ပြီးနောက် အာဖဂန် မြေပေါ်တွင် ဇဟီရှားဘုရင် ပြန်လည်ခြေချသည့် ဧပြီလ နံနက်ခင်းတခုတွင် လိုင်လာသည် ခေါင်းမြီးခြုံ ဝတ်ရုံ ဆင်မြန်းခြင်းကို ရာသက်ပန် စွန့်လွှတ်လိုက်သည်။

ဆိုညာနှင့် ရှရီဖာတို့ကပါ လိုင်လာလုပ်သလို လိုက်လုပ်ကြသည်။

ရှရီဖှာအနေဖြင့် မိန်းမကြီးဘဝ အချိန်အများစုတွင် မျက်နှာ မဖုံးဘဲ နေထိုင်ခဲ့သူဖြစ်သည့် အားလျော်စွာ ခေါင်းမြီးခြုံ ဝတ်ရုံကို စွန့်လွှတ်ဖို့ မခက်ပါ။ သို့သော် ဆိုညာအဖို့တော့ သိပ် မလွယ်လှ။ တသက်လုံး ခေါင်းမြီးခြုံ ဝတ်ရုံအောက်တွင် နေလာသူ ဖြစ်သဖြင့် ခေါင်းမြီးခြုံ ဝတ်ရုံကို စွန့်လွှတ်ရန် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသေး၏။ နောက်ဆုံးတွင် ခေါင်းမြီးခြုံ ဝတ်ရုံကို ဝတ်ဆင်ရန် တားမြစ်သူမှာ စူလတန် ဖြစ်သည်။

"သမိုင်းမတင်ခင်က မယားမျိုး ငါ မလိုချင်ဘူး၊ မင်းဟာ အတွေးအခေါ်သစ်ကို လက်ခံသူ တယောက်ရဲ့မယားပါကွ၊ တင်းကျပ်တဲ့ ဘာသာရေးဝါဒီတယောက်ရဲ့မယား မဟုတ်ပါဘူး" ဟု စူလတန်က ဆိုလေသည်။

စူလတန်သည် နည်းလမ်းပေါင်းများစွာဖြင့် အတွေးအခေါ်သစ်ကို လက်ခံသူ ဖြစ်၏။ သူ အီရန်သို့ ရောက်တုန်းက ဆိုညာ့အတွက် အနောက်တိုင်း အဝတ်အထည်များ ဝယ်လာပေးဖူးသည်။ သူသည် ခေါင်းမြီးခြုံဝတ်ရုံကို ဆိုးရွားသော လှောင်ချိုင့်ဟု ပြောဆိုပြီး အစိုးရအဖွဲ့သစ်တွင် အမျိုးသမီး ဝန်ကြီးများ ပါဝင်လာသည်ကို သဘောကျသူ ဖြစ်သည်။

အာဖဂန်နစ္စတန်ကို ခေတ်မီနိုင်ငံ ဖြစ်လာဖို့ လိုလားပြီး အမျိုးသမီးများ လွတ်မြောက်ရေး အကြောင်းကို စိတ်လိုလက်ရ ပြောဆိုတတ်၏။

သို့သော် အိမ်တွင်ကား စူလတန်သည် အာဏာရှင်ဆန်သူပါ။

လိုင်လာ့ကိုခေါ်ဖို့ ကာရင် ရောက်လာချိန်တွင် လိုင်လာသည် မှန်ရှေ့မှာရပ်လျက်။ အရင်တုန်းက မတွေ့ရသော အလင်းတခုကို သူမ၏ မျက်လုံးများထဲမှာ တွေ့ရသည်။

ဝန်ကြီးဌာနသို့ ရောက်ချိန်တွင် ဝန်ကြီးနှင့်တွေ့ရန် အတော်ကြာအောင် စောင့်နေရ၏။ သူတို့ အနီးအနားတွင် အမျိုးသမီးပေါင်း မြောက်မြားစွာ။ တချို့က အခန်းထောင့်များတွင်ထိုင်နေကြသည်။ တချို့က နံရံတလျှောက်တွင် ထိုင်နေကြသည်။ ခေါင်းမြီးခြုံသူလည်း ပါသည်။ ခေါင်းမြီး မခြုံသူလည်း ပါသည်။ ကောင်တာများရှေ့တွင် တန်းစီနေသူတွေလည်း ရှိသည်။ သူတို့ကို ပုံစံများ ထုတ်ပေး။ သူတို့က ဖြည့်စွက်ပြီး ပုံစံများ ပြန်ပေး။ နေရာ မြန်မြန်ဆန်ဆန် မရွေ့သည့် တန်းစီသူများအား ဝန်ထမ်းများက ရိုက်နှက်ကြ။ ကောင်တာများနောက်မှလူများကို သူတို့က အော်ဟစ်ကြ။ သူတို့ကို ကောင်တာများနောက်မှလူများက ပြန်အော်ကြ။

ဤနေရာတွင် သာတူညီမျှ အခွင့်အရေး ရှိနေသည်။ ယောကျ်ားများက ယောကျ်ားများကို ဖြဲအော်သည်။ မိန်းမများက မိန်းမများကို ကုန်းအော်သည်။

ဝန်ကြီးဌာနမှ လူတချို့က စာရွက်ထပ်ကြီးများကို ပွေ့ပိုက်လျက် ပတ်ချာလှည့်ပြေးနေကြသည်။ လူတိုင်း အော်ဟစ်နေကြ။

ကာရင်သည် စောင့်နေရသည့်အချိန်ကို အခွင့်အရေးအဖြစ် အကျိုးရှိစွာ အသုံးချလိုက်သည်။

ကောင်တာသို့ ရှရီဖာ ထသွားချိန်တွင် ကာရင်သည် လိုင်လာအား "အဖြေမပေးသေးဘူးလားဟင်" ဟု မေး၏။

"ကျွန်မ အဖြေမပေးနိုင်တာ ရှင် သိပါတယ်"

"မင်း ဘာဖြစ်ချင်လဲ"

"ကျွန်မမှာ ဘာဆန္ဒမှ ရှိလို့မရပါဘူး"

"ကိုယ့်ကိုတော့ ချစ်တယ် မဟုတ်လား"

"အဲဒီမေးခွန်းကို ကျွန်မ မဖြေနိုင်ဘူး"

"ကိုယ် ချစ်ရေးဆိုရင် မင်း လက်ခံမှာလား"

"အဖြေ ပေးရမှာက ကျွန်မ မဟုတ်ဘူး"

"ကိုယ်နှင့် ထပ်တွေ့ဦးမလား"

"ဟင့်အင်း"

"ကိုယ့်ကို မချစ်ဘူးလား"

"ရှင့်ကို ကျွန်မ ချစ်တယ် မချစ်ဘူး ဆိုတာ ကျွန်မရဲ့မိသားစုက ဆုံးဖြတ်ပါလိမ့်မယ်"

ဤလို မေးခွန်းများကို မေးသည့်အတွက် လိုင်လာ စိတ်တိုမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆုံးဖြတ်မည့်သူမှာ စူလတန် သို့မဟုတ် သူမ၏မိခင်ပါ။ သူ့ကို သူမ လိုလားနှစ်သက်သော်လည်း ခံစားချက်တော့ မရှိ။ ကာရင့် မေးခွန်းတွေကို ဘယ်လိုဖြေရပါ့။

သူတို့ နာရီပေါင်း အတန်ကြာအောင် စောင့်နေကြရပြီးနောက် ဝန်ကြီး၏ အခန်းထဲသို့ ဝင်ခွင့် ရကြသည်။

ဝန်ကြီးသည် လိုင်လာကမ်းပေးသော စာရွက်စာတမ်းများကို ကြည့်ပြင်

မကြည့်နိုင်ဘဲ လက်မှတ်ထိုးပေးလိုက်၏။ အားလုံး စာရွက်စာတမ်းပေါင်း ခုနစ်ခု။

အာဖဂန် လူ့အဖွဲ့အစည်းတွင် ဤသို့ ဤနှယ် အလုပ် လုပ်နေကြခြင်းပါ။

ဘဝတွင် တက်လမ်းကလေးတခုရဖို့ တယောက်ယောက်နှင့် သိထားရလိမ့်မည်။ သွက်ချာပါဒ လိုက်နေသည့် စနစ်တခု။ အမှန်အကန် လက်မှတ်များနှင့် ခွင့်ပြုမိန့်များ မပါရှိလျှင် မည်သို့မျှ ဖြစ်ပေါ်မလာနိုင်။

လိုင်လာက ဝန်ကြီးထံ တွေ့နိုင်သည်။ တခြားတယောက်ဆိုလျှင် အကောင် သိပ်မကြီး၊ အမြီး သိပ်မရှည်သူ တယောက်ယောက်ထံမှ လက်မှတ်ဖြင့် ဖြစ်သလို ဝါးပေါင်းကွပ်ရမည်။

သူမအနေဖြင့် ဝန်ကြီး၏လက်မှတ်ကို ရထားပြီး ဖြစ်သဖြင့် ဆရာမအလုပ်ရဖို့ သိပ်ကို လွယ်ကူသွားပြီဟု လိုင်လာ ထင်ထားသည်။ သို့သော် ဆက်စပ်ရာ ဌာနများစွာတို့သို့ သွားဖို့ လိုသေးသည်။ အာဖဂန်နစ္စတန်တွင် ဆရာမတွေ ဤမျှ လိုအပ်နေချိန်မှာ ဆရာမအဖြစ် မှတ်ပုံတင်ဖို့ ဘာ့ကြောင့် သည်လောက်တောင် ခက်ခဲနေပါသလဲ။ နေရာအများအပြားတွင် အဆောက်အအုံတွေ၊ စာအုပ်တွေ ရှိနေသော်လည်း သင်ကြားပို့ချပေးမည့်သူ တယောက်မျှ မရှိဟု ဝန်ကြီးက ပြော၏။

ဆရာမအသစ်များကို စစ်ဆေးသည့်ရုံးသို့ လိုင်လာ ရောက်သွားချိန်တွင် သူမ၏ စာရွက်စာတမ်းများ လုံးဝ တွန့်ကြေနေတော့ပြီ။

ဤ ရုံးတွင် နှုတ်မေး နှုတ်ဖြေ လုပ်ရသည်။

အခန်းတခန်းထဲမှာ ယောကျ်ားကြီး နှစ်ယောက်နှင့် မိန်းမကြီး နှစ်ယောက် ထိုင်နေ၏။ အမည်၊ အသက်နှင့် ပညာ အရည်အချင်းတို့ကို ရေးပြီးသွားသော အခါ မေးခွန်းများ စတင်ပါသည်။

“အစ္စလာမ် အယူဝါဒကို သိသလား

“အစ္စလာမ်အယူဝါဒမှာ နှုတ်ဆိုတာ မရှိဘူး၊ ဘုရားသခင်ပဲ ရှိပါတယ်၊ မိုဟာမက်ဟာ ဘုရားသခင်ရဲ့တမန်တော်ပါ”

“မွတ်စလင်တယောက်က တနေ့ ဘယ်နှကြိမ် ဝတ်ပြုရမလဲ”

“ငါးကြိမ်”

“ခြောက်ကြိမ် မဟုတ်ဘူးလား”

ကောင်တာနောက်တွင် ထိုင်နေသော အမျိုးသမီးက မေးသည်။

"ရှင့်အတွက်တော့ ခြောက်ကြိမ် ဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ ကျွန်မ အတွက်တော့ ငါးကြိမ်ပါ"

"မင်း တနေ့ ဘယ်နှကြိမ် ဝတ်ပြုသလဲ"

"ငါးကြိမ်ပါ" ဟု လိုင်လာ ညာပြောလိုက်၏။

ထို့နောက် သင်္ချာ မေးခွန်းတချို့ကို လိုင်လာ ဖြေပြလိုက်သည်။

"ကျွန်မရဲ့ အင်္ဂလိပ် စကားပြောကို မစစ်တော့ဘူးလား"

သူတို့ ခေါင်းခါပြကြ၏။

"မင်းပြောချင်တာ ပြောလေ" ဟု ငေါ့တော့တော့ ပြောပြီး သူတို့ ရယ်ကြသည်။ သူတို့ တယောက်မျှ အင်္ဂလိပ်လို မပြောတတ်ကြ။ ထို့နောက် စာရွက်စာတမ်းတစောင် လိုနေသည်ဟု ဆုံးဖြတ်ပြီး စစ်ဆေးမှု ပြီးဆုံးသွား၏။

"အဲဒီ စာရွက်စာတမ်းကို ရရင် ပြန်လာခဲ့ပါ"

ဝန်ကြီးဌာနတွင် ရှစ်နာရီကြာ အချိန်ဖြုန်းပြီးနောက် ရှရီဖာနှင့် လိုင်လာ အိမ်ပြန်လာခဲ့ကြ သည်။ မျှော်လင့်ချက် ကင်းမဲ့စွာ။

ဤသို့ ဗျူရိုကရက်များနှင့် ရင်ဆိုင်တွေ့ရလျှင် ဝန်ကြီး၏ လက်မှတ်သည် ဘာမျှ အရာ မရောက်ချေ။

"ဆရာမအလုပ် ရဖို့ ကျွန်မ မမျှော်လင့်တော့ပါဘူး" ဟု လိုင်လာ ပြောသည့်အခါ "စိတ်ခတ် မကျပါနှင့်ဦး၊ အခု စပြီးပြီဆိုတော့ ဆုံးခန်းတိုင်အောင် ကူညီပါ့မယ်" ဟု ကာရင်က အားပေး၏။

လိုင်လာသည် အနည်းငယ်တော့ စိတ်သက်သာရာ ရသွားလေသည်။

နောက်တနေ့တွင် ကာရင်သည် သူ့မိသားစုနှင့် ဆွေးနွေးတိုင်ပင်ရန် ဂျလာလာဘတ်သို့ သွားပြီး လိုင်လာ့အကြောင်းကို ပြောပြသည်။ မိသားစု သဘောတူ၏။ သူ့နှမအား စေလွှတ်ဖို့သာ ကျန်တော့သည်။ မင်္ဂလာဆောင်၊ အိပ်ရာ အခမ်းအနားနှင့် ကြင်စဦး ဇနီးမောင်နှံနေဖို့ အိမ်အတွက် ငွေကြေးလိုနေသေးသဖြင့် သူ့နှမအား မစေလွှတ်နိုင်သေး။ ဤကာလအတွင်း သူနှင့် မန်ဆူ၏ ဆက်ဆံရေးမှာ ခပ်တန်းတန်း ဖြစ်လာသည်။ လွန်ခဲ့သော ရက်ပိုင်းအတွင်း မန်ဆူက သူ့ကို မသိလိုက် မသိဘာသာ နေခဲ့သည်။ နှုတ်ဆက်ပြန်လျှင်လည်း ခေါင်းဆတ်ပြရုံထက်

မပိုချေ။

တနေ့တော့ ကာရင်က ဘာအမှားရှိလို့လဲလို့ မန်ဆူအား မေး၏။

"မင်းကို လိုင်လာ့အကြောင်း ပြောစရာ ရှိတယ်"

"ဘာအကြောင်းလဲ"

"ဘာအကြောင်းဆိုတာ ပြောလို့မဖြစ်ဘူး၊ မင်းသိရင်လည်း လိုင်လာကို ယူချင်မှာ မဟုတ်တော့ဘူး" ဟု ပြော၍ မန်ဆူ ထွက်သွားသည်။

အိမဲလ်က စာများအကြောင်းကို မန်ဆူအား ပြောပြထား၏။ လိုင်လာအား ကာရင် ပိုးပန်းနေသည့်အကြောင်းကို ဝါကီကလည်း နားစွန်နားဖျား ကြားထားသည်။ သူက ကာရင်နှင့် လိုင်လာကို မနီးစပ်အောင်လုပ်ဖို့ မန်ဆူအား နားသွင်းထား၏။ အဒေါ်ယောက်ျား၏စကားကို မန်ဆူ နာခံရမည်။ ဝါကီသည် ဆွေမျိုး။ ကာရင်က ဆွေမျိုးမဟုတ်။

"လိုင်လာကို ငါ့သားအတွက် ရွေးချယ်ထားပြီးသားကွ၊ လိုင်လာဆိုတာ တို့မိသားစုထဲက၊ ငါ့မိန်းမကလည်း သူ့ညီမကို ငါ့သားနှင့် ပေးစားဖို့ သဘောတူထားပြီးသား၊ စူလတန်နှင့် သူ့အမေကလည်း လက်ခံထားပြီးကြ ပြီ၊ အဲဒီတော့ မင်း လိုင်လာနှင့် ဝေးဝေးရှောင်နေပါ" ဟု ဝါကီက ကာရင့် အား ခပ်ရင့်ရင့် စကားပြောလာ၏။

ထိုအချိန် အတောအတွင်း ဝါကီနှင့် ရှကီလာ မိုက်ခရိုရေယွန်သို့ ရောက်လာကြသည်။ လိုင်လာက စားစရာ ပြင်ဆင်ဖို့ မီးဖိုချောင်ထဲသို့ ဝင်သွား၏။ ဝါကီတို့လင်မယား ပြန်သွားချိန်တွင် ဘီဘီဂူးလ်က "သူတို့က သမီးကို ဆာအစ်နှင့် ပေးစားဖို့ လာပြောတာ" ဟု ဆိုသည်။

လိုင်လာသည် မတ်တတ် ရပ်လျက်ဖြင့် အကြောအခြင်များ ဆိုင်းသွား။

"ငါကတော့ သဘောတူတယ်၊ ဒါပေမဲ့ သမီးသဘောကို မေးကြည့်ရဦးမယ်လို့ အမေ ပြောလိုက်တယ်

အမေ လုပ်စေချင်သည့်အလုပ်ကို လိုင်လာ အမြဲတမ်း လုပ်ခဲ့သည်။ သူမ တလုံးတပါဒမျှ စကား ပြန်မပြောချေ။ ဝါကီ၏သား။ သူနှင့် လက်ထပ်ရမည်ဆိုလျှင် သူမ၏ဘဝသည် ယခုလက်ရှိ အခြေအနေနှင့် ဘာမျှ ခြားနားမည် မဟုတ်တော့။ စာအုပ်တအုပ်ကို ဘယ်တုန်းကမျှ ဖွင့်မကြည့်ဖူးသူ။ လက်ချောင်း သုံးချောင်းရှိသည့် လင်တယောက်ကို သူမ ယူရတော့မည်။

ဘီဘီဂူးလ်သည် ပေါင်မုန့်တဖွဲ့ကို သူမ၏ ပန်းကန်ပြားထဲမှ အမဲဆီတွင် နှစ်ပြီး ပါးစပ်ထဲသို့ ထိုးသွင်းလိုက်၏။

ထို့နောက် ရှကီလာ၏ ပန်းကန်ထဲရှိ အရိုးတချောင်းမှ ခြင်ဆီကို စုပ်ရင်း သမီးဖြစ်သူ၏ အရိပ်အခြည်ကို အကဲခတ်နေ၏။

လိုင်လာက ဘာမျှ မတတ်သာသည့် ဘဝပေးအခြေအနေကို တွေးနေလေသည်။ ဖိခြေခံရဖို့ ဇာတာ ပါလာဟန်တူသည့် သူမ၏ နှလုံးသားထဲမှာ လေးလံနေသည်။ သူမ၏ဘဝသည် ကျောက်ခဲ တခဲလို အထီးကျန် ဖြစ်နေသည်။

လိုင်လာ ကိုယ်ကိုပြန်လှည့်လိုက်ပြီး တံခါးဆီသို့ ခြေလှမ်း သုံးလှမ်းဖြင့် အရောက် သွားလိုက်၏။ ထို့နောက် တံခါးကို အသံမမြည်အောင် ပိတ်ကာ အခန်းပြင်သို့ ထွက်သွားသည်။ သူမ၏ ကွဲကြေသွားသော နှလုံးသားကို ကျောခိုင်းစွန့်ခွာခဲ့ပြီ။

မကြာမီ ကွဲကြေသွားသော နှလုံးသားသည် ပြတင်းပေါက်မှတဆင့် ဝင်လာသည့် ဖုန်မှုန့်များနှင့် ရောနှောသွား၏။ ကော်ဇောထဲတွင် ရှိနေသော ဖုန်မှုန့်များနှင့် ရောနှောသွား၏။ ထိုညနေတွင် သူမသည် ဖုန်မှုန့်များကို လှည်းကျင်းပြီး အိမ်နောက်ဖေးသို့ သွန်ချလိုက်ပါလိမ့်မည်။

နိဂုံး

ပျော်ရွှင်သော မိသားစုအားလုံး တစုနှင့် တစု တူကြသည်။ မပျော်ရွှင်သော မိသားစုတိုင်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မပျော်ရွှင်ကြချေ။

လီယို တော်စတွိုင်း

အင်နာ ကာရင်ညီနာ

ကျွန်မ ကဘူးလ်မြို့မှ ထွက်ခွာလာခဲ့ပြီးနောက် သီတင်းပတ်အနည်းငယ်အကြာတွင် စူလတန်မိသားစု ပြိုကွဲသွားပါသည်။ စူလတန်နှင့် မယားနှစ်ယောက်က တဖက်နှင့် လိုင်လာနှင့် ဘီဘီဂူးလ်က တဖက် ညှိနှိုင်းလို့ မရအောင် အချင်းများကြပြီး အတူတကွ ဆက်လက် နေထိုင်ဖို့ မဖြစ်နိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့ခြင်း ဖြစ်သည်။ စကားများအပြီးတွင် ယူနုစ် ပြန်ရောက်လာသောအခါ စူလတန်က သူ့အား အနားတွင်ထိုင်ခိုင်းပြီး သူ၊ နှမများနှင့် သူတို့၏ အမေသည် စူလတန့်အား လေးစားဖို့ တာဝန်ရှိကြောင်း၊ အကြောင်းမှာ စူလတန်သည် သားအကြီးဆုံးဖြစ်ပြီး စူလတန့်ထမင်းကို သူတို့ စားနေကြသောကြောင့် ဖြစ်ကြောင်း ပြောဆိုပါသည်။

နောက်တနေ့ မိုးစင်စင်မလင်းမီ ဘီဘီ ဂူးလ်၊ ယူနုစ်၊ လိုင်လာနှင့် ဘူလ်ဘူလာတို့ အဝတ်တထည် ကိုယ်တခုဖြင့် နေအိမ်မှ ထွက်ခွာသွားကြသည်။ ထိုအချိန်ကတည်းက တယောက်မျှ အိမ်သို့ ပြန်မလာကြတော့ပါ။ ဝိုင်းပယ်ထားသော အစ်ကို ဖာရစ်၊ သူ၏ ကိုယ်ဝန်ကိုးလရှိ မယား၊ သားသမီး သုံးယောက်တို့နှင့်အတူ သွားရောက်နေထိုင်ကြခြင်း ဖြစ်၏။

"အာဖဂန်ညီအစ်ကိုတွေဟာ တယောက်နှင့် တယောက် တည့်ခဲတယ် ဗျ၊ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် နေဖို့ အချိန်ကျပြီပေါ့ဗျာ" ဟု စူလတန်က ကဘူးလ်မှနေ၍ ကျွန်မထံ ဖုန်းဆက်ပြောပါသည်။

"သူတို့ ကျွန်တော့်အိမ်မှာနေတဲ့အခါ ကျွန်တော့်ကို လေးလေးစားစား မဆက်ဆံသင့်ဘူးလား၊ မိသားစုတွေမှာ စည်းကမ်းကလနား မရှိရင် တရားဥပဒေ လေးစားလိုက်နာတဲ့ လူ့အဖွဲ့အစည်းကို ကျွန်တော်တို့ ဘယ်လိုထူထောင်နိုင်ကြမလဲ၊ လူ့အဖွဲ့အစည်းဆိုတာ သေနတ်တွေ၊ ဒုံးကျည်တွေ ရှိရုံနှင့် ပြီးတာ မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ပရမ်းပတာ လူ့အဖွဲ့အစည်း၊ တရားလက်လွတ်

လူ့အဖွဲ့အစည်း၊ ပြည်တွင်းစစ်ထဲက ထွက်လာတဲ့ လူ့အဖွဲ့အစည်း၊ မိသားစုတွေကို သြဇာနှင့် ထိန်းမတ်မပေးနိုင်ရင် ရှေ့လျှောက် ပိုလို့တောင် ပရမ်းပတာတွေကို တွေ့ရလိမ့်ဦးမယ်”

ကာရင့်သတင်းကို လိုင်လာ မကြားရတော့ပါ။ ကာရင်သည် မန်ဆူနှင့် ခပ်တန်းတန်း ဖြစ်သွားသောကြောင့် လိုင်လာ့မိသားစုနှင့် အဆက်အသွယ် ပြုဖို့ ခက်သွားတော့သည်။ ထို့ပြင် သူလိုချင်သူကိုလည်း ရဖို့ မသေချာတော့။ သူသည် အင်္ဂလိပ်နိုင်ငံ ကိုင်ရိုမြို့ရှိ အဲလ်အက်ဇ်ဟာ တက္ကသိုလ်တွင် အစ္စလာမ်ဘာသာ သင်ယူရန် ပညာတော်သင်ဆု ချီးမြှင့်ခြင်း ခံရသည်။

“သူ ဘာသာရေးဆရာ လုပ်တော့မလို့လေ” ဟု မန်ဆူက ကဘူးလ်မြို့မှ ဖုန်းဆက်ပြောပြီး ဟားတိုက် ရယ်မောလေသည်။

လက်သမားသည် ထောင်သုံးနှစ် ကျသွား၏။ စူလတန်မှာ အသနား အကြင်နာ မရှိချေ။

“လူလိမ်လူညစ်တွေကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူး၊ သူ ပို့စကတ် အနည်းဆုံး ခုနစ်ထောင် ခိုးတာ သေချာတယ်၊ မိသားစု ဆင်းရဲတယ်ဆိုတာ အလကား ပြောတာ”

စူလတန်၏ ရောမ ကျောင်းသုံးစာအုပ် ကန်ထရိုက်ကိစ္စ ပျက်ပြားသွားသည်။ အောက်စဖို့ တက္ကသိုလ်က ကန်ထရိုက် ရသွားသည်။ စူလတန် မမှုပါ။

စူလတန်၏စာအုပ်ဆိုင်များက စည်ပင် ဖွံ့ဖြိုးနေ၏။ စူလတန်သည် အီရန်တွင် ကန်ထရိုက်များ ရသည်။ အနောက်နိုင်ငံ သံရုံးများရှိ စာကြည့်တိုက်များသို့လည်း စာအုပ်များ ရောင်းချရ၏။ အသုံးမပြုတော့သည့် ရုပ်ရှင်ရုံတရုံကို ဝယ်ယူပြီး စာအုပ်ဆိုင်၊ သင်တန်းခန်းမနှင့် သုတေသီများ အသုံးပြုနိုင်သည့် စာကြည့်တိုက်တို့ကို ထူထောင်ဖို့ စူလတန် ကြိုးစားနေပါသည်။ လာမည့်နှစ်တွင် မန်ဆူအား အိန္ဒိယသို့ လုပ်ငန်းခရီး စေလွှတ်မည်ဟု ကတိပေးထားသည်။ ထို့ပြင် သားသုံးယောက် ကြိုက်တာ လုပ်နိုင်ရန် သောကြာနေ့တိုင်း အားလပ်ခွင့် ပေးထားပါသည်။

နိုင်ငံရေး အခြေအနေမှာ စူလတန် အဖို့ စိတ်ပူစရာ။

“အန္တရာယ် ရှိတယ်၊ မြောက်ပိုင်း မဟာမိတ်ကို လိုယာဂျီရ်ဂါက လုပ်ပိုင်ခွင့်တွေ အဆမတန် ပေးထားတယ်၊ တည်ငြိမ်မှု မရှိဘူး၊ ကာဇိုင်းက ပျော့လွန်းတယ်၊ သူ တိုင်းပြည်ကို မထိန်းနိုင်ဘူး၊ အကောင်းဆုံးကတော့

ဥရောပတိုက်သားတွေက ခန့်ထားတဲ့ တက္ကနိုကရက်တွေ ပါဝင်တဲ့ အစိုးရ အဖွဲ့တဖွဲ့ ရှိလာဖို့ပဲ၊ ကျွန်တော်တို့ အာဖဂန် ခေါင်းဆောင်ရွေးရင် အမြဲတမ်း မှားတယ်၊ ပူးပေါင်း ဆောင်ရွက်မှု မရှိရင် ပြည်သူတွေ ဒုက္ခရောက်လိမ့်မယ်၊ ပြီးတော့ ကျွန်တော်တို့ဆီက ပညာတတ်တွေကလည်း ပြန်မလာကြဘူး၊ သူတို့ ရှိခဲ့တဲ့နေရာတွေမှာ လစ်ဟာနေတယ်”

အမေ ရှရီဖာ ကျောင်းဆရာမ လုပ်မည်ကို သားဖြစ်သူ မန်ဆူက တားမြစ်ထားသည်။ သူမ အလုပ်လုပ်မည့်ကိစ္စကို စူလတန် ဘာမျှ မပြောသော်လည်း မန်ဆူက တားမြစ်သောကြောင့် အကောင်အထည် ပေါ်မလာခဲ့။

ထို့အတူ လိုင်လာ့အလုပ်ကိစ္စအတွက် ထပ်မံ ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့။

နောက်ဆုံးတွင် ဘူလ်ဘူလာနှင့် ရာဆူး ညားသွားကြသည်။ သူတို့နှင့် ခပ်တန်းတန်း ဖြစ်နေသောကြောင့် မင်္ဂလာပွဲသို့ စူလတန် မတက်ရောက်သည့်ပြင် မယားနှစ်ယောက်နှင့် သားများကိုပါ ပိတ်ပင် တားမြစ်ထားခဲ့၏။

သမီးလေး မွေးမည်ကို ကြောက်နေသော မာရီယမ်က အလ္လာအရှင်မြတ်ထံ ဆုတောင်းရင်း သားလေးတယောက် ဖွားသန့်စင်လာသည်။

စူလတန့်အိမ်တွင် မိန်းမသားဟူ၍ ရှရီဖာနှင့် ဆိုညာတို့သာ ကျန်တော့၏။ စူလတန်တို့ သားအဖတတွေ အလုပ်သွားကြသည့်အခါ မိန်းမသား နှစ်ယောက်သာ အိမ်မှာ ကျန်ရစ်ခဲ့ကြ။ တခါတရံ အမေနှင့် သမီးလို၊ တခါတရံ လင်လုဘက်တွေလို နေထိုင်ကြ။ လပိုင်းအတွင်း ဆိုညာ မျက်နှာ မြင်တော့မည်။ သားလေးမွေးဖို့ အလ္လာ အရှင်မြတ်ထံ ဆုတောင်းနေရသည်။ ကျွန်မကိုလည်း သူမအတွက် ဆုတောင်းပေးပါဟု ဆို၏။

“မိန်းကလေး မွေးရင် ဘာဖြစ်မှာမို့လဲ”

ခန်း မိသားစုထဲတွင် ကပ်ကလေးတခု ဆိုက်သွားမှာပေါ့။

စိန်ဝင်းစိန်

၂၅၊ ၄၊ ၂၀၁၂။

၂၈၉စိန်ဝင်းစိန် ကဘူးလ်မြို့က စာအုပ်ဆိုင်ပိုင်ရှင်

THE BOOKSELLER OF KABUL

ÅSNE SEIERSTAD

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR